www.burmeseclassic.com

THINHAYADANAR

မောင်စိုးသူ

KEN FOLLETT

#1 NATIONAL BESTSELLER BY THE AUTHOR OF CODE TO ZERO

BURMESE CLASSIC .com

# TRIPLE

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၁၁၁၆/၂၀၀၄ (၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၂၈၀၅၀၃ |

ုံနှိပ်မှတ်တမ်း ■ ပထမအကြိမ်
၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ၊ ဘ၀တက္ကသိုလ်စာပေ
ဒုတိယအကြိမ်
၂၀၀၅ ခုနှစ်၊ ဧပြီလ
သီဟရတနာစာပေ
အုပ်ရေ ■ (၁၀၀၀)
ထုတ်ဝေသူ ■ ဦးသိမ်းစိုး
(မြ-၀၁၉၈၂)
(သီဟရတနာစာပေ)
အမှတ် (၁၀၀-D)၊ အင်းလျားလမ်း၊
ကမာရွတ်မြို့နယ်၊
မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်
အတွင်းပုံနှိပ် (ရာပြည့်အော့ဖ်ဆက်)
၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်။
ွန်ပျူတာစာစီ ■ Dream City
မျက်နှာဖုံးဒီဇိုင်း ■ THIHA Group
စာအုပ်ချုပ် ■ ကိုမြင့်
တန်ဖိုး ■ (၂၀၀၀)ကျပ်

## မောင်မိုးသူ (၁၉၄၇- )

အဖ သခင်ဗတုတ်၊ အမိဒေါ်မြမေတို့က ၁၉၄၇ ခုနှစ်တွင် မန္တလေးမြို့မှာ မွေးဖွား သည်။ အမည်ရင်း ဦးစိန်မြင့်မြစ်၏။
မန္တလေးမြို့ စိန်တောင် မြန်မာဘုန်းတော်ကြီးကျောင်း၊ စိန်ပီတာ အင်္ဂလိပ် ခရစ်ယာန်ကျောင်းတို့တွင် ပညာသင်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ် ဝင်တန်းအောင်သည်။ မန္တလေးတက္ကသိုလ်တွင် ၁၉၅၆-၅၈ ခုနှစ်များမှာ ပညာသင်ခဲ့သည်၊ သို့သော် မည်သည့်ဘွဲ့မှမရရှိခဲ့ပေ။
တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း မြန်မာစာစာတည်း၊ မန်းတက္ကသိုလ် ကလောင်ရှင် အသင်း အမှုဆောင်၊ 'မန်းခေတ်' သတင်းစာနှင့် 'ခေတ်' ဂျာနယ်တို့တွင် အယ်ဒီတာ၊ 'မိုးဦးပန်း' စာပေတိုက်တည်ထောင်သူ၊ 'ရေဝှက်ပမာ' နှင့် 'ရန်ကုန် သားနှင့်မန္တလေးသူ' ဇာတ်ညွှန်းများရေးခဲ့သူ၊ 'မှုန်နံ့သာ ခြယ်တာသပါလို့'၊ 'ကျွန်တော့်နာမည်တော့်ကျော်' အပါအဝင် ရုပ်ရှင်ဇာတ်ကား ၁၀ ကားတော့ ရိုက်ကူးခဲ့သည့် ဒါရိုက်တာ၊ ဗီဒီယိုခေတ်ဦးတွင် 'ရှုတ်လည်းရှုက်တယ်၊ ချစ်လည်း ချစ်တယ်' နှင့် 'ချစ်မိခဲ့ပြီ' ကားများ ရိုက်ခဲ့သည့်ဗွီဒီယိုဒါရိုက်တာနှင့် မြန်မာနိုင်ငံ ရုပ်ရှင်တောင်စီ ဗဟိုကော်မတီဝင်အဖြစ် တာဝန်ယူခဲ့သည်။
  ၁၉၅၃ ခုနှစ်ခန့်တွင် မန္တလေး 'ဗတိုစည်'၊ 'မြန်မာ့လမ်းစဉ်' တို့မှာ ကဗျာ များ စတင်ရေးသားခဲ့သည်။ ည (၁၉၆၁)၊ မေမေကြည် (၁၉၆၂)၊ ရန်ကုန်သားနှင့် မန္တလေးသူ (၁၉၆၆)၊ မိုးပိတောက်တို့ ပန်တော်မမီ (၁၉၆၇) ပင်ကိုယ်ရေးဝတ္ထုများ တိုလည်းတောင်း၊ စိတ္တဇ (၁၉၆၅)၊ အိပ်မက်ကုန်သည် (၁၉၇၆)၊ သေနေ့ (၁၉၇၇)၊ ကြေးစား (၁၉၈၁)၊ အိပ်ငိုးဖဝ် (၁၉၈၁)၊ ကျွားကုတ်ကျွားခဲ (၁၉၈၁)၊ သဲကြီးမဲကြီး (၁၉၈၂)၊ သူနိုင်ငါနိုင် (၁၉၈၂)၊ အချစ်ပုံပြင် (၁၉၈၂)၊ သတ်စွန့်ဆံဖျား (၁၉၈၃)၊ မာဖီးယားနှင့် ပေါ်ပီပန်း (၁၉၈၃)၊ ဂျိမ်းစဘွန်း၏ အထူးတာဝန် (၁၉၈၃)၊ လူစွန့်စား (၁၉၈၃)၊ အိပ်ငိုးဆေး (၁၉၈၄)၊ အတိတ်တစ္ဆေ (၁၉၈၄)၊ မြိုးသူရန်ဘက် (၁၉၈၅)၊ ပစ်မသွားနဲ့အချစ်ရယ် (၁၉၈၆)၊ ခေတ်မီမီတမ္ဘာကြည့် ကြည်မြင် (၂၀၀၄) စသည် တို့ကို ရေးသားခဲ့ပါသည်။ ယခုအခါ ခနမဂ္ဂဇင်းအယ်ဒီတာအဖြစ် ဆောင်ရွက်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## သီဟရတနာစာပေတိုက်မှထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာနယ်ကျော်မမလေး၏ သူမ
၂။ ဂျာနယ်ကျော်မမလေး၏ ရင်မှတဆိတ်
၃။ ဂျာနယ်ကျော်မမလေး၏ မေတ္တာ
၄။ ဂျာနယ်ကျော်ဦးချစ်မောင်၏ သူ
၅။ ဂျာနယ်ကျော်မမလေး၏ နတ်ဖေယ်ရွှေစာ
၆။ ဂျာနယ်ကျော်မမလေး၏ ကမ္ဘာခြေဝယ်
၇။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အိမ်ကြီးမာယာ
၈။ ဂျာနယ်ကျော်မမလေး၏ စိတ်
၉။ ဆောင်းဝင်းလတ်၏ လွမ်းလောက်ပေသည်
၁၀။ ဂျာနယ်ကျော်မမလေး၏ သူလိုမိန်းမ
၁၁။ မောင်သိန်းတန်၏ သည်အရွယ်
၁၂။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ သေခြင်းနှင့် အားမာန် (Dead be not proud)
၁၃။ ပါရဂူ၏ ဆုရှားကျောင်း ထံမြတ်လှည်းသမား
၁၄။ ဒေါက်တာခင်လေးမြင့်၏ တွန်နိပ်၏သခွါ
၁၅။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ မုန်တိုင်း (Watts Hurricane)
၁၆။ ဂျာနယ်ကျော်မမလေး၏ ရွှေလင်းယုန်
၁၇။ ဂျာနယ်ကျော်မမလေး၏ ပုဏ္ဏလဝညတ်
၁၈။ မြတ်ဆွေ၏ စာရေးဆရာတို့၏ အနီးအဝေးပုံရိပ်များ
၁၉။ ဝင်းဆွေ၏ နာဗည်
၂၀။ မိချမ်းဝေ၏ အလွမ်းပင်ဆင့် ကျွန်းရင်နှင့်
၂၁။ ဦးလှမိုး၏ ရဟန္တာအစ ကောဏ္ဍည
၂၂။ လူထုစိန်ဝင်း၏ ပထမအမျိုးသမီးလမ်းထွင်သူများ
၂၃။ ဂျာနယ်ကျော်မမလေး၏ ရဲဘော်ခင်မှတ်တမ်း
၂၄။ မင်းနိုင်ဦး၏ ဝန်းတို့သည်လည်း ရန်ချင်းမြင်မည်နိုင်
၂၅။ ဇော်နောင်၏ အာရှမျက်လုံးများဖြင့် အနောက်ကမ္ဘာကိုကြည့်ရှုခြင်း
၂၆။ တိန်းလတ်၏ သိစိတ်စီးကြောင်းဖြစ်တည်မှုသစ် ပဉ္စလက်သရွှစ်မှန် နှင့် တပေအနုပညာရေးရာ
၂၇။ ဂျာနယ်ကျော်မိသားစု၏ ဂျာနယ်ကျော်စီးဆင်းမှု
၂၈။ ရွှေဥဒေါင်း၏ အေဗရာဟင်လင်ကွန်း
၂၉။ ဇဂုန်တာရာ၏ မေ
၃၀။ နတ်နွယ်၏ ရင်သွေးနှင့် မိုးရေစီးယား ဝတ္ထုတိုများ
၃၁။ ဂျာနယ်ကျော်မမလေး၏ သုခုမအနုပညာရှင်
၃၂။ ဂျာနယ်ကျော်မမလေး၏ အဖြူ
၃၃။ ချစ်ဦးညို၏ လတ်ဘဒီဝချစ်သူ
၃၄။ ဂျာနယ်ကျော်မမလေး၏ တွေးတစ်မုံစိမ့်
၃၅။ မန္တလေးတင်လောင်စုံ၏ မဆုံမြစ်ကြသူများ
၃၆။ လူထုဒေါ်အမာ၏ ငွေနှင့်လက်နက်
၃၇။ ဇဂုန်တာရာ၏မြို့
၃၈။ ရွှေဥဒေါင်း၏ ရှိတ်စပီးယား ဝတ္ထုတိုများ
၃၉။ မိချမ်းဝေ၏ လှိုင်းနှစ်ထပ်ဝင်လယ်
၄၀။ လူထုစိန်ဝင်း၏ အရှေ့ကိုမျှော်၍ အနောက်ကိုကြည့်ခြင်း
၄၁။ မြသန်းတင့်၏ တံကောင်း
၄၂။ ချစ်ဦးညို၏ သုဝဏ္ဏဘုမ္မိဝေဒနာ
၄၃။ မင်းသုဝဏ်၏ ဓန်နှင့်ပင်စည်
၄၄။ ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူ
၄၅။ ဂျာနယ်ကျော်မမလေး၏ သွေး
၄၆။ တိန်းလတ်၏ကမ္ဘာကျော်စာရေးဆရာများနှင့် သူတို့၏စာများ
၄၇။ ဓအောင်ဝေး၏ အေးမြမြနီးလျှံ
၄၈။ မောင်ဝံသ၏ ကမ္ဘာထိပ်တန်းနိုင်ငံများ၏ နိုင်ငံရေးစီးပွားရေး မြင်ကွင်းကျယ်လေ့လာချက်
၄၉။ ဆောင်းဝင်းလတ်၏ မိုးဖြိုတိုက်
၅၀။ ဂျာနယ်ကျော်မမလေး၏ သူလိုလူ
၅၁။ ဒေါက်တာခင်လေးမြင့်၏ LET US SPEAK FRENCH
၅၂။ လူထုဒေါ်အမာ၏ မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ
၅၃။ ဂျာနယ်ကျော်မမလေး၏ မြန်မာဆေးပညာ
၅၄။ ကျော်ဝင်း၏လူများ ဖြစ်ရပ်များ တွေ့ရှိချက်များ(နိုင်ငံတကာဆိုင်ဒီယာမိတ်ဆက်)
၅၅။ ချစ်ဦးညို၏ အချစ်ဖြင့်လောင်ကျွမ်းတောက်ပသူများ
၅၆။ ရွှေဘိုမိမိကြီး၏ ဗုဒ္ဓသာသနာပြုဂုဏ်ရှိလ်ဝေဘာ် အနာဂါမိတ္တဓမ္မပါလ
၅၇။ ဝသုန်၏ လားကလေးအမည်မသိနှင့် ဝတ္ထုတိုများ
၅၈။ ချစ်ဦးညို၏ ချစ်သူသူ့နရီ
၅၉။ မြသန်းတင့်၏ အညာတရရှစ်ပုံလွှာများ
၆၀။ တက်တိုး၏ ငွေကြာရွှန် (Silas Marner)
၆၁။ မောင်ပေါ်ထွန်း၏ အကြီးအကဲ (The Haj-Leon Uris)
၆၂။ ချစ်ဦးညို၏ ပန်းမှုန်ဝေ
၆၃။ ကြည်ဦး၏ လွမ်းပင်တိုင်စံနှင့် နန်းဘုံသီဟာဒွေ
၆၄။ စံတင့်ထွန်း(လှတွန်)၏ ရွှေမည်း၊ တိုယိုတာစီးရိုနှင့် ဒီတွေကာယဉ်ကျေးမှု
၆၅။ ဇဂုန်တာရာ၏ စန္ဒရားဆရာ (သို့) မဟာအချစ်
၆၆။ အောင်မွှန့်ဦး၏ ပညတ်ချက်အမှတ် (၁၁) သင့်အားမဖမ်းမိစေရ (Jeffrey Archer The Eleventh Commandment)
၆၇။ ချစ်ဦးညို၏ သန္တာပရိုဂ်နှင့် တာဝုဟုဒ္ဓရက်ကိုတ
၆၈။ မောင်မိုးသူ၏ နေတိမိမိ ကမ္ဘာကြည့် ကြည်မြင်
၆၉။ မောင်ဝံသ၏ နိုင်ငံတကာအတွေး၊ နိုင်ငံတကာအမြင်
၇၀။ ချစ်ဦးညို၏ တရားရှင်နှင့်ရာဟုလာ
၇၁။ မောင်ပေါ်ထွန်း၏ ဝတ်ထီယက်စ် နှင့် အုတ်စ်အယ်ငအဝိုက်း
၇၂။ တက်တိုး၏ ကမ္ဘာကျော်သူလျှိုမယ် မာတာဟာရီ
၇၃။ ဂျာနယ်ကျော်မမလေး၏ မာလာရီ
၇၄။ နတ်နွယ်၏ တစ္ဆေသိုလ်နှင့်မြင်ပကမ္ဘာ
၇၅။ ဒေါက်တာခင်လေးမြင့်၏ မင်းသားလေး (Le Petit Prince)
၇၆။ မောင်ဝဏ္ဏ၏ ချစ်တဲ့သူငယ်လေ
၇၇။ သန်းမြင့်အောင်၏ ငိုခြင်း၊ ရယ်ခြင်း၊ နိုးခြင်း၊ ငေးခြင်း၊ . . . ဝတ္ထုတိုများ
၇၈။ ချစ်ဦးညို၏ လက်ရွေးစင်ဝတ္ထုတိုများ
၇၉။ ပါရဂူ၏ နေရှူရာ
၈၀။ လူထုဒေါ်အမာ၏သက်တံရောင် (The Rainbow)
၈၁။ မောင်ဝံသ၏ စတီးဝဲလ်နှင့် မြန်မာပြည်စစ်မျက်နှာ (DD Rooney)

www.burmeseclassic.com

www.burmeseclassic.com

၈၂။ မောင်မိုးသူ၏ စိန့်ပီတာစဘတ်မှလူ (Ken Follett The Man from Saintpetersberg)
၈၃။ ချစ်ဦးညို၏ စတ္တုရန့်ဘဝ္ဂါ
၈၄။ မောင်သန်းဆွေ၏ အိမ်ရှေ့စံလှိုင်မင်းမှသည် ပွန်ပီလီသန်မောင်ထတ်သို့
၈၅။ ရွှေဥဒေါင်း၏ လက်ထက်တော်ကြီး
၈၆။ မိုးဟိန်း(သားလှာနယ်ကျော်)၏ အင့်၍ဆင့်၍ ဆက်၍ဆက်၍
၈၇။ ဒေါက်တာခင်လေးမြင့်၏ အိပ်မက်ဆန်သောဘဝ
၈၈။ ချစ်ဦးညို၏ မိမိနှင့် အဝိဥာဏတများ
၈၉။ မောင်ဝဏ္ဏ၏ ရယ်စရာကောင်းနေမလားမသိဘူး စိတ်လို... . .
၉၀။ ဂျာနယ်ကျော်မမလေး၏ သောတိရထာမှာ
၉၁။ ညိုဝလေး၏ လိဗိုပူးကောင်း မင်ခြစ်မှတ်စုများ
၉၂။ မောင်မိုးသူ၏ အထွတ်အထိပ် (Kenfollett - Lie Down With Lions)
၉၃။ ချစ်ဦးညို၏ အီချစ်နဲ့ အဝ်လန် နိုင်ငံခြားကို မောင်သွားထားလေမလား
၉၄။ ဂျာနယ်ကျော်မမလေး၏ မေ့အိပ်မက်
၉၅။ ဗိုလ်အေးမောင်၏ မြားနက် (The Black Arrow)
၉၆။ မောင်မိုးသူ၏ သဲကြီးမဲကြီး (Ken Follett - The Key To Rebecca)
၉၇။ ဒဂုန်တာရာ၏ မှန်တွဲများပေါ်တွင်လမ်းလျှောက်ခြင်း
၉၈။ မြသန်းတင့်၏ မျှော်တဘက်တောင်တန်းမသေမှအမြဲ

**သူနိုင်ကိုယ်နိုင်**

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၁၀၀။ စာရေးဆရာ (၁၀၀) ၏ ၂၀ ရာစု မြန်မာဝတ္ထုတို (၁၀၀)
၁၀၁။ ဆောင်းဝင်းလတ်၏ ကြယ်စင်ရှုနှိ လွမ်းဦးရှုစ်သိ (သို့) ဝင်းဦး
၁၀၂။ စည်သူမြသန်း၏ ဆရာမြသန်းတင့်၊ ဒေါက်တာဘဦး၊ ကျော်အောင်၊ အမှောင်မိုဝ်ဝယ်နှင့် အခြားအဖြစ်ရပ်များ
၁၀၃။ ညီစေခင်၏ နှလုံးသားမဲ့ဧဝီ (သို့) အဲလစ်ဆောက်
၁၀၄။ တက်တိုး၏ သူတို့အတွေးအခေါ်မှတ်စုများ
၁၀၅။ ဂျာနယ်ကျော်မမလေး၏ ယဉ်ကျေးမှုခရီးသည်
၁၀၆။ ဂျာနယ်ကျော်မမလေး၏ အဝတ်ရုံများ
၁၀၇။ ဒဂုန်တာရာ၏ အိပ်မက်မြစ်ပါရမှုင်
၁၀၈။ ဒဂုန်တာရာ၏ မိမ်မြေရာ
၁၀၉။ မောင်ဝဏ္ဏ၏ ရင်တွေခုန်နေသည်
၁၁၀။ မောင်မိုးသူ၏ ကျားကုတ်ကျားခဲ (Ken Follett -Eye of the neddle)
၁၁၁။ ဂျာနယ်ကျော်မမလေး၏ လက်ရွေးစင် ဝတ္ထုတိုများ
၁၁၂။ ဂျာနယ်ကျော်မမလေး၏ ရင်နှင့်အောင်ရှေး
၁၁၃။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ဝတ္ထုတိုပေါင်းချုပ်
၁၁၄။ ချစ်ဦးညို၏ မှုမတ်များနှင့် တွေ့ဆုံခြင်း
၁၁၅။ မောင်ဝဏ္ဏ၏ ဝန်းတွေနဲ့ဝေ
၁၁၆။ မင်းလူ၏ အသပြာလုလင်
၁၁၇။ ခင်မို့ချစ်၏ စွန့်ခဲ့ရ တွန်မဘဝေါမှင် (Curve her name with pride)
၁၁၈။ မောင်သိန်းဆိုင်၏ သမုဒ္ဒရာအထက်က ရေထစ်စက်နှင့် ဝတ္ထုတိုပေါင်းချုပ်
၁၁၉။ ချစ်ဦးညို၏ ရွှေပြည်ဝန်
၁၂၀။ ဒဂုန်တာရာ၏ သုနပရန္တ (သိုမေဟုတ်) မိချောင်းစီးသံ
၁၂၁။ မြသန်းတင့်၏ ဆယ်ကြိမ်မြောက်အသည်ရောက်ခြင်း

# မြန်မာပြန်သူ၏ အမှာ

ဤစာအုပ်သည် မူရင်းစာရေးဆရာ ကင်ဖောလေး၏ တတိယမြောက် မြန်မာပြန်စာအုပ် ဖြစ်ပါသည်။

၁။ EYE OF THE NEEDLE ကို 'ကျားကုတ်ကျားခဲ'
၂။ THE KEY TO REBECCA ကို 'သဲကြီးမဲကြီး"
၃။ ယခု TRIPLE ကို 'သူနိုင်ကိုယ်နိုင်' စသည်ဖြင့် ဖြစ်ပါသည်။

TRIPLE စာအုပ်ထုတ်ဝေစဉ်အခါက အနောက်နိုင်ငံ စာနယ်ဇင်းများက ဝိုင်းဝန်းချီးကျူးခြင်းကို ခံရပါသည်။ TIME မဂ္ဂဇင်းအရောင်းရဆုံး BEST SELLER စာရင်းတွင် အကြာကြီးပါဝင်ခဲ့ပါသည်။

မူရင်းဇာတ်သဘောမှာ လွန်ခဲ့သော အနှစ် ၂၀ ကျော်က အောက်စဖို့ဒ်မြို့ ကလေးတွင် လူငယ်လေးဦး ဆုံစည်းကြပါသည်။ သူတို့သည် ခဏကလေး ဆုံစည်းကြခြင်း ဖြစ်ပါသည်။ နောက် အနှစ် ၂၀ ကြာမြင့်လာသောအခါ တစ်ဦးသည် အာရပ်စပိုင်၊ တစ်ဦးသည် ရုရှစပိုင်၊ တစ်ဦးသည် အစ္စရေးစပိုင်ဖြစ်လာပြီး ကျန်တစ်ဦးသည် မာဖီးယားဂိုဏ်းခေါင်းဆောင် ဖြစ်လာကြပါသည်။ အချိန်အခါကား အာရပ်နှင့် အစ္စရေးတို့ အဏုမြူဗုံး ကိုယ်ပိုင်ထုတ်လုပ်နိုင်ရေးအတွက် သူနိုင်ကိုယ်နိုင် ကြိုးစားနေကြချိန် ဖြစ်ပါသည်။ အဏုမြူဗုံးလုပ်ရန်အတွက် အရေးအကြီးဆုံးမှာ ယူရေနီယံ ဓာတ်သတ္တုပင်ဖြစ်ပါသည်။ ထိုအခါ သူတို့သည် ယူရေနီယံရရှိရေးအတွက် တစ်ဦးနှင့်တစ်ဦး ကတုံးပေါ် ထိပ်ကွက်၊ သူနိုင်ကိုယ်နိုင် အစွမ်းပြိုင်ကြပုံတို့ကို ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

ယနေ့မျက်မှောက်ခေတ် ကမ္ဘာ့စာပေလောကတွင် အရောင်းရတွင်ကျယ်နေသော စာအုပ်များမှာ ဤသို့ ကမ္ဘာပေါ်မှ တကယ်ဖြစ်ပျက်နေသည့်ကိစ္စ၊ ဖြစ်နိုင်သည့်ကိစ္စတို့ကို အခြေခံ၍ လျှို့ဝှက်မှု၊ စွန့်စားမှုတို့နှင့် တန်ဆာဆင်၍ ရေးသားထားကြသည်က များပါသည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့သော စာအုပ်များသည် ဖတ်၍ ပြီးဆုံးသွားသောအခါ ခေါင်းထဲ စိတ်ထဲတွင် ဘာမှမည်မည်ရရ ကျန်ရစ်သည်ဟူ၍ မရှိဘဲ ဖြစ်နေတတ် သော်လည်း ဖတ်ရှုနေသောအခိုက်မှာမူ ရှေ့တွင် ဘာဖြစ်နိုးနိုးဖြင့် လက်မှမချနိုင်ဘဲ စွဲ၍နေတတ်ပါသည်။ ထို့ကြောင့် ဤစာအုပ်များကို စာပေပညာရှင်များက အပျင်းဖြေ၊ အပျော်ဖတ်စာအုပ်များဟု သတ်မှတ်ကြခြင်းဖြစ်ပါသည်။ သို့သော် ကမ္ဘာ့စာပေလောကတွင် ဤစာအုပ်များသာ သန်းချီပြီး အရောင်းရတွင်ကျယ်နေကြသည်ကို ထောက်ရှု၍ ဤစာအုပ်များကို လူအများစုက နှစ်ခြိုက်သဘောကျကြောင်း ထင်ရှားပါသည်။

ယခုတလော မြန်မာစာပေလောက စာဖတ်ပရိသတ်အကြား စာရေးဆရာ၊ ထုတ်ဝေသူများအကြားတွင် 'ဘာသာပြန် ဘာသာပြန်'နှင့် 'ဘာသာပြန်' စာအုပ်ရောဂါ ဂယက်ထလာသည်ကို တွေ့ရပါသည်။ ထိုက်တန်သလောက် ပရိသတ် အဖတ်များလာသောကြောင့်ဖြစ်သည်ဟု ယူဆရပါသည်။

ဘာသာပြန်ဝတ္ထုစာအုပ်များ အထွက်များ၊ အရေးများ၊ အဖတ်များလာသည်မှာ ကောင်းသောအလားအလာဟု ကျွန်တော် ယုံကြည်ပါသည်။ ယခု ဘာသာပြန်ဝတ္ထု အတော်များများမှာ ကျွန်တော် အထက်မှဆိုခဲ့သည့်အတိုင်း အပျင်းဖြေ၊ အပျော်ဖတ်ဝတ္ထုများဖြစ်ကြသည့်တိုင်၊ ဘာသာပြန်ဝတ္ထုဖတ်သော အလေ့အကျင့်ထုံလာစေခြင်း၊ နိုင်ငံခြားတိုင်းပြည်၊ လူမျိုး၊ မြို့ပြ၊ အခေါ်အဝေါ်၊ လူနာမည်စသည်တို့ကို ဖတ်ပါများ၍ ရင်းနှီးလာစေခြင်း၊ နိုင်ငံတကာအဖြစ်အပျက်များ၊ လှုပ်ရှားမှုကို ကျွမ်းကျင်လာစေခြင်းဖြင့် 'ဘာသာပြန်ဝတ္ထု' ဖတ်ကျင့်ရလာစေနိုင်ပါသည်။ ထိုမှ တစ်ဆင့် အပျော်ဖတ်ထက် လေးနက်သော၊ ကောင်းမွန်သော ရသစာပေ၊ ဘာသာပြန်ဝတ္ထုများကို ဘာသာပြန်ကြ၊ ထုတ်ဝေကြ၊ ဖတ်ကြလိမ့်မည်ဟု ကျွန်တော် မျှော်လင့်ယုံကြည်နေပါကြောင်း။

လေးစားစွာဖြင့်
မောင်မိုးသူ
(၁၅. ၉. ၈၂)

BURMESE CLASSIC .com

## နိဒါန်း

သူတို့တတွေ ဆုံခဲ့ကြဖူးသည်မှာ တစ်ကြိမ်တည်းသာ ဖြစ်ပါသည်။

နှစ်ပေါင်းများစွာကြာခဲ့သော ကာလက ဖြစ်ပါသည်။ သူတို့တတွေ အသက်ငယ်ရွယ်စဉ်အခါက ဖြစ်ပါသည်။ ယခုဖြစ်ပွားသည့် အဖြစ်အပျက်များ မဖြစ်ပျက်မီ ပဝေသဏီကဖြစ်ပါသည်။ သို့သော် ထိုသို့တွေ့ဆုံကြခြင်းသည် အချိန်များ ခေတ်များကိုကျော်ဖြတ်ပြီး အရိပ်ထင်နေဆဲ ဖြစ်ပါသည်။

တိတိကျကျဆိုရပါလျှင် ၁၉၄၇–ခုနှစ်၊ နိုဝင်ဘာလ၏ ပထမပတ် တနင်္ဂနွေနေ့မှာ ဖြစ်ပါသည်။ တစ်ယောက်ချင်း ပထမတွေ့ဆုံကြသည်။ ခဏအကြာ ဘစ်စုတ်ရုံးတည်း တစ်ခန်းတည်းမှာ တွေ့ဆုံကြခြင်းဖြစ်ပါသည်။ တချို့သူများသည် ရတ်တရက်ကြုံကြိုက်သော ကာလအတွင်း မိတ်ဆက်ပေးလိုက်သော နာမည်၊ မြင်လိုက်ရသောမျက်နှာတို့ကို ခဏအတွင်း မေ့ပျောက်သွားကြပါသည်။ တချို့ကမူ ထိုနေ့ကိုပင် အမှတ်မရတော့ပဲ မေ့ပျောက်သွားကြပါသည်။ နှစ်ဆယ့်ဘစ်နှစ်ကြာမြင့်သောအခါမှ ထိုနေ့၏အရေးပါအရာရောက်ပုံကို သိရသဖြင့် မှုန်ဝါးဝါးခေတ်ပုံဟောင်းကို ပြန်မြင်ရသောအခါမှ မှတ်မိဟန်ပုံမျိုးနှင့် 'အား ဟုတ်သားပဲ' ဟု ဆိုကြပါသည်။

သူတို့တတွေ တွေ့ဆုံခြင်းသည် တိုက်ဆိုင်မှုတစ်ခုသာ ဖြစ်ပါသည်။ ထူးခြားသောဖြစ်ရပ် မဟုတ်ပါ။ ထိုစဉ်က သူတို့ ငယ်ကြသေးသည်။ သန်မာမြဲဆက်သန်ကြသေးသည်။ အခွင့်အာဏာများအတွက် ရည်မှန်းချက်ကြီးမားကြသေးသည်။ ယုံကြည်ချက်များကို ဆောင်ရွက်ရန်၊ ပြောင်းလဲမှုများကို ဖန်တီးရန်



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့လူမျိုး၊ မိမိတို့တိုင်းပြည်အလိုက် မိမိခံယူချက်နှင့် မိမိ ရှိကြကုန်သော လူငယ် လူရွယ်တို့ အောက်စဖို့တက္ကသိုလ်မှာ ဆုံကြခြင်းသည် နိစ္စဓူဝဖြစ်စဉ်မျိုး ဘာမှမဆန်း။ သို့သော် ဤအဖြစ်အပျက်ကြီးဖြစ်လာသောအခါ ဤကိစ္စနှင့် မပတ်သက်သောသူများသည်ပင် ထိုသို့ အောက်စဖို့မှာ တွေ့ဆုံခဲ့မိကြသောကြောင့် အဖြစ်အပျက်ဇာတ်လမ်းထဲသို့ ဝဲစုပ်သလို ဆွဲမြှုပ်ခြင်းခံကြရပေတော့၏။

မည်ကဲ့သို့ပင်ဖြစ်စေ တွေ့ဆုံခဲ့ကြပုံကမူ ရာဇဝင်တင်လောက်သော ပုံစံမျိုးနှင့် မဟုတ်ပါ။ သမားရိုးကျ ရှယ်ရီအရက်ပွဲတစ်ပွဲမျှတွင်သာ ဖြစ်ပါသည်။ ထိုစဉ်က ရှယ်ရီအရက်ပွဲကလေးများမှာ နေရာတိုင်းလိုလို၌ ညစဉ် ကျင်းပတတ်ကြပါသည်။ ဘာမှ ဖြစ်ပျက်စရာမရှိသော တွေ့ဆုံမှုကလေးတစ်ခုသာဟု ဆိုနိုင်ပါသည်။ တိတိကျကျမဆိုနိုင်လျှင်လည်း နီးပါးဟုတော့ ဆိုနိုင်ပါသည်။

*

အလန်ကာတုန်းသည် တံခါးခေါက်ပြီးနောက် အခန်းအပြင်ဘက်မှာရပ်၍ သေပြီးသူတစ်ယောက် တံခါးလာဖွင့်မည်ကို စောင့်နေပါသည်။

သူ့မိတ်ဆွေတစ်ယောက် သေဆုံးခဲ့ပြီဟူသော အယူအဆသည် အလန်ကာတုန်း၏စိတ်ထဲမှာ သုံးနှစ်ကျော်ယုံကြည်ခဲ့ပြီး ဖြစ်နေပါသည်။ ပထမ အလန်ကာတုန်းကြားရသောသတင်းမှာ သူ့မိတ်ဆွေ နက်ဒစ်စတိန်းတစ်ယောက် ဂျာမန်စစ်တပ်၏သုံ့ပန်းအဖြစ် ဖမ်းဆီးခံသွားရကြောင်း သတင်းဖြစ်ပါသည်။ စစ်ကြီးပြီးခါနီးလာသောအခါ နာဇီဂျာမနီတို့၏ စစ်အကျဉ်းစခန်းများတွင် ဂျူးလူမျိုးများကို မည်သို့မည်ပုံ နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ကြောင်း သတင်းပုံပြင်များ တစ်စတစ်စလွင့်ပျံ့ ကြားလာရပါသည်။ စစ်ကြီးပြီးဆုံးသောအခါ ဆိုးရွားမယုံကြည်နိုင်သောဂျူးတို့ သေဆုံးရပုံ သတင်းမှန်များသည် ထွက်ပေါ်လာခဲ့ပါသည်။ နာဇီစစ်အကျဉ်းထောင်များတွင် ဂျူးလူမျိုးပေါင်းခြောက်သန်းကျော် သေဆုံးခဲ့ရကြောင်း။

တံခါး၏အခြားတစ်ဖက်မှာ တစ္ဆေ၏ကုလားထိုင်ရွှေ့သံကို ပထမ ကြားရပါသည်။ နောက် တံခါးရှိရာသို့ လျှောက်လာသောခြေသံကို ကြားရပါသည်။

ကာတုန်းသည် ရုတ်တရက် တုန်လှုပ်သွားလေ၏။ အကယ်၍ ဒစ်စတိန်းသည် ရုပ်ပျက်ဆင်းပျက် ကျိုးပဲ့နေခဲ့သော်၊ စိတ်မမှန်လောက်သောအခြေအနေနှင့် ဆုံရသော် ဘာလုပ်ရပါမည်နည်း။ ကာတုန်းသည် ဒုက္ခိတများ၊ စိတ်မပြည့်သူများကို ဘယ်လိုဆက်ဆံရမည် မသိပါ။ သူနှင့် ဒစ်စတိန်းတို့သည် ၁၉၄၃–ခုနှစ် စစ်ပွဲကာလမှာ အလွန်ရင်းနှီးခဲ့ကြပါသည်။ သို့သော် ရင်းနှီးမှုကြီးမားသော်





လည်း ရင်းနှီးချိန်ကမူ တိုကောင်းလှပါဘိ။ ယခုဆိုလျှင် ဒစ်စတိန်းတစ်ယောက် ဘယ်ပုံဘယ်ရုပ်များ ဖြစ်ပါလိမ့်။ တံခါးပွင့်သွားသည်နှင့် ကာတုန်းက နှုတ်ဆက်သည်။

"ဟိုင်း… နက်"

ဒစ်စတိန်းသည် ရုတ်တရက် ကြောင်၍ကြည့်နေသည်။ နောက် ရုတ်တရက် မျက်နှာသည် ပြုံးသွားပြီး…

"ဟာ… တစ္ဆေခြောက်သလိုပါပဲလားဟ"

ကာတုန်းကလည်း ပြန်ပြုံးပြလိုက်ပါသည်။ သူ စိတ်အေးသွား၏။ သူတို့နှစ်ဦး လက်ဆွဲနှုတ်ဆက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် ဖက်ရမ်းမွှေ့ဖက်ကြသည်။ စစ်သားများလို စစ်သုံးစကားများဖြင့် တောင်စဉ်ရေမရ ပြောကြသည်။ နောက်မှ အခန်းထဲ ဝင်ကြသည်။

ဒစ်စတိန်း၏အိမ်ဆိုသည်မှာ အပြီးအပျက် မြို့ပိုင်းမှ အိမ်ဟောင်းတစ်လုံး၏အမိုးမြင့် အခန်းတစ်ခုသာဖြစ်ပါ၏။ အခန်းထဲတွင် ခုတင်တစ်လုံးသာရှိသည်။ သို့သော် စစ်တပ်ထဲမှာလို သပ်သပ်ရပ်ရပ်။ သစ်သားဗီရိုတစ်လုံး၊ ပြတင်းပေါက်အနားတွင် စာအုပ်များအပြည့်နှင့် စားပွဲတစ်လုံး။ ကာတုန်းစိတ်ထဲတွင် အခန်းသည် ရှင်းလွန်းသည်ဟုထင်၏။ အကယ်၍ သူသာ ဤအခန်း၌ နေရပါက သူ့ကိုယ်ပိုင်သုံးပစ္စည်းများ အနှံ့ထားမိမည်ပင်။ မိသားစုဓာတ်ပုံ၊ အမှတ်တရပစ္စည်း၊ ကျောင်းတုန်းကရသော ဆုဖလားကအစ… ။

ဒစ်စတိန်းက

"ဘယ်လို… ဘယ်လိုများလုပ်ပြီး ကျုပ်ကို ရှာတွေ့တာတုန်း"

"ပြောပါ့မယ်လေ အလွယ်တကူတော့ မဟုတ်ဘူးဗျ"

ကာတုန်းသည် သူဝတ်လာသော ယူနီဖောင်းဂျာကင်ကို ချွတ်၍ ခုတင်ပေါ်အသာချလိုက်၏။ ပြီးမှ…

"မနေ့တုန်းက တစ်နေ့ကုန် အချိန်ပေးရှာခဲ့ရတာ"

ကာတုန်းသည် အခန်းထဲရှိ တစ်ခုတည်းသော ဆိုဖာကုလားထိုင်ကို မျက်စိကစားလိုက်၏။ ကုလားထိုင် လက်တင်နှစ်ခုလုံးသည် မှုရင်းပုံသဏ္ဌာန်နှင့် လွဲမှားသောအနေအထားမှာ ရှိနေ၏။ အောက်ခံဆိုဖာဖုံးအဝတ်အောက်မှ စပရင်တစ်ချောင်းက ပြူထွက်နေသည်။ ပြုတ်နေသော ကုလားထိုင်ခြေထောက်တစ်ခုနေရာတွင် ပလေတို၏စာအုပ်အထူကြီးက အစားထိုးနေရာယူထား၏။ ကာတုန်းက…



www.burmeseclassic.com

www.burmeseclassic.com



"ဒီအပေါ်မှာ လူထိုင်လို့ ဖြစ်ရဲ့လား"

"ဆာဂျင်ထက် ရာထူးမကြီးတဲ့လူဆိုရင် ရပါတယ်၊ ဒါပေမယ့်... "

"သူတို့က လူမှ မဟုတ်တာ"

နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။ သည်ပြက်လုံးမှာ သူတို့၏ပြက်လုံးဟောင်းတစ်ခု။ ဒစ်စတိန်းသည် စာရေးစားပွဲနံဘေးမှ ကုလားထိုင်ကိုဆွဲပြီး ခွထိုင်လိုက်သည်။ နောက် သူငယ်ချင်းဖြစ်သူကို ကြည့်ပြီး...

"ကိုယ့်လူက ဝလာတယ်"

ကာတုန်းက နည်းနည်းစူစပြုနေသော ဗိုက်ကို ပုတ်ပြီး...

"ကျုပ်တို့က ဖရင့်ဖွတ်မှာ ဓိမ်ကျနေတာကိုး၊ ခင်ဗျားလွဲသွားတာ နာတာပဲ"

စကားကို ခဏရပ်ပြီးမှ ရှေ့သို့ နည်းနည်းငုံ့၍ လေသံတိုးတိုးဖြင့် အရေးကြီးသောစကားကို ပြောသောဟန်ဖြင့်...

"ကျုပ် ထောသွားတာဗျ၊ ရတနာပစ္စည်းတွေ၊ ပန်းကန်ခွက်ယောက်၊ တန်ဖိုးရှိပစ္စည်းတွေအကုန်လုံးကို စီးကရက်လောက်၊ ဆပ်ပြာလောက်နဲ့လဲ ဝယ်လို့ရတာဗျ၊ ဂျာမန်တွေက ငတ်နေတာကိုး၊ အနိပ်ဆုံးကတော့ ကောင်မလေးတွေက ဘာလေးညာလေးပေးလိုက်ရုံနဲ့ အလုပ်ဖြစ်တယ်ဗျို့"

ကာတုန်းသည် ကုလားထိုင်နောက်မှီကို မှီလိုက်ရင်း သူငယ်ချင်း၏ ရယ်သံကို စောင့်နေလိုက်၏။ ဒစ်စတိန်းသည် မရယ်ပါ။ ရိုးရိုးပင် သူ့ကို တည့်တည့်ကြည့်နေ၏။

ကာတုန်း စကားလမ်းပြောင်းလိုက်သည်။

"အဲ... ခင်ဗျားကတော့ ဝမလာတာ သေချာတယ်"

ပထမ ကာတုန်း၏စိတ်မှာ ဒစ်စတိန်းတစ်ယောက် ဘာမှ မဖြစ်ဘဲ အကောင်းပကတိ ရှေးတုန်းကလို အပြုံးနှင့် တွေ့ရ၍ စိတ်အေးခဲ့သည်။ ယခုတော့ သူ ရိပ်မိစပြုပြီ။ သူ့မိတ်ဆွေမှာ ပိန်ရုံသာ ပိန်နေခြင်းမဟုတ်။ အားအင်မရှိသလို ဖြစ်နေ၏။ နက်ဒစ်စတိန်းသည် အမြဲညက်ညက်ပြတ်ပြတ်လူစားမျိုးဖြစ်ပါသည်။ သို့သော် ယခုမူ အရိုးနှင့် အရေသာရှိသည့်ပုံမျိုး၊ အသားအရေက ဖြူဖပ်ဖြူရော်နှင့် ပလတ်စတစ်မျက်မှန်ကိုင်းနောက်မှ မျက်လုံးညိုကြီးများကလည်း ဝေဒနာခံစားရသည့်မျက်လုံးမျိုး။ ခြေအိတ်အပေါ်ပိုင်း ခြေထောက်အသားနှင့် လက်ရှည်အင်္ကျီအနားပတ် အပြင်ထွက်နေသော လက်၏အသားအရေတို့မှာ ဖြူရော်ရော်နှင့် မီးခြစ်ဆံချောင်းများလို။ လွန်ခဲ့သောလေးနှစ်က ဒစ်စတိန်း၏





အသားအရေမှာ အဆီပြန်သောအညိုရောင်။ ဗြိတိသျှစစ်ခြေနင်း သားရေလိုမာပြီး ပြောင်နေခဲ့သူဖြစ်သည်။ သည်တုန်းက ကာတုန်းက သူ့သူငယ်ချင်းနှင့် ပတ်သက်၍ 'အမိုက်ဆုံး၊ အစွမ်းဆုံး၊ အရဲရင့်ဆုံးစစ်သား၊ ငါ့အသက်ကို ကယ်ခဲ့တဲ့လူပေါ့ကွ၊ ငါ ပိုပြောတာမဟုတ်ဘူး၊ တကယ်ပဲ"ဟု အမွှမ်းတင်နေကျ။ ယခုတော့...

ဒစ်စတိန်းက...

"မဝတာကတော့ ဒီလိုလေ၊ ခုအထိ တိုင်းပြည်က ရာရှင်နဲ့ စားနေရတုန်း မဟုတ်လား၊ ဒါပေမယ့် အသက်ရှင်ဖို့တော့ နေနိုင်ပါတယ်လေ"

"ဟုတ်ပါတယ်၊ ဒီထက်ခက်တဲ့အခါတောင် ကြုံခဲ့သေးတာပဲ"

ဒစ်စတိန်းက ပြုံး၍...

"အင်းပေါ့"

"ကိုယ့်လူ အဖမ်းခံရတာက... "

"လာမိုလီနာမှာလေ... "

"ဘယ်လိုလုပ် ကိုယ့်လူလို လူကို ဖမ်းမိသွားတာလဲ"

ဒစ်စတိန်းက ပခုံးတွန့်၍...

"လွယ်ပါ့ဗျာ၊ ကျုပ်ခြေထောက်ကို ကျည်တစ်တောင့်မှန်တော့ ကျုပ်မေ့သွားတယ်လေ၊ သတိရလာတော့ ဂျာမန်ထရပ်ကားပေါ် ရောက်နေပြီ"

ကာတုန်းက ဒစ်စတိန်း၏ခြေထောက်ကို ကြည့်၏။

"အခုတော့ ပြန်ကောင်းပြီမဟုတ်လား"

"ကံကောင်းတာပါ အကျဉ်းရထားတွဲပေါ်မှာ ဆေးတပ်သားတစ်ယောက်ပါလာလို့၊ သူက အရိုးကို ပြန်တည့်ပေးတယ်လေ"

"အကျဉ်းစခန်းရောက်တော့... "

ကာတုန်းသည် ပါးစပ်က လွှတ်ခနဲထွက်သွားပြီးမှ မမေးထိုက်ဟု ထင်သွား၏။ သို့သော် သိလည်းသိချင်နေ၏။

ဒစ်စတိန်းက မျက်နှာလွှဲရင်း...

"အင်း... ကျုပ် ဂျူးမှန်း မသိခင်ထိတော့ မဆိုးပါဘူးလေ၊ ဩော်... ဒါထက် လက်ဖက်ရည်သောက်မလား၊ ဝီစကီတော့ မတတ်နိုင်ဘူးဗျာ"

"နေပါစေဗျာ မနက်ပိုင်းလဲ ကျုပ် ဝီစကီမသောက်တော့ပါဘူး၊ ဘဝဆိုတာ စစ်အတွင်းကလို အချိန်တိုတိုကလေးမဟုတ်တော့ဘူး မဟုတ်လား"

ဒစ်စတိန်းက ကာတုန်းဘက်သို့ မျက်နှာလှည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အကျဉ်းစခန်းမှာ ကျုပ်ခြေထောက်ကို တစ်နေရာတည်းကျိုးတာကို ဘယ်နှစ်ခါပြန်ဆက်သလဲဆိုတာ သိချင်လို့ဆိုပြီး ထပ်ချိုးကြည့်တယ်လေ"

"ဘုရား… ဘုရား"

ကာတုန်းသည် ဘုရားတလိုက်၏။

"အဲဒါ အကောင်းဆုံးအခန်းပေါ့ဗျာ"

ဒစ်စတိန်းအသံမှာ အေးစက်စက်ဖြစ်နေ၏။ သူ မျက်နှာလွှဲလိုက်ပြန်၏။

"ခွေးမသားတွေ"

ကာတုန်းက ဆဲလိုက်၏။ သူ တခြားပြောစရာစကား ရှာမတွေ့တော့။ ဒစ်စတိန်း၏မျက်နှာထားမှာ တစ်မျိုး။ အလျင်က သည်မျက်နှာထားမျိုးကို ကာတုန်းမမြင်ဖူးခဲ့။ ကြောက်ရွံ့ထိတ်လန့်ခြင်းလား၊ ထူးဆန်းခြင်းလား မဝေခွဲတတ်။ အခု အားလုံးပြီးခဲ့ပြီဖြစ်၍…

"အင်းလေ… ဘာပဲ ပြောပြော ကျုပ်တို့ စစ်နိုင်ခဲ့ပြီ မဟုတ်လားဗျာ"

ပြောပြောဆိုဆို ရင်းရင်းနှီးနှီး ဒစ်စတိန်း၏ပခုံးကို လက်သီးဖြင့် ခပ်ဆဆထိုးလိုက်၏။

ဒစ်စတိန်းက ပြုံး၍…

"ဟုတ်ပါတယ် ကျုပ်တို့ နိုင်ခဲ့ကြပါတယ်၊ ဒါထက် မောင်ရင်က အင်္ဂလန်မှာ ဘာလာလုပ်တာလဲ၊ ကျုပ်ကိုကော ဘယ်လိုလုပ်ရှာတွေ့တာလဲ"

"ကျုပ် ဘတ်ဖဲလိုးအပြန် လန်ဒန်မှာ ခဏဝင်ခွင့်ရတယ်လေ၊ ဒီရောက်တာနဲ့ စစ်ရုံးကို ကျုပ်သွားတာပေါ့"

ကာတုန်းသည် ခဏရပ်လိုက်၏။ သူ စစ်ရုံးကိုသွားခဲ့ခြင်းမှာ ဒစ်စတိန်းတစ်ယောက် ဘယ်တုန်းက ဘယ်လိုသေဆုံးခဲ့ကြောင်း စုံစမ်းရန် သွားခဲ့ခြင်းဖြစ်ပါ၏။ သူက မျက်နှာပြင်၍…

"စစ်ရုံးက လိပ်စာပေးလိုက်တယ်လေ၊ စတက်နေအရပ်မှာတဲ့၊ ဒီရောက်တော့ တစ်လမ်းလုံးမှာ အိမ်က တစ်လုံးတည်းရှိပြီး အဘိုးကြီးတစ်ယောက်နဲ့ တွေ့တယ်"

"တော်မီကိုစတာ နေမှာပေါ့"

"အဲ… သူ့ဆီမှာ လက်ဖက်ရည်ပေါ့ပေါ့ ၁၉ ခွက်သောက်၊ သူ့ဘဝ စာတ်လမ်းတွေကို နားထောင်ပြီးမှ နုတ်လမ်းညွှန်တယ်လေ၊ အဲဒီ သူပြောတဲ့ လမ်းထောင့်ကအိမ်ရောက်တော့ ကိုရင့်အမေနဲ့တွေ့၊ အဲ… လက်ဖက်ရည်ပေါ့ပေါ့ ထပ်သောက်၊ သူ့ဘဝအတွေ့အကြုံတွေ နားထောင်၊ အဲ… ဒီမှာ အချိန်ကုန်





သွားတာနဲ့ မနေ့က မလာနိုင်တာ၊ ကနေ့မှ အောက်စဖို့ကို ကိုယ်လာရတာလေ၊ အချိန်က သိပ်မရတော့ဘူးဗျာ၊ ကျုပ်သင်္ဘောက နက်ဖြန်ထွက်မှာ"

"မောင်ရင် စစ်တပ်ကထွက်ခွင့်ရပြီပေါ့"

"နောက်ထပ် ရက်သုံးပတ်၊ နှစ်ရက်နဲ့ ၆၄ မိနစ်ကြာရင် ရမယ်"

"ကိုယ့်မြို့ကိုယ့်ရွာပြန်ရောက်ရင် ဘာလုပ်မယ် စိတ်ကူးထားလဲ"

"မိသားစုလုပ်ငန်း အရောင်းအဝယ်ပေါ့၊ နောက်ပိုင်းနှစ်တွေမှာ ကျုပ်ဟာ အရောင်းအဝယ်ဖြစ်ထွန်းပုံရသဗျ"

"နေပါဦး မောင်ရင်တို့မိသားစုလုပ်ငန်းက… "

"ကုန်ကား ထောင်ထားတာလေ၊ ဒါနဲ့… ဒါထက် ကိုရင်ကကော… နေပါဦး၊ ဘာကိစ္စနဲ့ အောက်စဖို့လာရတာလဲ၊ ဘာသင်နေတာတုန်း"

"ဟီဘရူးစာပေလေ"

"မနောက်ပါနဲ့ဗျာ"

"ကျုပ်က ကျောင်းမလာခင်ကတည်းက ဟီဘရူးစာရေးတတ်ပါတယ်၊ ကိုရင်ကို မပြောဖူးဘူးနဲ့ တူတယ်၊ အဘိုးက တကယ့်စာတတ်ပဲ၊ သူ သင်ပေးတာလေ၊ သူက မုန့်ဆိုင်တစ်ခုရဲ့အပေါ်ထပ် အနံ့တထောင်းထောင်းထနေတဲ့ အခန်းလေးမှာနေတယ်၊ ကျုပ်က ဘာမှမမှတ်မိသေးတဲ့ အရွယ်ကစပြီး စနေ၊ တနင်္ဂနွေတိုင်းသွားပြီး ဟီဘရူးသင်ရတယ်လေ၊ ကျုပ်က မငြီးငွေ့ဘူး၊ ကျေနပ်နေတာ၊ အင်းလေ… ဘာပဲဖြစ်ဖြစ် တခြား ကျုပ် ဘာသင်စရာရှိတာမှတ်လို့"

ကာတုန်းက ပခုံးတွန့်ပြီး…

"ဒါတော့ မသိဘူးလေ… အဏုမြူရူပဗေဒတို့၊ ဘောဂဗေဒတို့ သင်ဖြစ်တာပဲဟာ"

"ဘာလုပ်ဖို့လဲ ချမ်းသာဖို့ လူတော်ဖြစ်ဖို့လား… "

ကာတုန်းက ခေါင်းခါ၍ပြသည်။

"ကြောင်တုန်းပါလား၊ ဒါထက် ဒီမှာ ကောင်မလေးတွေ ပေါသလား"

"သိပ်နည်းပါတယ်၊ ပြီးတော့ ကျုပ်ကလဲ မအားပါဘူးဗျာ… "

ကာတုန်းသည် ဒစ်စတိန်း၏မျက်နှာကို ကြည့်သည်။ ဒစ်စတိန်း၏မျက်နှာမှာ ရှက်သွေးဖြန်းနေပုံရ၏။ ကာတုန်းက…

"ဟေ့လူ… လူညာ ကိုရင့်မျက်နှာကြည့်တာနဲ့ ကိုရင် အချစ်ရောဂါထနေတယ်ဆိုတာ အသိသာကြီးပဲ၊ ကျုပ်ကို လာပတ်မနေနဲ့၊ ဘယ်သူနဲ့လဲ ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဒစ်စတိန်းသည် ရှက်သွား၏။

"အင်း... အဲ အမှန့်ဝန်ခံရရင် ကျုပ်အဖြစ်က မမိတ့်ပန်းပါဗျာ၊ ပရော်ဖက်ဆာတစ်ယောက်ရဲ့ မိန်းမဗျ၊ ပညာတတ်တယ်၊ ကျက်သရေရှိတယ်၊ အို သိပ်လှတယ်ဗျာ"

ကာတွန်းသည် ဒွိဟဖြစ်သော မျက်နှာထားလုပ်ရင်း...

"ဒါဆို ဘယ်နိုပ်ဦးမလဲ နက်"

ဒစ်စတိန်းသည် ထလိုက်၏။

"ကျုပ်လဲ သိပါတယ်ဗျာ၊ ဒါပေမယ့် ဟိုလေ ကျုပ်ဆိုလိုတာ ဟို... ဟိုဟာ မောင်ရင်လဲ တွေ့တော့ သိမှာပါ"

"ဗျာ... ကျုပ်နဲ့တွေ့ခွင့်ရဦးမှာလား"

"ပရော်ဖက်ဆာအက်ရှဖို့က ရှယ်ရီပါတီတစ်ခု ပေးမလို့လေ၊ ကျုပ်ကိုလဲ ဖိတ်ထားတယ်၊ ကိုရင် မလာခင်လေးမှာပဲ ကျုပ်က အဲဒီကိုသွားတော့မလို့၊ မောင်ရင့်ပါ လိုက်ခဲ့ရုံပေါ့"

ဒစ်စတိန်းက သူ့ဂျာကင်ကို ကောက်ဝတ်သည်။

ကာတွန်းက...

"ဟေ... ဒါဆိုတော့လဲ အောက်စဖို့က ရှယ်ရီပါတီ တက်ရဦးမှာပေါ့လေ၊ ဘတ်ဖဲလိုးကို ပြန်ရောက်လို့ ပြောပြရင် အဲဒီက ငနဲသားတွေ ပါးစပ်အဟောင်းသားနဲ့ နေဦးမယ်"

*

အေးမြ၍တောက်ပသော နံနက်ခင်းဖြစ်ပါသည်။ ဖျော့တော့သောနေရောင်သည် မြို့တော်၏အဆောက်အအုံဟောင်းများကို ဆေးရောင်တင်လိုက်သလို ဖြစ်သည်။ သူတို့နှစ်ဦးသားသည် စိတ်အေးချမ်းသာ အိတ်ထောင်ထဲတွင် လက်နှိုက်၊ ပခုံးချင်းထိ၍ အတူလမ်းလျှောက်လာကြ၏။ အေးမြသော နိုဝင်ဘာလေသည် လမ်းပေါ်မှာ ဖြတ်တိုက်နေ၏။

ကာတွန်းပါးစပ်ကမူ...

"အိပ်မက်လိုပါပဲဗျာ ခွီးမှပဲ"

တဖွဖွ ပြောနေ၏။

လမ်းပေါ်မှာ လူကျဲတိကျဲတောက်သာ ရှိသည်။ တစ်မိုင်ခန့်လျှောက်လာပြီးသည့်နောက် ဒစ်စတိန်းက အရပ်ရှည်ရှည်၊ ကောလိပ်လည်စည်းကို လည်ပင်းတွင်ပတ်ထားသော လူငယ်တစ်ယောက်ကို လက်ညှိုးထိုးပြရင်း...





"ဟိုမှာ... ရပ်ရှင်းပါလားဟေ့"

ဒစ်စတိန်းက အော်၍...

"ဟေး ရော့စတော့"

ရပ်ရှင်းက လှည့်ကြည့်သည်။ ပြန်လက်ပြပြီး သူတို့ရှိရာဘက်သို့ ကူးလာ၏။ ရပ်ရှင်းသည် စစ်သားဆံပင်လို တိုတိုကလေးဖြစ်နေပြီး အလွယ်ဝယ်ရသောဝတ်စုံတွင် ပိန်ပိန်ရှည်ရှည်ကြီး ဖြစ်နေ၏။ ကာတွန်းအနေနှင့် ဒီနိုင်ငံက လူတွေအားလုံး ပိန်ပိန်တွေချည်းဖြစ်နေပါရော့လားဟု တွေးမိစပြုလာ၏။

ဒစ်စတိန်းက–

"ရော့စတော့က ဘလွှိုင်မှာလေ၊ ကျုပ်နဲ့ ကောလိပ်ကျောင်းတက်ဘက်ပဲ၊ ဒေးဗစ်ရော့စတော့... ဒါက အလန်ကာတွန်းပါ၊ အလန်နှင့် ကိုယ်တို့က အီတလီစစ်မြေပြင်မှာ အတူတူပေါ့၊ ဒါနဲ့ ခင်ဗျားအက်ရှဖို့အိမ် သွားမလို့မဟုတ်လား"

ရပ်ရှင်းက ခေါင်းညိတ်ပြပြီး–

"ဟုတ်ပါ့ဗျာ အရက် အလကားသောက်ရမယ်ဆိုတော့ သွားရတာပေါ့"

ကာတွန်းက ဝင်၍–

"ခင်ဗျားကလဲ ဟီဘရူးစာပေကို လေ့လာနေတာလား"

ရော့စတော့က ခပ်တည်တည်နှင့်...

"မဟုတ်ပါဘူး ကျုပ်က ဒီမှာ ဘုဇ္ဈာစီးပွားရေးစနစ်ကို လေ့လာနေတာပါ"

ဒစ်စတိန်းက အားပါးတရ ရယ်လိုက်လေ၏။ ကာတွန်းကမူ ပြက်လုံး၏ အဓိပ္ပာယ်ကို ပေါက်ပုံမရ။ သို့နှင့် ဒစ်စတိန်းက...

"ရော့စတော့က စမိုးလစ်ပြည်နယ် ရှရှကလေ၊ သူက ကွန်မြူနစ်ပါတီဝင်တစ်ယောက်ပေါ့"

ကာတွန်းသည် ပြက်လုံးကို သဘောမပေါက်သေး။ သို့နှင့်...

"ကျုပ် ကြားဖူးတာကတော့ ရုရှပြည်က ဘယ်သူ့ကိုမှ တိုင်းပြည်အပြင်ဘက် ထွက်ခွင့်မပြုဘူးဆို"

ရော့စတော့သည် စိတ်ရှည်လက်ရှည်ဖြင့် ကာတွန်းအား သူ့အဖေသည် စစ်မဖြစ်မီက ဂျပန်၌ သံအမှုထမ်းတစ်ဦးဖြစ်ပြီး စစ်ဖြစ်သောအခါ သူက အမေရိ နိုင်ငံအပြင်ဘက်ရောက်နေကြောင်း စသည်ဖြင့် အတတ်နိုင်ဆုံး ပြည့်စုံအောင် ပြောပြနေ၏။ ရော့စတော့၏ အင်္ဂလိပ်စကားသည် သိပ်ချောမွေ့ခြင်း မရှိသော်လည်း ကာတွန်းသိလိုသမျှကို ပြည့်စုံသည်အထိ ပြေပြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာတုန်းသည် ရော့စတော့အကြောင်း စိတ်မဝင်စားတော့။ သူ စိတ်ဝင်စားသည်မှာ ဒစ်စတိန်း။ သူနှင့် ညီအစ်ကိုအရင်းလို ချစ်ခင်ခဲ့၊ စစ်အတူတွဲတိုက်ခဲ့သောသူတစ်ယောက် ဘာ့ကြောင့် ဘယ်လို ဟီဘရူးစာပေ သင်နေခြင်းကို သူ နားမလည်။ သည်ထက်ဆိုးသည်ကား ထိုသူကို သူ တကယ်တမ်း ထဲထဲဝင်ဝင်မသိခြင်းပင် ဖြစ်ပါသည်။

ရုတ်တရက် ရော့စတော့က ဒစ်စတိန်းအား...

"ကိုရင် ပါလက်စတိုင်းကိုသွားဖို့ ဆုံးဖြတ်ပြီးပြီလား"

ကာတုန်းက ကြားထဲမှ တအံ့တသြဝင်၍...

"ပါလက်စတိုင်းကို ဟုတ်လား ဘာကိစ္စလဲ"

ဒစ်စတိန်းကြည့်ရသည်မှာ စိတ်အိုက်နေပုံရသည်။ သူက...

"မဆုံးဖြတ်ရသေးပါဘူးဗျာ"

ရော့စတော့ မျက်နှာတည်တည်ဖြင့်–

"ခင်ဗျားသွားဖို့ ကောင်းတယ်၊ ဂျူးအမျိုးသားအဖွဲ့က အရှေ့အလယ်ပိုင်းဒေသမှာ ဗြိတိသျှအင်ပါယာလက်အောက်က လွတ်အောင် ကူညီလုပ်ဆောင်ကြလိမ့်မယ်"

ဒစ်စတိန်းက ပြုံးစစဖြင့်...

"ဒါ ပါတီက ချမှတ်ထားတဲ့ လမ်းစဉ်လား"

ရော့စတော့ကမူ လေးနက်စွာပင်...

"ဟုတ်တယ် ကိုရင်က ဆိုရှယ်လစ်မဟုတ်လား"

ကာတုန်းက...

"အင်း... ဆိုနိုင်ပါတယ်"

ရော့စတော့ကမူ ဆက်၍...

"အင်းလေ အရေးကြီးတာကတော့ ထူထောင်တဲ့နိုင်ငံသစ်တစ်ခုဟာ ဆိုရှယ်လစ်နိုင်ငံဖြစ်ဖို့ အရေးကြီးတာပါပဲ"

ကာတုန်းကမူ အနေခက်လာပြီး ဝင်၍...

"ဒီမယ် နက်၊ အာရပ်တွေက မောင်ရင်တို့လူမျိုးတွေကို အဲဒီမှာ အမဲဖျက်သလို လိုက်သတ်နေကြတာ၊ မောင်ရင်က ဂျာမန်တွေလက်ထဲက လွတ်လာတာ ဘာမှ မကြာသေးဘူး၊ ဘာလို့ သွားချင်ရတာလဲ"

"ကျုပ် မဆုံးဖြတ်ရသေးပါဘူးဗျာ"

ဒစ်စတိန်းက ထပ်ပြောသည်။ နောက် သူ့ခေါင်းကို ခါရမ်းရင်း...





"ကျုပ်လဲ ဘာလုပ်ရမယ် မသိသေးပါဘူး"

ဒစ်စတိန်းသည် ဤအကြောင်းအရာကို ဆက်လက်ပြောချင် ဆွေးနွေးချင်ပုံ မရ။

သူတို့သုံးဦးသားသည် ခပ်သွက်သွက်လမ်းလျှောက်နေကြ၏။ ကာတုန်းမျက်နှာမှာ လေစိမ်းကြောင့် အေးစက်နေ၏။ သို့သော် ကိုယ်ခန္ဓာကမူ ဆောင်းရာသီဝတ် ယူနီဖောင်းအောက်တွင် ချွေးပြန်နေ၏။ ဒစ်စတိန်းတို့နှစ်ယောက်ကမူ မောစလေဆိုသူတစ်ယောက်၏ ဖောက်ပြန်လိမ်ညာမှုအကြောင်း ပြောနေကြ၏။ ကာတုန်းအတွက်မူ မောစလေဆိုသောအမည်သည် ဘာမှ စိတ်ဝင်စားစရာ မရှိ။ မထူးခြား။ ရော့စတော့က မောစလေ၏လုပ်ရပ်၊ အာဇာနည်နေ့ မိန့်ခွန်းကို အကြောင်းပြု၍ အရင်းရှင်ဒီမိုကရေစီဝါဒသည် ကွန်မြူနစ်ဝါဒထက် ဖက်ဆစ်စနစ်နှင့် နီးစပ်ကြောင်း ပြော၏။ ဒစ်စတိန်းကမူ ထိုအစီအစဉ်ကို လုပ်ကြသူများသည် ဘာမှ ကြီးမားသောရည်ရွယ်ချက်ရှိပုံ မပေါ်။ သက်သက်ထိတ်လန့်တကြားဖြစ်အောင်လုပ်ခြင်းသာ ဖြစ်မည်ဟု ပြန်ဆွေးနွေး၏။

ကာတုန်းသည် ပြောသမျှကို နားထောင်ရင်း ပြောနေသူနှစ်ဦးကို အကဲခတ်ကြည့်မိသည်။ သူတို့အတွဲမှာ အတော်ခွကျသောအတွဲဖြစ်သည်။ အရပ်ရှည်ရှည်၊ ခြေလှမ်းကျဲကျဲလှမ်းနေသော ရော့စတော့က လည်ပင်းမှာ မာဖလာပတ်၍ အရပ်ပြတ်ပြတ် အရိုးပေါ်အရေတင်နေသော ဒစ်စတိန်းက မျက်လုံးမှိုင်းမှိုင်း မျက်မှန်ဝိုင်းဝိုင်းနှင့်။ ကာတုန်းသည် ပညာရှင်တစ်ဦးတော့ မဟုတ်ပါ။ သို့သော် ဘယ်အကြောင်းအရာကိုပဲ ပြောပြော လုပ်ကြံပြောနေလျှင်တော့ ရိပ်မိလောက်အောင် အကင်းပါးသည်။ ထို့ကြောင့်လည်း သူတို့နှစ်ယောက် ပြောနေကြသည်များသည် ရင်ထဲက စစ်မှန်သောယုံကြည်မှုကို ပြောနေကြခြင်းမဟုတ်ဟု သူသိသည်။ ရော့စတော့က ကြက်တူရွေးလို အယူဝါဒတစ်ခုကို ရွတ်ပြနေခြင်းဖြစ်ပြီး ဒစ်စတိန်းက ပေါ့ပေါ့တန်တန်ပြောဆိုနေပုံမှာလည်း တကယ်ခံစားမှုကို ဖုံးကွယ်နေသလိုမျိုး ဖြစ်နေ၏။ မောစလေအကြောင်း စကားစပ်ပြီး ဒစ်စတိန်းရယ်မောလိုက်သောအသံသည်ပင် ထမင်းလုံးတစ္ဆေအခြောက်ခံရ၍ လန့်နိုးလာသောကလေးတစ်ယောက်၏ရယ်သံနှင့် တူလှသည်ဟု ကာတုန်းထင်သည်။

ဒစ်စတိန်းတို့နှစ်ဦးသားကမူ စိတ်ပါပုံမရဘဲ အချက်အလက်ပြည့်စုံစွာ ငြင်းခုံနေကြ၏။ ကြည့်ရသည်မှာ ဓားတုံးတုံးနှစ်ချောင်းနှင့် ဓားရေးပြိုင်နေကြသူနှစ်ဦးလိုအဖြစ်မျိုး...

ရုတ်တရက်ပင် ဒစ်စတိန်းသည် သူတို့နှစ်ဦးပြောနေကြသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကာတုန်းတစ်ယောက် စကားဝိုင်းအပြင်ဘက်ရောက်နေကြောင်း သတိပြုမိသွားပြီး သူတို့ ယခုသွားလည်မည့် အိမ်ရှင်အကြောင်းကို စကားစသည်။

"စတီဖင်အက်ရှဖို့ဆိုတာ ခပ်ကြောင်ကြောင်လူတစ်ယောက်ပဲ၊ ဒါပေမယ့် လူတော်တစ်ယောက်ပါ၊ သူ့ဘဝ အချိန်အတော်များများကို အရှေ့အလယ်ပိုင်းမှာ နေခဲ့တယ်လေ၊ ငွေကြေးအများကြီး ရှာခဲ့ရတယ်၊ ကုန်အောင် ဖြုန်းပစ်ဖူးတယ်၊ တကယ့်ရူးကြောင်ကြောင်အလုပ်တွေကို လုပ်တယ်၊ ဥပမာ အာရေဗျသဲကန္တာရကို ကုလားအုတ်တစ်ကောင်နဲ့ ဖြတ်တာမျိုးတို့"

ကာတုန်းက ဝင်၍...

"သဲကန္တာရကို ကုလားအုတ်နဲ့ဖြတ်တာဟာ ဘယ်မှာ ရူးကြောင်ကြောင် လုပ်တာမှတ်လို့"

ရော့စတော့က...

"အက်ရှဖို့က လက်ဘနီးစ်လူမျိုး မိန်းမကို ယူထားတယ်ဗျ"

ကာတုန်းသည် ဒစ်စတိန်းမျက်နှာကို ကြည့်ပြီး–

"ဒါဆိုရင် အဲဒီမိန်းမ... "

ဒစ်စတိန်းက စကားအမြန်ဖြတ်ဝင်၍...

"အဲဒီမိန်းမက သူ့ထက်ငယ်တယ်၊ သူက အဲဒီမိန်းမကို စစ်မဖြစ်ခင်ကလေး အင်္ဂလန်ကိုခေါ်လာခဲ့တာ၊ ဒီကျတော့ ရှေးဟောင်းကျောက်စာ ပရော်ဖက်ဆာအဖြစ် အမှုထမ်းတယ်လေ၊ အဲ... သူက မောင်ရင့်ကို ရှယ်ရီမတိုက်ဘဲ မဆလာတိုက်ရင်တော့ သူ့အိမ်ထဲမှာနေတာ ကြာပြီလို့ သူ အချက်ပြတာပဲ"

ကာတုန်းက–

"လူပဲဗျာ ဒီလောက်တော့ သိရမှာပေါ့"

"အင်းလေ သူ့အိမ် သူ့သဘောပေါ့"

ကာတုန်းအတွက် အက်ရှဖို့နေသောအိမ်သည် ထင်ထားသည်နှင့် လွဲနေ၏။ အိမ်ကလေးမှာ အစိမ်း အဖြူဆေးသုတ်ထားပြီး အိမ်ရှေ့ဥယျာဉ်မှာ ချုံပုတ်များ သာပြည့်နေ၏။ သုံးဦးသားသည် အုတ်လမ်းကလေးအတိုင်း အိမ်တံခါးရှိရာသို့ လာခဲ့ကြ၏။ အိမ်ရှေ့တံခါးရှိရာသို့ လာခဲ့ကြ၏။ အိမ်ရှေ့တံခါးမှာ ဖွင့်ထား၍ သူတို့ဝင်ကြသည်။ အခန်းတစ်နေရာမှ ရယ်မောသံတချို့ ထွက်လာ၏။ ပါတီက စနှင့်ပြီဖြစ်ပါသည်။ ထိုစဉ် တံခါးတစ်ချပ်ပွင့်လာပြီး ကမ္ဘာပေါ်တွင် အချောဆုံးဟု ဆိုရမည့် မိန်းမတစ်ယောက် ထွက်လာ၏။





ကာတုန်းသည် ငလျှင်မိသောကြက်လို ဖြစ်သွား၏။ သူသည် ရပ်နေရာမှ မလှုပ်နိုင်တော့ဘဲ သူတို့ကို ညှို့ခံနှုတ်ဆက်ရန်လာသောမိန်းမကို ငိုင်ပြီးကြည့်နေမိ၏။ နားထဲသို့ ဒစ်စတိန်း၏စကားသံက ဝင်လာသည်။

"ဒါ ကျွန်တော့်သူငယ်ချင်း အလန်ကာတုန်းပါ"

ရုတ်တရက်ပင် သူသည် ပူနွေးခြောက်သွေ့ ပြည့်တင်းညိုမောင်းသော လက်ဖဝါးကို ဆုပ်ကိုင်လိုက်ရသည်။ သူ လွှတ်မပေးချင်။

ခဏကလေးမှာပင် သူမသည် နောက်သို့လှည့်ပြီး သူတို့သုံးဦးကို ညှို့ခန်းမသို့ ခေါ်သွား၏။ ဒစ်စတိန်းက ကာတုန်းလက်မောင်းကို ဆုပ်ပြီး ပြုံးပြသည်။ သူ့မိတ်ဆွေ၏ရင်ထဲမှာ ဘာတွေဖြစ်နေသည်ကို ဒစ်စတိန်းသိသည်။

ကာတုန်းသည် သူ့ကိုယ်သူ ပြန်ထိန်းသိမ်းနိုင်လိုက်ပြီးမှ ပါးစပ်က–

"ဗိုး... "

ဟု လေတစ်ချက်မှုတ်လိုက်၏။

ရှယ်ရီဖန်ခွက်ကလေးများသည် စားပွဲပေါ်မှ စစ်သားများလို တန်းစီနေ၏။ အမျိုးသမီးက ဖန်ခွက်တစ်ခွက်ကို ယူ၍ ကာတုန်းကို လှမ်းပေးသည်။ နောက် ပြုံးသည်။ ပြီးမှ...

"ကျွန်မ အေလာအက်ရှဖို့ပါ"

ကာတုန်းသည် အရက်ခွက်ကိုယူရင်း သူမကို အသေးစိတ်ကြည့်နေမိ၏။ သူမသည် ဘာမှ ခြယ်သထားခြင်း မရှိ။ သူမမျက်နှာပေါ်တွင် ဘာမိတ်ကပ်မှ မရှိ။ သူမ၏နက်ပြောင်သောဆံပင်များသည်လည်း ရိုးရိုးဖြောင့်ဖြောင့် ဘာမှ ပြင်ဆင်ထားသည်မဟုတ်။ အဖြူရောင်ပြောင်ဝတ်စုံ ဝတ်ထားပြီး ခြေထောက်မှာ ရိုးရိုးညှပ်ဖိနပ်ကလေးသာ စီးထား၏။ သို့သော် မြင်ရ ခံစားရသည်မှာ ထူးခြားလှပလွန်း၍ သူ့ရင်ထဲမှ ဖြစ်ပေါ်လာသော တိရစ္ဆာန်စိတ်အတွက် ကာတုန်း ရှက်သွားမိလေသည်။

ကာတုန်းသည် သူ့ကိုယ်သူ ထိန်းသိမ်း၍ တစ်ခန်းလုံးကို အကဲခတ်လိုက်၏။ အခန်းမှာ ထူးထူးခြားခြား ဘာမှ ပြင်ဆင်ထားခြင်းမရှိ။ လူအားလုံး တစ်ဆယ့်နှစ်ယောက်လောက် ရှိပုံရသည်။

လှပသေသပ်သော အနောက်တိုင်းဝတ်စုံ ဝတ်ထားသော အာရပ်တစ်ယောက်သည် မီးဖိုနံဘေးမှာ ရပ်နေ၏။ အေလာအက်ရှဖို့က ထိုသူ့အား လှမ်းခေါ်၍ 'ရှင်တို့နဲ့ ကျွန်မရဲ့အရပ်သားတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့လေ၊ သူက ဟာစန်တဲ့၊ ဝါစက်စတာကောလိပ်မှာ တက်နေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟာစန်က သူတို့အားလုံးကို လက်ဆွဲနှုတ်ဆက်ရင်း…

"ဒစ်စတိန်းကိုတော့ သိပြီးသားပါ…"

ကာတုန်းစိတ်ထဲကမူ အသားညိုတစ်ယောက်အနေနှင့် ဟာစန်သည် လူချောတစ်ယောက်ဖြစ်ကြောင်း အကဲခတ်မိသည်။ ပုံကြည့်ရသည်မှာ ပိုက်ဆံနည်းနည်းရှိပြီး လူဖြူတစ်ယောက်အိမ် အဖိတ်ခံရသော အသားညိုတစ်ယောက် ဟန်ပန်အတိုင်း မြောက်ကြွကြွဖြစ်နေပုံရ၏။

ရှောစတော့က ဟာစန်အား–

"ခင်ဗျားကလဲ လက်ဘာနွန်ကပဲလား…"

"မဟုတ်ဘူး၊ ပါလက်စတိုင်းက…"

"အား…"

ရှောစတော့သည် သဘောကျသွားပြီး ဆက်၍…

"ဒါဆိုရင် ကုလသမဂ္ဂရဲ့ ပါလက်စတိုင်း ပန်ကြားချက်အပေါ် ဘယ်လိုသဘောရသလဲ"

"မဆိုင်လိုက်လေဗျာ အင်္ဂလိပ်တွေ ဆုတ်ပေးရမှာတော့ အမှန်ပေါ့၊ ပြီးတော့ ကျုပ်တို့နိုင်ငံက ဒီမိုကရေစီ အစိုးရ တည်ထောင်ရမှာပေါ့"

ရှောစတော့က…

"ဒါဆို ဂျူးတွေက လူနည်းစုဖြစ်ရမှာပေါ့"

"ဟုတ်တယ်လေ အင်္ဂလန်မှာလဲ ဂျူးတွေက လူနည်းစုမဟုတ်လား၊ လူနည်းစုဖြစ်တာနဲ့ အင်္ဂလန်က သူတို့နေဖို့ 'စူရေး' ဒေသကို ပေးရမှာလား"

"စူရေးက သူတို့ဒေသ မဖြစ်ဖူးဘူးလေ၊ ပါလက်စတိုင်းက ဖြစ်တယ်"

ဟာစန်က ပခုံးတွန့်ပြသည်။

"ဖြစ်တာတွေကတော့ အများကြီးပေါ့၊ ဝဲလ်တွေက အင်္ဂလန်ကို ပိုင်ဖူးတယ်၊ အင်္ဂလိပ်တွေက ဂျာမနီကို ပိုင်ဖူးတယ်၊ နော်မန်ပြင်သစ်တွေက စကင်ဒီနေဗီယင်းမှာ နေဖူးတာပဲ"

ဟာစန်သည် ဒစ်စတိန်းဘက်လှည့်၍…

"ခင်ဗျားကတော့ တရားမျှတပါတယ်၊ ဒီကိစ္စမှာ ဘယ်လိုသဘောရသလဲ"

ဒစ်စတိန်းသည် မျက်မှန်ချွတ်လိုက်ပြီး…

"တရားမျှတတာတွေ ဘာတွေတော့မသိဘူး၊ ကျုပ်တော့ ကိုယ့်တိုင်းပြည်လို့ လက်ညှိုးထိုးပြစရာ တိုင်းပြည်တစ်ပြည် လိုချင်တာပဲ"

ဟာစန်က…





"ကျုပ်တို့ဆီက ခိုးယူလို့ပဲ ရရလား…"

"ကျွန်တဲ့အရှေ့အလယ်ပိုင်းတစ်ခုလုံး ခင်ဗျားတို့ ယူကြလေ…"

"မလိုချင်ဘူးဗျာ…"

ရှောစတော့ကဝင်၍

"ဒီဆွေးနွေးချက်ကို ကြည့်တာနဲ့ ကုလသမဂ္ဂရဲ့ ပန်ကြားချက်ဟာ သတ်မှတ်ချက်ဟာ၊ လိုနေသေးတယ်လို့ ရှင်းပြီးသား ဖြစ်နေတာပေါ့"

အေလာအက်ရှဖို့သည် စီးကရက်ထည့်ထားသောသေတ္တာကိုဖွင့်၍ ကာတုန်းကို ကမ်းပေးသည်။ ကာတုန်းသည် စီးကရက်တစ်လိပ်ကိုယူပြီး အေလာအက်ရှဖို့အတွက် တစ်လိပ်မီးညှိပေးသည်။ ကျန်လူများ ပါလက်စတိုင်းအရေးကို ငြင်းခုံနေကြစဉ် အေလာက ကာတုန်းအား…

"ရှင်… ဒစ်စတိန်းကိုသိတာ ကြာပြီလား"

"ကျွန်တော်တို့ ၁၉၄၃ ခုနှစ်က ဆုံကြတာပါ"

ကာတုန်းက ရီးရီးပြန်ဖြေလိုက်သည်။ စီးကရက်ခဲထားသော အေလာ၏ နှုတ်ခမ်းကလေးကို ကြည့်မိသည်။ စီးကရက်ကိုပင် လှအောင် သောက်တတ်သော မိန်းမပါကလား။

အေလာက…

"ကျွန်မ သူ့အကြောင်း သိပ်သိချင်တာပဲ…"

"ဘာဖြစ်လို့…"

"လူတိုင်း သူ့အကြောင်း သိချင်ကြတယ်လေ၊ သူဟာ လူငယ်ပဲ ရှိသေးသေမယ့် သူ့ကြည့်ရတာ လူကြီးလိုပဲ၊ နောက် လန်ဒန်သားပုံ ပေါက်နေပြန်ရော၊ ဒါပေမယ့် အင်္ဂလိပ်အထက်တန်းစားစရိုက်ထဲလဲ စိတ်ဝင်စားပုံမရဘူး၊ သူဟာ အကြောင်းအရာစုံ ဝင်ဆွေးနွေးတယ်၊ ဒါပေမယ့် သူ့အကြောင်းကိုတော့ ဘာမှ မပြောဘူး"

ကာတုန်းက ခေါင်းညိတ်ပြရင်း…

"ဟုတ်မှာပဲ ကျွန်တော်လဲ တကယ်တော့ သူ့ကို ထဲထဲဝင်ဝင်မသိခဲ့ပါလားလို့ ခုမှ ရိပ်စားမိသလို ဖြစ်လာတာ"

"ကျွန်မခင်ပွန်းကတော့ သူဟာ ထူးချွန်တဲ့ကျောင်းသားတစ်ယောက်ပဲလို့ ပြောပါတယ်"

"သူက ကျွန်တော့်အသက်ကို ကယ်ဖူးတယ်လေ"

"ဘုရား… ရေ…"



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကာတုန်းကို အသေအချာကြည့်သည်။ သူမစိတ်ထဲမှ ကာတုန်းခဲ့ ကားဟန်လုပ်ပြောနေသလားဟု အကဲခတ်ပုံရ၏။ နောက်ဆုံးမှ ကာတုန်း အမှန်ပြောသည်ဟု ယူဆပြီး…

"ကျွန်မ ပြည့်ပြည့်စုံစုံ ကြားချင်လိုက်တာ"

ထိုစဉ် လူလတ်ပိုင်း ခင်ဖောင်းဘီ ခပ်ပွပွ ဝတ်ထားသူတစ်ဦးက သူမ၏ ပခုံးကို တို့ရင်း…

"အခြေအနေ ဘယ်လိုတုန်း အချစ်…"

"ကောင်းပါတယ် ဖြော်…ဒါထက် မစ္စတာကာတုန်း ဒါ… ကျွန်မ ခင်ပွန်း ပရော်ဖက်ဆာ အက်ရှဖို့ပါ"

"ဟုတ်ကဲ့ နေကောင်းပါရဲ့လားခင်ဗျာ…"

ကာတုန်းက ပဋိသန္ဓာရစကားဆိုရင်း အကဲခတ်လိုက်၏။ အက်ရှဖို့သည် ထိပ်ပြောင်ပြောင်။ အဝတ်အစားဖရိုဖရဲဝတ်ထားသူ တစ်ဦးပါပဲလား။ သူ့စိတ်ထဲတွင် အာရေဗျမှ လောရင့်လို သူရဲကောင်းဂိုက်ဆိုက်နှင့် တွေ့ရမည်ဟု မျှော်လင့်ထားခဲ့သည်။ ယခုပုံအတိုင်းဆိုလျှင် နက်အတွက် မျှော်လင့်ချက်ရှိသေးတာပဲ။

အေလာက စကားပြန်ဆက်ရင်း…

"မစ္စတာကာတုန်းက သူ့အသက်ကို နက်ဒစ်စတိန်းက ဘယ်လိုကယ်ခဲ့တယ်ဆိုတာ ပြောမလို့"

အက်ရှဖို့က…

"တကယ်လား…"

ကာတုန်းသည် ဒစ်စတိန်းဘက်သို့ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ…

"ဇာတ်လမ်းက တိုတိုလေးပါ၊ စစ္စလီကျွန်း ရာဂူစဒေသမှာပေါ့၊ တောင်ကုန်းတွေပဲရှိတဲ့ မြို့လေးပေါ့၊ ကျွန်တော်က တီတပ်ဖွဲ့နဲ့အတူ ဆင်ခြေဖုံးကို ဘက်သိမ်းရတယ်၊ မြို့မြောက်ဘက်နားရောက်တော့ တောစပ်အလွန်ကလေးမှာ ဂျာမန်တင့်ကားတစ်စီးကို တွေ့ရတယ်၊ တင့်ကားကြည့်ရတာ ဘယ်သူမှ ရှိပုံမရတော့ပဲ ပစ်ထားခဲ့ပုံပဲ၊ ကျွန်တော်က သေချာအောင်ဆိုပြီး အထဲကို လက်ပစ်ဗုံးတစ်လုံး ပစ်သွင်းလိုက်သေးတယ်၊ ပြီးမှ တင့်ကားကိုဖြတ်ပြီး ဆက်သွားတာပေါ့၊ အဲဒီအချိန်မှာ သေနတ်သံတစ်ချက်ကြားရတယ်၊ တစ်ချက်ပဲ၊ နံဘေးက သစ်ပင်ပေါ်က မရှင်းဂန်းတစ်လက်နဲ့ ဂျာမန်တစ်ကောင် ပြုတ်ကျလာတော့တာပါပဲ၊ ငနဲသားက သစ်ပင်ပေါ်က အသင့်စောင့်ပြီး ကျုပ်တို့ကို ပစ်ချဖို့ ချောင်းနေတာကိုး၊ အဲ… ဒီငနဲကို ပစ်ချလိုက်တဲ့သူကတော့ နက်ဒစ်စတိန်းပေါ့"





အေလာ၏မျက်လုံးများသည် စိတ်ဝင်စားမှုဖြင့် အရောင်တောက်သွားသည်။ သို့သော် သူမ၏ခင်ပွန်း ပရော်ဖက်ဆာ၏မျက်နှာမှ သွေးဆုတ်ကာ ဖြူရော်သွား၏။ ပရော်ဖက်ဆာသည် ဤသို့သတ်ဖြတ်ခြင်း၊ သေဆုံးခြင်းများကို နားထောင်နိုင်ပုံမရ။ သည်ပုံအတိုင်းဆိုလျှင် ဒစ်စတိန်းတစ်ယောက် သူ့အဖြစ်များကို ဘိုးတော်ကိုမပြောပါစေနှင့်ဟု ကာတုန်းက တွေးလိုက်ရင်း ဒစ်စတိန်းဘက်သို့ လှည့်ကြည့်လိုက်၏။

ဒစ်စတိန်း၊ ဟာစန်နှင့် ရှော့စတော့တို့သည် အားပါးတရငြင်းခုံပြောဆိုနေကြ၏။ ရှော့စတော့သည် ခြေကို ခွဲရပ်ပြီး လက်ဟန်ခြေဟန်နှင့် ဆရာတစ်ယောက်လို သူ၏အဘိဓမ္မာကို ယုံကြည်စွာပြောနေ၏။ သူတို့သည် ပါလက်စတိုင်းဒေသနှင့် ဂျူးများအကြောင်း ပြောနေကြခြင်းဖြစ်သည်။ ဟာစန်ကမူ အအုပ်စင်ကိုမှီ၍ လက်တစ်ဖက်ကို ဘောင်းဘီအိတ်မှာနှိုက်လျက် စီးကရက်ကို ဖွာရင်း မိမိ၏တိုင်းပြည်၊ အရပ်ဒေသအကြောင်း ဆွေးနွေးချက်ကို ကမ္ဘာ့နိုင်ငံရေးအရေးအခင်းတစ်ခု ပုံစံသက်သက်လောက် စိတ်ဝင်စားပုံမျိုးနှင့် ဆွေးနွေးနေ၏။ ဒစ်စတိန်းကမူ လက်ကိုတင်းတင်းပိုက်ပြီး ခေါင်းကိုညွှတ်ရင်း အလေးအနက် ဆွေးနွေးဟန်လုပ်နေ၏။ သူတို့ဆွေးနွေးချက် တစ်စွန်းတစ်စကို ကာတုန်းကြားရသမျှမှာ ဗြိတိသျှတို့က ပါလက်စတိုင်းဒေသကို ဂျူးများကိုပေးရန် ကတိပြုထားကြောင်းနှင့် သူခိုးကပေးတဲ့လက်ဆောင်ကို သတိထားနော်ဟု ချေပသံကို ကြားရသည်။ ကာတုန်းသည် အိမ်ရှင်လင်မယားဘက်လှည့်ပြီး သူ့ဇာတ်လမ်းကို ဆက်ခါ…

"အဲဒီနေရာကိုပဲ ဗြိတိသျှတပ်တွေက တစ်ဖက်ကတက်လာကြတာလေ၊ နောက်ကလဲ ပစ်ထားတဲ့တင့်ကားကို ကျုပ်တို့လိုမြင်တာပေါ့၊ သူက ထောင်ချောက်ဖြစ်မှာပဲလို့သိပြီး လိုက်ရှာလို့ ချောင်းပစ်မဲ့ကောင်ကိုတွေ့ပြီး ပစ်ချနိုင်တာပေါ့၊ တကယ်လို့ နက်သာ မလျှင်ဘူးဆိုရင် ကျွန်တော်တော့ သေပြီပဲ"

အိမ်ရှင်များ ငြိမ်သွားကြ၏။ ပြီးမှ အက်ရှဖို့က…

"အင်း… အဖြစ်အပျက်က ဘာမှမကြာသေးပေမယ့် ကျုပ်တို့ လွယ်လွယ်နဲ့ မေ့နေကြပြီနော်"

အေလာသည်လည်း သူမ၏တခြားဧည့်သည်များကို သတိရပြီး ကာတုန်းအား…

"ရှင်မပြန်ခင်တော့ ကျွန်မ ထပ်စကားပြောချင်ပါသေးတယ်၊ အခုတော့ တခြားဧည့်သည်တွေကို ဧည့်ခံလိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို အခန်းတစ်ဖက်သို့ ထွက်သွား၏။ ထိုအချိန်၌ ဟာစန်သည် အခန်းတံခါးတစ်ခုကို ဖွင့်နေ၏။ ထိုတံခါးပေါက်မှာ ပန်းခြံဘက်သို့ထွက်သောတံခါး ဖြစ်၏။

အက်ရှုဖို့သည် နားသယ်နောက်မှ ဆံပင်များကိုသပ်ရင်း...

"အရပ်သူ အရပ်သားတွေက စစ်ပွဲကြီးတွေသတင်းကိုပဲ ကြားရပြီး စစ်သားတွေကတော့ သူတို့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေကို မှတ်မိနေတတ်ကြတယ်နော်"

ကာတုန်းသည် ခေါင်းညိတ်ထောက်ခံလိုက်၏။ စိတ်ထဲကမူ ပရော်ဖက်ဆာအက်ရှုဖို့သည် စစ်အကြောင်း မသိသူ၊ နားမလည်သူဟု မှတ်သားလိုက်မိ၏။ ပရော်ဖက်ဆာကြီး ငယ်စဉ်ကလည်း ဒစ်စတိန်းပြောသလို စွန့်စွန့်စားစားမှ လုပ်ခဲ့ပါရဲ့လားဟု သံသယဝင်လာခဲ့မိ၏။ သို့သော် စကားဆက်ရမည်ဖြစ်သဖြင့်...

"အဲဒီနောက်တော့ ကျွန်တော်က နက်ကို စစ္စလီက ဆွေမျိုးတွေနဲ့ ဆုံပေးတယ်လေ၊ ဆွေမျိုးတွေကတော့ နက်ကို သူရဲကောင်းကြီးဆိုပြီး ဂုဏ်ပြုကြတာပေါ့၊ ကျုပ်တို့တွေ့ဆုံခင်မင်ရတဲ့အချိန်ကလေးက တိုတောင်းပေမယ့် ညီအစ်ကိုအရင်းတွေလိုပါပဲဗျာ"

"ဟုတ်တာပေါ့လေ"

"နောက်တော့ သူတစ်ယောက် ဂျာမန် ဖမ်းမိသွားတယ်ဆိုတဲ့သတင်းကြားရပြီး မတွေ့ရတော့ဘူး အောက်မေ့နေတာ"

အက်ရှုဖို့က တစ်ချက်တွေသွားပြီး...

"အဖမ်းခံရတော့ ဘာတွေများဖြစ်တယ်ဆိုတာကော မောင်ရင် သိသေးလား၊ ကျုပ်တော့မသိဘူး၊ သူက သိပ်နှုတ်နည်းတာ"

ကာတုန်းက ပခုံးတွန့်လိုက်ပြီး...

"အကျဉ်းစခန်းက အသက်ထင်ရှား လွတ်လာတာလောက်ပါပဲ"

"ဒါဆို သူ သိပ်ကံကောင်းတာပေါ့နော်"

"မပြောတတ်ဘူးလေ..."

အက်ရှုဖို့သည် ကာတုန်း၏မျက်နှာကို ဆတ်ခနဲ ကြည့်ပြီး တွေသွား၏။ နောက် မျက်နှာလွှဲလိုက်ပြီး တစ်ခန်းလုံးကို လျှောက်ကြည့်နေ၏။ ပြီးမှ...

"တကယ်တော့ ဒီမိတ်ဆုံပွဲကလေးဟာ အောက်စဖို့ညနေပွဲနဲ့ သိပ်မတူလှဘူးနော်၊ မောင်ရင်လဲ သိလောက်ပါပြီ၊ ဒစ်စတိန်း ရော့စတော့နဲ့ ဟာစန်တို့ကလဲ သမားရိုးကျကျောင်းသားတွေမှ မဟုတ်ပဲကိုး၊ အား...အဲ...ဟောဒီလူက တိုဘီတဲ့၊ ဘွဲ့ယူတဲ့ ကျောင်းသားတစ်ယောက်ပဲ..."





ကာတုန်းကြည့်လိုက်ရာ မျက်နှာနီနီနှင့် လူငယ်တစ်ယောက်ကို တွေ့ရ၏။ အက်ရှုဖို့က...

"တိုဘီ လာဟေ့ ဟောဒီမှာ ဒစ်စတိန်းရဲ့ရဲဘော် မစ္စတာကာတုန်းတဲ့"

တိုဘီသည် လက်ဆွဲနှုတ်ဆက်ပြီးသည်နှင့် မြန်ဆန်စွာပင်–

"ဟာ...ဒါဆိုရင် အတော်ပဲ၊ ခေါင်းထဲက မြင်းတစ်ကလေး ရနိုင်မလားမသိဘူး၊ ဒစ်စတိန်း နိုင်မလား"

ကာတုန်းသည် အူကြောင်ကြောင်နှင့်...

"ဘာ...ဘာနိုင်ရမှာလဲ ဟင်..."

အက်ရှုဖို့က ဝင်ရှင်းပြရပြန်၏။

"သြော်...ဒီလိုလေ၊ ခဏနေရင် ဒစ်စတိန်းနဲ့ ရော့စတော့တို့က စစ်ဘုရင် ကစားကြမှာ၊ နှစ်ယောက်စလုံးက အတော်ကောင်းတဲ့ ကစားသမားတွေပဲ၊ မောင်ရင်က ဒစ်စတိန်းရဲ့ရဲဘော်ဆိုလို့ အတွင်းကျကျသတင်းများ ကြားသိရမလားလို့ မေးတာလေ၊ သူက လောင်းချင်လို့နေမှာပေါ့"

ကာတုန်းက အူကြောင်ကြောင်နှင့်...

"ကျုပ်ထင်တာက စစ်တုရင်ဆိုတာ အဘိုးကြီးတွေမှ ကစားတဲ့နည်းလို့ အောက်မေ့ထားတာ"

"အာ..."

တိုဘီ ပါးစပ်မှ အသံထွက်သွား၏။ နောက် လက်ထဲမှ အရက်ခွက်ကို အပြတ်ရှင်းလိုက်၏။ တိုဘီရော အက်ရှုဖို့ပါ ကာတုန်း၏ထင်မြင်ချက်ကို သဘောကျပုံမရ။ ထိုစဉ် လေးငါးနှစ်အရွယ်ကလေးမလေးတစ်ယောက်သည် သူ့ထက်ကြီးပုံရသော ကြောင်မွဲပြာပြာကြီးတစ်ကောင် ပွေ့ပြီး ပန်းခြံဘက်မှ အခန်းထဲဝင်လာ၏။ အက်ရှုဖို့သည် အရွယ်ရမှ သားသမီးရသူတို့၏ ဟန်အမူအရာနှင့် သမီးကလေးကို ကာတုန်းနှင့် လူကြီးသဖွယ် မိတ်ဆက်ပေး၏။ သူက...

"ဟောဒါက စူဇာပါခင်ဗျာ..."

မိန်းကလေးက ကြောင်ကြီးပြရင်း...

"သူက ဟေဇက်ကာလေ..."

ကလေးသည် သူ့အမေ၏အသားအရေနှင့် ဆံပင်အရောင်များ အမွေရထားပုံရ၏။ ကြီးလာလျှင်မူ အမေလိုမိန်းမချောတစ်ယောက် ဖြစ်လာမည်ပဲဟု ကာတုန်းတွေးရင်း အက်ရှုဖို့သမီးမှ ဟုတ်ပါလေစဟု အောက်မေ့မိ၏။ သူမ၏ အဖနှင့်တူသည်ဆို၍ ဘာမှ မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



ကလေးက ကြောင်၏လက်ကို ကမ်းပေး၏။

ကာတုန်းက ကျေကျေနပ်နပ် ကြောင်လက်ကိုဆွဲရင်း...

"ဟေဇက်ကာ နေကောင်းတယ်နော်"

စုဇာသည် ကျေနပ်ပြီး တစ်ဖက်သို့လှည့်ကာ ဒစ်စတိန်းရှိရာသို့ သွား၏။ နောက်...

"ကောင်းသောနံနက်ပါ နက်၊ ရှင် ဟေဇက်ကာကို မချော့တော့ဘူးလား"

ကာတုန်းသည် ကလေးကိုကြည့်ရင်း...

"ကလေးက ချစ်စရာကလေးနော် ဒါထက် ကျွန်တော့်ကို ခွင့်ပြုပါဦး နက်နဲ့ နည်းနည်းပြောစရာရှိလို့"

ကာတုန်းသည် အိမ်ရှင်ကို နှုတ်ဆက်ပြီး ဒစ်စတိန်းရှိရာဘက်သို့ ထွက်ခဲ့၏။ ထိုအချိန်၌ ဒစ်စတိန်းသည် ကြမ်းပေါ်မှာ ဒူးထောက်ပြီး ကြောင်ကြီး၏ ကျောကို ပွတ်နေ၏။

နက်နှင့် စုဇာတို့မှာ သူငယ်ချင်းများဖြစ်ပုံရ၏။ ကာတုန်းအနားသို့ရောက်သောအခါ ဒစ်စတိန်းက...

"ဒါ ကိုယ့်သူငယ်ချင်း အလန်ကာတုန်းလေ..."

"ကျွန်မတို့ တွေ့ပြီးပါပြီ"

စုဇာသည် ပြောပြောဆိုဆို မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်၏။ သူ့အမေထံမှ ရသော အမူအရာပဲဟု ကာတုန်းတွေးမိ၏။ ဒစ်စတိန်းကမူ ဆက်၍...

"ကိုယ်တို့နှစ်ယောက်က စစ်တုန်းက အတူတူလေ"

စုဇာသည် ကာတုန်းကို တည့်တည့်ကြည့်၍...

"ဒါဆို ရှင် လူတွေသတ်ဖူးသလား..."

ကာတုန်း နည်းနည်းတွေနေပြီးမှ...

"အင်း... ဆိုပါတော့..."

"ဘယ်လို ခံစားရသလဲဟင်"

"မဆိုးပါဘူးနော် သူတို့က လူဆိုးတွေပဲဟာ"

"နက်ကတော့ သိပ်သဘောမကျဘူးလေ၊ ဒါကြောင့် အဲဒီအကြောင်းတွေဆိုရင် သိပ်ပြောချင်တာမဟုတ်ဘူး"

ကလေးသည် ဒစ်စတိန်း၏အကြောင်းကို လူကြီးတွေအားလုံးထက် ပိုသိပုံရ၏။ ထိုအခိုက် ကြောင်ကြီးသည် စုဇာလက်ထဲမှ ဆတ်ခနဲ ခုန်ထွက်ပြီး ပြေးသွားရာ စုဇာ လိုက်ဖမ်းလေ၏။ ဒစ်စတိန်းသည် မတ်တတ်ရပ်လိုက်၏။





ကာတုန်းသည် အခြေအနေအားလုံးကိုကြည့်ပြီးမှ လေသံအေးအေးဖြင့်...

"မစ္စက်အက်ရှဖို့ဟာ မမီနိုင်တဲ့ပန်း ဟုတ်ပုံမရပါဘူး နက်..."

ဒစ်စတိန်းက–

"တကယ်ပြောတာလား"

"မိန်းမက အသက်က ၂၅ နှစ်ထက် ကျော်ပုံ မရသေးပါဘူး၊ အဘိုးကြီးက အနည်းဆုံး အသက် ၂၀ လောက် ပိုကြီးနေပါပြီ၊ စစ်မဖြစ်ခင်တုန်းက ရတယ်ဆိုရင် မိန်းကလေးက ၁၇ နှစ်လောက်ရှိဦးမယ်၊ ပြီးတော့ သူတို့နှစ်ယောက် ကြည့်ရတာ သိပ်ချစ်ကြပုံလဲ မရပါဘူး"

"ကိုရင်ပြောတာတွေကို ကျုပ် ယုံချင်ပါတယ်"

ဒစ်စတိန်းသည် ပြောမည့် ပြောလိုက်သော်လည်း ထင်သလောက် စိတ်ဝင်စားပုံမရတော့။

"ကဲ... လာ အပြင်ဘက်ပန်းခြံ ကြည့်ရအောင်"

သူတို့နှစ်ဦး အပြင်သို့ထွက်ခဲ့၏။ အပြင်ဘက်၌ နေသည် အတော်ပူနေပြီဖြစ်၍ အအေးဓာတ်မရှိတော့။ ပန်းခြံသည် မြစ်ကမ်းနဖူးထိ ကျယ်ပြောထူထပ်စွာ ရှိနေ၏။

ဒစ်စတိန်းက တစ်စုံတစ်ရာတွေးရင်း...

"ဒီကလူတွေကို မောင်ရင် သိပ်သဘောမတွေ့ဘူးနဲ့ တူတယ် ကာတုန်း"

"စစ်ကြီးက ပြီးသွားပြီ မဟုတ်လား၊ မောင်ရင်နဲ့ ကိုယ်တို့ဟာ တစ်လောက်တစ်ကမ္ဘာစီ ဖြစ်သွားပြီ၊ ပရော်ဖက်ဆာတွေ၊ စစ်တုရင်ပွဲတွေ၊ ရှယ်ရီပါတီတွေ၊ ကျုပ်အတွက်တော့ အင်္ဂါဂြိုဟ်ပေါ် ရောက်နေရသလိုပဲ၊ ကျုပ်ဘဝမှာက ပိုက်ဆံတစ်ကျပ်ရဖို့ လှုပ်ရှားတိုက်ပွဲဝင်ရတာမျိုးကလား၊ အစက ဒီကို လာတုန်းကတော့ မောင်ရင့်ကို ကျုပ် အလုပ်ထဲမှာ အလုပ်ဝင်လုပ်ပါလားလို့ ဖိတ်မလို့ပါပဲ၊ အခုပုံအတိုင်းတော့ မဖြစ်နိုင်တော့ပါဘူးလေ..."

ဒစ်စတိန်းသည် စိတ်လှုပ်ရှားသွားပုံရ၏။

"အလန်..."

ကာတုန်းက ကြားဖြတ်၍...

"နေပါဦး ကျုပ်ပြောတာကို နားထောင်ပါဦး၊ အခြေအနေတွေက ပြောင်းသွားပြီမဟုတ်လား၊ ကျုပ်က သိုင်းသိုင်းဝိုင်းဝိုင်းပြောတတ်တဲ့လူတော့ မဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်အသက်ကို ကယ်ဖူးတဲ့ကျေးဇူးကိုတော့ ကျုပ် ဘယ်တော့မှ မမေ့ဘူး၊ တစ်နေ့နေ့တစ်ချိန်ချိန် မောင်ရင် အကူအညီလိုရင် ကျုပ်ဆီကို လာခဲ့ပေတော့၊ ကျုပ်ကို ဘယ်မှာ ရှာရမယ်ဆိုတာ သိပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒစ်စတိန်းသည် ပါးစပ်ဟပြီး တစ်စုံတစ်ရာပြောမည်ပြု၏။ ထိုစဉ် တစ်ဖက်ချုံကွယ်ထဲမှ အသံတစ်ချို့ ထွက်လာ၏။ အသံမှာ မိန်းမသံဖြစ်သည်။

"အိုကွယ်... ဒီ... ဒီနေရာကြီးမှာ... မတော်ပါဘူး"

ယောကျ်ားသံ ထွက်လာပြန်၏။

"ရပါတယ်"

ဒစ်စတိန်းနှင့် ကာတုန်းသည် ရပ်သွား၏။ အသံများမှာ တစ်ဖက်ချုံကွယ်မှ ထွက်လာခြင်းဖြစ်၏။

မိန်းမသံ ထွက်လာပြန်၏။

"ဘယ်လိုလဲ ပြောတာမရဘူးလား၊ အော်လိုက်မယ်နော်"

ဒစ်စတိန်း... ကာတုန်းသည် ချုံကွယ်ကလေးဘက်သို့ ငုံ့ကြည့်မိ၏။

ကာတုန်းသည် ထိုမြင်ကွင်းကို တသက်မေ့မည်မဟုတ်။ တစ်ဖက်က စုံတွဲကိုကြည့်ရာမှ ဒစ်စတိန်းကို လှည့်ကြည့်လိုက်၏။ ဒစ်စတိန်းမျက်နှာမှာ အံ့သြထိတ်လန့်နေပုံရ၏။ ဒစ်စတိန်းမှာ ပါးစပ်အဟောင်းသားနှင့် လျှောင်မိသော ကြက်ပုံမျိုးဖြစ်နေ၏။ ကာတုန်းသည် အတွဲကို ကြည့်မိလိုက်ပြန်၏။

အမျိုးသမီးသည် အေလာအက်ရှဖို့ဖြစ်ပြီး သူမသည် အဖော်ဖြစ်သူကို နမ်းနေ၏။ အဖော်ကား ယာစစ်ဟာစန်ပင်တည်း။

[၁]

ကိုင်ရိုလေဆိပ် လော့စပီကာသည် ပထမတံခါး ခေါင်းလောင်းသံကဲ့သို့သော ဘဲလ်သံမြည်လာပြီးနောက် ကြေညာသံဆက်လက်ထွက်ပေါ်လာသည်။ မီလန်မှ လာသော အလီတာလီးယားလေယာဉ် ဆိုက်ရောက်တော့မည့်အကြောင်း၊ အာရပ်ဘာသာ၊ အီတလီဘာသာ၊ ပြင်သစ်ဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့် ကြေညာသည်။

တော်လဖစ်အလန်မာစီရီသည် စားသောက်ဆိုင်စားပွဲမှ ထ၍ လှမ်းကြည့်ရာနေရာသို့ ထလာခဲ့၏။ သူသည် နေကာမျက်မှန်ကိုတပ်လိုက်ပြီး နေရောင်ကြောင့် တောက်ပနေသော ကွန်ကရစ်လေယာဉ်လမ်းကို လှမ်းကြည့်၏။ လေယာဉ်ကြီးသည် ဆင်းသက်ပြီးဖြစ်၍ လေဆိပ်ရှိရာသို့ တဖြည်းဖြည်း လိမ့်လာနေပြီဖြစ်၏။

တော်လဖစ်သည် ကြေးနန်းတစ်စောင်ကြောင့် ဤလေဆိပ်သို့ရောက်နေခြင်းဖြစ်သည်။ နံနက်စောစောပိုင်းက ရောမနေ သူ့ဦးလေးထံမှ ရိုက်လိုက်သော ကြေးနန်းဖြစ်သည်။ ကြေးနန်းသည် စကားဝှက်ကြေးနန်းဖြစ်၏။ ယနေ့ခေတ် စီးပွားရေးတလောကလုံးသည် ကြေးနန်းကို စကားဝှက်ဖြင့် အားလုံးသုံးနေကြပြီဖြစ်၏။ သူတို့အနေနှင့် ကြေးနန်း၊ စာတိုက်ရုံးများတွင် စကားဝှက်ဖော်သော 'ကုတ်' စာအုပ်များထားရှိပြီး ကြေးနန်းပို့ကြ၏။ ဤသို့ဖြင့် စာလုံးအရေအတွက် နည်းပါး၍ ငွေကုန်သက်သာပြီး လျှို့ဝှက်မှုလည်းရှိသည်။ တော်လဖစ်ဦးလေး၏ ကြေးနန်းမှာ စကားဝှက်... ကုတ်စာအုပ်အရ အဓိပ္ပာယ်ဖွင့်ဆိုပါက မကြာမီက သေဆုံးခဲ့သော အဒေါ်ဖြစ်သူ၏ အမွေကိစ္စ အသေးစိတ်များဖြစ်ကြောင်း တွေ့ရပေသည်၊ သို့သော် တော်လဖစ်တွင် တခြားစကားဝှက်ဖတ်စာအုပ် ရှိသေးသည်။ ထိုစာအုပ်အရဆိုပါမူ... အောက်ပါအတိုင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၈–ခု၊ (ဖေဖော်ဝါရီလ) (၂၈)ရက်၊ ဗုဒ္ဓဟူးနေ့၊ မီလန်မှ ကိုင်ရိုသို့ လာမည့်လေယာဉ်နှင့် ပါလာသူ၊ ပရော်ဖက်ဆာ ဖရက်ဒရစ်ချ်ရှုဗ်ကို နောက်ယောင်ခံကြည့်ထား၊ အသက် ၅၁၊ အရပ် ၁၈၀ စင်တီမီတာ၊ ကိုယ်အလေးချိန် ပေါင် ၁၅၀၊ ဆံပင်ဖြူ၊ မျက်လုံးပြာ၊ ဩစတြီးယန်းလူမျိုး၊ အဖော်အဖြစ် ဇနီးသည်သာပါသည်။

ခရီးသည်များ လေယာဉ်ပေါ်မှ ဆင်းလာကြပြီဖြစ်သည်။ တော်လဖစ်သည် သူရှာရမည့်လူကို ချက်ချင်းပင်တွေ့သည်။ ဆင်းလာသော ခရီးသည်များထဲတွင် ပိန်ပိန်ရှည်ရှည် ဆံပင်ဖြူဖြူနှင့် လူကြီးမှာ သည်တစ်ယောက်သာပါသည်။ သူသည် အပြာနုရောင်ဝတ်စုံ ဝတ်ထားပြီး အင်္ကျီအဖြူ၊ နက်ကတိုင်နှင့် ဖြစ်သည်။ လက်ထဲတွင် အကောက်ခွန်လွတ်ဆိုင်မှ ဝယ်လာသော ဈေးသွားပလတ်စတစ်လက်ဆွဲအိတ်တစ်လုံးနှင့် ကင်မရာတစ်လုံး လွယ်ထား၏။ သူ၏ဇနီးမှာ ခပ်ပြတ်ပြတ်ဖြစ်သည်။ ခေတ်ဆန်ဆန် မီနီဂါဝန်တိုနှင့်၊ ရွှေရောင်ဆံပင်တုနှင့်၊ လေယာဉ်ကွင်းအဆောက်အအုံဘက်သို့ လျှောက်လာစဉ် နံဘေးနဘီကိုကြည့်ရင်း မှုန်ခြောက်သွေ့သောလေကို ရှူစမ်း သတိထားမိကြပုံရသည်။ ဤသည်မှာ အာဖရိကတိုက်မြောက်ပိုင်းဒေသသို့ ပထမဆုံးရောက်ဖူးကြသူများ၏ ပထမဆုံး အတွေ့အကြုံသာ ဖြစ်ပါ၏။

ခရီးသည်များအားလုံး ခန်းမတွင်းသို့ ရောက်လာကြ၏။ တော်လဖစ်သည် လေယာဉ်ပေါ်မှ ပစ္စည်းများ၊ အိတ်များယူလာသည်ထိ စောင့်ကြည့်နေပြီးမှ ခန်းမတွင်းသို့ ဝင်ကာ လူတစ်အုပ်နှင့် ရောနေလိုက်၏။ အကောက်ခွန်ဌာန၏ အပြင်စည်းမှ ထပ်စောင့်နေရပြန်၏။

သူသည် အကြာကြီးစောင့်နေရ၏။ သည်ကိစ္စကား သူ၏ သင်တန်းမှူးများ သင်မပေးလိုက်သောကိစ္စဖြစ်သည်။ ဘယ်လိုစောင့်ရမလဲ၊ သေနတ်ကို ဘယ်လိုကိုင်ရမလဲ၊ ဘယ်လိုပစ်ရမလဲ၊ မြေပုံ ဘယ်လိုကြည့်ရသလဲ၊ မီးခံသေတ္တာကို ဘယ်လိုဖွင့်ရမလဲ၊ မိမိလက်နှစ်ဖက်နှင့် လက်နက်မဲ့လူတစ်ယောက်ကို ဘယ်လိုသတ်ရမလဲ။ သည်ကိစ္စများကိုတော့ သင်တန်း၏ပထမခြောက်လမှာပင် သင်ရသည်။ သို့သော် စိတ်ရှည်ရမည့်အရေးကို ဘယ်သူမှ သင်မပေးကြ။ ခြေညောင်းစွာ မတ်တတ်ရပ်နေရသည်ကို ဘယ်လိုအညောင်းဖြေရမည်ကို သင်မပေးကြ။ ငြီးငွေ့ဖွယ်ရာကောင်းခြင်းအကြောင်း ဆွေးနွေးပွဲမလုပ်ခဲ့ကြ။ ယခုသော်ကား တစ်စုံတစ်ရာလွဲမှားနေသလိုဖြစ်နေပြီ သတိထား... သတိထား... ။

လူအုပ်ထဲတွင် တခြား အေးဂျင့်(စပိုင်)တစ်ယောက် ရှိနေ၏။





တော်လဖစ်မသိစိတ်သည် စိတ်ရှည်ခြင်းနှင့် ငြီးငွေ့ခြင်းအကြောင်း တွေးနေရင်းမှာပင် သတိပြုမိ၏။ လူအုပ်တစ်ခုလုံးမှာ အမျိုးအဆွေ၊ မိတ်ဆွေ သူငယ်ချင်း၊ ချစ်သူ... စသည် စသည်ဖြင့် မီလန်လေယာဉ်ပေါ်မှ ပါလာမည့် သူများကို စိတ်မရှည်စွာ စောင့်နေကြ၏။ သူတို့ ဆေးလိပ်ကို ရှိုက်ဖွာနေကြသည်။ ရပ်နေသောခြေထောက်အစုံပေါ်တွင် ကိုယ်ခန္ဓာကို ဘယ်မှ ညာသို့ပြောင်း၍ ရွှေ့သည်။ လည်ပင်းကို ပိုရှည်စွာဆန့်ထုတ်၍ မျှော်ကြည့်သည်။ တွန့်သည်၊ လိမ်မည်။

သို့သော် လူတစ်ယောက်... ။

စိတ်ရှည်ပုံရသော လူတစ်ယောက်။

တော်လဖစ်ကဲ့သို့ပင် အသားညိုညို၊ ဆံပင်တိုတို၊ ဥရောပဝတ်စုံ ဝတ်ထားသူတစ်ယောက်။ ရုတ်တရက်ကြည့်လိုက်လျှင် လူလတ်တန်းစားမိသားစု ဘစ်ခုနှင့် ရောနေ၏။ တော်လဖစ်ကဲ့သို့ပင် ဝန်းကျင်နှင့်ရော၍ ဘာမှ မထူးခြားသလို၊ သူလို ငါလို။ ထိုအေးဂျင့်သည် လက်နှစ်ဖက်ကို နောက်ပစ်ပြီး ခန်းမဘက်သို့ မျှော်စောင့်နေ၏။ သူ၏နှာခေါင်းနားတွင် ခပ်ရှည်ရှည် နေလောင်သလို လို အရောင်ဖျော့ဖျော့အစင်းတစ်ခု ရှိ၏။ ဒဏ်ရာဟောင်းတစ်ခု ဖြစ်ပုံရသည်။ အေးဂျင့်သည် တစ်ခါတစ်ရံ ယောင်မှား၍ ထိုနေရာကိုစမ်းသည်။ နောက်ပြန်၍ လက်နောက်ပစ်ထား၏။

မေးခွန်းမှာ... သူ တော်လဖစ်ကို သတိထားမိပြီလား။

တော်လဖစ်သည် သူ၏နံဘေးမှ စီးပွားရေးသမားနှင့် တူသူအား ခပ်ပြုံးပြုံး အသံတိုးတိုးနှင့်...

"အေးဗျာ ဘာကိစ္စ ဒီလောက်ကြာနေသလဲ မသိပါဘူး"

စီးပွားရေးသမားမှာ တော်လဖစ်၏အသံခပ်တိုးတိုးကြောင့် သဲသဲကွဲကွဲ ကြားရရန် အနားတိုး နားထောင်ရပြီး အပြုံးတစ်ခု ပြန်ပေးရ၏။ နံဘေးမှ ကြည့်လျှင် ရင်းနှီးသူနှစ်ယောက်ပုံစံအတိုင်း။ စီးပွားရေးသမားက...

"အင်းလေ စစ်တာ ဆေးတာက လေယာဉ်စီးရတာထက် ကြာသေးဘယ်ဗျ"

တော်လဖစ်သည် တခြားအေးဂျင့်ကို တစ်ချက် ခိုးကြည့်လိုက်၏။ ထိုသူသည် နေရာက မရွေ့။ ထွက်ပေါက်ကိုကြည့်လျက် သူသည် တော်လဖစ်ကဲ့သို့ ဝန်းကျင်နှင့် တစ်သားတည်းဖြစ်ရန် မကြိုးစား။ ဤအပြုအမူကား သူသည် တော်လဖစ်ကို မသိမမြင်၍လော။ သို့တည်းမဟုတ် တော်လဖစ်၏အပြုအမူကို ကြည့်၍ ဟန်ဆောင်ခြင်းဖြင့် မိမိကိုယ်ကို ထုတ်ဖော်သလို ဖြစ်သွားမည်စိုး၍လော။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်များ ထွက်လာကြ၏။

တော်လဖစ်သည် ဘာမှ မတတ်နိုင်တော့။ သူ၏နောက်ဆုံးမျှော်လင့်ချက်မှာ သူ့လူဖြစ်သော ပရော်ဖက်ဆာရှဖ် ထွက်မလာမီ ထိုအေးဂျင့်စောင့်နေသောသူ ထွက်လာပါစေဟု ဆုတောင်းရုံသာရှိတော့၏။

ဖြစ်လာပုံက ဤသို့မဟုတ်။

ပရော်ဖက်ဆာနှင့် သူ၏ဇနီးမှာ ခရီးသည်များထဲမှ ပထမဆုံးထွက်လာကြ၏။ အေးဂျင့်သည် နေရာမှ ရှေ့သို့ထွက်၍ ပရော်ဖက်ဆာလင်မယားနှင့် လက်ဆွဲနှုတ်ဆက်၏။

သြော်... ဒီလိုကိုး။

ထိုအေးဂျင့်သည် ပရော်ဖက်ဆာလင်မယားကို လာကြိုသူပါကလား။

တော်လဖစ်သည် ထိုအေးဂျင့်က ပရော်ဖက်ဆာလင်မယား၏ အထုပ်အပိုးများကို သယ်ယူရန် အလုပ်သမားများကို ညွှန်ကြားနေခြင်းကို စောင့်ကြည့်၏။ နောက် တခြားထွက်ပေါက်တစ်ခုမှ ဦးဆောင်ထွက်လိုက်၏။ ထွက်ရင်းတန်းလန်း ဝတ်ထားသောဂျာကင်နှင့် နက်ကတိုင်ကိုဖြုတ်၍ နေကာမျက်မှန်ကို တပ် အဝတ်ဦးထုပ်ဖြူကို ဆောင်းလိုက်၏။ ရုတ်တရက်တော့ ထိုအေးဂျင့် သူ့ကို မြင်လျှင် သတိထားမိမည်မဟုတ်။

အပြင်ရောက်သည်နှင့် သူ့ကားရှိရာသို့ သွားသည်။

ထိုအေးဂျင့်နှင့် ပရော်ဖက်ဆာတို့သည် ကားမရပ်ရဆိုသည့် အထူးအစိုးရဧည့်သည်များ ကြိုဆိုရာမှာ ကားထားမည်ဟု ယူဆပြီး ကားကိုမောင်းခဲ့၏။ ဟုတ်သည် အလုပ်သမားများသည် အထုပ်အပိုးများကို မီးခိုးရောင်တပတ်နွမ်း မာစီဒီးကားတစ်စီးပေါ်သို့ တင်နေကြ၏။ သူ မောင်းထွက်လာ၏။

တော်လဖစ်သည် သူ၏ညစ်ထေးသော ရေနိုးလ်ကားကလေးကို ကိုင်ရိုမြို့ဘက်သို့သွားရာ လမ်းမအတိုင်း မောင်းလာခဲ့၏။ သူသည် ကားအရှိန်ခပ်လျော့လျော့သာ မောင်းနေခြင်းဖြစ်ရာ နှစ်မိနစ်၊ သုံးမိနစ်ကြာသောအခါ နောက်မှ ပေါ်လာသောမာစီဒီးကားကြီးက သူ၏ကားကို ဖြတ်ကျော်သွားလေ၏။ ထိုအခါမှ တော်လဖစ်သည် လီဗာကိုနင်းလိုက်ပြီး မာစီဒီးကားကြီးနောက်သို့ မျက်ခြည်မပြတ်ရုံအကွာအဝေးမှ လိုက်ခဲ့လေ၏။ သူ့ကားကို ဖြတ်ကျော်သွားစဉ်က မာစီဒီးကား၏နံပါတ်ကို စိတ်ထဲမှ မှတ်လိုက်၏။ ရန်သူ၏ကားကို မှတ်မိနေခြင်းမှာ တစ်ချိန်ချိန်တွင် အသုံးဝင်ကြောင်း သူသိသည်။





ကောင်းကင်တွင် တိမ်များကစုလာပြန်၏။ တော်လဖစ်သည် လမ်းအတိုင်း အရှိန်နှင့် ကားမောင်းနေရင်း စဉ်းစား၏။ သူ ယခုအချိန်ထိ ဘာသိရပြီလဲ။

ကြေးနန်းအရ ပရော်ဖက်ဆာသည် ဩစတြီးယန်းလူမျိုးဖြစ်ကြောင်းနှင့် သူ၏ပုံပန်းသာပါ၏။ တခြားဘာမှမပါ။ လေဆိပ်မှာ တခြားအေးဂျင့်ကြိုဆိုပုံအမှ အထူးဧည့်သည်ကြိုသည့် ပုံမျိုး။ အေးဂျင့်၏သက်သောင့်သက်သာနေမှု၊ တော်စားဆင်ယင်မှုကို ကြည့်၍ ထိုသူသည် အစိုးရအမှုထမ်းဖြစ်ပုံရသည်။ ဤပုံအတိုင်းဆိုလျှင် ပရော်ဖက်ဆာသည် အစိုးရ၏ဧည့်သည်တော်ဖြစ်ပုံရ၏။ သို့သော် တရားဝင်လူကြီးများ လာမကြိုခြင်းကိုထောက်ရှု၍ လျှို့ဝှက်သောဧည့်သည်၊ လူသိရှင်ကြားဖြစ်စေလိုပုံ မရသောခရီး ဖြစ်ပုံရ၏။ ဧည့်သည်က လျှို့ဝှက်လို၍လော၊ အိမ်ရှင်အစိုးရက လျှို့ဝှက်လို၍လော မပြောတတ်။

ဤအချက်များသည် ဘာမှမရှိသေး။

ပရော်ဖက်ဆာရှဖ်သည် ဘာပရော်ဖက်ဆာလဲ။ ငွေစာရင်းဘက်ကလား။ လက်နက်ထုတ်လုပ်ရေးဘက်ကလား။ ဒုံးယာဉ်ကျွမ်းကျင်သူလား။ ဝါဒမှိုင်းလာ ယယ်သူလား။ လျှို့ဝှက်အဖွဲ့ဝင်လား။ သူ့ပုံကြည့်ရသည်မှာ လျှို့ဝှက်ဝန်ထမ်းပုံ မလာ။ သို့သော် အားလုံးက ဖြစ်နိုင်နေသည်။

အစ္စရေးမြို့တော် တဲလ်အဗစ်မြို့တော်မှ လျှို့ဝှက်အဖွဲ့အစည်းအနေဖြင့် ပရော်ဖက်ဆာရှဖ်ကို သိပ်အရေးကြီးသည်ဟု ယူဆပုံမရ။ အကယ်၍ အရေးကြီးသည်ဟု ယူဆပါက ငယ်ရွယ်၍ အတွေ့အကြုံနုနယ်သေးသော တော်လဖစ်ကဲ့သို့သော အေးဂျင့်တစ်ယောက်ကို ခိုင်းမည်မဟုတ်။ ယခုပုံအတိုင်းဆိုလျှင် အေးဂျင့်တစ်ယောက်ကို ခိုင်းမည်မဟုတ်။ ယခုပုံအတိုင်းဆိုလျှင် အေးဂျင့်တစ်ယောက် အလေ့အကျင့်ရရန် စေခိုင်းသလောက်ပင် ဖြစ်နိုင်၏။

ထိုအချိန်၌ သူတို့ကားများသည် ကိုင်ရိုမြို့တွင်းသို့ ဝင်လာစပြု၏။ တော်လဖစ်သည် ကားနှစ်စီး၏အကွာအဝေးကို ကျဉ်းပစ်လိုက်ပြီး ကြားထဲမှ ကားတစ်စီးသာ ခြားစေ၏။

မာစီဒီးကားကြီးသည် မြို့တွင်းမှဖြတ်၍ ဇာမာလက်ဒေသ ဂယ်ဇီးယားကျွန်းဘက်သို့ ဝင်လာ၏။

သည်ဘက်ကား သူဌေးရပ်ကွက်။ ကားအသွားအလာ ရှင်းသည်။ တော်လဖစ်သည် မာစီဒီးကားပေါ်မှ အေးဂျင့်က သူ့ကို သတိပြုမိသွားမည်လား စိုးရိမ်လာ၏။ ထိုစဉ်မှာပင် မာစီဒီးကားကြီးသည် အရာရှိရိပ်သာရှေ့သို့ ထိုးရပ်လိုက်၏။ တော်လဖစ်သည် ရှေ့မှ ကားကြီးတံခါးမဖွင့်နိုင်မီ ညာဘက်သို့ ကွေ့ဝင်



www.burmeseclassic.com

www.burmeseclassic.com



ချိုးပြီး ကားထိုးရပ်သည်။ နောက် လမ်းထောင့်သို့ ပြန်လျှောက်လာ၏။ သူ အချိန်မီသည် ဆိုရုံကလေးသာ ရှိ၏။ ပရော်ဖက်ဆာလင်မယားနှင့် အေးဂျင့်တို့သည် အဆောက်အအုံထဲသို့ ဝင်သွား၏။ တခြားလူတစ်ဦးက ပစ္စည်းများ သယ်ပိုးယူဝင်သွား၏။

တော်လဖစ်သည် လမ်း၏အထက်အောက်ကို ကြည့်သည်။ အခြေအနေမှာ လူတစ်ယောက် ကြောင်တောင်တောင်နှင့် ရပ်စောင့်နေကာ နေစရာမရှိ။ သူ့ကားရှိရာသို့ ပြန်လာသည်။ နောက်ကားပေါ်တက် ပြန်ကွေ့မောင်းလာပြီး မာစီဒီးကားကြီး၏နောက်ဘက်နား ကားနှစ်စီးအကွာခန့်မှ ရပ်ထိုးထားလိုက်၏။ သူ့ကားပေါ်မှပင် ထိုင်စောင့်သည်။

နောက် နာရီဝက်ခန့်ကြာသောအခါ အေးဂျင့်သည် အဆောက်အအုံထဲမှ ထွက်လာ၏။ ကားပေါ်တက်၍ မောင်းထွက်သွား၏။

တော်လဖစ်ကမူ ဆက်စောင့်နေရ၏။

*

နှစ်ရက်ကြာခဲ့ပြီ။ ဘာမှ မထူးခြား။

ပရော်ဖက်ဆာလင်မယားသည် ဧည့်သည် တိုးရစ်(စ်)များကဲ့သို့ လည်ပတ်သွားလာနေ၏။ ပထမဆုံး ညနေစာကို နိုက်ကလပ်တစ်ခုတွင် စားပြီး နာမည်ကြီးအီဂျစ်မိန်းကလေးများ၏ ခါးလှုပ်အကအဖွဲ့ကို ကြည့်သည်။ နောက်နေ့တွင် ပိရမစ်များကို လှည့်ကြည့်သည်။ ဂရုပီဟိုတယ်တွင် နံနက်စာစား၍ နိုင်းလ်ဟီလ်တန်ဟိုတယ်တွင် ညစာစားသည်။ တတိယနေ့ မနက်ပိုင်းစောစော တက္ကစီကားတစ်စီးဖြင့် နာမည်ကျော် အဆင်တူ လွှန်ဗလီကြီးသို့ သွားကြည့်သည်။

တော်လဖစ် နောက်ယောင်ခံလိုက်နေရ၏။ သူတို့ကြည့်ရသည်မှာ အပျော်ခရီးထွက်လာသူများနှင့် ဘာမှမခြား။ ဗလီကို ကြည့်သည်။ ပြီး အရှေ့ဘက်သို့ထွက်သည်။ ရေပန်းများ၊ အဆောက်အအုံများ ကြည့်သည်။ ဈေးတန်းဘက်လျှောက်သည်။ ရေတ်၊ ကြက်သွန်ဝယ်ကြသူများကို အထူးအဆန်းပမာ ကြည့်သည်။ တော်လဖစ်က နောက်မှ တကောက်ကောက်။

ပရော်ဖက်ဆာလင်မယားသည် လက်ဖက်ရည်ဆိုင်တစ်ခုထဲသို့ ဝင်သည်။ တော်လဖစ် လမ်းတစ်ဖက် မြင်နိုင်ရုံအရပ်မှ စောင့်ရင်း ခရမ်းချဉ်သီးများကို ဝယ်လိုက်ရ၏။

ပရော်ဖက်ဆာလင်မယားသည် ဆိုင်ထဲမှ ထွက်လာပြီး မြောက်ဘက်သို့ လျှောက်ကြပြန်၏။ ဈေးထဲမှာ နောက်ယောင်ခံလိုက်ရသည်မှာ လွယ်သည်။





လူတွေကများသဖြင့် ဘယ်သူ့ဘယ်သူမှ သတိပြုမိစရာမရှိ။ တော်လဖစ်သည် တစ်ခါတစ်ရံ နောက်မှ တစ်ခါတစ်ရံ ရှေ့မှ စောင့်ကြည့်ရ၏။

သူတို့ ဈေးတန်းထဲမှ ထွက်ခဲ့ပြီး အပြင်လမ်းလျှောက်လာ၏။ လမ်းဘေးဆိုင်ခန်းများကို ငေးမောကြည့်ကြပြန်၏။ လမ်းတစ်ဖက်မှ တော်လဖစ် လိုက်ကြည့်နေ၏။ တစ်ချိန်...မြည်းပုပုကလေးဆွဲသော အိုးလှည်းတစ်စီးသည် လမ်းမပေါ်မှ တရွေ့ရွေ့ဖြတ်ရင်း ပရော်ဖက်ဆာလင်မယားကို တော်လဖစ် မြင်ကွင်းမှ ခဏကွယ်သွားစေ၏။ ပြန်မြင်ရသောအခါ ပရော်ဖက်ဆာသည် သူ၏ဇနီးကို နှုတ်ဆက်၍ မွဲပြာရောင်မာစီဒီးကားကြီးပေါ် တက်လေ၏။

တော်လဖစ်သည် သူ့ကိုယ်သူ ကျိန်ဆဲလိုက်၏။

မာစီဒီးကားတံခါးသည် ဆောင့်ပိတ်သွား၏။ ကားမောင်းထွက်သွား၏။ ပရော်ဖက်ဆာ၏ဇနီးက လက်ပြကျန်ရစ်သည်။ တော်လဖစ်သည် ကားနံပါတ်ကို လှမ်းကြည့်သည်။ လေယာဉ်ကွင်းမှ သူ နောက်ယောင်ခံလိုက်လာသော ကားပင်။ ကားသည် အနောက်ဘက်သို့ မောင်းရာမှ ဘယ်သို့ချိုးကာ ပို့ဆက်ဘက်သို့ကွေ့သွား၏။

တော်လဖစ်သည် ပရော်ဖက်ဆာ၏ဇနီးကို မေ့ပစ်လိုက်ပြီး ပြေးလေ၏။

သူတို့သုံးဦးသား လမ်းလျှောက်လာခဲ့သည်မှာ တစ်နာရီခန့်ရှိခဲ့ပြီ ဖြစ်သော်လည်း ဟိုငေး သည်မော့နှင့် ခရီးမှာ တစ်မိုင်ပျော့ပျော့သာဖြစ်၏။ တော်လဖစ်သည် လမ်းပေါ်မှ ဈေးသည်၊ ဈေးဝယ်များကို တိမ်းရှောင်ရင်း သူ့ကားရှိရာသို့ အမြန်ဆုံးပြေး၏။

ကားရှိရာသို့ရောက်၍ ကားတံခါးဖွင့်ဝင်လိုက်၏။ အိတ်ထဲမှ ကားသော့ကိုထုတ်၍ သော့ပေါက်တွင်တပ်ကာ ကားစက်နှိုးစဉ် သူ အသက်ပြင်းပြင်းရှူလိုက်၏။ သူ မောနေ၏။ နံဘေးက အောင့်သလိုလိုဖြစ်နေ၏။ စက်နိုးသည်နှင့် ပို့ဆက်ခရီးလမ်းကို ဖြတ်လမ်းမှ လိုက်လေ၏။

လမ်းပေါ်မှာ ကားများရှင်းနေသဖြင့် တော်လဖစ် အမြန်ဆုံးမောင်း၍ ရ၏။ သူ လမ်းစကြိုရောက်သောအခါ သူ့ကားသည် မာစီဒီးကားကြီး၏နောက်ဘက်မှ ရောက်နေပြီဟု သူ ယူဆ၏။ သူ လမ်းမကြီးအတိုင်း စွတ်လိုက်သည်။

ပရော်ဖက်ဆာသည် တမင်သက်သက် ခြေရာဖျောက်သွားခြင်းဖြစ်သည်ဟု တော်လဖစ် မယူဆ။ အကယ်၍ ပရော်ဖက်ဆာသည် ကြေးစားပရော်ဖက်ရှင်နယ်တစ်ယောက်ဖြစ်ပါက ခြေရာဖျောက်ရန် လွယ်လွယ်လေးသာဖြစ်၏။ မှတ်ပုံရပါဟု တော်လဖစ်ဆုံးဖြတ်၏။ ပြတိုက်သွားရန်၊ ဈေးထဲ ဖြတ်သွားရန်များမှာ တစ်ဖက်အေးဂျင့်၏ အကြံဉာဏ်များသာ ဖြစ်တန်ရာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သူတို့ ဘယ်ခရီးမဆို သွားနိုင်လောက်ပြီဖြစ်သည်။ တော်လဖစ်သည် လမ်းအတိုင်း အမြန်ဆုံးမောင်းနေ၏။ သူ့ရှေ့တွင် ဘာကားတစ်စီးမှ မရှိ။ လမ်းနံဘေးမှ သဲဝါများနှင့် ကောင်းကင်ပြာပြာသာရှိ၏။

ယခုထိ မာစီဒီးကားကို မမီသေး။ ပစ်ရမစ်များရှိရာသို့ပင် ရောက်လာပြီ။ ရှေ့တွင် လမ်းနှစ်ခွရှိ၏။ မြောက်ဘက်လမ်းသည် အယ်လက်စန္ဒရီးယား၊ တောင်ဘက်လမ်းသည် ဖေယမ်းမာစီဒီးက ပရော်ဖက်ဆာရှုဖ်ကို စောင့်ခေါ်သောနေရာမှ ဆိုလျှင် အယ်လက်စန္ဒရီးယားသို့ ဤဘက်လမ်းမှ ကွေ့ပတ်သွားမည်မဟုတ်တန်ရာ။ သည်တော့ ဖေယမ်းဘက်လမ်းကို တော်လဖစ် ရွေးလိုက်၏။

ရှေ့သို့ ဘာမှမမြင်ရ။

ထိုစဉ် နောက်မှ ကားတစ်စီး အမြန်လာနေသည်။ သူ့ထံ မမီခင် လမ်းမကြီး၏ညာဘက်သို့ ချိုးသွား၏။ တော်လဖစ်ကားကို ဆောင့်ရပ်လိုက်သည်။ ပြန်ကွေ့သည်။ ထိုကားနောက်သို့ လိုက်၏။ လမ်းမှာ လမ်းမ မဟုတ်၊ လမ်းသေးလေးဖြစ်သည်။

ယခုတော့ အန္တရာယ်ရှိပြီ။ ဤလမ်းကလေးသည် အနောက်ပိုင်း သဲကန္တာရတွင်းရှိ ရေနံမြေထဲများ သွားလေမလား၊ လမ်းလေးကြည့်ရသည်မှာ အသွားအလာများပုံမရ။ ဤအတိုင်းဆိုလျှင် ရှေ့မာစီဒီးကားကြီးပေါ်မှ အေးဂျင့်သည် နောက်ယောင်ခံလိုက်လာသောသူ့ကားကို သတိပြုမိမည်ဖြစ်၏။ အကယ်၍ သူသည် လူတော်တစ်ဦးဖြစ်ပါက တော်လဖစ်၏ရေနီးကားကို မြင်သည်နှင့် လေယာဉ်ကွင်းကို သတိရသွားနိုင်သည်။

သည်မှာ သင်တန်းမှ ပို့ချချက်များကုန်ဆုံးပြီဖြစ်၏။ ခြေရာဖျောက်နောက်ယောင်ခံလိုက်ခြင်း နည်းပရိယာယ်များ အသုံးပြု၍မရတော့။ ရှေ့မှလူက သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ထိုလူ၏ခရီးပန်းတိုင်ကို သိရေးအတွက် နောက်မှလိုက်ရမည်သာ ဖြစ်၏။ ပန်းတိုင်မှမသိရလျှင် လိုက်ရခြင်းသည် အလကား။

ထို့ကြောင့် တော်လဖစ်သည် သတိထားရမည့်အချက်အားလုံးကို စွန့်ပစ်လိုက်ပြီး၊ နောက်မှ အားကုန်လိုက်၏။ သို့သော် မျက်ခြည်ပြတ်သွား၏။

မာစီဒီးသည် ပိုမြန်သောကား။ ဤကဲ့သို့ မညီညာသော ကျဉ်းမြောင်းသောလမ်းနှင့် ပို၍ကိုက်ညီသောကား မဟုတ်ပါလား။ မိနစ်အနည်းငယ်အတွင်း ရှေ့တွင် မမြင်ရတော့။ တော်လဖစ်သည် မျက်စိမှိတ်၍ ဇွတ်လိုက်၏။ တစ်နေရာရာတွင်ရပ်လျှင် မီမည်၊ သို့မဟုတ် ထူးခြားသောလမ်းဆုံတစ်ခုကို တွေ့ရပါက ခရီးပန်းတိုင်ကို သိနိုင်သည်။





သဲကန္တာရတွင်းသို့ ကီလိုမီတာ ၆၀ ခန့် စူးဝင်လာပြီမို့ ဓာတ်ဆီအရေးပူပန်ရပြီ။ သူ့ကားလေး၏တိုင်ကီသည် အသွားအပြန်ခရီးကို ရပါမည်လား။ ထိုစဉ် လမ်းဆုံ အိုအေစစ်ရွာကလေးတစ်ခုသို့ ရောက်သည်။ ရှားရှားပါးပါး ဘိရစ္စာန်လေးငါးကောင်သည် နည်းနည်းပါးပါးသာ ပေါက်နေသည့် မြို့အိုင်နံဘေးက အပင်ကလေးများကို စားသောက်နေကြ၏။ ရွှေ့နိုင်သောကုလားထိုင်၊ စားပွဲများနှင့် လမ်းဘေးလက်ဖက်ရည်ဆိုင်ကလေးကို တွေ့သည်။ တော်လဖစ်ကားရပ်သည်။ ကားပေါ်မှ ဆင်း၍ ပိန်လှီသောကျွဲတစ်ကောင်ကို ရေချိုးပေးနေသောအဘိုးအိုတစ်ယောက်ကို မေး၏။

"အဘိုး... မာစီဒီးကားကြီးတစ်စီးများ မတွေ့လိုက်ဘူးလား"

အဘိုးကြီးက သူ့ကို မော့ကြည့်သည်။ သူပြောနေသောစကားများမှာ နိုင်ငံခြားဘာသာစကား ပြောနေသည့်အလား။ သူက...

"ဟို... မွဲပြာပြာအရောင်နဲ့ ကားကြီးလေ... အဘ"

အဘိုးကြီးသည် မျက်နှာပေါ်ဝဲနေသော မှက်တစ်ကောင်ကို လက်ဖြင့် ဆော့ယမ်းပြီး ခေါင်းညိတ်ပြ၏။

"ဘယ်တုန်းကလဲ"

"ကနေ့ပဲ... "

သည့်ထက်တိကျသောအချိန် အဖြေရရန် တော်လဖစ် မမျှော်လင့်နိုင်ပေ။

"ဘယ်ဘက်သွားသလဲ"

အဘိုးက အနောက်ဘက် သဲကန္တာရဆီသို့ လက်ညှိုးညွှန်ပြ၏။

တော်လဖစ်က...

"ကျွန်တော် ဓာတ်ဆီများ ဘယ်မှာ ဝယ်လို့ရမလဲ"

အဘိုးအိုက အရှေ့ဆီ ကိုင်ရိုမြို့ဘက်သို့ လက်ညှိုးထိုးပြပြန်၏။

တော်လဖစ် ကြေးပြားတစ်ပြားပေးခဲ့ပြီး ကားရှိရာသို့ ပြန်လာခဲ့၏။ ကားစက်နှိုးသည်။ ဓာတ်ဆီဒိုင်ခွက်ကို ကြည့်သည်။ မြားတံကိုကြည့်ပြီး ဓာတ်ဆီအခြေအနေမှာ ကိုင်ရိုကို ပြန်ရောက်ရုံသာရှိမည်။ ရှေ့ဆက်လိုက်ပါက အပြန်ခရီးအတွက် ဓာတ်ဆီမလုံလောက်နိုင်တော့။

သူတတ်နိုင်သလောက် လိုက်ခဲ့ပြီ။ မတတ်နိုင်တော့ဟု သူ ပင်ပန်းစွာ တွေးသည်။ ရေနီးကားကလေးကို ပြန်ကွေ့ပြီး ကိုင်ရိုမြို့သို့ ပြန်ခဲ့၏။

*



www.burmeseclassic.com

www.burmeseclassic.com



တော်လဖစ်အနေနှင့် သူ၏အလုပ်ကို မနှစ်မြို့ပါ။

ငြိမ်းငွေ့ဖွယ်ရာနှင့် ကြုံလျှင် သူ ပျင်းသည်။

လှုပ်ရှားမှုနှင့် ဆုံလျှင် သူ့ရင်ထဲက ကြောက်သည်။

သို့သော် အထက်အာဏာပိုင်များက ဤအလုပ်သည် အရေးပါလှကြောင်း၊ ကိုင်ရိုမြို့တွင် အန္တရာယ်များလှသော အလုပ်များရှိကြောင်း၊ သူ့တွင် စပိုင်အေးဂျင့်ကောင်းတစ်ယောက်ဖြစ်ရန် အရည်အသွေးများရှိကြောင်း၊ အစ္စရေးတွင် ကိုင်ရိုမြို့မှာ သူလျှိုတစ်ယောက်အဖြစ် သွားရောက်နေထိုင်အမှုထမ်းရန် အီဂျစ်အမျိုးသား ဂျူးလူမျိုး များများစားစားမရှိဟု ဆို၏။ သည်တော့ သူ ခေါင်းညိတ်လိုက်ခြင်းဖြစ်သည်။ တကယ်တမ်း တိုင်းပြည်ချစ်စိတ်နှင့် အသက်စွန့် အမှုထမ်းလိုစိတ်ကြီးကြီးမားမားကြောင့်တော့ မဟုတ်ပါ။ ကိုယ်ရေးကြုံ၍ သက်လုံကောင်းရခြင်းလည်း ပါပါသည်။ အကယ်၍ အစ္စရေးတိုင်းပြည် ကျဆုံးကွယ်ပျောက်သွားပါက သူလည်း ပျောက်ဆုံးရမည် မဟုတ်ပါလား။ အစ္စရေးတိုင်းပြည်အတွက် တိုက်ခိုက်ခြင်းမှာ သူ့အတွက်လည်း တိုက်ခိုက်ခြင်းသာ ဖြစ်ပါ၏။ သူ့အသက်အတွက် အသက်စွန့်အမှုထမ်းခြင်းဟု ဆိုနိုင်ပါသည်။ သဘာဝကျသည်ဟု သူ တွေးသည်။

သူ့ရှေ့ရေးကို မျှော်ကြည့်သည်။

ရှေ့ငါးနှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ပဲထား။

ထိုအခါ သူ အသက်ကြီးပြီး အန္တရာယ်နယ်မြေများမှာ သူ အမှုမထမ်းနိုင်တော့။ ထိုအခါ အာဏာပိုင်များက သူ့ကို ဌာနချုပ်ခေါ်မည်။ စားပွဲထိုင်၍ အလုပ်လုပ်ရသော အလုပ်များပေးမည်။ ထိုအခါ သူ့စိတ်သဘောထားနှင့်ညီသော ဂျူးမိန်းကလေးတစ်ယောက်ကို ယူပြီး သူတိုက်ခဲ့သော တိုင်းပြည်တွင် အေးဆေးစွာနေမည်။

ယခုလောလောလတ်လတ်တော့ ပရော်ဖက်ဆာရှုဇ်ကို ပျောက်ဆုံးသွားခဲ့၍ ဖနီးသည်နောက်သို့ ခြေရာခံလိုက်နေမိ၏။

ဖနီးသည်ကမူ ခရီးသည်ဧည့်သည်တစ်ယောက်လို ကြည့်စရာတွေကို လျှောက်ကြည့်နေ၏။ သူမ၏အဖော်ကမူ အာရပ်အမျိုးသားလူငယ်တစ်ဦး။ ပုံပန်းကြည့်ရသည်မှာ သက်ဆိုင်ရာအာဏာပိုင်များက ပရော်ဖက်ဆာ၏ဖနီးအတွက် လိုက်လံပြသရန်ပေးထားသော အဖော်ဖြစ်ပုံရသည်။ ညနေပိုင်းရောက်သောအခါ အာရပ်လူငယ်သည် ပရော်ဖက်ဆာ၏ဖနီးကို အီဂျစ်ဟိုတယ်တစ်ခုသို့ ညစာလိုက်ကျွေး၍ တည်းခိုရာသို့ ပြန်ပို့သည်။





နောက်နေ့နံနက်စောစော တော်လဖစ်သည် ဗဟိုစာတိုက်ကြီးသို့သွား၍ နာမည်မရှိ သူ့ဦးလေးထံသို့ ကုဒ် (လျှို့ဝှက်စာ) ဖြင့် ကြေးနန်းတစ်စောင် ရိုက်လိုက်၏။ ကြေးနန်း၏အဓိပ္ပာယ်မှာ-

**ရှုဇ်ကို လေဆိပ်တွင် အာဏာပိုင်အေးဂျင့်တစ်ဦးဟု ယူဆရသူ လာကြိုသည်။ ၂-ရက် မြို့တွင်းမှာ လှည့်လည်ကြည့်သည်။ နောက် အထက်ပါအေးဂျင့်က ကားနှင့် ခေါ်သွားပြီး ကွာတာရာဒေသသို့ သွားသည်။ နောက်ယောင်ခံ၍ မဖြစ်တော့၍ ပြန်ခဲ့ရသည်။ ယခု ဖနီးကို စောင့်ကြည့်နေသည်။**

တော်လဖစ် ဇာမာလက်သို့ ၉ နာရီ ရောက်လာသည်။ နံနက် ၁၁ နာရီခွဲတွင် ပရော်ဖက်ဆာ၏ဖနီးကို ဝရန်တာတွင် ကာဖီသောက်နေသည်ကို မြင်ရ၍ ဘယ်အခန်းမှာ သူတို့လင်မယားတည်းခိုကြောင်း သိရသည်။

နေ့ခင်းပိုင်းရောက်လာသောအခါ ရေကူးကန်ထဲမှာ ပူလောင်လာ၏။ တော်လဖစ်သည် အသင့်ဆောင်လာသော ပန်းသီးတစ်ကိုက်၊ ဘီယာတစ်ခွက်ဖြင့် အာသာဖြေနေလိုက်ရ၏။

ညနေပိုင်းတွင် ပရော်ဖက်ဆာရှုဇ်သည် သွားစဉ်က မာစီဒီးကားကြီးဖြင့် ဆိုက်ရောက်လာ၏။ သူ့ကြည့်ရသည်မှာ ခရီးပန်းလာပုံရသည်။ သူသည် နောက်သို့ပင် ပြန်မကြည့်ဘဲ အဆောက်အအုံထဲ ဝင်သွား၏။ ပရော်ဖက်ဆာကြီးကို ချထားခဲ့ပြီးနောက် မာစီဒီးကားသည် ပြန်ကွေ့၍ထွက်သည်။ တော်လဖစ်၏ရေကူးကန်ကိုဖြတ်သွားစဉ် မာစီဒီးပေါ်မှ အေးဂျင့်သည် ရေကူးကန်ထဲမှ တော်လဖစ်ကို တစ်ချက်စူးစိုက်ကြည့်သွား၏။ တော်လဖစ်အနေနှင့် ဘာမှ မတတ်နိုင်လိုက်။

ပရော်ဖက်ဆာရှုဇ်တစ်ယောက် ဘယ်ပျောက်နေခဲ့ပါသနည်း။ ဘယ်အရပ်ရောက်နေခဲ့ပါသနည်း။ ထိုအရပ်သို့ရောက်ရန် တစ်ရက်ခရီးခန့် သွားရသည်ဟု တော်လဖစ် တွက်လသည်။ ရှုဇ်သည် ထိုအရပ်၌ ညအိပ်သည်။ နောက်တစ်နေ့နှင့် တစ်ညနေခဲ့သည်။ ပြီးမှ ယနေ့တစ်နေကုန်ခရီးနှင်၍ ပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။ ကွာတာရာဒေသသည် အဖြစ်နိုင်ဆုံးအရပ်ဖြစ်သည်။ အခြား ထိုသို့ ကန္တာရလမ်းမှ မက်ထရုသို့လည်းကောင်း၊ မြေထဲပင်လယ်ကမ်းခြေသို့လည်းကောင်း၊ လစ်ဗျားနိုင်ငံအထိ လည်းကောင်း သွားမည်ဆိုက ဖြစ်နိုင်သည်ပင်။

ညပိုင်း ၉ နာရီတွင် ပရော်ဖက်ဆာလင်မယား တည်းအိမ်ထဲမှ ထွက်လာကြ၏။ ပရော်ဖက်ဆာကြီးသည် ထိုက်သင့်သလောက် အနားယူလိုက်ရဟန်တူပြီး လန်းဆန်းလာ၏။ သူတို့ဝတ်စားထားပုံမှာ ညစာထွက်စားကြမည့်ပုံမျိုး၊ လမ်းလျှောက်ထွက်လာခဲ့ပြီးမှ တက္ကဆီတစ်စီးကို တားစီးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်လဖစ် ဆုံးဖြတ်ချက် ချလိုက်၏။ သူတို့နောက် မလိုက်တော့။

သူသည် ကားထဲမှ ထွက်ခဲ့ပြီး တည်းခိုအိမ်နားသို့ ချဉ်းကပ်လိုက်သည်။ နွဘီယံလူမျိုးအစောင့်သည် ခုံတန်းရှည်ပေါ်မှာ ထိုင်နေ၏။

တော်လဖစ် စောင့်နေလိုက်၏။

မိနစ် ၂၀ ခန့်ကြာသောအခါ အစောင့်သည် ခုံတန်းရှည်ပေါ်မှထ၍ အဆောက်အအုံထဲ ဝင်သွားသည်။

တော်လဖစ် ဆတ်ခနဲ လမ်းမကြီးမှဖြတ်ဝင်ပြီး လှေကားရှိရာသို့ ပြေးကာ တက်လိုက်၏။ ရှစ်တို့အခန်းဝသို့ ရောက်လာသည်။ သူ့တွင် သော့တူသုံးချောင်း အသင့်ပါ၏။ သို့သော် ဘယ်သော့နှင့်မှ ဖွင့်၍မရ။ နောက်ဆုံး ပလတ်စတစ် အမာပြားတစ်ခုနှင့် ဖွင့်မှ တံခါးက ပွင့်သွားသည်။

သူ့အခန်းထဲသို့ ဝင်လိုက်သည်။ နောက် တံခါးပြန်ပိတ်လိုက်၏။

အပြင်၌ မှောင်နေပြီဖြစ်၏။ မလှမ်းမကမ်း လမ်းဓာတ်တိုင်မှ မီးရောင်သည် ပြတင်းပေါက်မှတစ်ဆင့် ခပ်ရေးရေးသာ ဝင်နေ၏။ တော်လဖစ် ဘောင်းဘီ အိတ်ထဲမှ လက်နှိပ်ဓာတ်မီးထုတ်သည်။ သို့သော် မဖွင့်သေး။

အခန်းမှာ ကျယ်လှပြီး အင်္ဂလိပ်ကိုလိုနီခေတ်က ပရိဘောဂများဖြင့် တန်ဆာဆင်ထားသည်။ ဧည့်ခန်းကြီးတစ်ခန်း၊ ထမင်းစားခန်းတစ်ခန်း၊ မီးဖိုခန်းနှင့် အိပ်ခန်းသုံးခန်းပါသည်။ တစ်ချက်မျှ အားလုံးကိုခြုံကြည့်ပြီးနောက် တော်လဖစ်သည် စနစ်တကျ ရှာဖွေတော့သည်။

အိပ်ခန်းသေးသေးနှစ်ခန်းမှာ ဘာမှ မရှိ။ အိပ်ခန်းကြီးကြီးထဲတွင်မှ အိပ်ရာအိပ်ခင်းများ ပြင်ဆင်ထား၏။ တော်လဖစ်သည် အိပ်ခန်းကြီးထဲမှ ဗီရိုအံဆွဲများကို အမြန်ဆုံးရှာဖွေသည်။ ဗီရိုထဲတွင် မိန်းမအဝတ်အစားများ တွေ့သည်။ အရောင်အသွေး အဆင်များမှာ ပရော်ဖက်ဆာ၏ဇနီးအသက်အရွယ်အတွက် တူလှက်လွန်းလှပေသည်။ တံဆိပ်အားလုံးမှာ အမေရိကန်တံဆိပ်များဖြစ်သည်။ ရှစ်တို့သည် ဩစတြီးယန်းအမျိုးသားဖြစ်ကြောင်း ကြေးနန်းက ဆိုထားသည်။ အမေရိကန်ပြည်မှာ နေထိုင်ကောင်း နေထိုင်ကြမည်ဖြစ်သည်။

အိပ်ရာနံဘေးမှ စားပွဲပေါ်တွင် ကိုင်ရိုမြို့လမ်းညွှန်စာအုပ်ကို အင်္ဂလိပ် ဘာသာဖြင့် တွေ့ရသည်။ ဘော့ဂ်မဂ္ဂဇင်းစာအုပ်နှင့် အိုက်ဆိုတုတ်များအကြောင်း ပို့ချချက်မိတ္တူတစ်ခု တွေ့ရသည်။

သို့ဖြစ်ရာ ရှစ်သည် သိပ္ပံပညာရှင်တစ်ဦး ဖြစ်ရမည်။





တော်လဖစ်သည် ပို့ချချက်ကို လှန်လှောကြည့်သည်။ တော်တော်များများကို သူ့ဦးနှောက်နှင့် လိုက်မမီ။ သည်ပုံအတိုင်းဆိုပါက ရှစ်သည် အဆင့်မြင့်သော ဓာတုဗေဒပညာရှင် သို့မဟုတ် ရူပဗေဒပညာရှင်တစ်ဦး ဖြစ်ရမည်ဟု တွေးသည်။ အကယ်၍ ရှစ်အနေနှင့် လက်နက်များထုတ်လုပ်ရာ၌ ကူညီရန်လာခြင်းဖြစ်ပါက တဲလ်အဗစ်ဌာနချုပ်မှ သိချင်မည်ဖြစ်၏။

ရှစ်၏ကိုယ်ရေးကိုယ်တာ စာရွက်စာတမ်းများကိုမူ မတွေ့ရ၊ ပတ်စပို့စ်နှင့် ကိုယ်ရေးကိုယ်တာပစ္စည်းများကို ရှစ်က သူနှင့်တစ်ပါတည်းဆောင်ယူသွားခြင်း ဖြစ်ရမည်။ သေတ္တာများမှာ ချိတ်ဆွဲလေ့ရှိသော လေယာဉ်ကုမ္ပဏီ၏လေဘယ် ကတ်ပြားများလည်း မရှိတော့။ ထုတ်လွှင့်ပစ်ပြီး ဖြစ်နေ၏။

ဧည့်ခန်းစားပွဲပေါ်မှာ ဖန်ခွက်အလွတ်နှစ်လုံး တွေ့ရသည်။ နမ်းကြည့်ရာ ဒိုင်အရက်နံ့ရသည်။ အပြင်မထွက်မီ လင်မယားနှစ်ယောက် သောက်သွားပုံရ၏။

ရေချိုးခန်းထဲတွင် ရှစ်တစ်ယောက် သဲကန္တာရတွင်းသို့ သွားခဲ့စဉ်က ဝတ်ဆင်ခဲ့သော အဝတ်ဟောင်းတစ်စုံကို တွေ့ရသည်။ ခြေနင်းထဲတွင် သဲများ ဝင်နေ၏။ ဘောင်းဘီအောက်နားတွင် ဖြူရော်ရော် ပြာနှမ်းနှမ်းအမှုန်များ တွေ့ရ၏။ အင်္ဂတေ ဘိလပ်မြေမှုန့်များဖြစ်နိုင်၏။ ကုတ်အင်္ကျီရင်ဘတ်အိတ်ထဲတွင် ပလတ်စတစ်ဗူးငယ်ကလေးတစ်ခု တွေ့သည်။ တစ်လက်မခွဲခန့်ပတ်လည်ရှိမည်။ ပါးပါးကလေးဖြစ်သည်။ ထိုဗူးထဲတွင် ဖလင်ရိုင်းကို ထုပ်ထားသလို အိတ်ကလေး တွေ့ရ၏။

တော်လဖစ် ပလတ်စတစ်ဗူးကလေးကို အိတ်ထဲ ထည့်လိုက်၏။

လေယာဉ်ကုမ္ပဏီမှ အိတ်များကို ချိတ်ဆွဲပေးလေ့ရှိသော ကတ်ပြားလေဘယ်များကို အမှိုက်ခြင်းထဲမှာ တွေ့ရ၏။ ရှစ်တို့၏ လိပ်စာမှာ အမေရိကန်ပြည် မက်ဆာချူးဆက်ပြည်နယ် ဘော်စတွန်မြို့မှ ဖြစ်သည်။ ဟားဗတ်တက္ကသိုလ်မှ သင်ကြားသော ပရော်ဖက်ဆာလား၊ သို့မဟုတ် အနီးတဝိုက် တက္ကသိုလ်တစ်ခုခုမှ လော မပြောတတ်။ ရှစ်သည် ဒုတိယကမ္ဘာစစ်အပြီးက အမေရိကန်ပြည်သို့ သွားရောက်နေထိုင်ခဲ့သော ဂျာမန်ဒုံးပျံပါရဂူတစ်ဦး ဖြစ်နိုင်သည်။

မဟုတ်ဘဲလည်း ရှိနိုင်သည်။ အာရပ်များအတွက် အလုပ်လုပ်ပေးရန် ဂျာမန်နာဇီဖြစ်ဖို့ မလိုပါ။

နာဇီဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ရှစ်သည် အပေါစားတစ်ယောက်ဖြစ်ကြောင်း သေချာသည်။ သူ အသုံးပြုသော ဆပ်ပြာ၊ သွားတိုက်ဆေး၊ မုတ်ဆိတ်ရိတ်အပြီး လိမ်းသောအမွှေးရည်အားလုံးတို့သည် ခပ်ပေါပေါ။ လေယာဉ်ပေါ် သို့မဟုတ် ဟိုတယ်မှပေးသော ပစ္စည်းမျိုးချည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးစားပွဲပေါ်တွင် စာရေးစက္ကူတစ်အုပ်တွေ့ရသည်။ အပေါ်ဆုံးစာရွက်မှာ ဘာမှ ရေးမထား။ နံဘေးတွင် ခဲတံတစ်ချောင်းနှင့် အရက်ခွက်တစ်လုံး တွေ့ရသည်။ ရှစ်သည် သူ့ခရီးစဉ်မှတ်တမ်းကို အရက်သောက်ရင်း ရေးခဲ့ကောင်း ရေးခဲ့နိုင်သည်။ တော်လဖစ်သည် ရေးပြီးစာရွက်ကို နေရာအနှံ့ ရှာကြည့်၏။ မတွေ့ရ။ သို့သော် ဝရန်တာဆေးလိပ်ပြာခွက်အကြီးထဲတွင် မီးရှို့ထားသော စက္ကူပြာစများ တွေ့ရသည်။

ညသည် အေးမြနေ၏။ ခပ်လှမ်းလှမ်းမြို့ထဲမှ ကားသံ၊ လူသံများသည် မှေးမှိန်စပြုပြီ။ တော်လဖစ်သည် ဂျေရုဆလင်မြို့မှ သူ့ဖခင်ကြီး၏အခန်းကို သတိရမိ၏။ သူ ဘယ်တော့များမှ ဂျေရုဆလင် ပြန်မြင်ရပါလိမ့်။

သူ့အနေနှင့် ဤအခန်းထဲ၌ လုပ်စရာရှိသမျှအားလုံး လုပ်ပြီးပြီ။ စာရေးစက္ကူအုပ်အပေါ်ဆုံးရွက်တွင် ခဲတံဖိရာ ကျန် မကျန် စစ်ဆေးရန်လောက်သာ ရှိတော့၏။ အခန်းထဲပြန်ဝင်မည်ပြုစဉ် အပြင်မှအသံများ ကြားရ၏။

တော်လဖစ် ကျောက်ရုပ်လို တောင့်သွား၏။

"နောက်ထပ် အသားကင်ကျက်ကျက်တော့ တော်ပါပြီ"

"ဟုတ်တယ် စကတည်းက တစ်ခုခုပြောင်းမှာဖို့ ကောင်းတယ်"

ရှစ်တို့ ပြန်လာကြပြီဖြစ်သည်။ အသံများက အလျင်ကြားရသည်။

တော်လဖစ်သည် တစ်ခန်းလုံးကို ပြန်လည်ကြည့်လိုက်၏။ အိပ်ခန်း၊ ရေချိုးခန်း၊ ဧည့်ခန်း၊ မီးဖိုချောင်၊ သူသည် ကိုင်တွယ်ထိတွေ့ခဲ့သမျှသော ပစ္စည်းအားလုံးကို နေသားတကျ ပြန်လည်ထားပြီးဖြစ်သည်။ ပလတ်စတစ်ဖူးကလေးမှလွဲ၍...။ ပလတ်စတစ်ဖူးကလေးကမူ သူ ယူသွားရပေမည်။ ပရော်ဖက်ဆာရှစ်အနေနှင့် တစ်နေရာရာတွင် ကျပျောက်ခဲ့သည်ဟု ထင်မှတ်စရာပဲရှိသည်။

ယခုအခြေအနေအတိုင်း တော်လဖစ်သည် မည်သူမှမမြင်ဘဲ ထွက်သွားနိုင်ခဲ့သော် သူတို့အနေနှင့် ဤအခန်းတွင်းသို့ တော်လဖစ် ရောက်ခဲ့ကြောင်း သိနိုင်မည်မဟုတ်။

တော်လဖစ်သည် ဝရန်တာပေါ်ကျော်တက်၍ ဝမ်းဗိုက်ဖြင့် တစ်ဖက်သို့ လျှောဆင်းသည်။ လက်များဖြင့်ထိန်း၍ ခြေတစ်ဆုံးဆန့်ကာ တွဲလောင်းခိုလိုက်၏။ မှောင်လွန်း၍ မြေပြင်ကို လှမ်းမမြင်ရပေ။ သူ လက်ကိုလွှတ်၍ ခုန်ချလိုက်သည်။ မြေပြင်သို့ ညင်သာစွာပင်ကျ၍ အမှောင်ရိပ်ထဲသို့ လိမ့်ထွက်လိုက်၏။

ဤသို့ အိမ်တစ်အိမ်တွင်းသို့ ဖောက်ထွင်းဝင်ရောက်ခြင်းမှာ သူ၏ ပထမဆုံးအကြိမ်ဖြစ်သည်။ အစစ အဆင်ပြေပြေ ဆောင်ရွက်နိုင်ခဲ့၍ သူ့ကိုယ်သူ





ကျေနပ်နေ၏။ အရာရာမှာ ချောချောမွေ့မွေ့။ လေ့ကျင့်ခန်းဆင်းရသလို ဖြစ်နေသည်။ အိမ်ရှင်များ စောစောစီးစီးပြန်ရောက်လာသဖြင့် စပိုင်လုပ်သူက ဝရန်တာမှ အလောတကြီးခုန်ဆင်းရသည်ကပင် လုပ်နည်းထုံးစံအတိုင်းလို ဖြစ်နေချေသေးတော့၏။ သူသည် အမှောင်ထဲမှာ ပြုံးလိုက်၏။ ဤအတိုင်းဆိုလျှင် သူသည် အသက်ကြီးရင့်သည်အထိ စပိုင်ဘဝမှာ ဆောင်ရွက်နိုင်ပြီး ကွင်းမဆင်းနိုင်တော့သောအခါ ရုံးထိုင်စပိုင် လုပ်နိုင်ကောင်း လုပ်နိုင်နေပေဦးမည်။

သူသည် ရပ်ထားခဲ့သောကားထဲသို့ ဝင်လိုက်ပြီး စက်နှိုးသည်။ ရှေ့မီးများကို ဖွင့်လိုက်၏။

ကားနံဘေး အရိပ်ထဲမှာရှိနေသောလူနှစ်ဦး ထွက်လာပြီး သူ၏ ရှေ့နိုးကားကလေးဘေး တစ်ဖက်တစ်ချက်စီ ရပ်လိုက်ကြလေ၏။

ဘယ်သူများပါလိမ့်။

တော်လဖစ်သည် ဘယ်သူများပါလိမ့်ဟု အဖြေထွက်ရန် စောင့်ဆိုင်းမနေတော့။ ကားဂီယာကို နံပါတ်တစ်သွင်းလိုက်ပြီး အရှိန်နှင့် မောင်းထွက်လိုက်၏။ ကားနံဘေးမှ လူနှစ်ဦး နံဘေးသို့ရှဲသွားကြလေသည်။

သူတို့သည် သူ့ကားကိုရပ်တန့်အောင် မကြိုးစားကြ။ သို့ဖြစ်လျှင် ဘာ့ကြောင့်များ ဒီနေရာကို ရောက်နေကြပါလိမ့်။ သူ့ကားထဲသို့ရောက်ကြောင်း သေချာအောင်များ စောင့်ကြည့်နေကြရော့သလား။

သူသည် ကားဘရိတ်ကို ဆောင့်အုပ်လိုက်ပြီး နောက်ခန်းသို့ လှည့်ကြည့်လိုက်သည်။ သည်တွင် စိတ်မကောင်းခြင်းကြီးစွာဖြင့် သူ သိလိုက်ရလေ၏။ သူ့အနေနှင့် ဂျေရုဆလင်မြို့တော်ကို မြင်တွေ့နိုင်တော့မည် မဟုတ်သည့်အကြောင်း။

အရပ်မြင့်မားပုံရသော အမည်းရောင်ဝတ်စုံဝတ်ထားသော အာရပ်တစ်ဦးသည် သူ့ကိုပြုံးကြည့်နေ၏။ သူ့ရင်ဝတည့်တည့်ကိုကား သေနတ်ပြောင်းတစ်လက်က ချိန်လျက်။

"ဆက်မောင်းလေ"

ထိုလူက အာရပ်ဘာသာဖြင့် ပြောသည်။ ပြီးမှ...

"သိပ်ပြီးတော့ မြန်မြန်မမောင်းနဲ့နော်..."

*

မေး - မင်းနာမည် ဘယ်သူလဲ။

ဖြေ - တော်လဖစ်အယ်(လ်)မာစီရီပါ။



www.burmeseclassic.com

www.burmeseclassic.com



မေး – မင်းအကြောင်းကို ပြောစမ်း။

ဖြေ – အသက်–၂၆၊ အရပ် ၅ပေ ၉လက်မ၊ အလေးချိန် ၁၈၀ပေါင်၊ မျက်လုံးညို၊ ဆံပင်နက်၊ အာရပ်မျိုးနွယ်ပုံ၊ အသားနည်းနည်း ညိုပါတယ်။

မေး – မင်း ဘာအလုပ်လုပ်သလဲ။

ဖြေ – ကျောင်းသားပါ။

မေး – ကနေ့ ဘာနေ့လဲ။

ဖြေ – စနေနေ့။

မေး – ဘာအမျိုးသားလဲ။

ဖြေ – အီဂျစ်အမျိုးသားပါ။

မေး – ၂၀ထဲက ၇ နုတ်။

ဖြေ – ၁၃။

အထက်ပါမေးခွန်းများမှာ အလိမ်ဖော်စက် အလုပ်လုပ်ရန် လွယ်ကူစိမ့်သောငှာ အစပျိုးလိုက်သော မေးခွန်းများဖြစ်သည်။

မေး – မင်း စီ–အိုင်–အေအတွက် လုပ်သလား။

ဖြေ – မလုပ်ပါဘူး (မှန်)

မေး – ဂျာမန်အတွက်လား။

ဖြေ – မလုပ်ပါဘူး (မှန်)

မေး – ဒါဖြင့် အစ္စရေးအတွက်လား။

ဖြေ – မလုပ်ပါဘူး (မှား)

မေး – မင်း ကျောင်းသားဟုတ်ရဲ့လား။

ဖြေ – ဟုတ်ပါတယ် (မှား)

မေး – မင်း ကျောင်းစာတွေအကြောင်း ပြောစမ်း။

ဖြေ – ကျွန်တော် ကိုင်ရိုတက္ကသိုလ်မှာ ဓာတုဗေဒသင်ပါတယ် (မှန်)
ကျွန်တော် ပိုလီမာကို စိတ်ဝင်စားပါတယ် (မှန်)
ကျွန်တော် ရေနံဓာတုအင်ဂျင်နီယာ ဖြစ်ချင်ပါတယ် (မှား)

မေး – မင်းနာမည် ဘယ်သူလဲ။

ဖြေ – ကျွန်တော် ပြောပြီးပြီပဲ၊ တော်လဖစ်အယ်(လ်)မာစီရီလို့ (မှား)

မေး – မင်းခေါင်းနဲ့ ရင်ဘတ်မှာ တပ်ဆင်ထားတာတွေက မင်းရဲ့ရင်ခုန်နှုန်း၊ အသက်ရှူနှုန်း၊ သွေးခုန်နှုန်းကို တိုင်းတာပဲ။ မင်းက မမှန်တာကိုပြောရင် မင်းရဲ့သွေးသားတွေက အဖြေပေးတယ်။ မင်းအသက်ရှူမြန်လာ





တယ်၊ ချွေးပိုပြန်လာတယ် ...စသည်ဖြင့်ပေါ့လေ။ ဒီစက်ကို တို့မိတ်ဆွေနိုင်ငံတစ်ခုက လက်ဆောင်ရထားတာ။ မင်းလိမ်ပြောရင် ချက်ချင်းသိတယ်။ အဲ–နောက်တစ်ခုပြောရရင် တော်လဖစ်အယ်လ်မာစီရီက သေပြီဆိုတာ ငါသိတယ်။ မင်း ဘယ်သူလဲ။

ဖြေ – (ဘာမှ ပြန်မပြော)

မေး – အေး– မင်းရဲ့အရေးကြီးတဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းမှာ တပ်ထားတဲ့ ဝါယာတွေကတော့ စက်တစ်မျိုးကပဲကွယ့်၊ အဲဒီကြိုးတွေက ဒီခလုတ်မှာ လာဆက်ထားတယ်၊ ငါက ဒီခလုတ်ကို နှိပ်လိုက်ရင်–

ဖြေ – (နာကျင်စွာအော်သံ)

မေး – အဲ– လျှပ်စစ်ဓာတ်အားက ဝါယာကြိုးကနေတစ်ဆင့် မင်းကို ဓာတ်လိုက်စေတော့တာပေါ့၊ အဲ– ပိုပြီးဓာတ်လိုက်လွယ်အောင် မင်းခြေထောက်ကို ရေပုံးထဲ နှစ်ထားတာပေါ့၊ မင်းနာမည် ဘယ်သူလဲ။

ဖြေ – အဗရယ်–အမ်ဗက်ချီပါ။

ဓာတ်လိုက်စေခြင်းသည် အလိမ်ဖော်စက်ကို ထိုက်တန်သလောက်နှောင့်နှေးစေ၏။

မေး – ဆေးလိပ်သောက်ပါ။

ဖြေ – ကျေးဇူးတင်ပါတယ်။

မေး – မင်းကတော့ ယုံချင်မှယုံမယ်။ ငါ ဒီအလုပ်ကို သဘောမကျဘူး။ ပြဿနာက ဒီအလုပ်မျိုးကို သဘောကျတဲ့လူတွေက မတော်တတ်ဘူးကွ။ ထိ သိလွယ်တတ်ဖို့ သိပ်လိုတာ၊ ငါက စိတ်ထိခိုက်လွယ်တယ်။ လူတစ်ယောက် ဝေဒနာခံစားတာကို မကြည့်ချင်ဘူး။ မင်းရော–

ဖြေ – (ဘာမှမဖြေ)

မေး – မင်းခေါင်းထဲမှာတော့ ငါမေးတာတွေကို ဘယ်လိုရှောင်ရမလဲလို့ စဉ်းစားနေမှာပဲ။ မကြိုးစားပါနဲ့။ ကနေ့ခတ်ပေါ် စက်ပစ္စည်းတွေကို ရှောင်ဖို့နည်း မရှိပါဘူး။ ကဲ ငါပြန်မေးမယ် မင်းနာမည် ဘယ်သူလဲ။

ဖြေ – အဗရယ်–အမ်ဗက်ချီ (မှန်)

မေး – မင်းရဲ့ခေါင်းဆောင်က ဘယ်သူလဲ။

ဖြေ – ခင်ဗျားမေးတာကို ကျွန်တော် နားမလည်ဘူး (မှား)

မေး – ဘော့(ချ)လား

ဖြေ – မဟုတ်ဘူး။ ဖရက်မန်း (အမှန်–အမှားကြားမှာ ပြဿနာ)



www.burmeseclassic.com

www.burmeseclassic.com



မေး - ဒါဆို ဘော့(ချ)ပေါ့

ဖြေ - ဟုတ်ပါတယ် (မှား)

မေး - ဘော့(ချ်)မဟုတ်ပါဘူး၊ ကရန့်(ချ)ပါ...

ဖြေ - ဟုတ်ပါပြီ၊ ကရန့်(ချ)ပဲ ထားပါတော့၊ ခင်ဗျားပြောတဲ့အတိုင်းပါပဲ (မှန်)

မေး - မင်း ဘယ်လိုဆက်သွယ်သလဲ...

ဖြေ - ကျွန်တော့်မှာ အသံလွှင့်စက်ရှိပါတယ် (မှား)

မေး - မင်း ငါ့ကို မှန်မှန်မဖြေဘူး။

ဖြေ - (အော်သံ)

မေး - မင်း ဘယ်လိုဆက်သွယ်သလဲ။

ဖြေ - ဖောင်းတော့က စာပို့သေတ္တာထဲက တစ်ဆင့်ပါ။

မေး - မင်းစိတ်ထဲက တွေးနေတယ်၊ မင်း ဝေဒနာခံစားနေရတဲ့အခါမှာ အလိမ်ဖော်စက်က မှန်မှန်အလုပ်,လုပ်မှာ မဟုတ်တော့ဘူး။ ဒီတော့ ခါတ်လိုက်တဲ့ဝေဒနာ ခံစားနေရရင် အလိမ်ပေါ်မှာ မဟုတ်ဘူးလို့ တွေးမှာပဲ။ မင်းရဲ့အတွေးဟာ နည်းနည်းပဲမှန်တယ်။ ဒီစက်ဟာ တော်တော်ရှုပ်ထွေးတဲ့စက်ကွ။ ငါကိုယ်တိုင် လပေါင်းများစွာစမ်းသပ်ပြီးမှ စနစ်တကျ သုံးစွဲတတ်လာတာကွ။ ငါက မင်းကို ခါတ်လိုက်ပြီးတဲ့နောက် ခဏကြာရင် မင်းရဲ့သွေးလှုပ်ရှားမှုပြဲဘဲ့အတိုင်း နည်းနည်းညှိလိုက်တာနဲ့ စက်က ပုံမှန်ပြန်ဖြစ်သွားတာပဲ၊ မင်းလိမ်ပြောရင် ပြောသေးတာပဲ။ ကဲ ဆက်မေးမယ်၊ မင်း ဘယ်လိုဆက်သွယ်သလဲ။

ဖြေ - စာပို့သေတ္တာ (အော်သံ)

မေး - ဟော့ အလီ...ဒီကောင် ခြေထောက်အောက်က ရေပုံးကို ကန်ပစ်လိုက်ပြီကွ။ ခါတ်လိုက်တာက တစ်ခါတလေ သိပ်ပြင်းတာ။ ပြန်ချည်စမ်း ရေပုံးကို ခြေထောက်အောက်ပြန်ထား၊ ရေပြန်ထည့်...

(ခဏကြာသွားသည်...)

အေး...တော်ပြီ၊ သူလဲ သတိရလာပြီ...မင်းထွက်တော့။ တော်လမင် ငါပြောတာ မင်းကြားရပြီလား။

ဖြေ - (ဝိုးတိုးဝါးတားအသံ)

မေး - မင်းနာမည် ဘယ်သူလဲ...

ဖြေ - (ဘာမှမဖြေ)





မေး - ခလုတ်ကလေး တစ်ချက်နှိပ်ရင်...

ဖြေ - (အော်သံ)

မေး - မင်း မှတ်ဉာဏ်ကောင်းလာမှာပေါ့...

ဖြေ - အဗရယ် အမ်ဘက်ချီပါ...

မေး - ကနေ့ ဘာနေ့လဲ

ဖြေ - စနေနေ့

မေး - မနက်စာ မင်းကို ဘာကျွေးသလဲ

ဖြေ - ပဲသီး

မေး - ၂၀ ထဲက ၇ နုတ်ရင် ဘယ်လောက်လဲ

ဖြေ - ၁၃

မေး - မင်း ဘာလုပ်လဲ

ဖြေ - ကျောင်းသားပါ၊ အို... ခလုတ်တော့ မနှိပ်ပါနဲ့၊ ဟုတ်ပါတယ်၊ ကျွန်တော်ဟာ စပိုင်တစ်ယောက်ပါ၊ ဘုရားရေ...ခလုတ်တော့မနှိပ်ပါနဲ့ ခင်ဗျာ။

မေး - မင်း ဘယ်လိုဆက်သွယ်လဲ

ဖြေ - လျှို့ဝှက်စာနဲ့ပို့တဲ့ ကြေးနန်းပါ

မေး - စီးကရက်တစ်လိပ်လောက် သောက်ပါဦးကွ၊ ရော့ အို...မင်းနှုတ်ခမ်းတွေက စီးကရက်တောင် မြဲအောင်မညှပ်နိုင်တော့ပါလား၊ ငါ ကိုင်ထားပေးပါ့မယ်ကွာ၊ သောက်ပါ။

ဖြေ - ကျေးဇူးပါပဲ

မေး - စိတ်ကို အေးအေးထား သိလား၊ မင်းက အမှန်ဖြေနေသမျှ ကာလပတ်လုံး မင်း ဘာမှမနာစေရဘူး (ခဏရပ်သွားသည်) မင်း နေလို့ကောင်းသွားပြီလား...။

ဖြေ - ဟုတ်ကဲ့-

မေး - အေး...ဒါဖြင့် ဆက်မေးမယ်၊ ပရော်ဖက်ဆာရှုစ်အကြောင်း ပြောစမ်းပါ၊ မင်း ဘာကြောင့် သူ့နောက်ကို နောက်ယောင်ခံလိုက်ရတာလဲ။

ဖြေ - အထက်က အမိန့်ပေးလို့ပါ (မှန်)

မေး - တဲလ်အဗစ်ကလား။

ဖြေ - ဟုတ်ကဲ့ (မှန်)

မေး - တဲလ်အဗစ် ဘယ်သူ့ဆီကလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖြေ – ကျွန်တော် မသိပါဘူး (မှန်–မမှန် အလယ်လောက်မှာ ပြသည်)

မေး – မင်းစဉ်းစားပြီး ပြောကွာ။

ဖြေ – ဘို့ရှ်ဆီက (အလယ်မှာပြသည်)

မေး – ဒါမှမဟုတ် ကရန့်ဆီကလား။

ဖြေ – ဟုတ်ချင်ဟုတ်မှာပဲ (မှန်)

မေး – ကရန့်က လူတော်ပဲကွ၊ ယုံကြည်စိတ်ချရတယ်၊ ဒါ့ထက် သူ့မိန်းမ ကော နေကောင်းရဲ့လား။

ဖြေ – ဒါကတော့ခင်ဗျာ... ကျွန်တော် (အော်သံ)

မေး – သူ့မိန်းမဟာ ၁၉၅၈ ခုနှစ်က ဆုံးပြီးသားကွ၊ မင်း ဘာကြောင့် အနှာ ခံချင်ရတာလဲ၊ ရှစ် ဘာတွေလုပ်သလဲ။

ဖြေ – နှစ်ရက်လုံးလုံး ဟိုဟိုဒီဒီလျှောက်လည်တယ်၊ နောက် မီးခိုးရောင် မာစီဒီးကားကြီးနဲ့ သဲကန္တာရထဲ ပျောက်သွားတာပဲ။

မေး – ဒါနဲ့ မင်းက သူ့အခန်း ခိုးဝင်ရောလား

ဖြေ – ဟုတ်ကဲ့ (မှန်)

မေး – မင်း ဘာတွေသိရသလဲ။

ဖြေ – သူဟာ သိပ္ပံပညာရှင်တစ်ယောက် ဖြစ်ပါတယ် (မှန်)

မေး – နောက်ထပ်ကော

ဖြေ – အမေရိကန်ပြည်သား (မှန်) ဒါပါပဲ (မှန်)

မေး – မင်းတို့သင်တန်းဆရာ ဘယ်သူလဲ။

ဖြေ – အတ်လ် (အလယ်မှာပြသည်)

မေး – အဲဒါ သူ့နာမည်ရင်းမှ မဟုတ်သေးတာ၊ သူ့နာမည်က

ဖြေ – ကျွန်တော် မသိပါဘူး၊ (မှား) အို... မလုပ်ပါနဲ့ဗျာ၊ ခလုတ်ကိုတော့ မနှိပ်လိုက်ပါနဲ့၊ ကျွန်တော် တစ်မိနစ်လောက် စဉ်းစားပါရစေဦး၊ ကျွန်တော့်အထင်တော့ တစ်ယောက်ယောက်က သူ့နာမည်ရင်းကို မင်းနားလို့ပြောတယ် ထင်တာပဲ (မှန်)

မေး – အို...မင်းနားလား၊ ရက်စရာကြီးကွာ၊ ဒီငနဲက ရှေးရိုးသမားကြီးကွ၊ သူက ခုထိ စပိုင်အေးဂျင့်တွေကို စစ်ဆေးတာ ခံနိုင်သေးတယ်လို့ အောက်မေ့နေတာ၊ သူ့အပြစ်ကြောင့် မင်းအခုလို ဝေဒနာခံစားနေရ တာပေါ့၊ ဒါထက် မင်းနဲ့ အတူ လေ့ကျင့်ဖော်တွေကကော သူနဲ့ အတူ သင်တန်းဆင်းကြတဲ့လူတွေလေ။





ဖြေ – ကျွန်တော် သူတို့နာမည်ရင်းတွေ မသိပါဘူး (မှား)

မေး – တကယ်မသိဘူးလား

ဖြေ – (အော်သံ)

မေး – သူတို့ရဲ့ နာမည်ရင်းတွေ ပြော

ဖြေ – အကုန်လုံး ဘယ်သိမလဲ

မေး – သိတဲ့လူတွေပဲ ပြောကွာ

ဖြေ – (ဘာမှမဖြေ) (အော်သံ)

အကျဉ်းသား သတိမေ့သွားသည်။

(ခဏကြာသွား၏)

မေး – မင်းနာမည် ဘယ်သူလဲ

ဖြေ – အာ... တော်လမန် (အော်သံ)

မေး – နံနက်စာ ဘာစားရသလဲ

ဖြေ – မသိဘူး

မေး – ၂၀ ထဲက ၇ နုတ်ရင်

ဖြေ – ၂၇

မေး – မင်း ကရန့်ဆီကို ရှစ်အကြောင်း ဘယ်လိုသတင်းပို့ခဲ့သလဲ

ဖြေ – လျှောက်လည်၊ အနောက်သဲကန္တာရထဲသွား၊ နောက်ယောင်ခံလိုက် တာ ရုပ်သိမ်းလိုက်ရ

မေး – မင်း ဘယ်သူတွေနဲ့ သင်တန်းတက်ခဲ့သလဲ

ဖြေ – (အဖြေမပေး)

မေး – မင်း ဘယ်သူတွေနဲ့ သင်တန်းတက်ခဲ့သလဲ

ဖြေ – (အော်သံ)

မေး – မင်း ဘယ်သူတွေနဲ့ သင်တန်းတက်ခဲ့သလဲ

ဖြေ – ဟုတ်... ကျုပ်ဟာ လမင်းနဲ့ အရိပ်လမ်းကြားမှာ လျှောက်နေသော် လည်း...

မေး – မင်း ဘယ်သူတွေနဲ့ သင်တန်းတက်ခဲ့သလဲ

ဖြေ – (အော်သံ)

အကျဉ်းသား သေဆုံးသွားသည်။

*



www.burmeseclassic.com

www.burmeseclassic.com



အာရပ်ဌာနမှူးကြီး ကာဝပ်က တွေ့ဆုံရန် ချိန်းဆိုလိုက်သောအခါ အစ္စရေး စပိုင်ခေါင်းဆောင် ဗီယေဘော သွားတွေ့သည်။ သူတို့သည် တွေ့မည့်အချိန်နှင့် နေရာကို မဆွေးနွေးကြပေ။ ကာဝပ်၏အကြောင်းကြားစာတွင် စုရပ်ပါပြီးဖြစ်သည်။ ဘောအနေနှင့် အရောက်သွားဖို့သာ ရှိပေသည်။ အကြောင်းမှာ ကာဝပ်သည် ဘောထံတွင်ရှိသော နှစ်ဖက်လွှစပိုင်များအနက် အတော်ဆုံးဖြစ်သောကြောင့်ပင်။

အစ္စရေးစပိုင်အဖွဲ့ မိုးဇတ်ဌာနကြီးမှူး ဘောသည် လန်ဒန်မြို့ အော့စဖို့ဆပ်ကပ် မြို့ပတ်မီးရထားဘူတာရုံတစ်ခုတွင် ဟိုဟိုဒီဒီ ကြော်ငြာစာများကိုဖတ်ရင်း ကာဝပ်ကို စောင့်နေ၏။ သူ့အနေနှင့် ကာဝပ်သည် ဘာကြောင့် သူတို့နှစ်ဦးတွေ့ဆုံရမည့်နေရာကို လန်ဒန်မှာ ရွေးချယ်လိုက်ကြောင်း မသိပေ။ ကာဝပ်အနေနှင့် သူ၏သက်ဆိုင်ရာအာဏာပိုင်များကို ဘယ်သို့ဘယ်ပုံ ပြောဆိုထားသည်ကိုလည်း မသိပေ။ ကုန်ကုန်ပြောရလျှင် ကာဝပ်သည် ဘာကြောင့် သူတို့တိုင်းပြည်၊ သူ့လူမျိုးများကို သစ္စာဖောက်၍ အစ္စရေးတို့နှင့် ဆက်သွယ်နေကြောင်းကိုပင် မသိပေ။ မည်သို့ပင်ဖြစ်စေ ကာဝပ်သည် အစ္စရေးတို့ ပြီးခဲ့သောစစ်ပွဲနှစ်ပွဲကို အနိုင်ရအောင်ကူညီပေးခဲ့ပြီး တတိယစစ်ပွဲကို ရှောင်စေနိုင်ခဲ့သည်ကားလက်တွေ့။ သည်တော့ ဘောအနေနှင့် ကာဝပ်ကို မပစ်ပယ်နိုင်။

ဘောသည် ပလက်ဖောင်းတစ်လျှောက်တွင် ခေါင်းကြီးကြီး နှာခေါင်းချွန်ချွန်နှင့်ပုဂ္ဂိုလ်ကို ရှာကြည့်နေမိ၏။ စိတ်ထဲတွင် ကာဝပ် သူ့ကိုပြောမည့်အကြောင်းအရာကို သိသလိုလိုဖြစ်နေ၏။ ထိုအတွေး မှန်ပါစေဟု ကျိတ်ဆုတောင်းလိုက်မိ၏။

ဘော ပရော်ဖက်ဆာရှုဇ်၏ အရေးအခင်း၌ များစွာစိတ်မအေး ဖြစ်နေခဲ့ရပါ၏။ သည်အရေးအခင်းသည် ထုံးစံအတိုင်း စောင့်ကြည့်ရန် လေ့လာရန်ကိစ္စမျိုးဖြင့် စလာ၍ ကိုင်ရိုရို လူသစ်ကလေးကို တာဝန်ပေးလိုက်ခြင်းဖြစ်သည်။ ထိပ်တန်းသိပ္ပံပညာရှင်တစ်ဦး ဥရောပတိုက်သို့ အပန်းဖြေခရီးထွက်နေရာမှ အီဂျစ်ပြည်သို့ သွားသည်။ ဘာကြောင့်လဲ စောင့်ကြည့်ရုံသာရှိသည် မဟုတ်ပါလား။ ပထမဆုံးပြဿနာမှာ တော်လဖစ်တစ်ယောက် ပရော်ဖက်ဆာရှုဇ်ကို သဲကန္တာရအတွင်း ဆက်မလိုက်နိုင်တော့ကြောင်း သတင်းပို့ချက်ရောက်လာခြင်းက စသည်။ ဘောသည် ရှုဇ်ပြဿနာကို အသေအချာကိုင်တွယ်လေ့လာ၏။ ဂျာမန်ထောက်လှမ်းရေးဌာနမှ တစ်ဆင့် ပရော်ဖက်ဆာရှုဇ်၏ ကိုင်ရိုခရီး လေယာဉ်လက်မှတ်သည် အီဂျစ်သံအမတ်ကတော်က ဝယ်ပေးလိုက်ကြောင်း သိရ၏။





နောက် အမေရိကန်ထောက်လှမ်းရေး လေကြောင်းဓာတ်ပုံများအရ အီဂျစ်ပြည်ကွာတာရာဒေသတွင် အဆောက်အအုံများ ဆောက်လုပ်နေသည်ကို တွေ့ရ၏။ ရှုဇ် နောက်ဆုံးပျောက်ကွယ်သောခရီးလမ်း၏ မြားဦးပန်းတိုင်သည် ကွာတာရာဒေသမဟုတ်ပါလား။ သည်လမ်းမှာ တော်လဖစ် မလိုက်နိုင်ဘဲ ရှိခဲ့သည် မဟုတ်ပါလား။

တစ်စုံတစ်ခုတော့ ထူးခြားသည်မှာ သေချာ၏။ သူ ဘာမှမသိရသေးသည့်အချက်ကိုပင် သူ စိတ်ပူပန်သည်။

အမှန်အားဖြင့် သူသည် အမြဲစိတ်ပူပန်နေသူတစ်ဦးသာ ဖြစ်၏။ စိတ်ပူပန်စရာအကြောင်းများကလည်း အမြဲရှိနေ၏။ အီဂျစ်ကို စိတ်မပူရသောအခါ ဆီးရီးယန်းကို စိတ်ပူရသည်။ ဆီးရီးယန်းကို စိတ်အေးရချိန်တွင် ဖီဒေယန်များကတမျှော်။ ရန်သူများအတွက် မဟုတ်ပြန်သောအခါ မိတ်ဆွေများအတွက် စိတ်ပူရပြန်၏။ မိတ်ဆွေနိုင်ငံ၊ မိတ်ဆွေ ဆိုသူများသည်ကော ဘယ်လောက်ကြာကြာမိတ်ဆွေအဖြစ် ရပ်တည် တည်ရှိနေပါမည်နည်းဟု ပူရပြန်၏။ သူ့အလုပ်ကိုကပူပန်နေရသောအလုပ် မဟုတ်ပါလား။ စပိုင်အဖွဲ့ခေါင်းဆောင်တစ်ယောက်၏စိတ်သည် အမြဲပူပန်နေရဖို့သာ ဖြစ်သည်တကား။

ယခု တော်လဖစ်ဆိုသည့် စပိုင်ကောင်ကလေး အဆက်အသွယ်ပြတ်ဆောက်သွားသည်။ ပူပန်ရပြန်ပြီကော။

မကြာခင် တွေ့ဆုံရမည့်ကာဝပ်ထံမှ အဖြေရတန်ကောင်းပါရဲ့။

ရထားတစ်စီး အရှိန်နှင့် ဝင်လာ၏။ ဘော ရထားကို စောင့်နေခြင်းမဟုတ်ပါ။ ဘောသည် နံရံပေါ်မှ ရုပ်ရှင်ပိုစတာတစ်ခုကို ကြည့်နေ ဖတ်နေလိုက်၏။ ပိုစတာထဲမှ နာမည်တစ်ဝက်လောက်မှာ ဂျူးနာမည်များ ဖြစ်နေ၏။ ငါ စပိုင်မလုပ်ဘဲ ရုပ်ရှင်ထုတ်လုပ်သူတစ်ယောက်လုပ်ရရင် ကောင်းလေသားဟုတွေး၏။

ရထားက ထွက်သွားသည်။

အရိပ်တစ်ခု ဘောအပေါ် ထိုးလာသည်။

ဘော မော့ကြည့်လိုက်ရာ တည်ငြိမ်သောမျက်နှာထားနှင့် ကာဝပ်ကိုတွေ့ရသည်။

အာရပ်လူမျိုးဖြစ်သူ ကာဝပ်က ဆိုမြဲစကားနှင့် စသည်။

"အခုလို လာတွေ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဘောသည် ကာဝပ် ပဋိသန္ဓာရစကားကို လျစ်လျူရှုလိုက်၏။ သူသည် ကျေးဇူးတင်တာခြင်းကို မေ့နေပြီဖြစ်၏။ သူက လိုရင်းကိုသာ မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာသတင်းထူးလို့လဲ"

ကာဝပ် အသက်တစ်ချက်ရှူသွင်းသည်။ ပြီးမှ...

"ပြီးခဲ့တဲ့သောကြာနေ့က ကိုင်ရိုမှာ ခင်ဗျားတို့ စပိုင်ကောင်လေးတစ်ယောက်ကို ဖမ်းဖို့ ဖြစ်လာတယ်"

"ဘာ... ဖမ်းဖို့ ဖြစ်လာတယ်၊ ဟုတ်လား"

"ဟုတ်တယ် ဒီလိုလေ၊ စစ်ထောက်လှမ်းရေးက ဗီ–အိုင်–ပီပုဂ္ဂိုလ်တစ်ယောက်ကို စောင့်ရှောက်နေရတယ်၊ သူတို့က မောင်ရင်တို့ချာတိတ် နောက်ယောင်ခံလိုက်နေတာကို တွေ့သွားတယ်၊ စစ်ထောက်လှမ်းရေးမှာက ကိုင်ရိုမှာ လှုပ်ရှားနိုင်တဲ့လူ မရှိလို့ ကျုပ်ဌာနကို တရားဝင် အကူအညီဝင်တောင်းလို့ပါ"

"သေလိုက်ပါတော့ကွာ"

ဘောသည် ခံစားမှုအတိုင်း ပေါက်ကွဲသွား၏။ ပြီးမှ...

"သူ ဘာဖြစ်သွားသလဲ"

ကာဝပ်က ဝမ်းနည်းသောမျက်နှာထားနှင့်...

"ကျုပ်အနေနဲ့ စာအုပ်ကြီးအတိုင်း လုပ်ရတာပေါ့လေ၊ ကောင်လေးကို စစ်ဆေးပြီး သတ်ပစ်လိုက်ရတာပေါ့၊ သူ့နာမည်က အဗရပ်အမ်ဘာက်ချီတဲ့လေ၊ ဒါပေမယ့် တော်လဖစ်အယ်လ်မာစီရီဆိုတဲ့ နာမည်နဲ့ အလုပ်လုပ်တယ်လေ"

ဘောသည် မျက်မှောင်ကုပ်လိုက်၏။

"သူ့နာမည်ရင်းကို ဖွင့်ပြောသလား"

"သူက သေပြီပဲ ပီယေရယ်"

ပီယေဘောသည် ခေါင်းခါလိုက်၏။

"သူက ဘာကြောင့် သူ့နာမည်ရင်းကို ဖွင့်ပြောရတာလဲ"

"ကျုပ်တို့က စစ်ဆေးစက်သစ်ကို သုံးတယ်လေ၊ အလိမ်ဖော်စက်နဲ့ လျှပ်စစ်အားလွှတ်စက် တွဲထားတဲ့စက်ဟာကော၊ ခင်ဗျားတို့က အဲဒီစက်အကြောင်းကို လေ့ကျင့်ရေးသင်တန်းတွေမှာ ပြောမှ မပြလိုက်ပဲကိုး"

ဘောသည် အသံတွက်ရယ်လိုက်၏။

"အင်း...အဲဒီစက်တွေအကြောင်းကိုသာ ပြောလိုက်ရင် ကျုပ်တို့လူသစ်စပိုင်သစ် မွေးလို့ရမှာတောင် မဟုတ်တော့ဘူး၊ ဒါထက် နောက်ထပ်ကော သူ ဘာတွေဖော်သေးလဲ"

"ကျုပ်တို့ မသိသေးတာတွေ ဖော်မသွားပါဘူး၊ သူ့အနေနဲ့ ဖော်ကောင်းဖော်မှာပေါ့၊ ဒါပေမယ့် ကျုပ်က သူ့ကို အလျင်သတ်လိုက်လို့ ဆက်မဖော်နိုင်တော့ပါဘူး"





"ဗျာ... ခင်ဗျားက သတ်လိုက်တယ်"

"ဒီလိုလေ စစ်ဆေးရေးတာဝန်ကို ကျုပ်ကိုယ်တိုင် လုပ်တာကိုးဗျ၊ ဒါမှလဲ သူက အရေးကြီးတဲ့သတင်းကို မပေါက်ကြားတော့မှာပေါ့၊ စစ်ဆေးချက်တွေ အားလုံးလဲ တိပ်နဲ့ ဖမ်းထားတယ်လေ၊ ခင်ဗျားရဲ့ကောင်လေးကို ကျုပ်မသတ်ဘဲ တခြားတစ်ယောက်ယောက် သတ်စေချင်လို့လား"

ဘောသည် ကာဝပ်ကို တစ်ချက်ကြည့်ပြီး မျက်နှာလွှဲလိုက်၏။

"ကောင်လေးက ပရော်ဖက်ဆာရှုဗ်အကြောင်း ဘာများထောက်လှမ်းလို့ ရခဲ့သလဲ"

"သူ သိသမျှကတော့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ပရော်ဖက်ဆာရှုဗ်ကို အနောက်ပိုင်း သဲကန္တာရဘက် ခေါ်သွားတယ်ဆိုတာပါပဲ"

"ဟုတ်ပါပြီလေ... အဲဒီမှာ ဘာတွေရှိသလဲ"

"ဒါတော့ ကျုပ်လဲ မသိဘူး"

"ခင်ဗျား သိရမှာပေါ့ ခင်ဗျားက အီဂျစ်ထောက်လှမ်းရေးမှူးပဲဟာ"

ဘောသည် စိတ်မရှည်တော့ခြင်းကို ကြိုးစားထိန်းနေရ၏။ ကာဝပ်ကမူ အေးဆေးစွာဖြင့်...

"အဲဒီမှာ ဘာတွေလုပ်နေတယ်ဆိုတာ ကျုပ်လဲ မသိဘူးဗျ၊ သီးသန့်ဌာနတစ်ခုက ကိုင်တွယ်ထားတယ်၊ ကျုပ်တို့ဌာနကို ဘာမှ အသိမပေးဘူး"

"သဘောလောက်မှ မသိဘူးလားဗျာ"

အာရပ်ကြီးက ပခုံးတွန့်ပြ၏။

"ကျုပ်သိရသမျှတော့ လက်နက်နိုင်ငံကြီးတစ်ခု မသိအောင် တစ်ခုခု လုပ်နေဆိုလားပဲ၊ ဒါပေမယ့်လဲ လက်နက်နိုင်ငံကြီးအနေနဲ့ ဘာမှ မသိတာ မရှိဘူး"

ဘောသည် စိတ်ပျက်သွား၏။

"တော်လဖစ်က ဒီလောက်ပဲ စုံစမ်းနိုင်သလားဗျာ"

ရုတ်တရက် အာရပ်၏လေသံတွင် ဒေါသပါလာ၏။ သူက...

"ဘာပဲ ပြောပြော ကောင်လေးဟာ ခင်ဗျားတို့အတွက် အသက်ပေးသွားခဲ့တာဗျ"

"ဟုတ်ပါတယ်ဗျာ၊ သူ နိဗ္ဗာန်ရောက်ကြောင်း ကျုပ် ဆုတောင်းပါတယ်၊ ဒါပေမယ့် သူ အသက်စွန့်ရတာဟာ ဘာမှ အကျိုးရှိမသွားဘူးပေါ့"

ကာဝပ်သည် အိတ်ထဲမှ တစ်ခုခုကို နှိုက်၍...



www.burmeseclassic.com

www.burmeseclassic.com



"သူက ပရော်ဖက်ဆာရှုဲ့အခန်းထဲက ဒါကလေး ယူလာတယ်ဗျ"

ထုတ်ပြသည်မှာ ပလတ်စတစ်ဖလင်ထည့် လေးထောင့်သေတ္တာပြားကလေးဖြစ်သည်။ ဘောအား လှမ်းပေး၏။

ဘော တံဆိပ်လို ဗူးပြားကလေးကို လှမ်းယူလိုက်သည်။

"ဒါတော့…သူ အဲဒီက ရခဲ့တယ်လို့ ခင်ဗျား ဘယ်လိုပြောနိုင်သလဲ"

"ဗူးကလေးပေါ်မှာ ရှုဲ့ရဲ့လက်ပုံစံ ပါတယ်လေ၊ တော်လဖစ်ကို ရှုဲ့အခန်းထဲက ထွက်လာလာချင်း ကျုပ်တို့က ဖမ်းမိခဲ့တာပဲဟာ"

ဘောသည် ဗူးကလေးကိုဖွင့်ပြီး အထဲမှ စာအိတ်ကလေးကို ထုတ်ကြည့်၏။ အထဲမှ ပစ္စည်းမှာ နဂ္ဂတစ်ဖလင်ပြားကလေးနှင့် တူသည်။

အာရပ်က…

"ကျုပ်တို့လဲ အဲဒီဖလင်ကို ဆေးကူးကြည့်ပြီးပါပြီ၊ ဘာမှ မတွေ့ဘူး"

စိတ်ထဲမှာ တစ်စုံတစ်ရာကျေနပ်သွားပြီး ဘောသည် ဖလင်ပြားကလေးကို ဗူးထဲသို့ပြန်ထည့်သည်။ ယခုတော့ သူ့အနေနှင့် ရှင်းသွားပါပြီ။ အစစသည် အဓိပ္ပာယ်ရှိလာပြီ ဖြစ်ပါ၏။ သူ ဘာဆက်လုပ်ရမည်ကိုလည်း သိသွားပြီဖြစ်၏။ ထိုစဉ် ရထားတစ်စီးဝင်လာသည်နှင့် သူက…

"ခင်ဗျား ဒီရထားကို စီးမှာလား"

ကာဝပ်သည် မျက်မှောင်ကုပ်လိုက်၏။ သို့သော် ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး ပလက်ဖောင်းအစွန်းဘက်သို့ လမ်းလျှောက်သွားသည်။ ထိုအချိန်တွင် ရထားသည် ဘူတာမှာ ဆိုက်ကပ်ပြီးဖြစ်၍ တွဲတံခါးများ ပွင့်လာ၏။ အာရပ်သည် ရထားတွဲပေါ်သို့တက်ပြီး အထဲမဝင်သေးမီ လှည့်၍…

"ကျုပ်ဖြင့် အဲဒီဗူးကလေးဟာ ဘာမှန်းကို မသိဘူး"

ဘောကမူ တွေးနေ၏။ ခင်ဗျားဟာ ကျုပ်ကို သဘောမကျဘူးမဟုတ်လား။ ဒါပေမယ့် ခင်ဗျားဟာ ကျုပ်ကို တကယ်ကျေးဇူးပြုခဲ့တယ်ဗျာဟု စဉ်းစားရင်း ပြုံးလိုက်၏။ ထိုစဉ် မြို့ပတ်ရထားတွဲသည် ထွက်ရန် တံခါးများ ပြန်ပိတ်စပြုနေ၏။ ဘောက…

"ကျုပ်ကတော့ သိနေတယ်လေ"

ဟု ပြောလိုက်လေ၏။

[၂]

အမေရိကန်မိန်းကလေးသည် နက် ဒစ်စတိန်းအပေါ် ညွတ်နေ၏။ သူတို့နှစ်ဦးသားသည် ဖုန်ထူသော စပျစ်ခြံထဲတွင် ပေါင်းသင်ခြင်း၊ ငန်းလိုက်ခြင်းများ ပြုလုပ်နေကြ၏။ ဂါလိုင်လီပင်လယ်ပေါ်မှ ဖြတ်သန်းလာသောလေပြည်လေညင်းက တဖြူးဖြူးတိုက်နေသည်။ ဒစ်စတိန်းသည် ဘောင်းဘီတို၊ ညှပ်ဖိနပ်၊ အပေါ်အင်္ကျီကျွတ်နှင့် မြို့သားများလို နေမကြောက်ဘဲ အလုပ်လုပ်နေ၏။

သူသည် ပိန်ပိန်သေးသေး လူဖလံကလေးဖြစ်သည်။ အရိုးအဆစ်သေးသေး၊ ပခုံးကျဉ်းကျဉ်း၊ ရင်အုပ်သေးသေးဖြစ်သည်။ ကာရင်သည် အလုပ်လုပ်ရင်း ခဏခဏနားရင်း သူ့ကိုကြည့်နေမိ၏။ သူကမူ အနားယူဖို့ မလိုသကဲ့သို့ အလုပ်လုပ်နေ၏။ သူ၏ကျစ်လျစ်သောကြွက်သားများမှာ အမာရွတ်များပြည့်နေသော အရေပြားအောက်တွင် ကောင်းမွန်သန်စွမ်းစွာ လှုပ်ရှားနေပုံရ၏။ ကာရင်သည် စိတ်လှုပ်ရှားတတ်သောမိန်းကလေးဖြစ်ရာ ထိုအမာရွတ်များကို လက်ဖြင့်ပွတ်သပ်ထိစမ်းရင်း ဘယ်လိုဘယ်ပုံ ဒဏ်ရာရခဲ့တာလဲဟု မေးချင်လှ၏။

တစ်ခါတစ်ရံ ဒစ်စတိန်းသည် အလုပ်လုပ်ရင်း သူမကိုကြည့်မိရာ ကာရင်၏ မျက်လုံးများနှင့် ဆုံသည်။ ထိုအခါ သူက ဘာမှမလှုပ်ရှားဘဲ ပြုံးပြပြီး အလုပ်ကို ဆက်လုပ်၏။ အပေါ်စား မျက်မှန်ဝိုင်းများနောက်တွင် သူ၏မည်းနက်သော မျက်လုံးအစုံရှိသည်။ ကာရင်တို့ခေတ်သည် သည်လို အပေါ်စားမျက်မှန်ဝိုင်းကလေး တပ်ထားသည်ကိုပင် သဘောကျနေသည်။ အကြောင်းမှာ သည်မျက်မှန်မျိုးကို ဘီတဲလ်တီးဝိုင်းခေါင်းဆောင် ဂျွန်လင်နွန် တပ်တတ်သည်မဟုတ်လား။ ဒစ်စတိန်း၏ဆံပင်များမှာလည်း အမည်းရောင်ပင်ဖြစ်သည်။ သို့သော် တိုတိုကလေး ညှပ်ထား၏။ ကာရင်စိတ်ထဲကမူ သည်ဆံပင်များကို ရှည်ရှည်ကလေး ထားစေချင်သည်။ ဒစ်စတိန်းပြုံးလိုက်လျှင် အသက်ငယ်သွားသယောင်ထင်ရ၏။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒစ်စတိန်း၏အသက်ကို ခန့်မှန်း၍မရ။ သူသည် လူငယ်တစ်ယောက်လို လုပ်ကိုင်နေသော်လည်း သူ့လက်ဖျံမှ နာဇီအကျဉ်းစခန်းမှ ဆေးမင်အမှတ်အသားကို ကြည့်ခြင်းအားဖြင့် ၄၀ ထက်တော့ မအောက်တော့ဟု ကာရင်တွေးသည်။

ဒစ်စတိန်းသည် သည်စခန်း (ကိဘုရ်)သို့ ကာရင်နှင့် မရှေးမနှောင်း ၁၉၆၇ ခုနှစ်မှာပင် ရောက်လာခဲ့၏။ ကာရင်သည် ဤစခန်းသို့ အလှုကုန်ပစ္စည်းများ၊ လိုအပ်သောဆေးလုံးများနှင့် ဘ၀အသစ်ကို စမ်းသပ်ရန် လာခဲ့ခြင်းဖြစ်သည်။ သူကမူ လူနာတင်ကားနှင့် ရောက်လာခဲ့ခြင်းဖြစ်သည်။ အာရပ်–အစ္စရေး ခြောက်ရက်စစ်ပွဲမှာ ဒဏ်ရာရလာပုံရသည်ဟု ထင်ရ၏။ တခြားစခန်းနေသူများကလည်း ထိုသို့ပင် ယူဆကြ၏။ သို့သော် မည်သူမှ တိတိကျကျမသိရ။

သူ့ကို ဝိုင်းကြိုကြပုံမှာ သူမကိုကြိုခဲ့ပုံနှင့် ကွာသည်။ သူမကိုကြိုစဉ်က ခင်မင်မှုများနှင့် ဖြစ်သော်လည်း အားပါးတရမရှိလှ။ သူလာသောအခါ ပျောက်နေသောသား ပြန်ရောက်လာသလို ဝိုင်းဝန်းဖက်ပွေ့ကြ၏။ သူ့ဒဏ်ရာများကိုလည်း မျက်လုံးအိမ်မှ မျက်ရည်စများဖြင့် ဝိုင်းပြုစုကြ၏။

အကယ်၍ ဒစ်စတိန်းသာ သည်ကိဘုရ်စခန်း၏သားဖြစ်လျှင် အက်စသာသည် သူ၏အမေဖြစ်ပေလိမ့်မည်။ အက်စသာမှာ သည်စခန်းမှာ အသက်အကြီးဆုံး၊ ဝါအရင့်ဆုံးဖြစ်သည်။ ကာရင်က အက်စသာကို နိုင်ငံတော်ဝန်ကြီးချုပ် ဂိုဒါမေယာ၏အမေနှင့်တူသည်ဟု ပြက်လုံးထုတ်ရာ တစ်ယောက်က အမေမဟုတ်ပါဘူး၊ အဖေပါဟု ပြန်ပြောရင်း ရယ်မောခဲ့ကြဖူးသည်။ အက်စသာသည် ထိုကဲ့သို့သော မိန်းမစားကြီးမျိုး။ သူမသည် တုတ်ကောက်တစ်ချောင်းနှင့် တဒေါက်ဒေါက်သွားလာရင်း စခန်းတစ်ခုလုံး၏အလုပ်များကို အကြံဉာဏ်များ ဝင်ပေးတတ်၏။ သူမ၏အကြံဉာဏ်များမှာ များသောအားဖြင့် အကောင်းစားများဖြစ်တတ်၏။ အက်စသာသည် ဒစ်စတိန်း၏လူနာခန်းဝမှာ ကြက်သားအုပ်မကြီးလို စောင့်နေတတ်၏။ ဆူညံသောကလေးများကို မောင်းထုတ်တတ်သည်။

ဒစ်စတိန်းသည် လျင်မြန်စွာ နာလန်ထလာ၏။ ရက်အနည်းငယ်အတွင်း နေရောင်ထဲမှာ သူ ထွက်ထိုင်သည်။ အလဟဿမနေ။ မီးဖိုချောင်အတွက် အာလူး၊ ကြက်သွန်များ အခွံသင်ပေးရင်း အရွယ်ရောက်စပြုသော ကလေးကြီးများနှင့် ပြက်လုံးထုတ်နေတတ်၏။ နှစ်ပတ်မျှကြာသောအခါ သူ ကွင်းထဲဆင်း၍ အလုပ်လုပ်တော့၏။ မကြာမီ သူသည် စခန်းမှ အသန်ဆုံး၊ အငယ်ဆုံး လူငယ်တွေထက်ပို၍ အလုပ်လုပ်နေလေတော့၏။

သူ၏အတိတ်ကို ဘယ်သူမှ သေသေချာချာမသိကြ။ သို့သော် ၁၉၄၈ ခု





လွတ်လပ်ရေးတိုက်ပွဲကာလမှာ သူ အစ္စရေးသို့ ဘယ်ပုံဘယ်နည်းရောက်လာသည်ကိုမူ အက်စသာက ကာရင်ကိုပြောပြဖူးသည်။

ကာရင်ကိုယ်တိုင်လည်း စွန့်စားလိုစိတ်နှင့် ပါလက်စတိုင်းဒေသ အစ္စရေးသို့ လာခဲ့ခြင်း ဖြစ်သည်။

ဒစ်စတိန်းသည် ဒုတိယကမ္ဘာစစ်အတွင်းက စစ္စလီကျွန်းတွင် တာဝန်ကျခဲ့သည်။ ထို့ကြောင့် စစ္စလီကျွန်းရှိ မာဖီးယားဂိုဏ်းနှင့် သိကျွမ်းခဲ့ပုံရသည်။ မာဖီးယားဂိုဏ်းသည် စစ်အပြီး ကြွင်းကျန်ရစ်သောလက်နက်များစွာကို ရလိုက်၏။ ထိုလက်နက်များကို ဒစ်စတိန်းက အစ္စရေးတိုင်းပြည်အတွက် အလိုရှိသည်။ သို့သော် သူ့မှာငွေမရှိ။ ထို့ကြောင့် သူသည် မာဖီးယားဂိုဏ်းအား စက်သေနတ်လက်နက်များစွာကို အာရပ်လက်နက်ကုန်သည်များကို အရောင်းခိုင်းသည်။ အရောင်းအဝယ်ဖြစ်၍ ပစ္စည်းများ လက်ဝယ်လွှဲအပ်ရမည့်နေရာကို သူ့အား အသိပေးပါရန် တောင်းဆိုသည်။ မာဖီးယားတို့သည် ဒစ်စတိန်းဘာလုပ်မည်ကို သိကြသည်။ သူတို့ကလည်း သဘောကျနေကြ၏။ အရောင်းအဝယ်ဖြစ်သွားသည်။ မာဖီးယားတို့သည် ငွေရသွား၏။ ထိုအချိန်မှ ဒစ်စတိန်းနှင့် အဖွဲ့သားများသည် ထိုလက်နက်တင်သင်္ဘောပါ ခိုးယူ၍ အစ္စရေးကို ထွက်ပြေးလာခြင်း ဖြစ်ပေသည်။

အက်စသာ၏ဖြစ်ကြောင်းကုန်စင်ဇာတ်ကို နားထောင်ရင်း ကာရင်သည် အားပါးတရသဘောကျပြီး ရယ်မောလေ၏။ အက်စသာကမူ မျက်နှာပိုးသတ်၍...

"နေဦး ဇာတ်သိမ်းပိုင်း မင်း နားမထောင်ရသေးဘူး၊ ဒစ်စတိန်းတို့တတွေထဲမှာ တက္ကသိုလ်ကျောင်းသားတချို့ပါလို့ လေ့လော့်ရွက်တိုက် နည်းနည်းလုပ်ဖူးတဲ့လူတွေ ပါတယ်၊ တစ်ယောက်က ဆိပ်ကမ်းအလုပ်သမားမို့ လှေသင်္ဘောတွေကို နည်းနည်းသိတယ်၊ သူတို့ရဲ့ရေကြောင်းပညာက ဒါပဲလေ၊ အခု သူတို့က ဟိုတန်လေးတဲ့သင်္ဘောကို ရွက်လွှင့်နေရတယ် မဟုတ်လား၊ သင်္ဘောပေါ်မှာပါတဲ့ မီးမြှောင်နဲ့ စာရွက်စာတမ်းတွေကြည့်ပြီး ဒစ်စတိန်းက မောင်းရတာကိုး၊ စာရွက်ထဲမှာ သင်္ဘောကို ဘယ်လိုစထွက်ရမယ်ဆိုတာပဲ ပါတယ်။ ဘယ်လို ကမ်းကပ်ရပ်ရမယ်ဆိုတာ မပါဘူးတဲ့၊ ဒါနဲ့ သူတို့ဟာ ဟိုက်ဖာဆိပ်ကမ်းထဲကို ဦးတည်တွေ၊ ပဝါတွေ အော်ဟစ်မြှောက်ပစ်ရင်း ဘယ်လိုရပ်ရမှန်းမသိတဲ့ သင်္ဘောကြီးကို ဆိပ်ခံကို ပစ်တိုက်ရင်း ကမ်းကပ်ရတာပဲကွယ့်"

"သူတို့ကို အာဏာပိုင်တွေက ချက်ချင်း ခွင့်လွှတ်လိုက်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန် အစ္စရေးမှာက လက်နက်က ရွှေထက်ရှားနေတာကိုး၊ အဲဒီကစပြီး ဒစ်စတိန်းကို သူတို့က ပင်လယ်ဓားပြလို့ နာမည်ပေးလိုက်ကြတယ်ကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကာရင်သည် အတွေးအိပ်မက်မှ လန့်နိုးလာပြီး ဒစ်စတိန်းကို လှမ်းကြည့်သည်။

ယခု ဘောင်းဘီကို မျက်မှန်ဝိုင်းနှင့် စပျစ်ခြံမှာပေါင်းသင်နေဖောက်လုပ်နေသောသူကား ပင်လယ်ဓားပြနှင့် မတူပါကလားဟု တွေးမိသည်။ သို့တိုင်သူကား ဆွဲဆောင်မှုရှိသူ ဖြစ်သည်။ ကာရင်အနေနှင့် ဖြားယောင်းတပ်မက်လာအောင် လုပ်ချင်လှ၏။ သို့သော် ဘယ်နည်း ဘယ်လမ်းကို အသုံးပြုရမည်မသိ။ သူ့အနေနှင့် သူမကိုခင်တွယ်ခြင်းကား ထင်ရှားသည်။ သူမကိုယ်တိုင်ကလည်း ရေလာမြောင်းပေးစကားများခင်းပြီး သူမကို အလွယ်တကူရနိုင်ကြောင်း သိသာစေခဲ့ပါ၏။ သို့သော် ရွှေကိုယ်တော်က မစခဲ့။ သူ့စိတ်ထဲတွင် သူမကို ငယ်လွန်းသည်၊ အပြစ်မဲ့လွန်းသည်ဟုများ ထင်နေသလားမသိ။ ဒါမှမဟုတ် မိန်းမများကို စိတ်မဝင်စားသည့် လူမျိုး ဖြစ်နေသလားမသိ။

ဒစ်စတိန်းအသံက သူမကို လှန့်လိုက်၏။

"ကဲ... အလုပ်ကတော့ ပြီးသွားပြီဟေ့"

ကာရင်သည် နေကို မော့ကြည့်၏။

"ရှင်က ကျွန်မထက် နှစ်ဆလောက် အလုပ်လုပ်နိုင်တာပဲနော်"

"ဟာ... ဒါကတော့ ကျုပ်က လုပ်နေကျကိုး၊ အနှစ် ၂၀ အတွင်း ဒီစခန်းကို ကျုပ်က သွားချည်ပြန်ချည်နဲ့ အမြဲရောက်နေတာမို့ လုပ်နေကျ ဖြစ်နေလို့ပါ"

သူတို့သည် စခန်းရှိရာ ရွာသို့ ပြန်လာကြ၏။ ကာရင်က...

"ရှင် ဒီစခန်းမှာ မရှိတဲ့အချိန် ဘာတွေလုပ်သလဲဟင်"

"ကျုပ်လား ရေတွင်းထဲမှာ အဆိပ်ရေခတ်တယ်ဗျာ၊ ပြီးတော့ ခရစ်ယာန်ကလေးတွေကို ဖမ်းတယ်"

ကာရင်က အသံထွက်၍ ရယ်မိသည်။ ဒစ်စတိန်းက

"ဒါထက် ဒီမှာနေရတာ မင်းတို့ကာလီဖိုးနီးယားမှာနဲ့ ဘယ့်နှယ့်နေသလဲ"

"ဒီနေရာက တကယ့်နေရာကြီးပါရှင်၊ ဒါပေမယ့် မိန်းမနဲ့ ယောကျ်ားတန်းတူအခွင့်အရေးရဖို့တော့ အများကြီးလုပ်ရဦးမှာပဲ"

"ဗျာ... ဆွေးနွေးရမယ့်အကြောင်းအရာက ကြီးလှချည့်လား"

"ဒီကိစ္စအတွက် ရှင့်မှာ ဘာမှ ပြောစရာ မရှိဘူးလားဟင်"

"ဒီလိုရှိတယ်ကွဲ့၊ ဒီနေရာမှာ မင်းက မှန်တယ်ထင်ပါတယ်၊ ဒါပေမယ့် လူတွေရဲ့လွတ်လပ်ခွင့်ဆိုတာ ဒီအတိုင်း လက်ခံရတာထက် ရုန်းကန်လှုပ်ရှားပြီး ရတာက ပိုကောင်းတယ်ထင်တာပဲ"





"ရှင့်ဆင်ခြေက တယ်ကောင်းပါလား"

ဒစ်စတိန်းက သဘောကျပြီး ရယ်လေ၏။

သူတို့သည် ရွာထဲသို့ ဝင်လာကြ၏။ ယခုအချိန်တွင် ဂိုလန်ကုန်းမြင့်မှ ရန်သူတို့၏အမြောက်သံများ မကြားရတော့သဖြင့် ကလေးတို့ကျင်းများထဲ၌ အိပ်ရန် မလိုတော့ပေ။ သို့သော် ကင်းလှည့်တာဝန်ကမူ ယူနေရဆဲဖြစ်၏။ ဒစ်စတိန်းက ..

"ကျုပ်တော့ မိုတီကို ပုံပြင်သွားဖတ်ပြရဦးမယ်"

"ကျွန်မ မလိုက်ခဲ့ရဘူးလား"

"ရပါတယ်"

ဒစ်စတိန်းသည် သူ၏နာရီကိုကြည့်သည်။

"တို့ ရေမြန်မြန်ချိုးချိန်ပဲ ရမယ်၊ နောက်ငါးမိနစ်ကြာရင် ကျုပ်အခန်းကို လာခဲ့လေ"

သူတို့နှစ်ယောက် လမ်းခွဲလိုက်ကြသည်။ ကာရင်သည် ရေချိုးခန်းရှိရာသို့ လျှောက်သွားရင်း သည်စခန်းမှာ မိဘမဲ့ကလေးဖြစ်ရခြင်းကား နိပ်လှ၏ဟု တွေးမိသည်။ မိုတီဆိုသည့်ကလေးမှာ မိဘမဲ့ဖြစ်သည်။ သူ့အဖေမှာ ပြီးခဲ့သောဒြင်းဒိုက်ပွဲမှာ ကျဆုံးခဲ့ပြီး အမေဖြစ်သူမှာလည်း အာရပ်ပြောက်ကျားများ၏ လက်ချက်နှင့် ကျဆုံးသွားရရှာသူ ဖြစ်သည်။ နှစ်ယောက်စလုံးမှာ ဒစ်စတိန်းနှင့် ခင်မင်သူများ ဖြစ်ကြသည်။ တစ်စခန်းလုံးက မိုတီကို ဝိုင်းပြီး ချစ်ခင်ယုယနေကြ၏။ ဒစ်စတိန်းက အသဲဆုံး...။

ကာရင် ရေမိုးချိုး၊ အဝတ်အစားလဲပြီးသောအခါ ဒစ်စတိန်းအခန်းသို့ လာခဲ့၏။ အခန်းထဲတွင် မိုတီသည် ရောက်နှင့်ပြီးဖြစ်၍ ဒစ်စတိန်း၏ပေါင်ပေါ်မှာထိုင်ကာ လက်မကိုစုပ်ရင်း 'ရတနာကျွန်း' ပုံပြင်ကို နားထောင်နေ၏။

ဒစ်စတိန်းသည် ရတနာကျွန်းပုံပြင်ကို အသံအမျိုးမျိုး၊ ဇာတ်ကောင်သဘာဝ၊ စရိုက်အလိုက်ပြုလုပ်၍ ဖတ်ပြနေခြင်းဖြစ်သည်။

အခန်းတစ်ခန်းဖတ်၍ ပြီးဆုံးသောအခါ ဒစ်စတိန်းနှင့် ကာရင်တို့သည် ကလေးကို သူ့အိပ်ခန်းရှိရာသို့ ပြန်ပို့ခဲ့ကြပြီး ထမင်းစားခန်းသို့ အတူပြန်လာကြ၏။ ကာရင်စိတ်ထဲတွင်မူ သူတို့နှစ်ဦး ယခုလို တပူးတွဲတွဲနေကြပုံကို စခန်းမှ လူများ တမျိုးထင်မှာပဲဟု တွေးနေမိ၏။

ထမင်းစားခန်းတွင် သူတို့ အက်စသာနှင့် တစ်စားပွဲတည်းထိုင်ကြသည်။ အက်စသာက ရယ်စရာပုံပြင်တစ်ခု ပြောပြရာ အားလုံး ရယ်မောကြသည်။ ထိုစဉ် ဒစ်စတိန်းက အပေါက်ဘက်သို့ လှည့်ကြည့်သည်။ ကာရင်လည်း ဒစ်စတိန်း



www.burmeseclassic.com

www.burmeseclassic.com



နည်းတူ လှည့်ကြည့်လိုက်ရာ လူစိမ်း ခပ်ဝဝလူတစ်ယောက်ကို တွေ့ရသည်။ ဒစ်စတိန်း ထိုင်ရာမှ ထ၍ ထိုလူထံ သွားသည်။

အက်စသာက ကာရင်ဘက်လှည့်၍ လေသံတိုးတိုးဖြင့်–

"သူ့အပေါ်မှာ မျှော်လင့်ချက်ထားမနေနဲ့ ကလေး၊ သူက လင်ယောကျ်ား အဖြစ် မွေးလာတဲ့လူ မဟုတ်ဘူး"

ကာရင်သည် အက်စသာကိုကြည့်သည်။ နောက် တံခါးဘက်သို့ ပြန်ကြည့်၏။ ဒစ်စတိန်းတို့ကို မမြင်ရတော့။ တခဏအကြာ မော်တော်ကားတစ်စီး စက်နှိုးသံကြားရပြီး ကားတစ်စီး ထွက်သွားသံကို ကြားရသည်။

အက်စသာသည် ကာရင်၏ပခုံးပေါ်သို့ လက်တင်ပြီး ပခုံးကို လက်ဖြင့် ညှစ်လိုက်သည်။

ကာရင်သည် နောက်ထပ် ဒစ်စတိန်းနှင့် မဆုံရတော့။

*

နက် ဒစ်စတိန်းနှင့် ပီယေဘောတို့သည် အနက်ရောင်ကားကြီး၏နောက်ခန်းမှာ ထိုင်ရင်း လိုက်ပါသွားကြ၏။ ကားကို ဘော၏သက်တော်စောင့်က မောင်းသည်။ သူတို့ကားသည် အမှောင်ထုကို ဖောက်ခွဲ၍ ကားမီးရောင်ဖြင့်သာ ခရီးနှင်နေ၏။ နက် ဒစ်စတိန်း ရင်ထဲမှာ ကြောက်စိတ်များဖြစ်ပေါ်နေ၏။

နက်သည် သူ့ကိုယ်သူ အများကမြင်သလို ဘယ်တော့မှ မမြင်နိုင်သူဖြစ်သည်။ သူသည် ကျွမ်းကျင်လိမ္မာ ထူးချွန်သော အေးဂျင့်စပိုင်တစ်ယောက်ဖြစ်သည်။ ထိုသို့ဖြစ်ကြောင်းကိုလည်း လုပ်ရပ်များစွာတို့က ပြသခဲ့ပြီးဖြစ်၏။ တာဝန်ထမ်းဆောင်ရပြီဆိုသောကာလတွင် လုပ်ငန်းခွင်လှုပ်ရှားမှုများအတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ လုပ်နေရသဖြင့် ကြောက်စိတ်သည် ဘယ်ရောက်နေမှန်း မသိ။

ယခုကား သူ့ကို ဘောက ရှင်းလင်းတင်ပြ တာဝန်ပေးသည့်အချိန် ဖြစ်သည်။ သူ့တွင် ဘာအစီအစဉ်၊ ဘာလှုပ်ရှားမှုမှလုပ်ရန် မရှိသေး၊ မလိုသေး။ သူကျောပေးခဲ့သောစခန်းသည် နေရောင်ရှိသည်။ ငြိမ်းချမ်းသည်။ သစ်ပင်ပန်းမန်များ ဖူးပွင့်ကြသည်။ သူ သွားရမည့်ခရီးလမ်းကား စွန့်စားမှုများ၊ အသက်လုပွဲများ၊ သွေးသံရဲရဲများ၊ နောက်ဆုံး သူ့အသက်ပင် ဆုံးရှုံးနိုင်ဖွယ်ရာလမ်းကြောင်း ဖြစ်သည်။ ထို့ကြောင့် သူသည် ကားထောင့်ကိုကပ်၍ လက်ကို တင်းတင်းပိုက်ကာ လိုက်ခဲ့ခြင်းဖြစ်သည်။ ရင်ထဲမှာ ကြောက်စိတ်လည်း ရှိနေ၏။





မှုန်ဝါးဝါးအလင်းရောင်အောက်တွင် ဘောသည် ပုံပြင်ထဲမှ ဘီလူးကြီးလို ကြီးမားလှ၏။ သူ့ခန္ဓာကိုယ်အဆက်အပေါက်မှာ ထွားကျိုင်းလှသည်။ နှုတ်ခမ်း ထူထူ၊ ပါးစုန့်တွဲတွဲ၊ မျက်လုံးပြူးပြူး မျက်ခုံးထူထူနှင့် လူကြီး... ဘောကို ငယ်စဉ်ကပင် အရုပ်ဆိုးလှသူဟု မြင်ရသူများက ပြောဖူးသည်။ ကြီးလာသည် အထိ အရုပ်ဆိုးသူအဖြစ်သာ ကြီးလာခဲ့၏။ ဘော စိတ်ဂနာမငြိမ်သောအခါတိုင်း မျက်နှာကို လက်ဖြင့်စမ်းသပ်လေ့ရှိသည်။ နှာခေါင်းကို ပွတ်လိုက်၊ နဖူးကို သပ်လိုက်ဖြင့် သူ အရုပ်ဆိုးခြင်းကို မသိစိတ်နှင့် ဖုံးကွယ်သည့်သဘောပင်။

သူတို့နှစ်ဦး စကားပြောရသည်မှာ မလွယ်လှ။ ဘောသည် ပြင်သစ်ကနေဒီယံနွယ်ဖြစ်၍ ဟီဘရူးစကားပြောရာ၌ ပင်ပန်းလှသည်။ ဒစ်စတိန်း၏ ဟီဘရူးသည် ကောင်းလှသော်လည်း ပြင်သစ်စကားကမူ သုံးဖြစ်ရုံသာသာ ရှိသည်။ ထို့ကြောင့် အင်္ဂလိပ်ဘာသာဖြင့်ပြောကြရန် မရည်ရွယ်ဘဲ သတ်မှတ်ထားခဲ့ကြ၏။

ဒစ်စတိန်းသည် ဘော၏လက်အောက်တွင် ဆယ်နှစ်တိုင် အမှုထမ်းခဲ့ပြီး ဖြစ်သော်လည်း ယခုထိ ဘောကို သဘောကျ၍မရ။ သူ့အနေနှင့် ဘော၏တာဝန်ကိုမူ ကိုယ်ချင်းစာ၍ ရပါသည်။ ဘော၏ဒုက္ခ၊ အခက်အခဲများကြောင့် မပြုံးနိုင်မရယ်နိုင်ဘဝကိုလည်း တွေးဆမိပါသည်။ နောက် ဘော၏တာဝန်ရှိသေမှု၊ အလုပ်ကျွမ်းကျင်မှုနှင့် အစ္စရေးထောက်လှမ်းရေးလုပ်ငန်းကြီးအပေါ် သစ္စာစောင့်သိ ရှယ်တာမှုကိုလည်း လေးစားပါ၏။ သို့သော် ဒစ်စတိန်း၏အဘိဓမ္မာစာအုပ်တွင် ထိုအချက်များအားလုံးသည်ပင် လူတစ်ယောက်ကို ခင်မင်တွယ်တာရန် မလုံလောက်သေးပါ။ ဘောအနေနှင့် အကျိုးအကြောင်း ခိုင်လုံသောအချက်အလက်များနှင့် သူ့ကို လိမ်ပြောကြောင်း ဒစ်စတိန်းသိပါ၏။ သို့သော် လိမ်ပြောမှန်းပါ သူ သိနေရသဖြင့် မကောင်းတော့။

ထို့ကြောင့်လည်း ဒစ်စတိန်း ကွင်းဆင်းရပြီဆိုသည်နှင့် ဘောကို ဘာမှ မပြောတော့။ ဘာမှ မတိုင်ပင်တော့။ လိုအပ်သမျှ အပေါ်ယံအကြောင်းကြားမှုလေးများမှအပ၊ ဘာမှ အသိမပေး။ သို့မှသာ ဘော သူ့လုပ်ငန်းတွင် ဝင်ရောက်စွက်ဖက်၍ မရနိုင်တော့။ အနည်းဆုံး အသိပေးလိုက်ခြင်းကြောင့် ဘောအနေနှင့် မလွဲမရှောင်သာသောအခြေအနေတွင် နိုင်ငံရေးသမားများကို ဖွင့်ပြောရသည်။ ထိုမှတစ်ဆင့် တစ်ဖက်ရန်သူထံ သတင်းပေါက်ကြားသွားနိုင်သည်။ သူတို့နှစ်ဦး၏ဆက်ဆံရေးအနေအထားမှာ ဤသို့ပင်။

ကားနက်ကြီးသည် အမှောင်ထုကိုခွဲ၍ တရှိန်ထိုးမောင်းနေ၏။ ဦးတည်ရာခရီးမှာ အစ္စရေးမြို့တော် တဲလ်အဗစ်မြို့ ဖြစ်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောသည် သူ၏ဆေးပြင်းလိပ်သေးသေးရှည်ရှည်ကလေးကို မီးညှိလိုက်ပြီး စကား စတင်ပြောသည်။

"၆ ရက် စစ်ပွဲပြီးတဲ့နောက် တို့ ကာကွယ်ရေးဝန်ကြီးဌာနက ခပ်ထက်ထက်ငနဲလေးတစ်ယောက်က 'အစ္စရေး၏ မလွဲနိုင်သော ကျဆုံးခန်း' ဆိုတဲ့ စာတမ်းတစ်စောင်ရေးပြီး သွင်းသတဲ့ကွ၊ စာတမ်းထဲက ဒီလိုဆိုတယ်လေ၊ တို့ အစ္စရေးတွေဟာ လွတ်လပ်ရေးကာလတုန်းက ချက်ကိုစလိုဗက်က လက်နက်တွေ ဝယ်ခဲ့တယ်၊ နောက် ဆိုဗီယက်ယူနီယံက အာရပ်တွေဘက် ယိမ်းသွားပြီး ပိတ်လိုက်တော့ ပြင်သစ်ဆီက ဝယ်ရပြန်တယ်၊ နောက် အနောက်ဂျာမနီက ဝယ်ရတယ်၊ ဂျာမနီကလဲ အာရပ်တွေသိသွားတာနဲ့ ရပ်ပစ်လိုက်တယ်၊ ပြင်သစ်ကလဲ ၆ ရက်စစ်ပွဲအပြီးမှာ မရောင်းတော့ဘူးလေ၊ အင်္ဂလိပ်နဲ့ အမေရိကန်ကလဲ လက်နက်ကို အစကတည်းက မရောင်းဘူးဆိုတော့ တို့ စျေးကွက်တွေ တဖြည်းဖြည်းပျောက်ကုန်တာပေါ့ကွာ"

ဘောသည် ခဏမျှရပ်ပြီးနောက် ဆက်၍...

"တို့အနေနဲ့ ကြံဖန်ပြီး လက်နက်ရှာဝယ်နိုင်တယ်ပဲ ထား၊ ပြီးတော့ တို့ဘာသာ လုပ်နိုင်တယ်ပဲထား၊ တကယ်တမ်းကျတော့ အရှေ့အလယ်ပိုင်း လက်နက်ပြိုင်ပွဲမှာ အစ္စရေးဟာ အရှုံးကို ရင်ဆိုင်ရမှာ မုချပဲတဲ့၊ နံဘေးဝန်းကျင်က အာရပ်နိုင်ငံတွေဟာ ရေနံသူဌေးတွေမို့ ရှေ့မြင်နိုင်သမျှ အနာဂတ်အတွင်းမှာလဲ ဆင်းရဲဖို့လမ်း မရှိဘူးတဲ့၊ တို့ အစ္စရေးတွေဘက်ကျတော့ အခုနေမှာတော့ ကာကွယ်ရေးအသုံးစရိတ်ဟာ တိုင်းပြည်အနေနဲ့ အတော်ဝန်ပိနေပြီလေ၊ တစ်ဖက်က ရန်သူတွေဘက်ကတော့ လက်နက်တွေကို ဒေါ်လာသန်းကုဋေနဲ့ ချီပြီး ဝယ်ဖို့က အလွယ်လေးပဲ၊ သူတို့က တင့်ကားနှစ်သောင်းဝယ်ရင် တို့က သောင်းနှစ်ထောင်တော့ဝယ်မှ ဖြစ်မှာ မဟုတ်လား၊ အဲဒီလိုနဲ့ အရှည်ဆက်သွားရရင် သူတို့က တစ်နှစ် တစ်နှစ်ကို လက်နက်အင်အား နှစ်ဆတိုးဝယ်ရုံနဲ့ပဲ တို့တိုင်းပြည်က မွဲပြာကျပြီး သေနတ်တစ်ချက်မှ မပစ်ရဘဲနဲ့ အရှုံးပေးရမှာပဲတဲ့... "

ဒစ်စတိန်းသည် ဘာမှဝင်မပြော။ ဘောက ဆက်၍...

"နောက်ဆုံး အရှေ့အလယ်ပိုင်းရဲ့ ရာဇဝင်ကို ကြည့်ရင် မကြာခဏ ကန့်သတ်တဲ့တိုက်ပွဲကြီးတွေတော့ ဖြစ်နေတာပဲ မဟုတ်လား၊ အဲဒီပုံစံကိုက အစ္စရေးအတွက် မကောင်းဘူး၊ အာရပ်တွေဘက်က မကြာခဏ စစ်ပွဲကြီးတစ်ပွဲတလေ ရှုံးတာက ဘာမှ အရေးမကြီးဘူး၊ တို့ကတော့ ရှုံးလို့မဖြစ်ဘူး၊ တို့က တစ်ပွဲရှုံးရင် တိုင်းပြည်ပျောက်ပြီပဲ"





"နိဂုံးချုပ်ကတော့ အစ္စရေးတိုင်းပြည်အနေနဲ့ စပါးကြီးမြွေ အမျိုခံရသလို တဖြည်းဖြည်းမျိုခံရတဲ့အဖြစ်မှ ဖောက်ခွဲ ရုန်းကန်ထွက်ဖို့ပဲ... တဲ့"

ဒစ်စတိန်း ခေါင်းညိတ်လိုက်ပြီး...

"ဒါ အကောင်းမြင်အတွေး မဟုတ်ပါဘူးဗျာ၊ ငြိမ်းချမ်းရေးကို ဖြစ်တဲ့နည်းနဲ့ ယူမယ်ဆိုတဲ့ ငနဲတွေရဲ့ငြင်းချက်မျိုးတွေပါ။ အဲဒီထက်ထက်ငနဲလေးကို ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်မပစ်ဘူးလား"

ဘောက ခေါင်းယမ်းပြလိုက်ပြီး...

"မောင်ရင်ပြောတာ နှစ်ခုလုံးမှားတယ်၊ သူက ဆက်ပြောသေးတယ်၊ ကျုပ်တို့မှာ ဒဏ်ခံနိုင်တဲ့အင်အား၊ နောက်တစ်ခါ ကျုပ်တို့နယ်နိမိတ်ကို ဖြတ်ရောက်လာတဲ့ အာရပ်စစ်တပ်ကို တစ်ခါတည်းရပ်သွားအောင်လုပ်ဖို့ လိုသတဲ့၊ ကျုပ်တို့ ညှုကာလီးယားလက်နက်တွေ ရှိရမယ်တဲ့လေ"

ဒစ်စတိန်းသည် ရုတ်တရက် ကြက်သေသေပြီး ကျောက်ရုပ်လို ငြိမ်သွား၏။ ပြီးမှ သက်ပြင်းရှည်ရှည်တစ်ချက်ကို လေချွန်သံလို မှုတ်ထုတ်လိုက်၏။ သည်အကြောင်းသည် ဖွင့်ဟပြောလိုက်သည်နှင့် တစ်ပြိုင်နက် ကြောက်မက်ဖွယ် အပျက်အတွေးအခေါ်တစ်ခုမှန်း ကွက်ကွက်ကွင်းကွင်း ထင်ရှားသွားလေသည်။ အဏုမြူလက်နက်ဆိုသည်နှင့် အရာရာသည် ပြောင်းလဲကုန်တော့မည်ဖြစ်သည်။ ဒစ်စတိန်းသည် ခဏမျှ ငြိမ်သွား၏။ သူ့ခေါင်းထဲသို့ဝင်ရောက်လာသော အတွေးများကို ပြန်လည်ဆန်းစစ်နေမိသည်။ ဤကိစ္စသည် ဖြစ်နိုင်ပါမည်လော။ အမေရိကန်အစိုးရကကော ကူညီပါမည်လော။ အစ္စရေးအစိုးရ ကက်ဘိနက်အဖွဲ့ကကော ခွင့်ပြုကြပါမည်လော။ အာရပ်နိုင်ငံများကကော မားကိုမားချင်း တုံ့ပြန်သလို အဏုမြူဗုံး၊ အဏုမြူဗုံးချင်း လက်တုံ့ပြန်မတည်ဆောက်ဘဲ နေပါမည်လော။ ဒစ်စတိန်းခေါင်းထဲ အမေးတွေ တစ်သိန်းခန့်ဝင်နေသော်လည်း ပါးစပ်ကမှ...

"သွားစမ်းပါ ဘယ်ကလာ ကာကွယ်ရေးဝန်ကြီးဌာနက ခပ်ထက်ထက်ကောင်လေး စကားမှမဟုတ်ဘဲ၊ ဒါ မိုရှေဒါယမ်းရဲ့ စာတမ်းပဲဟာ"

ဘောက ငြင်းလည်းမငြင်း၊ ဝန်လည်းမခံ လုပ်နေလိုက်၏။

ဒစ်စတိန်းကမူ...

"လွှတ်တော်က လက်ခံလိုက်ရောလား"

"အငြင်းအခုံတော့ လုပ်ကြတာပေါ့လေ၊ လူကြီးပိုင်းလွှတ်တော် အမတ်-တချို့က အရှေ့အလယ်ပိုင်းမှာ ဒီလောက်အခြေအနေထိ မရောက်သင့်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဏုမြူစစ်ပွဲဖြစ်ရင် အကုန်လုံးပြုတ်ကုန်မှာပဲ၊ ဘာဘာညာညာပေါ့လေ၊ ဒါပေမယ့် တကယ့်ပြဿနာငြင်းစရာက ကျုပ်တို့အဏုမြူဗုံးတစ်လုံးလုပ်ရင် အာရပ်တွေကလဲ တစ်လုံးလုပ်မှာပဲ၊ ဒီတော့ ဒုံရင်း ဒုံရင်းပြန်ရောက်ရော မဟုတ်လား"

ဘောသည် အိတ်ထဲမှ ပလတ်စတစ်ဘူးကလေးကို ထုတ်၍ ဒစ်စတီန်းကို ကမ်းလိုက်၏။

ဒစ်စတီန်းသည် ဗူးကလေးကို စူးစမ်းကြည့်၏။ ပြီးမှ....

"ဒါက ဘာလဲ"

"ဖရက်ဒရစ်ရှစ်ဆိုတဲ့ သိပ္ပံပရော်ဖက်ဆာတစ်ယောက် ဖေဖော်ဝါရီလထဲမှာ ကိုင်ရိုရောက်လာတယ်၊ သူဟာ ဩစတြီးယန်းဓာတိ၊ အမေရိကန်မှာ နေတယ်၊ သူဟာ ဥရောပအလည်ခရီးထွက်ရာက ကိုင်ရိုကို ဝင်လည်တာပဲ၊ အဲ... သူ့ ကိုင်ရိုလေယာဉ်စရိတ်ကို အီဂျစ်အစိုးရက ပေးတယ်လေ"

ဒစ်စတီန်းသည် ဘာမှ ဝင်မပြော။ ဘောက...

"ကျုပ်လူတစ်ယောက် သူ့ကို နောက်ယောင်ခံလိုက်ခိုင်းခဲ့တယ်၊ ဒါပေမယ့် သူက ကျုပ်တို့ကောင်လေးကို မျက်ခြည်ပြတ်ပြီး အနောက်ပိုင်းသဲကန္တာရဘက်ကို ၄၈–နာရီကြာသွားခဲ့တယ်၊ အဲဒီအနောက်ပိုင်းမှာ စက်မှုအဆောက်အအုံတွေ တည်ဆောက်နေတာကိုတော့ အမေရိကန်ကြိုဟ်တုဓာတ်ပုံတွေအရ ကျုပ်တို့ သိပြီးသားပဲလေ၊ ရှစ် အဲဒီအနောက်ပိုင်း သဲကန္တာရဘက်က ပြန်လာတော့ ဒီ ပလတ်စတစ်ဗူးကလေးကို သူ့ဆီက တွေ့ရတာပဲ၊ ဗူးကလေးကတော့ လူတစ်ယောက်စီ ကိုင်ဆောင်ရတဲ့ဗူးမျိုးပေါ့၊ အိတ်ထဲမှာ ထည့်ထည့်၊ ရင်ဘတ်မှာ တွယ်တွယ်ပေါ့၊ တကယ်လို့ အဏုမြူဓာတ်ငွေ့ထိရင် ဗူးကလေးထဲမှာပါတဲ့ ဖလင်မှာ လာပြီး ညစ်ထေးထေးစွဲတယ်လေ၊ နျူကလီးယားစက်ရုံတိုင်းမှာလုပ်တဲ့ သူ၊ ဝင်ရောက်လည်ပတ်တဲ့လူတိုင်း ဆောင်ရတဲ့ဗူးကလေးပေါ့"

ဒစ်စတီန်းသည် စောစောကထုတ်မိသော ဖလင်ပြားကလေးကို ဗူးထဲကို ပြည်ထည့်ပြီး ဘောကို ပြန်ပေးသည်။ နောက်မှ လေသံဖြင့်...

"ခင်ဗျားပြောချင်တာက အာရပ်တွေက အဏုမြူဗုံးလုပ်နေပြီပေါ့လေ"

ဘောကမူ လေသံကျယ်ကျယ်ဖြင့်ပင်...

"ဟုတ်တယ်"

"ဒါဆို... လွှတ်တော်က ဒါယန်းကို အဏုမြူဗုံးလုပ်ခွင့်ပေးလိုက်ပြီ ဆိုပါတော့"

"သဘောကတော့ အဲဒီအတိုင်းပါပဲ"





"ဘာ... ဘယ်လို... ဘယ်လို"

"ပြဿနာက အခက်အခဲတွေ ရှိသေးတယ်လေ၊ လုပ်ရမယ့်အလုပ်ကတော့ ရှင်းရှင်းကလေးပါ၊ ရိုးရိုးဗုံးတစ်လုံး လုပ်တတ်တဲ့ လူတိုင်း အဏုမြူဗုံး လုပ်လို့ရတာပဲ၊ အဲ... ရိုးရိုးမဟုတ်တာက အဏုမြူဗုံးလုပ်ဖို့ ပလူတိုနီယံလိုတယ်၊ ပလူတိုနီယံကို အဏုမြူဓာတ်အားစက်ရုံတွေက ရတယ်လေ၊ အမှန်တော့ ပလူတိုနီယံက အဏုမြူဓာတ်အားစက်ရုံရဲ့ အပိုထွက်ပစ္စည်းတစ်ခုပါ၊ မောင်ရင်လဲ ကျုပ်တို့အစ္စရေးနိုင်ငံ နီဂတ်သဲကန္တာရဒေသမှာ အဏုမြူဓာတ်အားစက်ရုံရှိတယ် ဆိုတာ သိတယ်မဟုတ်လား"

"သိတယ်လေ"

"အင်းလေ... ဒါ လူတိုင်းသိနေတဲ့ လျှို့ဝှက်ချက်တစ်ခု ဖြစ်နေပါပြီ၊ အဲ... ကျုပ်တို့မှာက ပလူတိုနီယံထုတ်ဖို့ စက်မရှိသေးဘူး၊ ရှိတယ်ထား အဲဒီအတွက် အဏုမြူလောင်စာ ယူရေနီယံ မရှိဘူး"

ဒစ်စတီန်းသည် မျက်မှောင်ကုပ်လိုက်၏။

"နေပါဦး... နေပါဦး... ကျုပ်တို့မှာ အဏုမြူဓာတ်အားစက်ရုံရှိရင် အဲဒီစက်ရုံမှာသုံးဖို့ အဏုမြူလောင်စာ ယူရေနီယံရှိရမှာပေါ့"

"မှန်တယ် အဏုမြူလောင်စာ ယူရေနီယံကို ကျုပ်တို့က ပြင်သစ်ကဝယ်ရတယ်၊ ဒါပေမယ့် ကမ္ဘာ့အဏုမြူထိန်းသိမ်းရေးစည်းကမ်းချက်အရ အဏုမြူလောင်စာ ယူရေနီယံဓာတ်ကို ဓာတ်အားအတွက် သုံးပြီးရင် အပိုထွက်လာတဲ့ ဓာတ်ချေးကို ပြင်သစ်ကို ပြန်ပေးရတယ်၊ အဲဒီဓာတ်ချေးကနေပြီး ပြင်သစ်က သူတို့ဘာသာ ပလူတိုနီယံဓာတ် ထုတ်ယူပေါ့"

"တခြားနိုင်ငံတွေက ဝယ်သုံးရင်ကော"

"အတူတူပဲ... အဏုမြူအင်အားထိန်းသိမ်းရေး စည်းကမ်းအရ ယူရေနီယံလောင်စာဓာတ်ချေးကို ပြန်ပေးရတယ်"

"ကျုပ်တို့စက်ရုံက လူတွေက လောင်စာဓာတ်ချေး တချို့တစ်ဝက်ကို ဘယ်သူမှမသိအောင် လစ်ထားလိုက်လို့ မရဘူးလား"

"မရဘူး၊ အချိန်အတိအကျရှိတဲ့ အဏုမြူလောင်စာ ယူရေနီယံကို ဓာတ်အားအတွက် သုံးခဲ့ရင် အချိန်အတိအကျရှိတဲ့ အဏုမြူဓာတ်ချေးပဲ ထွက်တယ်၊ အဲဒါကို စနစ်တကျချိန်တွယ်ပြီး ဝယ်ရတာ၊ ပြန်ပေးရတယ်၊ တန်ဖိုးကလဲ သိပ်ကြီး အန္တရာယ်ကလဲ သိပ်များတယ် မဟုတ်လား"

"ဒါဆို ပြဿနာရဲ့အဖြေက ယူရေနီယံကို ရရင် ပြီးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့"

"ဒါဆို ဘယ်လိုလုပ်မလဲ... အဖြေက"

"အဖြေက ရှင်းပါတယ်၊ မောင်ရင်က ယူရေနီယံဓာတ်ကို ခိုးပေးဖို့ပါပဲ"

ဒစ်စတိန်းသည် ကားပြတင်းမှ အပြင်သို့ကြည့်လိုက်၏။ လထွက်လာပြီဖြစ်ရာ နံဘေးဝန်းကျင်ကို မြင်လာရ၏။ သိုးအုပ်တစ်အုပ်ကို အာရပ်တစ်ယောက်က သိုးကျောင်းတုတ်ကို ကိုင်ကာ စောင့်ကြည့်နေ၏။ သမ္မာကျမ်းစာအုပ်ထဲမှ ရှုခင်းအတိုင်း ဖြစ်ပါသည်။ ယခုတော့ ဓာတ်လမ်းက ဤသို့ပါကလား။ နို့နှင့်ပျားရည်ရှိသော အမိနိုင်ငံအတွက် ယူရေနီယံဓာတ်အားကို ခိုးပေးရဦးမည်ပါကလား။ ပြီးခဲ့သောအကြိမ်ကမူ ဒမတ်စကတ်မြို့ရှိ အကြမ်းဖက်ခေါင်းဆောင်တစ်ဦးကို သုတ်သင်ဖို့။ သည့်အလျင်က မွန်တီကာလိုတွင် အာရပ်သူဌေးတစ်ဦးကို ပြန်ပေးဆွဲပြီး အာရပ် အကြမ်းဖက်သမားများကို ငွေကြေးထောက်ပံ့နေခြင်းကို တားဆီးဖို့... ။

ဒစ်စတိန်းအနေနှင့် ဘောတစ်ယောက် နိုင်ငံရေးများအကြောင်း၊ ပရော်ဖက်ဆာရှုဗ်အကြောင်း၊ အဏုမြူဓာတ်အားစက်ရုံများအကြောင်း ပြောကြားနေစဉ်က ဘာမှမတွေးဘဲ နေ၍ရသည်။ ယခု သူနှင့်တိုက်ရိုက်ပတ်သက်သောကိစ္စဖြစ်လာသည်နှင့် ကြောက်စိတ်က ပြန်ပေါ်လာသည်။ ဟိုအတိတ်ငယ်စဉ်က အဖြစ်ဟောင်းကိုလည်း ပြန်သတိရမိသည်။ သူ့ဖခင်ကြီး သေဆုံးပြီးသည့်နောက် သူတို့သားအမိမှာ ကုန်းကောက်စရာမရှိလောက်အောင် မွဲနေကြ၏။ ကြွေးရှင်တွေလာတိုင်း အမေက ပုန်းနေပြီး နက် ဒစ်စတိန်းက အပြင်ထွက်တွေ့ကာ အမေအပြင်သွားကြောင်း ပြောရ၏။ နက်၏အရွယ်မှာ ထိုစဉ်က ၁၃ နှစ်သာရှိသေး၏။ ထိုသို့ ထွက်လိမ်ပြောရသောအတွေ့အကြုံကို ဘယ်တော့မှ မမေ့။ သည်းမခံနိုင်လောက်အောင် အောက်တန်းကျလှသည်ဟု သူထင်သည်။ ကြွေးရှင်များသည် သူလိမ်နေကြောင်းသိသည်။ ကြွေးရှင်များ သိနေကြောင်းကိုလည်း သူက သိသည်။ ထို့ကြောင့် ကြွေးရှင်များက သူ့ကို သနားစက်ဆုပ်သောအကြည့်ဖြင့် ကြည့်တိုင်း သူ့ရင်မှာ စူးရှစွာနာကျင်ခဲ့သည်။ သူ့တစ်သက်တွင် ထိုခံစားချက်ကို ဘယ်တော့မှ မေ့ပျောက်နိုင်မည်မဟုတ်တော့။ ဘောလိုလူစားမျိုးက သူ့အား...

"နာသန်နီယယ်ကလေးရေ... မင်းရဲ့အမိနိုင်ငံတော်အတွက် ယူရေနီယံတွေ သွားခိုးချေပါဦးကွာ"ဟု ပြောကြားလိုက်တိုင်း သူ့ရင်ထဲ၊ သူ့ခေါင်းထဲသို့ ပြန်၍ပြန်၍ဝင်လာစမြဲ ဖြစ်ပါသည်။

သူ၏အမေကိုမူ သူက အမြဲတမ်း...





"ကျွန်တော်လုပ်ဖို့ လိုသလား အမေရယ်"ဟု ပြန်၍ပြောစမြဲ။ ယခု ဒိယေးဘောကိုမူ သူက...

"ကျွန်တော်တို့အနေနဲ့ ယူရေနီယံတွေကို ခိုးဖို့လိုနေရင်လဲ ဘာကြောင့်များ နိုးရိုးတန်းတန်းဝယ်ပြီး နောက်ဆက်ပြီး ဓာတ်ခွဲဖို့အတွက် အသုံးပြုဦးမယ်ဆိုပြီး ပြန်မပို့ပဲ ထားရင်ကောဗျာ"

"အဲဒီလို တို့ကလုပ်လိုက်ရင် ကျုပ်တို့ ဘာလုပ်တော့မယ်ဆိုတာ လူတိုင်းသိသွားကြမှာပေါ့"

"အဲဒီတော့... "

"ယူရေနီယံကို ဓာတ်ခွဲဖို့ဆိုတာကလဲ အချိန်ယူရသေးတယ်၊ လပေါင်းများစွာကြာတာ၊ အဲဒီအချိန်အတွင်းမှာ ၂ ခု ဖြစ်လာနိုင်တယ်၊ နံပါတ် ၁ က အီဂျစ်တွေက သူတို့ရဲ့အစီအစဉ်ကို ပိုပြီး မြန်မြန်ကြီးလုပ်သွားနိုင်တယ်၊ နံပါတ် ၂ က အမေရိကန်က ကျုပ်တို့ကို အဏုမြူဗုံးမလုပ်ဖို့ ဖိအားပေးလာနိုင်တယ်"

"အို... "

ဒစ်သည် ညည်းတွားလိုက်၏။ အခြေအနေကား ထင်သည်ထက် ပိုဆိုးသောပါကလား။ သူက...

"ဒါဆို ကျုပ်က ခင်ဗျားကို ယူရေနီယံတွေ လူမသိ သူမသိခိုးပေးရမယ်ဆိုပါတော့"

"ဘယ်ကမလဲဗျာ"

ဘော၏အသံမှာ စူးရှပြီး လည်ချောင်းသံပါနေ၏။ သူက–

"ဘယ်သူမှ ဒီယူရေနီယံတွေ အခိုးခံရတယ်ဆိုတာ မသိမှ ဖြစ်မယ်၊ ဖြစ်ရမှာက ဒီယူရေနီယံတွေက သူ့ဘာသာပျောက်ဆုံးသွားသလို ဖြစ်ရမယ်၊ ဒီမှ ပိုင်ရှင်နဲ့ ကမ္ဘာ့ယူရေနီယံ ထိန်းသိမ်းရေး အေဂျင်စီကလူတွေ ရှက်သွားပြီး သူတို့ဘာသာ အခိုးခံရမှန်း၊ အလုခံရမှန်းသိတော့ သူတို့ဘာသာပြန်ပြီး ဖုံးကွယ်ကြမှာ"

"ဘာပဲပြောပြော နောက်ဆုံးတော့ ပေါ်မှာပဲပေါ့ဗျာ"

"အင်းလေ ကျုပ်တို့ အဏုမြူဗုံးလုပ်ပြီး လက်ထဲရောက်ပြီးမှ ပေါ်မှဖြင့်မှာ"

သူတို့ကားသည် ဟိုင်ဖာမှ တဲလ်အဗစ်မြို့သို့သွားသော ကမ်းနားလမ်းပေါ်သို့ ရောက်လာ၏။ ညအမှောင်ကိုဖြတ်၍ တအားပြေးနေသောကားပေါ်မှ ညာဘက်ခြမ်းရှိ လရောင်အောက်တွင် စိန်များကြဲဖြန့်သလို ပြိုးပြက်နေသော



www.burmeseclassic.com

www.burmeseclassic.com



မြေထဲပင်လယ်ပြင်ကို ဒစ်စတိန်း မြင်ရ၏။ သူ စကားပြောလိုက်သောအခါ သူ့ လေသံတွင် ပင်ပန်းနွမ်းနယ်မှု ပါနေ၏။ သူက…

“ဒါဆို ကျုပ်တို့အတွက် ယူရေနီယံ ဘယ်လောက်လိုတာတုန်း”

“ဗုံး ၂၂ လုံး လုပ်ချင်တာဆိုတော့၊ အဝါခဲ ပုံသဏ္ဌာန်၊ အဲဒါ ယူရေနီယံ ဓာတ်ပေါင်းအရဆိုရင် တန်တရာလောက်… ”

“ဒါဆို ကျုပ်က ဘယ့်နှယ်လုပ်ပြီး အိတ်ထောင်ထဲ ထည့်လာလို့ ရတော့မလဲ… ”

ဒစ်စတိန်းသည် ပြောရင်း မျက်မှောင်ကုပ်လိုက်သည်။ ဆက်ပြီး…

“အဲဒီ ယူရေနီယံတွေကို ဝယ်ရင် ဘယ်လောက်ကုန်မလဲ”

“အဲ… အမေရိကန် ဒေါ်လာတန်ဖိုးနဲ့ သန်းကျော်ရှိမှာပေါ့”

“ဗျာ… အဲဒါလောက် တန်ဖိုးကြီး ပမာဏများတဲ့ပစ္စည်းကြီး ပျောက်သွားတာကို ပိုင်ရှင်က ရှက်ပြီး ဖုံးကွယ်ထားမယ်လို့ ခင်ဗျားက ထင်သလားဟင်”

“လုပ်နည်းလုပ်ဟန် မှန်ကန်ရင် ဖြစ်နိုင်တာပဲလေ”

“ဘယ်လိုလုပ်ရမှာလဲ ဆိုလေ… ”

“ဒါ မောင်ရင့်တာဝန်ပဲဟာ ပင်လယ်ဓားပြရယ်… ”

ဒစ်စတိန်းက ခေါင်းယမ်းပြရင်း…

“ကျုပ်တော့ ဖြစ်နိုင်မယ်မထင်ပါဘူးဗျာ”

“ဖြစ်အောင် လုပ်ရမှာပဲ၊ ဝန်ကြီးချုပ်ကိုလဲ ကျုပ်တို့ ဖြစ်အောင်လုပ်ပါ့မယ်လို့ ကတိပေးခဲ့ပြီးပြီ၊ ကျုပ်ရာထူးကို လောင်းကြေးထပ်ပါ့မယ်လို့… ”

“ခင်ဗျားရဲ့ သောက်ရာထူးကို ထည့်ပြောမနေစမ်းပါနဲ့ဗျာ”

ဘောသည် ဆေးပြင်းလိပ် အသစ်တစ်လိပ် မီးညှိလိုက်ပြန်၏။ ဒစ်စတိန်း၏ တုံ့ပြန်စကားကြောင့် စိတ်လှုပ်ရှားမှုပြသသည့်သဘော ဖြစ်ပေသည်။ ဒစ်စတိန်းသည် သူ့ဘက်မှ ပြတင်းပေါက်မှန်တံခါးကို ဆေးလိပ်မီးခိုးများထွက်စေရန် ဖွင့်လိုက်၏။ သူက ယခုလို ရုတ်တရက် ရိုင်းရိုင်းစိုင်းစိုင်းပြောဆို တုံ့ပြန်လိုက်ခြင်းသည် ဘော၏ အချိုးမကျသော ကိုယ်နေဟန်ထားကြောင့် မဟုတ်ပေ။ ဘောသည် ဤကဲ့သို့ပင် သူ့ကို ဘယ်သူက ဘယ်လိုထင်ထင်၊ ဘယ်လိုမြင်မြင်၊ ကိုယ်လုပ်စရာရှိသည်ကို လုပ်တတ်သည့်လူမျိုး၏ သဘာဝပင်ဖြစ်သည် မဟုတ်ပါလား။ ဒစ်စတိန်း စိတ်လှုပ်ရှားသွားသည်က သူ့မျက်လုံးထဲတွင် ဂျေရုဆလင်နှင့် ကိုင်ရိုမြို့ပေါ်တွင် ရုတ်တရက်ပေါ်ပေါက်လာသည့် အဏုမြူမှိုပွင့် မီးခိုးလုံးကြီး သဏ္ဌာန်ကို မြင်ယောင်လာ၍ပဲ ဖြစ်သည်။ အဏုမြူပေါက်ကွဲမှုများကို နိုင်းလ်





မြစ်နံဘေးမှ ဝါဂွမ်းကွင်းများပေါ်မှလည်းကောင်း၊ ဂါလိုင်လီ ပင်လယ်ကမ်းခြေမှ စပျစ်ခြံများပေါ်မှလည်းကောင်း မြင်ယောင်လာ၍ပဲဖြစ်သည်။ အရှေ့အလယ်ပိုင်း တစ်ခုလုံး မီးလောင်ပြီး တစပြင်ကြီး ဖြစ်သွားပြီး၊ လူသားဆက်ကြီးတစ်ခု ရှုပ်ပျက်ဆင်းပျက် ဖြစ်သွားသည်ကို မြင်ယောင်လာ၍ဖြစ်သည်။

သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး…

“ကျုပ်တော့ ငြိမ်းချမ်းရေးနည်းဟာ အကောင်းဆုံးလမ်းပဲ ရွေးဖို့သင့်တယ် ထင်တာပဲဗျာ”

ဘောက ပခုံးတွန့်ပြ၏။ သူက…

“မပြောတတ်ဘူးလေ ကျုပ်က နိုင်ငံရေးနဲ့ ပတ်မှမပတ်သက်တာ”

“သွားစမ်းပါ လုပ်မနေစမ်းပါနဲ့”

ဘောသည် သက်ပြင်းချလိုက်၏။

“ဒီမှာ နက် အီဂျစ်တွေမှာ ဗုံးတစ်လုံးရှိနေမယ်ဆိုရင် ကျုပ်တို့ အစ္စရေးမှာကော ဗုံးတစ်လုံးရှိသင့်တယ် မထင်ဘူးလား”

“ဒီလိုကြေးသာဆိုရင် ကျုပ်တို့ သတင်းစာရှင်းလင်းပွဲတစ်ခု လုပ်ရုံပေါ့ဗျာ၊ အီဂျစ်တွေက အဏုမြူဗုံးလုပ်နေပါပြီလို့၊ တစ်ကမ္ဘာလုံးက ဝိုင်းကန့်ကွက်ဆူဆီးကြလိမ့်မယ်ပေါ့၊ ခုတော့ မဟုတ်ပေါင်၊ ကျုပ်တို့အစိုးရကိုယ်တိုင်ကလဲ လုပ်ချင်နေတယ် ထင်တာပဲ၊ အကြောင်းပြချက်ကောင်းကောင်းရလို့ ဝမ်းတောင်သာနေသေး ထင်ပါရဲ့… ”

ဘောက…

“အစိုးရက မှန်ချင်မှန်နေမှာပဲလေ၊ ကျုပ်တို့အနေနဲ့ နှစ်နှစ် သုံးနှစ်ကြာခြင်း စစ်ပွဲတစ်ပွဲ တိုက်မနေနိုင်ဘူးလေ၊ တစ်ပွဲပွဲကျရင် ကျုပ်တို့ ရှုံးသွားနိုင်တယ်”

“ကျုပ်တို့က ငြိမ်းချမ်းရေးလုပ်နိုင်တာပဲ”

ဘောသည် ဒေါသထွက်လာပြီး…

“မောင်ရင်က ဒီလောက်ထုံသလားဟင်… ”

နက် ဒစ်စတိန်းကမူ ဘောဝေဖန်သံကို အရေးမထားဘဲ ဆက်၍…

“ကျုပ်တို့က တချို့အချက်တွေ လိုက်လျောရင်၊ ဥပမာ အနိုင်ရထားတဲ့ မြေတွေပြန်ပေးရင်၊ အစ္စရေးမှာနေထိုင်ကြတဲ့ အာရပ်လူမျိုးတွေကို တူညီတဲ့ အခွင့်အရေးပေးရင်”

“ခုလဲ အာရပ်တွေမှာ တူညီမျှတတဲ့ အခွင့်အရေး ရနေတာပဲကွ”

ဒစ်စတိန်းက ခပ်ယဲ့ယဲ့ပြုံးလိုက်ရင်း–



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက တယ်ထုံတာပဲကိုး"

ဘောသည် သူ့ကိုယ်သူ ကြိုးစားထိန်းသိမ်းရင်း...

"ဒီမှာ နားထောင်..."

ဒစ်စတိန်းအနေနှင့် ဘော၏ခေါသကို နားလည်၍ ရပါသည်။ အစ္စရေး လူမျိုးတိုင်းမှာ ရှိနေတတ်သည့်သဘာဝပင် မဟုတ်ပါလား။ လွတ်လပ်သော အတွေးအခေါ် လွှမ်းမိုးလာလျှင် အန္တရာယ်ကရှိလာမှာပဲ၊ စိုးရိမ်တတ်ကြစမြဲဖြစ် သည်။ လွတ်လပ်စွာတွေးခေါ်ပြီး အခွင့်အရေးတစ်ခုကို ပေးလိုက်ရလျှင် နောက် ထပ်အခွင့်အရေးတွေ ထပ်ပေးရပြီး၊ နောက်ဆုံး အစ္စရေးနိုင်ငံတစ်ခုလုံးကို အာရပ် တွေလက်ထဲသို့ ဝကွက်အပ်ရမည့်အခြေအနေမျိုး ရောက်လာမည်ဟု စိုးရိမ်တတ် စမြဲ။ ဤအတွေးအခေါ်သည် အစ္စရေးလူမျိုးတိုင်းမှာ အသည်းနှစ်အောင် အမြစ် တွယ်နေပြီး ဖြစ်သည်။

ဘောက...

"ဒီမယ် နားထောင်... ကျုပ်တို့ မွေးရာပါအခွင့်အရေးကို နှစ်ပြားတပဲနဲ့ ရောင်းပစ်ချင် ရောင်းပစ်မယ်၊ ဒါပေမယ့် ဒါ တကယ့်လူ့လောက ကမ္ဘာ၊ တိုင်းပြည်ကလူတွေက ငြိမ်းချမ်းရေးကို ဖြစ်တဲ့နည်းနဲ့ ရအောင်လုပ်ဖို့ မဲပေးမှာ မဟုတ်ဘူး၊ မောင်ရင့်ရဲ့ရင်ထဲ အသည်းထဲကလဲ သိပါတယ်၊ အာရပ်တွေကလဲ ငြိမ်းချမ်းရေးကို မြန်မြန်ကြီးလိုချင်နေကြတာ မဟုတ်ပါဘူး၊ ဒီတော့ လက်တွေ့ ကျကျ ဒီကမ္ဘာမှာ ကျုပ်တို့ဟာ တိုက်နေရဦးမှာပဲ၊ အဲ... တိုက်နေရဦးမယ်ဆိုရင် နိုင်မှဖြစ်မယ်၊ နိုင်ဖို့ရာ သေချာဖို့ဆိုရင် မောင်ရင်က ယူရေနီယံတွေ ခိုးသ ရမှာပဲ..."

ဒစ်စတိန်းက မျက်မှောင်ကုပ်လိုက်ပြီး...

"ကျုပ် ခင်ဗျားကို မကျေနပ်ဆုံးကိစ္စက ခင်ဗျားဟာ အမြဲတမ်းမှန် တာကိုပဲ..."

ဘောက ဆေးဖြင့်လိပ်တိုကို ကားပြတင်းပေါက်မှ အပြင်ဘက်သို့ လွှ ပစ်လိုက်၏။ ပြီးမှ–

"မောင်ရင်လဲ သိပါတယ်၊ ကျုပ်လူတွေအများစုဟာ တာဝန်တစ်ခု တိုင်း နိုင်ငံရေးအချေအတင် ဆွေးနွေးမနေရပါဘူး၊ သူတို့ဟာ ပေးတဲ့တာဝန် ဒီအတိုင်းပဲ တာဝန်သိအမှုထမ်းတွေလို ယူသွားကြတာချည်းပါပဲ..."

"ကျုပ်တော့ မယုံပါဘူးဗျာ၊ ဒီတိုင်းပြည်ကိုက ယုံကြည်ချက်တိုင်းဖြ မဟုတ်လား၊ နို့မဟုတ်ရင် အလကားပဲပေါ့..."





"အင်းလေ ဟုတ်မှာပေါ့..."

ဒစ်စတိန်းက မျက်နှာတည်သွားပြီး...

"တစ်ခါတုန်းက ဂူဖဂန်ဆိုတဲ့ လူတစ်ယောက်ကို သိဖူးတယ်၊ သူ့ပါးစပ်က 'ကျုပ် တာဝန်အရ လုပ်ရတာပါ'လို့ အမြဲတမ်းပြောပြီး ကျုပ်ခြေထောက်ကို အကြိမ်ကြိမ် ရိုက်ချိုးပစ်ခဲ့တာပဲ"

ဘောက သက်ပြင်းချလိုက်၏။

"အင်းပါ... မောင်ရင် အလျင်က ပြောဖူးပါတယ်"

*

ကုမ္ပဏီတစ်ခုက စာရင်းကိုင်တစ်ယောက်ကို ငှားရမ်း၍ စာရင်းဇယားများ ပြုစု ခိုင်းလိုက်သောအခါ ထိုစာရင်းကိုင်၏ပထမဆုံးအလုပ်သည် စာရင်းဇယားများ ပြုစုရန် များပြားလှသဖြင့်ဟု အကြောင်းပြ၍ လက်ထောက်စာရင်းကိုင်တစ်ယောက် ကို ပထမဆုံး ငှားရမ်းတတ်လေသည်။

စပိုင်လုပ်ငန်းလည်း ထိုနည်းခပ်ဆင်ဆင်ပင် ဖြစ်ပါသည်။

တိုင်းပြည်တစ်ပြည်က ထောက်လှမ်းရေးအေဂျင်စီတစ်ခု ဖွဲ့စည်းပြီး န်းချင်းနိုင်ငံတစ်ခုတွင် တင့်ကားဘယ်နှစ်စီး ရှိကြောင်း၊ ဘယ်မှာထားကြောင်း န်းရန် တာဝန်ပေး၏။ ထိုတာဝန်ကို ထမ်းဆောင်ရန်အတွက် ပြည်တွင်းမှာပင် ဝန်တွေများပြားနေသောကြောင့် နောက်ထပ် စပိုင်အေးဂျင့်အဖွဲ့ ထပ်မံဖွဲ့၍ ရသလိုမျိုးပင် ဖြစ်ပါသည်။

၁၉၅၅ ခုနှစ် အီဂျစ်ပြည်တွင် ထိုအဖြစ်မျိုးနှင့် ကြုံနေရပါသည်။ အီဂျစ် ၏ထောက်လှမ်းရေးအဖွဲ့မှာ နှစ်ဖွဲ့ဖြစ်နေ၏။ စစ်ထောက်လှမ်းရေးအဖွဲ့က ရေး၏တင့်ကားများဦးရေကို ရေတွက်နေရပြီး၊ ကျန် အထွေထွေထောက်လှမ်း အဖွဲ့ကမူ အမှတ်ယူနေပါ၏။

ထိုထောက်လှမ်းရေးနှစ်ဖွဲ့စလုံး၏ တာဝန်ရှိသူကို ထောက်လှမ်းရေးဒါရိုက် ဂျင်နရယ်ဟု ခေါ်ဝေါ်ပါသည်။ ပို၍ရှုပ်ထွေးစေရန်အတွက် ထိုဒါရိုက်တာ နရယ်ကြီးသည် စာအုပ်ကြီးအရ ပြည်ထဲရေးဝန်ကြီးထံသို့ အစီရင်ခံစာတင် ပါသည်။ သို့သော် စပိုင်လုပ်ငန်းအတွက် အမြဲဖြစ်လေ့ ဖြစ်ထရှိသည့်ကိစ္စ တိုင်းပြည်ခေါင်းဆောင်လုပ်သူက အမြဲပါဝင်တာဝန်ယူရခြင်း ဖြစ်ပါသည်။ ကြောင်းနှစ်ချက်ကြောင့် ဖြစ်ပါသည်။ ပထမအကြောင်းမှာ စပိုင်တို့၏ လုပ်ငန်း ထောက်လှမ်းရခြင်း၊ မဟုတ်တာမှန်သမျှ အကုန်လုပ်ရခြင်း ဖြစ်သဖြင့် သမ္မတ



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ဝန်ကြီးချုပ်အနေဖြင့် ၎င်းဌာနကို မျက်ခြည်မပြတ်စောင့်ကြည့်ရန် လိုအပ်သောကြောင့် ဖြစ်ပါသည်။ ဒုတိယအကြောင်းကား ထောက်လှမ်းရေးလုပ်ငန်းသည် အာဏာ၏အခြေခံဖြစ်ရကား တိုင်းပြည်ခေါင်းဆောင်အနေဖြင့် လိုလိုလားလား အမြဲသိရှိနေလိုသောကြောင့် ဖြစ်ပါ၏။

ထို့ကြောင့် အီဂျစ်ပြည် ကိုင်ရိုမြို့ရှိ ထောက်လှမ်းရေးအဖွဲ့၏ ဒါရိုက်တာဂျင်နရယ်ကြီးသည် သူ၏လုပ်ရပ်မှန်သမျှကို သမ္မတကြီးထံ တိုက်ရိုက်သော်လည်းကောင်း၊ သမ္မတရုံးခန်းမှ နိုင်ငံခြားရေးဝန်ကြီးထံသို့ လည်းကောင်း သတင်းပို့ရစမြဲ ဖြစ်ပါသည်။

တော်လဖစ်ကို စစ်ဆေးသတ်ပစ်ခဲ့ပြီး အပြည့်အစုံကို ပီယေဘောသို့ သတင်းပေးခဲ့သော အရပ်မြင့်မြင့် အာရပ်ကြီးသည် ကာဝပ်ဖြစ်ပြီး၊ ထောက်လှမ်းရေး ဂျင်နရယ်၏ရုံးမှာ အမှုထမ်းသူဖြစ်၏။ သူသည် ထူးချွန်သော ထောက်လှမ်းရေးအရာရှိဖြစ်ပြီး ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီသူ ဖြစ်ပေသည်။ သို့သော် ဘာသာရေးကိုင်းရှိုင်းမှု ကြီးမား၍ အသိခက်လှသူ ဖြစ်ပေသည်။ သူသည် သမ္မာကျမ်းစာအရ အဖဘုရား ကတိပေးထားသောမြေသို့ ဂျူးများ ပြန်လည်ရောက်ရမည်ဟူသော အယူအဆကို ယုံကြည်သူဖြစ်သည်။ ထို့ကြောင့် ထိုအဖြစ်ကို ဆန့်ကျင်ရန်မှာ အပြစ်ရှိသည်ဟု ယုံကြည်သူဖြစ်သည်။ ထိုအဖြစ်ကို ကူညီခြင်းသည် မြင့်မြတ်သည်၊ ကုသိုလ်ရသည်ဟု ယုံကြည်သူဖြစ်၏။ ထို့ကြောင့် ကာဝပ်သည် နှစ်ဖက်လွှ စပိုင်တစ်ယောက် ဖြစ်လာခြင်းပေတည်း။

သူ လုပ်ကိုင်နေသောအလုပ်နှင့် သူ ယုံကြည်၍ ထမ်းဆောင်နေရသော တာဝန်တို့ကြောင့် ကာဝပ်သည် တစ်ကိုယ်ထီးတည်း အထီးကျန်သမား ဖြစ်လာ၏။ အပေါင်းအသင်း မိတ်ဆွေများနှင့် တဖြည်းဖြည်း ပို၍အနေဝေးလာ၏။ သူ့ရည်ရွယ်ချက်မှာ နောင်ဘဝသို့ ရောက်ရှိရေးသာဖြစ်သည်။ ယခုဘဝ သူ့အလုပ်မှာ သူ၏ထောက်လှမ်းရေးတာဝန်၌ အမှတ်များစွာရရှိရန်သာ ဖြစ်သည်။ သူသည် အစ္စရေးထောက်လှမ်းရေးသမား ပီယေဘောနှင့် များစွာတူညီလှ၏။ ကွာခြားမှုကား ကာဝပ်သည် ပျော်ပျော်ရွှင်ရွှင် ရှိနေခြင်းပင်။

ယခုလတ်တလော အခြေအနေ၌မူ ကာဝပ်သည် စိတ်ရှုပ်ထွေးနေရ၏။ ယခုအချိန်အထိ ပရော်ဖက်ဆာရှုဗ်ကိစ္စနှင့် ပတ်သက်၍ သူ့ဘက်မှ အမှတ်လျော့နေ၏။ အကြောင်းမှာ ပရော်ဖက်ဆာရှုဗ်တို့၏ ကွာတာရာစီမံကိန်းသည် သူ တာဝန်ယူရသော အထွေထွေထောက်လှမ်းရေး၏ လက်အောက်မှာ မရှိဘဲ တခြားဌာနဖြစ်သော စစ်ထောက်လှမ်းရေးလက်အောက်မှာ ရှိသောကြောင့် ဖြစ်သည်။





သည်သို့ဖြစ်စေ ကာဝပ်သည် ထပ်ပြန်တလဲလဲ သုံးသပ်၍ အစီအစဉ်ချမှတ်ကာ ဆိုကွာတာရာစီမံကိန်း လုပ်ငန်းတွင်းသို့ ဖောက်ထွင်းလေ့လာရန် စီမံထား၏။

ကာဝပ်တွင် ညီအစ်ကိုဝမ်းကွဲ တစ်ယောက် ရှိသည်။ သူ၏အမည်မှာ ဟာစန်ဖြစ်ပြီး အထွေထွေထောက်လှမ်းရေးဌာနတွင် အမှုထမ်းသူ ဖြစ်သော်လည်း စစ်ထောက်လှမ်းရေးဌာနနှင့် ဆက်သွယ်ရသောတာဝန် ယူရသူဖြစ်သည်။ တာဝန်မှာ ရာထူးအရ ကာဝပ်ထက် ပို၍ကြီးသော်လည်း ကာဝပ်က ပို၍ ပါးနပ်လိမ္မာသည်။

ညီအစ်ကိုနှစ်ယောက် ကဖီးဆိုင်အစုတ်ကလေးတစ်ခုတွင် ထိုင်နေကြ၏။ ကာဝပ်သည် ဟာစန်မှတစ်ဆင့် ကွာတာရာဒေသ စီမံကိန်းထဲသို့ ဖောက်ထွင်း ထောက်လှမ်းရန် ရည်ရွယ်ချက်ရှိသည်။ သူ့တွင် နည်းလမ်းရှိပြီး ဖြစ်သည်။ သို့သော် ဟာစန်ကိုယ်တိုင်က လိုလိုလားလားဖြစ်အောင် ပြောဆိုနိုင်မှ ဖြစ်မည်ကို သိသည်။ သူသည် တိုက်ရိုက်တဲ့တိုးဖြစ်အောင် စကားစလိုက်၏။

"ညီတော်မောင် ကွာတာရာဒေသမှာ ဘာတွေလုပ်နေသလဲဆိုတာ ညီတော်မောင် သိပါသလား"

နှုတ်ခမ်းမွေးထားသော ဟာစန်မျက်နှာမှာ သတိထားသောဟန်သို့ ရောက်သွား၏။ သူက...

"ခင်ဗျား ဘာမှမသိဘူးဆိုရင် ကျွန်တော်လဲ ပြောပိုင်ခွင့်မရှိဘူး"

ကာဝပ်သည် ဟာစန် သူ့အပေါ် နားလည်မှုလွဲမှားနေကြောင်း ခေါင်းခါပြလိုက်၏။

"ကျုပ်က လျှို့ဝှက်ချက်ကို ဖော်ထုတ်ပြောဆိုဖို့ ပြောနေတာ မဟုတ်ပါဘူး၊ ပြီးတော့ ကျုပ်ဘာသာလဲ ဘာစီမံကိန်းဆိုတာ တွေးဆနိုင်ပါတယ်၊ ကျုပ်စိတ်အနှောင့်အယှက်ဖြစ်နေတာက အဲဒီစီမံကိန်း မာရာဂျီလက်အောက် ရောက်နေတာကိုပါ"

"ဘာကြောင့်များပါလိမ့်"

"မင်းအတွက် ပြောတာပါ၊ မင်းရဲ့ရာထူးအတွက် စဉ်းစားနေတာပါ"

"ဒါလား... ဒါကိုတော့ ကျုပ် မပူပါဘူးဗျာ"

"ခုတော့ ပူဖို့ကောင်းပြီ၊ မာရာဂျီက မင်းရဲ့ရာထူးကို မျက်စောင်းထိုးနေတာ၊ ဒါကိုတော့ မင်းသိမှာပါလေ"

ဟာစန်က ဘာမှမပြောသဖြင့် ကာဝပ်က ဆက်၍...

"အခုဆိုရင် မာရာဂျီက ဝန်ကြီးဌာနကို တိုက်ရိုက် အစီရင်ခံနေရတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟာစန်က ကာကွယ်သောအားဖြင့်...

"ကျုပ်က စာရွက်စာတမ်းတွေ အကုန်လိုက်ကြည့်ပြီးမှ အစီရင်ခံရတာပါ"

"စာရွက်စာတမ်းတွေကတော့ ဟုတ်တာပေါ့၊ သူ့ပါးစပ်က ဝန်ကြီးကို ကိုယ်တိုင်ကိုယ်ကြပ် ဘယ်လောက်ပြောနေသလဲမှန်းမှ မသိတာ၊ အခုဆိုရင် သူ့အခြေအနေက အတော်ကောင်းနေပြီ... "

ဟာစန်သည် မျက်မှောင်ကုပ်လိုက်၏။

"ဒါထက် ကွာတာရာဘက်က စီမံကိန်းအကြောင်း ဘယ်လိုလုပ် ခင်ဗျား သိတာလဲ"

ကာဝပ်သည် နံရံကိုမှီ၍ ထိုင်လိုက်၏။

"မာရာဂျီရဲ့ လူတစ်ယောက်ဟာ ကိုင်ရိုမှာ ဘော်ဒီဂတ်အလုပ်ကို လုပ်နေတုန်းမှာ သူတို့နောက်ကို တစ်ယောက်ယောက် နောက်ယောင်ခံလိုက်နေတာကို သိရတယ်လေ၊ မာရာဂျီတို့မှာက ကိုင်ရိုမှာ လှုပ်ရှားနိုင်တဲ့လူ မရှိတော့ ကျုပ်ဌာနကို အကူအညီတောင်းခဲ့တယ်လေ၊ ဒါနဲ့ ကျုပ်လူတွေက သူတို့အဖွဲ့နောက်ကို နောက် ယောင်ခံလိုက်နေတဲ့ အစ္စရေးအေးဂျင့် တော်လဖစ်ကို ဖမ်းဆီးပေးခဲ့ပါတယ်... "

ဟာစန်သည် မကျေမနပ်ဖြင့်...

"နောက်ယောင်ခံ အလိုက်ခံရအောင်နေတာကပဲ ဆိုးလှပြီ၊ ခုတော့ တခြားအဖွဲ့ကို အကူအညီတောင်း ဖမ်းခိုင်းရတယ်ဆိုတော့ အဖြစ်ဆိုးပါဗျာ... "

"ဒါကိုအကြောင်းပြုပြီး ကျုပ်တို့ တစ်စုံတစ်ရာကို လုပ်နိုင်ကောင်း လုပ်နိုင်ကြမှာပါ ညီတော်မောင်... "

ဟာစန်သည် သူ၏နှာခေါင်းကို လက်နှင့်ပွတ်လိုက်၏။

"ဆက်ပြောပါဦးလေ"

"ဒါရိုက်တာ ဂျင်နရယ်ကို တော်လဖစ်အရေးအခင်းကို တင်ပြပြီးတော့ မာရာဂျီဟာ ထိုက်တန်သလောက် အရည်အသွေးရှိတဲ့လူ ဖြစ်ပေမယ့် ငယ်ပြီး အတွေ့အကြုံမရှိတော့ မှားတတ်ကြောင်း၊ အခုလိုနေရာမျိုးကျတော့ အရွယ်လဲရ၊ အတွေ့အကြုံလဲ ရှိပြီးဖြစ်တဲ့ ညီတော်မောင်လိုလူမှ ဖြစ်မယ့်အကြောင်းကို ပြောပြီးတော့ ကွာတာရာစီမံကိန်းလို အရေးကြီးတဲ့နေရာကို ညီတော်မောင်ရဲ့ လက်အောက်မှာထားဖို့ ကောင်းတဲ့အကြောင်း ပြော၊ နောက်ပြီးတော့မှ အဲဒီ စီမံကိန်းမှာ ယုံကြည်ရတဲ့ လူတစ်ယောက်ကို ညီတော်မောင်က တာဝန်ပေးထားပေါ့... "





ဟာစန်သည် ဖြည်းဖြည်းချင်း ခေါင်းညိတ်လိုက်၏။

"ကောင်းသားပဲ"

ကာဝပ်သည် အောင်မြင်နိုင်သောအရိပ်အခြည်ကို မြင်လာရသဖြင့် ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်ကာ...

"ဒါရိုက်တာ ဂျင်နရယ်က ဒီလိုအရေးကြီးတဲ့နေရာတစ်ခုရဲ့ အထူးလုံခြုံရေးကိစ္စမှာ ပေါ့ဆတာကို တွေ့သိသွားရမယ်၊ ပြီးတော့ ညီတော်မောင်အနေနဲ့လဲ မာရာဂျီ ခြေလှမ်း လှမ်းသမျှကို သိနေနိုင်တာပေါ့"

ဟာစန်က...

"ဒါ အလွန်ကောင်းတဲ့ အကြံအစည်ပါပဲ၊ ကျွန်တော် ဒါရိုက်တာ ဂျင်နရယ်ကို ကနေ့ပဲ ပြောလိုက်မယ်၊ ဒီအတွက် အစ်ကိုတော်ကို ကျေးဇူးတင်ပါတယ်"

ကာဝပ်အနေနှင့် ပြောစရာတစ်ခု ကျန်ပေသေးသည်။ အရေးကြီးဆုံး ပြောစရာစကား ဖြစ်ပါ၏။ သို့သော် ထိုစကားကို အကောင်းဆုံးအခြေအနေ ရောက်မှ ပြော၍ဖြစ်နိုင်မည်။ သည်တော့ ထပ်စောင့်ဦးမှဟု သူ ဆုံးဖြတ်လိုက်၏။ သူသည် ထိုင်ရာမှ ထလိုက်ပြီး...

"ဒါတော့ ညီတော်မောင်ဟာ ကျုပ်ရဲ့ အရာရာ ကိစ္စမယ် ကူညီဆောင်ရွက်ခဲ့တဲ့ ကျေးဇူးရှင်ပဲဟာ"

သူတို့နှစ်ဦးသည် လက်ချင်းချိတ်၍ ဆိုင်ထဲမှ ထွက်လာခဲ့ကြလေ၏။ ဟာစန်က...

"အဲဒီနေရာကိုလွှတ်ဖို့ အသင့်တော်ဆုံးလူတစ်ယောက် ကျုပ် အမြန်ဆုံး ရှာမှ ဖြစ်မယ်"

"အား... ဟုတ်တာပေါ့"

ကာဝပ်သည် ယခုမှ အသေးအဖွဲ့ကိစ္စကလေးတစ်ခုကို သတိရသောလေသံဖြင့်...

"ကျုပ်စိတ်ထဲမှာ အခုပဲ အဲဒီနေရာအတွက် အံဝင်ခွင်ကျလူတစ်ယောက် မြင်လာတယ်၊ သူဟာ ဉာဏ်ရှိတယ်၊ သိပ်သိပ်သည်းသည်းနဲ့ နှုတ်လုံတယ်၊ ကြံရည်ဖန်ရည် ရှိတယ်၊ ကျုပ်ဆုံးသွားတဲ့ မယားရဲ့ မောင်တစ်ယောက်ရဲ့ သားကလေးပေါ့"

ဟာစန်မျက်လုံးများသည် ရုတ်တရက် ကျဉ်းမြောင်းသွား၏။ သူက...

"ဒါဆိုရင် အဲဒီငနဲလေးက ခင်ဗျားဆီကိုလဲ သတင်းပို့ပေးနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကာဝပ်က စိတ်ထိခိုက်သွားသည့်အလား။

"ဒီလိုအခွင့်အရေး တောင်းမိတာ မှားသွားတယ်ဆိုရင်လဲ"

ကာဝပ်သည် လက်နှစ်ဖက်ကို ဖြန့်၍ ပခုံးကို တွန့်လိုက်ပြီး စိတ်လျှော့ပါပြီဟူသော အမူအရာ လုပ်ပြ၏။

ဟာစန်က...

"မများပါဘူးလေ ကျုပ်တို့ဟာ အမြဲ တစ်ဦးကိုတစ်ဦး အကူအညီပေးခဲ့ကြတာပဲဟာ"

သူတို့နှစ်ဦးသား ခွဲရမည့်လမ်းဆုံသို့ ရောက်လာ၏။ ကာဝပ်က...

"ဒါဆို အဲဒီကောင်လေး ညီတော်မောင့်ဆီကို လွှတ်လိုက်ပါ့မယ်၊ သူဟာ တကယ်စိတ်ချယုံကြည် မျက်နှာလွှဲရတဲ့လူ ဖြစ်ကြောင်း တွေ့ရပါလိမ့်မယ်ဗျာ"

ဟာစန်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ"

*

ပီယေဘောသည် နက် ဒစ်စတိန်းကို လွန်ခဲ့သောအနှစ် ၂၀ ကတည်းက သိခဲ့သူဖြစ်ပါသည်။ ၁၉၄၈ ခုနှစ်က ဆိုလျှင် နက် ဒစ်စတိန်းသည် လက်နက်များတင်ဆောင်ထားသည့် သင်္ဘောတစ်စီးကို ရအောင် ရောက်အောင် ခိုးလာနိုင်သည့်တိုင်အောင် အေးဂျင့်ကောင်းတစ်ယောက် ဖြစ်နိုင်မည်ဟု မယူဆခဲ့။ ထိုလူငယ်လေးသည် ပိန်ပိန်ပျော့ပျော့ အူကြောင်ကြောင်နှင့် ဘယ်သို့မှ မျှော်လင့်စရာမရှိခဲ့။ ထို့ကြောင့်လည်း နက် ဒစ်စတိန်းကို စမ်းသပ်ခိုင်းရာတွင် ဘော၏အကြံ မပါခဲ့။ သို့သော် ဘောအနေနှင့် မကြာမတင် ဝန်ခံလာရသည့်ကိစ္စမှာ ထိုဒစ်စတိန်းဆိုသည့် လူငယ်ကလေးသည် အနေစုတ် ပုံမလာသော်လည်း ထက်မြက်စူးရှစွမ်းဆောင်နိုင်သူတစ်ဦး ဖြစ်သည်ဟူ၍။ ထို့ပြင် ဘောကိုယ်တိုင် နားမလည်နိုင်သော အချက်ကား ဒစ်စတိန်းတွင် ဆွဲဆောင်မှုရှိနေခြင်းပင် ဖြစ်သည်။ မော့ဆက်ဌာနတွင်းရှိ မိန်းကလေးများသည် ဒစ်စတိန်းအပေါ် အရူးအမူးဖြစ်နေကြခြင်းပင်။ ဘာကိုများ သဘောကျနေသည်ကို ဘော တွေး၍မရ။ ဒစ်စတိန်းဘက်မှ ဘာမှ မထူးခြား။ သူ၏ကိုယ်ရေးမှတ်တမ်းဖိုင်တွင် 'လိင်ကိစ္စ... ဘာမှမရှိ' ဟု ရေးထားသည့်အတိုင်းပင်။

ကုန်လွန်ခဲ့သည့်နှစ်များအတွင်း ဒစ်စတိန်း၏ကျွမ်းကျင်မှုနှင့် ယုံကြည်အားထားစရာ အရည်အသွေးများ တိုးတက်မြင့်မားလာပေရာ ဘောအနေနှင့်





အခြားအေးဂျင့်များထက် ပိုမိုအားထားရသူ တစ်ဦး ဖြစ်လာခဲ့ရပေသည်။ အကယ်၍ ဒစ်စတိန်းသာ ရာထူး ဌာနန္တရ မက်မောလိုလားသူတစ်ယောက် ဖြစ်ပါက ဘော၏လက်ရှိရာထူးနေရာကိုပင် ရယူနိုင်သူတစ်ဦး ဖြစ်လာခဲ့လေသည်။

ဤသို့ ထူးချွန်သော အေးဂျင့်တစ်ယောက်ဖြစ်သော်လည်း ဒစ်စတိန်းအနေနှင့် မိမိရှင်းလင်း တာဝန်ပေးခဲ့သော တာဝန်ကို မည်ကဲ့သို့ဖြစ်မြောက် အောင်မြင်အောင် ထမ်းဆောင်နိုင်မည်ဟု ဘော မှန်းဆ၍ မရပေ။

ပေါ်လစီ ချမှတ်သူများက ငြင်းခုံကြရင်း ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခဲ့သည်။ အဏုမြူဗုံးလုပ်ရန်၊ ထိုအဏုမြူဗုံးလုပ်ရန်အတွက် ယူရေနီယံဓာတ်များကို ခိုးယူရန်၊ ထိုသို့ ခိုးယူရာ၌လည်း ခိုးယူခံရကြောင်း နှစ်ပေါင်းများစွာ လူသိရှင်ကြား မဖြစ်စေရန်၊ ထို့ပြင် အစ္စရေးက ခိုးယူခဲ့ကြောင်းကိုလည်း မသိစေရဟူသတည်း။ ထိုဆုံးဖြတ်ချက်ကို ဘောက အပြင်းအထန် ကန့်ကွက်ခဲ့ပေသည်။ သူ့အနေနှင့်ကား ပြဿနာ ဘာပဲတက်တက် ဓားပြတိုက်သလို လျှပ်တစ်ပြက်တိုက်ခိုက်ပြီး ယူရေနီယံများကို ရယူပစ်လိုက်ချင်ပေသည်။ သို့သော် ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် ဘော၏ဆန္ဒမှာ ဆုံးရှုံးခဲ့ပြီး အထက်ပါဆုံးဖြတ်ချက်က အတည်ဖြစ်လာခဲ့ရပေသည်။ ထိုဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် တာဝန်ကား ဘော၏ဌာနခေါင်းပေါ်သို့ ပြန်ကျလာခဲ့ပေသည်။

အစ္စရေးထောက်လှမ်းရေးအဖွဲ့ချုပ် မော့ဆက်တွင် ထိုစီမံကိန်းကို အကောင်အထည်ဖော်နိုင်မည့်သူဆို၍ ဒစ်စတိန်းအပြင် အခြားလူနှစ်ဦး ရှိပေသေးသည်။ တစ်ယောက်က အထူးစစ်ဆင်ရေးဌာနကြီးမှူး မိုက်ဖြစ်၍၊ ကျန်တစ်ယောက်ကား ဘောကိုယ်တိုင်ပင် ဖြစ်ပေ၏။ သို့သော် ဒစ်စတိန်းမှလွဲ၍ မည်သူတစ်ဦး တစ်ယောက်ကိုမှ 'ပြဿနာကတော့ ဒါပဲဟေ့ သွား ကိုယ့်ဘာသာ ကိုယ်ကြည့်သာဖြေရှင်းပေတော့' ဟု ပြောစရာလူ မရှိ။

ဘောနှင့် ဒစ်စတိန်းတို့နှစ်ယောက်သားသည် မော့ဆက်ဌာနချုပ် ရုံးခန်းတွင် တစ်နေကုန်နေကြ၏။ မနက်စောစောတွင် ဒစ်စတိန်းသည် ဝိုက်ခမန်းသိပ္ပံကျောင်းမှ ရူပဗေဒဆရာတစ်ဦးနှင့် တွေ့ဆုံ၏။ ယူရေနီယံဓာတ်သတ္တု၏ ဓွမ်းအင်၊ အဏုမြူဓာတ်အားများနှင့် ပတ်သက်၍ သိသင့် သိမှတ်ဖွယ်ရာများကို စိတ်ရှည်လက်ရှည် ရှင်းပြ၏။

နံနက်စာ စားပြီးသောအခါ ဒစ်စတိန်းသည် သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးနှင့် ယူရေနီယံ ဓာတ်သတ္တုများကို တူးဖော်ပုံမှအစ၊ ဓာတ်စင်ပုံ၊ သိုလှောင်ပုံ၊ ဖြန့်ချိသယ်ယူပုံများကို လည်းကောင်း၊ ကမ္ဘာ့အဏုမြူစွမ်းအင် အဖွဲ့ချုပ်၏ နည်းကမ်း အချက်အလက်များကိုလည်းကောင်း လေ့လာမှတ်သားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းရောက်သောအခါ သူတို့နှစ်ဦးသား အတူတကွ ညစာစားကြ၏။ စားပြီးသောအခါ ဘောက ဒစ်စတိန်းအား သော့သုံးချောင်းပေးသည်။

"ဒီသော့သုံးချောင်းက လန်ဒန်၊ ဘရပ်ဆယ်နဲ့ ဇူးရစ်မြို့က လုံခြုံရေးသေတ္တာ သော့သုံးချောင်းပဲ၊ အဲဒီသေတ္တာထဲမှာ မောင်ရင့်အတွက် အပိုသီးခြားမှတ်ပုံတင်၊ ပတ်စပို့စ်၊ ကားမောင်းလိုင်စင်၊ ငွေသား၊ လက်နက်ကအစ ပြည့်ပြည့်စုံစုံရှိတယ်၊ လိုအပ်ရင် အဟောင်းတွေကို အဲဒီသေတ္တာတွေထဲ ထည့်ထားပြီး အသစ်တွေ ယူသုံးသွားရုံပဲ…"

ဒစ်စတိန်းက ခေါင်းညိတ်ပြသည်။

"ကျုပ်က ဘယ်သူ့ဆီကို အစီရင်ခံရမှာလဲ၊ မိုက်ဆီလား ခင်ဗျားဆီလား"

ဘောက တွေးမိသည်။ 'လုပ်မနေစမ်းပါနဲ့ ကိုယ့်လူရာ… မောင်ရင်က အစီရင်ခံနေတဲ့လူမှ မဟုတ်တာ' သို့သော် ပါးစပ်ကမူ…

"ကျုပ်ဆီကိုပဲ ဆက်သွယ်ပါ၊ ကျုပ်နဲ့ တိုက်ရိုက်ဆက်သွယ်လို့မရရင် အဲဒီတိုင်းပြည်မှာရှိတဲ့ အစ္စရေးသံရုံးကတစ်ဆင့် တွေ့ဖို့ ချိန်းပါ၊ ဘယ်တိုင်းပြည်ရောက်နေနေ ကျုပ် ချက်ချင်းလာတွေ့ပါ့မယ်၊ ဒါအထိ ခက်ခဲနေရင် သံတမန်အိတ်ထဲမှာ လျှို့ဝှက်ကုတ်နည်းနဲ့ စာရေးပြီး ပို့ပါ…"

ဒစ်စတိန်းက ခေါင်းညိတ်ပြသည်။ ဒါ ထုံးစံပေပဲမဟုတ်လား။ ဘောသည် ဒစ်စတိန်းကို အသေအချာကြည့်နေ၏။ ဒစ်စတိန်းခေါင်းထဲမှ အတွေးများ မည်သို့ရှိမည်နည်းဟု ခန့်မှန်းကြည့်နေ၏။ ဒစ်စတိန်း ဘယ်လိုများခံစားရပါလိမ့်။ သူ လုပ်ဆောင်မည့်လို့ ထင်ရဲ့လား စိတ်ကူးစိတ်သန်း နည်းလမ်းများ ရပြီလား။ နည်းလမ်းအတိုင်း လုပ်ကိုင်ကြည့်သလို ဟန်ပြပြီး မဖြစ်နိုင်ဘူးခင်ဗျာလို့ အစီရင်ခံလေမလား။ အစ္စရေးနိုင်ငံအတွက် အဏုမြူဗုံးဟာ တကယ်တမ်းလိုအပ်သည်ကိုကော သည်ငနဲ ယုံကြည်ရဲ့လား… ။

ဘောအနေနှင့် စိတ်ထဲရှိသမျှ ထုတ်မေး၍တော့ ဖြစ်သည်။ သို့သော် အဖြေမရမည်က သေချာလှ၏။

ဒစ်စတိန်းက…

"အဲ… အချိန်ကန့်သတ်မှုတော့ ရှိမှာပေါ့နော်…"

"အင်း… ရှိတယ်၊ ဒါပေမယ့် ပြောရတော့ အခက်သားပဲ၊ သဘောက ကျုပ်တို့အနေနဲ့ အီဂျစ်တွေ အဏုမြူဗုံးမလုပ်နိုင်ခင် ရမှ ဖြစ်မှာ မဟုတ်လား၊ ဒီတော့ အီဂျစ်အဏုမြူ ဓာတ်ပေါင်းဖိုတွေ မလည်ပတ်နိုင်ခင် ရမှ ဖြစ်မှာပဲ၊





ဒီနေ့ရာမယ် နှစ်ဖက်စလုံးက ပိုမြန်အောင်လုပ်လို့ မရနိုင်ဘူးလေ၊ အဏုမြူဓာတ်ပေါင်းဖိုကို အလျင်စ လည်နိုင်တဲ့လူက အလျင်ပြီးမှာပဲ… "

ဒစ်စတိန်းက…

"ဒါဆို ကွာတာရာစီမံကိန်းမှာ ကျုပ်တို့ လူတစ်ယောက်ရှိနေဖို့ လိုတာပဲ… "

"အဲဒါကို ကြိုးစားနေပါတယ်… "

"နောက်ပြီး ကိုင်ရိုမှာ ကျုပ်တို့ လူကောင်းကောင်းတစ်ယောက်ရှိဖို့လဲ လိုတာပဲ"

ဘောအနေနှင့် သည်စကားများကို မပြောချင်လှပါ။ သို့နှင့်

"နေပါဦး ကိုရင်က ဘာသဘောနဲ့ မေးနေတာလဲ၊ ကျုပ်ဆီက သတင်းဆွဲ သိချင်နေလို့လား… "

ဒစ်စတိန်းကမူ ဘာမှမဖြစ်သလိုနှင့်…

"မဟုတ်ပါဘူး စိတ်ထဲ ရှိတာတွေကို အသံထွက် ပြောကြည့်နေမိတာပါ"

ဘောက–

"ကဲ… ကျုပ်လိုချင်တာတွေ ပြောပြီးပြီ၊ ဘယ်လို လုပ်ရမယ်ဆိုတာ မောင်ရင့်တာဝန်ပဲ… "

"ဟုတ်ပါတယ် ခင်ဗျားပြောစရာရှိတာ ပြောပြီးပါပြီ… "

ဒစ်စတိန်းသည် ထိုင်နေရာမှ ထလိုက်၏။

"ကျုပ်တော့ အိပ်မှနဲ့ တူတယ်… "

"နေပါဦး မောင်ရင်၊ ဘယ်ပုံဘယ်နည်း စရမယ်ဆိုတာကိုကော စဉ်းစားပြီးပြီလား"

"အင်း… ဆိုပါတော့၊ ဂွတ်နိုက်ဗျာ"

●

www.burmeseclassic.com

www.burmeseclassic.com

[၃]

ဒစ်စတိန်းသည် လျှို့ဝှက်အေးဂျင့်စပိုင် ဖြစ်ရခြင်းကို ဘယ်တော့မှ ဘဝင်မကျ၊ ဆက်တိုက် ဆက်တိုက် လိမ်ညာဟန်ဆောင်နေရခြင်းက အမြဲစိတ်အနှောင့်အယှက် ဖြစ်စေသည်။ သူ့အနေနှင့် လူတွေကို အမြဲ လိမ်ညာပြောဆို ဆက်ဆံနေရသည်။ ဟန်ဆောင်ပန်ဆောင် နေရသည်။ အတုအလိမ် မှတ်ပုံတင် စာရွက်စာတမ်းများကို သက်ဆိုင်ရာအရာရှိများကို ပြသရသည်။ တစ်ချိန်မဟုတ် တစ်ချိန် ပေါ်ပေါက်သွားမည်ဆိုသော စိုးရိမ်စိတ်ကား ရင်ထဲမှာ အမြဲရှိနေ၏။

သူ အမြဲတမ်း ထမင်းလုံးတခွေခြောက်သလို မက်တတ်သော အိပ်မက်ထဲတွင် ရဲသားများက သူ့ထံဝိုင်းလာ၍ 'မင်း... စပိုင်ပဲ... မင်း စပိုင်ပဲ' ဟု အော်ဟစ်ကာ ဖမ်းကြသည်။ နောက် ထောင်ထဲသို့ ပို့ကြ၏။ ထောင်ထဲသို့ ရောက်သည်နှင့် သူ့ခြေထောက်ကို ရိုက်ချိုးကြလေ၏။

ယခုလည်း ဒစ်စတိန်းတစ်ယောက် စိတ်လက်မအီမသာ ဖြစ်နေ၏။ သူသည် လူဇင်းဘတ်ရှိ ဂျင်းမိုးနက်အဆောက်အအုံသို့ ရောက်ရှိနေခြင်း ဖြစ်ပါသည်။ သူသည် ယူရေနီယံ ထိန်းသိမ်းရေး ဒါရိုက်တာရုံးခန်းအပေါက်မှာ ရပ်၍ ဝင်ထွက်သွားလာသူများ၏မျက်နှာများကို စောင့်ကြည့်နေခြင်းဖြစ်သည်။ သူသည် ၎င်းဌာန သတင်းဖြန့်ချိရေးတာဝန်ခံ မစ္စတာပက်ပါဆိုသူကို တွေ့လိုခြင်းဖြစ်သည်။

ပက်ပါဆိုသူမှာ မသပ်မရပ် ဝတ်စားတတ်ပြီး မကျေမနပ်မျက်နှာထားရှိသူတစ်ယောက် ဖြစ်နေကြောင်း တွေ့ရသည်။ ဒစ်စတိန်းသည် ထိုသူနောက်သို့





နောက်ယောင်ခံလိုက်သွားပြီးနောက် သူ၏ မသပ်မရပ်ရုံးခန်းထဲအထိ လိုက်ပါသွားကာ ထိုသူတိုက်သော ကော်ဖီကို သောက်သုံးနေရ၏။ သူတို့နှစ်ဦးလုံး ပြင်သစ်ဘာသာဖြင့် စကားပြောကြ၏။ ဒစ်စတိန်းက သူသည် အင်တာနေရှင်နယ် သို့မဂ္ဂဇင်း ဆောင်းပါးရှင်တစ်ဦးအဖြစ် သူ့ကိုယ်သူ မိတ်ဆက်ထား၏။

ပက်ပါက...

"ယခု လူကြီးမင်း လောလောလတ်လတ် ဘာတွေများ ရေးသားနေပါသလဲ" .

ဒစ်စတိန်းက...

"အမေရိကန်မှာဆိုရင် အဏုမြူလောင်စာတွေဟာ မကြာခဏ ပျောက်ဆုံးလေ့ရှိပါတယ်၊ ဒီဥရောပမှာတော့ အဲဒီ လောင်စာတွေကို စနစ်တကျ နည်းစနစ်နဲ့ ထိန်းသိမ်းထားတယ်ဆိုတာ သိရလို့ လေ့လာမလို့"

"မှန်ပါတယ်ခင်ဗျ၊ ဥရောပအဏုမြူစွမ်းအား အဖွဲ့ဝင်နိုင်ငံတွေအားလုံးအား စနစ်တကျ မှတ်ပုံတင်ထားရပါတယ်၊ ပထမတုန်းကတော့ ပုဂ္ဂလိက အရပ်သားအား အဏုမြူလောင်စာတွေ ထိန်းသိမ်းတဲ့နေရာ၊ မိုင်းတွေက တူးဖော်လာပြီး သန့်စင်ပြီးကတည်းက သိုလှောင်ရာမှာ တိတိကျကျ စာရင်းထားရပြီး သက်ဆိုင်ရာ အဏုမြူဓာတ်ပေါင်းရုံတွေကို ပို့ရာမှာလဲ စာရင်းအင်းနဲ့ ထားရပါတယ်"

"ခင်ဗျားပြောတဲ့အထဲမယ် အရပ်သားကုမ္ပဏီတွေ ဆိုတော့... "

"ဟုတ်ပါတယ်... စစ်ဘက်ဆိုင်ရာက ကျွန်တော်တို့ဌာနနဲ့ မပတ်သက်ပါဘူး"

"ဟုတ်ကဲ့... ဆက်ပါဦး"

"နမူနာပြောရရင် ယူရေနီယံအဝါတုံးကနေ ဓာတ်အားအဖြစ် အသုံးပြုတဲ့အထိဆိုပါစို့၊ ယူရေနီယံ အဝါတုံးတွေကို ယူရေတွန် (အဏုမြူစွမ်းအား ထိန်းသိမ်းရေးအဖွဲ့)က ပုဂ္ဂိုလ်တွေက စနစ်တကျချိန်တွယ်ပြီးမှ ပို့ပါတယ်၊ ဒီယူရေနီယံအရိုင်း အဝါတုံးတွေကိုလဲ တူးဖော်သန့်စင်ရာ မိုင်းတွေက တစ်ဆင့်စနစ်တကျချိန်တွယ်ပြီး မှတ်သားထားပါတယ်၊ နောက်တစ်ခါ စက်ရုံကိုရောက်လို့ အဲဒီ ယူရေနီယံအဝါတုံးတွေကို စွမ်းအားအဖြစ် အသုံးပြုပြီးနောက် ထွက်လာတဲ့ ဒြပ်ပစ္စည်းတွေကိုလဲ စနစ်တကျ ချိန်တွယ်ပြီး မှတ်သားပြန်ယူရပါတယ်"

ဒစ်စတိန်းက ဘာမှ ဝင်မပြော။ ပက်ပါက ဆက်၍...

"ဒီလို ထပ်ဆင့်စစ်ဆေး ချိန်တွယ်တဲ့အလုပ်ကို နောက်ဆုံး အဏုမြူ စွန့်ပစ်ဒြပ်ကြွင်းအထိ စနစ်တကျ ထားရပါတယ်၊ အားလုံး ကွန်ပျူတာစက်တွေနဲ့ မှတ်ချက်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… ခင်ဗျ"

ဒစ်စတိန်းသည် စိတ်ဝင်စားနေဟန်ပြနေရသော်လည်း အမှန်အားဖြင့် စိတ်ဓာတ်ကျနေ၏။ ပက်ပါအနေနှင့် သူတို့၏စနစ်တကျပုံကို ချဲ့ထွင်၍ ပိုပို မိုမိုပြောနေသည်မှာ သေချာသည်။ သို့သော် သူပြောသည်ထက် တစ်ဝက်လောက် စနစ်တကျရှိသည်ဆိုလျှင်ပင် ဘယ်သူကမျှ တန်တရာလောက်ရှိသော ယူရေနီယံ ဝါတုံးများကို ကွန်ပျူတာစက်တွေ မသိအောင် ခိုးယူနိုင်ပါမည်နည်း။

ပက်ပါ စကားဆက်ပြောနေစေရန် ရည်ရွယ်၍…

"ဒါဆို ဘယ်အချိန် ကောက်စစ်လိုက် စစ်လိုက် ခင်ဗျားတို့ ကွန်ပျူတာ တွေက ဥရောပတစ်တိုက်လုံးမှာရှိတဲ့ ယူရေနီယံတွေရဲ့ အလေးချိန် အတိအကျ သိနိုင်တာပေါ့"

"ဟုတ်ကဲ့ ကျုပ်တို့အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်နဲ့ လူဇင်းဘတ်တွေမှာ ရှိသမျှပေါ့လေ၊ ယူရေနီယံ ဓာတ်တွေ မကဘူးခင်ဗျ… ၊ ဆက်ပြီး ထွက်လာတဲ့ အဏုမြူဓာတ်အား ဒြပ်စင် တွေရောပဲ"

"အဲဒါတွေ သယ်ယူပို့ဆောင်ရေးကျတော့ရော"

"ဒါလဲ ကျုပ် သူတို့ရဲ့ ခွင့်ပြုချက်ပါမှ လုပ်ရတာပဲ"

ဒစ်စတိန်းသည် သူ၏မှတ်စုစာအုပ်ကို ပိတ်လိုက်၏။ သူက…

"အင်း… ခင်ဗျားတို့အဖွဲ့ကတော့ စည်းစနစ်ကျပါပေ့ဗျာ၊ လုပ်ကိုင်ပုံ တွေကိုရော ကွင်းဆင်းကြည့်လို့ မရဘူးလား"

"ဒါကတော့ ကျုပ်တို့နဲ့ မဆိုင်တော့ဘူးဗျ၊ ဒါကတော့ ခင်ဗျားအနေနဲ့ သက်ဆိုင်ရာတိုင်းပြည်ရဲ့ အဏုမြူစွမ်းအားဌာနကို ဆက်သွယ်ခွင့်တောင်းပြီးမှ ကြည့်လို့ရမယ်"

"ဒါဆို သက်ဆိုင်ရာဌာနတွေရဲ့ ဖုန်းနံပါတ်တွေများကော ကျွန်တော် မရနိုင်ဘူးလား"

"ရပါတယ်"

ပက်ပါသည် ထိုင်ရာမှထ၍ ဖိုင်ဗီရိုများ ရှိရာသို့ သွား၏။

ဒစ်စတိန်းအနေနှင့် ပြဿနာတစ်ခုကို ဖြေရှင်းလိုက်ရာ နောက်တစ်ခုနှင့် ရင်ဆိုင်တိုးနေရသလိုဖြစ်နေ၏။ သူ့အနေနှင့် အဏုမြူစွမ်းအားထုတ် ဓာတ် ဖိုတ္တုများ သိုလှောင်ရာကို သိလိုသည်။ ယခုတော့မှ သိရပါပြီ။ ယူရေတွန် အဖွဲ့ချုပ်၏ကွန်ပျူတာစက်ထဲတွင် ရှိနေကြောင်းပေတည်း။ ကွန်ပျူတာစက်





သိသမျှမှာလည်း အဏုမြူဓာတ်အားနှင့် ပတ်သက်သမျှ သိုလှောင်ဆက်သွယ် အသုံးပြုနေသည့် စနစ်ဇယားမျှသာဖြစ်ပေရာ ခိုးယူဖို့ကား ခက်လှပါဘိ။

ပက်ပါက သူ့အား စာကူးစက်ဖြင့် ရိုက်ထားသော စာရင်းစာရွက်တစ်ချို့ ကို ပေးသည်။ ဒစ်စတိန်းက ယူရင်း–

"အခုလိုကူညီတဲ့အတွက် ကျေးဇူးပါပဲ"

"ကိစ္စမရှိပါဘူးဗျာ၊ ဒါထက် ခင်ဗျား ဘယ်မှာ တည်းခိုပါသလဲ"

"ဘူတာရုံနဲ့ မျက်နှာချင်းဆိုင် အဲလ်ဖာဟိုတယ်မှာပါ"

ပက်ပါသည် ဒစ်စတိန်းအား တံခါးပေါက်ထိ လိုက်ပို့ရင်း…

"လူဇင်းဘတ်မှာ ပျော်ရွှင်နိုင်ပါစေဗျာ"

"ဟုတ်ကဲ့… ကြိုးစားရမှာပေါ့ ခင်ဗျ…"

ဒစ်စတိန်းက ပြန်ပြောရင်း ပက်ပါ၏လက်ကို ဆွဲ၍ နှုတ်ဆက်လိုက်၏။

*

ဒစ်စတိန်းသည် ဂျင်း မိုးနက် အဆောက်အအုံရှေ့မှာ တစ်နေ့လယ်လုံး အမှု ထမ်းများ ရုံးအပြန်ကို စောင့်ကြည့်နေ၏။ သူ့အတွက် အတွင်းရေးမှူးများ၊ ရုံးစာရေးများ၊ အစားအသောက်တာဝန်ခံများသည် အသုံးမဝင်ပါ။ ထိုနည်းတူ အထက်တန်းအရာရှိများလည်း အသုံးမတည့်ပါ။ သူလိုချင်သူမှာ အလယ်အလတ် ကွန်ပျူတာအစီအစဉ် ဆွဲရသူများ၊ ဌာနမန်နေဂျာများနှင့် ဌာနမှူးလက်ထောက် များလောက်သာ ဖြစ်ပါသည်။ သူ့အနေနှင့် ဖြစ်နိုင်လောက်သူများကို အလွယ်တကူ မှတ်သားနိုင်ရန် မှန်ကြောင်၊ နှာခေါင်းပြား၊ ကော်လာဖြူ၊ တိုနီကာ၊ တစ်၊ ခေါင်းဖြူ၊ ဇာပါးတာ၊ ဖိုးဝ စသည်ဖြင့် အမှတ်အသားပြု နာမည်ပေးထားလိုက်၏။

မှန်ကြောင်ဆိုသူမှာ အသက် သုံးဆယ်ခန့် ခပ်ဝဝ မိန်းမကြီးတစ်ဦးဖြစ် သည်။ သူမ၏နာမည်ဝှက်မှာ ပြောင်ပြောင်လက်လက်ဖြစ်နေသော သူမ၏ မျက်မှန်မှရလာခြင်း ဖြစ်သည်။ ဒစ်စတိန်းသည် မှန်ကြောင်နောက်သို့ ကား ဖြင့်ခိုးထိလိုက်သွားသည်။ မှန်ကြောင်သည် ဖီးယက် ၅၀၀ ကားသေးသေးလေး ထဲသို့ သူမ၏ ဝဖိုးသောကိုယ်လုံးသွင်း၍ ဝင်သည်။ ဒစ်စတိန်း အသင့်ငှားထား သော ပိုဂျိုကားကလေးသည် မလှမ်းမကမ်းမှာ အသင့်ရှိနေ၏။

ဒစ်စတိန်းသည် မှန်ကြောင်နောက်သို့ သူမနေထိုင်ရာ ဆင်ခြေဖုံးရွာ ကလေးထိ လိုက်ခဲ့သည်။ ရွာကလေးကား အေးချမ်းပုံရသည်။ ဒစ်စတိန်းသည် မှန်ကြောင်အိမ်ရှေ့မှ အခေါက်ခေါက်အခါခါဖြတ်၍ ကြည့်သည်။ တစ်ခါက



www.burmeseclassic.com

www.burmeseclassic.com



မှန်ကြောင်တစ်ယောက် အသက်ကြီးကြီး မိန်းမကြီးတစ်ဦးအား တစ်စုံတစ်ရာ ကျွေးမွေးနေသည်ကို မြင်ရ၏။

ဖီးယက်ကားလေးသည် အိမ်ပြင်ဘက်၌ တစ်ညလုံးရပ်လျက်။ ဒစ်စတိန်း ပြန်လာခဲ့၏။

မှန်ကြောင်ကား အလုပ်လုပ်ရန် အဆင်မပြေလှ။ သူမသည် သက်ကြီးရွယ်အို အမေကြီးနှင့် အတူနေပုံရပြီး ဆင်းရဲချမ်းသာရှိပုံ မရ။ အလယ်အလတ်ထဲက ဖြစ်ရမည်။ မကောင်းမှုတစ်စုံတစ်ရာ လုပ်ပုံမရ။ မှန်ကြောင်ကို ချဉ်းကပ်ရန် လွယ်မည်မထင်။

ဒစ်စတိန်း စိတ်ပျက်လက်ပျက်နှင့် တည်းခိုရာဟိုတယ်သို့ ပြန်လာခဲ့၏။

နောက်ထပ် သုံးရက်ဆက်တိုက် လိုက်လံကြည့်ရှုသည်။ ဇက်ပါတာ၊ မိုးဝနှင့် တိုနီကားတစ်တို့သည်လည်း သူ လိုချင်သူများ မဟုတ်ကြ။

ကော်လာဖြူသည် ဒစ်စတိန်းနှင့် သက်တူရွယ်တူ မျှလောက် ရှိပေမည်။ သပ်သပ်ရပ်ရပ် ဝတ်စားတတ်သူ ဖြစ်ပြီး ဆံပင်နည်းနည်း ရှည်ရှည်ထားသူဖြစ်သည်။ ကော်လာဖြူသည် ရုံးသို့ ခြေကျင်တက်သူ ဖြစ်သည်။ သို့ကြောင့် ရုံးအဆင်း သူ့အိမ်ခန်းသို့ ခြေကျင်ပြန်သည်။ သူ့အိမ်ခန်းမှာ အိမ်ခပ်နွမ်းနွမ်း ဖြစ်သည်။ ကော်လာဖြူ ဝင်သွားပြီးနောက် နှစ်မိနစ်ကြာသောအခါ အပေါ်ထပ်မှ မီးလင်းလာ၏။

ဒစ်စတိန်းသည် ခပ်လှမ်းလှမ်းမှ နှစ်နာရီကျော် စောင့်နေ၏။

ကော်လာဖြူ ထွက်လာသောအခါ အတော်ကျပ်သော ဘောင်းဘီကို ဝတ်လာပြီး လည်ပင်းတွင် လိမ္မော်ရောင်ပဝါကို စည်းလာ၏။ ဆံပင်ကို ရှေ့သို့ ခပ်အိအိဖြီးထားသည်။ သူ့ပုံပန်းမှာ ပို၍နုပျိုလာသည်ဟု ထင်ရသည်။ သူ လမ်းလျှောက်ပုံကား ဆတ်တောက်ဆတ်တောက်နှင့်။

ဒစ်စတိန်းသည် ကော်လာဖြူနောက်သို့ ရှုးဒစ်အရပ်ထိ နောက်ယောင်ခံလိုက်ခဲ့သည်။ ကော်လာဖြူသည် မီးထွန်းထားသော တံခါးတစ်ခုနောက်ကွယ်သို့ ဝင်ရောက်ကွယ်ပျောက်သွားလေသည်။ ဒစ်စတိန်းသည် အပြင်မှ စောင့်နေရ၏။ တံခါးက ပွင့်နေသော်လည်း အထဲမှာ ဘယ်သူ ဘယ်ဝါ ရှိသည်ကို မပြောနိုင်ပေ။ ခဏအကြာတွင် ဒစ်စတိန်းသည် ခပ်တိုးတိုးတေးသံ ကြားရ၏။

ဂျင်းဘောင်းဘီ အဝါရောင်ဝတ်ထားသော လူငယ်နှစ်ယောက်သည် ဒစ်စတိန်းနံဘေးမှကပ်၍ လှေကားအတိုင်း ဆင်းသွားပြန်၏။ တစ်ယောက်က ဒစ်စတိန်းဘက်သို့ လှည့်၍...





"ဒီနေရာပဲလေ ဟုတ်ပါတယ်"

ဒစ်စတိန်းသည်လည်း လှေကားအတိုင်းဆင်း၍ လိုက်ပါသွားလေသည်။

အတွင်း၌ကား ရိုးရိုးသာမန် ညကလပ်တစ်ခုသာ ဖြစ်ပေသည်။ စားပွဲ၊ ကုလားထိုင်များ၊ ကပွဲခန်းမ ကြမ်းပြင်တစ်ခု၊ ထောင့်တစ်နေရာတွင် ဂျက်စ်ဘော်ဝိုင်းတစ်ခုနှင့် အခန်းငယ်ကလေးများ ဖွဲ့စည်းထား၏။ ဒစ်စတိန်းသည် ဝင်ခဆေးခဲ့ပြီးနောက် အခန်းတစ်ခုမှာ ဝင်ထိုင်ပြီး ဘီယာတစ်လုံး မှာလိုက်၏။ ကော်လာဖြူကို လှမ်းမြင်နေရ၏။

ဒစ်စတိန်းအနေနှင့် ထိုညကလပ် တစ်မျိုးတစ်ဖုံ ထူးခြားနေသည်ကို ရိပ်မိ၏။ နံဘေးဝန်းကျင်ကို အကဲခတ်ပြီးနောက် သူ့စိတ်အထင်သည် ရှင်းသွား၏။ ဤကလပ်ကား မိန်းမလျှာ(ဝါ) အခြောက်ကလပ် ဖြစ်ပေသည်။ ဒစ်စတိန်းအနေနှင့် ဤကလပ်မျိုးကို ပထမဆုံးအကြိမ်ရောက်ဖူးခြင်း ဖြစ်သည်။ ကလပ်တွင်း တချို့သောယောက်ျားများမှာ မိတ်ကပ်ပါးပါးကလေး လိမ်းထားသည်ကို တွေ့ရ၏။ မိန်းမငယ်ငယ် ချောချောကလေးတစ်ဦးသည် အသက်ကြီးကြီး မိန်းမကြီးတစ်ဦးနှင့် လက်ချင်းဆုပ်ကိုင်ထားသည်ကို မြင်ရ၏။

ကော်လာဖြူသည် ဆံပင်အရောင်ဖျော့ဖျော့၊ ကြက်သွေးရောင်ကုတ်အင်္ကျီ ဝတ်ထားသူတစ်ဦးနှင့် ကပ်ထိုင်နေ၏။ ဒစ်စတိန်းအနေနှင့် မိန်းမလျှာများအပေါ် မည်သို့မှ မကောင်းမြင်ခြင်း၊ အကောင်းမြင်ခြင်း မရှိပါ။ သူ့အနေနှင့် ဆိုရလျှင် ကော်လာဖြူသည် ယူရေတွန်မှ မကောင်းမှု အပြစ်ကျူးလွန်တတ်သူတစ်ဦး သားကောင်တစ်ဦးသာ ဖြစ်၏။

သူသည် ဂီတသံကိုနားထောင်ရင်း ဘီယာကို သောက်နေ၏။ စားပွဲထိုးတစ်ယောက် သူ့အနားကို လာပြီး...

"ဒီက တစ်ယောက်တည်းလားဟင်"

အသံက တစ်မျိုးပါကလား။ ဒစ်စတိန်းက အမြန် ခေါင်းခါပြလိုက်၏။

"မဟုတ်ဘူး မိတ်ဆွေတစ်ယောက်ကို စောင့်နေတာ"

ဂီတာသမားတစ်ဦးက တီးဝိုင်းနေရာရောက်လာပြီး ညစ်ညမ်းသော ရှေးဟောင်းဂျာမနီသီချင်းတစ်ပုဒ်ကို ဆိုလိုက်လေ၏။ ပရိသတ်က လက်ခုပ်တီးသဘောကျအားပေးကြ၏။

ကော်လာဖြူသည် သူ့အဖော်၏ဒူးပေါ်သို့ လက်တင်လိုက်သည်ကို မြင်ရသည်။ ဒစ်စတိန်းသည် ကော်လာဖြူတို့အခန်းဘက်သို့ ကူးလိုက်၏။ သူက...

"ဟဲလို... ခင်ဗျားကို ဟိုနေ့က ယူရေတွန်ရုံးခန်းမှာ မြင်လိုက်တယ် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကော်လာဖြူမျက်နှာသည် ဖြူရော်သွား၏။

"မ... မပြောတတ်ဘူးလေ"

ဒစ်စတိန်းက လက်ဆန့်ပေး၏။

"ကျွန်တော်က အက်ရောဂျားပါ၊ သတင်းစာဆရာတစ်ယောက်ပါ"

ဒစ်စတိန်းက ပက်ပါအား ပေးထားသည့်နာမည်နှင့် အလုပ်အကိုင်ကို ပြောလိုက်၏။

"ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ်"

ကော်လာဖြူသည် တုန်လှုပ်နေပြီ ဖြစ်၏။ သို့သော် သူ့အမည်ကို ထုတ်ဖော်ပြောသည်အထိတော့ သတိလက်လွတ် မဖြစ်သေး။

ဒစ်စတိန်းက...

"အေးဗျာ အခုလိုတွေ့ရတာ ဝမ်းသာပါတယ်၊ ဒါပေမယ့် ကျုပ်မှာ သွားစရာလေး ရှိနေသေးတယ်"

"ဟုတ်လား ဒါဆို... နှုတ်ဆက်ပါတယ် ဂွတ်ဘိုင်"

ဒစ်စတိန်းသည် ကလပ်ထဲမှ ထွက်ခဲ့လေသည်။ သူ့အနေနှင့် လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ခဲ့ပြီဖြစ်သည်။ ကော်လာဖြူအနေနှင့် သူ၏လျှို့ဝှက်ချက် ပေါ်သွားကြောင်း ရိပ်မိသွားပြီဖြစ်၏။ သူ ကြောက်ရွံ့သွားလောက်ပေပြီ။

ဒစ်စတိန်းသည် တည်းခိုရာဟိုတယ်သို့ ပြန်လာခဲ့လေ၏။ စိတ်ထဲတွင် မသန့်မရှင်း ဖြစ်နေမိ၏။

*

ရုံးခန်းမှအပြန် ဒစ်စတိန်းနောက်မှ တစ်စုံတစ်ယောက် ကပ်ပါလာသည်။

နောက်ယောင်ခံလိုက်လာသူသည် ကြေးစားထဲက မဟုတ်။ ထို့ကြောင့် ဘာမှ ဟန်ဆောင်ပန်ဆောင် မလုပ်။ နောက်မှ ခြေလှမ်း ၁၅ လှမ်း၊ အလှမ်း ၂၀ အကွာလောက်မှ လိုက်နေသည်ဖြစ်သော်လည်း သားရေခြေနင်းသံက တဒေါက်ဒေါက်မြည်နေ၏။ ဒစ်စတိန်းသည် မသိဟန်ဆောင်၍ လမ်းကူးလိုက်သည်။ ဘေးစောင်းကြည့်လိုက်သည်နှင့် နောက်ယောင်ခံလိုက်လာသူကို မြင်ရသည်။ ငနဲသားမှာ ခပ်ငယ်ငယ် ထွားထွား၊ ဆံပင်ရှည်ရှည်၊ အညိုရောင်ဂျာကင် ဝတ်ထား၏။

ခဏအကြာတွင် နောက်ထပ် လူငယ်တစ်ဦး အမှောင်ရိပ်ထဲမှ ထွက်လာပြီး ဒစ်စတိန်းသွားလမ်းကို ပိတ်ရပ်လိုက်၏။ ဒစ်စတိန်းသည် ငြိမ်ငြိမ်ကလေး





ရပ်၍ စောင့်နေလိုက်သည်။ ခေါင်းထဲမှာကား ဒါက ဘာတွေပါလိမ့်၊ ဘာသဘော ပါလိမ့်။ ယခု လတ်တလောအခြေအနေအရ ဘယ်သူက နောက်ယောင်ခံလိုက်နေမှန်း စဉ်းစား၍ မရ။ ထို့ပြင် လမ်းပေါ်က အပျော်တမ်းလူငယ်ကလေးတွေကို နောက်ယောင်ခံလိုက်ခိုင်းလောက်သူ ဘယ်သူများ ရှိပါလိမ့်။

လမ်းမီးရောင်အောက်တွင် ဓားရောင်က ဝင်းခနဲ လက်သွား၏။ နောက်ကလိုက်လာသော ကောင်လေးကလည်း ကပ်လာသည်။

ရှေ့က ချာတိတ်က...

"ကဲ... ကိုယ့်လူ မောင်ရင့်ပိုက်ဆံအိတ် ထုတ်စမ်း"

ဒစ်စတိန်းသည် စိတ်သက်သာရာ ရသွား၏။ သည်ငနဲကလေးများကား သာမန်လူဆိုး လူမိုက်ကလေးများပင်တည်း။ မိန်းမလျာကလပ်မှ ထွက်လာသူမှန်းသမျှကို အလွယ်တကူ အမဲဟု ယူဆ၍ အေးစားပြတိုက်နေခြင်း ဖြစ်ပေသည်။

ဒစ်စတိန်းက...

"ကျုပ်ကို ရိုက်လား ပုတ်လား မလုပ်ပါနဲ့ဗျာ၊ ပိုက်ဆံရှိသမျှ ပေးပါ့မယ်"

ဒစ်စတိန်းက ပိုက်ဆံအိတ်ကို ထုတ်လိုက်၏။

ရှေ့မှ ချာတိတ်က...

"ပေးစမ်း ပိုက်ဆံအိတ်"

ဒစ်စတိန်းအနေနှင့် သည်ကောင်လေးများကို ပြန်မချချင်ပါ။ သူ့အတွက် ပိုက်ဆံက အလွယ်တကူ ပြန်ယူနိုင်သည် မဟုတ်ပါလား။ သို့သော် သူ၏စာရွက်စာတမ်း၊ ခရက်ဒစ်ကတ် (ငွေကဲ့သို့ လဲလှယ်သုံးစွဲနိုင်သောကတ်ပြား) များ ဆုံးရှုံးသွားပါက သိပ်မကောင်းလှပေ။ ထို့ကြောင့် အိတ်ထဲမှ ပိုက်ဆံများကို ရွေးထုတ်ပြီး လှမ်းပေးလိုက်၏။ ပါးစပ်မှလည်း—

"စာရွက်စာတမ်းတွေကိုတော့ ထားခဲ့ပါ၊ ငွေတွေ ယူသွားလေ၊ ကျုပ် ရဲကို မတိုင်ပါဘူး"

ရှေ့မှ ချာတိတ်က ငွေများကို ဆတ်ခနဲ ယူလိုက်၏။

နောက်မှ ချာတိတ်က...

"ခရက်ဒစ်ကတ်တွေလဲ ယူကွာ"

ဒစ်စတိန်းသည် ရှေ့ကငနဲမျက်နှာကို သေချာကြည့်လိုက်၏။ သည်ငနဲက နည်းနည်းပျော့ညံ့ပုံရသည်။ သူက—

"မင်းတို့ ငွေရပြီပဲ... တော်ရောပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှေ့က ချာတိတ်ကို ရှောင်၍ ထွက်လာခဲ့လေ၏။ နောက်မှ သားရေခြေနင်း ဆောင့်နင်းသံကြားလိုက်ရပြီး ရှေ့ကငနဲကလည်း ဒစ်စတိန်းထံ ပြေးဝင်လာ၏။ ဒစ်စတိန်းအတွက် လုပ်စရာတစ်လမ်းသာ ရှိတော့သည်။

ဒစ်စတိန်းသည် ကိုယ်ကို တိမ်းညွှတ်၍ သူ့နောက်ကျောကို ကန်လိုက်သောခြေထောက်ကို ဖမ်းကာ ဆွဲလိမ်လိုက်၏။ ချာတိုက်၏ခြေဖွတ်တိုင်လည်း သွားရာ နာကျင်စွာအော်ပြီး လမ်းပေါ်သို့ လဲကျသွား၏။

ဓားနှင့် ငနဲသားက ဒစ်စတိန်းထံ တွန်းဝင်လာသည်။ ဒစ်စတိန်းသည် နောက်သို့ ခုန်ရှောင်၍ ငနဲသားမေးဆီသို့ တစ်ချက်ကန်လိုက်၏။ နောက်သို့ ပြန်ခုန်၍ နောက်တစ်ခါ မေးရိုးကို ကန်လိုက်ပြန်၏။ ဓားငနဲသည် ဓားနှင့် ဝင်ထိုးသည်။ ဒစ်စတိန်းက ဘေးသို့တိမ်း၍ တတိယအကြိမ်အဖြစ် မေးရိုးကို လှမ်းကန်လိုက်ပြန်၏။ 'ဖြောင်း' ခနဲ အရိုးကျိုးသောအသံမျိုး ကြားလိုက်ရပြီး ငနဲလေး ပုံလျက်ကျသွားသည်။

ဒစ်စတိန်းသည် ခဏမျှရပ်၍ လူဆိုး ငနဲလေးနှစ်ဦးကို ကြည့်လိုက်၏။ သူ့ရင်ထဲတွင် ပြောဆိုမရသော သားသမီးများကို ရိုက်လိုက်ရသောမိဘသဖွယ် ခံစားနေရသည်။ သူ့အတွေးထဲ၌မူ သူတို့ ငါ ဒီလိုလုပ်ဖြစ်အောင် ဘာလို့များ မိုက်ကြပါလိမ့်။ သူတို့လေးတွေဟာ အလွန်ဆုံးရှိ ၁၆–၁၇ နှစ်ပေါ့။ သူတို့လေးတွေသည် မိန်းမလျာများကိုစောင့်၍ အမဲဖမ်းနေကြခြင်းသာဖြစ်၏။ ယနေ့ည သူ့လုပ်ရပ်နှင့် ဘာများ ထူးပါသေးသနည်း။

သူသည် ထွက်လာခဲ့လေ၏။ ယနေ့ညနေကား မေ့ပစ်ရန်ကောင်းလှသော ညနေခင်းပါကလား။ နံနက်ကျရင် ဒီမြို့က ခွာမှ ဖြစ်ပေတော့မည်။

*

ဒစ်စတိန်းအနေနှင့် အလုပ်စပြီဆိုသည်နှင့် ဖြစ်နိုင်သမျှ လူမမြင်အောင် ဟိုတယ်အခန်းအောင်းနေလေ့ရှိ၏။ ဟိုတယ်ဘားမှာ ဆင်း၍ အရက်မသောက်၊ အပြင်ထွက် လမ်းမလျှောက်။ အခန်းထဲ အရက်မှာသောက်ပြီး တယ်လီဗေးရှင်းကိုပဲ ကြည့်နေခဲ့သည်။ သို့သော် ဘယ်လောက်ပဲ ဂရုစိုက်စိုက်၊ ဆုံချင်တော့ ဘာမှမတတ်နိုင်။

သူသည် အခန်းခများကို ရှင်းပြီး၊ ပေးထားသောနာမည်ဖြစ်သော အက်ရောဂျားအမည်ကို ကောင်တာစာရေးရှေ့တွင် လက်မှတ်ထိုးနေစဉ် နောက်မှ အင်္ဂလိပ်ဘာသာဖြင့် အသံတစ်ခု ထွက်လာ၏။





"ဘုရားသခင်… နက် ဒစ်စတိန်းပါလား၊ ဟုတ်တယ် မဟုတ်လားဟင်"

တခြားအမည်တစ်မျိုးနှင့် လှုပ်ရှားနေကြရသော စပိုင် အေးဂျင့်တိုင်းသည်လိုအဖြစ်မျိုးကို အကြောက်ရဆုံးမဟုတ်ပါလား။ ဟိုရှေးရှေးတုန်းက အသိတစ်ယောက်ပေါ်ပေါက် ကြုံကြိုက်လာပြီး ဖွင့်ဟခေါ်ဆိုလိုက်ခြင်းပင်။ ထမင်းလုံးဇာချွေခြောက်သည့်ထဲက အတိုင်း။ ရဲသားကြီးက 'မင်း စပိုင်ပဲ' ဟု အော်လိုက်တာမျိုး။

စပိုင်အေးဂျင့်တိုင်းကို လေ့ကျင့်သင်တန်းတိုင်းက သင်ကြားထားသလို ဒစ်စတိန်းလည်း သင်ကြားခဲ့ရပါ၏။ ထိုကဲ့သို့ မိတ်ဆွေမျိုး အသိမျိုးနှင့်ကြုံဆုံတိုင်း မသိဟန်ဆောင်နေလိုက်ရန်။

ဒစ်စတိန်းသည် ဟိုတယ်စာရေးကို ပထမကြည့်လိုက်၏။ ဟိုတယ်စာရေးသည် ဘာမှ သတိမူမိပုံမရ။

ဒစ်စတိန်းသည် နောက်သို့လှည့်၍ ပြင်သစ်ဘာသာဖြင့်…

"ခင်ဗျား… လူမှားနေပြီထင်"

စကားမဆုံးမီ ဟိုရှေးရှေးအခါက အောက်စဖို့မှာ ဆုံဖူးသည့်မြင်ကွင်းသည် ပေါ်လာ၏။

အေလာအက်ရှဖို့၏ ဂါဝန်များမှာ လူးလွန့်နေ၏။ သူမ၏မျက်နှာမှာ သွေးရောင်များ လျှမ်းနေ၏။ သူမသည် ယာစစ်ဟာစန်ကို နမ်းနေ၏။

သူ့ဘက်ကိုလှည့်လိုက်သော ဒစ်စတိန်းအား ယာစစ်ဟာစန်က…

"ဟုတ်ပါ့ဗျား ခင်ဗျားကိုး"

စိတ်လှုပ်ရှားမှုကို မထိန်းနိုင်ဘဲ ဒစ်စတိန်းက…

"ဘုရားသခင်… ဟာစန်"

ဟာစန်က ပြုံးလိုက်၏။ သူ့လက်ကို ဆန့်ပေးလိုက်၏။

"မတွေ့တာ ဘယ်လောက်ကြာပြီလဲ ကြည့်စမ်း၊ အနှစ် ၂၀ တောင် ကျော်ပြီထင်တယ်"

ဒစ်စတိန်းသည် ကမ်းလာသောလက်ကို ဆွဲလိုက်ရ၏။ သူ့ကိုယ်သူ ထိန်း၍…

"ဟုတ်မှာပေါ့ ဒါထက် ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ"

"ကျုပ်က ဒီမှာနေတာ၊ ခင်ဗျားက"

"ကျုပ်က သွားတော့မလို့"

ဒစ်စတိန်းသည် လက်ပတ်နာရီကို ကြည့်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း... ကျုပ်က လေယာဉ်အမီ ပြေးရဦးမယ်ဗျာ"

ဟာစန်က...

"ကျုပ်ကား အပြင်မှာ ရှိပါတယ်၊ လေဆိပ်ကို လိုက်ပို့မှာပေါ့၊ စကား စမြည်လဲ ပြောရတာပေါ့"

"ကျုပ်... တက္ကဆီ မှာထားပြီးပြီ"

ဟာစန်က စာရေးအား...

"တက္ကဆီကားခေါ်ထားတာ ဖျက်လိုက်တော့၊ ကားဆရာလာရင် ရော့ မုန့်ဖိုးပေးလိုက်"

ဟာစန်က ငွေအကြွေတစ်ချို့ ပေးလိုက်သည်။

ဒစ်စတိန်းက...

"ကျုပ်ဗျာ တကယ် အရေးကြီးနေလို့"

"ဒါဆို လာလေ"

ဟာစန်က ပြောပြောဆိုဆို နံဘေးချထားသော ဒစ်စတိန်း၏အိတ်ကို ယူ၍ အပြင်သို့ ထွက်သွား၏။

ဒစ်စတိန်းအနေနှင့် ဘာမှ မတတ်နိုင်တော့ပဲ လိုက်ထွက်ခဲ့ရလေ၏။

သူတို့နှစ်ဦးသား အပြင်မှာရှိသော ဟာစန်၏နှစ်ယောက်စီး အင်္ဂလိပ် ပြိုင်ကားလေးပေါ်တက်၍ ထွက်လာကြလေ၏။ ဒစ်စတိန်းက မတတ်သာတော့ဘဲ အခြေအနေကို ကြည့်ကာ...

"ခင်ဗျား... ဒီမှာနေတယ်"

"ဟုတ်တယ်... ကျုပ်ရဲ့ဘဏ်တိုက်က ဥရောပဌာနချုပ်အဖြစ် ဒီမှာ ဖွင့်ထားတာ"

"ဘာဘဏ်ပါလိမ့်"

"စီခါလက်ဘာနွန်ဘဏ်လေ"

"ဘာလို့များ လူဇင်ဘတ်မှာလာပြီး... "

"ဒါတော့... ဒီမှာက ငွေရေးကြေးရေး အချက်အချာကျလို့ပေါ့၊ ဒါ ထက် ခင်ဗျားကော ဘယ်မှာလဲ"

"အစ္စရေးမှာ နေတယ်လေ... ကျုပ်တို့ရဲ့စခန်းက ဝိုင်ချက်တယ်၊ ဥရောပ ဈေးကွက်ရှာဖို့ ထွက်လာခဲ့တာ"

"ခင်ဗျားဟာက ချဉ်သီးပင်အောက် ချဉ်သီးလာရောင်းသလို ဖြစ်နေပြီပဲ"

"ဟုတ်ပါ့ဗျာ... ကျုပ်လဲ အဲဒီလိုထင်စ ပြုနေပါပြီ"





"ကျုပ် ခင်ဗျားကို ကူညီကောင်း ကူညီနိုင်ပါလိမ့်မယ်၊ နောက်တစ်ခါ လာရင် ကျုပ်နဲ့ ဆက်သွယ်လေ၊ ကျုပ် ဒီမှာ အဆက်အသွယ် အတော်များများ ရှိပါတယ်၊ ခင်ဗျားနဲ့ ဆုံပေးမှာပေါ့"

"ကျေးဇူးပဲဗျာ"

ဟာစန်က...

"ခင်ဗျား... ခင်ဗျားကတော့ ပါလက်စတိုင်းပြန်ရောက်နေပြီး ကျုပ် မှာက ဥရောပကို အိမ်လုပ်နေရတယ်"

ဒစ်စတိန်းက ဘဏ်တိုက်နှင့် ဟာစန် ဘယ်လိုပတ်သက်ရသည်ကို စုံ စမ်းသောအားဖြင့်...

"ဘဏ်တိုက်ရဲ့အခြေအနေကော ဘယ့်နှယ်လဲ"

"မဆိုးပါဘူး"

သူတို့နှစ်ယောက်မှာ စကားပြောစရာ ကုန်သွားသလို ဖြစ်နေ၏။

ဟာစန်က...

"ခင်ဗျား... အိမ်ထောင်ကျပြီလား"

"ဟင့်အင်း... ခင်ဗျားကော"

"မကျသေးဘူး"

"တကယ်ပဲနော်"

ဟာစန်က ပြုံးလိုက်၏။

"ကျုပ်တို့ ခင်ဗျားတို့က တာဝန်ယူချင်တဲ့လူမျိုးတွေ မဟုတ်ဘူးနဲ့ တူတယ်"

"ကျုပ် မှတ်မိသမျှတော့ ခင်ဗျားက မြာအတော်စွဲတဲ့လူပဲ"

"အို... အဲဒါ ရှေးတုန်းကပါ"

သူတို့သည် လေဆိပ်ကို ရောက်လာ၏။ ဟာစန်က ကားရပ်လိုက်၏။ ဒစ်စတိန်းက...

"လိုက်ပို့တာ ကျေးဇူးပါပဲ"

"ထားပါ နောက်တစ်ခါရောက်ရင် ကျုပ်ဆီကို ဆက်သွယ်ပေါ့"

"ကောင်းပါပြီ... ဗွတ်ဘိုင်"

ဒစ်စတိန်းက အောက်စဖို့က အဖြစ်များကို ပြန်စဉ်းစားနေမိ၏။

*



www.burmeseclassic.com

www.burmeseclassic.com



ဟာစန်နှင့် အေလာ ဖက်ပွေ့နေကြသည်ကို ဒစ်စတိန်းနှင့် ကာတုန်းတို့ အသာ ရှောင်ထွက်လာခဲ့ကြ၏။ ဒစ်စတိန်းရင်ထဲမှာမူ အေလာကို ဆုံးရှုံးရသလို ခံစားနေ၏။ ထို့နောက် သူတို့အဖွဲ့ လူစုကွဲသွားကြပါသည်။

ဒစ်စတိန်းက ပါလက်စတိုင်းသို့ လာခဲ့၏။ အေလာ့ကြောင့်တော့ မဟုတ်ပါ။

နောက် ၂၁ နှစ်အတွင်း ဒစ်စတိန်းသည် မည်သည့်မိန်းမနှင့်မှ မပတ်သက်ခဲ့။ ဤသည်လည်း အေလာကြောင့်တော့ မဟုတ်ပါချေ။

*

ဟာစန်သည် လူဇင်းဘတ်လေဆိပ်မှ စိတ်ဆိုးဒေါပွရင်း ပြန်လာခဲ့လေ၏။ သူ့မျက်စိထဲတွင် အောက်စဖို့ကာလတုန်းက ဒစ်စတိန်းပေါက်စလေးကို မှတ်မှတ်သားသား မြင်ယောင်လာ၏။ အပေါစားဝတ်စုံကို ဝတ်ပြီး မိန်းကလေးတစ်ယောက်လို ကြုံလိုလှသော ပိန်ပိန် ဂျူးကလေးတစ်ယောက်။ ပြည့်ဖြိုးသော အေလာ အက်ရှဖို့ကို တပ်မက်သော မျက်လုံးများဖြင့် ကြည့်ရင်း အာရပ်တို့က ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ဂျူးလူမျိုးများသည် ပါလက်စတိုင်းကို ပိုင်ဆိုင်နိုင်ခွင့်ရှိရမည်ဟု ငြင်းခုံပြောကြားတတ်သူ ကောင်လေးတစ်ယောက်။ ထိုစဉ်က ဒစ်စတိန်း၏စကားများသည် အူကြောင်ကြောင်နိုင်လှသည်ဟု ဟာစန်က ထင်ခဲ့၏။ ယခုသော်ကား ဒစ်စတိန်းသည် အစ္စရေးနိုင်ငံမှာ နေထိုင်လျက် ရှိပေပြီ။ စပျစ်ခြံများစိုက်၍ ပိုင်ချက်နေပေပြီ။ သူက အိုးအိမ်တိုင်းပြည် ရရှိသွားပြီး ဟာစန်ကား အိုးအိမ်တိုင်းပြည် ဆုံးရှုံးခဲ့ရ၏။

ဟာစန်သည် ယခု မချမ်းသာတော့ပါ။ အမှန်အားဖြင့် ယခင်ကလည်း ဟာစန်သည် ချမ်းသာသူတစ်ဦး မဟုတ်ခဲ့ပါ။ သို့သော် ဝတ်ကောင်းစားလှ ဝတ်နိုင်ပြီး ပညာ ကောင်းကောင်းသင်နိုင်ခဲ့၍ အာရပ်အထက်လွှာပုံစံအတိုင်း နေနိုင်ခဲ့သူသာ ဖြစ်ပါ၏။

ဟာစန်၏အဘိုးမှာ ထင်ရှားသောဆရာဝန်တစ်ဦး ဖြစ်ပြီး သူ့သားအကြီးကို ဆေးဘက်ဆိုင်ရာလုပ်ငန်းတွင် ဝင်စေ၍ အငယ်ကို စီးပွားရေးနယ်သို့ ပို့ခဲ့၏။ ဟာစန်၏အဖေမှာ သားငယ်ဖြစ်ပြီး ပါလက်စတိုင်း၊ လက်ဘနွန်နှင့် ဂျော်ဒန်တိုင်းပြည်များသို့ သွားလာလှည့်ပတ်၍ အထည်အရောင်းအဝယ်လုပ်သူ ဖြစ်ပေသည်။ ဗြိတိသျှတို့လက်အောက်တွင် ဟာစန်ဖခင်၏အထည်လုပ်ငန်းသည် အောင်မြင်ကြီးပွားခဲ့ပေသည်။ ၁၉၄၇ ခုနှစ်တွင် မိသားစုသည် သူ တို့၏မွေးရပ်နာဇရက်မြို့အနားခြံ အိုးအိမ်ထူထောင်ခဲ့ပေသည်။





၁၉၄၈ ခုနှစ် စစ်ပွဲသည် သူတို့မိသားစုစီးပွားရေးကို ပျက်စီးစေခဲ့၏။ အစ္စရေးနိုင်ငံ တည်ထောင်ကြောင်း ကြေညာသောအခါ အာရပ်တပ်မတော်တို့က အစ္စရေးကို ဝိုင်းတိုက်ခဲ့ကြ၏။ ဟာစန်မိသားစုသည် လွဲမှားစွာ ဆုံးဖြတ်ခြင်း သူတို့ပစ္စည်းများ ထုပ်ပိုး၍ ဆီးရီးယားပြည်သို့ ထွက်လာခဲ့ကြ၏။ သူတို့သည် အိမ်မြေသို့ ပြန်မရောက်ကြ။ သူတို့ပိုင်ဆိုင်ခဲ့သော ဂျေရုဆလင်မှ ဂိုဒေါင်များ မီးလောင်ခံခဲ့ကြရသည်။ သူတို့ဆိုင်များကို ဖျက်ဆီးခံရပြီး ဂျူးများက အပိုင်သိမ်းခဲ့၏။ မိသားစုပိုင်မြေများကိုလည်း ဂျူးအစိုးရပိုင်အဖြစ် သိမ်းပိုက်ခြင်းခံရ၏။ ဟာစန် ကြားရသလောက်မှာ သူတို့၏မြေနေရာကောင်းတွင် ယခု ဂျူးတို့က ဘုံစခန်း ကိဘုဇ်တစ်ခု တည်ထောင်ထားသည်ဆို၏။

ထိုအချိန်မှစ၍ ဟာစန်၏အဖေသည် ကုလသမဂ္ဂ စစ်ပြေးစခန်းမှာ နေထိုင်ခဲ့လေသည်။ သူ တတ်နိုင်သည်မှာ သားဖြစ်သူ ဟာစန်ကို လက်ဘနွန်ဘဏ်တိုက်တစ်ခုသို့ စာရေးဆက်သွယ်ပေးခြင်းသာ ဖြစ်ပေသည်။ ယာစစ်ဟာစန်သည် တက္ကသိုလ်ဘွဲ့ရတစ်ဦးဖြစ်ပြီး အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုနိုင်ပေရာ ဘဏ်တိုက်က သူ့အား လက်ခံခဲ့ပေသည်။

ဟာစန်သည် ၁၉၅၃ ခုနှစ် မြေပိုင်ဆိုင်ခွင့် ဥပဒေအရ အစ္စရေးအစိုးရထံသို့ မြေကို ပြန်လည်တောင်းဆိုသော်လည်း မရခဲ့ပေ။

ဟာစန်သည် သူ့မိဘရှိသော ကုလသမဂ္ဂစစ်ပြေးစခန်းသို့ တစ်ခေါက်သာ အလည်ရောက်ခဲ့ပြီး ဆင်းရဲ ထူးမခြားနားသော စခန်းအခြေကို စိတ်ပျက်ပြီး နောက်တစ်ဖန် မရောက်တော့ပေ။

ဟာစန်သည် ဘဏ်တိုက်၏သာမန်စာရေးတစ်ယောက်အဖြစ် ထိုက်တန်သလောက် အောင်မြင်ပါသည်။ သူသည် အသိအလိမ္မာရှိသူ ဖြစ်ပြီး နံ့စပ်သူတစ်ဦး ဖြစ်ပါသည်။ သို့သော် သူ မွေးဖွားကြီးပြင်းလာသော အထက်လွှာစိတ်ဓာတ်နှင့် စာရေးကလေးအဖြစ်မှာ ဆက်စပ်၍မရသလို ဖြစ်နေ၏။ သူ့စိတ်များသည် တခြားနေရာများသို့ အမြဲရောက်နေ၏။

ဟာစန်သည် သူတို့မိသားစုပိုင်ဆိုင်မှုများ သိမ်းယူခြင်း ခံရသည်ဟူသော အဖြစ်ကို မမေ့။ ထို့ကြောင့် မုန်းတီးမှုစိတ်သည် သူ့အတွက် အမြဲ ဝန်ထုပ်ဝန်ပိုးလို ဖြစ်နေခဲ့ပေသည်။ အစ္စရေးများကို နာကျည်းစွာ မုန်းတီးနေခဲ့၏။ နိုင်ငံတိုင်း အာရပ်တပ်မတော်များက ကျူးကျော်ရေးသမား ဇီယွန်ဝါဒီဂျူးများကို အောင်းထုတ် ဖျက်ဆီးနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့၏။ အာရပ်တပ်မတော်များ ဆုံးရှုံးခဲ့တိုင်း ဟာစန်၏ရင်ထဲတွင် နာကျည်းစိတ် ပို၍ ပွားလာခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၇ ခုနှစ်တွင် ဟာစန်သည် အီဂျစ်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။

ဟာစန်သည် အရေးပါသော အေးဂျင့်တစ်ယောက်ကား ဖြစ်မလာခဲ့။ သို့သော် ဥရောပဘဏ်လုပ်ငန်းမှာ လုပ်ကိုင်ရသူတစ်ဦးဖြစ်သည့်အတိုင်း အထွေထွေစီးပွားရေးလုပ်ငန်းများ အခြေအနေတချို့ကို သိကျွမ်းဆက်စပ်နိုင်သူတစ်ဦး ဖြစ်လာ၏။ ထို့ကြောင့် ဥရောပရှိ အစ္စရေးတို့ ငွေရေးကြေးရေးလှုပ်ရှားမှုများ၊ လက်နက်အရောင်းအဝယ် လှုပ်ရှားမှု တချို့သတင်းများကို ပေးပို့နိုင်ခဲ့ပါသည်။ သူ၏ဟာဂန်မှာ ငွေကြေးလုပ်ငန်းအကြောင်းပြ၍ လာရောက်တတ်သော ဂျူးများကို အစ္စရေးစပိုင်အေးဂျင့် ဟုတ်မဟုတ် စောင့်ကြည့်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း သူသည် နက်ဒစ်စတိန်းကို ဖော်ရွေခင်မင်ဟန်ပြု၍ ချဉ်းကပ်ခဲ့ခြင်း ဖြစ်ပါသည်။

ဟာစန်စိတ်ထဲတွင်မူ ဒစ်စတိန်း၏ပြောစကားသည် ဖြစ်နိုင်လောက်သည်ဟု ယူဆခဲ့၏။ ခပ်ညံ့ညံ့ဝတ်စုံ၊ ရေးတုန်းကအတိုင်း မျက်မှန်ပိုင်းကလေးနှင့် ရှေးမှုမပျက်လှသော ဒစ်စတိန်သည် အရောင်းအဝယ်ဖြစ်ထွန်းအောင် မလုပ်နိုင်သော အရောင်းသမားကလေး ဖြစ်နိုင်လောက်သည်ဟု ယူဆခဲ့၏။

သို့သော် ယမန်နေ့ည ရှုးဒစ်အရပ်မှာ ဖြစ်ပွားခဲ့သောအဖြစ်အပျက်က ရှိနေပေသေးသည်။ ရဲအဖွဲ့များက သာမန် သူခိုး လူဆိုးကလေးနှစ်ဦးဟု အသိအမှတ်ပြုထားသော ချာတိတ်နှစ်ယောက်သည် ဒဏ်ရာပြင်းထန်စွာ ရခဲ့လေသည်။ သူတို့နှစ်ဦးသားသည် အမဲဖမ်းမှားခဲ့ပုံရသည်မှာ ထင်ရှားလှပါ၏။

ချာတိတ်နှစ်ဦးရခဲ့သော ဒဏ်ရာများသည် ကြေးစားသမားတစ်ဦး၏ လက်ချက်ဖြစ်ကြောင်း သေချာသည်။ ချာတိတ်နှစ်ကောင်ကို ရိုက်ချိုးခဲ့သူမှာ စစ်သားတစ်ဦး၊ ရဲသားတစ်ဦး၊ ဘော်ဒီဂတ်တစ်ဦး၊ သို့မဟုတ် အေးဂျင့်တစ်ဦး ဖြစ်ရပေမည်။ ဤအချက်အလက်များကို ဟာစန်သည် သူ့အဆက်အသွယ် ရဲအဖွဲ့ထံမှ ကြားသိရခြင်း ဖြစ်ပေသည်။ ထိုကဲ့သို့ အမှုအခင်းဖြစ်ပြီး နောက်တစ်နေ့မနက် လူဇင်းဘတ်မှ အလောတကြီး လေယာဉ်နှင့် ထွက်ခွာသွားသော အစ္စရေးလူမျိုးတစ်ဦးအကြောင်းကိုမူ စုံစမ်းစစ်ဆေးကြည့်ဖို့ ကောင်းသည်ဟု ဟာစန် ယူဆ၏။

ဟာစန်သည် အဲလ်ဖာဟိုတယ်သို့ ပြန်လာခဲ့ပြီး ဟိုတယ်စာရေးထံ ဝင်တွေ့၏။

"ကျုပ် လွန်ခဲ့တဲ့ တစ်နာရီလောက်တုန်းက ဒီက ထွက်မယ့်ဆဲဆဲ ဧည့်သည်တစ်ယောက်နဲ့ ဒီမှာ ဆုံခဲ့တယ်လေ၊ ခင်ဗျား မှတ်မိသလားဟင်... "





စာရေးက...

"မှတ်မိတယ် ထင်ပါရဲ့... "

ဟာစန်က စာရေးအား လူဇင်းဘတ်ဖရန့်ငွေနှစ်ရာ အသာလှမ်းပေးလိုက်၏။

"အဲဒီဧည့်သည် ဘယ်နာမည်နဲ့ ဒီမှာ စာရင်းသွင်း တည်းခိုသွားသလဲဟင်... "

"ရပါတယ်ခင်ဗျ"

စာရေးသည် ဖိုင်တွဲကို လှမ်းကြည့်ပြီး...

"အက်ဒွပ်ရောဂျားတဲ့၊ အင်တာနေရှင်နယ် သိပ္ပံမဂ္ဂဇင်းကပါတဲ့"

"နက် ဒစ်စတိန်း မဟုတ်ဘူးလား... "

စာရေးက စိတ်မရှည်စွာ ခေါင်းခါပြ၏။

ဟာစန်က...

"ဒါဆို အစ္စရေးက နာသန်နီရယ် ဒစ်စတိန်းအမည်နဲ့ တည်းခိုသူ ရှိမရှိ ကြည့်ပေးပါဦး... "

"ဟုတ်ကဲ့ ခင်ဗျာ... "

ပိုက်ဆံတန်ခိုးဖြင့် စာရေးသည် စာရွက်စာတမ်းများကို လှန်လှောကြည့်နေ၏။ ဟာစန့်ရင်သည် ခုန်လာ၏။ ဒစ်စတိန်းသည် အခြားနာမည်တစ်ခုကို သုံး၍ ဟိုတယ်၌ တည်းခိုသူဖြစ်ပါက သာမန် ဝိုင်အရောင်းသမားတစ်ဦး မဖြစ်နိုင်တော့။ သို့ဆိုလျှင် အစ္စရေးအေးဂျင့် စပိုင်တစ်ဦးမှလွဲ၍ ဘာများ ဖြစ်နိုင်ပါတော့မည်နည်း။

စာရေးက ဖိုင်တွဲများကို ပိတ်လိုက်ပြီး...

"မရှိပါဘူးခင်ဗျာ... သေချာပါတယ်... "

"ကျေးဇူးပဲကွာ"

ဟာစန်သည် သူ၏ရုံးခန်းသို့ ပြန်လာခဲ့လေ၏။ သူသည် သူ၏ဖြတ်ထိုးဉာဏ်အစွမ်းဖြင့် ထူးခြားမှုတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြီ ဖြစ်၏။ သူ့စားပွဲရောက်သည်နှင့် သတင်းပို့ရန် စာစီလိုက်၏။

**အစ္စရေးအေးဂျင့်ဟု ယူဆရသူကို တွေ့ရှိသည်။**

**နက် ဒစ်စတိန်းခေါ် အက်ရောဂျား ၅ ပေ ၆ လက်မခန့်၊ အရပ်မြင့်၊ ကိုယ်ခန္ဓာ သေးသွယ်၊ မျက်လုံးညို၊ အသက် ၄၀ ခန့်။**

ဟာစန်သည် ၎င်းစာစုကို လျှို့ဝှက်စကားကုတ်ဖြင့် ပြန်စီပြီး၊ အီဂျစ်ရှင်းဘဏ်ရုံးချုပ်သို့ ကြေးနန်းဖြင့် ပို့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ သတင်းပို့ပြီးသည်နှင့် ဟာစန်သည် ဘာမှ လုပ်စရာမရှိတော့။ သည်အချိန်တွင် ကိုင်ရိုမှ ဖုန်းဆက်လာ၏။

ဤကဲ့သို့ ဖုန်းဖြင့် တစ်ခါမှ အဆက်အသွယ်ပြုခြင်း မခံရဖူးခဲ့။ အီဂျစ်ဌာနချုပ်မှ ဟာစန်ထံသို့ ကြေးနန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဆက်သွယ်ဖူး၏။ တစ်ခါမှ ဖုန်းဖြင့် မဆက်သွယ်ဖူးခဲ့၊ သူပို့ခဲ့သောသတင်းသည် ထင်မှတ်ထားသည်ထက် အရေးပါခဲ့ပုံ ရနေ၏။

ကိုင်ရိုမှ ဖုန်းပြောသူက ဒစ်စတိန်းအကြောင်း ပို၍သိချင်ပုံ ရနေသည်။

"ခင်ဗျားပေးပို့တဲ့သတင်းက ပုဂ္ဂိုလ်အကြောင်း ပိုပြီး တိတိကျကျ သိချင်တယ်၊ သူဟာ မျက်မှန်အဝိုင်း တပ်ထားသလား… "

"ဟုတ်ကဲ့"

"သူ အင်္ဂလိပ်စကားပြောတဲ့အခါမှာ ကောက်ကနေ (လန်ဒန်သားများ ပြောလေ့ရှိသောလေသံ) လေသံမျိုး ဝဲသလား၊ အဲဒီလိုလေသံမျိုးကော သတိမူမိရဲ့လား… "

"ဟုတ်ကဲ့… သတိမူမိပါတယ်… "

"သူ့လက်ဖျံမှာ နံပါတ်တွေ၊ ဆေးမင်ထိုးထားတာ တွေ့သလား… "

"ကနေ့တော့ မတွေ့လိုက်ရပါဘူး၊ ဒါပေမယ့် သူ့လက်ဖျံမှာ အဲဒီနံပါတ်တွေ ဆေးမင်ထိုးထားတာ သိပါတယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ကျွန်တော် အောက်စဖို့မှာနေတုန်းက သူနဲ့ အတူနေခဲ့တာပဲ၊ ဒစ်စတိန်းဆိုတာ သေချာပါတယ်… "

"မင်း… သူ့ကိုသိတယ်… "

ကိုင်ရိုမှ စကားပြောဆိုသူ၏ အသံမှာ အံ့ဩသွားပုံရ၏။ သူက ဆက်၍…

"အဲဒီအကြောင်း မင်းရဲ့ဖိုင်မှာ ပါသလား… "

"မပါဘူးခင်ဗျာ ကျွန်တော်လဲ ပါသင့်တယ်မထင်လို့… "

"ဘယ့်နှယ်မပါသင့်ရမှာလဲ မင်းတို့ဆီမှာ ဘယ်တုန်းက အမှုဝင်ထမ်းခဲ့တာလဲ… "

"၁၉၅၇ ခုနှစ်ကတည်းကပါ… "

"ဒါကြောင့်ကိုး ကြာပြီပဲ၊ အိုကေ ကဲ သေချာနားထောင်၊ ဒီလူဟာ သိပ်အရေးကြီးတယ်၊ သူနဲ့ အတူ ၂၄ နာရီလုံး မခွဲဘဲ အရိပ်လိုကပ်နေ၊ ပြောတာ နားလည်ရဲ့လား… "

ဟာစန်က စိတ်ညစ်စွာဖြင့်…





"မဖြစ်ဘူးခင်ဗျာ သူက ထွက်သွားပြီ"

"သူက ဘယ်သွားတာလဲ"

"ကျွန်တော် သူ့ကို လေဆိပ်မှာ ချပေးခဲ့တာပဲ၊ ဘယ်သွားသလဲတော့ မပြောတတ်ဘူး… "

"ဒါဆို ချက်ချင်းစုံစမ်း၊ လေဆိပ်ကို ဖုန်းဆက်၊ လေကြောင်းကုမ္ပဏီတွေကို စုံစမ်း၊ သူ ဘယ်ခရီးစဉ်နဲ့ ပါသွားသလဲဆိုတာကို မေး၊ ပြီးတော့ ၁၅ မိနစ်အတွင်း ကျုပ်ဆီကို ပြန်ဖုန်းဆက်"

"ဟုတ်ကဲ့ ကျွန်တော် အတတ်နိုင်ဆုံး… "

"မင်းရဲ့အတတ်နိုင်ဆုံးကို မလိုချင်ဘူး၊ ဒစ်စတိန်း ဘယ်ကိုသွားသလဲဆိုတာ သိချင်တယ်၊ သူ့ခရီးစဉ်မရောက်ခင် သိရမှ ဖြစ်မယ်၊ ၁၅ မိနစ်အတွင်း ပြန်ဆက်၊ ဟုတ်လား၊ သူ့ကို တွေ့ရပြီးတော့မှ မျက်ချည်ပြတ်ခံလို့ မဖြစ်တော့ဘူး… "

"ဟုတ်ကဲ့ ကျွန်တော် ချက်ချင်းလုပ်လိုက်ပါ့မယ်… "

ဟာစန်၏စကားမဆုံးမီမှာပင် တစ်ဖက်က ဖုန်းချသွား၏။

ဟာစန်သည် ဖုန်းခွက်ကို ချလိုက်ရ၏။ ကိုင်ရိုက သူ့အား ကျေးဇူးစကားလေးပင် မဆိုခဲ့။ သို့သော် အခြေအနေကား ကောင်းလှပေသည်။ ချက်ချင်းဆိုသလိုပင် သူသည် အရေးပါသူတစ်ဦး ဖြစ်လာခဲ့၏။ သူလုပ်ရမည့်အလုပ်သည် အရေးကြီးနေပေပြီ။ သူတို့သည် သူ့ကို မှီခိုနေရပေပြီ။ သူ့အနေနှင့် အာရပ်ပြည်သူတို့၏ လှုပ်ရှားမှုအတွက် အကျိုးပြုနိုင်ခွင့် ရပေပြီ။ အစ္စရေးများကို ချေမှုန်းခွင့်အရေး ရခဲ့ပေပြီ။

ဟာစန်သည် ဖုန်းခွက်ကို ပြန်ကိုင်ရင်း လေကြောင်းဌာနများကို စတင်ဆက်သွယ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

[၄]

နက်ဒစ်စတီန်းသည် ပြင်သစ်ပြည် နျူကလီးယားဓာတ်အားပေးစက်ရုံသို့ သွားရောက်လည်ပတ်ရန် ဆုံးဖြတ်လိုက်ခြင်းသည် အင်္ဂလိပ်စကားမှလွဲ၍ တခြားသူ ထိုက်တန်သရွေ့ပြောနိုင်သော ဘာသာစကားမှာ ပြင်သစ်ဖြစ်သောကြောင့်ပင်တည်း။

သူသည် အဏုမြူဓာတ်အားပေးစက်ရုံသို့ ကျောင်းသားများ၊ တိုးရစ်များနှင့် စုပေါင်း ဘတ်စကားစီး၍ လာခဲ့၏။ ဘတ်စကားသည် စိမ်းလန်းသောရှုခင်းများကို ဖြတ်၍ တောဘက်သို့ ခရီးဆန့်ခဲ့၏။ နောက်ဆုံး ဓာတ်အားပေးစက်ရုံကြီးကို အဝေးမှ မြင်ရလာ၏။ ဘတ်စကားသည် စက်ရုံနားသို့ နီးလာသည်နှင့် ဓာတ်အားပေးစက်ရုံကြီးမှာ ထင်ထားသည်ထက် များစွာကြီးမားနေကြောင်း တွေ့ရလေ၏။

အပြင်စခန်း လုံခြုံရေးမှာ စက်ရုံလုံခြုံရေးမျိုးသာ ဖြစ်၏။ ဆိုလိုသည်မှာ စစ်တပ်ပုံစံ၊ စစ်ရေးပုံစံ၊ လုံခြုံရေးမဟုတ်ကြောင်း ဖြစ်ပေသည်။ နယ်မြေတစ်ခုလုံးကို ဝင်းခြံအမြင့်ကြီး ခတ်ထား၏။ သို့သော် လျှပ်စစ်ဓာတ်အား လွှတ်မထားပေ။

ခရီးစဉ်လိုက်ပို့သူ တာဝန်ခံက ဂိတ်မှူးနှင့် စကားပြောနေစဉ် ဒစ်စတီန်းသည် ဂိတ်ပေါက်အစောင့်အိမ်ကို လှမ်းအကဲခတ်လိုက်၏။ အစောင့်များတွင် အနီးကပ်စစ်ဆေးနိုင်သော တယ်လီဗီးရှင်း စကရင်နှစ်ခုသာရှိသည်ကို တွေ့ရ၏။ ဒစ်စတီန်းစိတ်ထဲတွင် သူ့အနေနှင့် နေ့ကြောင်တောင်မှာပင် အစောင့်များမသိ





အောင် လူငါးဆယ်လောက် ခိုးသွင်းနိုင်ရဲ့ဟု တွေးလိုက်၏။ သို့သော် ဤအချက်သည်ပင် ကောင်းသောလက္ခဏာမဟုတ်ပေ။ ဤကဲ့သို့ အလွယ်တကူ အစောင့်ပေါ့ဆဲဆထားခြင်းကပင် သူတို့ကိုယ် သူတို့ ပိုမိုစိတ်ချ ယုံကြည်နေသောကြောင့်သာ ဖြစ်ရမည် မဟုတ်ပါလား။

သူသည် အဖွဲ့သားများနှင့် အတူ ဧည့်ကြိုခန်းမဘက်သို့ လျှောက်ခဲ့၏။ သည်နေရာမှာ အဏုမြူဓာတ်အားပေးစက်ကို ပြည်သူအများ မြင်တွေ့နိုင်ရန် အသားပေးပြထားသောနေရာ ဖြစ်ပေသည်။ မြက်ခင်းပြင်ညီညီများနှင့် ပန်းခင်းများကို တွေ့ရသည်။ အစစအရာရာသည် သန့်ရှင်းလှပနေ၏။ ဂိတ်ပေါက်ဘက်သို့ လှည့်ကြည့်လိုက်ရာ အညိုရောင် အိုပယ်ကားတစ်စီး လမ်းဘေးသို့ ထိုးရပ်လာသည်ကို မြင်ရ၏။ ကားပေါ်မှ လူနှစ်ယောက်အနက် တစ်ယောက်ကဆင်း၍ အစောင့်နှင့် တစ်စုံတစ်ရာပြောသည်။ အစောင့်က လမ်းညွှန်ပြသနေသည့်သဘော တွေ့ရ၏။ ကားထဲဆီမှ တစ်စုံတစ်ရာသည် နေရောင်နှင့် လက်သွား၏။

ဒစ်စတီန်းသည် ဧည့်သည်များနှင့် အတူ ခန်းမကျယ်ထဲသို့ လိုက်ပါဝင်ရောက်ခဲ့လေသည်။ အခန်းနံရံပေါ်တွင် အဏုမြူဓာတ်အားပေးစက်ရုံကြီးကို လေယာဉ်ပေါ်မှ ရိုက်ကူးထားသော ဓာတ်ပုံကြီးတစ်ပုံ ချိတ်ဆွဲထား၏။ ဒစ်စတီန်းသည် ဓာတ်ပုံကြီးရှေ့တည့်တည့်မှာ ရပ်၍ ကြည့်သလိုလုပ်နေသော်လည်း ခေါင်းထဲကမူ အိုပယ်ကား အညိုရောင်အတွက် ပူပန်နေမိ၏။

ဧည့်သည်များအားလုံးကို ဓာတ်အားပေးစက်ရုံမှ ယူနီဖောင်းဝတ်ဧည့်ကြိုမယ် လေးဦးက ခေါင်းဆောင်ခေါ်ယူပြီး ရှင်းပြနေ၏။ ဧည့်ကြိုမယ်များက ကြီးမားသော တာဘိုင်စက်ကြီးများကို လည်းကောင်း၊ များပြားလှသော ဒိုင်ခွက်များနှင့် အအားပေးသွင်းပုံ၊ ထုတ်လုပ်ပုံများကို လည်းကောင်း ရှင်းပြနေ၏။ ဒစ်စတီန်း ခေါင်းထဲ၌မူ အိုပယ်ကားသည် သူ့နောက်သို့ နောက်ယောင်ခံလိုက်လာခဲ့ခြင်း ဖြစ်လေသလား။ ဟုတ်ခဲ့ပါက ဘာကြောင့်များပါလိမ့်။

ဒစ်စတီန်းအနေနှင့် စိတ်ဝင်စားစရာနေရာသို့ ရောက်လာသည်နှင့် ဧည့်ကြိုမယ်ကလေးအား...

"အဏုမြူလောင်စာက ဘယ်လို ရောက်လာပါသလဲ ခင်ဗျ"

"ထရပ်ကားတွေနဲ့ပေါ့"

ဧည့်ကြိုမယ်က ဆက်လက်ဖြေဆိုလိုက်ရာ တချို့သောဧည့်သည်များက နှုတ်ခိုးခစ်ခစ် ရယ်လိုက်ကြ၏။ သူတို့စိတ်ထဲတွင် အဏုမြူလောင်စာဖြစ်သည့် ယူရေနီယံဓာတ်များ ထရပ်ကားများနှင့် မြို့ထဲပတ်၍ လာသည်ကို မြင်ယောင်လာပုံရလေသည်။ ဧည့်ကြိုမယ်က...



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဘာမှ အန္တရာယ်မရှိပါဘူးရှင်၊ ယူရေနီယံဓာတ်တွေဟာ အဏုမြူလောင်စာအဖြစ် စက်ရုံထဲ ထည့်ပြီး အသုံးမပြုမချင်း အဏုမြူဓာတ်အား ပြန့်သွားမှု အန္တရာယ် လုံးဝမရှိပါဘူး၊ ယူရေနီယံဓာတ်ခဲတွေကို ထရပ်ကားတွေက တစ်ဆင့် ခုနစ်ထပ် လောင်စာ စတိုခန်းကို ပို့ပေးပါတယ်၊ အဲဒီက တစ်ဆင့် ကတော့ အားလုံး လူနှင့် ပို့ဆောင်ရတာ မရှိတော့ဘဲ စက်နဲ့ အော်တိုမစ်တစ် ပို့ဆောင်ရပါတယ်"

ဒစ်စတိန်းက...

"ဒါဆို အဲဒီ ယူရေနီယံဓာတ်တွေရဲ့ အမျိုးအစား အရေအတွက်ကို ဘယ်လို စစ်ဆေးပါသလဲ"

"အဲဒါကို လောင်စာဖြန့်ချိရေးဌာနက စစ်ဆေးပြီး လွှတ်ပါတယ်၊ လောင်စာအခဲတွေကို ချိပ်ပိတ်လွှတ်လိုက်ပြီး ချိပ်များကို ဒီကျမှ စစ်ဆေးလက်ခံယူရပါတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျ"

ဒစ်စတိန်းက ခေါင်းညိတ်ပြရင်း ပြောလိုက်၏။ ယူရေနီယံထိန်းသိမ်းရေးစနစ်ကား ယူရေတွန်မှ မစ္စတာပက်ပါ ပြောသလောက် တိတိကျကျ ခက်ခက်ခဲခဲကြီး မဟုတ်ပါလား။ ဒစ်စတိန်းခေါင်းထဲ၌ အကြံအစည်တစ်ခု နှစ်ခု ပေါ်စပြ၏။

ဧည့်ကြိုမယ်ကလေးများသည် အဏုမြူဓာတ်အားပေးစက်အတွင်း ဆက်လျှောက်ဝင်ရင်း စက်များ၏အလုပ်လုပ်ပုံများကို တစ်ခုစီ အသေးစိတ်ရှင်းပြရ၏။

အားလုံးကို လေ့လာနားထောင်ပြီးသည်နှင့် အဏုမြူဓာတ်အားပေးစက်ရုံတစ်ခုမှ အဏုမြူလောင်စာဖြစ်သော ယူရေနီယံဓာတ်များ ခိုးယူရန် အလုပ်မှာ သိပ်မနိပ်လှကြောင်း ဒစ်စတိန်း ရိပ်မိလာသည်။

ဒစ်စတိန်းခေါင်းထဲတွင် ယူရေနီယံများကို ဘယ်လိုဘယ်ပုံ ခိုးယူရမည်ဆိုသည်ကိုပဲ တွေးနေ၏။ သူ့ခေါင်းထဲ ပေါ်လာသမျှသော အကြံအစည်များသည် 'လူမသိ–သူမသိ ခိုးရမည်'ဆိုသော အချက်ကြောင့် တစ်ခုပြီး တစ်ခု ပျက်ပြယ်သွားလေ၏။ အစစအရာရာသည် မအောင်မြင်နိုင်ကြောင်းကိုသာ ပြသနေ၏။ ဘာပဲဖြစ်ဖြစ်၊ မဖြစ်နိုင်ခြင်းကား မဖြစ်နိုင်ခြင်းပါပဲလားဟု တွေးနေမိ၏။ သူ့ကိုယ်သူ စိတ်လျှော့ရန် စောပါသေးသည်ဟု အားပေးလိုက်၏။ အစမှ ပြန်စကြပါဦးစို့။

ဒစ်စတိန်းအနေနှင့် ယူရေနီယံများကို ခိုးယူရမည်ဆိုပါက ယနေ့လေ့လာပြီးသည့်အထိ အဖြစ်နိုင်ဆုံးနေရာမှာ တစ်နေရာမှ တစ်နေရာသို့ သယ်ပြောင်းစဉ်





ကာလမှာပဲ ဖြစ်ပေလိမ့်မည်။ သည်စက်ရုံဘက်မှ သယ်ဆောင်လာသောသေတ္တာ၏ ချိပ်များကိုသာ စစ်ဆေးခြင်းရှိပြီး အတွင်းမှ ယူရေနီယံများကို စစ်ဆေးခြင်းမရှိကြောင်း သိရပေပြီ။ သူ့အနေနှင့် ထရပ်ကားတစ်စီးကို လမ်းမှ ဆီး၍တိုက်၊ ယူရေနီယံများကို ထုတ်၊ သေတ္တာများကို ပြန်၍ချိပ်ပိတ်၊ ထရပ်ကားဆရာကို ခြိမ်းခြောက်၍ သေတ္တာခွံများကိုသာ အပို့လွှတ်လိုက်၊ သည်ဘက်က စက်ရုံအနေနှင့် ချိပ်များကိုသာ စစ်ဆေးပေမည်။ သေတ္တာလိုက် အော်တိုမက်တစ်ခန်းသို့ ပို့၊ ထိုမှ တစ်ဆင့် ဓာတ်အားပေးစက်တွင်းသို့ လောင်စာအဖြစ် ရောက်သွား။ ထိုသို့ဆိုလျှင် လောင်စာလျော့နည်းသွား၍ ဓာတ်အားထုတ်လုပ်မှု နည်းပါးမှုရှိကြောင်း ရှိနိုင်သည်။ သည်အတွက် စုံစမ်းစစ်ဆေးမှု ရှိကောင်း ရှိနိုင်မည်။ သို့သော် မည်သူမျှ တိတိကျကျ ပြောနိုင်မည်မဟုတ်။ နောက်ဆုံး ဓာတ်ပေါင်းရုံမှ ယူရေနီယံများကို လောင်စာအဖြစ် အသုံးပြုပြီး ပြန်ထွက်လာသော ပလူတိုနီယံဓာတ်များ အလေးချိန်နည်းပါးနေသောအခါမှ ရိပ်စားမိနိုင်ပေမည်။ ထိုအချိန်ကျသောအခါ ယူရေနီယံ ခိုးယူမှု သဲလွန်စများသည် မှေးမှေးမှိန်မှိန်မျှသာ ရှိပေတော့မည် ဖြစ်၏။

တစ်နည်းအားဖြင့် စက်ရုံမှ လူများသည် စောစီးစွာသိနိုင်ကောင်း သိနိုင်ကြပေမည်။ ထား... နောက်ထပ်ပြဿနာမှာ ထိုယူရေနီယံများကို ခိုးယူရာ ကင်းပြည်မှ အပြင်သို့ လူမသိ သူမသိထုတ်ယူရမည့်အရေး ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သူ့အနေနှင့် ဖြစ်နိုင်ဖွယ်ရာ အကြံတစ်ခုရပြီးမှ ဝမ်းနည်းနည်းသာသွား၏။

ထိုအချိန်၌ စက်ရုံမှ တာဝန်ခံတစ်ဦး၏ ရှင်းလင်းပြောကြားချက်များသည်း ပြီးဆုံးသွားပြီ ဖြစ်သည်။ ဧည့်သည်များ ဘတ်စကားပေါ်သို့ တက်ကာ ပြန်ရန် ပြင်ဆင်ကြ၏။

ဒစ်စတိန်းသည် ဘတ်စကား၏နောက်ဆုံး ခုံတန်းမှာ နေရာယူလိုက်သည်။ အဘွားကြီးတစ်ဦးက သူ့နေရာပါဟု ပြောသော်လည်း မသိဟန်ဆောင်နေလိုက်၏။

ဓာတ်အားပေးစက်ရုံမှအပြန် ဒစ်စတိန်းသည် နောက်ဘက်ကို အသေအချာ အကဲခတ်လာခဲ့၏။ တစ်မိုင်ခန့်ရောက်လာသောအခါ ဖြတ်လမ်းတစ်ခုပေါ်မှ ဗိုယက်ကားအညိုသည် ပေါ်လာ၍ ဘတ်စကားနောက် ခပ်လှမ်းလှမ်းမှ လိုက်ပါလာသာလေ၏။

ဒစ်စတိန်း၏ဝမ်းသာမှုကလေးသည် ပျောက်ဆုံးသွားလေ၏။

*



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သူ့ကို ရန်သူတွေ့သွားပြီဖြစ်သည်။ ဤသို့တွေ့သွားခြင်းမှာ ယခု ပြင်သစ်မှာသော်လည်းကောင်း၊ လူဇင်းဘတ်မှာသော်လည်းကောင်း ဖြစ်ရပေမည်။ လူဇင်းဘတ်တွင် ပို၍ဖြစ်နိုင်ပေသည်။ သူ့ကိုတွေ့သွားသူမှာ ယာစစ်ဟာစန်ပင် ဖြစ်နိုင်ကောင်း ဖြစ်နိုင်ပေမည်။ ဟာစန်အနေနှင့် အေးဂျင့်တစ်ယောက် မဖြစ်နိုင်ပေဘူးလား။ ဟာစန်မဟုတ်ပါကလည်း တခြားတစ်စုံတစ်ယောက်က တွေ့သွားခြင်းသာ ဖြစ်ရပေမည်။ သူတို့ ယခု သူ့နောက်သို့ နောက်ယောင်ခံလိုက်နေခြင်းမှာ ရိုးရိုးစိတ်ဝင်စားရုံ၊ သူ ဘာလုပ်နိုင်မှာပါလိမ့်ဟု စိတ်ဝင်စားရုံသာ ဖြစ်နိုင်ပေလိမ့်မည်။ ဟုတ်ကော ဟုတ်ရဲ့လား။ သူ ဘာကြံစည်နေသည်ဆိုခြင်းကို ဘယ်သူမှ သိနိုင်ဦးမည် မဟုတ်ပါ။ ထားတော့ ယခုလောလောဆယ်မှာ နောက်ယောင်ခံလိုက်နေသူများကို မျက်ခြည်ဖြတ်လိုက်ရုံသာ ရှိတော့မည်။

ဒစ်စတိန်းသည် အဏ္ဏမြူခာတ်အားပေးစက်ရုံအနားရှိ မြို့တစ်မြို့တွင် တစ်နေ့လုံး ဘတ်စ်ကား၊ တက္ကစီ ကိုယ်တိုင်မောင်း၊ အငှားကား၊ ခြေကျင် စသည်ဖြင့် နည်းမျိုးစုံဖြင့် လှည့်ပတ်ခရီးသွားပစ်လိုက်၏။ ညနေစောင်းအချိန်ကျလာသောအခါ ဒစ်စတိန်းသည် သူ့နောက်မှ လိုက်နေကြသော အဖွဲ့ကို အတိအကျတွေ့လာရလေ၏။ အိုပယ်ကား အညို၊ ထရပ်ကားစုတ်တစ်စီး၊ ဂျာမန်ဖို့ဒ်ကားတစ်စီး၊ ပေါင်း ကားသုံးစီး၊ နောက်ယောင်ခံလိုက်သော အဖွဲ့ဝင်ပေါင်းက ခုနစ်ဦး။

နောက်ယောင်ခံလိုက်သော အဖွဲ့သားများမှာ အာရပ်လူမျိုးများ ဖြစ်ပုံရသည်။ သို့သော် ပြင်သစ်ပြည် သည်ဘက်ပိုင်းတွင် လူဆိုး လူမိုက်တော်တော်များများမှာ အာဖရိကမြောက်ပိုင်းနွယ်ဖွားများ ဖြစ်တတ်ပေရာ၊ အတိအကျပြောဆို၍ မဖြစ်သေး။ အဖွဲ့ဝင်ငါးဦးပါသောအဖွဲ့ဖြစ်နေ၍သာ သူတို့ နောက်ယောင်ခံလိုက်နေခြင်းကို ဒစ်စတိန်း ချက်ချင်းမရိပ်မိဘဲ ရှိနေခဲ့ခြင်းဖြစ်ပေသည်။ နောက်ယောင်ခံသူများက ကားပြောင်း၊ လူပြောင်းကာ လက်ဆင့်ကမ်းသလို နောက်ယောင်ခံလိုက်နေခဲ့ခြင်း ဖြစ်ပေမည်။ အဏ္ဏမြူခာတ်ပေါင်းဖိုသို့ အသွားခရီးကလည်း ဝေး၊ လမ်းပေါ်တွင် ယာဉ်အသွားအလာကလည်း နည်းပါးသောကြောင့်သာ နောက်ယောင်ခံခြင်းကို ဒစ်စတိန်း ရိပ်မိသွားခြင်း ဖြစ်ရပေမည်။

နောက်တစ်နေ့ ဒစ်စတိန်းသည် မြို့ပြင် အော်တိုလမ်းမကြီးဘက်သို့ ကားမောင်းထွက်ခဲ့သည်။ သူ့နောက်မှ ဂျာမန်ဖို့ဒ်ကားသည် မိုင်အနည်းငယ်အထိ လိုက်လာခဲ့သည်။ ခဏအကြာ အိုပယ်အညိုက လက်ဆင့်ကမ်းပြောင်းကာ နောက်ယောင်ခံလိုက်နေ၏။ ကားတစ်စီးတွင် လူနှစ်ယောက်စီပါသည်။ ဒါဆိုလျှင်





ထရပ်ကားပေါ်တွင် လူနှစ်ဦး ပါပေဦးမည်။ နောက် ဌာနချုပ်လုပ်ထားမည့် ဟိုတယ်တွင် တစ်ယောက် အစောင့်ထားပေမည်။

ဒစ်စတိန်း၏ကားသည် တံတားတစ်ခုနားသို့ ရောက်လာသည်အထိ နောက်မှာ အိုပယ်ကားပါလာသည်။ ရှေ့တွင် လေးငါးမိုင်ထိ တစ်လမ်းမောင်း လမ်းချိုးလမ်းဆက် မရှိ၊ ဒစ်စတိန်းသည် ကားကို လမ်းဘေးထိုးရပ်၍ ကားပေါ်မှ ဆင်းလိုက်သည်။ ကားစက်ခေါင်းအဖုံးကို ဖွင့်လိုက်၏။ အိုပယ်ကားသည် သူ့ကို ကျော်မောင်းသွားရ၏။ နောက် တစ်မိနစ်ခန့်ကြာသောအခါ ဖို့ဒ်ကား ကျော်မောင်းသွားရပြန်၏။ ဖို့ဒ်ကားသည် ရှေ့ပထမဆုံးတွေ့သောလမ်းချိုးမှာ သူ့ကားအလာကို စောင့်နေရမည်။ အိုပယ်ကားက ထိုလမ်းဆုံမှ ပြန်ကွေ့လာပြီး သူ ဘာများလုပ်နေသလဲဟု စုံစမ်းရမည်။ ဒါ… စာအုပ်ထဲကအတိုင်း လုပ်နည်းပဲ။

ဒစ်စတိန်းအနေနှင့်လည်း ကိုရွှေငနဲသားများ စာအုပ်ကြီးအတိုင်း လုပ်ကြပါစေဟု ဆုတောင်းနေရ၏။ သို့ဖြစ်ပါမှ သူ့အကြံအစည်သည် ထမြောက်အောင်မြင်ပေမည်။

ဒစ်စတိန်းသည် ကားနောက်ခန်းမှ လမ်းဘေးကားပျက်၍ ထိုးရပ်ထားရသောအခါ သုံးသည့် တြိဂံအမှတ်အသားပါသော ဆိုင်းဘုတ်ငယ်ကိုထုတ်၍ နောက်ဘီးနံဘေးအပြင်မှာ ချိတ်လိုက်၏။

ထိုစဉ် အိုပယ်ကားသည် တစ်ဖက်လမ်းကြောင်းမှ ဖြတ်၍ မောင်းသွား၏။

ငနဲသားများသည် စာအုပ်ကြီးသမားများပေပဲ။

ဒစ်စတိန်း လမ်းလျှောက်သည်။

ဒစ်စတိန်း ဟိုင်းဝေးမှ လွန်လာသည်နှင့် ပထမဆုံးတွေ့သော ဘတ်စ်ကားကို စီး၍ မြို့ထဲ ပြန်ခဲ့သည်။ လမ်းခရီးတွင် နောက်ယောင်ခံကား သုံးစီးလုံးကို တစ်ချိန်စီခွဲ၍ မြင်လိုက်ရ၏။ သူ့ရင်ထဲမှာ ကြိတ်တင်၍ဝမ်းသာနေသည်။ သည်ငနဲများ သူ့ဆင်ကွက်ထဲသို့ ဝင်ကြပြီ။

ဒစ်စတိန်းသည် မြို့ထဲမှ တက္ကစီကားတစ်စီးငှား၍ သူ့ကားရှိရာသို့ ပြန်လာသည်။ သို့သော် ဟိုင်းဝေးပေါ်မှ သူ့ကားထားခဲ့သည့် လမ်းကြောင်းမဟုတ်ဘဲ ပြောင်းပြန်လမ်းကြောင်းမှ လာခဲ့၏။ အိုပယ်ကားသည် သူ၏တက္ကစီကို ကျော်ဖြတ်သွားသည်။ နောက် ဖို့ဒ်ကားသည် သူ့ကားနောက် ကိုက်တစ်ရာခန့်တွင် လမ်းချိုးတစ်ခုမှာ ကွေ့ဝင်နေခဲ့၏။

တက္ကစီရပ်သည်နှင့် ဒစ်စတိန်းပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒစ်စတိန်းသည် သူ၏ ကိဘုရုံစခန်းတွင် အလုပ်ကြမ်းလုပ်ခဲ့စဉ်က ကျေးဇူးဖြင့် အမောစေ့သက်လုံကောင်းနေပေရာ ကားရှိရာသို့ သုံးမိနစ်အတွင်း ရောက်သွား၏။

ဖို့ဒ်ကားပေါ်မှ လူတစ်ယောက်သည် ကားပေါ်မှဆင်း၍ သူရှိရာသို့ လျှောက်လာ၏။ ထိုလူသည် ဒစ်စတိန်းဘာလုပ်တော့မည်ဆိုသည်ကို ရိပ်မိသွား၏။ ဖို့ဒ်ကားကို စက်နှိုးလိုက်၏။ ထိုလူသည် ကားရှိရာသို့ ပြေးသွားသည်။ ကားက လမ်းချိုးဝင်ပြီး ပြန်ကွေ့ဖို့ ကြိုးစားနေ၏။

ဒစ်စတိန်းသည် ကားပေါ်ရောက်သွားသည်။ ယခု နောက်ယောင်ခံကား အားလုံးမှာ ဟိုင်းဝေးလမ်းမကြီး၏ပြောင်းပြန်လမ်းကြောင်းမှာ ရောက်နေပေပြီ။ သည်ဘက်လမ်းကြောင်းသို့ ပြန်ပြောင်းရန်အတွက် အနည်းဆုံး လမ်းဆုံထိ သွားရပေဦးမည်။ တစ်နာရီ မိုင် ၆၀ နှုန်းနှင့် လမ်းဆုံကိုရောက်အောင်သွားပြီး ပြန်ကွေ့လာလျှင်ပင် ၁၀ မိနစ် ကြာနိုင်သည်။ ဘာပဲပြောပြော သူ့အနေနှင့် အနည်းဆုံး ငါးမိနစ်စောထွက်ခွင့် ရနေပေပြီ။ သူတို့ သူ့ကို ရှာတွေ့နိုင်မည် မဟုတ်တော့။

ဒစ်စတိန်းသည် သူ့ကားကို ပဲရစ်မြို့ဘက် မောင်းခဲ့ရင်း သီချင်းတစ်ပုဒ်ကို ပါးစပ်မှ ညည်းလာခဲ့လေ၏။

*

အာရပ်များ အဏုမြူဗုံးလုပ်တော့မည်ဆိုသည့် သတင်းသည် မော်စကိုတွင် လှုပ်ရှား၍ သွား၏။

နိုင်ငံခြားရေးဝန်ကြီးဌာန လှုပ်ရှားသွားသည်။ အကြောင်းမှာ သူတို့ကြိုတင်၍ သတင်းမရထားသောကြောင့်။ ကေ-ဂျီ-ဘီကလည်း သူတို့ ပထမဆုံး မသိရကောင်းလားဟု မကျေနပ်။ တစ်ယောက်နှင့်တစ်ယောက် တစ်ဖွဲ့နှင့် တစ်ဖွဲ့ ဘယ်သူ့ကို အပြစ်တင်ရနိုးနိုး ဖြစ်နေကြ၏။

ကံအားလျော်စွာပင် အီဂျစ်က ထုတ်ဖော်လိုက်ပုံကလည်း တစ်မျိုးကလေးမို့ တော်သေးသည်။ အီဂျစ်အနေဖြင့် သူ့မိတ်ဆွေနိုင်ငံကို အသိပေးအကူအညီတောင်းသည်မှန်သော်လည်း မပေးချင်လည်းနေပါတယ်ဟူသော ပုံစံမျိုးဖြစ်သည်။ ဟန်ပန်က...

"အို... ဒါထက် စကားမစပ် ကျုပ်တို့ အဏုမြူဓာတ်ပေါင်းဖိုတစ်ခု ဆောက်မလို့ဗျို့၊ ဒါမှ ပလူတိုနီယံဓာတ် ရမယ်၊ အဲဒီ ပလူတိုနီယံနဲ့ အဏုမြူဗုံး





လုပ်နိုင်မှ၊ အဲဒီအဏုမြူဗုံးနဲ့ အစ္စရေးတိုင်းပြည်ကို ကမ္ဘာ့မြေပြင်က ပျောက်သွားအောင် လုပ်ပစ်ရမယ်ဗျ။ အဲဒါကို ခင်ဗျားတို့ တစ်ဖက်တစ်လမ်း ကူညီပေးကြပါလား၊ အဲ... မကူညီရင်တော့"

အကူအညီတောင်းပုံက သည်လို။

ထိုသတင်းကို ရရှိသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်သည် အသေအချာစဉ်းစားကြည့်သည်။ ဤသတင်းကို အထက်သို့မတင်မီ ကေ-ဂျီ-ဘီသို့ ကြိုတင်အကြောင်းကြားထားလျှင် ကေ-ဂျီ-ဘီအတွက် ခုသာခံသာ၊ ကြံသာဖန်သာပေမည်မဟုတ်ပါလား။ သို့နှင့် ကေ-ဂျီ-ဘီသို့ ဖုန်းဆက်အကြောင်းကြားလိုက်၏။

ကေ-ဂျီ-ဘီကလည်း ဤသတင်းကို သူတို့ကြိုတင်သိထားသယောင် ယခင်နေ့ နေ့စွဲနှင့် ဖိုင်တွဲထည့်ထားလိုက်၏။ ထိုရက်ထဲမှာပင် မိတ်ဖက်အီဂျစ် ထောက်လှမ်းရေးအဖွဲ့မှ သတင်းတစ်ပုဒ်ရှိသည်။ ထိုသတင်းကား အစ္စရေးထောက်လှမ်းရေး အေးဂျင့် နက် ဒစ်စတိန်းကို လူဇင်းဘတ်မှာ တွေ့လိုက်၍ မျက်ခြည်ပြတ်မခံဘဲ နောက်ယောင်ခံလိုက်နေကြောင်း အကြောင်းကြားစာပဲ ဖြစ်သည်။

ယခုလိုဖြစ်ပေါ်နေသော အခြေအနေကြောင့် ဒစ်စတိန်းသတင်းကို ဘယ်သူမှ အာရုံမစိုက်မိကြ။ ကေ-ဂျီ-ဘီ တစ်ဌာနလုံးတွင် လူတစ်ယောက်မှ လွဲ၍ ကျန်လူများသည် ထိုသတင်းနှစ်ခု ဆက်စပ်နိုင်ကြောင်း မတွေးမိကြ။ တွေးမိသူ၊ စိတ်ဝင်စားသူ၏အမည်ကား ဒေးဗစ်ရော့စတော့ပင် ဖြစ်ပါသတည်း။

*

ဒေးဗစ်ရော့စတော့၏အဖေသည် သံအမှုထမ်းငယ်တစ်ဦး ဖြစ်ပေသည်။ အဆက်အသွယ်မကောင်းသဖြင့် ရှေ့မတိုးနိုင်သူတစ်ဦး ဖြစ်ပေသည်။ အထူးသဖြင့် ရော့စတော့အဖေသည် ထောက်လှမ်းရေးအဖွဲ့တွင် အဆက်အသွယ်မရှိပေ။ ဤသည်ကို အကြောင်းပြု၍ သူ့သားကို ထောက်လှမ်းရေးအဖွဲ့နှင့် ဆက်သွယ်စေ၏။ ဤသို့ဖြင့် ဒေးဗစ်ရော့စတော့သည် နောင်သောအခါ ကေ-ဂျီ-ဘီဖြစ်လာမည့် အင်-ကေ-ဗီ-ဒီ အဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့လေသည်။

ဒေးဗစ်ရော့စတော့ အောက်စဖို့သို့ ပညာသင်လာသောအခါ သူသည် အေးဂျင့်တစ်ဦး ဖြစ်နေပေပြီဖြစ်၏။ ရုရှ စစ်နိုင်၍ စတာလင် အာဏာတိုးတက်ချိန်ကာလလေ၏။ ထိုအခါတွင် အင်္ဂလိပ်တက္ကသိုလ်များသည် ဆိုဗီယက်အေးဂျင့်များ စုဆောင်းသိမ်းသွင်းရာ နေရာကောင်းကြီးများ ဖြစ်လာခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရော့စတော့အနေနှင့် အေးဂျင့်ကောင်းများစွာ စုဆောင်းနိုင်ခဲ့ပေသည်။ ထိုအထဲမှ တစ်ဦးသည် ၁၉၆၈ ခုနှစ်အထိ လန်ဒန်မှ သတင်းများကို ပေးပို့နိုင်ခဲ့ပေသည်။ နက်ဒစ်စတိန်းကား ရော့စတော့ စည်းရုံးသိမ်းသွင်း၍ မရခဲ့သူ တစ်ဦး ဖြစ်ခဲ့ပေသည်။

အောက်စဖို့အပြီးတွင် ရော့စတော့သည် ဥရောပတစ်ခွင်ရှိ မြို့တော်များဖြစ်သော ရောမ၊ အမ်စတာဒမ်၊ ပဲရစ်တို့တွင် သံတမန်အဖွဲ့ဝင်တစ်ဦးအဖြစ် ထမ်းဆောင်ခဲ့ပေသည်။ သို့တိုင် သူသည် ကေ-ဂျီ-ဘီ အဖွဲ့ဝင်အဖြစ်က မထွက်ခဲ့။ နှစ်တွေကြာလာသည်နှင့်အမျှ ရော့စတော့၏နေရာသည် တဖြည်းဖြည်း ကြီးမြင့်လာခဲ့ပေသည်။ သို့တိုင် ရော့စတော့သည် မကျေနပ်နိုင်သေး။ ထိပ်ဆုံးအဆင့်သို့ ရောက်ချင်နေသေး၏။

နက်ဒစ်စတိန်း သတင်းရောက်လာသောအခါ သူ့အတွက် အခွင့်အရေး တစ်ခု ဖြစ်လာနိုင်သလားဟု ရော့စတော့ တွေးတောကြံဆနေမိ၏။

ရော့စတော့သည် ဒစ်စတိန်း၏ လုပ်ရပ်များကို အဝေးမှ အလွန်တော်သော တပည့်တစ်ဦး အနုပညာကျောင်းတက်သည်ကို သင်္ချာဆရာကြီးက ကျေနပ်သဘောကျ အကဲခတ်နေသလို စောင့်ကြည့်နေခဲ့၏။ ရော့စတော့ အောက်စဖို့မှာ ရှိနေစဉ်ကတည်းက ဒစ်စတိန်းတစ်ယောက် လက်နက်အပြည့်အစုံတင်ထားသော သင်္ဘောကို အရယူ၍ အစ္စရေးသို့ အရောက်ဆောင်နှင်ခဲ့ကြောင်းသတင်းကို ကြားခဲ့၏။ ထိုအချိန်မှစ၍ ဒစ်စတိန်း၏အကြောင်းကို သူကိုယ်တိုင် စုံစမ်း၍ ကေဂျီဘီဖိုင်တွဲမှာ ထည့်သွင်းခဲ့၏။ နှစ်တွေကြာလာသည်နှင့် အမျှ ဒစ်စတိန်း၏ လုပ်ရပ်ဖိုင်သည် ထူ၍ထူ၍ လာခဲ့လေသည်။ အခြေအနေအရပ်ရပ်ကို ထောက်ရှု၍ ဒစ်စတိန်းသည် အစ္စရေးထောက်လှမ်းရေးအဖွဲ့ မော့ဆက်၏ အတော်ဆုံးအေးဂျင့်တစ်ယောက်ဖြစ်ကြောင်း ထင်ရှားသည်။ အကယ်၍ ရော့စတော့အနေနှင့် ဒစ်စတိန်း၏ခေါင်းကို ဗန်းပေါ်မှာတင်၍ ယူလာနိုင်ခဲ့ပါက ရော့စတော့၏အနာဂတ်သည် ခိုင်မာသွားလောက်ပေပြီ ဖြစ်၏။

သို့တိုင် ရော့စတော့သည် သတိကြီးသောအေးဂျင့်တစ်ယောက် ဖြစ်သည်။ သူ့အနေနှင့် ပစ်မှတ်ကို ရွေးချယ်ရမည်ဆိုလျှင် လွယ်ကူသော ပစ်မလွဲပစ်မှတ်ကိုသာ ရွေးချယ်ခဲ့၏။ သူသည် သေမြေကြီး ရှင်မွေ့ထီးအစားထဲက မဟုတ်။ ရော့စတော့၏ အထူးခြားဆုံး အရည်အသွေးမှာ တာဝန်တစ်ခု ပေးအပ်ခံရပြီဆိုသည်နှင့် သူ့ကိုယ်သူ မထင်မရှား ပျောက်ကွယ်အောင် နေနိုင်ခြင်း ဖြစ်ပေသည်။ သူနှင့် ဒစ်စတိန်းတို့ ယှဉ်ပြိုင်ရမည်ဆိုပါက လက်ရည်မျှသော ပြိုင်ပွဲတစ်ခု ဖြစ်ပေလိမ့်မည်။





သူသည် ကိုင်ရိုမှ နောက်ထပ်ပေးပို့လာသော နက် ဒစ်စတိန်း၏ သတင်းများကို စိတ်ဝင်တစား ဆက်စောင့်နေမိ၏။ နက် ဒစ်စတိန်းတစ်ယောက် လူဇင်းဘတ်မှာ ဘာများ လာလုပ်ပါလိမ့်။ သို့သော် သူ့အနေနှင့် ဤကိစ္စ၌ မပတ်သက်ချင်သေးပေ။

သူသည် ဤအဆင့်ထိ ရောက်လာခဲ့ပြီးနောက် မသေချာသောအလုပ်တွင် ခြေနင်းရာ လက်ဝင်မလျှိုလိုပေ။

*

ဆိုဗီယက် ယူနီယံအနေနှင့် အီဂျစ်တို့ အဏုမြူဗုံးလုပ်မည်ကို သဘောတူကြည်ဖြူခြင်း မရှိပေ။ သို့သော် အီဂျစ်တို့အကြောင်းကြားစာအရ အီဂျစ်အနေနှင့် ဆိုဗီယက်တို့ ကူညီသည်ဖြစ်စေ၊ မကူညီသည်ဖြစ်စေ၊ အဏုမြူဓာတ်ပေါင်းဖိုတစ်ခု တည်ဆောက်မည်ကား မုချ။ ထိုမှတစ်ဆင့် အဏုမြူဗုံးကို ဖြစ်အောင်လုပ်မည်ကား ဓိဋ္ဌာန်။ အကယ်၍ ဆိုဗီယက်က အကူအညီမပေးခဲ့သော် တခြားလက်နက်နိုင်ငံကြီးတစ်ခု၏ အကူအညီနှင့် အီဂျစ်သည် ဖြစ်အောင်လုပ်ဆောင်မည်သာဖြစ်သည့်အတွက်တော့... ကူညီလိုက်ရသည်ကမှ အပေါ်စီးက ဆက်ဆံနေနိုင်ဦးမည်သာ ဖြစ်၏။

သို့နှင့် ဆိုဗီယက်က ကူညီမည်ဟု ဆုံးဖြတ်လိုက်လေ၏။

*

ရော့စတော့သည် အခြေအနေအရပ်ရပ်ကို သုံးသပ်၍ နောက်ဆုံး ဆုံးဖြတ်ချက် ချလိုက်လေ၏။

သို့... ဥက္ကဋ္ဌ၊ အမျိုးသားလုံခြုံရေးကော်မတီ။
မှ... ရော့စတော့၊
ခေတ္တ ဒုတာဝန်ခံ၊ ဥရောပဌာန။
ရက်စွဲ။ ၂၄-ရက်၊ မေလ၊ ၁၉၆၈ ခု

အေးဂျင့်တစ်ယောက် လူဇင်းဘတ်မှာတွေ့ကြောင်း သတင်းရ၊ ထိုအေးဂျင့်သည် အစ္စရေးအေးဂျင့်ဖြစ်ပြီး၊ အမည် နာသန်နီယယ်လ်နက် ဒေးဗစ်ဂျိုနာသန် ဒစ်စတိန်း၊ သို့မဟုတ် အက်ဒွပ် အက်ရောဂျား ပင်လယ်စားပြဟု ခေါ်ဆိုခြင်း ခံရသည်။

ဒစ်စတိန်းသည် ၁၉၂၅ ခု၊ လန်ဒန်မြို့အရှေ့ပိုင်းမှာ မွေးဖွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးသည်တစ်ဦး၏သား ဖြစ်သည်။ ဖခင် ၁၉၃၈ ခုနှစ်တွင် သေဆုံး၊ မိခင် ၁၉၅၁ ခုနှစ်တွင် သေဆုံး၊ ၁၉၄၃ ခုနှစ်တွင် ဒစ်စတိန်းသည် ဗြိတိသျှစစ်တပ်တွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ အီတလီစစ်မြေတွင် စစ်မှုထမ်းခဲ့ပြီး ဆာဂျင်ရာထူးအထိ တိုးမြှင့်ခံရသည်။ လာ မိုလီနာ စစ်မြေပြင်တွင် နာဇီအကျဉ်းသားအဖြစ် အဖမ်းခံရသည်။ စစ်ပြီးသောအခါ ဒစ်စတိန်းသည် အောက်စဖို့တက္ကသိုလ်သို့ တက်ရောက်၍ ဟီဘရူးဘာသာစကားကို သင်ကြားလေ့လာခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဒစ်စတိန်းသည် ဘွဲ့မရဘဲ အောက်စဖို့တက္ကသိုလ်မှ ထွက်၍ ပါလက်စတိုင်းသို့ သွားရောက်နေထိုင်ခဲ့သည်။ ထိုအချိန်မှစ၍ အစ္စရေးထောက်လှမ်းရေးအဖွဲ့ မော့ဆက်တွင် အမှုထမ်းခဲ့သည်။

ဒစ်စတိန်းသည် ပထမ ဂျူးတို့တိုင်းပြည်အတွက် လက်နက်များ ခိုးယူဝယ်ယူခြင်းများ ပြုလုပ်ခဲ့ပေသည်။ ၅၀ ပြည့်နှစ်ပိုင်းများတွင် ပါလက်စတိုင်းလွတ်မြောက်ရေးတပ်ဖွဲ့များနှင့် ဉာဏ်ယှဉ်အားပြိုင်ခဲ့သည်။ ၅၀ ပြည့်နှစ်များအကုန် ၆၀ ပြည့်နှစ်အစတွင် နာဇီစစ်ရာဇဝတ်ကောင်များကို လိုက်လံဖော်ထုတ်သုတ်သင်ရာ၌ ပါဝင်ခဲ့သည်။

သူ၏ဖိုင်တွဲတွင် အားနည်းချက်ဟူသော ခေါင်းစဉ်အောက်၌ ဘာမှမရှိဟုမှတ်ချက်ချထားခြင်း ခံရသည်။ ဒစ်စတိန်းတွင် မိသားစုမရှိ၊ သူသည် အရက်မကြိုက်၊ မူးယစ်ဆေးဝါး မသုံးစွဲ၊ လောင်းကစား ဝါသနာမပါပေ။ သူ့တွင်အချစ်နှင့်ပတ်သက်၍လည်းကောင်း၊ မိန်းမနှင့်ပတ်သက်၍လည်းကောင်း အရှုပ်အရှင်းမတွေ့ရ၊ စစ်အကျဉ်းသားဘဝတွင် နာဇီဆရာဝန်တို့၏ လိင်ဆက်ဆံရေးစမ်းသပ်မှုကြောင့်လည်း ဖြစ်နိုင်ပေသည်။

ကျွန်တော့်အနေနှင့် ၁၉၄၇–၄၈ ခုနှစ်အတွင်း အောက်စဖို့တက္ကသိုလ်တွင် ပညာသင်ကြားစဉ်က၊ ကိုယ်တိုင်ကိုယ်ကြပ် ဒစ်စတိန်းနှင့် သိကျွမ်းခဲ့သူတစ်ဦး ဖြစ်ပါသည်။ သူနှင့် စစ်တုရင်ကစားဘက်ဖြစ်ခဲ့ပြီး၊ ကေဂျီဘီရှိ ဒစ်စတိန်း၏ဖိုင်တွဲကို စတင်ဖွင့်လှစ် ပြုစုခဲ့သူဖြစ်ပါသည်။

ယခု ဒစ်စတိန်းသည် ကျွန်တော် အနှစ် ၂၀ လုံးလုံး တာဝန်ယူနေခဲ့သော ဥရောပတွင် တစ်စုံတစ်ရာအရေးကြီးသော ကိစ္စကြီးတစ်ခု လုပ်ဆောင်ရန်ရောက်ရှိနေကြောင်း သိရပါသည်။

ထို့ကြောင့် ဒစ်စတိန်း၏တာဝန်ယူထားသော လုပ်ဆောင်မှုကို ဖော်ထုတ်ရန်နှင့် တားဆီးရန် တာဝန်ပေးအပ်စေလိုပါသည်။

လေးစားစွာဖြင့်

ဒေးဗစ်ရော့စတော့





သို့... ခေတ္တတာဝန်ခံ၊ ဥရောပဌာန

မှ... ဥက္ကဋ္ဌ၊ အမျိုးသားလုံခြုံရေးကော်မတီ။

ရက်စွဲ။ ၂၄ ရက်၊ မေ၊ ၁၉၆၈–ခု။

ရဲဘော် ရော့စတော့

သင်ခွင့်တောင်းသည်ကို လိုက်လျော ခွင့်ပြုလိုက်သည်။

ယူရီပိုပေါ့။

သို့ .. ခေတ္တ တာဝန်ခံ၊ ဥရောပဒေသ။

မှ... ဥက္ကဋ္ဌရုံးအဖွဲ့

အမျိုးသားလုံခြုံရေး ကော်မတီ။

ရက်စွဲ။ ၂၉–ရက်၊ မေလ၊ ၁၉၆၈ ခု၊

ရဲဘော် ရော့စတော့

ကိုင်ရိုမှ သူတို့၏အေးဂျင့်တစ်ဦးအား ဒစ်စတိန်း စုံစမ်းရေးအဖွဲ့ဖြစ်သောသင်အဖွဲ့တွင် ပါဝင်ထမ်းဆောင်ရန် ပူးတွဲတာဝန် ပေးအပ်လိုက်ပါသည်။ သူသည် နက်ဒစ်စတိန်းကို လူ့ဇင်ဘတ်တွင် ပထမဆုံးစတင်တွေ့ရှိခဲ့သူ ဖြစ်ပါသည်။ သူ့နာမည်မှာ ယာစစ်ဟာစန် ဖြစ်ပါသည်။

မာကဆင်–ဘိုင်ကော့

ဥက္ကဋ္ဌကြီး၏ ကိုယ်ရေးအရာရှိ။

*

သောသည် ဒစ်စတိန်းကို စိတ်ဆိုးဒေါပွနေ၏။ အထူးသဖြင့် အခြေအနေတွေကဘာတွေဖြစ်နေမှန်း မသိရသောအခါ ပို၍ဒေါပွလာ၏။ ကံအားလျော်စွာပင်သူ၏ဒေါသသည် သူ၏ဆုံးဖြတ်နိုင်မှုကို အနှောင့်အယှက်မပေးသဖြင့် တော်ပေသေး၏။ သူသည် ကာဝပ်ကိုလည်း ဒေါပွနေ၏။ ကာဝပ်က သူ့အား ရောမမှာတွေ့ဆုံရန် ချိန်းဆိုသောကြောင့် ဖြစ်ပါသည်။ အီဂျစ်အနေနှင့် ရောမတွင် အဖွဲ့ကြီး အုံနှင့်၊ ကျင်းနှင့်ရှိနေသည်မို့ ကာဝပ်အနေနှင့် ရောမကိုသွားရန် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးထွေထွေ အကြောင်းပြစရာမရှိ။ ထားတော့၊ သို့သော် ဘာကြောင့်များ ကြံကြံဖန်ဖန် ရေခွေးငွေ့ရေချိုးခန်းဆိုင်မှာ ချိန်းရပါလိမ့်။

ဘုရားရေ၊ ရောမမှာ ရေနွေးငွေ့ ရေချိုးခန်းဆိုင်ဆိုတော့ မိန်းမလျာတွေ တစ်ပုံတခေါင်းကြီး ရှိနေပေဦးမည်။ ရှုပ်ပါ့။ နောက်ပြီး ဘောအနေနှင့် သူ၏ ကိုယ်ခန္ဓာအဆက်အပေါက်ကို လုံးဝသဘောမကျ။ သူသည် အမြဲ ညဝတ်အင်္ကျီနှင့် အိပ်သည်။ ရေ ဘယ်တော့မှ ဆင်းမကူး။

ခုတော့ ရေနွေးငွေ့အခန်းထဲတွင် ရာတွေ့သမျှ အကြီးဆုံးတဘက်ကို ပတ်၍ စောင့်နေရ၏။

သူသည် ကာဝပ်ကို မြင်ရသည်။ အာရပ်၏ကိုယ်လုံးကိုယ်ထည်မှာ ညို မှောင်မှောင် သွယ်လျလျနှင့် ကြည့်ကောင်းနေ၏။ သူတို့နှစ်ဦးသည် ရေနွေးငွေ့ များအကြား တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်းဆုံမိကြ၏။ ချိန်းဆိုထားသောချစ်သူ နှစ်ဦးလို တစ်ဦးကို တစ်ဦး မကြည့်ဘဲ သီးသန့်ခန်းထဲသို့ ဝင်လိုက်ကြ၏။

ဘောအနေနှင့် ကာဝပ်၏သတင်းကို ကြားလိုလှပေပြီ။ ကာဝပ်က ခလုတ် တစ်ခုကို နှိပ်လိုက်ရာ အခန်းတွင်းရှိ ခုတင်က လှုပ်ရှား၍ အသံမြည်နေသဖြင့် သူတို့၏စကားပြောသံကို အပြင်မှ မကြားရနိုင်တော့။ သည်တော့မှ ကာဝပ်က...

"ကွာတာရာစီမံကိန်းမှာ ကျုပ်လူတစ်ယောက် လွှတ်လို့ ရသွားပြီ"

"ခင်ဗျားရဲ့ဌာနက အဲဒီစီမံကိန်းမှာ မပတ်သက်ဘူးဆို"

"စစ်ထောက်လှမ်းရေးမှာ ကျုပ်ညီတော်မောင်တစ်ယောက် ရှိတယ်လေ"

"ကောင်းတာပေါ့ ကွာတာရာမှာ လွှတ်လိုက်တယ်ဆိုတဲ့ လူက ဘယ် သူလဲ"

"ဆာမန်ဟူစိန်တဲ့၊ ခင်ဗျားတို့ရဲ့ လူတစ်ယောက်ပဲ"

"ကောင်းတာပေါ့ ဒါဆို သိပ်ကောင်းတာပေါ့၊ သူက ဘာတွေ သိရပြီ လဲ"

"ကွာတာရာမှာ အဆောက်အအုံဆောက်တာတွေ ပြီးသွားပြီတဲ့၊ သူတို့ အဏုမြူပေါင်းဖို တည်ပြီးသွားပြီတဲ့၊ အုပ်ချုပ်ရေးရုံးခန်းရော လေယာဉ်ကွင်းပါ ဆောက်ပြီးပြီတဲ့၊ ထင်တာထက် ပိုမြန်နေသေးတယ်"

"အရေးကြီးတာက အဏုမြူဓာတ်ပေါင်းရုံပဲ၊ အဲဒါ ဘယ်အခြေအနေ ရောက်နေပြီလဲ"

"သူတို့ အဲဒါကို လုပ်နေကြတာပဲတဲ့၊ ဘယ်လောက်ကြာမှ ပြီးမယ်လို့ တော့ မပြောနိုင်ဘူးလေ၊ ဒါမျိုးက သိပ်တိကျသေချာဖို့လိုတယ် မဟုတ်လား"





"အဲဒါတွေ စက်တပ်ဆင်မှုတွေက သိပ်ရှုပ်ထွေးတာ၊ ဒါကို သူတို့ ဖြစ် အောင် ဆောင်ရွက်နိုင်ကြလို့လား"

"ထင်သလောက် မရှုပ်ထွေးလို့နေမှာပေါ့၊ ဘာပဲပြောပြောလေ ဆာမန် ဆီက သတင်းတစ်ခုကတော့ အဲဒီစီမံကိန်းမှာ ရုရှတွေ အများကြီးတဲ့"

ဘောသည် တွန့်သွား၏။

"သေလိုက်စမ်းပါတော့ဗျာ"

"ဒါဆို သူတို့အနေနဲ့ ရှုပ်ထွေးတဲ့ လျှပ်စစ်ပစ္စည်းတပ်ဆင်မှုတွေမှာ အခက်အခဲ မရှိနိုင်တော့ဘူးပေါ့"

"ဒါ သတင်းဆိုးပဲဗျို့"

"ဟုတ်တယ်၊ ဒီထက်ဆိုးတာ တစ်ခုရှိသေးတယ်၊ ဒစ်စတိန်းအကြောင်း သူတို့ သိသွားကြပြီ"

ဘောသည် ထိတ်လန့်တကြား ကာဝပ်ကို ကြည့်လိုက်၏။

"ဘာပြောတယ်... သိသွားပြီ၊ ဟုတ်လား"

"ဟုတ်တယ်"

ဘောသည် ဒေါသဖြစ်လိုက်၊ စိတ်ဓာတ်ကျလိုက် ဖြစ်နေ၏။ ခဏကြာမှ...

"ဘယ်လိုလုပ်ပြီးများ ဒစ်စတိန်းကို... "

"ဒစ်စတိန်းကို လူဇင်းဘတ်မှာ ကျုပ်တို့အေးဂျင့်တစ်ယောက်က တွေ့ သွားတာ"

"ခင်ဗျားတို့ အေးဂျင့်က အဲဒီမှာ ဘာလုပ်နေတာလဲ"

"ဒါတော့ ခင်ဗျားလဲ သိမှာပေါ့"

"ထားပါလေ"

"အဲ... တွေ့သွားတာက မတော်တဆပါ၊ တွေ့တဲ့လူက ယာစစ်ဟာစန် ဆိုတဲ့ အေးဂျင့် ပေါက်စနတစ်ယောက်ပါ၊ သူက လက်ဘာနွန်ဘဏ်တိုက်မှာ လုပ်နေပြီး အစ္စရေးလူမျိုးတွေဝင်ထွက်မှုကို စောင့်ကြည့်နေတဲ့လူလေ၊ အဲ... ကျုပ်တို့ဌာနချုပ်ကတော့ ဒစ်စတိန်းဆိုတာနဲ့ ချက်ချင်း မှတ်မိသွားတာပေါ့"

ဘောသည် တအံ့တသြနှင့်...

"ဗျာ... ဒစ်စတိန်းက သူ့နာမည်ရင်းကိုသုံးပြီးများ သွားတယ် ဟုတ်လား"

အခြေအနေက ဆိုးသည်ထက် ဆိုးလာပြီဖြစ်၏။

ကာဝပ်က...

"အဲဒီလိုတော့ ဟုတ်မယ်မထင်ပါဘူး၊ ဟာစန်က ဒစ်စတိန်းကို ဟို အရင်ကတည်းက သိခဲ့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘောသည် ခေါင်းခါယမ်းလိုက်၏။

"ကဲ... အခုတော့ ကျုပ်တို့ဂျူးတွေဟာ အရာရာ ကံကောင်းတတ်တဲ့ လူမျိုးတွေလို့ ခင်ဗျား မထင်တော့ပါဘူးနော်"

ကာဝပ်က...

"ကျုပ်တို့အနေနဲ့ ဒစ်စတိန်းကို နောက်ယောင်ခံလိုက်နိုင်ပြီး မော်စကိုကို လှမ်းအကြောင်းကြားထားရတာပေါ့၊ ဒစ်စတိန်းက ကျုပ်တို့အဖွဲ့ကို ခဏချင်းပဲ မျက်ခြည်ဖြတ်ထားခဲ့နိုင်ပါတယ်၊ ဒါပေမယ့် မော်စကိုက အခု အဖွဲ့ကြီးတစ်ဖွဲ့ ဖွဲ့ပြီး သူ့ကို ပြန်ရှာကြဖို့ လုပ်နေကြတယ်"

ဘောသည် စိတ်ဓာတ်အကြီးအကျယ် ကျသွား၏။

"ကောင်းရောပေါ့ဗျာ၊ အီဂျစ်တွေက အဏုမြူဓာတ်အားပေးစက်ရုံ တည်ဆောက်တဲ့နေရာမှာ စောနေတယ်၊ အဲဒါကို ရုရှတွေက ကူညီနေတယ်၊ ဒစ်စတိန်းရဲ့လှုပ်ရှားမှုကလဲ ပေါ်သွားပြီ၊ ကေ-ဂျီ-ဘီက သူ့နောက်ကအုပ်နဲ့ လိုက်ရှာနေကြပြီ၊ သည်ပြိုင်ပွဲမှာ ကျုပ်တို့ရှုံးရုံ ရှိတော့မှာပေါ့၊ မကြာခင် အီဂျစ်က အဏုမြူဗုံးရသွားမယ်၊ ကျုပ်တို့မှာ မရှိဘူး၊ ဒီမယ် ကာဝပ်... အီဂျစ်တွေက ခင်ဗျားတို့လူမျိုးတွေပဲ၊ သူတို့က အစ္စရေးကို အဏုမြူဗုံးနဲ့ ကြဲမှာပဲလားဟင်၊ စိတ်ချ... ကြဲမှာပဲပေါ့နော်"

"သိပ်မအော်ပါနဲ့ဗျ"

ကာဝပ်က အေးဆေးတည်ငြိမ်စွာ ပြောလိုက်၏။ ပြီးမှ...

"ရှေ့ခရီးက အရှည်ကြီးရှိပါသေးတယ်ဗျာ၊ နိုင်တယ် ရှုံးတယ်ပြောလို့ မဖြစ်နိုင်သေးပါဘူး"

"ဟုတ်ပါတယ်"

ဘောသည် ရှက်၍ မျက်နှာ တစ်ဖက်လှည့်လိုက်၏။

ကာဝပ်က...

"ခင်ဗျားတို့အနေနဲ့ ဒစ်စတိန်းကိုဆက်သွယ်ပြီး သတိပေးထားဖို့ ကောင်းတယ်လေ၊ ဒါထက် အခု သူက ဘယ်မှာလဲ"

ဘောက ဒေါသတကြီးဖြင့်...

"ဘယ်သိမှာလဲဗျ၊ မသိလို့ ခက်နေတာပေါ့"

●

[၅]

ဍရေနီယံအဝါခဲများ ပြဿနာအကြားတွင် စပိုင်အေးဂျင့်များလှုပ်ရှားမှုကြောင့်
ကြားညပ်ကာ အချောင်ခံရသူ အပြစ်မဲ့ပြည်သူမှာ ဒစ်စတိန်းက ကော်လာဖြူဟု
အမည်ပေးထားသည့် ယူရေတွန်အဖွဲ့ချုပ်မှ ရုံးဝန်ထမ်းပင် ဖြစ်ပါ၏။

ပြင်သစ်ပြည်တွင် နောက်ယောင်ခံအဖွဲ့ကို မျက်ခြည်ဖြတ်ခဲ့ပြီးနောက်
ဒစ်စတိန်းသည် လူဇင်းဘတ်သို့ ကုန်းလမ်းမှ ပြန်လာခဲ့၏။ လေဆိပ်တွင်
သူ့ကိုတွေ့လိုက်ရပြီးသည့်နောက် သူ့ကို စောင့်ကြည့်နေသူများသည် လူဇင်းဘတ်
လေဆိပ်ကို ၂၄ နာရီပတ်လုံး အလစ်ပေးတော့မည်မဟုတ်ဟု ယူဆသောကြောင့်
ဖြစ်ပါသည်။ သူ၏မော်တော်ကားနံပါတ်ကိုလည်း နောက်ယောင်ခံသူများက
မှတ်မိသွားကြပြီဖြစ်ရကား ဒစ်စတိန်းသည် လက်ရှိကားကို ပြန်အပ်ပြီး တခြား
ကုမ္ပဏီတစ်ခုမှ နောက်ထပ်ကားတစ်စီး ငှားရမ်းတောင်းယူခဲ့လေသည်။

လူဇင်းဘတ်သို့ ရောက်ရောက်ချင်း ညနေပိုင်းတွင် ရှူးဒစ်အရပ်ရှိ သိုသို
သိပ်သိပ်ညကလပ်ကလေးသို့ လာခဲ့ပြီး ဘီယာမှာသောက်ကာ ကော်လာဖြူကို
စောင့်နေလိုက်၏။ သို့သော် အလျင်ရောက်လာသူကား ကော်လာဖြူ၏မိတ်ဆွေ
ဆံပင်ရောင်ဖျော့ဖျော့နှင့် ငနဲကလေးဖြစ်ပေသည်။ ငနဲကလေးမှာ ခပ်ငယ်ငယ်
ရှိသေးပြီး ၂၅ နှစ်မှ ၃၀ အတွင်းလောက်သာ ရှိပေဦးမည်ဖြစ်၏။ ပခုံး
ကျယ်ကျယ်၊ ရင်အုပ်ကားကားနှင့် ကြက်သွေးရောင်ကုတ်အင်္ကျီအောက်တွင်
ကိုယ်ကာယထွားကျိုင်းလှပသူဖြစ်ကြောင်း ထင်ရှားပေသည်။ သူသည် အလျင်
ဘစ်ခေါက်က ထိုင်နေကျ အခန်းကလေးသို့သွား၍ ထိုင်၏။ သူ လမ်းလျှောက်ပုံ၊



www.burmeseclassic.com

www.burmeseclassic.com



သွားပုံမှာ လှပရကား ဘောလုံးသင်းတစ်သင်းမှ ဂိုးသမားဖြစ်ရမည်ဟု ဒစ်စတိန်းက မှတ်ချက်ချလိုက်၏။ အခန်းကလေးမှာ လွတ်နေသဖြင့် အကယ်၍ ဤအခန်းကလေးမှာ ကော်လာဖြူတို့နှစ်ဦး နေ့စဉ်တွေ့နေကျဖြစ်၍ အမြဲသတ်မှတ်ယူထားကောင်း ယူထားပြီး ဖြစ်နိုင်ပေသည်။

ငနဲလေးသည် သောက်စရာတစ်ခုကို လှမ်းမှာပြီးနောက် လက်မှနာရီကို ကြည့်သည်။ သူ့အား အကဲခတ်နေသော ဒစ်စတိန်းကို သတိမူမိပုံမပေါ်။ ကော်လာဖြူသည် ခဏအကြာ ရောက်လာ၏။ ကော်လာဖြူသည် လည်ပင်းပေါက်ဗွီပုံနှင့် ဆွယ်တာနီအောက်မှ အင်္ကျီဖြူဝတ်ထား၏။ ထုံးစံအတိုင်းပင် သူ့ငနဲကလေးစောင့်နေသော အခန်းသို့ တန်း၍သွား၏။ သူတို့နှစ်ဦးသား လက်နှစ်ဖက်လုံးဆုပ်ကိုင်၍ နှုတ်ဆက်ကြ၏။ သူတို့ ကြည့်ရသည်မှာ ပျော်ရွှင်နေကြပုံရသည်။ ဒစ်စတိန်းကား သူတို့ကမ္ဘာလေးကိုဖျက်ဆီးရန် စီစဉ်နေ၏။

ဒစ်စတိန်းက စားပွဲထိုးကို ခေါ်လိုက်ပြီး...

"ရှမ်ပိန်တစ်ပုလင်းကို ဟိုအခန်းထဲက ဆွယ်တာအင်္ကျီအနီနဲ့ လူဆီကို ပို့လိုက်ကွာ၊ ငါ့ဖို့ ဘီယာတစ်လုံး ထပ်ယူခဲ့"

စားပွဲထိုးသည် ဒစ်စတိန်းအတွက် ဘီယာ အလျင်ယူလာသည်။ နောက် ရှမ်ပိန်တစ်လုံးကို ရေခဲများထည့်ထားသောပုံးထဲတွင် ထည့်၍ ကော်လာဖြူရှိရာ စားပွဲသို့ ယူသွား၏။ စားပွဲထိုးသည် ရှမ်ပိန်ပုလင်းကို ချပေးရင်း သူရှိရာစားပွဲသို့ လက်ညှိုးထိုးပြသည်ကို ဒစ်စတိန်းမြင်ရ၏။ ကော်လာဖြူတို့က သူရှိရာသို့ လှည့်ကြည့်သောအခါ ဒစ်စတိန်းက ဘီယာခွက်ကိုမြှောက်ရင်း ပြုံးရယ်ပြလိုက်၏။ ကော်လာဖြူသည် ဒစ်စတိန်းကို မှတ်မိသွားပုံရပြီး စိတ်ထဲမှာ ပူပန်သွားပုံရလေသည်။

ဒစ်စတိန်းသည် စားပွဲမှ ထ၍ အဝတ်အစားထားသောအခန်းသို့ ဝင်လိုက်၏။ ဒစ်စတိန်းသည် မျက်နှာသစ်ရင်း လိုအပ်သည်ထက် အချိန်ပိုဆွဲနေလိုက်သည်။ ခဏအကြာ ကော်လာဖြူ၏မိတ်ဆွေ ငနဲကလေး အခန်းထဲ ဝင်လာ၏။ သူသည် မှန်ရှေ့မှာခေါင်းဖြီးရင်း အခန်းထဲရောက်နေသော တခြားလူတစ်ယောက် ထွက်သည်အထိ စောင့်နေလိုက်၏။ ထိုလူ ထွက်သွားမှ ဒစ်စတိန်းအား...

"ဒီမှာ ကိုယ့်လူ ကျုပ်မိတ်ဆွေက သူ့ကို မနှောင့်ယှက်ပါနဲ့လို့ ပြောနေတယ်"

ဒစ်စတိန်းသည် သွားဖြဲကာ ပြုံးပြလိုက်၏။ ပြီးမှ...

"သူ့ဘာသာ လာပြောပါစေလား"





ငနဲလေးက...

"ခင်ဗျားဟာ... သတင်းစာသမားဆို၊ ဒီလို လူတစ်ယောက်က ဒီလို အလုပ်ကိုလာတယ်ဆိုတာ ခင်ဗျားရဲ့အယ်ဒီတာသိသွားရင် ဘယ့်နှယ်လုပ်မလဲ"

"ကိစ္စမရှိပါဘူး၊ ကျုပ်က အလွတ်ဆောင်းပါးရှင်ပဲ"

ငနဲလေးသည် အနားတိုးလာသည်။ သူသည် ဒစ်စတိန်းထက် ငါးလက်မ ကျော်မြင့်ပြီး ပေါင် ၃၀ကျော် ပိုလေးပုံ ရလေသည်။ သူက...

"ခင်ဗျား ကျုပ်တို့နှစ်ယောက်ကို မနှောင့်ယှက်ပဲ နေလို့မရဘူးလား"

"မရဘူး"

"ခင်ဗျား ဘာကြောင့် ဒီလိုလုပ်နေတာတုန်း၊ ဘာလိုချင်လို့တုန်း"

"ကျုပ်က မောင်ရင့်ကို စိတ်မဝင်စားပါဘူး ကိုလူချောလေး၊ မောင်ရင့်ဘာသာ အေးအေးဆေးဆေး အိမ်ပြန်ပါလား၊ မောင်ရင်လေးမိတ်ဆွေနဲ့ စကားပြောစရာရှိလို့"

ငနဲကလေးပါးစပ်မှ ဆဲဆိုသောစကားတစ်ခွန်း ထွက်သွားပြီး ဒစ်စတိန်း၏ ရင်ဘတ်ရှေ့မှ ဂျာကင်စကို ဆွဲလိုက်သည်။ နောက် ကြီးမားသော တခြားလက်တစ်ဖက်ကို လက်သီးတင်းတင်းဆုပ်၍ နောက်ကို လွှဲအရှိန်ယူလိုက်၏။ သို့သော် သူ လက်သီးနှင့် မထိုးလိုက်ရပါ။

ဒစ်စတိန်းသည် သူ့လက်ချောင်းများဖြင့် ငနဲလေး မျက်လုံးကို လှမ်းနှိုက်လိုက်၏။ ငနဲလေးက ခေါင်းကို ဘေးသို့တိမ်း၏။ ဒစ်စတိန်းသည် အရှိက်ကို လက်သီးတစ်လုံး ပြင်းပြင်းထိုးလိုက်၏။ ငနဲလေးပါးစပ်ထဲမှ လေများထွက်လာပြီး ရှေ့သို့ ငိုက်ကျလာ၏။ ဒစ်စတိန်းသည် ငနဲလေး၏နာရီးသို့ ချိန်၍ နောက်တစ်ချက် ထိုးလိုက်သည်။ 'ဖြောင်း' ခနဲ တစ်စုံတစ်ရာကျိုးသံနှင့်အတူ သွေးများဖြာခနဲ ပန်းထွက်လာသည်။ ငနဲလေး ကြမ်းပေါ်သို့ ပုံလျက်သား ကျသွား၏။

သည်လောက်ဆို တော်လောက်ပြီ ဖြစ်ပါသည်။

ဒစ်စတိန်းသည် အခန်းထဲမှ မြန်မြန်ထွက်လာရင်း အပြင်ရောက်မှ သူ့နက်တိုင်ကို ဆန့်၊ ခေါင်းကိုသပ်ရပ်အောင် လက်နှင့် ပင့်တင်လိုက်၏။ ကလပ်ဘွင်း၌ ဂျာမန်ဂီတာသမားသည် ရယ်စရာသီချင်းတစ်ပုဒ်ကို ဆိုနေ၏။ ဒစ်စတိန်းသည် ကျသင့်ငွေကို ရှင်း၍ အပြင်ထွက်ခဲ့၏။ ကော်လာဖြူသည် စိတ်သောကရောက်နေပုံရပြီး နောက် အဝတ်လဲခန်းတွင်းသို့ ဝင်လိုက်သွားလေ၏။

အပြင်လမ်းမှာ လူရှင်းနေသည်။ အချိန်မှာ နွေလယ်ညဖြစ်သော်လည်း ဒစ်စတိန်းသည် ချမ်း၍ တုန်နေ၏။ သူသည် ခပ်လှမ်းလှမ်းထိ လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဘားတစ်ခုထဲသို့ ဝင်၍ ဘရန်ဒီတစ်ခွက် မှာလိုက်၏။ ဘားသည်ဆူညံ၍ မီးခိုးများဖြင့် မွှန်နေပြီး တယ်လီဗီးရှင်းက ကောင်တာပေါ်မှာ ဖွင့်ထား၏။ ဒစ်စတိန်းသည် သူ၏အရက်ခွက်ကိုယူ၍ ထောင့်စွန်းစားပွဲတစ်ခုသို့ သွား၍ နံရံကို မျက်နှာပြုထိုင်၏။

အဝတ်လဲခန်းထဲတွင် ဖြစ်ပွားခဲ့သောရန်ပွဲသည် ရဲအား တိုင်ကြားမည် မထင်ပေ။ လူတွေအမြင်တွင် ချစ်သူလုသောရန်ပွဲဟုသာ ထင်မြင်ကြပေမည်။ ကော်လာဖြူကသော် လည်းကောင်း၊ ကလပ်မန်နေဂျာကသော် လည်းကောင်း သည်လိုအရေးအခင်းမျိုးကို သက်ဆိုင်ရာသို့ အသိပေးတိုင်ကြားလိမ့်မည်မဟုတ်ပေ။ ကော်လာဖြူက သူ့ငနဲ့ကလေးကို ဆရာဝန်ထံခေါ်သွားပြီး ချော်လဲတာဟု ပြောကြားမည်သာ ဖြစ်၏။

ဒစ်စတိန်းသည် ဘရန်ဒီကို သောက်လိုက်ရာ တုန်နေခြင်းရပ်သွား၏။ ဒီလိုကိစ္စမျိုးကို မလုပ်ဆောင်ရသောစပိုင်ဟူ၍ လောကမှာ ရှိမည် မထင်ပါ။ သည်လိုခေတ်တွင် စပိုင်မရှိသောတိုင်းပြည်ဟူ၍ မရှိနိုင်ပါ။ တိုင်းပြည်မရှိပါက နက်ဒစ်စတိန်းအတွက် လုံခြုံမှု မရှိနိုင်ပါ။

ဂုဏ်သရေရှိစွာနေထိုင်ဖို့ဆိုသည်က ဖြစ်နိုင်မည်မထင်ပါ။ သူ့အနေနှင့် ဒီအလုပ်ကို စွန့်လွှတ်လိုက်သည့်တိုင် တခြား ကခြားသောလူများက စပိုင်အလုပ်ကို လုပ်ကြပြီး သည်လိုဆိုးရွားသောအလုပ်မျိုးကို လုပ်ကိုင်ကြဦးမည်သာ ဖြစ်ပါ၏။ အသက်ရှင်နေထိုင်ဖို့ဆိုတာ မကောင်းမှုကို လုပ်နေကြရမှာပဲ။ ဒစ်စတိန်းသည် နာဇီအကျဉ်းစခန်းမှ ဂုမ်ဂန်းဆိုသည့်ဆရာဝန်ကလည်း ဤသို့ ဆင်ဆင် ပြောဖူးသည်ကို အမှတ်ရမိသည်။

ဒစ်စတိန်းအနေနှင့် လူ့ဘဝသည် အမှန်သက်သက် အမှားသက်သက် ရှိသည်ဟု မယူဆပေ။ ထိုနည်းတူ အနိုင်သက်သက်၊ အရှုံးသက်သက်လည်း မရှိနိုင်ဟု ယူဆပေသည်။ ဤအဘိဓမ္မာသည်ပင် သူ့အား တစ်ခါတစ်ရံ မနှစ်သိမ့်နိုင်ပေ။

ဒစ်စတိန်းသည် ဘားထဲမှ လမ်းပေါ်သို့ ထွက်လိုက်၏။ ထို့နောက် ကော်လာဖြူ၏အိမ်ဘက်ကို ထွက်လာခဲ့ပေသည်။

သူ့အနေနှင့် ကော်လာဖြူ စိတ်ဓာတ်ကျနေစဉ် ဖိအားပေးထားမှ ဖြစ်ပေမည်။ သူသည် လမ်းကျဉ်းကလေးသို့ ရောက်လာသည်။ စကြိုဟောင်းကြီးနှင့် အိမ်ရှေ့သို့ ရောက်လာ၏။ အိမ်ခန်းထဲမှ မီးရောင် မမြင်ရပေ။

သူသည် စောင့်ဆိုင်းနေစဉ် ညသည် အေးသည်ထက် အေးလာ၏။





စတိန်းသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလိုက်လေ၏။ ဥရောပ သို့ဥတုကား ဆိုးရွားလှပေသည်။ ယခုအချိန် အစ္စရေးတိုင်းပြည်တွင် နေသာ၍ ထွေးသောညများ ရှိပေလိမ့်မည်။ ဒစ်စတိန်းအနေနှင့် ကိုယ့်မြို့ကိုယ့်ရွာသို့ နေထိုင်ချင်စိတ်များ ပေါ်လာ၏။

နောက်ဆုံး ကော်လာဖြူနှင့် သူ့မိတ်ဆွေတို့ ပြန်လာကြလေသည်။ ငနဲ လေးခေါင်းတွင် ပတ်တီးများစည်းထားရကား ဘာမှ သဲသဲကွဲကွဲ မြင်ပုံမရ။ လက်တစ်ဖက်သည် ကော်လာဖြူပခုံးပေါ်သို့ တင်၍ မျက်စိကန်းသမားပမာ ပါလာ၏။ သူတို့သည် အိမ်ရှေ့တံခါးပေါက်မှာ ရပ်၍ ကော်လာဖြူက ထဲမှ သော့ကို စမ်းနေ၏။ ဒစ်စတိန်းသည် လမ်းကူး၍ သူတို့နောက်နား လာခဲ့၏။ သူ့ခြေနင်းသံသည် လမ်းပေါ်၌ မြည်ခြင်း မရှိပေ။

ကော်လာဖြူသည် တံခါးဖွင့်ပြီး သူ့မိတ်ဆွေလေးကို ကူရန် လှည့်လိုက် ဒစ်စတိန်းကို မြင်သွား၏။

"အိုး… ဘုရားရေ"

ငနဲလေးက…

"ဘာလဲ ဟင်… ဘာလဲ"

ကော်လာဖြူက…

"သူ… သူ"

ဒစ်စတိန်းက…

"ကျုပ် ခင်ဗျားနဲ့ စကားနည်းနည်းပြောစရာရှိလို့"

ငနဲလေးက ဝင်၍…

"ရဲကို ခေါ်ဗျာ"

ကော်လာဖြူသည် သူ့မိတ်ဆွေလေး၏လက်ကို ကိုင်၍ အိမ်ထဲဝင်မည် ၏၊ ဒစ်စတိန်းက လက်တစ်ဖက်ဆန့်ထားလိုက်ပြီး…

"ကျုပ်လဲ ဝင်ခွင့်ပေးမှ ဖြစ်မယ်၊ ဒါမှမဟုတ်ရင်တော့ လမ်းပေါ်မှာ ရှုန်း ဆန်ခတ် ဖြစ်ကုန်မှာပဲ"

ကော်လာဖြူက စိတ်ညစ်လက်ညစ်ဖြင့်…

"ဒီလူ… လိုချင်တာ မရမချင်းတော့ တို့ဘဝကို ဖျက်ဆီးနေတော့မှာပဲ"

ငနဲလေးက…

"သူက ဘာလိုချင်နေတာလဲ"

"အထဲရောက်တော့ ပြောတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒစ်စတိန်းက ပြောပြောဆိုဆို ရှေ့မှဦးဆောင်၍ ဝင်လိုက်ပြီး လှေကား ပေါ်သို့ တက်လိုက်၏။

ကော်လာဖြူတို့သည် ခဏမျှ တွေသွားကြ၏။ နောက် လိုက်ပါတက် ကြလေသည်။

သုံးဦးသားသည် ထိပ်ဆုံးအထပ်သို့ တက်လာခဲ့ကြ၏။ ကော်လာဖြူ တို့သည် သူ့အခန်းတံခါးကိုဖွင့်၍ အထဲသို့ ဝင်လာခဲ့ကြ၏။ ဒစ်စတိန်းသည် တစ်ခန်းလုံး အကဲခတ်ကြည့်လိုက်သည်။ အခန်းကလေးမှာ သပ်သပ်ရပ်ရပ် ရှိ ပေသည်။

ကော်လာဖြူသည် သူ့မိတ်ဆွေကလေးနှင့်အတူ နှစ်ယောက်ထိုင်ကုလား ထိုင်မှာ ထိုင်ရင်း ဒစ်စတိန်း စကားပြောမည်ကို စောင့်နေ၏။

ဒစ်စတိန်းက–

"ကျုပ်က သတင်းစာဆရာတစ်ယောက်ပဲ"

ကော်လာဖြူက–

"သတင်းစာဆရာက လူတွေကို သတင်းပဲ မေးကြပါတယ်၊ မရိုက်ကြ ပါဘူး"

"ကျုပ်က ရိုက်တာမှ မဟုတ်တာ၊ နှစ်ခါပဲ ထိုးတာပဲ"

"ဘာဖြစ်လို့လဲ"

"သူက စထိုးတာကိုး၊ သူက ပြောမပြဘူးလား"

"ကျုပ်တော့ မယုံပါဘူး"

နေပါဦး ကျုပ်တို့ အဲဒါကို ငြင်းခုံနေဖို့ အချိန် ဖြုန်းကြမလို့လား"

"မဖြုန်းချင်ပါဘူး"

"ကောင်းပြီ ကျုပ်က ယူရေတွန်အဖွဲ့ရဲ့ သတင်းတစ်ပုဒ်လိုချင်တယ် ကျုပ်အလုပ်အတွက် လိုနေလို့ပဲ၊ အခုတော့ ယူရေတွန်အဖွဲ့ တာဝန်ရှိတဲ့နေရာ မှာ မိန်းမလျှာအခြောက်တွေ လုပ်ကိုင်နေတဲ့အကြောင်းပဲ ရေးစရာရသေးတယ်"

ကော်လာဖြူမိတ်ဆွေက–

"ခင်ဗျား အတော်ယုတ်တဲ့လူပဲ"

"ပြောပါတော့လေ ကျုပ်လိုချင်တဲ့သတင်း ရရင်တော့ အဲဒီသတင်းကို မေ့ပစ်ရမှာပေါ့"

ကော်လာဖြူသည် သူ့ဆံပင်ကို လက်ဖြင့် သပ်လိုက်၏။ ကော်လာဖြူ လက်သည်းများသည် လက်သည်းဆိုးဆေး ဖျော့ဖျော့လေးဆိုးထားသည်ကို ဒစ် စတိန်းက တွေ့ရ၏။ ကော်လာဖြူက...





ကော်လာဖြူက ဒစ်စတိန်းကိုကြည့်၍...

"ခင်ဗျား ဘယ်လိုလူလဲ ဟင်"

"ကျုပ် ဘယ်လိုလူဆိုတာက အရေးမကြီးပါဘူး၊ ကျုပ်က ကျုပ်ပြော သလို လုပ်နိုင်တဲ့လူဆိုတာ ခင်ဗျားသိတယ် မဟုတ်လား"

"သိ... သိပါတယ်"

ကော်လာဖြူသည် စိတ်ပျက်လက်ပျက်နှင့် သူ့လက်နှစ်ဖက်အကြား ခေါင်းငိုက်စိုက်ချထားလိုက်၏။

ဒစ်စတိန်းက စောင့်နေလိုက်သည်။ ကော်လာဖြူအနေနှင့် ချောင်ပိတ် မိနေပြီဖြစ်၏။ ခဏကြာမှ ဒစ်စတိန်းက...

"စာရင်းက အထူကြီးနေမှာပဲ"

ကော်လာဖြူက ခေါင်းညိတ်ပြပြီး မော့ကြည့်သည်။

ဒစ်စတိန်းက...

"ခင်ဗျားရုံးဆင်းရင် လက်ကိုင်အိတ်ကို အစစ်အဆေးရှိသလား"

ကော်လာဖြူက ခေါင်းခါပြသည်။

"ကွန်ပျူတာက ထုတ်ပြန်ပေးတဲ့စာရင်းဟာ သော့တွေ ဘာတွေခတ် ပြီး သိမ်းထားသလား"

"ဟင့်အင်း... အဲဒီစာရင်းက ထိပ်တန်းလျှို့ဝှက်မဟုတ်ပါဘူး၊ အပြင်ကို ခဏထုတ်ပြန်တာပဲ ရှိပါတယ်"

"ကောင်းပြီလေ ဒါဆိုရင် အသေးစိတ် ဘယ်လိုလုပ်ရမယ်ဆိုတာ နက် ဖြန်တစ်ရက် စဉ်းစားထားပေါ့၊ စာရင်းကို ဘယ်လိုထုတ်မယ်လို့၊ ခင်ဗျားရဲ့ အတွင်းရေးမှူးကို ဘာဘာညာညာပြောမယ်တို့ပေါ့၊ သန်ဘက်ခါကျရင်တော့ အဲဒီစာရင်းကို အိမ်ယူလာခဲ့ပေတော့၊ အိမ်ကျရင် ကျုပ်ဆီက စာတစ်စောင် တွေ့ရလိမ့်မယ်၊ အဲဒီစာထဲမှာ စာရင်းကို ကျုပ်ဆီ ဘယ်လိုပို့ရမယ်လို့ ညွှန် ကြားချက်ပါမယ်"

ဒစ်စတိန်းက ပြုံးပြလိုက်ရင်း...

"အဲဒီနောက်ကျရင်တော့ ခင်ဗျား ကျုပ်ကို တစ်သက်လုံးတွေ့ရတော့မှာ မဟုတ်ပါဘူး"

ကော်လာဖြူက...

"ဘုရားသခင်ကျေးဇူးနဲ့ ခင်ဗျားကို ထပ်မတွေ့ပါစေနဲ့လို့ ဆုတောင်း ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒစ်စတိန်းက ထိုင်ရာမှ ထလိုက်၏။

"လတ်တလော ခင်ဗျား ဖုန်းအဆက်အသွယ် မလုပ်ရင် ကောင်းပါလိမ့်မယ်"

ဒစ်စတိန်းသည် ပြောပြောဆိုဆို တယ်လီဖုန်းခွက်ကြီးကို နံရံမှ ဆွဲဆောင့်ဖြုတ်လိုက်၏။ နောက် တံခါးရှိရာသို့ သွားပြီး ဖွင့်လိုက်၏။

*

ရော့စတော့သည် ယာစစ်ဟာစန်ကို ကောင်းစွာမှတ်မိပါသည်။ ချမ်းသာသော ကောင်လေး၊ မောက်မာသော ကောင်လေးအဖြစ် လူရည်လည်ပုံရသော်လည်း ခွဲလုံ့လရှိပုံမရသည့်ကောင်လေး။ နိုင်ငံရေးခံယူချက်တိမ်တိမ်သာရှိပြီး အဂတ်အစား ပေါပေါရှိသူ။ အောက်စဖို့တက္ကသိုလ်သို့ ဦးနှောက်နှင့် ရောက်လာသူမဟုတ်ဘဲ ဖခင်က ချမ်းသာ၍ ပို့ပေးနိုင်သောကြောင့်ရောက်လာသူအဖြစ် မှတ်မိနေ၏။ သူ့အနေနှင့် ဟာစန်ကို လိုအပ်သည်ထက် ပိုပြော၍မဖြစ်ဟု ဆုံးဖြတ်လိုက်သည်။

ဒေးဗစ် ရော့စတော့သည် လူဇင်းဘတ်သို့ အေသင်မှ တစ်ဆင့် လေယာဉ်နှင့် လာခဲ့၏။ မော်စကိုက ထွက်လာကတည်းက ရော့စတော့သည် လေယာဉ်ခရီး သုံးကြိမ်ပြောင်းခဲ့ပြီး မှတ်ပုံတင် နှစ်ကြိမ် လဲလှယ်ကိုင်ဆောင်ခဲ့ပြီး ဖြစ်သည်။ သူသည် သတိကြီးသူတစ်ဦး ဖြစ်သည်။

လူဇင်းဘတ်လေဆိပ်၌ သူ့အားစောင့်နေမည့်သူ မရှိ။ သူသည် တက္ကဆီငှား၍ တည်းခိုရာဟိုတယ်သို့ လာခဲ့၏။

ရော့စတော့သည် ကိုင်ရှိသို့ ဒေးဗစ်ရောဘတ်ဆိုသောအမည်ကို သုံးမည်ဟု ကြိုတင်အကြောင်းထားခဲ့၏။ ထို့ကြောင့် ဒေးဗစ်ရောဘတ်ဟူသော အမည်ကို ပြော၍ အခန်းယူလိုက်သည်နှင့် ဟိုတယ်စာရေးက သူ့အား စာတစ်စောင်ထုတ်ပေးသည်။ ရော့စတော့သည် သူ့အခန်းရှိရာသို့တက်လာစဉ် စာကို ဖွင့်ဖတ်လိုက်၏။ စာထဲတွင် 'အခန်း ၁၇၉' ဟုသာ ပါ၏။

သူ့အခန်းသို့ ရောက်သောအခါ ပစ္စည်းသယ်လာသော ဟိုတယ်အလုပ်သမားအား မုန့်ဖိုးပေး ပြန်လွှတ်သည်။ နောက် ဖုန်းခွက်ကိုကိုင်၍ ၁၇၉ နံပါတ်ကို လှည့်လိုက်၏။ တဖက်မှ...

"ဟဲလို..."

"ကျုပ်... ၁၄၂ မှာ ရောက်ပြီ၊ ဆယ်မိနစ် အချိန်ပေး နောက်ပြီး တိုင်ပင်ရအောင် လာခဲ့"





"ကောင်းတာပေါ့ ဒါထက် ခင်ဗျား..."

"တော်လေ"

ရော့စတော့က ဖုန်းထဲသို့ ဝေါက်လိုက်၏။

"နာမည် ခေါ်မနေနဲ့ ဆယ်မိနစ်၊ ဒါပဲ"

"ဟုတ်... ဟုတ်ကဲ့၊ ကျွန်တော်... ဝမ်းနည်း..."

ရော့စတော့သည် ဖုန်းခွက်ချလိုက်၏။ ကိုင်ရှိက ဘယ်လိုငတုံးတွေများ လွှတ်လိုက်ပါလိမ့်၊ ဟိုတယ် ဖုန်းထဲမှာ နာမည်တွေ၊ ဘာတွေ ပြောဖို့ ကြိုးစားနေတဲ့ငနဲမျိုး၊ အခြေအနေက ထင်ထားသည်ထက် ဆိုးပါကလား။

ဟိုရှေးယခင် ကြေးစားတန်းမီ စပိုင်ဖြစ်ရန် အကြိုးစားလွန်စဉ်ကဆိုလျှင် အခန်းတွင်းရှိ မီးကြီးကိုပိတ်၍ သေနတ်ကို အသင့်ကိုင်ပြီး တံခါးပေါက်မှ ဝင်လာမည့်သူကို စောင့်ကြပေမည်။ ယခုအခါတွင်တော့ ၎င်းအပြုအမူများသည် တယ်လီဗီးရှင်းဇာတ်ကားထဲမှ ဇာတ်လိုက်များလုပ်ရန် ထားလိုက်ရပေတော့မည် ဖြစ်၏။ မိမိကိုယ်ကို သတိကြီးစွာကာကွယ်ရန် စီမံခြင်းများသည် ရော့စတော့၏ အလေ့အထမဟုတ်ပါ။ ယခုဆိုလျှင် သူသည် သေနတ်ပင် ကိုင်ဆောင်ခြင်း မရှိတော့။ လေဆိပ်အကောက်ခွန်ဝန်ထမ်းများ ရှာဖွေခြင်းမှ လွတ်အောင် သယ်ဆောင်ရသည်မှာ ပင်ပန်းလှ၏။ သို့သော် သတိကြီးခြင်း၊ ကြိုတင်ကာကွယ်ခြင်းကမူ ရှိရပေမည်။ လက်နက်လည်း လက်နက်ပင်ဖြစ်ပါသည်။ သူ့အနေနှင့် ကေ-ဂျီ-ဘီအဖွဲ့၏ လျှို့ဝှက်စွာတီထွင်ပေးလိုက်သော လက်နက်ပစ္စည်းအဆန်း နှစ်ခုကိုတော့ သယ်ဆောင်ယူလာစမြဲ ဖြစ်သည်။ ဥပမာ-နံဘေးမှ လျှပ်စစ်အသံဖမ်းကိရိယာများဖြင့် ခိုးယူနားထောင်ခြင်းကို ကာကွယ်နိုင်သော အသံမြည်သည့် သွားပွတ်တံလို ပစ္စည်းမျိုး၊ သေးငယ်လှသော ပိုလာရိုက်ကင်မရာလေး၊ လက်နက်အဖြစ် အသုံးပြု၍ရသော ခြေနင်းကြိုးစသည်မျိုး။

ရော့စတော့သည် သူ့ပစ္စည်းများကို လျင်မြန်စွာထုပ်၍ သိမ်းဆည်းလိုက်၏။ သူသည် ဝီစကီတစ်ခွက်ငှဲ့လိုက်၏။ ဆယ်မိနစ်ကြာသောအခါ တံခါးခေါက်သံ ပေါ်လာ၏။ ရော့စတော့ သွားဖွင့်ပေးသည်။ ဟာစန် ဝင်လာ၏။

ဟာစန်က ပြုံး၍...

"နေထိုင်ကောင်းရဲ့လားခင်ဗျာ"

"နေထိုင်ကောင်းပါတယ်"

ရော့စတော့သည် ဟာစန်ကမ်းပေးသောလက်ကို ဆွဲယူနှုတ်ဆက်လိုက်၏။

ဟာစန်က...



www.burmeseclassic.com

www.burmeseclassic.com



"အနှစ်နှစ်ဆယ်တောင် ရှိပြီနော်၊ ခင်ဗျား ဘာတွေလုပ်နေသလဲ"

"ဒီလိုပါပဲ... "

"တကယ်ပဲနော်၊ ဒီလောက် နှစ်တွေကြာပြီးတဲ့နောက်မှ ဒစ်စတိန်းကြောင့် ပြန်ဆုံကြရတယ်နော်"

"ဟုတ်ပါ့... ထိုင်လေ၊ ဒစ်စတိန်းအကြောင်း ပြောကြတာပေါ့"

ရှော့စတော့က စတင်ထိုင်လိုက်ရာ ဟာစန်ကလည်း လိုက်၍ထိုင်လိုက်၏။ ရှော့စတော့က...

"ဓာတ်လမ်းအစက ပြန်စကြရအောင်လေ၊ ခင်ဗျားက ဒစ်စတိန်းကို စတွေ့တယ်၊ နောက် ခင်ဗျားတို့လူတွေက ဒစ်စတိန်းကို ပြင်သစ်ပြည် နိစ်လေဆိပ်မှာ ပြန်တွေ့တယ်၊ ဒီနောက်ကော... "

"ဒစ်စတိန်းက အဏ္ဏဝါမြူဓာတ်အားပေးစက်ရုံကို ခရီးသည်တွေနဲ့အတူ လိုက်ကြည့်တယ်၊ နောက်တော့ နောက်ယောင်ခံလိုက်လာတဲ့လူတွေကို မျက်ခြည်ပြတ်သွားခဲ့ပါတယ်"

ရှော့စတော့သည် မကျေမနပ်နှင့်...

"ကျုပ်တို့ ဒီထက်တော့သာအောင် လုပ်မှဖြစ်မယ်"

ဟာစန်က ပြုံးလိုက်၏။ ချေးသည်၏အပြုံးမျိုးနှင့် သူက...

"ဒစ်စတိန်းက သူ့နောက်က နောက်ယောင်ခံလိုက်နေတဲ့လူ ရှိတာကို မတွေ့ဘူး၊ အဲဒီလူတွေကို မျက်ခြည်မပြတ်နိုင်ဘူးဆိုရင် သူ့အကြောင်း ကျွန်တော်တို့က ရေးကြီးခွင်ကျယ် ဘာလုပ်နေစရာ လိုတော့မလဲဗျာ၊ မဟုတ်ဘူးလား"

ရှော့စတော့ဟာ ဟာစန်၏အောက်ကလိအာလေသံကို မသိဟန်ပြု၍...

"သူက ကားငှားသုံးသလား"

"ဟုတ်ကဲ့ ပီဂျိုးကားတစ်စီးပါ"

"အိုကေ ဒါထက် ဒီအလျင်က သူ့လှုပ်ရှားမှုတွေကို သိသလား၊ သူ လူဇင်းဘတ်မှာ ရှိတုန်းကလေ"

ဟာစန်ကလည်း ရင်းရင်းနှီးနှီးလေသံကို ဖျောက်၍ ရှော့စတော့၏အလုပ်သဘောလေကို ယူ၍...

"ဒစ်စတိန်းဟာ အက်ရောဂျားဆိုတဲ့ နာမည်နဲ့ အဲလ်ဖာဟိုတယ်မှာ တစ်ပတ် နေပါတယ်၊ သူ့ကိုယ်သူ အင်တာနေရှင်နယ် သိပ္ပံမဂ္ဂဇင်း၊ ပဲရစ်ဗျူရိုက လို့ လိပ်စာ ပေးထားပါတယ်၊ အဲဒီမဂ္ဂဇင်းကလဲ အမှန်ပဲရှိပါတယ်၊ ပဲရစ်လိပ်စာလဲ ရှိတာ အမှန်ပါပဲ၊ ဒါပေမယ့် ပဲရစ်လိပ်စာက စာလက်ခံပြီး တစ်ဆင့်ပို့ပေးတဲ့





ဌာန တစ်ခုပါပဲ၊ မဂ္ဂဇင်းက အလွတ်ဆောင်းပါးရှင် အက်ရောဂျားဆိုတဲ့လူရဲ့ ဆောင်းပါးတွေကို မကြာခဏ သုံးခဲ့တာလဲ အမှန်ပါပဲ၊ ဒါပေမယ့် အက်ရောဂျားနဲ့က အဆက်အသွယ်မရတာ တစ်နှစ်ခွဲလောက်ရှိပြီ ပြောပါတယ်"

ရှော့စတော့က ခေါင်းညိတ်လိုက်၏။

"အေးလေ ဒါတော့ ဖမ်ဆက်ထုံးစံအတိုင်း ရေပက်မဝင်တဲ့ နောက်ကြောင်းရာဇဝင်တစ်ခုကိုတော့ သူ့အေးဂျင့်တွေကို ရှာပေးရမှာပေါ့၊ နောက်ထပ်ကော"

"ဟုတ်ကဲ့ ဒစ်စတိန်း ခရီးမထွက်ခင်ည ရှုံးဒစ်အရပ်မှာ ပြဿနာတစ်ခု ဖြစ်တယ်၊ လူနှစ်ယောက်ဟာ ကောင်းကောင်းကြီး အရိုက်ခံလိုက်ရတယ်၊ လက်ရာက တကယ့်ကြေးစားတစ်ယောက်ရဲ့လက်ချက်လို့ ယူဆရပါတယ်၊ အရိုးကျိုးသွားတာကအစ တစ်ချက်လွှတ် ထိသင့်ထိထိုက်တဲ့နေရာကို ရိုက်လို့ ကျိုးတာချည်ပဲ၊ ရဲအဖွဲ့ကတော့ ဘာမှ အရေးမယူကြပါဘူး၊ ဘာလို့လဲဆိုတော့ ငနဲလေးတွေက လူဆိုးသူခိုးလေးတွေပဲ၊ သူတို့တတွေက မိန်းမလျာကလပ်နားမှာ အမြဲချောင်းပြီးကြံတဲ့ ကောင်လေးတွေ ဖြစ်နေလို့ပဲ"

"ကလပ်ထဲက ထွက်လာတဲ့ မိန်းမလျာတွေကို လုတတ်တာမျိုးလား"

"အဲဒီသဘောမျိုးပါပဲ၊ ဘာပဲဖြစ်ဖြစ် ဒစ်စတိန်းနဲ့ ပတ်သက်တယ်လို့ ပြောစရာအချက်အလက် ဘာမှမရှိပါဘူး၊ တစ်ခုပဲ ရှိတယ်၊ အဲဒီဒဏ်ရာမျိုးရအောင် ဒစ်စတိန်းက လုပ်နိုင်တဲ့လူတစ်ယောက်ပဲ ဆိုတာရယ်၊ အဲဒီအချိန်မှာ ဒစ်စတိန်းဟာ လူဇင်းဘတ်မှာ ရှိနေတယ်ဆိုတာရယ်ပါပဲ"

"အင်း... ဒါဟာ ထည့်စဉ်းစားစရာပါပဲ၊ ဒါထက် ဒစ်စတိန်းဟာ မိန်းမလျာဖြစ်နိုင်တယ်လို့ ခင်ဗျားထင်သလား"

"ဖြစ်နိုင်တာပဲလေ၊ ဒါပေမယ့် ကိုင်ရိုကတော့ သူ့ရာဇဝင်ဖိုင်တွဲမှာတော့ အဲဒီအကြောင်း မပါဘူးတဲ့၊ သူက အလွန်သိုသိုသိပ်သိပ်နေနိုင်လို့ ဖြစ်ချင် ဖြစ်မှာပေါ့"

"အင်း... ဘယ်လောက်တောင် သိုသိပ်သလဲဆိုရင် တာဝန်ထမ်းဆောင်ဖို့ လာတဲ့အခိုက်ကလေးမှာတောင် မိန်းမလျာကလပ်ကို သွားတယ်ပေါ့လေ"

ဟာစန်မျက်နှာသည် ဒေါသရောင်သမ်းသွား၏။ သူက...

"ဒါဆို... ခင်ဗျားကကော ဘယ်လိုထင်သလဲ"

"ကျုပ်အထင်တော့ ဒစ်စတိန်းက မိန်းမလျာတစ်ယောက်ဆီက သတင်းလိုချင်လို့လာတာ ဖြစ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရှော့စတော့သည် ထိုင်ရာမှ ထ၍ လမ်းလျှောက်လိုက်၏။ သူ့အနေနှင့် ဟာစန်အပေါ် စတင်ဆက်ဆံလိုက်ပုံကမူ မဆိုးလှဟု သတ်မှတ်လိုက်၏။ သည်ထက်ပို၍တင်းမာစွာ ဆက်ဆံ၍မကောင်းတော့။ မလိုအပ်ဘဲနှင့် တစ်ဖက်လူ စိတ်မချမ်းသာမှုဖြစ်စေခြင်းသည် မကောင်းလှ။ သို့နှင့်...

"ကဲ... ကျုပ်တို့ အခြေအနေအားလုံး သုံးသပ်ကြည့်ရအောင်၊ ဒစ်စတိန်းဟာ ဘာကြောင့် အဏုမြူဓာတ်အားပေးစက်ရုံကို သွားကြည့်ရတာတုန်း"

ဟာစန်က...

အစ္စရေးတွေဟာ ခြောက်ရက်စစ်ပွဲပြီးကတည်းက ပြင်သစ်နဲ့ သိပ်အဆင်မပြေတော့ဘူးလေ၊ ဒီဂေါလ က လက်နက်တွေ ပို့ပေးနေတာကို ဖြတ်တောက်ပစ်လိုက်တယ်မဟုတ်လား၊ မော့ဆက်က လက်တုံ့ပြန်တဲ့အနေနဲ့ အဏုမြူဓာတ်အားပေးစက်ရုံကြီးကို ဖောက်ခွဲပစ်ချင်လို့လားမှ မသိတာ"

ရှော့စတော့က ခေါင်းယမ်းပြ၏။

"အစ္စရေးတွေတောင် ဒီလောက် တာဝန်မမဲ့သေးဘူးလေ၊ ဒါထက် ဒစ်စတိန်းဟာ လူဇင်ဘတ်ကိုကော ဘာလို့ လာရတာလဲ"

"ဘယ်သိမှာလဲ"

ရှော့စတော့သည် ပြန်ထိုင်လိုက်၏။

လူဇင်ဘတ်ဟာ ဘာထူးခြားသလဲ၊ လူဇင်ဘတ်မှာ ဘာရှိသလဲ၊ လူဇင်ဘတ်ဟာ ဘာကြောင့် အရေးပါတဲ့နေရာ ဖြစ်ရတာလဲ၊ ခင်ဗျားရဲ့ဘဏ်တိုက်ဟာ ဘာကြောင့် ဒီမှာလာဖွင့်ရတာလဲ"

"လူဇင်ဘတ်ဟာ ဥရောပရဲ့အရေးပါတဲ့ မြို့တော်တစ်ခုဖြစ်လို့ပေါ့၊ ကျုပ်တို့ရဲ့ဘဏ်တိုက်ကတော့ ဥရောပ အရင်းအနှီးဘဏ်တိုက်က ဒီမှာရှိလို့ပဲ၊ တခြားဈေးကွက်အခြေအနေတွေကလဲ ရှိသေးတယ်လေ၊ တကယ်တမ်းပြောရရင် လူဇင်ဘတ်ဟာ ဥရောပရဲ့ဗဟိုချက်မပဲ"

"ဘယ်လို ချက်မ ဖြစ်နေတာလဲ"

"ဥရောပပါလီမန်အတွင်းရေးမှူးအဖွဲ့ ရှိတယ်ဗျာ၊ ဝန်ကြီးများကောင်စီအဖွဲ့ ရှိတယ်၊ တရားရုံးများအဖွဲ့ချုပ် ရှိတယ်၊ အို... ပြီးတော့ ယူရေတွန်လဲရှိတယ်"

ရှော့စတော့က ဟာစန်ကို ကြည့်၍...

"ဘာ... ယူရေတွန်"

"ဟုတ်တယ်လေ ယူရေတွန်ဆိုတာက ဥရောပအဏုမြူစွမ်းအားကော်မရှင်ရဲ့ အတိုကောက်လေ၊ အဓိပ္ပာယ်က... "





"ကျုပ် သိပါတယ်၊ ဘယ်လိုဆက်စပ်မှုရှိတယ်ဆိုတာ မစဉ်းစားမိဘူးလား၊ ဒစ်စတိန်းက ယူရေတွန်ရှိတဲ့ လူဇင်ဘတ်ကို လာတယ်၊ နောက်ပြီးတော့ ပြင်သစ်မှာရှိတဲ့ အဏုမြူဓာတ်အားပေးစက်ကို သွားလေ့လာတယ်"

ဟာစန်က ပခုံးတွန့်ပြ၏။

"စိတ်ဝင်စားစရာကောက်ချက်ပါပဲ၊ ဒါထက် ခင်ဗျား ဘာသောက်နေတာလဲ"

"ဝီစကီလေ လုပ်ပါ၊ ကိုယ့်ဘာသာ ကြိုက်သလောက်သာ ငှဲ့သောက်ပါ၊ အဲ... ကျုပ် စဉ်းစားရမိသလောက်က ပြင်သစ်က အစ္စရေးကို အဏုမြူဓာတ်ပေါင်းဖိုတည်ဆောက်ဖို့ စတင်ကူညီပေးခဲ့တယ်၊ အခုတော့ ပြင်သစ်က သူ့အကူအညီတွေကို ရုပ်သိမ်းလိုက်ပြီလေ၊ ဒစ်စတိန်းဟာ သိပ္ပံလျှို့ဝှက်ချက်တွေ နောက် လိုက်သလားမှ မသိတာ"

ဟာစန်က အရက်တစ်ခွက် ငှဲ့ယူပြီး ထိုင်လိုက်၏။

"ကျုပ်တို့ ဘယ်လို အလုပ်လုပ်ကြရမှာလဲ၊ ကျွန်တော့်အထက်က အမိန့်ကတော့ ခင်ဗျားနဲ့ ပူးတွဲ အလုပ်လုပ်ရမယ်ဆိုတာပဲ"

"ကျုပ်အဖွဲ့က ကနေ့ညနေ ရောက်ပါမယ်လေ"

ရှော့စတော့က ပြန်ပြောလိုက်၏။ စိတ်ထဲကမူ ပူးတွဲလုပ်ရမယ် ဟုတ်လား။ ကြံကြံဖန်ဖန်ကွာ၊ မင်းက ငါ့အမိန့်ကိုနာခံပြီး လက်အောက်က အလုပ်လုပ်ရမှာပဲ ရှိတာပေါ့၊ ပါးစပ်ကမူ...

"ကျုပ်ဟာ အမြဲ ကျုပ်လူနှစ်ယောက်ပဲ သုံးတယ်၊ နစ်ဘူနင်နဲ့ မြို့တုရင်ဆိုပဲ၊ ကျုပ်တို့အဖွဲ့ဟာ အလုပ်အတူလုပ်လို့ အလွန်အဆင်ပြေတယ်၊ သူတို့ဟာ ကျုပ် ဘယ်လိုလုပ်ချင်တယ်ဆိုတာကို အမြဲသိတယ်၊ ခင်ဗျား သူတို့နဲ့ အတူနေရမှာပဲ၊ သူတို့ပြောတဲ့အတိုင်း လုပ်ပါ၊ ပညာ အများကြီးရမယ်၊ သူတို့နှစ်ယောက်ဟာ အလွန်တော်တဲ့ အေးဂျင့်နှစ်ယောက်ပဲ"

"ဒါဆို ကျုပ်တို့ လူတွေက"

"ခင်ဗျားတို့လူတွေကို ကျုပ်တို့ မလိုတော့ပါဘူး၊ အဖွဲ့ဝင်နည်းလေ ကောင်းလေပဲ၊ ကဲ... ကျုပ်တို့ရဲ့ပထမဆုံးအလုပ်ကတော့ ဒစ်စတိန်းဟာ လူဇင်ဘတ်ကို ပြန်လာ,မလာ သေချာအောင်လုပ်ဖို့ပဲ"

"ဟုတ်ကဲ့.. ကျွန်တော်လဲ လေဆိပ်မှာ လူတစ်ယောက် ၂၄ နာရီလုံး စောင့်ကြည့်ခိုင်းထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒစ်စတိန်းကလဲ အဲဒီလိုတွေးမိမှာပဲ၊ သူ လေကြောင်းနဲ့တော့ပြန်လာမှာ မဟုတ်ဘူး၊ ကျုပ်တို့အနေနဲ့ တခြားနေရာတွေကို စစ်ဆေးကြည့်ဖို့ လိုမယ်ထင်တယ်၊ သူဟာ ယူရေတွန်ကို ပြန်လာချင်လာမှာ"

"ဂျင်.. မိုးနက်အဆောက်အအုံကိုလား၊ ဖြစ်နိုင်ပါတယ်"

"ကျုပ်တို့ အဲလ်ဖာဟိုတယ်စာရေးကိုလဲ လာဘ်ပေးပြီးထားဖို့ ကောင်းတယ်၊ ဒါပေမယ့် အဲဒီကိုတော့ ပြန်လာမယ်မထင်ပါဘူး၊ နောက်ပြီး ရှူးဒစ်အရပ်က မိန်းမလျာကလပ်ကိုလဲ စောင့်ကြည့်ရမှာပဲ၊ ဒါထက် သူက ကားငှားစီးတယ်ဆို"

"ဟုတ်ကဲ့ ပြင်သစ်မှာတုန်းကပါ"

"ဒါဆို အဲဒီကားကို ချောင်ထိုးလိုက်ရောပေါ့၊ သူကလဲ ခင်ဗျားတို့ အဲဒီကားနံပါတ်ကိုသိသွားပြီဆိုတာ သိနေမှာပဲ၊ အဲဒီတော့ အဲဒီကားနံပါတ်နှင့် ကားငှားကုမ္ပဏီကို စုံစမ်း၊ အဲဒီကားကို ဘယ်နားမှာ ထားခဲ့သလဲလို့၊ ဒါမှ သူ ဘယ်ကိုသွားမယ်ဆိုတဲ့ မှန်းဆချက် ရနိုင်မယ်"

"ကောင်းပြီလေ"

"မော်စကိုက သူ့ရဲ့ဓာတ်ပုံကို ဌာနအားလုံးကို ဖြန့်ချိလိုက်ပါပြီ၊ ကျုပ်တို့ လူတွေဟာ ကမ္ဘာ့မြို့တော်အားလုံးမှာ သူ့ကို ရှာနေကြမှာပါပဲ"

ရော့စတော့သည် သူ့ခွက်ကို လက်စသတ်လိုက်၏။ ပြီးမှ...

"ကျုပ်တို့ သူ့ကို တစ်နည်းမဟုတ် တစ်နည်း ဖမ်းမိမှာပါ"

ဟာစန်က...

"ခင်ဗျား တကယ်ထင်သလားဟင်"

"ကျုပ် သူနဲ့ စစ်တုရင်ကစားခဲ့တာပါ၊ သူ့စိတ်ဟာ ဘယ်လိုအလုပ်လုပ်တယ်ဆိုတာ ကျုပ်သိပါတယ်၊ သူ့အဖွင့်ရွှေ့ကွက်တွေက ထုံးစံအတိုင်း ရိုးရိုးပဲ၊ ခန့်မှန်းရတာ လွယ်ပါတယ်၊ နောက်တော့သာ မထင်မှတ်တဲ့ရွှေ့ကွက်ကို ကိုင်တတ်တာမျိုး၊ တစ်ခါတစ်ရံ အလွန်စွန့်စားရတဲ့ရွှေ့ကွက်မျိုးတွေ ရွှေ့တတ်တာ၊ ကျုပ်တို့အနေနဲ့ ဘယ်တော့ ဘယ်အချိန် သူ့လည်ပင်းထွက်ပြီး လည်စင်းခံမလဲဆိုတာ စောင့်ရုံပါပဲ၊ အဲဒီတော့ ခုတ်ဖြတ်လိုက်ရုံပေါ့"

ဟာစန်က...

"ကျုပ်မှတ်မိသမျှတော့ စစ်တုရင်ပွဲမှာ ခင်ဗျား ရှုံးသွားပါတယ်"

ရော့စတော့က ဝံပုလွေပြုံး ပြုံးလိုက်၏။

"ဟုတ်ပါတယ်၊ ါက စစ်တုရင်ပွဲမဟုတ်ဘူး၊ တကယ့်ဘဝလေ"

*





...ကယောင်ခံလိုက်ရာ၌ နစ်မျိုးနစ်စားရှိ၏။ ပလက်ဖောင်းပညာသည်နှင့် ...ဘီလူးတို့ ဖြစ်ပေသည်။ ပလက်ဖောင်းပညာသည်တို့သည် နောက်ယောင်ခံ ...အလုပ်ကို အလွန်တန်ဖိုးထား၍ ပညာတစ်ရပ်လို ကျင့်သုံးလုပ်ဆောင်၏။ ...တို့သည် အလွန်တိကျလွန်းရကား လမ်းမပေါ်တွင် သူတို့ကို ကြည့်၍ မမြင်ရ ...ယောက် ဖြစ်သည်။ သူတို့သည် ဆိုင်ပြတင်းပေါက်တွင် ရပ်နည်း၊ ဘတ်စ် ...ဘန်းစီပုံ၊ ကလေး လူကြီးများနှင့် ရောပုံ၊ ဈေးအိတ်ကိုင်ပုံက အစ ကျွမ်းကျင် ...ာင် လေ့ကျင့်ထားကြသူများ ဖြစ်သည်။ သူတို့သည် ခွေးဘီလူးအမျိုးအစားကို ...ဘီးကြသည်။ ခွေးဘီလူးအမျိုးအစားကား နောက်ယောင်ခံလိုက်ခြင်းသည် ...က်မှ လိုက်ခြင်းနှင့် အတူတူပဲဟု ယူဆ၍ အရှင့်နောက်သို့လိုက်သော ခွေးလို ...ရိုးဘည့်တည့်သာ လိုက်တတ်၏။

နစ်ဘူနင်သည် ခွေးဘီလူးအမျိုးအစား နောက်ယောင်ခံသမားဖြစ်သည်။ ...သည် ငယ်ငယ်မိုက်မိုက်ဖြစ်၍ အမျိုးအစားမှာ ရဲဖြစ်လျှင်ဖြစ်၊ မဖြစ်ပါက ...ဖြစ်မည့် လူမျိုးဖြစ်သည်။ ကံအားလျော်စွာ နစ်သည် ကေဂျီဘီအဖွဲ့ဝင် ...ဦး ဖြစ်လာခဲ့ပေသည်။ သူ၏တရားဝင်ရာထူးမှာ ကားမောင်းသမားဖြစ်ပြီး ...ရားမဝင်သောအလုပ်မှာ သက်တော်စောင့်ဖြစ်၏။ ပို၍ တရားမဝင်သော ...လုပ်မှာ လူမိုက်ပင်ဖြစ်ပေသည်။

တကယ်တမ်းတွင်မူ နစ်သည် 'ပင်လယ်ဓားပြ'ကို စတင်တွေ့မြင်သူ ...ပေသည်။

နစ်သည် ခြောက်ပေနီးပါးရှိပြီး ပခုံးကျယ်ကျယ်နှင့် လူထွားကြီးဖြစ် ...သည်။ သူသည် သားရေဂျာကင်ကို ဝတ်လေ့ရှိသည်။ ရွှေရောင်ဆံပင်တိုတိုထားပြီး ...လဲ့သောမျက်လုံးများ ရှိလေသည်။

ရှူးဒစ်မှ မိန်းမလျာကလပ်တွင် နစ်သည် အမိုက်စားကလေးဖြစ်နေ၏။

သူသည် ကလပ်ဖွင့်ပြီးခါစ ၇ နာရီခွဲတွင် ရောက်လာပြီး ထောင့်စားပွဲ ...နေရာတွင် တစ်ညလုံး ဗောဒကာသောက်ရင်း ထိုင်ကြည့်နေ၏။ တစ်စုံ ...ယောက်က သူ့ကို က,ရန်လာခေါ်လျှင် သူက 'သွားစမ်းပါ' ဟု ပြင်သစ် ...ားခပ်ညံ့ညံ့နှင့် ဟောက်လွှတ်တတ်၏။ ဒုတိယညတွင် ဆက်၍ပေါ်လာပြန် ...အခါ ကလပ်တစ်ခုလုံးက နစ်သည် ချစ်သူဟောင်းအတွက် စာရင်းရှင်းရန် ...သည်ဟု ယူဆကြလေသည်။ ကလပ်လာ မိန်းမလျာများကမူ နစ်ကို ပခုံး ...ယ်ကျယ်၊ သားရေဂျာကင်၊ မျက်နှာပေါက်ဆိုးဆိုးနှင့်မို့ သဘောကျနေကြ၏။

နစ်သည် ထိုအဖြစ်များကို လုံးဝမသိ၊ စိတ်မ...င်စား။ သူ့ကို ဓာတ်ပုံ ...ပြပြီး သည်ကလပ်မှာလာ၍ စောင့်ရန် အမိန့်ပေးခြင်း ခံရ၍ သူသည်



www.burmeseclassic.com

www.burmeseclassic.com



ထိုခါတ်ပုံထဲမှလူ၏ မျက်နှာကို အလွတ်မှတ်ထားပြီးနောက် ကလပ်ကို လာ ခြင်းဖြစ်သည်။ သူ့အတွက် နေရာသည် ဘုရားရှိခိုးကျောင်းဖြစ်စေ၊ မကောင်း သည့်အိမ်ဖြစ်စေ၊ ဘာမှ မထူးခြား။

နက် ဒစ်စတိန်းကလပ်တွင်းသို့ ဝင်လာသည်ကို မြင်လိုက်ရသောအခါ တွင်လည်း နစ်အတွက် ဘာမှ ပို၍ဝမ်းသာမသွားပေ။ သူ့အနေနှင့် ထူးထူးခြားခြား လုပ်နိုင်သောအခါများတွင်လည်း ရှေ့စတော့က သူ့အမိန့်ကို နာခံထောင်၍သာ ဖြစ်ရသည်ဟု ဆိုစမြဲ။ နစ်သည် သူ၏ပစ်မှတ်ဖြစ်သော ဒစ်စတိန်း ထိုင်၍ ဘီယာမှာကာ တစ်ငုံချင်းသောက်နေသည်ကို တွေ့ရ၏။ ပစ်မှတ်သည်လည်း တစ်စုံတစ်ယောက်ကို စောင့်မျှော်နေပုံရ၏။

နစ်သည် ကလပ်တွင်းရှိ တယ်လီဖုန်းအခန်းကလေးထဲသို့ဝင်ကာ ဟိုတယ် သို့ ဖုန်းဆက်သည်။ ရှေ့စတော့က ထူးသည်။

"အခုပြောနေတာ နစ်ပါ၊ ပစ်မှတ် ခုပဲ ဝင်လာတယ်"

"ကောင်းတယ်၊ သူ ဘာလုပ်နေသလဲ"

"စောင့်နေတယ်နဲ့တူတယ်"

"ကောင်းပြီ တစ်ယောက်တည်းလား"

"စောင့်ကြည့်နေလေ၊ အကြောင်းထူးရင် ကျုပ်ဆီကို ဖုန်းဆက်"

"ဟုတ်ကဲ့"

"ကျုပ်ဆီက ဖြိုးကို လွှတ်လိုက်မယ်၊ သူက အပြင်မှာစောင့်နေလိမ့် မယ်၊ တကယ်လို့ ပစ်မှတ်အပြင်ထွက်လာရင် မင်း... နောက်က လိုက်ခဲ့၊ ဖြိုးက မင်းဆီက လက်ပြောင်းလိုက်လိမ့်မယ်၊ အဲ... အာရပ်က ကားနဲ့လာလိမ့်မယ် ကားက ဖောက်စဝက်ဂွန်းအစိမ်းရောင်"

"အို... ကေ"

"ကဲ... ပစ်မှတ်ကို ပြန်ကြည့်ပေတော့"

နစ်သည် ဖုန်းကိုချလိုက်ပြီး သူ့စားပွဲသို့ ပြန်လာခဲ့သည်။ သူသည် ဒစ် စတိန်းရှိရာသို့ မကြည့်ပေ။

မိနစ်အနည်းငယ်ကြာသောအခါ အဝတ်အစားသပ်ရပ်စွာ ဝတ်ထား ကြည့်ကောင်းသော အသက် ၄၀ အရွယ် လူတစ်ယောက် ဝင်လာသည်။ သူသည် ကလပ်ထဲသို့ ဟိုဟိုဒီဒီလှည့်ကြည့်သည်။ နောက် ဒစ်စတိန်း စားပွဲနံဘေးမှ ဖြတ် ဘားသို့ သွားသည်။ နစ်သည် ဒစ်စတိန်းတစ်ယောက် စားပွဲပေါ်မှ စာရွက်က တစ်ခုယူ၍ အိတ်ထဲသို့ ထည့်လိုက်သည်ကို မြင်လိုက်၏။ အပေးအယူလုပ်





မှာ သိုသိုသိပ်သိပ်ရှိလွန်း၍ ဒစ်စတိန်းကို အသေအချာ စောင့်ကြည့်နေသူမှ မြင်နိုင်ပေသည်။

နစ်သည် ဖုန်းရှိရာသို့ ထသွားပြန်၏။ ဖုန်းဆက်သည်။

"မိန်းမလှလှတစ်ယောက် ဝင်လာပြီး ပစ်မှတ်ကို တစ်ခုခုပေးတယ်၊ လက် မှတ်နဲ့ တူတာပဲ"

"ကပွဲလက်မှတ် ဖြစ်ချင်ဖြစ်မှာပေါ့"

"မသိဘူးလေ"

"သူတို့ စကားပြောသေးလား"

"မပြောဘူး မိန်းမလှက စားပွဲနံဘေးဖြတ်သွားတုန်း စားပွဲပေါ် အသာ လေးချသွားတာပဲ၊သူတို့ တစ်ယောက်နဲ့တစ်ယောက်တောင် မကြည့်ကြဘူး"

"ကောင်းပြီလေ၊ ဒီအချိန် ဖြိုးလဲ အပြင်မှာ ရောက်နေရောပေါ့"

နစ်က...

"ခဏလေး... ပစ်မှတ် ဒီဘက်လာနေတယ်၊ ဟော... ကောင်တာစားပွဲ သွားတယ်၊ အဲဒီလက်မှတ်ကလေးကို စာရေးပေးနေတယ်၊ အို... ဟုတ်ပြီ၊ အဝတ်လဲခန်းထဲက လက်မှတ်ပဲ"

"ဒါဆို ဖုန်း ဆက်ကိုင်ထား၊ အခြေအနေကို ဆက်ပြော"

ရှေ့စတော့၏အသံမှာ လှုပ်ရှားမှုမရှိ။ ပကတိငြိမ်နေ၏။

"ကောင်တာနောက်က ငနဲက ပစ်မှတ်ကို လက်ကိုင်အိတ်တစ်လုံး ပေး လိုက်တယ်၊ သူက မုန့်ဖိုးပေးတယ်"

"ပစ္စည်းအပေးအယူလုပ်တာကိုး ကောင်းတယ်"

"ပစ်မှတ် ကလပ်ထဲက ထွက်ပြီ"

"ဒါဆို နောက်က လိုက်ပေတော့"

"ကျုပ် သူ့ဆီက လက်ကိုင်အိတ် လုယူလိုက်ရမလား"

"မလုပ်နဲ့ တို့ သူ့နောက်မှာရှိတယ်ဆိုတာကို သူ ဘာလုပ်မယ်ဆိုတာ သိရခင် မပြချင်သေးဘူး၊ သူ ဘယ်သွားသလဲဆိုတာပဲ စောင့်ကြည့်၊ ခပ် လှမ်းလှမ်းနေနော်၊ သွားတော့"

နစ် ဖုန်းချလိုက်၏။ အဝတ်လဲခန်းအစောင့်အား ငွေစက္ကူတချို့ပေးရင်း...

"ကျုပ် အရေးတကြီး သွားစရာရှိလို့ ကျုပ်သောက်တဲ့အရက်ဖိုးအတွက် ပေးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နှစ် ကလပ်အပြင်ဘက် ထွက်လိုက်၏။

အပြင်ဘက် လမ်းပေါ်တွင် တောက်ပသောနေ့ညနေခင်းဖြစ်၍ လူများသည် ဥဒဟိုဖြတ်သန်းသွားလာနေကြ၏။ နှစ်သည် ဘယ်တစ်ချက် ညာတစ်ချက်ကြည့်လိုက်သည်။ ပစ်မှတ်ကို လမ်းတစ်ဖက် ကိုက် ၅၀ အကွာခန့်မှာတွေ့ရသည်။ နှစ် လမ်းဖြတ်ကူးကာ နောက်ယောင်ခံလိုက်သွားလေ၏။

ဒစ်စတိန်းသည် ရှေ့သို့တည့်တည့်ကြည့်ရင်း လက်ဆွဲအိတ်ကို လက်မှာညှပ်ကာ သွက်သွက်လျှောက်နေ၏။ နှစ်သည် မလှမ်းမကမ်းမှ နောက်ယောင်ခံလိုက်နေသည်။ ထိုအချိန်အတွင်း ဒစ်စတိန်းက နောက်သို့လှည့်ကြည့်ခဲ့သော်စောစောက ကလပ်တွင် ထိုင်နေသူ ခပ်လှမ်းလှမ်းမှ ပါလာပါကလားဟု သိသွားနိုင်သည်။ နောက်ယောင်ခံသမားများ ဖြစ်လေမလားဟု သံသယဖြစ်ဖွယ်ရှိ၏။ ထိုအချိန်တွင် ဖြိုးသည် နှစ်ကို မှီလာကာ လက်အသာတို့လိုက်၏။ သည်တွင် နှစ်သည် အရှိန်လျှော့ချကာ နောက်ချန်နေရစ်၏။ သူသည် ဖြိုးကိုသာ လှမ်းမြင်နိုင်ပြီး ဒစ်စတိန်းကို မြင်နိုင်သောအကွာအဝေးမှ လိုက်သည်။ ယခုနေအခါ ဒစ်စတိန်းက လှည့်ကြည့်ပါက သူ့အနေနှင့် နှစ်ကို တွေ့ရမည်မဟုတ်ဘဲ ဖြိုးကိုလည်း သူ့အနေနှင့် ယခင်မမြင်ဖူး၍ သတိထားမိစရာ မရှိ။ ဤနည်းသည် ပစ်မှတ်တစ်ယောက်အနေနှင့် နောက်ယောင်အလိုက်ခံနေရကြောင်းကို ရိပ်မိရန် မလွယ်။ သို့သော် အတော်ဝေးဝေးထိ ဤနည်းဖြင့် နောက်ယောင်ခံလိုက်ရန်မှာ လူတော်တော်များများ ပြောင်းလဲဖို့လိုသည်။

နောက် မိုင်ဝက်ခန့်ရောက်လာသောအခါ ဗောက်စဝက်ဂွန်းအစိမ်းတစ်စီးသည် နှစ်နံဘေးသို့ ထိုးရပ်၏။ ကားမောင်းလာသော ဟာစန်က ခေါင်းပြုပြီး...

"အမိန့်အသစ်ပါတယ် ကားပေါ်တက်"

နှစ် ကားပေါ်တက်သည်။ ဟာစန်က နောက်လှည့်၍ ညကလပ်ရှိရာသို့ကြည့်ရင်း နှစ်အား...

"မောင်ရင် အတော်နိုပ်တာပဲ"

နှစ်က ဘာမှပြန်မပြော။ ဟာစန်က...

"ခင်ဗျားကို ညကလပ်ပြန်သွားပြီ အထုပ်ပေးလိုက်တဲ့မိန်းမလျာနောက်လိုက်ရမယ်တဲ့"

"ကာနယ်ရှော့စတော့က ပြောလိုက်တာလား"





"ဟုတ်တယ်"

"အို... ကေ"

ဟာစန်သည် ကားကို ကလပ်အနား ရပ်ပေးလိုက်၏။ နှစ် ကားပေါ်မှဆင်း၍ ကလပ်တွင်းသို့ ဝင်သွား၏။ ကလပ်အတွင်းရောက်သည်နှင့် ကလပ်တစ်ခုလုံးကို စေ့စေ့စပ်စပ်ကြည့်သည်။

စောစောက လက်မှတ်လာချသော မိန်းမလျာငနဲကား မရှိတော့။

*

သွန်ပျူတာမှတ်တမ်းသည် စာမျက်နှာ ၁၀၀ ကျော်ရှိ၍ ဟိုဟိုသည်သည်လှန်ကြည့်ရင်း ဒစ်စတိန်းအနေနှင့် ကြိုးစားပမ်းစား ရအောင်ယူခဲ့၊ သွက်ဝယ်ရောက်ခဲ့ပြီးမှ စိတ်ဓာတ်အကြီးအကျယ် ကျသွား၏။ အထဲမှာ ရေးမှတ်ထားသမျှသည် ဘာမှ အဓိပ္ပာယ်ဖွင့်၍မရ။

ဒစ်စတိန်းသည် အစပထမ စာမျက်နှာကို ပြန်၍ စစ်ဆေးကြည့်ရှုသည်။ နံပါတ်များနှင့် စာလုံးအက္ခရာများသာ တွေ့ရ၏။ ကုတ် (လျှို့ဝှက်စာလုံး) နှင့်များ ရေးထားလေရော့သလား။ မဖြစ်နိုင်ပါဘူး။ သည်မှတ်တမ်းမှာ ယူရေတွန်အမှုထမ်းများ နေ့စဉ်သုံးစွဲနေရသည်ဖြစ်၍ အလွယ်တကူနှင့် အဓိပ္ပာယ်ဖော်၍ရသည်သာ ဖြစ်ရပါမည်။

ဒစ်စတိန်းသည် အာရုံစူးစိုက်၍ ထပ်ကြည့်သည်။ သူ ယူ ၂၃၄ တွေ့ရ၏။ ယူ၏အဓိပ္ပာယ်မှာ ယူရေနီယံဖြစ်ရမည်ဟု သူ သတ်မှတ်လိုက်၏။ နောက်၁၁ ကေဂျီသည် ၁၀၀ ကီလိုဂရမ်ဖြစ်နိုင်သည်။ '၂၇ အက်ဖ် ၆၈'သည် နေ့စွဲ၂၇ ရက်၊ ဖေဖော်ဝါရီလ ၁၉၆၈ ခုနှစ်။ တဖြည်းဖြည်း အားလုံးသည် ရှင်းသာ၏။ မီးရထား၊ ထရပ်ကားဟူသော သယ်ယူပို့ဆောင်ရေး ယာဉ်များ၏သင်္ကေတများ၊ အက်စအေ၊ အိုင်အင်စီစသည်တို့သည် ကုမ္ပဏီများ... ။

ဤသို့ဖြင့် အားလုံးအဓိပ္ပာယ်များသည် တကယ် အလွယ်တကူပင် ရေးထားကြောင်း တွေ့ရ၏။ ဤသို့ဖြင့် ဥရောပတစ်ခွင်လုံး လှည့်လည်သုံးစွဲနေသော ယူရေနီယံများ၏ တစ်လတာစာရင်းအားလုံးကို ဒစ်စတိန်း သိလာရလေ၏။ ထိုအထဲမှ စိတ်ဝင်စားစရာသတင်းတစ်ခုကို ဒစ်စတိန်းရသည်။

ဒပ်ချ်နယ်စပ်အနီး ဘဲယ်လ်ဂျီယံဓာတ်သတ္တုတွင်းမှ ယူရေနီယံအောက်ဆိုဒ် တန် ၂၀၀ ကို ဂျီနိုဝါသို့ ပို့မည့်အကြောင်း၊ ဂျီနိုဝါသို့ ပို့ရမည့်ခရီးကား ရေကြောင်းနှင့်။



www.burmeseclassic.com

www.burmeseclassic.com



ယူရေနီယံများကို ပထမမီးရထားဖြင့် အင်တဝပ်သို့၊ အင်တဝပ်ဆိပ်ကမ်းမှ 'ကိုပါရယ်လီ' သင်္ဘောဖြင့် ဂီနီဝါသို့။

ပင်လယ်ရေကြောင်းဖြင့် ပို့မည်ဆိုသောအချက်ကြောင့် ဒစ်စတိန်း လှိုက်ခနဲ ဝမ်းသာသွား၏။ ရေကြောင်းခရီးမှ အင်္ဂလိပ်ရေလက်ကြားကိုဖြတ်၍ ဘစ်စကေး ပင်လယ်အော်ကို ဖြတ်၍ အတ္တလန္တိတ်ပင်လယ်၊ စပိန်ကမ်းရိုးတန်းအတိုင်း၊ ထိုမှ တစ်ဆင့် ဂျီဘရော်တာကိုဖြတ်၍ မြေထဲပင်လယ်အထိ မိုင်တစ်ထောင်ကျော် ခရီး။

လမ်းခရီးတွင် အများကြီးဖြစ်နိုင်သည် မဟုတ်လား။

ကုန်းလမ်းခရီးကား ရှင်းသည်။ မီးရထားက နေ့တစ်နာရီထွက်လျှင် နောက်နေ့ ၈ နာရီခွဲမှာ တခြားမြို့ရောက်မည်။ သေချာတိကျ၏။ ထရပ်ကားများနှင့် ခရီးသည်လည်း လမ်းတွင် လူသူလေးပါး အကုန်တွေ့နိုင်သည်။ ရဲသားများအပါအဝင်။ လေကြောင်းခရီးသည်လည်း မြေပြင်နှင့် အဆက်အသွယ်ပြတ်သည်မရှိ။ ပင်လယ်ခရီးက ခန့်မှန်းရန် ခက်လှသည်။ မုန်တိုင်းထနိုင်သည်၊ စက်ပျက်နေနိုင်သည်။ သောင်တင်နိုင်သည်။ လမ်းကြောင်းလွဲသွားနိုင်သည်။

လေယာဉ်ပျံတစ်စီးကို လမ်းမှဖြတ်လုပါက တစ်နာရီအတွင်း တယ်လီဖီးရှင်းသတင်းမှာ တစ်ကမ္ဘာလုံး သိသွားနိုင်သည်။ သင်္ဘောတစ်စီးကို လမ်းမှဖြတ်လုပါက လူတွေသိဖို့ ရက်တွေအများကြီးလိုသည်။ လုံးဝမသိပဲပင် နေနိုင်သည်။

ပင်လယ်ခရီးကား သူ့နာမည် ပင်လယ်ဓားပြဖြစ်သည့်အတိုင်း အကောင်းဆုံးနည်းလမ်း။

ဒစ်စတိန်းသည် သူ့လက်ပတ်နာရီကို ကြည့်လိုက်၏။ သန်းခေါင်ကျော်ပေပြီ။ သူအိပ်ရာဝင်ရန် အဝတ်အစားလဲလှယ်၏။ သူ့အနေနှင့် 'ကိုပါရယ်လီ' သင်္ဘောအကြောင်း၊ ဘယ်နှစ်တန်ရှိသည်၊ သင်္ဘောသား ဘယ်နှစ်ယောက်ရှိပါသည်၊ ယခု ဘယ်မှာရှိသည်၊ ဘယ်သူက ပိုင်ဆိုင်သည်၊ အားလုံးသိမှ ဖြစ်မည်။ သူ နက်ဖြန် လန်ဒန်သွားမည်။ လန်ဒန်သင်္ဘောကိုစ္စမှန်သမျှ လွိုင်ကုမ္ပဏီမှ သိရမည်။

နောက်ထပ် သူသိရန်လိုသောအချက်တစ်ခု ရှိသေးသည်။ သူ့နောက်ကို ဘယ်သူတွေများ နောက်ယောင်ခံလိုက်နေကြပါလိမ့်။ ပြင်သစ်မှာတုန်းက နောက်ယောင်ခံအဖွဲ့သည် လူအများကြီးပါသည်။ ယနေ့ည ကလပ်မှ အိတ်ယူအပြန်





ဆိုးငနဲတစ်ယောက် နောက်မှာမြင်လိုက်သည်။ သူ့နောက်သို့ နောက်ယောင်ခံလိုက်လာသူတစ်ဦးဟု ထင်မှတ်နေစဉ် ရုတ်တရက်ပျောက်သွား၏။ တိုက်ဆိုင်မှုလော။ သို့တည်းမဟုတ် အဖွဲ့ဝင်အများကြီးပါသည့် နောက်ယောင်ခံအဖွဲ့လော။ ဤအချက်များသည် လူ့ဇင်းဘတ်လေဆိပ်ကို လိုက်ပို့ခဲ့သည့်ဟာစန်လား။ ဆိုးသည့်ငနဲ စပိုင်ဟုတ်မဟုတ်အပေါ် တည်ပေသည်။ သည်အကြောင်းကိုလည်း အင်္ဂလန်ရောက်လျှင် စုံစမ်း၍ရမည်။

သူ ဘယ်သို့ ခရီးသွားရမည်ကို စဉ်းစားလိုက်၏။ ယနေ့ည သူ့အခန့်ကို နှိုးသူရသွားပါက နက်ဖြန် ပို၍သတိကြီးစွာ ထားရမည်။ သူသည် ဟိုတယ်စာရေးထံ ဖုန်းဆက်လိုက်၏။

"နက်ဖြန်မနက် ၆ နာရီခွဲမှာ ကျုပ်ကို နှိုးပါ"

"ဟုတ်ကဲ့ခင်ဗျာ"

*

ဟာစန်သည် ရှော့စတော့က သူ့အပေါ် အပေါ်စီးနှင့် ဆက်ဆံနေသည်ကို မကျေနပ်။ သူ့ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့မထင်ခြင်းကို မကျေနပ်။ သို့သော် ဘာမှ မတတ်နိုင်ပေ။ ရုရှများအနေနှင့် အာရပ်တွေထက်ထူး၍ မသာသော်လည်း ဘာဂျီဘီသည် အာရပ်ထောက်လှမ်းရေးအဖွဲ့ထက် ပို၍ကြီးသည်။ ချမ်းသာသည်။ အာဏာရှိသည်။ ကျွမ်းကျင်သောအဖွဲ့အစည်းဖြစ်ကြောင်း သူ မငြင်းနိုင်။

အကယ်၍ သူကလန်ကဆန်လုပ်၍ ငြင်းဆန်ပါက ဤအမှုမှ သူ့ကိုသာ အထက်က ဖယ်ထုတ်မည်။ ရှော့စတော့ကို ဖယ်ထုတ်မည်မဟုတ်။ ထိုစဉ် ဖုန်းက မြည်လာ၏။ ဟာစန် ကောက်ကိုင်လိုက်၏။

"ဟဲလို… "

"ဟိုလူရှိသလား"

တစ်ဖက်မှအသံသည် ဖြိုး။ ဟာစန်က…

"မရှိဘူး ဘာထူးလို့လဲ"

"ဘယ်တော့ပြန်လာမှာလဲ"

"မသိဘူး… ပြောစရာရှိရင် ကျုပ်ပြောခဲ့"

"အိုကေ ပစ်မှတ် ဇူးရစ်မှာ ရထားပေါ်က ဆင်းတယ်"

"ဇူးရစ် ဟုတ်ပြီ ဆက်ပြော… "



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘဏ်တိုက်တစ်ခုကို တက္ကစီနဲ့ သွားတယ်၊ အထဲဝင်ပြီး လုံခြုံရေးအခန်းထဲ ဝင်တယ်၊ ပြန်ထွက်လာတော့ လက်ဆွဲအိတ်တစ်လုံး ပါလာတယ်"

"နောက်ကော... "

"မြို့ဆင်ခြေဖုံးသွားပြီး ကားတစ်စီး ယူတယ်၊ ဂျက်ဂွါးကား"

"ဟုတ်ပြီ... "

"ဇူးရစ်က ကားနဲ့ထွက်တယ်၊ အော်တိုဘမ်း လမ်းမကြီးအတိုင်းသွားတယ်၊ ၁ နာရီ မိုင် ၁၄၀ ထိ တင်မောင်းသွားတယ်"

"ဒါဆို မင်း မျက်ခြည်ပြတ်သွားပြီပေါ့"

"ကျုပ်က တက္ကစီနဲ့ လိုက်ရတာ"

ဟာစန်က ဥရောပလမ်းမြေပုံကို မျက်စိထဲ မှန်းကြည့်သည်။

"သူ... ဘယ်များသွားရတာလဲ၊ ပြင်သစ်၊ စပိန်၊ ဂျာမနီ၊... ဒါမှမဟုတ် လှည့်ပြန်လာလို့လဲ ရတယ်၊ ကောင်းပြီလေ... ပြန်လာတော့"

ဟာစန်သည် ခပ်တည်တည်အမိန့်ပေးလိုက်၏။

သည်လိုဆိုတော့ ကေဂျီဘီသည်လည်း မစွမ်းဆောင်နိုင်သည်များ ရှိနေပါသေးသည်ကော။ သူက ဘာဆက်လုပ်ရမည်စဉ်းစားနေစဉ် ရှောစတော့ ပြန်လာ၏။ ရှောစတော့က...

"ဘာထူးသေးလဲ"

"ခင်ဗျားလူတွေ ပစ်မှတ်ကို မျက်ခြည်ပြတ်သွားပြီ... "

ရှောစတော့မျက်နှာသည် မည်းသွား၏။

"ဘယ်လိုဖြစ်တာလဲ"

ဟာစန်က ဖြစ်ကြောင်းကုန်စင် ပြောပြ၏။ ရှောစတော့က...

"ဒါဆို သူတို့ ဘာလုပ်နေကြသလဲ"

"သူတို့ ဒီကိုပြန်လာဖို့ ပြောလိုက်ပြီ"

ရှောစတော့က ခေါင်းသာ ညိတ်ပြသည်။

ဟာစန်က...

"ကျုပ်တို့ ဘာဆက်လုပ်ရမလဲဆိုတာ စဉ်းစားနေတယ်..."

"အင်းလေ... ဒစ်စတိန်းကို ရှာရမှာပေါ့..."

"ဟုတ်ပါတယ်... အဲဒါအပြင် ပြောတာ"

"ဆို... ဒါဖြင့်... "





"ကျုပ်တို့ ဒစ်စတိန်းကို အထုပ်ပေးလိုက်တဲ့ မိန်းမလျာကလပ်က လူကိုရှာပြီး ဘာပေးလိုက်သလဲဆိုတာ သိအောင်လုပ်ဖို့ ကောင်းတယ်ထင်တယ်..."

"ဟုတ်တယ်"

ဟာစန်သည် သဘောကျသွား၏။

ရှောစတော့က...

"ဟုတ်တယ်... ဒါကို ကျုပ် စဉ်းစားမိဖို့ကောင်းတယ်"

ဟာစန်သည် ဂုဏ်ယူစွာ ကျေနပ်သွား၏။ သည်လိုဆိုတော့ သူသည် အလကားကောင် မဟုတ်သေးပါလား။

www.burmeseclassic.com

www.burmeseclassic.com

[၆]

အောက်စဖို့မြို့ကလေးက လူတွေ ပြောင်းလဲနေကြသလောက် မပြောင်းလဲပေ။ ပိုကြီးလာ၊ ဘားတွေ ဆိုင်တွေ ပိုများလာသည့်တိုင် အောက်စဖို့ကျောင်းတော်ကြီးနှင့် စရိုက်ဓလေ့ကား ပြောင်း၍မသွားခဲ့ပေ။

နောက်ဆုံး သည်အိမ်ကလေးသို့ ရောက်လာ၏။ အိမ်ကလေးကား လုံးဝပြောင်းလဲမသွား။ ဆေးကလည်း အစိမ်းနှင့်အဖြူပြင် သုတ်ထား၏။ ဥယျာဉ်ကလည်း ရှေ့မှဆိုလျှင် တောကြီးမျက်မည်းအတိုင်းပင်။ သူသည် ခြံတံခါးဖွင့်ဝင်ပြီး အိမ်တံခါးကို ခေါက်လိုက်၏။

ခေါက်မည့်သာ ခေါက်နေရသည်၊ မသေချာလှ။ ပရော်ဖက်ဆာအက်ရှဖို့သည် ပြောင်းသွားကောင်း ပြောင်းသွားမည်။ ရှိချင်မှလည်း ရှိတော့မည်။ ရှိဦးခရီးထွက်ချင် ထွက်နေပေမည်။ တက္ကသိုလ်ကို အလျှင်ပထမ ဖုန်းဆက်ကြည့်ဖို့တော့ အကောင်းသား။

တံခါးပွင့်လာပြီး မိန်းမတစ်ဦးက...

"ဟုတ်ကဲ့... "

ဒစ်စတိန်းသည် တစ်ကိုယ်လုံးတုန်ပြီး အေးစက်သွားသည်။ သူ့ပါးစပ်သည် အဟောင်းသားဟသွားသည်။ တစ်ကိုယ်လုံး ယိမ်းယိုင်လာသလိုဖြစ်လာ၍ နံရံကို လက်တစ်ဖက်ဖြင့် ထိန်းလိုက်ရ၏။ သူ့မျက်နှာသည် အံ့ဩရိပ်များ ဖုံးနေ၏။

သူပါပဲလား။ ဤမိန်းကလေးကား ယခုထိ ၂၅ နှစ်ထက်ကျော်ပုံ မရသေးပါကလား။





တအံ့တဩလေသံဖြင့် ပါးစပ်မှ တစ်ခွန်းထွက်သွားသည်။

"အေလာ... "

*

သူမသည် တံခါးဝမှာရပ်နေသော အူကြောင်ကြောင်လူကို ကြည့်နေမိ၏။ ထိုလူသည် မျက်မှန်ဝိုင်းဝိုင်း၊ ခပ်ညိုညိုဝတ်စုံ၊ ဆံပင်တိုတိုနှင့် ဖြစ်သည်။ ထိုလူသည် သူမ တံခါးဖွင့်သည်အထိ ဘာမှမထူးခြားသေးပါ။ သို့သော် သူမကို မြင်လိုက်ခါမှ မျက်စိမျက်နှာ ပျက်သွားခြင်းဖြစ်သည်။

သူမက...

"ကျွန်မက အေလာမဟုတ်ပါဘူး ရှုဇာပါ.. "

"ရှုဇာ... "

သူစိမ်းသည် ပဲ့တင်ထပ်သလို လိုက်ရွတ်လိုက်၏။

"တခြားသူတွေက ကျွန်မအမေနဲ့ သိပ်တူတယ် ပြောကြပါတယ်၊ ရှင်က အမေ့ကို သိတယ်လို့ ထင်ပါတယ်၊ လာ ဝင်လေ... "

သူစိမ်းသည် ရပ်နေရာမှ မလှုပ်။ သူသည် အံ့အားသင့်မှု ပြေပျောက်စပြုလာပြီဖြစ်၏။ သို့သော် ဖြူရော်မှုကား မပျောက်သေး။ သူက ပြုံး၍...

"ကျွန်တော်က နက်ဒစ်စတိန်းပါ... "

"ဟုတ်ကဲ့ နေကောင်းရဲ့နော်... " ရှုဇာက ဆက်၍ "ရှင် အထဲ" သည်နောက်မှ သူမသည် သူစိမ်း ဘာပြောလိုက်သည်ကို သတိထားလိုက်မိ၏။ သည်တစ်ကြိမ် အံ့အားသင့်ရမည့်သူကား သူမ... ။ သူမက...

"မစ္စတာ... ဒစ်စတိန်း"

သူမ ရှုးရှူးဝါးဝါးအော်လိုက်မိ၏။ သူမသည် လက်နှစ်ဖက်နှင့် ဒစ်စတိန်းလည်ပင်းကို ဖက်၍နမ်းလိုက်၏။

"မှတ်မိတယ်ပေါ့"

ရှုဇာက ဖက်ထားရာမှ လွှတ်လိုက်သည်နှင့် သူက ပြောလိုက်၏။ ဒစ်စတိန်းသည် ကျေနပ်သဘောကျသွားပုံ ရလေသည်။

ရှုဇာက...

"မှတ်မိတာပေါ့၊ ရှင်က ဟေဇက်ကာကလေးကို အမြဲပွတ်သပ်ပေးတယ်၊ ဟေဇက်ကာပြောတာကို နားလည်တာလဲ ရှင်တစ်ယောက်တည်းပဲ ရှိတာပဲဟာ"

ဒစ်စတိန်းက ပြုံးလိုက်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြောင်ကလေး ဟေဇက်ကာကိုလား ကျုပ်ဖြင့် မေ့တောင်မေ့နေပြီ..."

စူဇာက...

"ဝင်လေ"

ဒစ်စတိန်းသည် စူဇာနံဘေးမှ ဖြတ်၍ အိမ်ထဲ ဝင်လိုက်၏။ စူဇာက တံခါးပြန်ပိတ်လိုက်သည်။ နောက် သူ့လက်ကိုဆွဲ၍ ညှော်ခန်းကို ဖြတ်၍ ဝင်သည်။

"လာ... လာ... မီးဖိုချောင်ထဲကို တစ်ခါတည်း လိုက်ခဲ့၊ ကျွန်မ မီးဖိုချောင်ထဲမှာ ကိတ်မုန့်ဖုတ်တယ်ဆိုပြီး ဖျက်ဆီးနေတယ်... "

မီးဖိုချောင်ထဲရောက်သည်နှင့် ခွေးခြေတစ်လုံးကို ဒစ်စတိန်းအား ပေးသည်။ ဒစ်စတိန်းက ထိုင်ပြီး ရှေးက မီးဖိုချောင်ကို ပြန်၍သတိရသလို လှည့်ပတ်ကြည့်သည်။

"ကျွန်မတို့ ကာဖီ သောက်ကြရအောင်လား၊ ဒါမှမဟုတ် လက်ဖက်ရည် သောက်မလားဟင်"

"ကော်ဖီပဲ ကောင်းပါတယ်"

"ဖေဖေ့ကို တွေ့ချင်လို့ လာတာလား၊ ဒီအချိန်ဆိုရင် ဖေဖေက စာသင်နေတုန်း၊ ဒါပေမယ့် ခဏနေ နေ့လယ်စာစားဖို့ ပြန်လာမှာပါ"

စူဇာက ကော်ဖီစေ့များကို လက်ကြိတ်စက်ထဲသို့ ထည့်လိုက်၏။

ဒစ်စတိန်းက...

"မင်းတို့မေမေကော"

"၁၄ နှစ်လောက်ရှိပြီ၊ ပျက်စီးသွားတာ၊ ကင်ဆာနဲ့လေ"

စူဇာသည် ဒစ်စတိန်းပါးစပ်မှ 'ဆောရီး' ဆိုသည့် ဝမ်းနည်းစကားထွက်လာမည်ကို စောင့်ကြည့်လိုက်၏။ သို့သော် ထွက်မလာခဲ့။ မျက်နှာပေါ်တွင် ဝမ်းနည်းရိပ် ပေါ်လာသည်။

စူဇာသည် ကော်ဖီမှုန့်ကြိတ်နေလိုက်၏။

ဒစ်စတိန်းက...

"ပရော်ဖက်ဆာ အက်ရှ်ဖို့ဟာ ခုထိ စာသင်တုန်းပဲကိုး၊ သူ့အသက် ဘယ်လောက်များရှိပြီလဲလို့ ကျုပ်က စဉ်းစားကြည့်နေတာ"

"ခြောက်ဆယ့်ငါးနှစ်လေ၊ ခြောက်ဆယ့်ငါးနှစ်ဆိုတော့ အိုကြီးအိုမလိုပဲ နော်၊ ဒါပေမယ့် ဖေဖေကတော့ ခုထိ မအိုသလိုပါပဲ"

စူဇာက သူ့အဖေကို ချစ်ခင်စွာမှတ်ချက်ချလိုက်၏။ နောက် ဒစ်စတိန်း တစ်ယောက် ဘာများလုပ်ကိုင်နေပါလိမ့်မှာ စဉ်းစားရင်း...





"ရှင်... ပါလက်စတိုင်းကို ရောက်သွားတယ်နော်"

"ဟုတ်တယ် အစ္စရေးမှာ ကီဘုဇ်တစ်ခုမှာနေတယ်၊ စပျစ်သီးစိုက်ပြီး နေခဲ့တယ်"

"ရှင်... ရက်အားလို့ အလည်ထွက်လာတာလား"

"အလုပ်နဲ့ပါ၊ ဥရောပကို ဝိုင်ဖြန့်ချိရရင် ကောင်းမလားလို့"

"ကောင်းတာပေါ့ ရောင်းရနေပြီလား"

"အခြေအနေ ကြည့်တုန်းပါပဲ၊ မင်းအကြောင်းကို ပြောပြစမ်းပါဦး၊ တက္ကသိုလ်က ပရော်ဖက်ဆာတော့ မဟုတ်ပါဘူးနော်"

"ဘာဖြစ်လို့ ဒီလိုမေးတာလဲဟင်"

"မင်းက သိပ်ပြီး ခွေးခွေးထွေးထွေးရှိပုံရလို့"

ဒစ်စတိန်းသည် ပြောပြီးမှ စကားလုံးရွေးချယ်သုံးစွဲမှုအတွက် အားနာသွားပုံရပြီး...

"အင်းလေ... ငယ်လဲငယ်သေးတယ်မဟုတ်လား"

သည်အတိုင်းဆိုတော့ ဒစ်စတိန်းသည် သူမအပေါ် အထင်သေးခြင်း မဟုတ်ပါကလား။ သူမက...

"ကျွန်မမှာ ဖေဖေ့ဆီက ဘာသာစကားတွေ နားယဉ်တဲ့ပညာ ရလိုက်တယ်လေ၊ ဒါပေမယ့် စာကိုတော့ ဝါသနာမပါတာနဲ့ ခုတော့ လေယာဉ်မယ် လုပ်နေတယ်လေ"

စူဇာသည် ရေနွေးဆူဆူအိုးထဲသို့ ကော်ဖီမှုန့်ထည့်လိုက်ရာ ကော်ဖီနံ့က မီးဖိုချောင်ခန်း ထွက်လာ၏။ စူဇာသည် ဒစ်စတိန်းကို မော့ကြည့်လိုက်သည်။ ဒစ်စတိန်းသည် သူမကို စူးစူးဝါးဝါးကြည့်ရင်း တွေးတောနေပုံရသည်။ သူ့မျက်လုံးများမှာ ညိုမှောင်နေ၏။ သူမရင်ထဲမှာ ထူးထူးဆန်းဆန်း ရှက်စိတ်ပေါ်လာ၏။ ထိုသို့ရှက်မိကြောင်းကိုလည်း ဖွင့်ပြောလိုက်၏။

ဒစ်စတိန်းက...

"ရှက်တယ်... ဟုတ်လား၊ ကျုပ်က မင်းကို ပန်းချီကားတစ်ချပ်လို၊ အနုပညာပစ္စည်းတစ်ခုလို ကြည့်နေမိလို့လား၊ ကျုပ်စိတ်ထဲမှာတော့ မင်းဟာ မင်းအမေအလာ မဟုတ်ဘူးဆိုတာရယ်၊ ဟိုကြောင်ညိုညိုကြီးနဲ့ ကောင်မလေး ဆိုတာ သဲသဲကွဲကွဲ မှတ်မိအောင် ကြည့်နေရတာ"

"ဟေဇက်ကာသေတာ ကြာလုပ်ပြီ၊ ရှင်ထွက်သွားပြီး မကြာခင် သေသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း… ပြောင်းလဲကုန်တာလဲ အများကြီးပါပဲလေ"

"ရှင်က ဖေဖေတို့၊ မေမေတို့နဲ့ သိပ်ရင်းနှီးသလား"

"ကျုပ်က ခင်ဗျားဖေဖေရဲ့ ကျောင်းသားတစ်ယောက်ပါ၊ ခင်ဗျားအမေ ကိုတော့ အဝေးကနေပြီး ကျိတ်သဘောကျနေခဲ့တာလေ၊ အေလာဟာ လုရုံသာ မဟုတ်ဘူး ထူးခြားတာ"

စုဇာသည် ဒစ်စတိန်းမျက်နှာကို ကြည့်လိုက်သည်။ ရှင်က မေမေ့ကို ချစ်နေတာကိုးဟု သူမ တွေးလိုက်သည်။ ဒါ့ကြောင့် အိမ်တံခါးဝမှာ သူမကို မြင်လိုက်သောအခါ တုန်လှုပ်သွားခြင်းပေပဲ။ သူမက–

"မေမေကတော့ မူလလက်ဟောင်း ဟစ်ပီပေါ့၊ ရှင်လဲ သိမှာပေါ့"

"မင်း ဘာကိုဆိုလိုတာလဲ"

"မေမေက လွတ်လပ်မှုကို ကြိုက်တယ်လေ၊ ဒါကြောင့်လဲ အာရပ်အမျိုး သမီးတွေရဲ့ အချုပ်ချယ်ခံဘဝကို တော်လှန်ပြီး ဖေဖေ့ကို လက်ထပ်ယူ၊ အရှေ့ အလယ်ပိုင်းကနေ ထွက်လာခဲ့တာပေါ့၊ ဒါပေမယ့် အနောက်တိုင်းလူမှုဆက်ဆံ ရေးမှာလဲ မိန်းမတွေနဲ့ပတ်သက်ပြီး ထိုက်တန်သလောက် ထိန်းချုပ်မှုတွေ ရှိနေ သေးတာပဲလေ၊ ဒီတော့ မေမေဟာ ထိန်းချုပ်မှုတွေကို ဖောက်ဖျက်ဖို့ ကြိုးစား တော့တာပါပဲ"

ဒစ်စတိန်းက…

"ဒါနဲ့ပဲ ဟစ်ပီဖြစ်ရောလား"

"ဟစ်ပီဆိုတာ အချစ်ရဲ့လွတ်လပ်ခြင်းကို သဘောကျတယ်လေ"

"သြော်… သြော်"

ဒစ်စတိန်း၏အမူအရာကိုကြည့်၍ မေမေသည် နက်ဒစ်စတိန်းအပေါ် မချစ်ခဲ့ကြောင်း ခန့်မှန်းမိ၏။ သူမက…

"ဒါထက် ရှင့်မိဘတွေအကြောင်း ပြောစမ်းပါဦး"

စုဇာသည် ဒစ်စတိန်းကို ရွယ်တူ တန်းတူလို ဆက်ဆံနေမိလေသည်။ ဒစ်စတိန်းက…

"ကော်ဖီငှဲ့ပေးရင် ပြောမယ်လေ"

စုဇာက ရယ်လေ၏။

"ဟုတ်ပါ… ကျွန်မ မေ့သွားတယ်"

ဒစ်စတိန်းက…

"ကျုပ်အဖေက ဖိနပ်ပြင်သမားလေ၊ သူဟာ ဖိနပ်ပြင်တဲ့နေရာမှာ အလွန် တော်ပါတယ်၊ ဒါပေမယ့် စီးပွားရေးအမြင် မရှိဘူး၊ ၁၉၃၀ ပြည့်ကျော်နှစ်တွေက





လန်ဒန်အရှေ့ပိုင်းမှာ ဖိနပ်ချုပ် ဖိနပ်ပြင်သမားတွေက အတော်ဟန်ကျတယ်လေ၊ လူတွေက ခြေနင်းအဲသစ်တွေမှ အမြဲမဝယ်နိုင်ကြတော့ အဟောင်းပဲ ထပ်ကာ ထပ်ကာ ပြင်စီးရတာပေါ့၊ မချမ်းသာပေမယ့် မဆင်းရဲဘူးပေါ့"

စုဇာသည် ဒစ်စတိန်းအား ကော်ဖီခွက်ကို ကမ်းလိုက်သည်။

"နို့… သကြား… ဘာယူမလဲ"

"သကြားနည်းနည်းပဲ၊ နို့တော့ မယူတော့ဘူး၊ ကျေးဇူးပဲ"

"ဆက်ပါဦး"

"ဖေဖေဟာ သားရေအကောင်းဆုံး တစ်မျိုးပဲသုံးလို့ သားရေကုန်သည် တွေက သိပ်ချေးများတဲ့လူလို့ ပြောကြတယ်လေ"

စုဇာက

"သူ… ရှိသေးလားဟင်"

"ဆုံးသွားပါပြီ စစ်မဖြစ်မီကတည်းကပဲ"

"ဘာဖြစ်လို့လဲ… ဟင်"

"၁၉၃၀ ပြည့်နှစ်ပိုင်းတွေမှာ လန်ဒန်မှာ ဖက်ဆစ်စနစ်ရဲ့ သြဇာတွေက အတော်ပြန့်နေတယ်လေ၊ လူတွေက ဂျူးတွေကိုဆို သိပ်မုန်းကြတယ်၊ ကျုပ် တို့ကလဲ ဂျူးတွေမို့ နာဇီတွေက ခဲနဲ့ပေါက်လုပ်ကြတယ်၊ ဆိုင်ကိုလဲ ဝိုင်းဖျက် ဆီးပစ်ကြတယ်၊ အဖေလဲ စိတ်မကောင်းဖြစ်ပြီး ၁၉၃၈ ခုနှစ်မှာ ဆုံးသွားရှာ တယ်"

"ဒါဖြင့် ရှင်ကကော"

"ကျုပ်လဲ အရွယ်ရောက်ရောက်ချင်း စစ်ထဲ ဝင်ခဲ့တာပဲ၊ စစ်အတွင်းမှာ ကာမန်သုံ့ပန်းအဖြစ် အဖမ်းခံရတယ်၊ စစ်ပြီးတော့ အောက်စဖို့မှာ လာစာသင် တယ်၊ ပြီးတော့ အစ္စရေးကို သွားနေတယ်"

"အဲဒီမှာ ရှင် မိသားစုတွေ ဘာတွေရှိပြီလား"

"ကိဘုရှ်တစ်ခုလုံးဟာ ကျုပ်မိသားစုပါပဲ အဲ… ကျုပ်ကိုယ်တိုင်ကတော့ အိမ်ထောင်မပြုခဲ့ပါဘူး"

"ကျွန်မ မေမေကြောင့်လား"

"နည်းနည်းတော့ ပါနိုင်ပါတယ်၊ မင်းက တဲ့တိုးကြီးမေးတာကိုး"

စုဇာက နည်းနည်းရှက်သွားပြန်၏။

"ဆောရီး"

"တောင်းပန်မနေပါနဲ့ကွယ်၊ ကျုပ်လဲ အမြဲ ဒီလိုပြောတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံး ခဏ ငြိမ်သက်သွားကြသည်။ စုဇာရင်ထဲကမူ ဒစ်စတိန်းကို သဘောကျနေ၏။ စကားပြောရ ဆိုရသည်ကိုလည်း သဘောကျသည်။ သူ၏ မျက်လုံးညိုကြီးများကိုလည်း သဘောကျ၏။ အတော်ကြာကြာနေလျှင် ကောင်း မှာပဲဟု တွေးနေမိ၏။

စုဇာသည် နှစ်ဦးစလုံးသောက်ပြီးသော ကော်ဖီပန်းကန်နှစ်လုံးကို ရေဆေး အင်တုံရှိရာသို့ ယူသွား၏။ ဇွန်းတစ်ချောင်းသည် ပန်းကန်ထဲမှ ချော်ကျပြီး ရေခဲသေတ္တာအောက်သို့ ဝင်သွား၏။

"ရော်... ဒုက္ခပဲ"

ဒစ်စတိန်းက ဒူးထောက်ပြီး ငုံ့ကြည့်သည်။

စုဇာက...

"ဒီဇွန်းတော့ ဒီအတိုင်းထားရတော့မှာပဲ၊ ရေခဲသေတ္တာကြီးက သိပ်လေး တာ၊ မ,လို့ရမှာ မဟုတ်ဘူး"

ဒစ်စတိန်းသည် ညာဘက်လက်နှင့် ရေခဲသေတ္တာကို တွန်းလိုက်ပြီး ဘယ် လက်ဖြင့် အောက်နှိုက်သည်။ နောက် ပြန်ချသည်။ ပြီးမှ ဇွန်းကလေးကို စုဇာ့ လက်သို့ ထည့်လိုက်၏။

စုဇာက တအံ့တသြကြည့်ရင်း...

"ရှင်က ဘာလဲ... ကက်ပတိန်အမေရိကားလား၊ ဒီရေခဲသေတ္တာကြီးက သိပ်လေးတာရှင့်"

"ကျုပ်က ခြံထဲမှာ ဆင်းလုပ်နေတဲ့လူပဲဗျာ၊ ဒါထက် မင်းက ဘယ်လို လုပ်ပြီး ကက်ပတိန်အမေရိကားကို သိနေရတာလဲ၊ သူက တို့ငယ်ငယ်တုန်းက အသည်းစွဲ ဇာတ်ကောင်ကွ"

"အခုလဲ အတူတူပါပဲရှင်၊ အဲဒီရုပ်ပြကာတွန်းတွေက အနုပညာပါတယ် ရှင့်"

"အင်း... ခေတ်ပါပဲ၊ ကျုပ်တို့တုန်းက အဲဒါတွေကို မဖတ်ရဘူးဆိုလို့ ခိုးခိုးဖတ်ရတာ၊ အခုတော့လဲ အနုပညာ ဖြစ်နေပြီကိုး"

စုဇာသည် ပြုံးလိုက်၏။

"ရှင်... တကယ် ခြံထဲမှာလုပ်သလား ဟင်"

"တကယ်ပေါ့"

"ဘယ်လိုလဲ... ပိုင်အရက်ကို နိုင်ငံခြားရောင်းတဲ့လူက ခြံထဲလဲ အလုပ် ကြမ်း လုပ်ရသလား၊ ဆန်းလိုက်တာ"





အစ္စရေးမှာတော့ မဆန်းပါဘူး၊ ကျုပ်တို့က မြေကြီးဆိုရင် ပိုခင်တွယ် တတ်လို့ပါ"

စုဇာသည် နာရီကြည့်လိုက်၏။ အချိန်ကုန်သည်မှာ မြန်လွန်းသည် ထင် နေ၏။ စုဇာက...

"ဖေဖေက ခုပဲ လာတော့မှာ၊ ရှင် ဒီမှာပဲ နေ့လယ်စာစားသွားပေါ့၊ ဆင်းဒဝစ်ပဲ ရှိတာပေါ့"

"ကောင်းပါတယ်"

*

နက် ဒစ်စတိန်းစိတ်ထဲတွင် ပရော်ဖက်ဆာအက်ရှဖို့သည် အသက်ကြီးလာသော် လည်း ပုံပန်းပျက်သွားခြင်း မရှိဟု ထင်မြင်မိသည်။ အနည်းငယ် ပိုဝလာသည်။ ဆံပင်ရှားဟန် နေးလာသည်။ ထိပ်နည်းနည်း ပိုပြောင်လာပြီး ဆံပင်နည်းနည်း ဖြူ လာသည်မှအပ မျက်လုံးတွင် အသိပညာအရောင်လက်လျက်ပင် ရှိသေး ကြောင်း တွေ့ရ၏။

စုဇာက...

"ဒီ... သိပ်အံ့ဩစရာကောင်းတဲ့ဧည့်သည်လေ ဖေဖေ"

အက်ရှဖို့သည် ဒစ်စတိန်းကိုကြည့်၍ စဉ်းစားပင် မနေတော့ပဲ...

"အို... ဒစ်စတိန်းပါလားဟေ့၊ ခုလိုလာလည်တာ ဝမ်းသာလိုက်တာ ကွာ"

ဒစ်စတိန်းသည် ပရော်ဖက်ဆာနှင့် လက်ဆွဲနှုတ်ဆက်လိုက်၏။

"နေကောင်းပါရဲ့လား ခင်ဗျာ"

"ကောင်းရောပေါ့ မောင်ရာ၊ သမီးကလေးက ကျုပ်ကို စောင့်ရှောက် ပြုစုနေတာပဲဟာ၊ ဒါထက် သမီးစုဇာကိုကော မှတ်မိရဲ့လား"

"ကျွန်တော်တို့နှစ်ယောက် တစ်မနက်လုံး စကားပြောနေခဲ့ကြပါတယ်"

"ကြည့်စမ်း... စုဇာဟာ မင်းကို မီးဖိုချောင်ထဲမှာ အလုပ်တောင် ကူညီ ခိုင်းခဲ့ပြီကိုး၊ ဒီကောင်မလေးက ဒီလိုပဲ၊ ကဲ... လာလာ တို့ တစ်ခုခုသောက်ကြ ရအောင်"

သူတို့သည် ဧည့်ခန်းထဲ ရောက်လာကြ၏။ အက်ရှဖို့က...

"ရှယ်ရီ သောက်မလား"

"ကျေးဇူးပါပဲ၊ နည်းနည်းပဲ သောက်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ဒစ်စတိန်းသည် ယခုမှ သည်အိမ်သို့ လာရောက်ရသည့်ကိစ္စကို ပြန်သတိရလာမိ၏။ သူသည် ပရော်ဖက်ဆာ အက်ရှဖို့ထံမှ သတင်းတစ်ခု လိုချင်၍ လာခြင်းဖြစ်သည်။ ထိုသတင်းကို မေးမြန်းရာ၌ ပရော်ဖက်ဆာကြီး မရိပ်မိရန်လည်း လိုသည်။

အက်ရှဖို့က ဒစ်စတိန်းအား ရှယ်ရီတစ်ခွက် ကမ်းပေးသည်။

"ကဲ... တို့ကွဲနေကြတုန်း မင်းရဲ့အဖြစ်အပျက်တွေ ပြောပြပါဦး"

ဒစ်စတိန်းသည် ရှယ်ရီကို နည်းနည်း စုပ်ယူသောက်လိုက်၏။ ဟိုယခင် အောက်စဖို့မှာနေစဉ်က အတိုင်းပါကလား။ သူသည် ပရော်ဖက်ဆာကြီးအား သူ့ဘဝဇာတ်ကြောင်းကို ဟာစန်နှင့် စူဇာတို့အား ပြောခဲ့သည့်အတိုင်း ပြောပြလိုက်၏။

ဒစ်စတိန်းက သူ၏မေးခွန်းကို မမေးရသေးမီ မီးဖိုချောင်ထဲမှ စူဇာက သူတို့နှစ်ဦး နေ့လယ်စာစားရန် လှမ်းခေါ်၏။ စူဇာပြင်ဆင်ထားသော ပြင်သစ်ဆင်းဒဝစ် (ပေါင်မုန့်အသားညှပ်၊ သို့မဟုတ် ဒိန်ခဲညှပ်)များမှာ အရသာ ရှိလှပေသည်။ မုန့်နှင့်အတူသောက်ရန် ဝိုင်အရက်နီပါ၏။ ဒစ်စတိန်းအနေနှင့် ဘာကြောင့် အက်ရှဖို့ဝနေကြောင်း အဖြေတွေ့သွား၏။

စားသောက်အပြီး ကော်ဖီနှင့် လက်စသတ်ကြရင်း ဒစ်စတိန်းက...

"ကျွန်တော်ဗျာ ပြီးခဲ့တဲ့အပတ်တုန်းက လူဇင်ဘတ်မှာ တိုက်တိုက်ဆိုင်ဆိုင် မိတ်ဟောင်းဆွေဟောင်းနဲ့ သွားတွေ့တယ်"

အက်ရှဖို့က...

"ယာစစ်ဟာစန်နဲ့ မဟုတ်လား"

"ခင်ဗျာ... ပရော်ဖက်ဆာကြီး ဘယ်လိုများ သိပါလိမ့်"

"ကျုပ်တို့ချင်း အဆက်အသွယ်ရှိကြလို့ပါ၊ ဟာစန်က လူဇင်ဘတ်မှာနေတာ မဟုတ်လား"

"ဒါဆို သူနဲ့ မကြာခဏ တွေ့ကြတယ်ပေါ့"

"မကြာခဏ တွေ့ပါတယ်၊ ကြုံတုန်း ပြောတော့ ပြောထားလိုက်ရဦးမယ်၊ စစ်ကြီးဖြစ်ပြီးတဲ့နောက်မှာ မင်းတို့ဂျူးတွေက အစစအရာရာ ရရှိသွားသလို ဟာစန်တို့မိသားစုက အားလုံးဆုံးရှုံးခဲ့ရတယ်လေ၊ ဒါကြောင့် အစ္စရေးအပေါ်မှာ သိပ်မုန်းတီးနေတယ်ကွယ့်"

ဒစ်စတိန်းက ခေါင်းညိတ်ပြသည်။ သည်ပုံအတိုင်းဆိုလျှင် ဟာစန်သည် စပိုင်ဇာတ်လမ်းထဲမှာ ပါဝင်လောက်ပေပြီဖြစ်၏။ သူက...





"ကျွန်တော် သူနဲ့တွေ့တာက ခဏလေးပါ၊ လေယာဉ်ပျံလဲ မီအောင်သွားရတာမို့ သူ့ကို ကောင်းကောင်းအကဲခတ်ချိန် မရခဲ့ပါဘူး"

အက်ရှဖို့သည် မျက်မှောင်ကုပ်လိုက်သည်။

"ကျုပ်လဲ သူ့ကိုကြည့်ရတာ စိတ်လေနေသလိုပဲ၊ ရုတ်တရက် ကိစ္စပေါ်ပြီး ထပြေးရတာနဲ့၊ ချိန်းထားပြီး ဖျက်ရတာနဲ့၊ အချိန်မတော် ဖုန်းလာရတာနဲ့၊ မကြာခဏ ပျောက်ပျောက်နေရတာနဲ့ အခြေအနေမကောင်းတဲ့ မျိုးကြီးကြီးတွေက ဒီလိုပုံမျိုးကြီးပဲ ထင်ပါရဲ့"

"ဟုတ်မှာပေါ့ခင်ဗျာ"

ဒစ်စတိန်းက ဒီလောက်သာ ထောက်ခံလိုက်၏။ အက်ရှဖို့ ပြောဆိုသမျှမှာ အေးဂျင့်စပိုင်တစ်ယောက်၏ အပြုအမူများဖြစ်နေကြပြီ မဟုတ်ပါလား။ အခုတော့ ဟာစန်သည် အေးဂျင့်တစ်ယောက်ဖြစ်ကြောင်း ထင်ရှားသွားပြီ။ သူ့ကို ဖော်ထုတ်လိုက်သူမှာလည်း ဟာစန်ဖြစ်ကြောင်း သေချာသွား၏။

ထိုစဉ် စူဇာက...

"ကော်ဖီ ထပ်ယူဦးမလား နက်"

"တော်ပါပြီ ကျေးဇူးပါပဲ"

ဒစ်စတိန်းသည် ထိုင်ရာမှ ထလိုက်၏။

"ကဲ... ဒါဖြင့်ရင် ကျွန်တော်က စူဇာ သိမ်းဆည်းဆေးကြောတဲ့နေရာမှာ ကူညီပေးပြီး လန်ဒန်ပြန်မှ ထင်တယ်၊ ကျွန်တော် ခုလိုဝင်လာခဲ့မိတာကို တကယ် ဝမ်းသာပါတယ်ခင်ဗျာ"

စူဇာက ပြုံးလိုက်၏။

"ဖေဖေ သိမ်းလိမ့်မယ်၊ ဖေဖေနဲ့သမီးက စာချုပ်ရှိတယ်၊ မဟုတ်ဘူးလား ဖေဖေ"

"ဒါ အမှန်ပဲကွဲ့၊ သမီးလေးက ကျုပ်ကို မမှုမတပြုစုနေလို့ ဘယ်ဖြစ်မလဲ၊ ဒါကြောင့် အလုပ်ကို ခွဲဝေသတ်မှတ်ထားကြတာကွဲ့"

စူဇာက...

"ကျွန်မက မြို့ထဲ လမ်းလျှောက်လိုက်ခဲ့မယ်လေ၊ ကျွန်မ ကုတ်အင်္ကျီ ယူလိုက်ဦးမယ်"

အက်ရှဖို့က ဒစ်စတိန်းနှင့် လက်ဆွဲနှုတ်ဆက်လိုက်၏။

"အခုလို လာလည်လို့ တွေ့ရတာ ကျုပ်ကလဲ တကယ်ပဲ သိပ်ဝမ်းသာပါတယ် မောင်"



www.burmeseclassic.com

www.burmeseclassic.com



စုဇာသည် ကတ္တီပါဂျက်ကက်တစ်ထည်ဝတ်၍ ပြန်ထွက်လာ၏။ အက်ရှ်က သူတို့နှစ်ဦးကို တံခါးဝထိလိုက်ပို့သည်။

သူတို့နှစ်ဦး လမ်းလျှောက်လာကြစဉ် ဒစ်စတိန်းသည် စကားမရှိ စကားရှာပြီး ပြောနေမိသည်။ အကြောင်းမှာ သည်မိန်းကလေးကို ကြည့်လိုသောကြောင့် ဖြစ်ပေသည်။ စုဇာသည် နို့နှစ်ရောင်အင်္ကျီ၊ ကတ္တီပါဘောင်းဘီ၊ ကတ္တီပါကုတ်အင်္ကျီနှင့် အလွန်လိုက်ဖက်လှပေသည်။ စုဇာသည် သူမ၏မေမေကဲ့သို့ပင် မိမိကိုယ်ကို လှပအောင် ဆင်တတ်သူကလေးပင် ဖြစ်ပေသည်။ ဒစ်စတိန်းအနေနှင့် သည်မိန်းကလေး စုဇာကို ခင်မင်တွယ်တာစိတ်ပေါ်နေသည်ကား ထင်ရှား၏။ ထို့ကြောင့်လည်း သည်မိန်းကလေးသည် တစ်ခါတွေ့ဆုံပြီးနောက်၊ နောက်တစ်ဖန် ထပ်မံဆုံစည်းဖို့ မဖြစ်နိုင်သည့်အတွက် စိတ်မကောင်း ဖြစ်နေမိ၏။

သူတို့နှစ်ဦး ဘူတာရုံသို့ ရောက်လာသောအခါ ဒစ်စတိန်းက....

"မင်း... လန်ဒန်ကို မသွားဘူးလား"

"သွားတာပေါ့၊ နက်ဖြန်တောင် သွားဦးမှာ"

"ဘာကိစ္စ"

"ရှင်နဲ့အတူ ညစာ စားဖို့လေ"

*

စုဇာ၏အမေ သေဆုံးသွားသောအခါ ဖေဖေသည် သူမအပေါ် အလွန်ကောင်းခဲ့ပေသည်။

စုဇာ့အမေ သေဆုံးသောအခါ စုဇာသည် ၁၁ နှစ်သမီးသာ ရှိသေးသည်။ သည်အရွယ်မှာ သေခြင်းကို နားလည်နိုင်သော်လည်း ဖြေဆည်ခြင်းကို နားမလည်နိုင်သေး။ ထိုအခါ ဖေဖေသည် အလွန်တည်ငြိမ်၍ မှီခိုစရာအားပေးနိုင်သူ ဖြစ်ပေသည်။ ဖေဖေသည် ဘယ်အချိန်တွင် သမီးကလေးတစ်ယောက်တည်း ငိုကြွေးလိုသောအချိန်ဖြစ်ကြောင်း သိ၍ ဘယ်အချိန်၌ အဝတ်အစားလဲစေကာ နေ့လယ်စာစားချိန်ဟု သိသူ ဖြစ်ပါသည်။

ဖေဖေသည် မေမေမရှိတော့သည့်နောက် မေမေ့နေရာကိုပါ ယူရသူဖြစ်၍ မိန်းမတို့သဘာဝ ဓမ္မတာအချိန်သည် မည်သို့မည်ပုံ ဖြစ်ပေါ်တတ်ပုံကို သိပ္ပံနည်းကျကျ ရှင်းလင်းပြောပြတတ်ပြီး ဘရာစီယာကို ဘယ်အချိန်နှင့် ဘာကြောင့် ဝတ်သင့်သည်ကို ရှင်းလင်းပြသူ ဖြစ်ပေသည်။





ဖေဖေသည် စုဇာကို အခန်းကဏ္ဍသစ်တစ်ခု ဖွင့်ပေးခဲ့သည်။ ထိုအခန်းကဏ္ဍကား အိမ်ထောင်တစ်ခုကို ဦးစီးခေါင်းဆောင်ထိန်းသိမ်းသော အိမ်ရှင်မတာဝန်ကို ပေးအပ်ခဲ့ခြင်း ဖြစ်ပေသည်။ စုဇာအနေဖြင့် သန့်ရှင်းရေးအမျိုးသမီးကို အမိန့်ပေးခြင်းမှအစ ဒိုဘီပေးသော အဝတ်စာရင်းမှတ်သည်က အလယ်၊ ဇွန်းခွက်ယောက်မနှင့် နံ့နက်ပိုင်း ဧည့်သည်များကို ဧည့်ခံရန် ဈေးဝယ်ခြင်းအဆုံး တာဝန်ယူ၍ နေခဲ့၏။ အသက် ၁၄ နှစ်အရွယ်တွင် စုဇာသည် အိမ်ဦးစီး အိမ်ရှင်မတစ်ဦး ဖြစ်လာခဲ့ပေသည်။ သူမသည် သူမ၏အမေအေလာထက် ဖေဖေ့ကို ပို၍ဂရုစိုက်ပြုစုနိုင်ခဲ့ပေသည်။

ဖေဖေသည် စုဇာကို သူ့အမေလက်ထက်ကလို အခွင့်အရေးအားလုံး ပေးခဲ့သည်။ စုဇာသည် သူမအမေကဲ့သို့ပင် တာဝန်ထမ်းဆောင်ရင်း အားလုံးသော စည်းကမ်း ဥပဒေများကို တော်လှန်ခဲ့ပေသည်။

ဖေဖေက စုဇာကို အောက်စဖို့မှာ နေစေချင်သည်။ ဘွဲ့ရသည်အထိ။ နောက် ဆရာမလုပ်စေချင်သည်။ သို့မှ သူ့ကို အမြဲတာဝန်ယူနေနိုင်မည် မဟုတ်လား။ စုဇာကမူ စာအများကြီးသင်လောက်အောင် ဉာဏ်မကောင်းဟု အကြောင်းပြပြီး လေယာဉ်မယ်အလုပ်ကို လက်ခံခဲ့ကာ တစ်ပတ်မှတစ်ခါ အိမ်ပြန်လာခဲ့သည်။

ဘူတာရုံမှအိမ်သို့ လမ်းလျှောက်ပြန်လာစဉ်အတွင်း စုဇာသည် သူမ၏ ကျဉ်းမြောင်းသောကမ္ဘာလေးထဲမှ သူမ ထွက်မှ ထွက်နိုင်ပါတော့မည်လားဟု တွေးစား၍ လာ၏။

စုဇာ၏အချစ်ရေးကိစ္စများမှာလည်း နိဂုံးနားသို့ ရောက်နေပေပြီ။ သူမ၏ ဘဝအတိုင်း ဖြစ်ရိုးဖြစ်စဉ် အချစ်ရေးရာများဖြစ်ရကား စိတ်ကုန်စရာ ဖြစ်ပေသည်။ ချစ်သူ ဂျူလီယန်သည် အသက် ၃၀ အရွယ်ရှိ ဖီလိုဆိုဖီကထိကဖြစ်ပြီး သည်။ ချစ်သူ ဂျူလီယန်သည် အလုပ်ကိုလေးစား၍ ကယ်ရာမဲ့ပုဂ္ဂိုလ်ဖြစ်ပေသည်။ သူသည် တစ်ခုလပ် ကလေးမရှိသူဖြစ်သည်။ ပထမပိုင်းတော့ စုဇာအတွက် ဂျူလီယန်သည် စိတ်ဝင်စားစရာ ချစ်စရာကောင်းပြီး တပ်မက်စရာကောင်းသူတစ်ယောက် ဖြစ်ခဲ့ပေသည်။ တစ်နေ့ ဂျူလီယန်တစ်ယောက် စာသင်ကြားနေစဉ် စုဇာသည် ဂျူလီယန်၏ အဝတ်များကို မီးပူတိုက်နေရကြောင်း တွေ့သိသွားရလေ၏။ သည်တွင် သူမဘဝ တစ်လျှောက်လုံး သည်လိုပုံနှင့် မနေနိုင်သူ စုဇာအတွက် ချစ်ဇာတ်လမ်းသည် နိဂုံးရောက်သည်နှင့် ဘာမှ မခြားတော့ပေ။

တစ်ခါတစ်ရံ စုဇာသည် သူမနှင့် သက်တူရွယ်တူများ၊ သို့မဟုတ် ငယ်



www.burmeseclassic.com

www.burmeseclassic.com



ရွယ်သူများနှင့်အတူ အိပ်ပါသည်။ သို့သော် မကြာမတင်သောကာလမှာ သူတို့အပေါ် စိတ်ကုန်လာလေ၏။

စုဇာသည် နက်ဒစ်စတိန်းနှင့် ဘာကြောင့်များ ရုတ်တရက်ချိန်းဆိုမိ ပါလိမ့်ဟု နှောင်တရစ ပြုလာ၏။ နက်သည် ပုံသေကားကျသမား ဖြစ်ပုံ သည်။ သူမထက် တစ်ခေတ်လောက်ကြီးနေပြီး ပြုစုစောင့်ရှောက်မှု လိုနေပုံ လွန်းသည်။ အဆိုးဆုံးက သူမ၏အမေကို ချစ်ကြိုက်နေသူ ဖြစ်ခဲ့ခြင်းပေတည်း သို့သော် ထူးခြားမှုများ ရှိနေပါသေးသည်ဟု စုဇာသည် ဖြေသိမ့်လိုက်၏။ သူ အသိုင်းအဝိုင်းထဲကလို စာသမားများ မဟုတ်။ ခြံသမားလုပ်သည်ဆိုတာမျိုး ရေခဲသေတ္တာကို လက်တစ်ဖက်နှင့် မ,ပြနိုင်သည်မျိုး။

ဘာပဲပြောပြော နက်ဒစ်စတိန်းသည် နိစ္စဓူဝ သူမလည်ပတ်နေရသည့် ဘဝလမ်းကြောင်းကို ပြောင်းလဲနိုင်သူများ ဖြစ်လေမလား။

သို့တည်းမဟုတ် သူမကိုယ်တိုင်က မိမိကိုယ်ကို မိမိ လှည့်စားနေမိသည် လား။

*

နက်ဒစ်စတိန်းသည် ပက်ဒင်တန်ဘူတာရုံ တယ်လီဖုန်းအိမ်ကလေးထဲမှ အစုံရေး သံရုံးကို ဖုန်းဆက်လိုက်သည်။ ဖုန်းဆက်၍ရသောအခါ ကူးသန်းရောင်းဝယ် ရေးအကြွေးဌာနကို ပေးပါဟု တောင်းလိုက်၏။ သံရုံးတွင် ထိုဌာန မရှိပါ။ ထိုစကားလုံးသည် မောဆက်သတင်းဆက်သွယ်ရေးဌာန၏ လျှို့ဝှက်ကုတ်စကား လုံး ဖြစ်ပါသည်။ တယ်လီဖုန်းနားထောင်သူမှာ လူငယ်အသံဖြစ်သည်။ နက်က သူ ပြောစရာရှိသည်ကို တစ်ဆက်တည်းပြောလိုက်၏။

“ဘီလ် အမြန်လာ၊ တစ်ဖက်အသင်းကြောင့် အရောင်းအဝယ်ကိစ္စ အခြေအနေမကောင်း ဟင်နရီ”

နက်သည် တစ်ဖက်မှ ဘာဘာညာညာပြောသည်ကို မစောင့်တော့ဘဲ ဖုန်းခွက်ကို ချလိုက်၏။

သူသည် ဘူတာရုံမှ ဟိုတယ်သို့ ခြေကျင်လျှောက် ပြန်လာခဲ့၏။ တစ် ချိန်လုံး အေလာအက်ရှုဖို့အကြောင်းကို စဉ်းစားနေမိသည်။ သူ နက်ဖြန်ညနေ တွင် စုဇာကို ပက်ဒင်တန်ဘူတာရုံမှာ ခဏဆုံရမည် ဖြစ်သည်။ စုဇာသည် သူမ မိတ်ဆွေတစ်ဦး၏အခန်းတွင် ညအိပ်မည်ဖြစ်သည်။ ဒစ်စတိန်းအနေနှင့် မည်သို့





...ပုံစရမည်ကို မသိပေ။ သူ စဉ်းစားမိသမျှမှာ သူသည် မိန်းကလေးတစ်ဦး ... ညစာစားခေါ်သွားပြီး စကားပြောဖူးသည်ပင် မရှိချေ။ မြို့ကောင်ပေါက် ... ယ်တုန်းကမူ ဆင်းရဲသဖြင့် ဤကဲ့သို့ သွားလာနိုင်ခြင်း မရှိ။ စစ်ကြီးပြီးသော ... တွင်လည်း သူသည် တုန်လှုပ်တတ်၍ လည်းကောင်း၊ အကြောင်းကြောင် ...၍ လည်းကောင်း ညစာစားရန် အမျိုးသမီးတစ်ဦးနှင့် မဆုံဖူးခဲ့။ ကြီးလာ ...လေ ပိုဆိုးလာလေလေ ဖြစ်နေ၏။ မိတ်ဆွေများနှင့်ကား ညစာစားဖူးပါ ...သည်။ သို့ပေမယ့် မိန်းမတစ်ယောက်တည်းနှင့်ကား မသွားဖူးခဲ့။

ဘာများ လုပ်ရပါလိမ့်။ မိန်းကလေးကို စောင့်ပြီး ကားနှင့် ခေါ်ရမည် ...ား အမှန်။ ညစာဝတ်စုံကိုလည်း ဝတ်ထားရပေမည်။ နောက် ချောကလက် ...သေတ္တာတစ်လုံးကို ဖဲပြားကြီးကြီးနှင့် အလှချည်၍ လက်ဆောင်များပေးရသေး ...သည်ထင်၏။ ယခု ဒစ်စတိန်းအနေနှင့်မူ ဘူတာရုံမှာ သွားစောင့်ရမည်ဖြစ်သည်။ ...ားလည်း မပါ၊ ညစာဝတ်စုံလည်း မရှိ။ သူမကို ဘယ်ခေါ်သွားရပါမည်နည်း။ ...စတိန်းအနေနှင့် အစွရေးမှာပင် အပျံစားဟိုတယ်များကို မသိရာ၊ လန်ဒန် ...လျှင်ကား ဝေလာဝေး... ။

ဟိုက်ပတ်ကိုဖြတ်၍ တစ်ယောက်တည်းလမ်းလျှောက်လာစဉ် ဒစ်စ... ...သည် အားပါးတရပြုံးလိုက်မိ၏။ အသက်လေးဆယ့်သုံးနှစ်ထဲ ရောက်နေပြီ ...သော ယောကျ်ားတစ်ယောက်အနေနှင့် ကြုံတွေ့နေရသည့်အဖြစ်က ရယ် ...ရာပင် မဟုတ်ပါလား။ စုဇာ့အနေနှင့် သူသည် ဟန်ဆောင်ပန်ဆောင်သမား မဟုတ်ကြောင်း သိပါလိမ့်မည်။ ထိုသို့သောအပြုအမူများကို စုဇာ ဂရုမစိုက်သူ ဖြစ်နိုင်ပါသည်။ အကြောင်းမှာ ညစာကိစ္စကို စုဇာကပင် စတင်ဖိတ်ကြားခဲ့သူ မဟုတ်ပါလား။ သည်တော့ စုဇာ့အနေနှင့် ဘယ်စားသောက်ဆိုင်ကို သွားရ ...သည်။ ဘာမှာရမည်ကို သိမည်ဖြစ်ပါသည်။ ဤကိစ္စမှာ သေရေးရှင်ရေးပြဿနာ မဟုတ်ပါ။ ဘာပဲဖြစ်ဖြစ် သူ့အနေနှင့် ကြည်နူးပျော်ရွှင်နေမည်ပင် ဖြစ်ပါသည်။

သူ၏အလုပ်အခြေအနေမှာလည်း ပြဿနာဖြစ်နေပြီ မဟုတ်ပါလား။ သူ့လျှို့ဝှက်ချက်သည် ပေါ်သွားပြီဖြစ်ကြောင်း သူကိုယ်တိုင်လည်း သိနေ၍ပြီ ဖြစ်ရကား သူ့အနေနှင့် ပီယဘောကို ပြောဆိုတိုင်ပင်ရပေတော့မည်။ ဆက်လုပ်သင့် လုပ်သင့်ကို ဘောက ဆုံးဖြတ်ရပေတော့မည်။ ထိုညနေ၌ သူ ပြင်သစ်ရုပ်ရှင် ကားတစ်ကား ဝင်ကြည့်သည်။ ဓာတ်ကားမှာ ရိုးရိုးရှင်းရှင်း အချစ်ဓာတ်လမ်း ကောင်းလေးဖြစ်သည်။ လက်တင်အမေရိက နောက်ခံတေးသားကို လှပစွာသီဆိုသည် ...သား၏။ ဓာတ်ကားတစ်ဝက်လောက်ရောက်သည်တွင် သူ ရုံထဲမှ ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ဓာတ်လမ်းကလေးသည် ထိခိုက် ဒိုကြွေးစရာကောင်းနေသောကြောင့် ဖြစ်ပါသည်။ သို့သော် တစ်ညလုံး ဓာတ်ကားထဲမှ ချစ်စရာတေးသံကို ထပ်ခါတလဲလဲ ကြားယောင်နေ၏။

နောက်တစ်နေ့ နံနက်စောစော ဟိုတယ်အနားက လမ်းဘေးဖုန်းရုံကလေး တစ်ခုမှ အစ္စရေးသံရုံးကို ဖုန်းဆက်၏။ သူလိုသောသတင်းဌာနရသည်နှင့် သူက...

"ဟင်နရီ ပြောနေပါတယ်၊ အဖြေရပြီလား"

တစ်ဖက်မှ အသံက...

"ကိုးထောင့်သုံးရာကို သွား၊ နက်ဖြန် အဖြေညီ"

ဒစ်စတိန်းက...

"အဖြေ ကွန်ဖရင့်အစီအစဉ် လေဆိပ်သတင်း ပြန်ကြားရေးဌာနမှာ ရှိတယ်"

ပီယေဘောသည် နက်ဖြန် ၉ း ၃၀ လေယာဉ်နှင့် ရောက်လာမည် ဖြစ်ပါ၏။

*

လူလေးယောက်သည် စပိုင်တို့၏စိတ်ရှည်ခြင်းဖြင့် ငြိမ်သက်စွာ တစ်နေ့တာ အမှောင်ရောက်လာသည်ကို စောင့်နေကြ၏။

ဖြိုးတိုင်ရင်သည် ကားမောင်းစတီယာရင်ခုံမှာ ထိုင်နေ၏။ သူသည် လူလတ်ပိုင်းဖြစ်ပြီး မိုးကာအင်္ကျီဝတ်ထား၏။ သူ့နံဘေးခုံမှာ ယာစစ်ဟာစန်ထိုင်နေပြီး နောက်ဘက်တွင် ဒေးဗစ်ရှော့စတော့နှင့် နစ်ဘူနင်တို့ ထိုင်နေကြ၏။

နစ်သည် ဒစ်စတိန်းအား ပစ္စည်းပေးလိုက်သူကို တတိယနေ့ဂျင်း မိုးနက်အဆောက်အအုံကို စောင့်ကြည့်နေစဉ် တွေ့လိုက်ခြင်းဖြစ်သည်။ သူက–

"ငနဲက ရုံးတက်အဝတ်အစား ဝတ်ထားတော့ ကလပ်မှာတွေ့တုန်းက ပုံတော့ မဟုတ်တော့ဘူး၊ ဒါပေမယ့် ဒီငနဲဆိုတာ သေချာပါတယ်"

ရှော့စတော့က...

"ကျုပ်စဉ်းစားမိဖို့ ကောင်းတယ်၊ ဒစ်စတိန်းဟာ သတင်းလိုချင်လို့ သတင်းရနိုင်မယ့်လူကို စောင့်ရင်း လေဆိပ်တို့၊ ဟိုတယ်တို့မှာ ဘယ်ရှိပါ့မလဲ၊ စကတည်းက နစ်ကို ယူရေတွန်ကို လွှတ်ထားဖို့ကောင်းတယ်"

ရှော့စတော့သည် ဖြိုးတိုင်ရင်အား ပြောဆိုနေသည် ဖြစ်သော်လည်း ဟာစန်က ကြားပြီး...





"ဒါတော့ဗျာ ခင်ဗျားအနေနဲ့ အကုန်လုံး ဘယ်စဉ်းစားနိုင်ပါ့မလဲ"

ရှော့စတော့က...

"စဉ်းစားနိုင်ပါတယ်"

ရှော့စတော့သည် ဟာစန်ကို ကား ခပ်ကြီးကြီး၊ မည်းမည်းတစ်စီး ရှာခိုင်း ကဲ၏။ ယခုတော့ သူတို့လေးဦးသားသည် အမေရိကန်လုပ် ဗြူကားကြီးထဲမှာ ထိုင်စောင့်နေခြင်းဖြစ်သည်။ နစ်သည် ယူရေတွန်မှ လူကို နောက်ယောင်ခံ၍ လိုက်ခဲ့ရာ အိမ်သိရပြီဖြစ်၍ ယခု သူတို့လေးဦးသား စကြံပေါင်းနှင့် အိမ်အနားမှာ စောင့်ကြည့်နေကြခြင်းဖြစ်သည်။

ရှော့စတော့သည် ရှေးရိုးစပိုင်တွေလို ချောင်းမြောင်းနေရခြင်းအလုပ်ကို မုန်းတီးသည်။ သည်နည်းမှာ သိပ်ရိုးလွန်း ဟောင်းလွန်းနေပြီဖြစ်၏။ ၁၉၂၀–၁၉၃၀ ခုနှစ်တွေက ကျင့်သုံးခဲ့သောနည်းများ ဖြစ်ပါသည်။ ယခု ၁၉၆၈ ခုနှစ်တွင် ကျင့်သုံးရန် မလျော်ညီတော့ပါ။ အရပ်သားတစ်ဦးကို လမ်းပေါ်မှာ ဖမ်းဆီး၊ ကားပေါ်တင် ရိုက်နှက်ပြီး သတင်းမေးရသည့်နည်းမျိုး။ ယခုနေအခါမှာ လမ်းသွားလမ်းလာတစ်ဦးဦးက ထိုအပြုအမူကို မြင်သွားသည်နှင့် ရဲသွားတိုင်ရန် မခဲလေးမည်မဟုတ်။ ရှော့စတော့အနေနှင့်ကလည်း လက်သီးကို သုံးရန်ထက် ဦးနှောက်ကို အသုံးပြုလိုပေသည်။ သို့သော် ဒစ်စတိန်းတစ်ယောက် ခြေရာပျောက် သည့်ရက် ပိုများလာသည်နှင့်အမျှ ဒစ်စတိန်းကို သတင်းပေးလိုက်သူသည် အရေးကြီးလာ၏။ ရှော့စတော့အနေနှင့် ထိုလူ ဒစ်စတိန်းအား ဘာပေးလိုက်သည်ကို သိမှ ဖြစ်ပေမည်။ ယနေ့သိရမှ ဖြစ်မည်။

ဖြိုးတိုင်ရင်က...

"ဒီငနဲ ထွက်လာရင် သိပ်ကောင်းမယ်"

"တို့က လောကြီးနေစရာ မလိုပါဘူးကွာ"

ရှော့စတော့က ဤသို့ပြန်ပြောလိုက်သော်လည်း သူ့စိတ်ထဲကမူ လောကြီးနေ၏။ သို့သော် သူ့အဖွဲ့သားများ စိတ်မရှည်ဖြစ်ပြီး အမှားများလုပ်ကုန်မည်စိုး၍ ပြောလိုက်ခြင်းဖြစ်သည်။ သူက ဆက်၍...

"ဒစ်စတိန်းလဲ ဒီလိုလုပ်ခဲ့မှာပဲ၊ သူက ဂျင်း မိုးနက်အဆောက်အအုံကို စောင့်ကြည့်နေမယ်၊ ဒီငနဲကို တွေ့မယ်၊ အိမ်ထိ လိုက်ချောင်းမယ်၊ တို့လိုပဲ လမ်းထဲက စောင့်ကြည့်နေမယ်၊ နောက် ဒီငနဲက မိန်းမလျာကလပ်ကိုသွားတော့ လိုက်သွားမယ်၊ ဒီငနဲရဲ့အားနည်းချက်ကို ထုတ်ပြောပြီး သတင်းယူခဲ့တာ ဖြစ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နစ်က...

"ဒါပေမယ့် ဒီငနဲ ကလပ်ကို မလာတာ နှစ်ညရှိသွားပြီဗျ"

ရှော့စတော့က...

"ဒါတော့ကွာ သူလဲ ဘယ်အရာမဆို တန်ရာ တန်ကြေးဆိုတာ ရှိတာဆိုတာ သိသွားလို့နေမှာပေါ့၊ အထူးသဖြင့် အချစ်ကိစ္စမှာ"

နစ်က စက်ဆုပ်သောအသံဖြင့်...

"ဗျာ... အချစ်... ဟုတ်လား"

ရှော့စတော့သည် ဘာမှ ပြန်မပြောပေ။

အမှောင်ထု ကဖြည်းဖြည်းပိုသိပ်သည်းလာပြီး လမ်းမီးများ ပွင့်လာကြ၏။ ထိုစဉ် တိုင်ရင်က...

"ဟ... ဒါက ဘာပါလိမ့်"

ဆံပင်ပျော့ပျော့၊ ကုတ်အင်္ကျီရင်ဘတ်နှစ်ဖက်ဖုံးနှင့် လူတစ်ယောက်သည် သူတို့ရှိရာသို့ လျှောက်လာသည်ကို တွေ့ရ၏။

ရှော့စတော့က...

"ငြိမ်ငြိမ်နေ"

ထိုလူသည် သူတို့ စောင့်ကြည့်နေသော အိမ်ရှေ့မှာ ရပ်ပြီး လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်သည်။

ဟာစန်သည် ကားတံခါးဖွင့်ရန် ပြင်လိုက်၏။

ရှော့စတော့က...

"နေဦး"

အပေါ်ဆုံးထပ်မှာ ခန်းဆီးကို နံဘေးသို့ ဖယ်လိုက်သည်ကို မြင်ရ၏။

ဆံပင်ပျော့ပျော့နှင့်လူသည် ခြေနင်းကို တဒေါက်ဒေါက်လှုပ်ရှားရင်း စောင့်နေ၏။

ဟာစန်က...

"သမီးရည်းစားထင်တယ်"

ရှော့စတော့က...

"တိတ်တိတ်နေစမ်း..."

တစ်မိနစ်ခန့်အကြာ တံခါးပွင့်လာပြီး ဆံပင်ပျော့ အထဲဝင်သွား၏။ တံခါးလာဖွင့်ပေးသူကို ရှော့စတော့ မြင်လိုက်၏။ ထိုလူကား သူတို့စောင့်နေသူ ပင်ဖြစ်သည်။ တံခါးပြန်ပိတ်သွားသည်။ သူတို့ လှုပ်ရှားချိန် မရလိုက်။ ရှော့စတော့က...





"မြန်လိုက်တာ ခွီးမှပဲ..."

ဖြိုးတိုင်ရင်သည် လက်ချောင်းကလေးများနှင့် ကားကို ခေါက်နေ၏။ ဧက သူ့ကိုယ်သူ ဟိုနား ဒီနား ကုတ်နေ၏။ ဟာစန်မှ စောင့်နေ၍ အလကားပဲ ဆူသောမျက်နှာပေးနှင့်...။ နောက်ထပ် တစ်နာရီခန့်ကြာသည်ထိ ဘာမှ မထူး။

ဖြိုးတိုင်ရင်က...

"ဒီငနဲတွေ အိမ်ထဲမှာပဲ နေတော့မယ်နဲ့ တူတယ်..."

ရှော့စတော့က...

"သူတို့လဲ ဒစ်စတိန်းနဲ့ ဆုံလိုက်ဖူးတာနဲ့ ထွက်ရမှာကြောက်နေပြီနဲ့ တူတယ်"

နစ်က...

"ဒါဆို ကျုပ်တို့ အထဲဝင်ရမလား..."

ရှော့စတော့က...

"အဲဒါ ပြဿနာပေါ့၊ ပြတင်းပေါက်က လှမ်းကြည့်ရင် ဘယ်သူ တံခါးမှာရပ်တယ်ဆိုတာ မြင်ရတယ်၊ သူစိမ်းဆိုရင် သူတို့က ဖွင့်ပေးမယ်မထင်ဘူး"

ဖြိုးတိုင်ရင်က...

"ဒီငနဲတွေ အပြင်ထွက်ချင်မှ ထွက်မယ်"

ရှော့စတော့က ခေါင်းညိတ်၍...

"ဖြစ်နိုင်တာပဲ..."

နစ်က စိတ်မရှည်ဟန်ဖြင့်...

"ဒါဆို ကျုပ်တို့ အတင်းဖောက်ဝင်မှ ထင်တယ်"

ရှော့စတော့သည် နစ်အကြံကို မကြားဟန်ဆောင်နေလိုက်၏။ နစ်သည် အမြဲ အကြမ်းဖက်လိုသူ ဖြစ်သည်။ သို့သော် တကယ့်တကယ်၌မူ အမိန့်မပေးချင်း လုပ်သူမဟုတ်။ ရှော့စတော့အနေနှင့် စဉ်းစားနေ၏။ ယခုပုံအတိုင်းဆိုလျှင် သူတို့သည် လူတစ်ယောက်မဟုတ်တော့ပဲ နှစ်ယောက်ကို ဖမ်းဆီးရတော့မည်ထင်သည်။ နှစ်ယောက်ဆိုလျှင် ပို၍ ကရိကထများ၊ အန္တရာယ်များနိုင်သည်။ သူက...

"တို့မှာ လက်နက်ပါကြသလား..."

ဖြိုးတိုင်ရင်က ကားဒက်ရှ်ဘုတ်အံဆွဲကို ဖွင့်၍ ပစ္စတိုကို ယူလိုက်၏။ ရှော့စတော့က...

"ကောင်းပြီလေ... ပါရင်ပြီးတာပဲ မပစ်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျည်ဆန်တောင် ထည့်မထားပါဘူး… "

တိုင်ရင်သည် ပြောပြောဆိုဆို သေနတ်ကို မိုးကာအင်္ကျီအိတ်ထဲ ထည့်လိုက်၏။

ဟာစန်က…

"ဒီနှစ်ကောင် တစ်ညလုံး အိမ်ထဲမှာပဲ နေကြရင် ကျုပ်တို့က မနက်ကျမှ ဖမ်းဆွဲရမလို ဖြစ်နေပြီ… "

ရော့စတော့က…

"ဘယ်ဖြစ်မလဲကွ၊ ဒါမျိုးဆိုတာ လင်းလင်းချင်းချင်းရှိတဲ့ အချိန်မှာ လုပ်လို့ ဖြစ်တာမျိုး မဟုတ်ဘူး… "

"ဒါဆိုရင် ဘာလုပ်မလဲ… "

"ငါ မဆုံးဖြတ်ရသေးဘူး… "

ရော့စတော့အနေနှင့် သန်းခေါင်ကျော်ရင် အလုပ်စရကောင်းမည်လားဟု စဉ်းစားနေစဉ် ပြဿနာက အလိုလိုပြေလည်လာ၏။

ရော့စတော့သည် မျက်စိကလေးမှိတ်၍ တံခါးပေါက်ကို ကြည့်နေခြင်း ဖြစ်သည်။ ထိုစဉ် တံခါးပေါက် ဖြည်းဖြည်းကလေး ပွင့်လာ၏။ သူက…

"ကဲ… ဝင်ကြဟေ့… "

နစ်သည် ကားထဲမှ ပထမဆုံးထွက်လိုက်သူဖြစ်သည်။ ဖြိုးသည် ဒုတိယ။ ဟာစန်သည် ဘာလုပ်ကြပါလိမ့်ဟု တွေဝေနေပြီးမှ နောက် ထလိုက်သွား၏။

ငနဲသားနှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် 'ဂွတ်နိုက်'ဟု နှုတ်ဆက်နေကြချိန် ဖြစ်သည်။ အငယ်ကောင်က အပြင်အုတ်ခုံပေါ်၊ အကြီးကောင်က ညဝတ်အင်္ကျီဝတ်၍ အထဲမှ။ သူတို့နှစ်ဦးစလုံး ကားထဲမှ ရုတ်တရက်ထွက်လာသော နစ်နှင့် ဖြိုးတို့ကို အလန့်တကြားကြည့်နေကြ၏။

ဖြိုးက သေနတ်ကို ထုတ်ပြရင်း…

"မလှုပ်နဲ့ အသံမထွက်နဲ့… "

နစ်သည် အငယ်ကောင်နောက်နားမှာ အသာရပ်လိုက်၏။

အကြီးကောင်က…

"ဘုရားသခင် နောက်တစ်ခါလာပြန်ပြီလား"

ဖြိုးတိုင်ရင်က သေနတ်ပြရင်း–

"ကားထဲဝင်… "

အငယ်ကောင်က မကျေမနပ်နှင့်–





"ခင်ဗျားတို့ ကျုပ်တို့ဘာသာနေတာကို ဘာလို့ လာလာ နှောင့်ယှက်နေကြတာတုန်း… "

ကားထဲမှ အခြေအနေအရပ်ရပ်ကို ကြည့်ရှုနားထောင်နေသော ရော့စတော့သည်အချိန်သည် အရေးကြီးကြောင်းသိသည်။ အေးအေးဆေးဆေးပဲ လိုက်မည်လား။ ဒါမှမဟုတ် ဆူဆူပူပူ လုပ်မည်လားပဲ။ သူသည် မှောင်သောလမ်းတစ်လျှောက်လုံးကို အမြန်ကြည့်လိုက်၏။ ခွေးတစ်ကောင် ကြောင်တမြီးမှ မရှိ။

နစ်သည် အငယ်ကောင်က ကလန်ကဆန်လုပ်မည့်ပုံပေါ်သဖြင့် ပခုံးနောက်နားမှ လက်နှစ်ဖက်ကို သိမ်းဖက်လိုက်၏။

အကြီးကောင်က အိမ်ပြင်ထွက်ရင်း…

"သူ့ကို မလုပ်ကြပါနဲ့… ကျုပ်လိုက်ပါ့မယ်… "

အငယ်ကောင်က မကျေမနပ်နှင့်…

"ခွီး… လိုက်ပါလား"

အငယ်ကောင်သည် နစ်ချုပ်ထားသည်ကို ရုန်းရင်း နစ်ခြေထောက်ကို ဆောင့်နင်းလိုက်၏။ နစ်သည် ခြေထောက်ကို နောက်ပြန်ရုပ်ကာ အရိုက်ကို ညာလက်သီးဖြင့် ထိုးလိုက်၏။

အကြီးကောင်က အသံကျယ်စွာဖြင့်…

"ပီယေ… ဘာမှ မလုပ်နဲ့… "

ဖြိုးတိုင်ရင်က အကြီးကောင်၏ပါးစပ်ကို လှမ်းပိတ်ရန် ကြိုးစားသည်။ အကြီးကောင်သည် ရုန်းကန်၍…

"ကယ်ကြပါ… "

နောက်ထပ်အော်မည်ပြုသည်တွင် တိုင်ရင်က ပါးစပ်ကို ပိတ်မိသွား၏။ အငယ်ကောင်ပီယေသည် ဒူးတစ်ဖက် အောက်ကျရင်း ညည်းတွားနေ၏။

ရော့စတော့က ကားတံခါးမှ ခေါင်းပြူထွက်ရင်း…

"မြန်မြန်လုပ်ဟေ့… "

ဖြိုးတိုင်ရင်သည် အကြီးကောင်ကို ဒရွတ်တိုက်၍ ကားဆီ ဆွဲခေါ်လာ၏။ ပီယေသည် ထပြေးရန်ကြိုးစားသော်လည်း ဟာစန်က ခြေထောက်ထိုးလိုက်၍ လဲကျသွားသည်။

ဖြိုးသည် အကြီးကောင်ကို ကားထဲသွင်းလိုက်ပြီး၊ ဒရိုင်ဘာခုံမှာ ဝင်ထိုင်၏။ နစ်သည် အငယ်ကောင်ကိုဆွဲ၍ ကားထဲသွင်းလိုက်သည်။ ရော့စတော့က ဟာစန်ကို လှမ်း၍…



www.burmeseclassic.com

www.burmeseclassic.com



"ဟာစန်... အိမ်တံခါး ပြေးပိတ်လိုက်"

ဟာစန်သည် အိမ်တံခါးပြေးပိတ်ပြီး ကားရှေ့ခန်းသို့ ပြေးဝင်ထိုင်လိုက်သည်နှင့် ကားသည် ထွက်သွားလေတော့၏။

ကားပေါ်၌ အတော်ကြာ စကားမပြောဖြစ်။ နောက်ဆုံးမှ အကြီးကောင်က...

"ကျွန်တော်တို့က ခင်ဗျားတို့ကို ဘာမှမလုပ်ပဲနဲ့ဗျာ... "

ရှော့စတော့က...

"ဘာမလုပ်ရမှာလဲ၊ လွန်ခဲ့တဲ့သုံးညက မင်း လက်ဆွဲအိတ်တစ်လုံး အင်္ဂလိပ်လူမျိုးတစ်ယောက်ကို ပေးခဲ့တယ် မဟုတ်လား"

"အက်... ရောဂျားကိုလား... "

"အဲဒါ သူ့နာမည်မှန် မဟုတ်ဘူး"

"ခင်ဗျားတို့က ရဲဘက်ကလား"

"ရဲတော့မဟုတ်ဘူး... ကျုပ်တို့က သဲလွန်စ ရှာပြီး... မင်းကို အမှုဖွင့်ဖို့ မဟုတ်ဘူး၊ တို့စိတ်ဝင်စားတာက အဲဒီလက်ဆွဲအိတ်ထဲမှာ ဘာပါသလဲ ဆိုတာကိုပဲ... "

ကားထဲမှာ ငြိမ်သက်သွားပြန်၏။ ဖြိုးတိုင်ရင်က...

"မြို့ပြင်ကိုမောင်းပြီး လူပြတ်တဲ့နေရာတစ်ခုမှာ ရပ်လိုက်ရမလား..."

ရှော့စတော့က...

"နေပါဦးကွာ... ငါပြောပါ့မယ်"

အကြီးကောင်က သက်ပြင်းချလိုက်ပြီး...

"ကျုပ်ပြောပါ့မယ်ဗျာ"

ရှော့စတော့က ဖြိုးအား...

"ကားကို ဒီအတိုင်းပဲ မောင်းနေကွာ... "

နောက်... အကြီးလူဘက်သို့ လှည့်၍...

"ကဲ... ပြော... "

"ကျုပ်ပေးလိုက်တာက ယူရေတွန်ဌာနချုပ်ရဲ့ ကွန်ပျူတာစာရင်းတွေပါ"

"အဲဒီထဲမှာ ပါတာတွေက... "

"အဏုမြူလောင်စာ သယ်ယူပို့ဆောင်တဲ့ စာရင်းအတိအကျပါ"

"အဏုမြူလောင်စာ ဟုတ်လား"

"ဟုတ်ကဲ့ အဝါခဲယူရေနီယံဓာတ်ပါ"





ရှော့စတော့သည် ကားအပြင်ဘက်သို့ လှမ်းကြည့်လိုက်၏။ သူ့ရင်ထဲ [...]ွင် စိတ်လှုပ်ရှားနေ၏။ ယခုအတိုင်းဆိုတော့ ဒစ်စတိန်း၏လှုပ်ရှားမှု အော် [...]ရေးရှင်းကို ခန့်မှန်းနိုင်သွားပြီဖြစ်သည်။ အဏုမြူလောင်စာများ သယ်ယူ ပို့ [...]ောင်မှု စာရင်း။ အစ္စရေးတို့သည် အဏုမြူလောင်စာ လိုအပ်နေ၏။ ဒစ်စတိန်း [...]ည် အဏုမြူလောင်စာ သယ်ယူပို့ဆောင်ရေးစာရင်းအားလုံးကို ရယူသည်။ [...]စ်စတိန်းအနေနှင့် အဏုမြူလောင်စာကို မှောင်ခိုရောင်းလိုသူ တစ်ဦးဦးကို ရှာ [...]ောင်းရှာမည်။ သို့မဟုတ် ခိုးလို့ရနိုင်မည့် အကြံအဖန်ကို ရှာ၍ ခိုးကောင်း [...]ခိုးမည်။

အဏုမြူလောင်စာကို အစ္စရေးများရက ဘာလုပ်မည်နည်း။

ယူရေတွန်ဌာနချုပ်မှ ငနဲက သူ့အတွေးကို ဖျက်လိုက်၏။

"ကျွန်တော်တို့ကို အခု ပြန်လွှတ်တော့မယ်လား"

ရှော့စတော့က ထိုလူအားကြည့်၍...

"ကျုပ်လဲ အဲဒီကွန်ပျူတာစာရင်းကို ရမှ ဖြစ်မယ်"

အကြီးကောင်သည် ခေါင်းယမ်း၍...

"ကျုပ် နောက်တစ်ခုယူလို့ မဖြစ်တော့ဘူး ထင်တယ်၊ ပထမတစ်ခု [...]ျောက်တာတောင် လွန်လှပြီ"

"လွန့်လဲ မတတ်နိုင်ဘူး၊ ကျုပ်ကတော့ ရမှဖြစ်မယ်၊ တစ်ခုတော့ ရှိ [...]ယ်လေ၊ ယူလာခဲ့၊ ကျုပ်တို့ဓာတ်ပုံရိုက်ပြီး ရုံးပြန်ထားလိုက်ပေါ့"

အကြီးကောင်သည် ခေါင်းငိုက်စိုက်ကျသွားပြီး...

"ဘုရား... ဘုရား"

"ခင်ဗျားမှာ တခြားလမ်း မရှိဘူးလေ"

"ကောင်းပါပြီဗျာ"

ရှော့စတော့သည် ဖြိုးအား...

"ဒါဆို အိမ်ဘက် ပြန်မောင်းကွာ"

နောက် ယူရေတွန်မှ လူအား...

"နက်ဖြန် အဲဒီကွန်ပျူတာစာရင်း ယူခဲ့လေ၊ ညကျရင် ခင်ဗျားအိမ်ကို [...]ယောက်ယောက်က လာပြီး အဲဒါကို ဓာတ်ပုံရိုက်ယူလိမ့်မယ်"

အိမ်ရှိသောလမ်းထဲ ရောက်သည်နှင့် ကားသည် ရပ်လိုက်၏။ ရှော့ [...]တော့က...

"အိုကေ... အကြီးလူ ဆင်းပစေကွာ၊ အငယ်ကိုတော့ တို့နဲ့ ခေါ်သွား [...]ိုက်"



www.burmeseclassic.com

www.burmeseclassic.com



ယူရေတွန်မှ ပုဂ္ဂိုလ်က စိတ်ထိခိုက်စွာဖြင့်…

"ဘာဖြစ်လို့လဲဗျာ"

"အာမခံသဘောပေါ့ဗျာ၊ တော်ကြာ ခင်ဗျားက ခင်ဗျားတို့ရုံးက ဆရာ သမားတွေ၊ ဘာတွေ တိုင်နေဦးမယ်၊ ကဲ… ဆင်း"

နစ်က တံခါးဖွင့်ပေးလိုက်ရာ အကြီးလူ ဆင်းသွားသည်။ သူသည် လမ်း ပေါ်မှာ အတော်ကြာရပ်နေ၏။ ကားထွက်ခဲ့၏။

ဟာစန်က…

"သူ လုပ်မှ လုပ်ပါ့မလား"

ရှော့စတော့က…

"သူ့မိတ်ဆွေကိုပြန်ရဖို့ သူလုပ်မှာပါ"

အဲဒီနောက် ရှော့စတော့သည် ဘာမှ ပြန်မပြော။ သူ့ခေါင်းထဲတွင် သည်လူနှစ်ယောက် သတ်ပစ်ကောင်း သတ်ပစ်ရမည်ဟု တွေးတောနေမိ၏။

●

[၅]

ယာစစ်ဟာစန်က…

"ဒါဆိုရင် နက် ဒစ်စတိန်းဟာ ယူရေနီယံကို ခိုးဖို့ကြံတာနဲ့တူတယ်"

ရှော့စတော့သည် ခေါင်းညိတ်ပြ၏။ သူ့ခေါင်းထဲမှ အတွေးကား အဆေး ညို့ ရောက်နေ၏။ သူသည် ယာစစ်ဟာစန်ကို ဘယ်လိုပထုတ်ရမည်နည်းဟု စဉ်းစားနေ၏။

သူတို့နှစ်ဦးသည် လူဇင်းဘတ်မြို့ ပက်ထရူစီမြစ်နံဘေးမှ လမ်းလျှောက် နေကြခြင်းဖြစ်သည်။ ဟာစန်က…

"အစ္စရေးတွေဟာ နီဂတ်သဲကန္တာရမှာရှိတဲ့ ဒိုင်မွန်နာအရပ်မှာ အဏုမြူ ဓာတ်ပေါင်းဖိုတစ်ခု ရှိတယ်၊ ပြင်သစ်တွေက ကူညီဆောက်ပေးခဲ့တာပဲ၊ ပြင်သစ် တွေကပဲ လောင်စာပေးခဲ့တယ်နဲ့ တူပါတယ်၊ ၆ ရက် စစ်ပွဲအပြီးမှာ ပြင်သစ်က သက်နက်ထောက်ပံ့ရောင်းချမှုကို ရပ်ဆိုင်းခဲ့သလို ယူရေနီယံလဲ ဖြတ်ပစ်ခဲ့တယ်နဲ့ တူတယ်"

သည်လောက်ကလေး ဟုတ်ပါ့မလားဟု ရှော့စတော့တွေးသည်။ သို့သော် ဟာစန်ကို သည်မျှမတွေးစေလို၍…

"အင်းလေ ဒါ မော့ဆက်တို့လုပ်ထုံးပါပဲ၊ သူတို့က ယူရေနီယံလိုရင် သွက်ခိုးမယ်ပဲပေါ့၊ လူတွေက ဘာပဲပြောပြော၊ ဘာပဲထင်ထင်ပဲ"

ရှော့စတော့အနေနှင့်မူ ဟာစန်ထက် ပို၍တွေးမိသည်။ ထို့ကြောင့်လည်း ဟာစန်ကို ပ,ထုတ်လိုခြင်းဖြစ်၏။ ရှော့စတော့သည် အီဂျစ်တို့လည်း တွေ့တာရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် အင်္ဂလိပ်ပေါင်းရုံတစ်ခု တည်ဆောက်နေကြောင်းသိသည်။ သည်ကိစ္စမျိုးကို သာမန်လူစင်းဘက်မှ စပိုင်အေးဂျင့်တစ်ယောက်ဖြစ်သော ဟာစန်ကို အသိပေးစရာ အကြောင်းမရှိ။ ထို့ကြောင့် ဟာစန် မသိနိုင်။

မည်သို့ပင်ဖြစ်စေ ကိုင်ရိုသတင်းလုံခြုံမှုမှာ အလွန် ဖရိုဖရဲနိုင်ရကား အစ္စရေးတို့အနေနှင့် ထိုအကြောင်းကို သိမည်ပင်ဖြစ်သည်။ သိသည်နှင့် အစ္စရေးတို့က အီဂျစ်အင်္ဂလိပ်ဖုံးလုပ်တော့မည်ဟု တွက်မည်သာ ဖြစ်၏။ သည်တော့ သူတို့အနေနှင့် ဘာလုပ်မည်နည်း။ သူတို့လည်း အင်္ဂလိပ်ဖုံးလုပ်ရန် ပြင်ဆင်ရမည်သာဖြစ်၏။ ထို့ကြောင့် ဒစ်စတိန်းတစ်ယောက် အင်္ဂလိပ်လောင်စာ ယူရေနီယံ ရှာပုံတော်ထွက်ခဲ့ခြင်း ဖြစ်ရမည်။ ဟာစန်သည် ထိုအဖြေသို့ တွေးနိုင်ခြင်း မရှိသေး။ ရော့စတော့အနေနှင့်လည်း ဟာစန်ကို အသိမပေးလို။ ဟာစန်ကို အသိပေးသည်နှင့် ဟာစန်မှ တစ်ဆင့် ကိုင်ရို၊ ကိုင်ရိုမှ တစ်ဆင့် အစ္စရေးတို့ထံ ပေါက်ကြားသွားမည်သာ ဖြစ်၏။

ကွန်ပျူတာစာရင်းကိုကြည့်၍ ဒစ်စတိန်းသည် သူ၏ပစ်မှတ်ကို ရွေးမည်။ ထို့ကြောင့် ကွန်ပျူတာစာရင်းကိုလည်း ဟာစန်ကို မသိစေချင်။

ရော့စတော့ သွေးများကြွလာ၏။ ရော့စတော့အနေနှင့် စစ်တုရင်ပွဲတစ်ပွဲတွင် တစ်ဖက်ကစားသူက သုံးလေးကွက်ရွှေ့အပြီး သူ့ကစားကွက် ပရိယာယ်ဆင်ကွက်ကို မြင်လိုက်ရသလို ဖြစ်နေ၏။ ရန်သူ၏သွေး၊ ရန်သူ၏ရနံ့ကို သူ့နှာခေါင်းမှ ရလာသလို ဖြစ်နေ၏။

သည်ကြားထဲတွင် ဟာစန်က ကန့်လန့်ကန့်လန့် ရှုပ်နေ၏။ ဟာစန်သည် အပျော်တမ်းသာသာ စိတ်ထက်သန်စွာဖြင့် ရသမျှသတင်းကို ကိုင်ရိုသို့ ပို့ချင်နေသူ မဟုတ်ပါလား။

သူတို့နှစ်ဦးသားသည် အဒိုဖီအရပ်သို့ ရောက်လာ၏။ နောက်သို့ ပြန်ကြည့်လိုက်ရာ ရှုခင်းသည် အောက်စဖို့ကို သတိရစေ၏။ သည်တွင် ဟာစန်ကို ဘယ်လိုလုပ်ရမည်ကို သိသွား၏။

ရော့စတော့က…

"ဒစ်စတိန်းဟာ သူ့နောက်ကို တစ်ယောက်ယောက်လိုက်နေတာကို တွေ့သွားတာနဲ့ တစ်ပြိုက်နက် မောင်ရင်နဲ့ဆုံခဲ့တာကို ဆက်စပ်တွေးမိမှာပဲ"

ဟာစန်က မျက်ခုံးချီ၍…

"ခင်ဗျား အဲဒီလိုပဲ ထင်သလား"

"ကြည့်လေ သူ တာဝန်တစ်ခုနဲ့ ထွက်လာခဲ့တယ်၊ အဲဒီမှာ မတော်တဆ





သူ့နာမည်ရင်းကိုသိတဲ့ အာရပ်မိတ်ဆွေဟောင်းတစ်ယောက်နဲ့ တွေ့တယ်၊ နောက်နောက်ချင်း သူ့နောက်က နောက်ယောင်ခံလိုက်လာတဲ့လူ ရှိလာတယ်"

"အင်း… တွက်ချင်တော့ တွက်မှာပေါ့၊ ဒါပေမယ့် သူ သေသေချာချာ သိနိုင်ပါဘူး"

"ဒါတော့ မှန်တယ်၊ ဒီတော့ ဒစ်စတိန်းက မောင်ရင့်ကို စုံစမ်းစစ်ဆေးဖို့ လိုလာလိမ့်မယ်၊ မောင်ရင့်နာမည်က အစ္စရေးတို့ဖိုင်မှာ ရှိတယ်ထင်သလား"

ဟာစန်က ဟန်ပါပါ ပခုံးတွန့်ပြလိုက်ပြီး…

"မပြောတတ်ဘူးလေ"

"မောင်ရင့်အနေနဲ့ တခြားအေးဂျင့်စပိုင်တွေဖြစ်တဲ့ အမေရိကန်၊ အင်္ဂလိပ်၊ အစ္စရေးတို့နဲ့ ပြိုင်ဆိုင်ပြီး ဆက်သွယ်လုပ်ဖူးသလား"

"ကျုပ်က အမြဲသတိထားနေခဲ့တာဗျ"

ရော့စတော့သည် အော်၍ ရယ်လိုက်ချင်၏။ တကယ်တမ်းကား ဟာစန်သည် အလွန်အကောင်သေးသော အေးဂျင့်တစ်ယောက်ဖြစ်၍ ရန်သူ၏ဖိုင်စာရင်းထဲ မဝင်နိုင်ဘဲ ရှိခြင်းသာ ဖြစ်မည်။ သို့သော် ရော့စတော့က…

"မောင်ရင့်နာမည် သူတို့ဖိုင်မှာ မရှိရင် ဒစ်စတိန်းက မောင်ရင့်မိတ်ဆွေတစ်ဦးဦးဆီကို သွားချဉ်းကပ်ရမှာပဲ၊ မောင်ရင်နဲ့ ဒစ်စတိန်းတို့ နှစ်ယောက်လုံးသိတဲ့ မိတ်ဆွေများ ရှိသလား"

"မရှိပါဘူး၊ ကျုပ် သူနဲ့ မတွေ့တာကြာပြီ၊ ကောလိပ်ခေတ်ပြီးကတည်းကပဲ၊ နောက်ပြီး ကျုပ်မိတ်ဆွေတွေဆီကလဲ သူ ဘာမှသိနိုင်မယ် မထင်ပါဘူး၊ ကျုပ်ကလဲ ကျုပ်အကြောင်း သတင်းကြေညာမောင်းခတ်နေတဲ့လူမှ မဟုတ်တာ"

"မဟုတ်ဘူးလေ၊ ဒစ်စတိန်းက အဲဒီမိတ်ဆွေကို ရိုးရိုးပဲ မေးရုံပဲ၊ မောင်ရင်ရဲ့အမှုအရာ အလေ့အကျင့်ကို၊ ဥပမာ–မောင်ရင့်ဆီကို ဘယ်ကမှန်းမသိတဲ့ဖုန်းမျိုး လာတတ်သလားတို့၊ ရုတ်တရက် ပျောက်သွားတတ်သလားတို့၊ တစ်ခါတလေ ပါလာတဲ့မိတ်ဆွေကို တခြားမိတ်ဆွေတွေနဲ့ မိတ်ဆက်မပေးဘဲနေသလားဆိုတာမျိုးပေါ့၊ အဲဒါထက် အောက်စဖို့မှာကော မောင်ရင်နဲ့ ခုထိအဆက်အသွယ်ရှိတဲ့လူများ ရှိသလား"

"ကျောင်းသားထဲကတော့ မရှိပါဘူး၊ ဒါပေမယ့် ဌာနတွေနဲ့တော့ အဆက်အသွယ်ရှိပါတယ်၊ အထူးသဖြင့် ပရော်ဖက်ဆာအက်ရှဖို့နဲ့တော့ အဆက်အသွယ်ရှိတယ်လေ၊ တစ်ခါတလေ ပရော်ဖက်ဆာ အက်ရှဖို့က ကျုပ်တို့ အာရပ်လှုပ်ရှားမှုကို လှူဒါန်းလိုတဲ့မိတ်ဆွေတွေကို ဆက်သွယ်ပေးလေ့ရှိတယ်"

"ဒစ်စတိန်းက အက်ရှဖို့ကို သိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ဗျာ၊ ကျုပ်နဲ့သူ အတူတူ အက်ရှဖို့အတန်း တက်လာခဲ့ကြ တာပဲဟာ"

"ဒါဆို ဒစ်စတိန်းဟာ အက်ရှဖို့ကို သွားတွေ့၊ မောင်ရင့်အကြောင်း တစ်စွန်းတစ်စပြောပြပြီး မေးလိုက်ရင်ပဲ မောင်ရင့်အပြုအမူ လှုပ်ရှားမှုတွေကို အက်ရှဖို့က ပြောပြလိမ့်မယ်၊ ဒါဆိုရင် ဒစ်စတိန်းဟာ မောင်ရင် အေးဂျင့်တစ် ယောက်ဆိုတာ သိသွားမှာပဲ"

"ဒါကတော့ လွန်ပါတယ်ဗျာ"

"မလွန်ဘူး ငါ့လူ၊ ဒါ လုပ်ထုံးလုပ်နည်းအတိုင်းပဲ၊ ကျုပ်ကိုယ်တိုင်လဲ ကျင့်သုံးဖူးတယ်၊ အောင်လဲ အောင်မြင်ဖူးတယ်"

"ဒါဆိုရင် တကယ်လို့ ဒစ်စတိန်းဟာ အက်ရှဖို့ကို ဆက်သွယ်မယ် ဆိုရင်"

"သူ့ကို ခြေရာခံဖို့ လမ်းစရသွားတာပေါ့၊ ဒါကြောင့် ကျုပ်က မောင်ရင့် ကို အောက်စဖို့ သွားစေချင်နေတာ"

"အို... "

ဟာစန်သည် ယခုမှ စကားလမ်းကြောင်းကို ရိပ်မိစပြု၏။ သို့သော် သူ့အနေနှင့် ချောင်ပိတ်မိနေပြီးဖြစ်သည်။ သူက...

"ဒစ်စတိန်းက ဖုန်းနဲ့ပဲ ဆက်ချင်ဆက်မှာနော်"

"ဖြစ်နိုင်တာပါပဲ၊ ဒါပေမယ့် ဒါမျိုးဆိုတာ လူကိုယ်တိုင် ဝင်တွေ့ရ တာက ပိုအဆင်ပြေတယ်လေ၊ ဒီမြို့ရောက်နေတုန်း ကြုံလို့ ဝင်လာတာဆိုပြီး ပြောရ ဆိုရကောင်းတာပေါ့၊ နိုင်ငံရပ်ခြားက ဖုန်းဆက်ပြီး ကြုံလို့ သတိရလို့ ဆိုတာ အတော်ဝေ့ကျတဲ့ကိစ္စပဲ၊ ဒါကြောင့် မောင်ရင်လဲ ဖုန်းဆက်လို့ မဖြစ်ဘူး၊ လူကိုယ်တိုင်သွားမှ... "

"ဟုတ်ပါတယ်၊ ခင်ဗျားပြောတာ မှန်ပါတယ်၊ ကျုပ်ကလဲ ကွန်ပျူတာ စာရင်းထွက်လာရင် ဖတ်ပြီး ကိုင်ရီကို သတင်းပို့မလို့... "

သည်လို သတင်းပို့မှာကိုပင် ရော့စတော့က စိုးရိမ်ရခြင်းဖြစ်သည်။ သူက...

"ကောင်းတာပေါ့ ဒါပေမယ့် မောင်ရင် ဒစ်စတိန်းကို ပြန်ပြီး ခြေရာခံ မိပြီဆိုတာကိုပါ သတင်းပို့နိုင်ရင် သိပ်ကောင်းသွားမှာပဲ"

ဟာစန်သည် အဝေးသို့ မျှော်ကြည့်လိုက်၏။

*





ဒစ်စတိန်းသည် ဘူတာသို့ ပိုစောရောက်နေပြီး ရထားကလည်း နောက်ကျနေ ပြန်ရာ တစ်နာရီလောက်စောင့်နေရ၏။ ဒစ်စတိန်းဘဝတွင် ပထမဆုံးအကြိမ် အဖြစ် နယူးစ်ဝိခ်သတင်းအပတ်စဉ်ကို အစမှ အဆုံး ဖတ်ဖူးသွားလေ၏။

ရထားဆိုက်သည်နှင့် စူဇာသည် မပြေးရုံတမည် ပြုံး၍ရောက်လာ၏။ နေ့တုန်းကလိုပင် သူ့လည်ပင်းကို ဖက်သိုင်း၍ သူ့ကိုနမ်းသည်။ သို့သော် သည်အကြိမ်၌မူ အနမ်းသည် ပို၍ကြာသည်။ ဒစ်စတိန်းသည် စူဇာကို ဂါဝန် ရှည်ကြီးဝတ်၍၊ သားမွေးတဘက်ကို ခြုံ၍ပတ်လာလိမ့်မည်ဟု စိုးရိမ်မျှော်လင့် ထားခဲ့သည်။ တကယ်တမ်းတွင်မူကား စူဇာသည် ခေတ်တစ်ခေတ်မှ အသစ် အသစ်လူသားဖြစ်ရကား ခြေနင်းရှည်၊ ဒူးဆစ်ဖုံးစကတ်၊ ပိုးအင်္ကျီပေါ်တွင် ဝေ့စ် ကုတ်ဝတ်ထားရကား၊ စပိန် ကျွဲသတ်သမားဖက်ရှင်မျိုး ဖြစ်နေ၏။ သူမမျက်နှာ ပေါ်တွင် မိတ်ကပ်မရှိ၊ ကုတ်အင်္ကျီမပါ၊ လက်ထဲတွင် ဘာမှမရှိ၊ လက်ကိုင် အိတ်ပင် ကိုင်မထား။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက်ပြုံး၍ အတန်ကြာ အောင် စိုက်ကြည့်နေကြ၏။ အတန်ကြာမှ ဘယ်ကိုသွားရမည်မှန်းမသိသော ဒစ်စတိန်းက သူ့လက်မောင်းကို စူဇာကိုင်ဖို့ ပေးလိုက်၏။ သူတို့နှစ်ဦးသား တက္ကစီဂိတ်သို့ လာခဲ့၏။

တက္ကစီကားထဲသို့ရောက်ခါမှ ဒစ်စတိန်းက...

"ဘယ်ကို သွားကြရမှာလဲဟင်"

"ရှင်... ကြိုတင်ပြီး ဘွတ်လုပ်(နေရာယူ)မထားဘူးလား"

ဟုတ်ပေသားပဲ၊ စားပွဲနေရာကို ကြိုတင်ယူထားဖို့ ကောင်းသည်။ ခုတော့ မတတ်နိုင်တော့ဘူး။ သူက...

"ကျုပ်က လန်ဒန်စားသောက်ဆိုင်တွေကို မသိဘူးကွာ... "

"ဒါဆို ကင်းလမ်းကို သွား... "

စူဇာက ဒရိုင်ဘာအားပြောလိုက်၏။

ကားမောင်းထွက်လိုက်သည်နှင့် စူဇာက ဒစ်စတိန်းကိုကြည့်၍

"ဟဲလို နာသန်နီရယ်"

မည်သူမှ သူ့ကို နာသန်နီရယ်ဟု မခေါ်ခဲ့ဖူးချေ။ သူ့နားထဲမှာ ကျေနပ် နေ၏။

စူဇာရွေးချယ်လိုက်သော ချယ်လ်စီဟိုတယ်မှာ သေးသေးမိမိ သန့်သန့် ကလေးဖြစ်သည်။ သူတို့ထိုင်ရန် စားပွဲသို့ သွားစဉ် ဒစ်စတိန်းစိတ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ခု နှစ်ခုသည် မြင်ဖူးတွေ့ဖူးသလို အောက်မေ့နေ၏။ ရင်ထဲမှာ တင်းကျပ်သလို ဖြစ်လာ၏။ ထို့နောက်မှ သတိရသွား၏။ ထိုမျက်နှာများမှာ နာမည်ကြီးအဆိုကျော်များဖြစ်၍ သူ မြင်ဖူးခြင်းမှာ မဂ္ဂဇင်းထဲတွင် ဖြစ်ကြောင်း မှတ်မိလာ၏။ ဒစ်စတိန်း စိတ်သက်သာရာ ရသွား၏။

သူတို့ ထိုင်လိုက်ကြပြီးနောက် ဒစ်စတိန်းက...

"မင်းရဲ့မိတ်ဆွေ လူငယ်တွေအားလုံးကို ဒီပဲ အမြဲခေါ်လာသလားဟင်"

စုဇာက အေးစက်သောအပြုံးကို ပြုံးလိုက်ပြီး...

"ဒါ... ရှင့်ဆီက ပထမဆုံးကြားရတဲ့ အရော်ဆုံးစကားလုံးပဲ"

ဒစ်စတိန်းသည် ချက်ချင်းမှားသွားမှန်း သိပြီး...

"ဟုတ်တယ် ကျုပ်မှားသွားပါတယ်"

စုဇာက ပြန်ကျေသွားပြီ။

သူတို့နှစ်ဦးသား အစားအသောက်မှာစားကြ၏။

စကားစပ်မိ၍ စုဇာက သူမအနေနှင့် မူးယစ်ဆေးဝါးကိုရော၊ အရက်သေစာကိုပါ လူသားတို့၏ပြဿနာများကို ဖြေရှင်းရန်အဖြေဟု မယုံကြည်ကြောင်း ပြောလေ၏။

ဒစ်စတိန်းက...

"ဒါဆို မင်းက ဘာကိုယုံကြည်သလဲဟင်... စုဇာ"

စုဇာသည် ခဏမျှတွေ၍ စဉ်းစားနေလိုက်သည်။ ပြီးမှ ခပ်ပြုံးပြုံး ဒစ်စတိန်းကိုကြည့်၍...

"ကျွန်မယုံကြည်တာကတော့ လောကကြီးမှာ အချစ်ရှိရင် ပြီးတာပဲ ထင်တယ်"

ဒစ်စတိန်းသည် အစားအသောက်စာရင်း မီနူးကိုကြည့်ပြီး–

"စထရောဘဲရီ... မှာမှ ထင်တယ်"

ရုတ်တရက် စုဇာက

"အဲ့ထက် ရှင်က ဘယ်သူ့ကို ချစ်သလဲဟင်"

"မိန်းမကြီးတစ်ယောက်ရယ်၊ ကလေးတစ်ယောက်ရယ်၊ တစ္ဆေတစ်ယောက်ရယ်"

ဒစ်စတိန်းက ချက်ချင်းပင်ပြန်ဖြေ၏။ အကြောင်းမှာ သည်မေးခွန်းကို သူ့ဘာသာ ပြန်မေးနေမိသောကြောင့်သာ ဖြစ်၏။ သူက ဆက်၍...





"မိန်းမကြီးတစ်ယောက်ရဲ့နာမည်က အက်စသာတဲ့၊ သူဟာ အသက်ကြီးလှပြီ၊ သူဟာ ရှုပြည် ဇာဘုရင်လက်ထက်က အကြောင်းတွေအားလုံး သော်မိတယ်လေ၊ ကလေးကတော့ ယောက်ျားကလေး၊ နာမည်က မိုတီတဲ့၊ သူ့အတော့ ရတနာသိုက်ဝတ္ထုကို သဘောကျတယ်လေ၊ သူ့အဖေဟာ ၆ ရက်စစ်ပွဲမှာ ကျဆုံးသွားရှာတယ်"

"ဒါဆို တစ္ဆေကတော့ကော"

"မင်း စထရောဘဲရီယူမှာလား"

"ဟုတ်ကဲ့... ကျေးဇူးပါပဲ"

"ကရင့်ထည့်ဦးမှာလား"

"ကရင်မထည့်ချင်ဘူး... ရှင်က တစ္ဆေအကြောင်းကိုတော့ ကျွန်မကို ပြောတော့ဘူးပေါ့လေ"

"ကိုယ်တိုင်သိတော့ မင်းလဲ သိရမှာပေါ့"

အချိန်မှာ နွေလယ်ဖြစ်၍ စထရောဘဲရီမှာ အဆင်ပြေ စားကောင်းလှသည်။

ဒစ်စတိန်းက...

"ကဲ... မင်းကကော ဘယ်သူ့ကို ချစ်သလဲ ပြော"

"အဲ... "

စုဇာသည် တစ်မိနစ်ခန့် စဉ်းစားလိုက်သည်။

"အဲ...

နောက်... စားလက်စဇွန်းကို စားပွဲပေါ်မှာ ပစ်ချလိုက်ပြီး...

"အို... နာသန်နီရယ်၊ ကျွန်မ ရှင့်ကိုချစ်နေတယ် ထင်တာပဲ"

*

စုဇာ၏ပထမဆုံးအတွေးမှာ ငါ ဘာတွေဖြစ်နေပါလိမ့်။ ဘာဖြစ်လို့များ ငါ ဒီလို ပြောလိုက်ပါလိမ့်။

နောက်ခဏအတွင်း ပြန်တွေးမိသည်။

"အို.. ဘာမှ ဂရုစိုက်မနေနိုင်ဘူး၊ ဒါ အမှန်ပဲဟာ"

နောက်ဆုံးတွေးမိသည်မှာ...

"ဒါပေမယ့် ငါ သူ့ကို ဘာလို့များ ချစ်မိပါလိမ့်"

ဘာကြောင့်ဆိုသည်ကိုမူ သူမ မသိပါ။ ဘယ်တုန်းကချစ်မိသွားသည် ဆိုခြင်းကိုမူ သိပါ၏။ နှစ်ကြိမ်တိုင်တိုင် သူ၏ရင်ထဲမှ ပကတိဖြစ်သော ဒစ်စတိန်း



www.burmeseclassic.com

www.burmeseclassic.com



ကို သူမ မြင်လိုက်ရသည်။ ပထမအကြိမ် ဂျူးများကို လန်ဒန်နာဇီ လိုလားသူတို့က နှိပ်စက်ကလူပြုမှုကြသောအကြောင်းကို ပြောပြသည့်အခါက တစ်ကြိမ်၊ နောက် ခြောက်ရက်စစ်ပွဲမှာ ဖခင်ကျဆုံးသွား၍ ကျန်ရစ်သောကောင်လေးတစ်ယောက် အကြောင်းကို ပြောပြသောအခါက တစ်ကြိမ်၊ နှစ်ကြိမ်စလုံး ဒစ်စတိန်း၏ ဟန်ဆောင်မျက်နှာဖုံး ကွာကျခဲ့ပေသည်။ စူဇာအနေနှင့် ကြောက်ရွံ့အားငယ် သောလူတစ်ယောက်ကို မြင်ရဖို့ မျှော်လင့်ထားပါသည်။ တကယ်တမ်းတွင်ကား ဒစ်စတိန်းသည် ယုံကြည်ချက်အပြည့်အဝရှိသူ၊ ဆုံးဖြတ်ချက် ခိုင်မာစွာချပြီးသူ၊ သန့်စွမ်းသူအဖြစ် အမြဲမြင်နေရ၏။ ထိုနှစ်ကြိမ်ကလေးသာ လှစ်ခနဲ အမှန်ကို မြင်လိုက်ရသည်။

သည်လူကား အင်အားရှိသော၊ လျှို့ဝှက်သော၊ မကောင်းဆိုးဝါးတစ် ယောက်လို ဖြစ်နေ၏။ သူမသည် သူ့အနားသို့ရောက်ချင်သည်။ သူ့စိတ်ကို သိချင်သည်။ သူ၏လျှို့ဝှက်အတွေးများကို သိလိုသည်။ သူ့အချစ်ကို လိုချင် သည်။

ဒီလို တစ်ခါမှ သူမဘဝတွင် မဖြစ်ဖူးခဲ့။

*

နက်ဒစ်စတိန်းသည် အားလုံးမှားယွင်းနေကြောင်း သိ၏။

စူဇာသည် ငါးနှစ်ကလေးအရွယ်ဘဝက ကလေးသူငယ်များနှင့် ကြောင် ကလေးကို နားလည်စကားပြောတတ်သူ။ သူ့အား သံယောဇဉ်တွယ် ချစ်ခင်နေ ခဲ့သည်။ ယခုတော့ သူသည် 'ထိုကလေးချစ်' ချစ်စိတ်ကလေးကို အသုံးချနေ သလို ဖြစ်နေပြီလော။

သူသည် စူဇာ၏မိခင်အေလာကို တိတ်တခိုးချစ်ဖူးသည်။ အေလာ သေ ဆုံးခဲ့ပြီဖြစ်သည်။ ယခု အေလာနှင့်တူသော သမီးလေးစူဇာကို ဆက်လက်ချစ် ခင်ရမည်ဆိုသည်မှာ မလျော်ကန်လှပေ။

သူသည် ဂျူးတစ်ယောက်ဖြစ်ရုံသာမက အစ္စရေးပြည်သား ဖြစ်ပေသည်။ အစ္စရေးပြည်သားသာမက မော့ဆက်အေးဂျင့်တစ်ယောက် ဖြစ်ပေသည်။ သူလို လူမျိုးတစ်ယောက်အနေနှင့် အာရပ်မျိုးတစ်ဝက်ခန့်ပါသော မိန်းကလေးတစ် ယောက်ကို ချစ်ကြိုက်ဖို့ဆိုသည်က မဖြစ်သင့်ပါ။

စပိုင်တစ်ယောက် မိန်းကလေးချောချောတစ်ယောက်နှင့် ချစ်ကြိုက်ပြီ ဆိုသည်နှင့် ထိုမိန်းကလေးသည် မည်သည့် ရန်သူစပိုင်အဖွဲ့အစည်းမှ မိန်းကလေး ဖြစ်သည်လဲဟု မေးရမည်သာ ဖြစ်သည်။





အားလုံးသည် လွဲမှားနေပါသည်။

သို့သော် ဒစ်စတိန်းသည် ဘာမှ ဂရုမစိုက်ပါ။

*

...တို့နှစ်ဦးသားသည် စူဇာအိပ်မည့်အခန်းသို့ အငှားကားနှင့် ထွက်လာခဲ့ကြ ...၊ ရောက်သောအခါ စူဇာက ဒစ်စတိန်းကို ဝင်ပါဦးဟု ဖိတ်သည်။ အခန်း ...င် သူမ၏မိတ်ဆွေသည် ခရီးထွက်ရသည်။ သူတို့နှစ်ဦးသာ ရှိသည်။ ...က်ဆုံး အိပ်ရာထဲအထိ သူတို့နှစ်ဦး ရောက်သွား၏။ ပြဿနာက သည်မှာ ...သည်။

မိန်းမချောတစ်ဦးနှင့်အတူ အိပ်ရာထဲတွင် ဒစ်စတိန်းရှိနေပါလျက် ဒစ် ...တိန်း၏စိတ် သိပ်လှုပ်ရှားပြီး အားပိုငယ်လာ၏။

သူ၏အတွေးများသည် ၁၉၄၄ ခုနှစ် နာဇီအကျဉ်းစခန်းများသို့ ရောက် ...သွား၏။ ဒစ်စတိန်းသည် အရွယ်ကောင်းသော ဂျူးယောကျာ်းလေးတစ်ယောက် ...ဖြစ် ဆေးပညာစမ်းသပ်မှုအဖွဲ့က ရွေးချယ်ခံရသည်။ အစ ပထမတော့ ဒစ် ...တိန်းသည် ဆင်းရဲ၊ တော်ပြတ်၊ အနှိပ်စက်ခံအကျဉ်းစခန်းမှ ဆေးရုံတစ်ခုလို ...ကျနန ကျနန ဆေးစစ်သောဌာနသို့ရောက်သွား၍ ကံကောင်းသူဟု ...ောက်မေ့နေခဲ့၏။ နောက်မှ သူ့နဖူးတွေ့ ဒူးတွေ့ကြုံရတော့သည်။

နာဇီများသည် လူသားများကို တိရစ္ဆာန်သဖွယ် ဖိုမ ဆက်ဆံရေးကိစ္စ၊ ...င်ကိစ္စများကို နည်းမျိုးစုံဖြင့် သွားလာခြင်းပြုလုပ်၍ လေ့လာစမ်းသပ်ကြခြင်း ...ဖြစ်ပေသည်။

ထိုအချိန်ပြီးဆုံးခဲ့သည့်နောက်မှစ၍ ဒစ်စတိန်းသည် အမျိုးသမီးနှင့် ...အတူအိပ်၍ မရတော့။

ထိုအကျိုးအကြောင်းများကို ဒစ်စတိန်းက စူဇာကို ဖွင့်ပြောလိုက်လေ၏။

စူဇာက သိနားလည်စွာ ဒစ်စတိန်းကို ပွေ့ဖက်ထား၏။ ဥပါဒါန်ကြောင့် ...ဒ်ဖြစ်တတ်ကြောင်း ရှင်းပြသည်။ လိင်ဆက်ဆံမှုသည် ဆေးပညာအနေဖြင့် ...မ်းသပ်သည်သည်ဖြစ်စေ၊ မစမ်းသပ်သည်ဖြစ်စေ၊ သဘာဝတရားပဲဟု ပြော၏။

ထို့နောက် သူတို့နှစ်ယောက်သား ပွေ့ဖက်ရင်း နှစ်ခြိုက်စွာ အိပ်ပျော် ...သွားကြလေ၏။

*



www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ်ရော့စတော့သည် ကွန်ပျူတာစာရင်းကို ကြည့်ရင်း စိတ်ညစ်လာ၏။ သူနှင့် ဖြိုးတိုင်ရင်တို့သည် ရှည်လျားလှသောစာရင်းကို စိတ်မရှည်စွာ ဖတ်နေရ၏။ သူတို့အနေနှင့် ဒစ်စတိန်းတစ်ယောက် ဘယ်နေရာကိုပင် ပစ်မှတ်အဖြစ် ရွေးချယ်မည်ကို ခန့်မှန်း၍မရ။ ယခုပုံအတိုင်းဆိုလျှင် ဒစ်စတိန်းကို ပြန်လည်ခြေရာကောက်မိမှ ဖြစ်တော့မည်။

ယာစစ်ဟာစန်၏ အောက်စဖို့ခရီးသည် ပို၍ အရေးကြီးလာလေတော့၏။

သို့နှင့် သူတို့သည် ဟာစန်၏ဖုန်းကို စောင့်နေကြရလေသည်။ ၁၀ နာရီ ထိုးသောအခါ အအိပ်မက်သော နစ်ဘူနင်သည် အိပ်ရာဝင်သွားလေ၏။ ဖြိုးတိုင်ရင်သည် ၁၂ နာရီအထိ ကြိုးစားရှာနေသည်။ နောက်တော့ အိပ်ရာဝင်သွား၏။ မအိပ်နိုင်သူကား ရော့စတော့။ ဖုန်းက ည ၁ နာရီမှ လာသည်။ ရော့စတော့သည် ဖုန်းကို ထိတ်လန့်တကြား ထကိုင်လိုက်၏။ စိတ်လှုပ်ရှားမှုပျောက်ကင်းအောင် ခဏကြာမျှစောင့်နေပြီးမှ...

"ဟုတ်ကဲ့ ပြောပါ"

ဟာစန်၏အသံသည် မိုင်သုံးရာကျော်ဖြတ်၍ ဖုန်းခွက်ထဲမှာ ပေါ်လာ၏။

"ကျုပ် ရပြီဗျို့၊ ဒီငနဲက လွန်ခဲ့တဲ့ ၂ ရက်က ဒီရောက်ခဲ့တာပဲ"

ရော့စတော့သည် တယ်လီဖုန်းခွက်ကို ဝမ်းသာအားရ ဆုပ်ကိုင်လိုက်၏။

"ကဲကောင်းလိုက်တာကွာ"

"ကဲ... အခု ကျွန်တော်တို့ ဘာလုပ်မလဲ"

ရော့စတော့က စဉ်းစား၍...

"ဒါဆို တို့ သိသွားပြီဆိုတာ သူသိပြီပေါ့"

"ဟုတ်ကဲ့ ကျွန်တော် အဲဒီ ပြန်လာရတော့မလား"

"မလာနဲ့ဦး ဒါထက် ပရော်ဖက်ဆာကြီးက ဒစ်စတိန်း လန်ဒန်မှာ ဘယ်လောက်ကြာကြာနေမယ်လို့ ပြောသလဲ"

"မသိဘူး ကျွန်တော်လဲ တိုက်ရိုက်မေးတာပဲ၊ ပရော်ဖက်ဆာ မသိဘူး၊ ဒစ်စတိန်းကလဲ မပြောဘူး"

"အေးလေ သူဘယ်ပြောပါ့မလဲ"

ရော့စတော့သည် မျက်မှောင်ကုပ်၍ တွက်ချက်ကြည့်နေလိုက်၏။

"ဒီလူ ပထမဆုံးလုပ်ရမှာကတော့ သူ့ကို လူသိသွားပြီဆိုတာ သတင်းပြန်ပို့ရမှာပဲ၊ ဒါဆို သူ လန်ဒန်ရုံးကို ဆက်သွယ်ရမှာပေါ့... "





"ခုလောက်ဆို ဆက်သွယ်ပြီးရောပေါ့"

"ဖြစ်နိုင်တာပဲ၊ ဒါပေမယ့် သူတို့လူနဲ့ တွေ့ဖို့ လိုချင် လိုနေဦးမှာ၊ ဒီငနဲ သိပ်သတိကြီးတဲ့လူ မဟုတ်လား၊ သတိကြီးရင် အချိန်ကြာတတ်တာပဲ၊ ဒါလေ... ဒါတွေ ကျုပ်တာဝန်ပဲထားပါ၊ လန်ဒန်ကို ကနေ့နေ့လယ် ကျုပ်ရောက်လာခဲ့မယ်၊ ဒါထက် မောင်ရင်က အခု ဘယ်မှာလဲ"

"ကျွန်တော် အောက်စဖို့မှာ ရှိသေးတာပေါ့၊ လေယာဉ်က ဆင်းဆင်းချင်း တန်းလာခဲ့တာပဲလေ၊ မနက်ကျမှ လန်ဒန်ကို သွားလို့ရတော့မှာ"

"ကောင်းပြီလေ လန်ဒန်ကျရင် ဟီလ်တန်ဟိုတယ်မှာ တည်းလိုက်၊ နေ့လယ်စာစားချိန်လောက် ကျုပ် အဲဒီကို ဆက်သွယ်မယ်"

"ဟုတ်ကဲ့"

"နေဦး"

"ပြောပါ"

"မောင်ရင့်ဘာသာ စိတ်ထဲရှိတာတွေ လျှောက်မလုပ်နဲ့နော်၊ ကျုပ်ရောက်တဲ့အချိန်ထိ စောင့်၊ ခုထိ မောင်ရင် လုပ်တာတွေ ဟန်ကျနေပြီ၊ ဖျက်ဆီးမပစ်နဲ့"

"အင်းပါ"

ဟာစန်သည် ဖုန်းချသွားလေ၏။

ရော့စတော့သည် အတန်ကြာ ငြိမ်ငြိမ်လေးထိုင်နေလိုက်၏။ ဟာစန်သည် တစ်ခုခုများ မဟုတ်တာ ကြံစည်နေလေမလား၊ သို့မဟုတ် လူလိမ္မာလေးလို ပြောသည့်အတိုင်း နေမလား၊ နေပုံပေါက်ပါသည်ဟု တွေးမိ၏။ ဘာပဲပြောပြော နောက်ထပ်နာရီအနည်းငယ်အတွင်းမှာတော့ ဖျက်လိုဖျက်ဆီး လုပ်နိုင်ဟု တွေးလိုက်၏။

ရော့စတော့သည် ဒစ်စတိန်းအကြောင်းကို ပြောင်း၍ စဉ်းစားလိုက်သည်။ ဒီငနဲသည် နောက်တစ်ခါ ခြေရာခံမိအောင် အခွင့်အရေးပေးမည် မဟုတ်တော့။ ရော့စတော့အနေနှင့် အမြန်ဆုံးလှုပ်ရှားမှ ဖြစ်မည်။ သူသည် ဂျာကင် ကောက်ဝတ်သည်။ ဟိုတယ်မှထွက်၍ ရှရှသံရုံးသို့ သွားလိုက်၏။

သံရုံးတွင် သူ့ကိုယ်သူ မည်သူမည်ဝါဖြစ်ကြောင်း လူလေးယောက်ထံ အဆင့်ဆင့်ရှင်းပြပြီးမှ သန်းခေါင်ကျော်လာသောဧည့်သည်အဖြစ် သံရုံးထဲ ဝင်ခွင့်ရသည်။ ရော့စတော့ ဆက်သွယ်ရေးရုံးခန်းထဲသို့ ဝင်လိုက်သောအခါ တာဝန်ကျသူက သတိအနေအထား ရပ်လိုက်၏။ ရော့စတော့က...



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ တို့ အလုပ်တွေ ရှိသေးတယ်၊ ကဲ... လန်ဒန်ကရုံးကို ဖုန်း ဆက်စမ်း"

ဖုန်းအော်ပရေတာသည် ဖုန်းခွက်ကို ကောက်ကိုင်၍ လန်ဒန်ရှိ ဆိုဗီယက် သံရုံးကို ခေါ်သည်။ ရှော့စတော့ ဂျာကင်ကိုချွတ်လိုက်သည်။ ပြီး ရှပ်အင်္ကျီလက် ကို ပင့်တင်လိုက်၏။

အော်ပရေတာက...

"ရဲဘော်၊ ကာနယ်ဒေးဗစ် ရှော့စတော့ စကားပြောပါလိမ့်မယ်၊ အဲဒီဌာန တာဝန်ရှိပုဂ္ဂိုလ်ကို ပေးပါ"

အော်ပရေတာက လိုင်းခွဲဖုန်းခွက်ကို ကိုင်ရန် ရှော့စတော့အား မျက်ရိပ် ပြလိုက်၏။

ဖုန်းခွက်ထဲမှ အသံထွက်လာသည်။

"ကာနယ်ပီထရော့ ပြောနေပါတယ်"

"ပီထရော့ ကျုပ် အကူအညီလိုနေတယ်"

ရှော့စတော့သည် သိုင်းဝိုင်းမနေတော့ပဲ လိုရင်းကို ပြောလိုက်၏။

"အစ္စရေးအေးဂျင့် နက်ဒစ်စတိန်း လန်ဒန်မှာ ရောက်နေတယ်လို့ ယူဆ ရတယ်"

"ဟုတ်ကဲ့... သူ့ဓာတ်ပုံကို ဌာနချုပ်က ပို့ပေးထားတာ ရှိပါတယ်၊ ဒီ ရောက်နေတယ်လို့တော့ မသိရပါဘူး"

"ဒီမယ်... နားထောင်၊ သူ သူ့ရဲ့အစ္စရေးသံရုံးကို ဆက်သွယ်ချင် ဆက်သွယ်လိမ့်မယ်၊ အဲဒီတော့ အစ္စရေးတွေရဲ့ အဆက်အသွယ် နေရာတွေ အားလုံး ကနေ့ မိုးလင်းတာနဲ့ စောင့်ကြည့်နိုင်းထားပါ"

"နေ... နေပါဦး ရှော့စတော့၊ အဲဒါဆို လူအင်အား အများကြီးလိုမှာ ပေါ့"

"လိုတာ ဘာဖြစ်လဲ၊ မောင်ရင့်မှာ လူတွေ ရာကျော်ရှိနေတာပဲ၊ အစ္စရေး တွေက ဆယ့်လေးငါးယောက် ရှိတော့မှာပေါ့"

"ဆောရီး... ရှော့စတော့၊ ဒီလိုလှုပ်ရှားမှုမျိုးကို ခင်ဗျားပါးစပ်က ပြော ရုံနဲ့ ကျုပ် လုပ်ဖို့မလွယ်ဘူး"

ရှော့စတော့သည် ထိုင်နေ၏လည်မျိုကို ဆွဲညှစ်ချင်စိတ် ပေါ်လာ၏။ စိတ်ကိုထိန်း၍...





"အခုကိစ္စက သိပ်အရေးကြီးတယ်"

"ဟုတ်ပါပြီလေ၊ ကျုပ်ကို အထက်က တရားဝင်အမိန့်ပေးပါစေ၊ ဒါဆို ကျုပ် ခင်ဗျားခိုင်းတဲ့အတိုင်း ကျုပ် လုပ်ပါ့မယ်"

"အဲဒီလိုအမိန့်စောင့်နေရင် ဒစ်စတိန်းက ပျောက်သွားမှာပေါ့"

"အဲဒါတော့... ကျုပ်လဲ မတတ်နိုင်ဘူး"

ရှော့စတော့သည် ဖုန်းခွက်ကို ဒေါသတကြီး ချပစ်လိုက်၏။

"သောက်သုံးမကျတဲ့ကောင်တွေ၊ နေရာတကာ အထက်က အမိန့်မရ ရင် ဘာမှ မလုပ်ချင်ဘူး"

အော်ပရေတာဘက် လှည့်၍...

"မော်စကိုကို ဆက်ကွာ၊ ဖီးလစ်ဗိုရွန်ဆော့ရှိတဲ့နေရာနဲ့ ငါ့ကို ဆက် သွယ်ပေးဖို့ပြော"

အော်ပရေတာသည် ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေပြန်၏။

ဖီးလစ်ဗိုရွန်ဆော့မှာ ရှော့စတော့၏အထက်အရာရှိ ဖြစ်သည်။

ခဏအကြာ ဖုန်းအဆက်အသွယ်ရသည်။ အိပ်ချင်မူးတူးနှင့် ဖီးလစ် ဗိုရွန်ဆော့အသံသည် ဖုန်းထဲမှ ပေါ်လာ၏။

"ဟုတ်ကဲ့... ခုပြောတာ ဘယ်သူပါလဲ"

"ဒေးဗစ် ရှော့စတော့ပါ၊ လူဇင်ဘတ်က စကားပြောနေပါတယ်၊ ကျွန်တော် ထောက်ခံချက်လိုနေလို့၊ ကျုပ်စိတ်ထဲမှာ နက်ဒစ်စတိန်းဟာ လန်ဒန် မှာရှိတဲ့ အစ္စရေးသံရုံးနဲ့ ဆက်သွယ်လိမ့်မယ်ထင်ပါတယ်၊ အဲဒါ လန်ဒန် အစ္စရေး တွေရဲ့လှုပ်ရှားမှုအားလုံးကို စောင့်ကြည့်နိုင်းချင်လို့"

"ဒါဆို... လန်ဒန်ခေါ်ပေါ့"

"ခေါ်ပြီးပြီ လန်ဒန်က အထက်အမိန့်လိုချင်လို့တဲ့"

"ဒါဆို လျှောက်ပေါ့"

"ဘုရားရေ.. ကျုပ် အခုလျှောက်နေတာပဲ၊ တောင်းနေတာပဲ"

"ဟ... အခုလို ညဉ့်နက်သန်းခေါင်ကြီးမှာ ကျုပ် ဘာလုပ်နိုင်မှာလဲ၊ မနက်ကျတော့ ဖုန်းဆက်ပေါ့"

"ဗျာ... ခင်ဗျားအနေနဲ့ဆိုရင်"

ရုတ်တရက်ပင် ရှော့စတော့သည် အခြေအနေအားလုံးကို နားလည်သွား ၏။ သူ့ကိုယ်သူ ထိန်းလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ မနက်ကျမှပေါ့"

"ဂွတ်ဘိုင်"

ဖုန်းလိုင်းကျသွား၏။

အော်ပရေတာလေးက...

"ခု ဘာဆက်လုပ်ရမလဲ ခင်ဗျ"

ရော့စတော့သည် မျက်မှောင်ကုပ်လိုက်၏။

"မော်စကိုလိုင်းကို မချလိုက်နဲ့ဦးကွာ၊ ငါ နည်းနည်းစဉ်းစားလိုက်ဦးမယ်"

တကယ်တမ်းကျတော့ သူ့အထက်အရာရှိ ဖီးလစ်သည် သည်အော်ပရေးရှင်းမှာ ရော့စတော့၏ စွမ်းရည်ဖြင့် အောင်မြင်သွားမည်ကို လိုလားပုံမရကြောင်း ရော့စတော့ ရိပ်မိသွား၏။

သည်တော့ လုပ်စရာက တစ်ခုသာရှိတော့သည်။ လုပ်ရမည်ကလည်း အန္တရာယ်တော့ ကြီးလှသည်။ ရော့စတော့သည် အတန်ကြာစဉ်းစားနေလိုက်၏။ နောက်ဆုံးမှ...

"မော်စကိုကို ပြောကွာ၊ ယူရီပိုပေါ့နဲ့ တိုက်ရိုက်ဆက်ပေးပါလို့"

အော်ပရေတာလေးက မျက်လုံးပြူးသွား၏။ သူ့အနေနှင့် ကေဂျီဘီအဖွဲ့ချုပ်၍ခေါင်းဆောင်ကြီးနှင့် ဖုန်းတိုက်ရိုက်ဆက်သွယ်ရန် တစ်ခါမှ မကြုံဖူးခဲ့။ သို့သော် ဘာမှမပြော။ ဖုန်းထဲမှ အဆင့်ဆင့် စကားပြောဆက်သွယ်နေ၏။ နောက်ဆုံး ရော့စတော့ကို တခြားဖုန်းခွက်ကိုင်ရန် အချက်ပြလိုက်၏။

ရော့စတော့ ဖုန်းကိုင်လိုက်၏။ ဖုန်းထဲမှ...

"မေဂျာ ရှာဘစ်စကီးပါ"

"ကာနယ်ရော့စတော့ စကားပြောနေပါတယ်၊ ကျုပ် ပိုပေါ့နဲ့ စကားပြောချင်လို့ သိပ်ကို အရေးကြီးတယ်"

ခဏအကြာတွင် ဖုန်းခွက်ထဲမှ ကေဂျီဘီအဖွဲ့ခေါင်းဆောင်ကြီး၏အသံပေါ်လာ၏။

"ဘယ်လိုလဲ... တကယ် ညကြီးမိုးချုပ်မှ"

"ဟုတ်ကဲ့ခင်ဗျ... ကျွန်တော့်မှာ တခြားနည်းလမ်းမရှိတော့လို့ပါ"

"ကဲ... ဒါဖြင့်ပြော ဘာလဲ"

"မော့ဆက်တွေက ယူရေနီယံနောက် လိုက်နေကြပြီ"





"ဟေ... ဟုတ်လား"

"ဟုတ်ကဲ့ သူတို့ရဲ့အေးဂျင့် 'ပင်လယ်ဓားပြ' ဟာ အင်္ဂလန်ရောက်နေပါတယ်၊ သူဟာ လန်ဒန်အစ္စရေးသံရုံးကို ဆက်သွယ်မယ်လို့ ယူဆရပါတယ်၊ ကျွန်တော်က လန်ဒန်မှာရှိတဲ့ အစ္စရေးလှုပ်ရှားမှုအားလုံးကို စောင့်ကြည့်ခိုင်းတာ လန်ဒန်မှာရှိတဲ့ ပီထရော့က အထက်အမိန့်ရမှလို့ ပြောနေလို့"

"ကောင်းပြီလေ၊ ကျုပ် အခုပြောလိုက်မယ်"

"ဟုတ်ကဲ့ခင်ဗျ ကျေးဇူးပါပဲ"

●

www.burmeseclassic.com

www.burmeseclassic.com

[၈]

စုဇာကို ထားခဲ့ပြီး မနက်အလုပ်သွားရသည်မှာ ဒစ်စတိန်း စိတ်မဖြောင့်ပေ။

ဒစ်စတိန်းသည် နံနက် ၁၁ နာရီ ဖုလ်ဟာမ်းလမ်း စားသောက်ဆိုင်ပြတင်း ပေါက်မှ ချိန်းဆိုထားသော ပီယေဘောကို မျှော်ရင်း စိတ်ထဲက စုဇာအရှိန်မပြေ သေးပဲ ဖြစ်နေ၏။ သူသည် လန်ဒန် ဟိုသရီလေဆိပ်တွင် ယခု စားသောက်ဆိုင် နှင့် မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်ကို ဘောအား လာခဲ့ရန် စာပေးထားခဲ့ပြီး ဖြစ်သည်။ သူ့ရင်ထဲမှ စုဇာကြောင့်ဖြစ်ပေါ်နေသော စိတ်လှုပ်ရှားမှုသည် မပျောက် နိုင်သေး။ တစ်သက်လုံးများ မပျောက်ပဲ ရှိတော့မည်လား မပြောတတ်သေး။

ဒစ်စတိန်းသည် နံနက် ၆–နာရီတွင် နိုးလာပြီး သူ့ကိုယ်သူ ဘယ်ရောက် နေပါလိမ့်ဟု ပထမအံ့သြနေ၏။ နောက်–စုဇာ၏ ရှည်သွယ်ညို့ဖျော့သောလက်များ သူ့ခေါင်းအုံးနံဘေးမှာ တွေ့ရသည်။ စုဇာသည် ကလေးငယ်တစ်ယောက်လို ကွေးကွေးကလေး အိပ်နေ၏။ သည်တွင် ညက အဖြစ်သည် အားလုံးပြန်သတိ ရပြီး ကံကောင်းလှသော သူ့အဖြစ်ကို မယုံနိုင်အောင် ဖြစ်နေ၏။ ဒစ်စတိန်း ရင်ထဲက စုဇာကို မနိုးချင်ပါ။ သို့သော် စုဇာ၏ကိုယ်လုံးလေးကို အိပ်မက် မဟုတ်ကြောင်းသိသာရန် ကိုင်မကြည့်ပဲ မနေနိုင်ဖြစ်နေ၏။ ဒစ်စတိန်း လက်နှင့် ထိလိုက်သည်နှင့် စုဇာက မျက်လုံးဖွင့်သည်။ သူတို့နှစ်ဦး ချစ်ကျီစယ်နေလိုက် ကြသည်။ နောက် မီးဖိုချောင်ထဲတွင် ကော်ဖီခပ်ပေါ့ပေါ့၊ ပေါင်မုန့်တူးတူးကင် ရင်း ဆော့နေကြ၏။

ဒစ်စတိန်း သည်လို တစ်သက်လုံးနေချင်စိတ် ပေါက်လာ၏။





စုဇာက ဒစ်စတိန်းကိုယ်ပေါ်မှ အမာရွတ်များကိုကြည့်ပြီး ဘယ်တုန်းက ...ဒဏ်ရာလဲဟု မေးသည်။ ဒစ်စတိန်းက...

"ကိုယ် အစ္စရေးကို ရောက်ပြီးမှ စစ်ပွဲသုံးကြိမ်တိုက်ခဲ့ရပြီးပြီ မဟုတ် ...:"

ဤစကားသည် အမှန်ပင်ဖြစ်ပါသည်။ သို့သော် လုံးဝဥဿုံ အမှန် ...ားတော့ မဟုတ်ပေ။

စုဇာက...

"ဘာဖြစ်လို့ အစ္စရေးကို သွားတာလဲဟင်"

"လုံခြုံမှုပေါ့... "

"ဒါပေမယ့် အစ္စရေးမှာ တကယ်က လုံမှမလုံခြုံပဲ၊ ခဏ ခဏ စစ် ...ိုက်နေရတဲ့ဟာ"

"လုံခြုံမှုတစ်မျိုးလေ... "

ဒစ်စတိန်းက ဆင်ခြေ့ရန်ရှောင် ပြောလိုက်၏။ အတိအကျ ရှင်းမပြချင် ...။ သို့သော် ချက်ချင်းပင် စိတ်ပြောင်းလိုက်ပြီး သူ့ဘဝ သူ့အဖြစ်အားလုံးကို ...ပြည့်စုံစုံ မှန်မှန်ကန်ကန် သိစေချင်လာ၏။ သို့နှင့်...

"မင်းတို့ဟာ တို့နဲ့ မျိုးမတူဘူး၊ ဂျူးတွေပဲ၊ လူမဟုတ်ဘူးဆိုပြီး ဂျူး ...တွေကို ဝိုင်းမပယ်တဲ့နေရာရှိဖို့ လိုတယ်လေ"

စုဇာသည် ဒစ်စတိန်းကို ကြည်လင်သောမျက်လုံးများနှင့် ကြည့်နေ၏။ ...စ်စတိန်းသည် သူ့ဘဝ သူ့ယုံကြည်ချက်ကို မထိမ်မဝှက်ပြောပြချင်၏။ သူက...

"ကျုပ်တို့က ပါလက်စတိုင်းဖြစ်ဖြစ်၊ ယူဂန္ဒာပဲ ရွှေးရွှေး၊ မန်ဟတ်တန်ပဲ ...တ်မှတ် သတ်မှတ်၊ ပြဿနာမဟုတ်ဘူး၊ ဘယ်နေရာပဲ ဖြစ်ဖြစ်၊ ဒါ ကျုပ်တို့ ...နေရာ၊ ကျုပ်တို့မြေ၊ ကျုပ်တို့ပြည်၊ သည်မြေ သည်ရေအတွက် အသက်သွေး ...ပေးပြီး ကာကွယ်ဖို့ ဝန်မလေးဘူးဆိုတဲ့စိတ် ရှိနေဖို့အတွက် တိုင်းပြည် ဂျူး ...ိုင်းပြည်တစ်ခုရှိဖို့ လိုတယ်၊ ဒါကြောင့်လဲ ဂျူးတိုင်းပြည်၊ အစ္စရေးတိုင်းပြည် ...ည်ထောင်ဖို့အရေးမှာ တရားသောနည်း၊ မတရားသောနည်း ရွေးချယ်မနေ ...ဘူး၊ ဖြစ်တာနဲ့ တည်ဆောက်ရမယ်ဆိုပြီး လုပ်ခဲ့ကြတာပဲ၊ ကိုယ့်အယူအဆကို ...ပြောပြနေတာနော်... "

ဒစ်စတိန်းသည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်၏။

"တခြားနေရာတွေမှာလဲ ဂျူးတွေ နေကြတာပါပဲ၊ နယူးယော...မှာ၊ ...ရုစ်မှာ၊ တိုရန်တိုမှာ၊ အဲဒီနေရာတွေမှာ ဘယ်လောက်ပဲ အဆင်...ပြတယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြော၊ ဘယ်လောက်အခြေအနေတွေ မြင့်မားမြင့်မား၊ အဲဒီအခြေအနေဟာ ဘယ်လောက်ကြာကြာခံမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ ဘယ်အကျပ် အတည်းဆိုက်ရောက်လာတဲ့အခါမှာ အပြစ်တွေအားလုံးကို ဂျူးတွေအပေါ်မှာ ပုံချမလဲ မပြောတတ်ဘူး၊ အစ္စရေးမှာတော့ ရှင်းတယ်၊ ဘာပြဿနာပဲဖြစ်ဖြစ် အပြစ်ပုံချ ခံစရာအကြောင်းမရှိဘူး၊ ဒါကြောင့် ကိုယ် အစ္စရေးကို သွားခဲ့တာပဲ အဲ–ကိုယ့်ရင်ထဲမှာရှိတဲ့ ခံစားမှုကို စကားလုံးတွေနဲ့ ပြောပြနေတာပဲ၊ တစ်ခါမှ ဒီလို မပြောဖူးဘူး… ”

ခဏအကြာ စူဇာက…

“ဖေဖေက အစ္စရေးတိုင်းပြည်ကိုယ်တိုင်ကပဲ မျိုးရိုးတိုင်းပြည်ဆန်လွန်းတယ်လို့ ယူဆနေတာပဲ… ”

“ဒါကြောင့် ကနေ့လူငယ်တွေက ပြောနေကြတာပေါ့၊ သူတို့မှာ အချက်တစ်ချက်ရှိတယ်လေ၊ တကယ်လို့”

စူဇာသည် ဒစ်စတိန်း၏စကားဆက်ကို စောင့်နေ၏။

ဒစ်စတိန်းက…

“တကယ်လို့ ကိုယ်နဲ့မင်း သားသမီးထွန်းကားပြီ ဆိုပါစို့၊ ဒါဆို သူတို့ကကလေးကို ဂျူးအစစ်မဟုတ်ဘူးလို့ ငြင်းကြမှာပဲ၊ ဒီကလေးဟာ ဒုတိယတန်းစားပြည်သူပြည်သား ဖြစ်မနေဘူးလား၊ ဒါပေမယ့် အဲဒီအယူအဆမျိုးဟာ ရာသက်ပန်မတည်တံ့နိုင်ပါဘူး၊ ခုလတ်တလောမှာတော့ ဘာသာရေး ရှေ့တန်းတင်တဲ့လူတွေက အစိုးရပိုင်းမှာ အားများနေတုန်းပေါ့၊ ဒါ မလွှဲမရှောင်နိုင်တဲ့တရားပဲ ဓိယွန်ဝါဒကပဲ ဘာသာရေးလှုပ်ရှားမှုပဲ မဟုတ်လား၊ ဒါပေမယ့် တိုင်းပြည်ကရင့်ကျက်လာတာနဲ့ အမျှ ဘာသာရေးရှေ့တန်းတင်မှုဟာ ယုတ်လျော့လာရမှာပဲ ခုပဲ မျိုးရိုးဥပဒေတွေဟာ ငြင်းခုံစရာဖြစ်နေပြီလေ၊ ကိုယ်တို့လဲ တိုက်နေကြတာပဲ နောက်ဆုံးကျတော့ ကိုယ်တို့ နိုင်ရမှာပါ”

စူဇာသည် ဒစ်စတိန်းရင်ခွင်ထဲဝင်၍ ပခုံးပေါ်မှာ ခေါင်းမှီတင်ထားလိုက်၏။ သူတို့နှစ်ဦးသား သည်အတိုင်းဖက်ပွေ့ထားလိုက်ကြသည်။ စူဇာသည် အစ္စရေး၏နိုင်ငံရေးကို စိတ်မဝင်စားကြောင်း ဒစ်စတိန်းသိသည်။ သားသမီးထွန်းကားလာရင်ဆိုသော စကားလုံးလေးက စူဇာ့ရင်မှာ လှုပ်ရှားသွားကြောင်း ဒစ်စတိန်းသိသည်။

ယခု စားသောက်ဆိုင် ပြတင်းပေါက်နားမှာ ထိုင်ရင်း အဖြစ်အပျက်အားလုံးကို သတိရရင်း၊ စူဇာ့ကို သူ့ဘဝမှာ အမြဲရှိနေချင်ကြောင်း သိသွားလေ၏။





အကယ်၍များ စူဇာက သူ၏တိုင်းပြည်ကို မလိုက်လိုဟု ငြင်းဆန်ခဲ့ပါက သူ ဘာကိုအဆုံးရှုံးခံရမည် မသိပေ။ အစ္စရေးကိုလား၊ စူဇာ့ကိုလား၊ သူ မဝေခွဲတတ်။

သူသည် လမ်းမကိုကြည့်နေ၏။ ဇွန်လ၏ရာသီဥတုအတိုင်း မိုးသည် သည်းမန်ကြီးရွာ၍ အတန်အေးပေသည်။ အနီရောင်ဘတ်စ်ကားများ၊ အနက်ရောင် အငှားကားများက မိုးရေထဲမှာ ဥဒဟို ဖြတ်ပြေးနေကြ၏။ သူပိုင်တိုင်းပြည်၊ သူပိုင် မိန်းမ၊ နှစ်ခုစလုံးကို ပိုင်ဆိုင်သူတစ်ယောက် ဖြစ်နိုင်ပါ့ကလားဟု ဒစ်စတိန်း တွေး၏။

သည်လိုသာဆိုလျှင် အလွန်ကံကောင်းတဲ့ ငါပဲဟု တွေးသည်။

အငှားကားတစ်စီးသည် မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်ရှေ့ ထိုးရပ်သည်။ ဒစ်စတိန်းတစ်ကိုယ်လုံးသည် တောင့်ခနဲ ဖြစ်သွား၏။ မှန်ပြတင်းနားကို ထိုးကပ်၍ မိုးရေထဲမှာ အားပြု၍ ကြည့်သည်။ ကားပေါ်မှ ကိုယ်ခန္ဓာကြီးမားသော ပီယေဘောတစ်ယောက် အမည်းရောင်မိုးကာအင်္ကျီ ခပ်တိုတိုဝတ်၍ ဆင်းလာသည်ကို တွေ့ရမှတ်မိလိုက်၏။ နောက်တစ်ယောက်ကိုမူ မမြင်ဖူးပေ။ ဒစ်စတိန်းသည် လမ်းအထက်သို့ လှမ်းမျှော်ကြည့်သည်။

အညိုရောင် မတ်တူးဂျက်ဂွား ကားတစ်စီးသည် လက်ဖက်ရည်ဆိုင်နှင့် ကိုက်ငါးဆယ်အကွာမှာ ထိုးရပ်၏။ နောက်ဆုတ်ပြီး လက်ဖက်ရည်ဆိုင်ကို မြင်သာသောနေရာမှာ ထားသည်။ လူတစ်ယောက်ဆင်းပြီး လက်ဖက်ရည်ဆိုင်ဘက်သို့ လျှောက်လာသည်။

ဒစ်စတိန်းသည် စားပွဲမှ ထ၍ စားသောက်ဆိုင်အပေါက်ရှိ တယ်လီဖုန်းရုံသို့ ဝင်သည်။ သူ့အနေနှင့် မျက်နှာချင်းဆိုင်မှာ လက်ဖက်ရည်ဆိုင်ကို မြင်နေ၏။ ကြိုတင်အလွတ်ကျက်ထားသော ဖုန်းနံပါတ်ကို လှည့်လိုက်၏။

တစ်ဖက်မှ–

“ဟုတ်ကဲ့”

“ကျွန်တော် ဘီလ်နှင့် စကားပြောပါရစေ”

“ခင်ဗျာ ဘီလ် ဟုတ်လား၊ ဒီမှာ ဘီလ်ဆိုတာ မရှိပါဘူးခင်ဗျာ”

“ဟုတ်ကဲ့ ဆိုင်ထဲမှာ ရှိ၊မရှိ မေးပေးစမ်းပါဦး ခင်ဗျာ”

“ကောင်းပြီလေ ဗျို့ ဒီဆိုင်ထဲမှာ ဘီလ်ဆိုတာ ရှိသလား”

ခဏကြာသွား၏။ ပြီးမှ…

“ရှိတယ် ရှိတယ် လာပြီ”



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာ ဖုန်းခွက်ထဲမှ ပီယေဘော၏အသံ ထွက်လာ၏။

"ဟုတ်ကဲ့ ပြောပါ"

ဒစ်စတိန်းက

"ခင်ဗျားနဲ့ ပါလာတာ ဘယ်သူလဲ"

"လန်ဒန်ရုံးခွဲက တာဝန်ခံ၊ သူ့ကိုတောင် မယုံဘူးလား"

ဒစ်စတိန်းသည် ဘော၏အငေါ်အထေ့စကားကို မသိဟန်ပြုလိုက်ပြီး—

"ခင်ဗျားတို့နှစ်ယောက်နောက်မှာ အရိပ်ပါလာတယ်၊ အညိုရောင် ဂျက်ဂွားကားနဲ့ . လူနှစ်ယောက်"

"ကျုပ်တို့လဲ မြင်ပါတယ်"

"ဒါဆို မျက်ခြည်ဖြတ်လိုက်လေ"

"အင်းပေါ့၊ ဒီမယ်... လန်ဒန်ကို မောင်က ပိုသိပါတယ်၊ ဘယ်လိုမျက်ခြည်ဖြတ်ရင် အကောင်းဆုံးလဲ"

"လန်ဒန်ကလူကို တက္ကစီနဲ့ သံရုံးကိုပြန်လွှတ်လိုက်၊ ဒါဆို ဂျက်ဂွားက လိုက်သွားရလိမ့်မယ်၊ နောက် ဆယ်မိနစ်စောင့်၊ ခင်ဗျားက တက္ကစီတစ်စီးငှား"

ဒစ်စတိန်းသည် ခဏမျှတွေးရင်း လူသူရှင်းပြီး သိပ်မဝေးလှသော လမ်းတစ်ခုကို စဉ်းစားလိုက်ပြီး...

"ရက်ကလစ်လမ်းကို လာခဲ့၊ အဲဒီမှာ ကျုပ်ဆုံမယ်"

"အိုကေ"

ဒစ်စတိန်းသည် လမ်းတစ်ဖက်ကိုကြည့်ရင်း...

"ခင်ဗျားရဲ့အရိပ် ဆိုင်ထဲဝင်လာပြီ၊ ဒါပဲ..."

သူက ဖုန်းခွက်ချလိုက်၏။

ဒစ်စတိန်းသည် ပြတင်းပေါက်နားမှ သူ့ထိုင်ခုံကိုပြန်လာပြီး စောင့်ကြည့်နေလိုက်၏။ လန်ဒန်ရုံးမှလူသည် ဆိုင်ထဲမှ ထွက်လာသည်။ ထီးဖွင့်ပြီး ဆိုင်ရှေ့မှာရပ်ရင်း ကားစောင့်နေ၏။ အရိပ်များသည် လေဆိပ်တွင် ဘောကို မှတ်မိ၍သော်လည်းကောင်း၊ လန်ဒန်ရုံးမှလူကို တခြားအကြောင်းများကြောင့် နောက်ယောင်ခံလိုက်နေခြင်းသော်လည်းကောင်း ဖြစ်နိုင်သည်။ မည်သို့ဖြစ်စေ အကြောင်းမထူးပါ။ အရိပ်ပါလာခြင်းကား အရိပ်ပါလာခြင်းပင် ဖြစ်သည်။

တက္ကစီကားတစ်စီးရပ်ပြီး လန်ဒန်ကလူ ကားပေါ်တက် ထွက်သွားသည်။ ဂျက်ဂွားကားသည်လည်း စက်နှိုး၍ နောက်မှ လိုက်သွား၏။





ဒစ်စတိန်းကိုယ်တိုင်လည်း စားသောက်ဆိုင်မှထွက်၍ တက္ကစီကားတစ်စီး ကို လက်ပြတားလိုက်သည်။ တက္ကစီကားတွေ စပိုင်တွေဆီက ပိုက်ဆံအတော် ငြိက်မှာပဲဟု သူ တွေးမိသည်။

သူသည် ကားဆရာက ရက်ကလစ်လမ်းသို့သွားပြီး ရပ်စောင့်နေရန် ပြောကြားလိုက်၏။ နောက် ၁၀ မိနစ်ကြာသောအခါ နောက်တက္ကစီတစ်စီး ဆိုက်လာပြီး ဘော ကားပေါ်မှ ဆင်းသည်။

ဒစ်စတိန်းက ကားဆရာအား...

"မီးဖွင့်ပြီး အချက်ပြလိုက်ဗျာ၊ အဲဒီလူကိုပဲ ကျွန်တော်စောင့်နေတာ"

ဘောသည် အချက်ပြသည်ကိုမြင်ပြီး လက်ပြ၏။ ထိုစဉ် လမ်းထဲသို့ ဒုတိယတက္ကစီတစ်စီး ဝင်လာပြန်၏။ ဘော လှမ်းမြင်သည်။

တတိယတက္ကစီပေါ်မှ အရိပ်က ဘာလုပ်မလဲဟု စောင့်ကြည့်နေ၏။ ဤအချက်ကို ဘောက ရိပ်မိသည်။ ထို့ကြောင့် သူ ငှားလာသော တက္ကစီကားကို ပြန်လွှတ်ပြီး လမ်းလျှောက်လာလိုက်၏။ ဒစ်စတိန်းက သူ့ကားဆရာကို နောက် ထပ်အချက်မပြခိုင်းတော့။

ဘောသည် ဒစ်စတိန်းကားနံဘေးမှ ဖြတ်၍ ကျော်သွား၏။

အရိပ်သည် တက္ကစီကားခ ရှင်းလိုက်ပြီး ဘောနောက်သို့ လမ်းလျှောက်၍ လိုက်သည်။ အရိပ်၏တက္ကစီကား ထွက်သွားသောအခါ ဘောသည် ပြန်လှည့်ပြီး ဒစ်စတိန်းကားရှိရာသို့ ပြေးလာ၍ ဝင်လိုက်၏။ ဒစ်စတိန်းက ကားဆရာအား...

"အိုကေ... ထွက်..."

ကားမောင်းထွက်လာသောအခါ အရိပ်သည် လမ်းပေါ်မှာ အူကြောင်ကြောင်နှင့် ကျန်ရစ်၏။ နောက်ထပ် တက္ကစီတစ်စီးကို ရှာနေ၏။ လမ်းမှာ လူရှင်းလှသည်။ နောက်ထပ် ကားတစ်စီးရရန် ငါးမိနစ် ဆယ်မိနစ်ကြာဦးမည် ဖြစ်သည်။

ဘောက...

"မပိုင်ဘူးလား"

ဒစ်စတိန်းက...

"လွယ်ပါတယ်"

ကားဆရာက လှည့်ကြည့်၍

"ခင်ဗျားတို့က ဘာတွေလဲဗျာ"

ဒစ်စတိန်းက...



www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့လေ... ကျုပ်တို့က စပိုင်တွေပါ..."

ကားဆရာက ရယ်မောရင်း...

"ဒါဆို ဘယ်ကိုသွားရမှာလဲ အမ်-အိုင်-၅ (စပိုင်အဖွဲ့ချုပ်) ကိုလား..."

ဒစ်စတိန်းက...

"မဟုတ်ပါဘူး သိပ္ပံပြတိုက်ကို မောင်းပါ"

ဒစ်စတိန်းသည် ခံမှာမိုတိုင်လိုက်ပြီး ဘောအား...

"ကဲ... ဘီလ် ဘယ်လိုလဲဗျာ..."

ဘောက မျက်မှောင်ကုပ်လိုက်ပြီး...

"မောင်ရင် ဘာတွေများ အူမြူးနေတာလဲ"

သူတို့နှစ်ယောက်သည် ကားထဲမှာ ဆက်၍ စကားမပြောတော့။ သည်တော့မှ ဒစ်စတိန်းသည် ယခုလိုတွေ့ဆုံရမည့်အရေးအတွက် သူ့အနေနှင့် ကြိုကြိုတင်တင် ဘာမှမပြင်ဆင်ခဲ့ရ။ ဘောနှင့်တွေ့သောအခါ ဘာပြောမည်၊ ဘာလိုချင်သည်ကို ကြိုတင်ဆုံးဖြတ်ထားခဲ့ဖို့ ကောင်း၏။

သူ တွေးသည်။ သူ ဘာလိုချင်ပါလိမ့်။ အဖြေသည် သူ့ခေါင်းထဲသို့ ဖြုန်းခနဲ ဆောင့်ဝင်လာ၏။ 'ငါ အစ္စရေးအတွက် အဏုမြူဗုံးရအောင် လုပ်ပေးချင်တယ်၊ ပြီးတော့ အိမ်ပြန်ချင်တယ်'

သူသည် ဘောထံမှ မျက်နှာလွှဲလိုက်၏။ မိုးစက်များသည် ကားမှန်ကို မျက်ရည်စက်များလို လာရောက်ထိကပ်ကြ၏။ ဒစ်စတိန်းသည် သူတို့နှစ်ဦး ကားထဲမှာ စကားပြော၍ မဖြစ်သည်ကို ဝမ်းသာနေ၏။ သူ့ရင်ထဲမှာကား 'ငါသည်အလုပ်ကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခဲ့ရင် ငါ အနားယူလို့ရပြီ'

ထိုအတွေးလေးသည် သူ့ရင်ထဲမှာ အတိုင်းအဆမရှိ ဝမ်းသာသွား၏။ သူသည် ဘောကိုကြည့်၍ ပြုံးပြလိုက်၏။ ဘောက မျက်နှာလွှဲ၍ အပြင်သို့ ကြည့်လိုက်သည်။

သူတို့သည် သိပ္ပံပြတိုက်ရောက်သည်နှင့် ကားပေါ်မှဆင်း၍ အတွင်းသို့ ဝင်လိုက်ကြသည်။ အတွင်းသို့ရောက်ခါမှ ဘောက...

"မောင်ရင့်ကို တာဝန်ကရုပ်သိမ်းဖို့ ကျုပ် စိတ်ကူးနေတယ်"

ဒစ်စတိန်းက ခေါင်းညိတ်လိုက်၏။ ခေါင်းထဲကမူ အတွေးများက ပြေးလွှားဆက်စပ်ကြည့်နေမိသည်။ ဟာစန်သည် ကိုင်ရိုကို သတင်းပို့မည်။ ကိုင်ရိုရှိ နစ်ဘက်ချွန်စပိုင်က အစ္စရေးကို အကြောင်းကြားမည်။ ဒါပဲ...

"ကျုပ်... ကို သိသွားကြပြီ မဟုတ်လား"





"အဲဒါကို သိတာ အတော်ကြာနေပြီ၊ မောင်ရင်က ကျုပ်ဆီကို ဆက်သွယ်ရင် နောက်ဆုံးအခြေအနေကို သိရမှာပေါ့"

"ဆက်သွယ်ရင် ခဏ ခဏ လူသိတာပဲရှိမယ်"

ဘောသည် မကျေမနပ်နှင့် ဆက်လျှောက်သွား၏။ နောက် ဆေးလိပ်သောက်ရန် အိတ်ထဲမှ ဆေးပြင်းလိပ်ကို ထုတ်လိုက်သည်။

ဒစ်စတိန်းက...

"ဒီထဲမှာ ဆေးလိပ်မသောက်ရဘူး"

ဘောသည် ဆေးလိပ်ကို ပြန်သိမ်းလိုက်ရ၏။

ဒစ်စတိန်းက...

"ပေါ်သွားတာက မဆန်းပါဘူး၊ ကျုပ် ခဏ ခဏ ကြုံဖူးပါတယ်၊ အရေးကြီးတာက သူတို့ ဘယ်လောက်သိသွားလဲ ဆိုတာပဲ"

"မောင်ရင့်ကို ဟာစန်က ဖော်လိုက်တာပဲ၊ ဟာစန်ဟာ အခု ရုရှတွေနဲ့ အတူတွဲလုပ်နေပြီလေ"

"သူတို့ ဘယ်လောက်သိနေကြပြီလဲ"

"မောင်ရင်... လူဇင်ဘတ်နဲ့ ပြင်သစ်သွားတာကို သိတယ်"

"ဒါ မဖြစ်လောက်ပါဘူး"

"ဟုတ်ပါတယ် မဖြစ်လောက်ပါဘူး၊ ကျုပ်လဲ မောင်ရင် လူဇင်ဘတ်နဲ့ ပြင်သစ်ရောက်ခဲ့တာ သိတာပဲ၊ ဘာတွေလုပ်ခဲ့သလဲဆိုတာသာ မသိတာ"

"ဒါဆို ကျုပ်ကို တာဝန်မှာ ဆက်ထားပေါ့"

"ဒါကတော့ မောင်ရင် ဘာတွေလုပ်ခဲ့သလဲဆိုတဲ့အပေါ် တည်တာပဲ"

ဒစ်စတိန်းသည် ဘောကို ဘယ်လိုလုပ်ပြောရမည်ကို စဉ်းစားပြီး...

"ကျုပ်က ခိုးယူဖို့ ယူရေနီယံ သယ်ယူပို့ဆောင်မှုတစ်ခုကို ရွေးထားပြီးပြီ၊ အဲဒါကတော့ တင်တာဝပ်က ဂျီနိုဝါကို သင်္ဘောနဲ့ ပို့မယ့် ယူရေနီယံတွေပဲ၊ နိုဝင်ဘာထဲမှာ ပို့မယ်၊ ကျုပ်က အဲဒီသင်္ဘောကို အပိုင်စီးမလို့"

"သွားစမ်းပါ"

ဘောသည် ဒစ်စတိန်းစိတ်ကူးကြောင့် ဝမ်းလည်းသာ စိုးလည်း စိုးရိမ်သွား၏။ သူက...

"ဒါဆို ဘယ့်နှယ်လုပ်ပြီး သိုသိုသိပ်သိပ် ဖြစ်မှာလဲ"

"ကျုပ် အဲဒါကို လုပ်နေတာပဲ"

ဒစ်စတိန်းအနေနှင့် ဘောအား နည်းနည်းထပ်ပြောဖို့ လိုလာ၏။ သူက...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဒီလန်ဒန်မှာရှိတဲ့ လှိုက် (သင်္ဘောအဖွဲ့ချုပ်) ကို သွားမလို့၊ အဲဒီမှာ သယ်ယူပို့ဆောင်မယ့်သင်္ဘောနဲ့ ဆင်တူသင်္ဘောတွေ ရှိ မရှိ စုံစမ်းမလို့၊ သင်္ဘောဆိုတာ ဆောက်ကတည်းက ဆင်တူသင်္ဘော ရှိရမှာပဲ၊ အဲဒီတော့ ကျုပ်က ဆင်တူသင်္ဘောတစ်စီးရအောင်ဝယ်ပြီး သင်္ဘောချင်း လဲမလားလို့"

ဘောသည် ခေါင်းကုတ်လိုက်ရင်း...

"ကျုပ်တော့ ဘယ်လိုလုပ်ပြီး"

"ဟုတ်ပါတယ်...ကျုပ်က အသေးစိတ်မစီစဉ်ရသေးပါဘူး၊ ဒါပေမယ့် မရိုးမသားတော့ လုပ်ရမှာပဲ"

"ဒါဆို ဆက်ပြီး အသေးစိတ်စီစဉ်ပေါ့"

"ဒါပေမယ့် ကျုပ်ကို တာဝန်က ရုပ်သိမ်းတော့မလို့ဆို"

"ဟုတ်တယ်... အတွေ့အကြုံရှိပြီးသား လူတစ်ယောက် မောင်ရင့်နေရာမှာ အစားထိုးလိုက်ရင် သူ့ကိုလဲ တစ်ဖက်က သိမှာပဲ"

"အဲ...တစ်ဖက်ကလူတွေမသိတဲ့ လူကို ရွေးလိုက်ပြန်ရင်လဲ အဲဒီလူက အတွေ့အကြုံမရှိပြန်ဘူး မဟုတ်လား"

"အဲဒီအပြင် ဒီကိစ္စကို ဖြစ်အောင်ဆောင်ရွက်နိုင်မယ့်လူဟာ မောင်ရင်က လွဲပြီး မရှိဘူး၊ ဒါ့ထက် မောင်ရင်မသိသေးတာ ရှိတယ်"

"ဘာလဲ"

"အီဂျစ်တွေရဲ့ ကွာတာရာစီမံကိန်းမှာ ရုရှတွေက အကူအညီပေးလိုက်ပြီတဲ့၊ ဒီတော့ ကျုပ်တို့က မြန်မြန်လုပ်မှ ဖြစ်မယ်၊ မောင်ရင့်ကိုဖယ်ပြီး တခြားလူတစ်ယောက်နဲ့ ကျုပ် စီစဉ်ရင် အချိန်က ကြာနေဦးမယ်"

"နိဂုံးဘာဆိုရင် မီတယ်မဟုတ်လား"

"မီရုံရှိမှာပဲ ကောင်းပြီလေ၊ မောင်ရင့်ကိုပဲ ဆက်တာဝန်ပေးရမှာပဲ၊ လုပ်စရာရှိတာ ဆက်လုပ်ပေါ့"

ဒစ်စတိန်းက အားရပါးရပြုံးလိုက်ပြီး ဘောပခုံးကို ပုတ်လိုက်၏။

"ခင်ဗျားဟာ တကယ့်မိတ်ဆွေပဲ၊ ပီယေ ဘာမှပူမနေနဲ့ ကျုပ် အဲဒီလူတွေကိုရှောင်ပြီး လုပ်ပြမယ်"

ဘောသည် မျက်မှောင်ကုပ်၍...

"မောင်ရင် ဘာဖြစ်နေတာလဲ၊ အမြဲ စပ်ဖြဲဖြဲနဲ့"

"ခင်ဗျားကို တွေ့နေရလို့ပါ၊ ခင်ဗျားမျက်နှာက အားဆေးတစ်ခွက်လိုပဲ"

"သွားစမ်းပါ"

*





ငယေဘောသည် ရိုင်းစိုင်းသူ၊ ငြိုးငွေ့စရာကောင်းသူ၊ မထိခိုက် မခံစားတတ်သူ ဖြစ်ချင်ဖြစ်ပေမည်။ သို့သော် လူအ,တစ်ယောက်တော့ မဟုတ်ပေ။ သူတို့နှစ်ဦး ခွဲခွာလိုက်သည်နှင့် နက် ဒစ်စတိန်းဘဝမှာ တစ်စုံတစ်ရာ အပြောင်းအလဲဖြစ်နေကြောင်း ရိပ်မိ၏။

အစ္စရေးသံရုံးသို့ လမ်းလျှောက်ပြန်လာခိုက် စဉ်းစားကြည့်မိ၏။ အနှစ် ၂၀ လောက်က ဒစ်စတိန်းကို စတွေ့ပြီး ယခုထိ ပူးတွဲလုပ်ကိုင်ခဲ့သည်။ ဒစ်စတိန်းသည် မပြောင်းလဲခဲ့။ တည်ငြိမ်အေးဆေးပြီး အသိခက်သူတစ်ယောက်အဖြစ် အမြဲနေခဲ့သည်။

ရယ်ခဲ၊ ပြုံးခဲ၊ စိတ်လှုပ်ရှားခဲ၏။

ယနေ့မှ...

ဘောအနေနှင့် ဘာကြောင့်ဟု သိမှ ဖြစ်မည်။

ဒစ်စတိန်းကို ခြေရာခံထားမှ ဖြစ်မည်။ ဒစ်စတိန်းကို ခြေရာခံဖို့အရေးမှာ မော်တော်ကားနှစ်စီး၊ လူအဆိုင်း သုံးဆိုင်း၊ ၈ နာရီစီသတ်မှတ်ပြီး လုပ်မှ ဖြစ်မည်။ လန်ဒန်က တာဝန်ခံငနဲကတော့ ညည်းတွားဦးမှာ မြင်ယောင်သေး၏။

*

မောင်ဖြိုးတိုင်ရင်သည် အမှန်အားဖြင့် ရော့စတော့ကို သဘောမကျပေ။ သို့သော် ရော့စတော့၏ လိမ္မာကျွမ်းကျင်မှုကိုကား မလေးစားပဲ မနေနိုင်။ သူကိုယ်တိုင်ကမူ လျှပ်စစ်ကိစ္စမှန်သမျှ အလွန်ကျွမ်းကျင်၏။ သို့သော် လူများကို ကိုင်တွယ်အသုံးပြုတတ်မှု၌ မကျွမ်း။

ဝေါကီတော်ကီစက်မှ အသံထွက်လာ၏။

"အဘားအယ်လွန်လမ်းမကြီးက ထွက်ပြီး နံပါတ် ၅၂ သို့မဟုတ် နံပါတ် ၉ ဘယ်မှာလဲ၊ ၅၂ လား"

"၅၂ ပါ၊ ကျုပ်တို့ နီးနေပြီ၊ ဆက်ပြီး ကြည့်မယ်၊ သူ့ပုံက ဘယ်လိုလဲ"

"ပလတ်စတစ်မိုးကာ ဝတ်ထားတယ်၊ ဦးထုပ်စိမ်း ဆောင်းတယ်၊ နှုတ်ခမ်းမွေးနဲ့"

မိတ်ဆွေတစ်ယောက်အဖြစ် ရော့စတော့သည် ဘာမှ မထူးခြားနိုင်။ သို့သော် ရန်သူအဖြစ်ထားရန်ကား အလွန်ကြောက်စရာကောင်းသူ ဖြစ်သည်။ ကားယ်ပီထရော့သည် ကောင်းကောင်းသိလိုက်ရပြီ ဖြစ်၏။ သူ ရော့စတော့၏



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုမှုကို ခွေလိုက်ခေါက်လိုက်ရန် ကြိုးစားခဲ့သည်။ ညတွင်းချင်း ညဥ့်နက် သန်းခေါင် ကေ-ဂျီ-ဘီခေါင်းဆောင်ကြီးကိုယ်တိုင်ထံမှ ဖုန်းဆက်ညွှန်ကြားခြင်း ခံရ၏။ သည်နောက်တော့ ရော့စတော့လက်ညှိုးညွှန်ရာ ရေဖြစ်ဖို့ပဲ ရှိတော့သည်။

"အိုကေ- ဒါ ရယ်တပ်ခွဲက အမျိုးအသမီး မြောက်ဘက်သွားပြီ"

"၁၉ ပါ၊ ကျုပ်တို့ ဆက်ကြည့်လိုက်မယ်"

၁၉ နေဦး၊ အမျိုးသမီး မဟုတ်သေးဘူး၊ သူ နဲ့ တူတဲ့ မိန်းမတစ်ယောက်"

ရော့စတော့သည် ပီထရော့ရှိ ရှိသမျှလူတွေရော ကားတွေရော ခေါ်လိုက်သည်။ လန်ဒန်၊ အစ္စရေးသံရုံးနားတစ်ဝိုက်တွင် အေးဂျင့်စပိုင်များနှင့် ပြည့်သွားသွားတော့၏။ သို့သော် ထိုစပိုင်အေးဂျင့်များကို မြင်သာဖို့ကား မလွယ်ပေ။ သူတို့သည် ကားများကို အမျိုးမျိုးသုံးစွဲကြ၏။ ဗင်ကား၊ မီနီကက်ကား၊ ထရပ်ကားများသုံးစွဲသည့်အပြင် ကားတစ်စီးက တံဆိပ်မပါသော ရဲ ဘတ်စကားနှင့်ပင် ချွတ်စွပ်တူနေသေး၏။

ခြေကျင်အဖွဲ့ကား ပို၍များသေးသည်။ တစ်လမ်းလုံး ပုံစံအမျိုးမျိုးနှင့် ပွစာတက်နေ၏။ တစ်ယောက်ကများ မပီကလာ ပီကလာအင်္ဂလိပ်စကားဖြင့် သံရုံးထဲတွင် အစ္စရေးသို့ ဘယ်လိုရောက်အောင် သွားရမည်နည်းဟုပင် မေးမြန်းနေ၏။

"၁၉ ရယ် တပ်ခွဲပြောနေတယ်၊ ၁၉ ကြားပါသလား"

"၁၉ ပါ ကြားပါတယ်"

"မင်း အခုထိ မြောက်ဘက်မှာ ရှိနေတုန်းပဲလား"

"ဟုတ်ကဲ့၊ အခု မိန်းကလေးပုံပန်းကို မြင်ရပါပြီ"

သို့သော် မည်သည့်အေးဂျင့်မှ အစ္စရေးသံရုံးကို မမြင်ရပေ။ သံရုံးတံခါးပေါက်ကို မြင်ရသူတစ်ယောက်သာ ရှိ၏။ ထိုလူကား ရော့စတော့ကိုယ်တိုင်ပင် ဖြစ်လေသည်။ ရော့စတော့သည် မိုင်ဝက်ခန့်အကွာ ဟိုတယ်တစ်ခု၏ ၂၀ ထပ် အခန်းတစ်ခန်းမှ အလွန်အားကောင်းလှသော မှန်ဘီလူးကို ထောက်မှာတင်၍ ကြည့်နေခြင်းဖြစ်သည်။

ရော့စတော့တွင် အသံလွှင့်စက်၊ အသံဖမ်းစက် ရှိနေ၏။ ကွင်းထဲမှ အေးဂျင့်များအားလုံး ကားရော လူပါ ဝေါကီတော်ကီ အသံလွှင့်စက်၊ အသံဖမ်းစက်တစ်လုံးစီ ရှိ၏။ သူတို့သည် သူတို့၏အသံလွှင့်လှိုင်းကို ၅ မိနစ်တစ်ခါ ကွန်ပျူတာနှင့် တွက်၍ ပြောင်း၏။ ၎င်းအသံလွှင့်စက်များသည် ဖြိုးတိုင်ရင်၏ လက်ရာဖြစ်ပေသည်။





"နံပါတ် ၈ မြောက်ဘက်ကိုရွှေ့"

"ဟုတ်ကဲ့ နားလည်ပြီ"

ဖြိုးတိုင်ရင်ကိုယ်တိုင်ကမူ ကင်းစင်းတန် ဘုရားရှိခိုးကျောင်းလမ်းရှိ ဘီယာပတ်တစ်ခုတွင်းမှာ ရောက်နေ၏။ လန်ဒန်နေ ကေ-ဂျီ-ဘီ အဖွဲ့ဝင်များက ...းကလပ်သည် စပယ်ရှယ်ဘရန်ချ်မှ အထူးစုံထောက်များ အမြဲလာလေ့ရှိကြောင်း ပြောပြထား၏။ အရွယ်ငယ်ငယ်၊ အဝတ်အစားသန့်သန့်နှင့် ဝီစကီသောက်နေကြသော လူလေးယောက်မှာ စုံထောက်များ ဖြစ်ချင် ဖြစ်နိုင်ပေသည်။ အခုနေ ဖြိုးတိုင်ရင်က ထိုလူများအား...

"ဒါထက် စကားမစပ် ကေ-ဂျီ-ဘီတွေက ခု လန်ဒန်မှာ ရှိသမျှ အစ္စရေးအေးဂျင့်တွေနောက်ကို နောက်ယောင်ခံလိုက်နေသဗျ"ဟု ပြောဆိုလိုက်ရာက ထိုလူများက...

"ဟုတ်လား လုပ်ကြပြန်ပြီလား"ဟု ပြန်ပြောကာ ဝီစကီ နောက်တစ်ကျော့မှာပြီး သောက်ကြမည့်ပုံ ဖြစ်ပေသည်။

မည်သို့ဖြစ်စေ ဖြိုးတိုင်ရင်ကိုယ်တိုင်ကမူ နောက်တစ်ခါ ပြန်ကြည့်ရမည့် အသွင်သဏ္ဌာန် မရှိ။ ထောင့်ကျကျ စားပွဲတစ်ခုံတွင် အင်္ဂလိပ်ဘီယာနှင့် အာလူးကြော် မြည်းနေ၏။ သူ့ရှပ်အင်္ကျီအိတ်ထောင်ထဲမှ ရေဒီယိုသည် ဝါယာကြိုးငယ် တစ်ခုဖြင့် သူ့နားကျပ်အသေးစားသို့ ဆက်ထား၏။ သူသည် နံဘေးပရိသတ်ကို ကိုယ်နှင့် ကွယ်၍ မိုးကာအင်္ကျီအတွင်းအိတ်ထဲရှိ စပီကာမှ တစ်ဆင့် ရော့စတော့ထံသို့ စကားပြော၍ ရသည်။

"၁၃ အစိမ်းရောင် ဗိုဗို ကားတစ်စီး၊ လူနှစ်ယောက်"

"နားလည်ပြီ"

"နောက်တစ်ယောက် ခြေကျင်၊ ကျုပ် ယီဂယ်မေယာလို့ ထင်တာပဲ၊ ၂၀ ကြားလား"

တိုင်ရင်သည် ၂၀ ဖြစ်သည်။ သူက...

"ကြားတယ် သူ့ပုံပန်း ပြော"

"အရပ်မြင့်၊ ဆံပင်မွဲမွဲ၊ ထီးပါ၊ ကုပ်ကြယ်သီးတပ်ထား၊ တိုက်လမ်းမပေါက်"

တိုင်ရင်က ဖန်ခွက်ကို လက်စသတ်လိုက်ပြီးနောက်...

"ကျုပ် လိုက်သွားပြီ"

အပြင်၌ မိုးရွာနေသည်။ တိုင်ရင်က မိုးကာအင်္ကျီအိတ်ထဲမှ ထီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လက်ကို ထုတ်၍ ဆောင်းလိုက်၏။ ခဏအကြာ အစိမ်းရောင်ဗိုဗိုတ ဖြတ်သွားသည်။ ဗိုဗိုနောက် ကားသုံးစီးအကွာခန့်မှာ ၁၃ ၏ အော်စတင်ကား

"နောက်ကားတစ်စီး လာပြန်ပြီ၊ ၅ မင်းတာဝန်ပဲ၊ အပြာရောင် ဖော စဝက်ဂွန်း လိပ်ခုံး"

"နားလည်ပြီ"

တိုင်ရင် နန်းတော်ဂိတ်သို့ ရောက်သောအခါ ညွှန်ကြားလိုက်သည့်လူ သူ့ထံ တူရူလာနေသည်ကို တွေ့၏။ တိုင်ရင် ဖြတ်လျှောက်လိုက်၏။ ထိုလူ လမ်းတစ်ဖက်လောက်ရောက်ပြီဆိုမှ နောက်မှ လိုက်သည်။

ပစ်မှတ်သည် ဝေးဝေးမသွား။ ကရွမ်းဝဲလမ်းရှိ ဟိုတယ်တစ်ခုထဲသို့ ဝင်သွား၏။ တိုင်ရင်သည် ဟိုတယ်ရှေ့မှ ဖြတ်သွားစဉ် မှန်ပြတင်းမှ ပစ်မှတ် ဖုန်းအိမ်ကလေးထဲသို့ ဝင်သွားကြောင်း မြင်ရ၏။ မလှမ်းမကမ်း လမ်းပေါ်တွင် အစိမ်းရောင်ဗိုဗိုကားကို တွေ့ရပြန်သည်။

တိုင်ရင်သည် လမ်းဖြတ်ကူးလိုက်၏။ အကယ်၍ ပစ်မှတ် ရုတ်တရက် ပြန်ထွက်လာက နောက်ယောင်ခံလိုက်နိုင်ရန် ဖြစ်သည်။

တိုင်ရင်သည် မိုးကာအင်္ကျီအိတ်ထောင်ဘက် ငုံ့၍…

"၂၀ ပြောနေတယ်…မေယာနဲ့ ဗိုဗိုကားစိမ်း…ဂျက်ကိုဆင်ဟိုတယ်မှာ ရှိတယ်"

"နားလည်ပြီ၊ ၂၀…၅နဲ့ ၁၃ အစ္စရေးကားတွေကို နောက်ယောင်ခံနေ တယ်၊ မေယာက ဘယ်မှာလဲ"

"ဟိုတယ်ဧည့်ခန်းမမှာ"

"ကောင်းပြီ သူနဲ့ အတူနေ"

သူသည် ဟိုတယ်နောက်ပေါက်မှ လှည့်ဝင်လိုက်၏။ ထီးပိတ် မိုးကာ အင်္ကျီချွတ်လိုက်သောအခါ ဆွယ်တာလက်ရှည်၊ ဘောင်းဘီနှင့် ဟိုတယ်ဧည့်သည် တစ်ဦးလို ဖြစ်သွား၏။

ပစ်မှတ်သည် ဖုန်းခန်းလေးထဲမှ မထွက်သေး။

တိုင်ရင်သည် အပြင်သို့ တစ်ချက် အကဲခတ်လိုက်ပြီးမှ ဧည့်ခန်းကုလား ထိုင်တစ်ခုတွင် တစ်စုံတစ်ယောက် စောင့်နေဟန် ဝင်ထိုင်လိုက်၏။

ပစ်မှတ်သည် ဖုန်းခန်းလေးထဲမှ ထွက်လာပြီး ဘားရှိရာသို့ သွား၍ ဘီယာတစ်ခွက်ယူလာကာ ဧည့်ခန်းမှာ ထိုင်သည်။

ပစ်မှတ် ဘီယာသောက်ချိန် မရလိုက်။





ဓာတ်လှေကားတံခါး ပွင့်လာပြီး နက်ဒစ်စတိန်း ထွက်လာသည်။

တိုင်ရင်သည် အံ့သြလွန်း၍ ဒစ်စတိန်းက စက္ကန့်အနည်းငယ်ကြာသည့် …အောင် စိုက်ကြည့်နေမိ၏။ ဒစ်စတိန်းက သူ့မျက်လုံးများနှင့် ဆုံမိသွားပြီး …ကျေးစွာ ခေါင်းနည်းနည်းဆတ်ပြသွား၏။ တိုင်ရင်က ခပ်လျော့လျော့ပြန် …ာ လက်မှနာရီကို ကြည့်လိုက်၏။ သူ့ရင်ထဲကမူ ထိုတည့်တည့်ကြည့် …သည် အလွန်များသော အပြုအမူဖြစ်ရကား ဒစ်စတိန်းအနေဖြင့် သူ့ကို …ျင့်တစ်ယောက်မဟုတ်ဟု ယူဆသွားနိုင်လောက်ပေသည်ဟု ကျိတ်ဖြေနေ၏။

ဒစ်စတိန်းသည် ကောင်တာသို့သွားပြီး သူ့အခန်းသော့ကို တင်လိုက် … အပြင်သို့ ထွက်သွားလေ၏။ အစ္စရေးအရိပ်ဖြစ်သော မေယာသည် ဖန်ခွက် …ချလိုက်ပြီး ဒစ်စတိန်းနောက်သို့ လိုက်လေ၏။ တိုင်ရင်သည် ထိုင်ရာမှ …င်း တွေးသည်။ အခု ငါက အေးဂျင့်တစ်ယောက်နောက်ကို လိုက်နေတဲ့ …ျင့်တစ်ယောက်ပါလားဟု၍…။

သူသည် ဓာတ်လှေကားထဲ ဝင်လိုက်ပြီး ပထမထပ်သို့သွားရန် ခလုတ် …လိုက်၏။ ပြီးမှ…

"၂၀ ပြောနေတယ်၊ ကျုပ် ပင်လယ်ဓားပြကို တွေ့ပြီ"

တစ်ဖက်မှ စကားပြန်မရ။ သည်တော့မှ ဓာတ်လှေကားအခန်းသည် …ပိတ်လှောင်နေ၍ အသံလှိုင်းထွက်ရန် မရှိကြောင်း သတိထားမိ၏။ ပထမထပ် …က်သည်နှင့် နောက်ဘက် လှေကားမှ ပြန်ဆင်းသည်။ အပြင်ရောက်သည်နှင့် …ဒီယိုထဲသို့…

"၂၀ ပြောနေတယ်၊ ကျုပ် ပင်လယ်ဓားပြကို တွေ့ပြီ"

"ကောင်းပြီ ၂၀၊ ခု ၁၃ ကလဲ သူ့ကိုတွေ့နေပြီ"

တိုင်ရင်သည် သူ့ပစ်မှတ်ဖြစ်သော မေယာကို လမ်းဖြတ်ကူးနေသည်ကို …ရ၏။ သူက…

"၂၀ ပြောနေတယ်၊ ကျုပ် မေယာနောက်ကို လိုက်မယ်"

"၅ နဲ့ ၂၀၊ ကျုပ်ပြောတာကို နားထောင်၊ ဆက်မလိုက်နဲ့တော့ ကြား … ၅"

"ဟုတ်ကဲ့"

"၂၀ ကော"

"ဟုတ်ကဲ့"

တိုင်ရင်သည် လမ်းထောင့်တွင် ဆက်မသွားတော့ဘဲ ရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မေယာနှင့် ဒစ်စတိန်းတို့သည် ချယ်လ်စာလမ်းဘက်သို့ လျှောက်သွားကြကြော မြင်လိုက်ရ၏။

"၂၀ ဟိုတယ်ကို ပြန်သွား၊ သူ့အခန်းနံပါတ်ကို ရှာ၊ သူ့အခန်းနဲ့ ထ လျက်အခန်းကို ရအောင်ငှား၊ ပြီးတော့ ကျုပ်ဆီကို တယ်လီဖုန်းနဲ့ ပြန်ဆ

"ဟုတ်ကဲ့၊ နားလည်ပြီ"

သူ ဟိုတယ်ရှိရာသို့ ပြန်လာခဲ့၏။ စိတ်ထဲတွင် ပြောရမည့်စကား များကို စီကြည့်နေ၏။

"စောစောက ထွက်သွားတဲ့ ခပ်ပုပုမျက်မှန်နဲ့ လူပိန် ကျုပ်အသိထင် ကျုပ်လိုက်တာ၊ တက္ကစီအငှားမြန်သွားလို့ မမီလိုက်ဘူး၊ သူ့အခန်းက..."

တကယ်တမ်းကား ထိုသို့ပြောနေစရာ မလိုပေ။ ဒစ်စတိန်းအခန်း သည် နံပါတ်တန်းလန်းနှင့် စားပွဲပေါ်မှာ သည်အတိုင်းတင်လျက်။ တိုင် အခန်းနံပါတ်ကို စိတ်ထဲမှာ မှတ်ထားလိုက်၏။

ဟိုတယ်စာရေးက—

"ဘာအကူအညီပေးရမလဲ ခင်ဗျ"

တိုင်ရင်က...

"ကျုပ် အခန်းတစ်ခန်းလိုချင်လို့"

*

ဒစ်စတိန်းသည် စူဇာ၏အခန်းသို့ ရောက်သည်နှင့် တစ်နေကုန် ရေငတ်နေ တစ်ဦးပမာ စူဇာကို နမ်းလိုက်၏။ နောက် စူဇာ့မျက်နှာလေးကို ပွတ်သပ်ရင်း 'ကိုယ့်ဘဝမှာ ဒါလိုနေတာပဲ'

*

"တို့က အစ္စရေးတွေနောက်ကို လိုက်တယ်၊ အစ္စရေးတွေက ဒစ်စတိန်းနောက် လိုက်တယ်၊ တပတ်လည်သွားဖို့ ဒစ်စတိန်းက တို့နောက်ပြန်လိုက်ဖို့ပဲ ရှိတော့ တယ်"

ရော့စတော့က ဤသို့ မှတ်ချက်ချလိုက်၏။ သူ့နံဘေးမှ တိုင်ရင်က—

"ကျွန်တော် စဉ်းစားနေတယ်၊ ကျုပ်တို့ သူ့ကိုတွေ့တာနဲ့ ဘာဖြစ် နောက်ယောင်ခံတာကို ရပ်သိမ်းလိုက်တာလဲ"





ရော့စတော့က တိုင်ရင် နားလည်အောင် ရှင်းပြရန်သင့်သည်ဟု ယူဆ၍...

"ဒစ်စတိန်းဟာ ပြီးခဲ့တဲ့ရက်ပတ်တွေအတွင်းမှာ နောက်ယောင်ခံအလိုက် ရတာ များလှပြီ၊ သူ့လိုလူတစ်ယောက်အနေနဲ့ နောက်ယောင်ခံသမား အရိပ်ကို မှာပဲ၊ တွေ့ရင် ခြေရာဖျောက်ရဦးမှာပဲ၊ ဒီကိစ္စမှာတော့ သူ နောက်ယောင်ခံရ ားလေလေ သူလုပ်နေတဲ့အလုပ်ကို သူမလုပ်တော့ပဲ တခြားလူတစ်ယောက် လွှဲပေးဖို့ဖြစ်လေလေ နေမှာပဲ၊ တခြားလူတစ်ယောက်ဟာ တို့မသိတဲ့လူတစ် ာက် ဖြစ်ချင်ဖြစ်နေမယ်၊ ခုအခြေအနေက တို့က သူနေတဲ့နေရာ သိပြီ၊ ာ တို့သိသွားပြီဆိုတာ မသိသေးဘူး"

"ဟုတ်ကဲ့... နားလည်ပါပြီ"

"သူ့အနေနဲ့ ခုလောက်ဆိုရင် သူ့အရိပ် အစ္စရေးတွေကို တွေ့သွားလောက် သေ့ပေါ့"

ဖြိုးတိုင်ရင်က...

"နေစမ်းပါဦး အစ္စရေးတွေက သူတို့လူနောက် ဘာဖြစ်လို့ ပြန်လိုက် ရတာလဲ"

ရော့စတော့သည် မျက်မှောင်ကုပ်လိုက်၏။

"ဒါတော့ ကျုပ်ကိုယ်တိုင် နားမလည်နိုင်သေးဘူး၊ ကျုပ် သေချာတာ တော့ ကနေ့မနက် ဒစ်စတိန်းဟာ ဘောနဲ့တွေ့ပြီးသွားလောက်ပြီ၊ ဒါကြောင့် မနက်က ဘောဟာ သူ့အရိပ်ကို တက္ကစီပေါ်ကဆင်းပြီး မျက်ခြည်ပြတ်ပစ် တာပဲဖြစ်မယ်၊ ဖြစ်နိုင်တာက ဘောက ဒစ်စတိန်းကို တာဝန်ပေးခြင်းက ပြန် သိမ်းမယ်၊ အဲဒါ—ဒစ်စတိန်းက တရားမဝင်ဆက်လုပ်နေမှာစိုးလို့ နောက် ယောင်ခံခိုင်းနေတာလား..."

ရော့စတော့သည် ခေါင်းခါလိုက်၏။

"ဒါလဲ မဖြစ်နိုင်သေးပါဘူး၊ ဒါကလွဲရင်လဲ ဘောဟာ ဒစ်စတိန်းကို ယုံလို့ဖြစ်ရမယ်၊ ဒါလဲ ဟုတ်မယ်မထင်ပါဘူး၊ တို့သတိထားမှ ဖြစ်မယ်"

သူတို့နှစ်ဦးသားသည် ဒစ်စတိန်း၏ဟိုတယ်အခန်းဝသို့ ရောက်လာ၏။ တိုင်ရင်က အိတ်ထဲမှ လက်နှိပ်ဓာတ်မီးငယ်ကိုထုတ်၍ တံခါးပေါက်ဘောင်များကို သေအချာထိုးကြည့်၏။

"အမှတ်အသားတော့ မတွေ့ဘူး"

အေးဂျင့်တစ်ယောက်သည် သူ့အခန်းမှ ထွက်သွားသောအခါ သူမရှိခိုက် သူ့အခန်းတွင်းသို့ တခြားလူတစ်ဦးဝင်,မဝင်သိရန် အမှတ်အသားလေးများ လုပ်ထားလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့စတော့က ခေါင်းညိတ်ပြသည်။ ဤအလုပ်ကား တိုင်ရင်၏ကျွမ်းကျင်သောအလုပ်။ တိုင်ရင်သည် ကေ–ဂျီ–ဘီအဖွဲ့တွင် အတော်ဆုံး စက်မှုသမား တစ်ဦးဖြစ်သည်ဟု ရှေ့စတော့ ယုံကြည်ပြီး ဖြစ်၏။ သို့နှင့် တိုင်ရင်လုပ်သမျှကို အသာကြည့်နေလိုက်၏။

တိုင်ရင်သည် အိတ်ထဲမှ သော့တွဲတစ်ခုကို ထုတ်၍ သော့တစ်ချောင်းနှင့် ထိုးကာ တံခါးကို ဖွင့်လိုက်သည်။ တံခါးကို ဖြည်းဖြည်းတွန်းဖွင့်ပြီး လူ အပြင်နေခဲ့သည်။ ပြီးမှ အထဲသို့ကြည့်၏။

"ဘာထောင်ချောက်မှ မရှိဘူး..."

တိုင်ရင် အထဲဝင်ထိုင်လိုက်သည်။ ရှေ့စတော့နောက်မှ ဝင်လိုက်ပြီး တံခါးပြန်ပိတ်လိုက်၏။ ဤသို့လုပ်ရသော အလုပ်မျိုးကို ရှေ့စတော့ သဘော မကျ။ သူက အရာရာစောင့်ကြည့်ချင်သည်။ ချိန်ဆလိုသည်။ စီမံအကွက်ချင် သည်။ သူခိုးအလုပ်မှာ သူ၏စတိုင်မဟုတ်။ သို့နှင့်...

"မြန်မြန်လုပ်ကွာ"

တိုင်ရင်သည် တယ်လီဖုန်းခွက်ကို ကောက်ယူစစ်ဆေးပြီးမှ စကားပြော ခွက်ကို လှည့်ဖွင့်သည်။

ရှေ့စတော့က တစ်ခန်းလုံး လှည့်လည်ကြည့်ရှု အကဲခတ်၏။

တိုင်ရင်သည် ဖုန်းခွက်ကို ပြန်တပ်နေပြီ ဖြစ်၏။

"ပြီးပြီ"

"ခုတင်ခေါင်းရင်းလဲ တပ်ဦးကွာ"

တိုင်ရင်သည် ခုတင်ခေါင်းရင်းနံရံမှာ ကပ်၍ ခိုးနားထောင်သောကိရိယာ တစ်ခု တပ်လိုက်ပြန်၏။

ထိုစဉ် ဖုန်းက မြည်လာ၏။

အကယ်၍ ဒစ်စတိန်းပြန်လာပါက ဧည့်ခန်းရှိ စောင့်နေသူက ဒစ်စတိန်း အခန်းထဲသို့ဖုန်းဆက်ရန် မှာထားပြီးဖြစ်သည်။ နှစ်ကြိမ် ဖုန်းဘဲလ် မြည်ပြီး ပြီးတာနှင့် ပြန်ချ။

ဘဲလ်သံသည် ဒုတိယအကြိမ် မြည်လာပြန်၏။ ရှေ့စတော့နှင့် တိုင်ရင် တို့သည် ငြိမ်သက်စွာ စောင့်စားနေကြ၏။

ဖုန်းက ဆက်မြည်သည်။

သူတို့ စိတ်အေးသွား၏။

ဖုန်းက ခုနစ်ကြိမ်မြည်ပြီးမှရပ်သွားသည်။





ရှေ့စတော့က...

"သူ့မှာ ကားရှိရင် တို့ ခိုးနားထောင်ဖို့ကိရိယာ ဘတ်ဂ် တပ်ထားဖို့ သိပ်ကောင်းတယ်"

တိုင်ရင်က...

"ကျုပ်မှာ အကျီကြယ်သီးရှိတယ်"

"ဘာပြောတယ်"

"အကျီကြယ်သီးနဲ့ လုပ်ထားတဲ့ ဘတ်ဂ် ခိုးနားထောင်လို့ရသော ကိရိယာ ပေါ့"

"အဲဒီလိုရှိတယ်လို့ မကြားဖူးပါဘူး"

"မကြားဘူးဆို ဒါ ခုမှ ထွင်ထားတာကိုး"

"အပ်နဲ့ အပ်ချည်ကော ပါသလား"

"ပါတာပေါ့"

"ဒါဆို မြန်မြန်လုပ်ကွာ"

တိုင်ရင်သည် ဒစ်စတိန်း၏လက်ဆွဲအိတ်ထဲမှ ရှပ်အကျီဒုတိယကြယ်သီးကို ဖြုတ်၍ သူ့ကြယ်သီးအသစ်နှင့် လဲတပ်၏။ တိုင်ရင်ပြီးသည်နှင့် ရှေ့စတော့က...

"ကောင်းပြီ အိတ်ပြန်ပိတ်ကွာ"

တိုင်ရင်က အိတ်ပြန်ပိတ်၏။

"နောက်ပြီးတော့ ဘာလုပ်ရဦးမှာလဲ"

"တစ်ခန်းလုံးကို နောက်တစ်ခေါက်ပြန်ကြည့်ဦးကွာ၊ အမှတ်အသားများ ရှိမလားလို့၊ ဒစ်စတိန်းဟာ အမှတ်အသားမထားပဲ ထွက်မယ့်လူ မဟုတ်ဘူး"

သူတို့နှစ်ဦး စနစ်တကျ ရှာကြပြန်၏။ အမှတ်အသားထားနည်းတွေ အများကြီးဖြစ်သည်။ ဆံပင်တစ်ချောင်းကို တံခါးမှာကပ်ခဲ့သောနည်းမှာ အလွယ် ဆုံးဖြစ်သည်။ ဆံပင်ကလေးပြုတ်နေ ပြတ်နေလျှင် တစ်စုံတစ်ယောက် တံခါး ဖွင့်သည်ပဲ။ အံဆွဲဖွင့်လိုက်လျှင် ပြုတ်ကျသွားမည့်စာရွက်တစ်ရွက်၊ ကော်ဇော အောက်တွင် လူတစ်ယောက်နင်းသွားပါက ကြေသွားနိုင်မည့် သကြားခဲတစ်ခဲ ချထား၍ဖြစ်သည်။ အများကြီး...

သို့သော် သူတို့ ဘာမှ မတွေ့ကြ။

ရှေ့စတော့က...

အစွရေးတွေ့မှန်သမျှ သိပ်သတိကြီးတာကွ၊ သူလဲ ဘာဖြစ်လို့ မတွေ့ရမှာလဲ"

"သူ့ကို တာဝန်က ရုပ်သိမ်းလိုက်ပြီလားမှ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့စတော့က မကျေမနပ်နှင့်...

"ဒီလူ ဘာကြောင့်များ ရုတ်တရက် သတိမေ့လျော့သွားပါလိမ့်"

"ချစ်သူနဲ့ တွေ့သွားလို့ ဖြစ်ချင်ဖြစ်မှာပေါ့"

ရှေ့စတော့က 'ရယ်လိုက်၏။

"ကဲ... လာ၊ တို့သွားရအောင်"

သူတို့နှစ်ဦး အခန်းထဲမှ ထွက်လာခဲ့ပြီး အခန်းတံခါးကို အသာလေး ပြန်ပိတ်လိုက်၏။

*

လက်စသတ်တော့ မိန်းမတစ်ယောက်ကိုး။

ပီယေဘောသည် တုန်လှုပ်အံ့သြပြီး စိတ်ပူသွား၏။

ဒစ်စတိန်းသည် တစ်ခါမှ မိန်းမမထားခဲ့၊ မရှာခဲ့၊ မပတ်သက်ခဲ့။

ဘောသည် ပန်းခြံခုံတန်းလျားမှာ ထီးတစ်ချောင်းနှင့် ထိုင်ရင်း တွေးနေခြင်းဖြစ်၏။ သူသည် ဖုန်းသံတည်းသည့်၊ လူတွေဝင်လာမစဲဖြစ်နေသော သံရုံးမှာ တွေး၍မရသောကြောင့် ရာသီဥတုကို ဂရုမစိုက်နိုင်ဘဲ ထွက်လာခဲ့ခြင်းဖြစ်သည်။

ဒစ်စတိန်းရင်ထဲမှာ ရှိနေသော တင်းမာမှုသည် ဒစ်စတိန်းကို ကြောက်စရာ စပိုင်ကောင်းတစ်ယောက်ဖြစ်အောင် ပို့ပေးထားခြင်းဖြစ်သည်။ ဘောအနေနှင့် ဒစ်စတိန်းတစ်ယောက် စိတ်အေးလက်အေးနေနိုင်သွားမည်ကို အစိုးရိမ်ဆုံးဖြစ်သည်။

အစ္စရေး နောက်ယောင်ခံ အရိပ်အဖွဲ့သည် ဒစ်စတိန်းနောက်သို့လိုက်ခဲ့ရာ ချယ်လစာအရပ် အိမ်တစ်အိမ်တွင် ဒစ်စတိန်း မိန်းမတစ်ယောက်နှင့် တွေ့ဆုံကြောင်း သိရသည်။ တစ်ယောက်က သူတို့နှစ်ဦး အတူအိပ်ကြကြောင်း အစီရင်ခံသည်။ အိမ်ရှင်ကို စုံစမ်းကြည့်ရာ မိန်းကလေးသည် အခန်းပိုင်ရှင်၏ ရင်းနှီးသောမိတ်ဆွေဟုသာ သိရ၏။

တွေးနိုင်သောအချက်တစ်ခုမှာ အခန်းကို ဒစ်စတိန်းပိုင်သည်။ အိမ်ရှင်ကို လာဘ်ထိုးထားပြီး လိမ်ပြောခိုင်းထားသည်။ ၎င်းအခန်းကို ဒစ်စတိန်းက စုရပ်အဖြစ် အသုံးပြုသည်။ ရန်သူ အဖွဲ့အစည်းမှ တွေ့လိုသူများနှင့် တွေ့ဆုံသည်။ မိန်းမတစ်ယောက်နှင့် တွေ့ဆုံချစ်တင်းနှီးနှော၍ သူ၏သတင်းများကို ပြောသည်။

ဘောအနေနှင့် ထိုအတွေးကို ထိုမိန်းကလေးအကြောင်းကို တခြားနည်းနှင့် သိပါက လက်ခံချင် လက်ခံမိသွားမည်ဖြစ်သည်။ သို့သော် အကယ်၍ ဒစ်စတိန်း





သည် ရုတ်တရက် သစ္စာဖောက်သွားပါက ဘော သံသယမကင်းဖြစ်စေအောင် ပြုမူနေထိုင်မည်မဟုတ်။ ဒစ်စတိန်းသည် အလွန်လိမ္မာကျွမ်းကျင်သူ ဖြစ်သည်။ သူ့ခြေရာ လက်ရာများကို ဖျောက်ထားမည်သာဖြစ်သည်။ နောက်မှ ခြေရာခံသူ့ အရိပ်များကို ပခုံးပေါ် တစ်ချက်ကလေး လှည့်မကြည့်ဘဲ မိန်းကလေးရှိရာ အခန်းသို့ တန်းသွားမည်မဟုတ်။ ဒစ်စတိန်း၏အပြုအမူများမှာ ရိုးသားကြောင်း ထင်ထင်ကြီးပေါ်နေ၏။ သူသည် ဘောနှင့် တွေ့စဉ်က မလိုင်အိုးနှင့်တွေ့သော ကြောင်သိုးလို ပြုမူနေခဲ့၏။ မျက်နှာပေါ်မှ အမူအရာတို့ကို ထိန်းချုပ်ခြင်း မရှိ၊ ဘာတိ ပေါ်ချင်တိုင်း ပေါ်နေစေ၏။ ဘောက 'ဘာဖြစ်နေတာတုန်း' ဟု မေးသောအခါ ဒစ်စတိန်းက ပြက်လုံးထုတ်နေခဲ့၏။ ဘောအနေနှင့် နောက်ယောင်ခံလိုက်ခိုင်းမည်သာ ဖြစ်သည်။ နာရီပိုင်းကြာသောအခါ ထိုမိန်းကလေးနှင့် အတူအိပ်၏။

ကောင်းပြီ... ထားတော့၊ တစ်စုံတစ်ယောက်သောမိန်းမသည် ဒစ်စတိန်း၏ ကာကွယ်ရေးဘောင်ကိုကျော်နင်း၍ ဒစ်စတိန်းကို ဖြားယောင်းစည်းရုံးနိုင်သွားပြီဖြစ်၏။ ဒစ်စတိန်းသည် မြီးကောင်ပေါက်ကလေးတစ်ယောက်လို မြူးတူးပြုံးပျော်ရွှနေ၏။ တကယ်တော့လည်း ဒစ်စတိန်းဘဝတွင် မြီးကောင်ပေါက်အချိန် မရှိခဲ့။ အရေးအကြီးဆုံးမေးခွန်းမှာ ထိုမိန်းကလေးသည် ဘယ်သူလဲ။

ရုရှမှာလည်း ဒစ်စတိန်းဖိုင်ရှိသည်ပင်။ သူတို့သည်လည်း ဒစ်စတိန်းကို မိန်းကလေးများမှ တစ်ဆင့် ချဉ်းကပ်၍မရဟု ဘောနည်းတူ သိနားလည်ကြပြီးဖြစ်မည်။ သို့သော် စမ်းကြည့်ဖို့ကောင်းသည်ဟု ယူဆနိုင်သည်ပင်။

နောက်တစ်ကြိမ် ဘော၏မသိစိတ်ထဲတွင် ဒစ်စတိန်းကို တာဝန်မှ ရုပ်သိမ်းရန် စိတ်ကူးမိသည်။ သူသည် ချိန်ဆနေ၏။ အကယ်၍ ဒီစီမံကိန်းမှာ တခြားစီမံကိန်းဖြစ်ခဲ့သော အေးဂျင့်သည် ဒစ်စတိန်းမဟုတ်ဘဲ တခြားသူဖြစ်နေခဲ့သော် ဘောသည် ဘာလုပ်ရမည်ကို သိမည်သာဖြစ်၏။ ယခုတော့ ဘောအနေနှင့် မူလအစီအစဉ်ကို ဆက်လက်ထားရှိရမည်သာ ဖြစ်သည်။ ဒစ်စတိန်း စီမံမှုအဝဝ အကွက်ချအစီအစဉ် ဆွဲပြီးသည်အထိ။ ထိုအချိန်မှ ဒစ်စတိန်းကို တာဝန်ရုပ်သိမ်းပစ်ရပေမည်။

သူ့အနေနှင့် အနည်းဆုံး လန်ဒန်ရုံးမှ လူတွေအား ထိုအမျိုးသမီး၏ အကြောင်းစုံကို စုဆောင်းရှာဖွေခိုင်းရမည်။

ထိုအတောအတွင်း အကယ်၍ မိန်းကလေးသည် အေးဂျင့်တစ်ယောက် ဖြစ်နေပါက ဒစ်စတိန်းသည် ဘာမှ ထူးထူးထွေထွေ မပြောမိလောက်အောင်တော့ သတိရှိကောင်းတန်ရဲ့ဟု အောက်မေ့နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကား ဆိုးရွားနေပေသည်။ သို့သော် ဘောအနေနှင့် ဘာမှ မလုပ်သာတော့။

*

"ပျော်ချိန်ပါးချိန် ကုန်ပြီ၊ အလုပ်စခန်းဝင်ကြစို့ရဲ့"ဟု ဒစ်စတိန်းက သူ့ကိုယ်သူ ပြောလိုက်၏။

နံနက်ဆယ်နာရီ သူ၏ဟိုတယ်ခန်းအတွင်းသို့ ဝင်လိုက်သောအခါမှ အခန်းထဲတွင် ဘာအမှတ်အသားမှ မထားခဲ့ကြောင်းကို သတိရလေ၏။ အေးဂျင့်တစ်ယောက်၏ဘဝ အနှစ်နှစ်ဆယ်လုံးလုံးကွင်းပထမဆုံးအကြိမ်အဖြစ် သူသည် ပြင်ပြင်ဆင်ဆင်သတိထားပြီး အမှတ်အသားများ အခန်းထဲမှာ မထားခဲ့မိကြောင်း ပြန်သတိရ၏။ အခန်းတံခါးဝမှာရပ်၍ တစ်ခန်းလုံး လှည့်ပတ်ကြည့်ရင်း သူ့အပေါ်တွင် စုဇာသည် မည်မျှလွှမ်းမိုးနေကြောင်းကို သတိမူမိလေသည်။ စုဇာကို ထားခဲ့ပြီး အလုပ်စခန်းသို့ဝင်ရသည်မှာ ဂိုထောင်ထဲမှာ တစ်နှစ်လောက်ပိတ်ထားသော စီးနေကျကားပေါ် ဝင်ထိုင်လိုက်သလိုဖြစ်နေ၏။ အလျှင်က အမူအကျင့်များ၊ အသိစိတ်၊ သတိစိတ်များ ပြန်လည်စိမ့်ဝင်အောင် မွေးမြူရတော့မလို ဖြစ်နေ၏။

သူသည် ရေချိုးခန်းဝင်ပြီး ရေပိုက်ဖွင့်လိုက်သည်။ သူ့အနေနှင့် ယခု စိတ်လှုပ်ရှားမှု အသက်ရှူချိန်ကလေးရနေပြီ ဖြစ်သည်။ စုဇာ ယနေ့အလုပ်ပြန်ဆင်းသောကြောင့် ဖြစ်သည်။ စုဇာသည် ဘီ-အိုအေ-စီ လေကြောင်းကုမ္ပဏီ၌ အလုပ်လုပ်သူလေးဖြစ်ပြီး သည်တစ်ခေါက် ကမ္ဘာတစ်ပတ်ခရီးလိုက်ရန် တာဝန်ကျ၏။ အနည်းဆုံး ၂၁ ရက်ကြာမှ ပြန်ရောက်မည်။ သည်ထက်လည်း ကြာချင်ကြာနိုင်သည်။ သူ့အနေနှင့်လည်း ထိုရက်သတ္တပတ်သုံးပတ်ဆိုသောအချိန်တွင် သူ ဘယ်ရောက်နေမည်ကို သူကိုယ်တိုင် မခန့်မှန်းတတ်။ သည်တော့ စုဇာနှင့် ဘယ်တော့ပြန်တွေ့မည်ကို သူ မပြောတတ်။ သို့သော် သူ့အသက်နှင့်ကိုယ် ဘည်မြဲနေပါက စုဇာကို ပြေးလာတွေ့မည်ပင်ဖြစ်သည်။

ယခုတော့ အရာရာသည် ပြောင်းလဲကုန်ကြပြီဖြစ်၏။ အတိတ်သည်လည်းကောင်း၊ အနာဂတ်သည်လည်းကောင်း ပြောင်းလဲသွားချေပြီ။ ပြီးခဲ့သော အနှစ်နှစ်ဆယ်ကာလအတွင်း၊ သူသည် သူများကိုလည်း ပစ်ဖူး၊ ခတ်ဖူး၊ သတ်ဖူးသည်။ ကိုယ်တိုင်လည်း ပစ်ခြင်း၊ ခတ်ခြင်း၊ သတ်ခြင်းခံရဖူးသော်လည်း ပျင်းရိစရာကောင်းလှပေသည်။ ကမ္ဘာတစ်လွှား အနှံ့အပြားသွား၍ ရုပ်သွင်အမျိုးမျိုး





ပြောင်းကာ မယုံကြည်နိုင်သော စွန့်စားမှုမျိုးကို လုပ်ခဲ့ပါ၏။ အားလုံးသည် အရေးမကြီးသောကိစ္စများလို ဖြစ်ကုန်၏။

ရေချိုးကန်ထဲတွင် ရေစိမ်ချိုးရင်း သူ့ဘဝကျန်သက်တမ်းအပိုင်းကို ဘာလုပ်မည်နည်းဟု စဉ်းစားနေမိသည်။ သူ့အနေနှင့် စပိုင်အေးဂျင့်တစ်ယောက် မလုပ်တော့ကြောင်းကိုကား ဆုံးဖြတ်ပြီးသားဖြစ်၏။ ထိုသို့ဆိုသော် သူ ဘာလုပ်ရမည်နည်း။ ရွေးကောက်ပွဲ ဝင်အရွေးခံရမည်လား၊ ကိုယ်ပိုင်စီးပွားရေးလုပ်မည်လား။ သို့မဟုတ် ကိဘုရှ်မှာပဲ သည်အတိုင်းနေပြီး အစ္စရေးပြည်၏အကောင်းဆုံးဝိုင်ကို ထုတ်လုပ်မည်လား။ သူ စုဇာကို လက်ထပ်မည်လား။ လက်ထပ်ပါက သူတို့ အစ္စရေးမှာ နေမည်လား။ ဤသို့ မသေချာ။ မရေရာခြင်းသည်ပင်လျှင် အရသာတစ်မျိုးလိုဖြစ်နေ၏။ မွေးနေ့မှာ ဘာလက်ဆောင်များ ရမှာပါလိမ့်ဟု စဉ်းစားရတာမျိုးဖြစ်နေသည်။

တကယ်လို့ ငါသာ အသက်ရှင်နေရင်ဟု သူ တွေးလိုက်၏။ ရုတ်တရက်ပင် တန်ဖိုးသည် ကြီးမားလာ၏။ သူသည် သေမှာကို ကြောက်လာ၏။ ယခုအချိန်ထိတော့ သေခြင်းတရားဆိုသည်မှာ ကျွမ်းကျင်မှုနှင့် ရှောင်တိမ်းရမည့်ကိစ္စတစ်ခု။ ပြောပြစတမ်းဆိုလျှင် စစ်တုရင်ကွက်မှာ အရွှေ့မှားသော အကွက်တစ်ကွက်မျိုးသာဖြစ်သည်ဟု ယုံကြည်ခဲ့၏။ ယခုတော့ သူသည် ကျားကုတ်ကျားခဲ အသက်ရှင်လိုနေပြီ။ စုဇာနှင့် အတူအိပ်ရန်၊ စုဇာအတွက် အိမ်တစ်ဆောင်မှီးတပြောင်ထားရန်။ စုဇာအကြောင်းအားလုံးကို သိထားရန်။ စုဇာ အဘိဓမ္မာက ဘယ်လို၊ အလေ့အကျင့်က ဘယ်နည်း၊ လျှို့ဝှက်ချက်က ဘယ်ပုံဆိုတာကို သိရန်။ ဘယ်စာအုပ်ကို ကြိုက်သလဲ၊ ဘီသိုဗင်ရဲ့ဂီတအပေါ် ဘယ်လိုမြင်သလဲ၊ အိပ်ရင် ဟောက်တတ်သလား... ။

ယခုလို သူ့ဘဝကို စုဇာက အသစ်တဖန်မွေးဖွားစေခဲ့ပြီးမှ ဆုံးရှုံးရမည်ဆိုပါက အလွန်တန်ဖိုးကြီးပေလိမ့်မည်။

သူသည် ရေချိုးကန်မှ ထသည်။ တဘက်ဖြင့် ပွတ်တိုက်သည်။ အဝတ်အစားလဲသည်။ သူ အသက်ရှင်ခွာနေထိုင်ရေးမှာ တိုက်ပွဲကို အနိုင်တိုက်ဖို့ပင် ရှိသည်မဟုတ်ပါလား။

သူ၏နောက်ထပ်လှုပ်ရှားမှုမှာ ဖုန်းဆက်ရန် ဖြစ်သည်။ ဟိုတယ်ဖုန်းမှ ဆက်ရမလားဟု စဉ်းစားသည်။ ယခုကတည်းက သတိကြီးစွာထားမှ ဆုံးဖြတ်ကာ အများပြောဖုန်းရုံတစ်ခုရှာရန် ထွက်လာခဲ့လေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုသည် ပြောင်းသွားပြီဖြစ်သည်။ ယမန်နေ့က မိုးသည် သွန်ဖြိုလိုက်သဖြင့် ကုန်သွားဟန်တူ၍ နေသာပူနွေးလှပနေ၏။ သူသည် ဟိုတယ်နှင့် အနီးဆုံး ဖုန်းရုံကိုကျော်ပြီး နောက်ဖုန်းရုံတစ်ခုသို့ ပို၍ဂရုစိုက်သလို သွားလိုက်၏။ တယ်လီဖုန်းအဘိဓာန်ထဲမှ လွိုင်ရုံးချုပ်နံပါတ်ကိုရှာပြီး လှည့်လိုက်၏။

"လွိုင်က ပြောနေပါတယ်၊ ဂွတ်မောနင်းပါ"

"ကျွန်တော် သင်္ဘောတစ်စီးရဲ့အကြောင်းကို သိချင်လို့ပါ"

"ဒါဆိုရင် လွိုင်ရဲ့လန်ဒန်သတင်းဌာနနဲ့ ဆိုင်ပါတယ်၊ အဲဒီဖုန်းလိုင်းကို တင်ပေးလိုက်ပါ့မယ်"

ဒစ်စတိန်းသည် လွိုင်မှ သူ လိုချင်တာတွေ ရမှ ရပါ့မလားဟုတွေးရင်း စောင့်နေ၏။

"လွိုင်ရဲ့ လန်ဒန်သတင်းဌာနကပါ"

"ဂွတ်မောနင်း၊ ကျွန်တော် သင်္ဘောတစ်စီးရဲ့အကြောင်း သိချင်လို့ပါ"

"ဘယ်လိုသတင်းမျိုးပါလဲ"

တစ်ဖက်မှ အသံသည် သံသယဝင်နေသည်ဟု ဒစ်စတိန်း ထင်လိုက်၏။

"ကျွန်တော်က သင်္ဘောတစ်စီးဟာ အတွဲလိုက်ဆင်တူ တည်ဆောက်တဲ့ အထဲမှာ ပါသလား၊ ပါရင် အဲဒီနဲ့ အတူ ဆောက်တဲ့ ဆင်တူသင်္ဘောတွေရဲ့နာမည် ပိုင်ရှင် ဘယ်သူဆိုတာရယ်၊ အခု ဘယ်မှာရှိတယ်ဆိုတာရယ်၊ ဖြစ်နိုင်ရင် သင်္ဘောအသေးစိတ်ပုံစံရယ် ယူချင်လို့ပါ..."

"ကျွန်တော်တို့ မကူညီနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်"

ဒစ်စတိန်းသည် စိတ်ဓာတ်ကျသွား၏။ သူက...

"ဘာဖြစ်လို့ပါလဲခင်ဗျာ"

"ကျွန်တော့်ဌာနမှာက ပုံစံမထားပါဘူး၊ ပုံစံက လွိုင်ရေစစ်ရှီဌာနမှာ ထားပါတယ်၊ သူတို့ကလဲ ပိုင်ရှင်မှသာ ပုံစံပေးပါတယ်"

"ဒါဆို တခြားအကြောင်းတွေကိုရော ခင်ဗျာ၊ ဆင်တူသင်္ဘောတို့ ဘာတို့..."

"ဒါကိုလဲ မကူညီနိုင်ဘူးခင်ဗျာ"

ဒစ်စတိန်းသည် ထိုင်ခုံကို လည်မျိုညှစ်ပစ်လိုက်ချင်လှ၏။

"ဒါဖြင့် ဘယ်သူက ကူညီနိုင်သလဲဟင်"

"ကျွန်တော်တို့သာ အဲဒီသတင်းတွေကို ပေးနိုင်တဲ့လူ ရှိပါတယ်"

"ဒါဆို ခင်ဗျားတို့က လျှို့ဝှက်ထားတယ်ပေါ့"





"ကျွန်တော်တို့က ဖုန်းထဲက သတင်းမပေးပါဘူး"

"ဗျာ... ခဏကလေး... ခင်ဗျားဆိုလိုတာက ခင်ဗျားတို့ဖုန်းထဲကနေပြီး ကျွန်တော့်ကို အကူအညီမပေးနိုင်ဘူးနော်"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ကျုပ်က စာရေးမေးရင်၊ ဒါမှမဟုတ် လူကိုယ်တိုင် လာမေးရင်ကော"

"ရပါတယ် စုံစမ်းရတာက မကြာပါဘူး၊ လူကိုယ်တိုင်လာမေးရင် မြန်ပါတယ်"

"ဒါဆို လိပ်စာကလေး တစ်ဆိတ်ခင်ဗျာ"

ဒစ်စတိန်းသည် တစ်ဖက်မှပြောသည်ကို ရေးမှတ်ထားလိုက်၏။ ဆက်၍...

"အဲဒီသတင်းတွေကို စောင့်နေတုန်းမှာ ရနိုင်တယ်ပေါ့"

"ဖြစ်နိုင်ပါတယ်"

"ဒါဆိုရင် ကျွန်တော်သိချင်တဲ့သင်္ဘောနာမည်ကို ခုပဲ ပေးထားလိုက်ပါရစေ၊ ကျွန်တော် အဲဒီရောက်တဲ့အချိန်ဆိုရင် အားလုံးသိလောက်ရောပေါ့၊ သင်္ဘောနာမည်က 'ကိုပါရယ်လီ' တဲ့"

ဒစ်စတိန်းသည် စာလုံးပေါင်းပြလိုက်၏။

"ခင်ဗျားရဲ့နာမည်... "

"အက်-ရောဂျားပါ"

"ကုမ္ပဏီ"

"အင်တာနေရှင်နယ်သိပ္ပံမဂ္ဂဇင်း"

"ကျသင့်ငွေကို ကုမ္ပဏီကိုတောင်းရမှာလား"

"မလိုပါဘူးခင်ဗျာ၊ ကျွန်တော်ကိုယ်တိုင် ပေးပါ့မယ်"

"ကောင်းပြီလေ လိုအပ်တဲ့စာရွက်စာတမ်းတွေပါရင် ရပါတယ်"

"ဟုတ်ကဲ့ ပါရမှာပေါ့ခင်ဗျာ၊ ကျွန်တော် ၁ နာရီအတွင်း အရောက်လာခဲ့ပါ့မယ်၊ ဂွတ်ဘိုင်"

ဒစ်စတိန်းသည် ဖုန်းခွက်ကို ချပြီး ဖုန်းရုံထဲမှ ထွက်လိုက်ရင်း စဉ်းစားနေမိသည်။ ဘုရားသခင်ကျေးဇူးပဲ။ သူသည် လမ်းတစ်ဖက်သို့ကူး၍ ကော်ဖီဆိုင်တစ်ခုထဲ ဝင်ပြီး ကော်ဖီနှင့် ဆင်းဒဝစ်မှာလိုက်သည်။

သူသည် ဘောဂကို ညာခဲ့၏။ သူ့မှာ အတိအကျ အစီအစဉ် မခွဲရသေးဘူးဟူ၍။ ဟာကယ်ဘမ်းကား သူသည် 'ကိုပါရယ်လီ' ဘယ်လိုစီနင်းတိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



မည်ကို စဉ်းစားစီစဉ်ထားပြီးဖြစ်သည်။ သူသည် 'ကိုပါရယ်လီ'ကို သူပိုင်ဆင်တူသင်္ဘောတစ်စီးဖြင့် စီးနင်းတိုက်ခိုက် သိမ်းပိုက်မည်ဖြစ်၏။ နောက်ယူရေနီယံများကို သင်္ဘောပြောင်းတင်မည်မဟုတ်ပဲ၊ သူ့သင်္ဘောမှ စာရွက်စာတမ်းများကိုယူ၍ သူ့သင်္ဘောကို နှစ်မြှုပ်ပစ်မည်။ နောက် 'ကိုပါရယ်လီ'သင်္ဘောကို သူ့သင်္ဘောအမည်ပြောင်းရေးမည်။ နောက် ခပ်တည်တည် သူ့သင်္ဘောအသွင်ဖြင့် အစ္စရေးပြည် ဟိုက်ဖာသင်္ဘောဆိပ်သို့ ခုတ်မောင်းယူခဲ့မည် ဖြစ်၏။

အစီအစဉ်ကား အစီအစဉ်ကောင်းတစ်ခု ဖြစ်သည်။ ပြဿနာ အားနည်းချက်တစ်ချို့သာရှိ၏။ 'ကိုပါရယ်လီ'မှ သင်္ဘောသားများကို ဘာလုပ်ပစ်မည်နည်း။ 'ကိုပါရယ်လီ' သင်္ဘောပျောက်ဆုံးမှုကို ဘယ်လိုသဘောထားကြမည်လဲ။ ၎င်းသင်္ဘောပေါ်မှ ပျောက်ဆုံးသွားသည့် ယူရေနီယံ တန်ပေါင်းများစွာအတွက် ကမ္ဘာ့စုံစမ်းမှုကို ဘယ်လိုရှောင်ရှားမည်လဲ။

သေချာ ထပ်စဉ်းစားလေလေ၊ နောက်ဆုံးမေးခွန်း ပြဿနာသည် အကြီးမားဆုံး ဖြစ်သည်။ ဤကဲ့သို့ ကြီးမားသောသင်္ဘောတစ်စီးနှင့် တန်ဖိုးကြီးလှသော ယူရေနီယံများပျောက်ဆုံးမှုသည် ကြီးမားသော ရှာဖွေစုံစမ်းမှုပြုကြမည်ဖြစ်သည်။ အကယ်၍ သူတို့သည် မြုပ်သွားသော ဆင်တူသင်္ဘောကိုတွေ့သွားပြီး ၎င်းသင်္ဘောသည် 'ကိုပါရယ်လီ' မဟုတ်ဘဲ ဒစ်စတိန်းသင်္ဘောဖြစ်နေပါက ဘာလုပ်မည်နည်း။

သူသည် မေးခွန်းများ အထပ်ထပ်ပေါ်လာ၍ အဖြေမရဘဲ ရှိနေ၏။ ဤပြဿနာအတွင်း မသိသောပြဿနာ၊ မသိသောအချက်တွေ အများကြီးပါနေ၏။ ဆင်းဒ၀စ်ကပင်လျှော့။ ပြဿနာကပင်လော မပြောတတ်။ သူ့ဝမ်းထဲမှာ အစာမကြေသလိုဖြစ်လာပြီး အစာကြေဆေးပြားတစ်လုံး မျိုလိုက်ရလေ၏။

နောက် သူသည် ရန်သူများကိုတိမ်းရှောင်ရေး ပြဿနာကို စဉ်းစားကြည့်ပြန်၏။ သူသည် သူ့ခြေရာများကို ကောင်းစွာဖျောက်နိုင်ခဲ့ပါရဲ့လား။ ဘောတစ်ယောက်သာ သူ၏အစီအစဉ်အကြမ်းဖျင်း သိသည်။ သူ၏ ဟိုတယ်အခန်းကို ခိုးနားထောင်သောပစ္စည်း အတပ်ခံရသည့်တိုင် သူ၏ဖုန်းစကားပြောခြင်းကို ဖြတ်ခိုး၍ နားထောင်နိုင်သည့်တိုင်၊ သူက 'ကိုပါရယ်လီ' ကို စိတ်ဝင်စားကြောင်း သိနိုင်မည်မဟုတ်။ သူ သတိကြီးစွာထားခဲ့သည် မဟုတ်ပါလား။

ဒစ်စတိန်းသည် ကော်ဖီကို သောက်လိုက်၏။ ထိုစဉ် လူတစ်ယောက်က ဝင်လာပြီး မတော်တဆ ဒစ်စတိန်းလက်မောင်းကို တိုက်လိုက်ရာ ကော်ဖီရည်များသည် ဒစ်စတိန်း၏ရှပ်အင်္ကျီရင်ဘတ်သို့ စွန်းထင်းသွားလေ၏။

*





ပါရယ်လီတဲ့'

ဒေးဗစ် ရှော့စတော့သည် ဝမ်းသာအားရ ပြောလိုက်၏။ ဆက်၍...

'နေပါဦး ကိုပါရယ်လီ' ဆိုတဲ့ သင်္ဘောနာမည် ကျုပ် ဘယ်မှာ ကြားဖူး ...မ့်"

ယာစစ်ဟာစန်ကလည်း...

"ကျုပ်လဲ အဲဒီနာမည်ဟာ ယဉ်ပါးနေသလိုပဲ"

"ကျုပ်ကို ကွန်ပျူတာစာရင်းပေးစမ်း ကြည့်ရအောင်"

သူတို့သည် ဂျက်ကိုဘင်း ဟိုတယ်နံဘေးမှာ ရပ်ထားသော နောက်လုံ ...ကားနောက်ခန်းမှာ ထိုင်နေကြခြင်းဖြစ်သည်။ ဘင်ကားမှာ ကေ-ဂျီ-ဘီ ...ကားဖြစ်ပြီး နောက်ခန်းတစ်ခုလုံးတွင် အားကောင်းလှသော ရေဒီယိုအသံ ...က် တပ်ဆင်ထားသဖြင့် ပြည့်ကျပ်နေ၏။ ရှော့စတော့နှင့် ဟာစန်တို့သည် ...က်ခန်းထဲတွင် ကျပ်ကျပ်တည်းတည်း ထိုင်နေရပြီး တိုင်ရင်က ကားမောင်း ... ထိုင်နေ၏။

ရှော့စတော့အနေနှင့် ဒစ်စတိန်း၏ပြောစကားများကို အသံဖမ်းစက်မှ ...ဆင့် ကြားနေရ၍ သိပ်ကျေနပ်နေ၏။ တစ်ခုပဲ ရှိသည်။ နံဘေးမှ ဟာစန် ...လည်း နားထောင်သိသွားနေခြင်းပင်။ ဟာစန်သည် ဒစ်စတိန်းကို အင်္ဂလန် ...ပြန်တွေ့ကတည်းက သူ့ကိုယ်သူ ယုံကြည်နေပြီ။ ယခုတော့ သူသည်လည်း ...ကယ့်အများနည်းတူ ကြေးစားစပိုင်တစ်ယောက်သဖွယ် ထင်မှတ်နေ၏။

ဟာစန်သည် ကွန်ပျူတာစာရင်းကို ရှော့စတော့အား ပေးလိုက်၏။

ထိုစဉ် အသံဖမ်းစက်ထဲမှ အသံထွက်ပေါ်လာပြန်၏။

"ဘယ်သွားရမလဲခင်ဗျ"

ဒစ်စတိန်းအသံက...

"လိုင်း-လမ်းကိုသွား"

ရှော့စတော့သည် ခေါင်းမော့ကြည့်ပြီး တိုင်ရင်အား...

"ဒါ လွှိုင်ရုံးချုပ်လိပ်စာနေမှာပဲ၊ တို့လဲ သွားကြစို့"

တိုင်ရင်သည် ကားကို မောင်းထွက်ခဲ့သည်။

ဟာစန်က...

"လွှိုင်က ဒစ်စတိန်းကို အကျိုးအကြောင်း စာနဲ့ရေးပြီး ပေးမှာဗျ"

တိုင်ရင် ကားမောင်းရင်း...

"ဘတ်ဂ် ခိုးနားထောင်သောကိရိယာက ခုထိတော့ ကောင်းကောင်း ...ပ်လုပ်နေသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှော့စတော့သည် သူ ရှာနေသည်ကို တွေ့သွား၏။

"သည်မှာဟေ့ တွေ့ပြီ၊ ကိုပါရယ်လီ၊ ကောင်းကွာ... ကောင်းကောင်း"

ဟာစန်က...

"ကျွန်တော့် ပြစမ်းပါ"

ရှော့စတော့သည် ပထမ တွေသွား၏။ နောက်မှ ပြုံး၍ ဟာစန်အား စာရင်း၏နောက်ဆုံးစာရွက်မှ စာကြောင်းကို လက်ထောက်ပြရင်း...

"ဒီမှာ တွေ့လား၊ အဝါခဲ ယူရေနီယံ တန် ၂၀ ဟာ အင်တီဝပ် ဆိပ် ကမ်းကနေ ဂျီနိုဝါဆိပ်ကမ်းကို 'ကိုပါရယ်လီ' သင်္ဘောနဲ့ တင်ပို့မှာတဲ့"

ဟာစန်က...

"ဒါဆို ဒစ်စတိန်းရဲ့ပစ်မှတ်ဟာ ဒါပဲဖြစ်ရမယ်"

ရှော့စတော့က...

"အဲ... အဲဒါကို မောင်ရင်က ကိုင်ရိုကို သတင်းပို့လိုက်ရင်တော့ ဒစ် စတိန်းဟာ သူ့ပစ်မှတ်ကို ပြောင်းချင် ပြောင်းသွားမှာ"

ဟာစန်သည် မျက်နှာ နီရဲသွားပြီး...

"ခင်ဗျား အဲဒါကို အလျင်ကလဲ ပြောပြီးပါပြီ"

"အိုကေ"

ရှော့စတော့သည် နည်းပရိယာယ်သုံးမှ ဖြစ်မည်ဟု သိကာ...

"ခု ဒစ်စတိန်း ဘာကိုခိုးမယ်ဆိုတာ ကျုပ်တို့ သိပြီ၊ ဘယ်သူ့ဆီက ခိုး မယ်ဆိုတာ သိပြီ၊ အခြေအနေက တိုးတက်လာပြီလို့ ဆိုရမှာပဲ"

ဟာစန်က...

"ဒါပေမယ့် ဘယ်တော့ခိုးမယ်၊ ဘယ်လိုခိုးမယ်၊ ဘယ်နေရာမှာ ခိုးမယ် ဆိုတာ မသိရသေးဘူးနော်"

ရှော့စတော့က ခေါင်းညိတ်ပြ၏။

"ဒစ်စတိန်းပြောတဲ့ ဆင်တူသင်္ဘောဆိုတာ ဒါနဲ့ပတ်သက်ရမှာပဲ၊ ဘယ်လို ပတ်သက်သလဲဆိုတာသာ မသိတာ"

ထိုစဉ် အသံဖမ်းစက်ထဲမှ အသံထွက်လာပြန်၏။

"နှစ်သျှိုလင် ခြောက်ပဲနိကျတယ်"

"ရှော့ ပိုတာ ခင်ဗျားယူတော့"

ရှော့စတော့က...

"ကားကို တစ်နေရာရာ ရပ်ကွာ"



တိုင်ရင်က...

"ကားရပ်စရာနေရာ မရှိဘူးဗျ"

"နေရာမရှိလဲ ဒီအတိုင်းရပ်ထားကွာ၊ နေရာမရပ်လို့ ဒဏ်ကျလဲ ောင်လိုက်"

ထိုစဉ် အသံဖမ်းစက်ထဲမှ...

"ဂွတ်မောနင်း ကျွန်တော့်နာမည် အက်ရောဂျားပါ"

"အာ... ဟုတ်ကဲ့၊ ခဏလေး..."

"ခင်ဗျားအတွက် သတင်းအပြည့်အစုံ လက်နှိပ်စက်ရိုက်ပြီးပါပြီ၊ ဟောဒါ ကျသင့်ငွေပါ"

"ခင်ဗျားတို့က အလွန်ကျွမ်းကျင်ကြပါတယ်ဗျာ၊ ကျေးဇူးတင်ပါတယ်"

"ဂွတ်ဘိုင်... မစ္စတာရောဂျား"

ဟာစန်က...

"အင်း... လက်နှိပ်စက် အစီရင်ခံစာပဲ"

တိုင်ရင်က...

"ဒီငနဲက စကားသိပ်မပြောဘူးနော်"

ရှော့စတော့က...

"အေးဂျင့်ကောင်းတစ်ယောက်ဆိုတာ ဒီလိုပဲ၊ ဒါကို မှတ်ထားပေတော့"

"ဟုတ်ကဲ့ခင်ဗျာ"

ဟာစန်က စိတ်မရှည်ဘဲ...

"ဒါဆို ဒစ်စတိန်းမေးထားတာတွေ ကျုပ်တို့ ဘယ်သိရတော့မလဲ"

ရှော့စတော့က...

"အကြောင်းမထူးပါဘူး ဒစ်စတိန်းမေးတဲ့ မေးခွန်းတွေ ကျုပ်တို့ သိပြီး းပဲ၊ ကျုပ်တို့ကလဲ အဲဒီမေးခွန်းတွေကိုပဲ လျှိုင် သွားပြီးမေးလိုက်ရင် အဲဒီ ဖြေပဲ ရမှာပေါ့၊ ဟော့ ဒစ်စတိန်း လမ်းထဲပြန်ထွက်လာပြီကွ၊ သူ့ကို မြင် အောင်ရှာ"

ဘင်ကားသည် စတင်လှုပ်ရှား၍ လမ်းတစ်ပတ်လှည့်နေခိုက် အသံဖမ်း ထဲမှ အသံထွက်လာပြန်၏။

"ကျွန်တော် ဘာကူညီနိုင်ပါလဲခင်ဗျာ"

ဟာစန်က...

"ဒစ်စတိန်းက ဆိုင်တစ်ဆိုင်ထဲ ဝင်သွားတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ရှော့စတော့က ဟာစန်ကို ကြည့်လိုက်၏။ ဟာစန်သည် သူ့မာန[illegible] မေ့သွားသောအခါ ကျောင်းသားလူငယ်လေးလို သဘောကျနေ၏။ အသံဖမ်းစ[illegible] တပ်ထားသော ဗင်ကား၊ အသံခိုးဖမ်းသော ကိရိယာ၊ နောက်ယောင်ခံလိုက်ခြ[illegible] များကို သိပ်သဘောကျနေ၏။

ထိုစဉ် အသံဖမ်းစက်ထဲက…

"ကျုပ် ရှပ်အင်္ကျီတစ်ထည်လိုချင်လို့"

တိုင်ရင်က…

"အို ဒုက္ခပါပဲ"

စက်ထဲမှ…

"အို… စွန်းလာတာကိုး၊ ဘာတွေလဲ ခင်ဗျ"

"ကော်ဖီတွေပါ"

"ချက်ချင်းလျှော်လိုက်ရင် ပျောက်သွားမှာ၊ ခုမှတော့ မကျွတ်တော့[illegible] ထင်တယ်၊ လူကြီးမင်းက အဲဒီလို ဆင်တူအင်္ကျီမျိုး လိုချင်တာလား"

"ဟုတ်ပါတယ် အဖြူမြောင် နိုင်လွန်အင်္ကျီပဲ၊ လည်ပင်းက ၁၄ [illegible]"

"ဟောဒီမယ် ခင်ဗျာ၊ ၃၂ သျှီလင် ၆ ပဲနီ ကျပါတယ်"

"ကောင်းသားပဲ ရှော့"

"ကျေးဇူးပါပဲ အဝတ်ကို အခုလဲမလားခင်ဗျာ"

"အဝတ်လဲခန်းက ဒီမှာခင်ဗျ"

ခြေသံများ ကြားရသည်။ ခဏအကြာ…

"အင်္ကျီဟောင်းအတွက် အိတ်ယူဦးမလားခင်ဗျား"

"မယူတော့ပါဘူး ခင်ဗျားပဲ လွှင့်ပစ်လိုက်ပါခင်ဗျာ"

တိုင်ရင်က ခေါင်းကုတ်ပြီး…

"အဲဒီကြယ်သီးက ရွှေဘယ် (ရုရှငွေ) ၂၀၀၀ ကျတာ"

ဆိုင်အရောင်းသမားအသံက…

"ဟုတ်ကဲ့ခင်ဗျာ"

တိုင်ရင်က…

"ရွှေဘယ် ၂၀၀၀ တောင်နော်"

ရှော့စတော့က…

"တို့ရတဲ့သတင်းက ကုန်ကျငွေထက် ပိုတန်ပါတယ်ကွာ"

ဟာစန်က…



"ကျုပ်တို့ အခု ဆက်နားထောင်လို့ မရတော့ဘူးလား"

တိုင်ရင်က…

"ကျွန်တော်တို့ ဘယ်သွားမလဲ"

ရှော့စတော့က…

"သံရုံးကို ပြန်ကွာ"

တိုင်ရင်က ကားမောင်းထွက်လာစဉ် ဟာစန်က တွေးရင်း…

"ကျုပ်တို့ 'ကိုပါရယ်လီ' ဘယ်မှာရှိတယ်ဆိုတာ စုံစမ်းဖို့ လိုသေးတယ် [illegible]နော်"

ရှော့စတော့က လေအေးအေးနှင့်…

"အဲဒါကို 'ရှဥ္ဇတွေ' လုပ်ပေးပါလိမ့်မယ်"

"ဗျာ… ရှဥ္ဇတွေ"

"ဩော် မော်စကိုဌာနချုပ်က ရုံးထိုင်တဲ့ငနဲတွေကို ပေးထားတဲ့နာမည်လေ၊ [illegible]ငနဲတွေက သူတို့စားပွဲမှာ တစ်နေကုန်ထိုင်နေကြတာ၊ လမ်းဖြတ်ကူးတဲ့အလုပ် [illegible]တလွဲရင် ဘယ်မှမသွားကြတဲ့လူတွေလေ"

ရှော့စတော့သည် ဟာစန်ကို ဆက်လက် ပညာပေးသည့်အနေနှင့်…

"ဒီမယ် အေးဂျင့်တစ်ယောက်ဟာ ရိုးရိုးသာမန်လူတွေ သိနိုင်တဲ့ကိစ္စ၊ [illegible]အုပ်စာတမ်းတွေမှာပါတဲ့ သတင်း၊ 'ရှဥ္ဇတွေ' က ရှာပေးနိုင်တဲ့ကိစ္စမှန်သမျှကို [illegible]ဘယ်တော့မှ ကိုယ်တိုင်မလုပ်ရဘူး၊ 'ရှဥ္ဇတွေ' ကိုသာ တာဝန်ပေးလိုက်၊ 'ရှဥ္ဇတွေ' [illegible]တလဲ ဒီအတွက် လခရနေတာ၊ အဲဒီလို တာဝန်ပေးလိုက်လို့လဲ ဘယ်သူကမှလဲ [illegible]မောင်ရင့်ကို အပျင်းကြီးတယ်လို့ မထင်ဘူး"

ဟာစန်က ပြုံးလိုက်၏။

"ဒစ်စတိန်းကတော့ အဲဒီလိုမဟုတ်ပါကလား"

"အစ္စရေးတွေရဲ့ လုပ်နည်းလုပ်ဟန်က တစ်မျိုးလေ၊ နောက်ပြီးတော့ [illegible]ဒစ်စတိန်းက အစုအစည်းသမား မဟုတ်ဘူး၊ သူက တစ်ကိုယ်တော်"

"ဒါဆိုရင် ခင်ဗျားပြောတဲ့ ရှဥ္ဇတွေက ကိုပါရယ်လီသင်္ဘော ဘယ်မှာ [illegible]ရှိတယ်ဆိုတဲ့သတင်းကို ဘယ်လောက်ကြာကြာ ရှာရမှာလဲ"

"တစ်ရက်ပေါ့ ကျုပ် သံရုံးရောက်ရောက်ချင်း အကြောင်းကြားလိုက်[illegible] [illegible]ယ်လေ"

တိုင်ရင်က နောက်သို့လှည့်ကြည့်ရင်း…

"ဒါဆို တစ်ခါတည်းဆက်ပြီး တောင်းလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလိုနေလို့လဲ"

"ရှပ်ကြယ်သီး ခြောက်လုံးလောက်လေ"

"ခြောက်လုံးတောင်"

"ဟုတ်တယ်၊ ပြီးခဲ့တဲ့ ရှယ်ကြယ်သီးလို ဆုံးရှုံးသွားမယ်ဆိုရင် ငါးလုံးနဲ့ မလောက်နိုင်ဘူး"

ကားသည် ရှုရှသံရုံးတွင်းသို့ ဝင်လိုက်စဉ် ဟာစန်က...

"ကျုပ်တို့ ကိုပါရယ်လီသင်္ဘောရဲ့နေရာကို သိပြီဆိုတော့ ဘာလုပ်ကြမလဲ"

ရှောစတော့က–

"ကျုပ်တို့လူတစ်ယောက် သင်္ဘောပေါ် တင်ပေးလိုက်ရုံပေါ့"

[၃]

ခာဖီးယားခေါင်းဆောင်ကြီး ဒွန်အတွက် အဆင်မပြေသောနေ့နှင့် ကြုံတွေ့နေရ၏။

နံနက်စာ စားနေစဉ် သူ၏လူများ ခံလိုက်ရကြောင်း သတင်းကြားရသည်။ သူ၏လူများ ထရပ်ကားနှင့် သယ်ဆောင်လာသော မှောင်ခိုပစ္စည်းနှင့် ဘိန်းဖြူများကို ရဲက လမ်းမှ စောင့်ရှာဖမ်းခြင်း ခံလိုက်ရ၏။ ကုန်များမှာ ကနေဒါမှ နယူးယောက်မြို့သို့ အပို့ခရီးတွင် ဖြစ်သည်။ ဒရိုင်ဘာနှင့် စပယ်ယာ အဖမ်းခံလိုက်ရ၏။

ပစ္စည်းများမှာ ဒွန်၏ပစ္စည်းများ မဟုတ်သော်လည်း သူ တာဝန်ခံ ပို့ဆောင်သော ပစ္စည်းများ ဖြစ်ပေသည်။ ထိုမကောင်းသတင်းသည် အစပထမသာ ရှိသေး၏။ ဟားဗတ်တက္ကသိုလ် တက်နေသည့် သူ၏အကြီးဆုံး သားထံမှ ဆက်လိုက်သည့် တစ်လစာ ငွေများကို လောင်းကစားပစ်လိုက်၍ ကုန်သွားသောကြောင့် ငွေပို့ရန် ကြေးနန်းလာ၏။ တစ်မနက်လုံး သူ၏ဟိုတယ်များ၊ စားသောက်ဆိုင်များ ဘာကြောင့်ရှုံးနေပါလိမ့်ဟု စုံစမ်းစစ်ဆေးကြည့်မိသေးသည်။ သည်ကြားထဲ မယားငယ်က ဥရောပ မပို့ပေးရကောင်းလားဟု နားပူနားဆာ လုပ်နေ၏။ နောက်ဆုံး ဆရာဝန်က သူ ညောင်းကျနာ ပြန်ထလာကြောင်း ပြောလာ၏။

'တကယ့် နေ့ဆိုးပါပဲ'

ဒွန်သည် သူ့ဘာသာ ညည်းတွားလိုက်၏။

ထိုစဉ် ဖုန်းလာသည်။ ဒွန်က ကောက်ကိုင်လိုက်၏။

'ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



‘ဂိတ်ပေါက်က ပြောနေပါတယ် ဆရာကြီး၊ ဒီမှာ အင်္ဂလိပ်တစ်ယောက်က ဆရာကြီးနဲ့ တွေ့ချင်လို့တဲ့၊ နာမည်တော့ မပြောဘူး’

‘ဒါဆို မောင်ထုတ်လိုက်ကွာ’

‘သူက ဆရာကြီးနဲ့ အောက်စဖို့တက္ကသိုလ်တုန်းက မိတ်ဆွေလို့ ပြောပါတယ်’

‘ငါ့မှာ အောက်စဖို့က မိတ်ဆွေမရှိ...နေဦး...လူပုံပန်းက ဘယ်လိုလဲ...’

‘သေးသေးညှက်ညှက် မျက်မှန်ဝိုင်းနဲ့ ကြမ်းပိုးပုံမျိုးပဲ...’

‘ဟေ...’

ဒွန်၏ မျက်နှာသည် ပြုံးသွား၏။

‘သူ့ဆို ခေါ်ခဲ့ပါဗျာ... အထူး ဧည့်သည်တော်အဖြစ် ကျကျနန ပင့်ခေါ်ခဲ့ကြဟေ့...”

*

တစ်နှစ်ကျော် ခွဲခွာနေကြရသော မိတ်ဟောင်း ဆွေဟောင်းများအနေနှင့် တစ်ယောက်ကိုတစ်ယောက် ပြောင်းလဲလာမှုကို အကဲခတ်ကြည့်ရှုကြစမြဲ ဖြစ်သည်။

အလန်ကာတုန်း၏ ပြောင်းလဲမှုကား အံ့သြစရာကောင်းလှပေသည်။ မတရားသဖြင့် ဝလာပြီး ဆံပင်များ ကျွတ်ကုန်ကာ ထိပ်ပြောင်စ ပြုနေ၏။

ဒစ်စတိန်းသည် သူနှင့် အလန်ကာတုန်းတို့၏ ဖြစ်ရပ်ကို မနေ့တုန်းကလို ပြန်မှတ်မိနေ၏။

သူတို့အဖွဲ့သည် သေနတ်ကိုယ်စီနှင့် မသိသောနယ်မြေကို တက်လာခဲ့ကြ၏။ သူသည် တခြား တပ်သားများလို စွန့်ပစ်ထားသော တင့်ကားရှိရာသို့ မသွားဘဲ မယုံသင်္ကာစိတ်ဖြင့် စောင့်နေခဲ့၏။ သူ့စိတ်ထဲတွင် ထိုတင့်ကားသည် ထောင်ချောက်တစ်ခု ဖြစ်ကြောင်း အလိုလိုသိနေသည်။ ဤသို့ဖြင့် ဒစ်စတိန်းသည် ချောင်းမြောင်းပစ်ခတ်သူများကို ပြန်ထိမှန်အောင် ပစ်ခတ်နိုင်ခဲ့ရင်း အလန်ကာတုန်း၏ အသက်ကို ကယ်တင်ခဲ့သလို ဖြစ်ခဲ့ရ၏။ အမှန်အားဖြင့် ဒစ်စတိန်းသည် မိမိ၏အသက်ကို မသေအောင် ကြိုးစားရင်း အလန်ကာတုန်းကို ကယ်တင်သလို ဖြစ်ခဲ့ခြင်းသာ ဖြစ်သည်။





သူတို့နှစ်ဦးသားသည် အတူတကွ တိုက်ခိုက်ကြရင်း၊ ဆဲရင်း၊ ဆိုရင်း မိန်းမတွေအကြောင်းပြောရင်း ရယ်မောခဲ့ကြ၏။ ထိုကျွန်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် အသစ်ထိုးစစ်တစ်ခု မသွားရမီ သူတို့နှစ်ဦးသား ကာတုန်း၏ စစ္စလီယံညီအစ်ကိုများထံ သွားရောက်လည်ပတ်ခဲ့ကြ၏။

ယခု ဒစ်စတိန်း ရောက်လာခြင်းမှာ ကာတုန်း၏ စစ္စလီယံ ညီအစ်ကိုများကို အကြောင်းပြုပေသည်။

စစ္စလီယံ ညီအစ်ကိုများသည်ကား မာဖီးယားဂိုဏ်းပင် ဖြစ်ပေသည်။

မာဖီးယားတို့သည် ဒစ်စတိန်းကို ၁၉၄၈–ခုနှစ်ကလည်း ကူညီခဲ့ဖူးသည်။ ထိုသို့ ကူညီခဲ့ရင်း စစ္စလီယံညီအစ်ကိုများဘက်မှ ငွေရေးကြေးရေး မြတ်စွန်းမှု ရရှိခဲ့ပေသည်။ ထိုစဉ်ကမူ အမြတ်အစွန်းရနိုင်မှုကို အကြောင်းပြု၍ ဒစ်စတိန်းသည် ညီအစ်ကိုများထံ တိုက်ရိုက်သွားခဲ့ပေသည်။

ယခု အစီအစဉ်ကား တစ်မျိုးဖြစ်သည်။ သူ့အနေနှင့် အမြတ်အစွန်း ခွဲဝေပေးရန် မရှိ။ ထို့ကြောင့်လည်း အလန်ကာတုန်းထံသို့ လာ၍ ၂၄ နှစ်က ကြွေးဟောင်းအတွက် အကူအညီ လာတောင်းရခြင်း ဖြစ်သည်။

အလုပ်ဖြစ် မဖြစ်ကို မပြောနိုင်။ ကာတုန်းသည် ယခုအခါ အလွန် ချမ်းသာနေပြီ ဖြစ်သည်။ အိမ်ကြီး ဝင်းကြီးကလည်း ခမ်းနား ကြီးကျယ်လှပြီး မော်တော်ကား သုံးစီးက အသင့်။ အိမ်ဖော်များကိုကား ဒစ်စတိန်း မရေတွက်နိုင်တော့။ ချမ်းသာသော လူလတ်ပိုင်း အမေရိကန်တစ်ယောက်သည် တစ်ခါက အသက် ကယ်ဖူးသည်ဆိုသော အကြောင်းနှင့် အရှေ့အလယ်ပိုင်း အရှုပ်အထွေး ဗွင်းသို့ ဝင်ချင်မှ ပါဝင်မည် ဖြစ်သည်။

ကာတုန်းသည် ဒစ်စတိန်းကို တွေ့ရသည့်အတွက် ဝမ်းသာပုံရသည်ကား သေချာလှပေသည်။ အစကဖြင့် ကောင်းနေပေပြီ။ အနှောင်း သေချာဖို့သာ လိုတော့၏။ သူတို့နှစ်ဦးသားသည် ၁၉၄၇ ခုနှစ်တုန်းကလို တစ်ဦးကိုတစ်ဦး ပွေ့ဖက်နှုတ်ဆက်ကြသည်။

ကာတုန်းက ဒစ်စတိန်းကို သေချာကြည့်ရင်း...

‘မောင်ရင်ကတော့ အလျင်ကအတိုင်းပဲ၊ ဘာမှမပြောင်းဘူး၊ ကျုပ်မှာတော့ ဆံပင်တွေကျွတ်ပြီး ပေါင်တစ်ရာလောက် တိုးနေပြီ၊ မောင်ရင့်မှာဖြင့် ဆံပင်တောင် မဖြူဘူး၊ အခု ဘာတွေလုပ်နေသလဲ’

‘ကျုပ် အစ္စရေးမှာလေ၊ မောင်ရင်ကော’



www.burmeseclassic.com

www.burmeseclassic.com



'စီးပွားရေးပေါ့၊ မောင်ရင် သိပါတယ်၊ လာ စားရ သောက်ရအောင်ပါ'

စားသောက်ပုံက တစ်မျိုးဖြစ်သည်။ မစ္စက်ကာတုန်းက စားပွဲတစ်ဘက် စွန်းမှာ ထိုင်၍ စကားတစ်ခွန်းမှဝင်၍ မပြောပေ။ အမူအရာ ခပ်ဆိုးဆိုး ကလေးနှစ်ယောက်က အစားကို အငမ်းမရ စားသောက်ပြီး မြန်မြန် ထွက်သွား ကြ၏။ ကာတုန်းက အီတလီ အစားအစာများကို အများကြီး စားပြီး ဝိုင်နီ များကို တစ်ခွက်ပြီး တစ်ခွက် သောက်သည်။ အထူးဆန်းဆုံးမှာ တစ်ခါတစ်ရံ မိတ်ဆွေလို၊ တစ်ခါတစ်ရံ အကြွေးပေး အရာရှိလို၊ တစ်ခါတစ်ရံ အခိုင်းအစေလို ဆက်ဆံပြုမူတတ်သော၊ အဝတ်အစား ကျနစွာ ဝတ်ဆင်ထားသူတစ်ဦး ဖြစ်သည်။ ကာတုန်းက သူ့အား ကောင်ဆယ်လာ အကြွေးပေးအရာရှိဟု ခေါ်သည်။

ညစာ စားကြရင်း အလုပ်အကြောင်း မပြောကြ။ စစ်အတွင်းက ဓာတ်လမ်းတွေကိုပဲ ပြောနေကြ၏။ ကာတုန်းက အဓိကပြောသူ ဖြစ်သည်။

ဒစ်စတိန်းက ကာတုန်းသည် သူ့ကို တွေ့ရသည့်အတွက် ဝမ်းသာသည် မှာ တကယ်ဖြစ်ကြောင်း သေချာသွား၏။ သည်လူသည် ပျင်းနေ၍လည်း ဖြစ်နိုင်၏။ ပျင်းလည်း ပျင်းထိုက်ပါသည်။ စကားတစ်ခွန်းမှ မပြောသော ဇနီး။ ဆိုးပုံရသော ကလေးများ။ ကောင်ဆယ်လာတို့နှင့် ညစဉ်အတူ စားနေရ သည့်အဖြစ် မဟုတ်ပါလား။

နောက်ဆုံး သူတို့နှစ်ဦးသား သားရေထိုင်ခုံကြီးများမှာ ထိုင်လိုက်ကြ၏။ ဘတ္တလာတစ်ယောက်က ဘရန်ဒီနှင့် ဆေးပြင်းလိပ်များ လာချပေးသည်။ ဒစ်စတိန်းက နှစ်မျိုးလုံးကို ငြင်းလိုက်၏။

ကာတုန်းက...

'အလျင်တုန်းက မောင်ရင် တကယ်ကြမ်းပါတယ်'

'စစ်တုန်းကကိုး...'

ဒစ်စတိန်းသည် ကာတုန်း ဘရန်ဒီတစ်ငုံ၊ ဆေးပြင်းလိပ်တစ်ဖွာ သောက်နေခြင်းကို ကြည့်နေလိုက်၏။

ရုတ်တရက် ကာတုန်းက အော်ရယ်သည်။

'ကျုပ် အောက်စဖို့တုန်းက အဖြစ်အပျက်တွေကို အားလုံး မှတ်မိနေပါ တယ်၊ ဒါထက် မောင်ရင် ဟို ပရော်ဖက်ဆာကြီးရဲ့ မိန်းမနဲ့ ဖြစ်လိုက်သေးလား ဘယ်သူ...'

'အေလာလေ၊ မဖြစ်ပါဘူး၊ အခု သူလဲ သေသွားပြီ'





'ဟုတ်လား၊ စိတ်မကောင်းစရာပဲ'

'ထူးထူးဆန်းဆန်းတစ်ခု ဖြစ်တယ်ဗျ၊ ကျုပ် အဲဒီအိမ်ကို ပြန်သွားတော့ အေလာရဲ့ သမီးနဲ့ တွေ့တယ်၊ သူ့အမေနဲ့ သိပ်တူတာပဲ'

'လာနောက်မနေစမ်းပါနဲ့၊ ဒါဆို သူ့သမီးနဲ့ကျမှ မောင်ရင်က ဖြစ်တယ်ပေါ့၊ မယုံနိုင်စရာပဲ'

ဒစ်စတိန်းက ခေါင်းညိတ်လိုက်ပြီး...

'မယုံပေမယ့် ဖြစ်တာက ရိုးရိုး မကတော့ဘူး၊ ကျုပ်က သူလေးကို လက်ထပ်ယူချင်တာ၊ နောက်တစ်ခါတွေ့ရင် ကျုပ်က လက်ထပ်ခွင့် တောင်းမလို့'

'သူက လက်ခံမယ် ထင်သလား'

'မပြောတတ်ဘူးလေ၊ လက်ခံမယ်တော့ ထင်တာပဲ၊ အဲ ကျုပ်က အသက်တော့ သူလေးထက် အတော်ကြီးနေပြီ မဟုတ်လား...'

'အသက်က ပြဿနာ မဟုတ်ပါဘူး၊ မောင်ရင် နည်းနည်း ပိုဝဖို့တော့ လိုတယ်၊ ဒါမှ မိန်းမက ဖက်လို့ သဘောကျမှာ'

သည်စကားစပ်ကို ဒစ်စတိန်း သဘောမကျတော့သည်နှင့်...

'ဒါထက် အောက်စဖို့မှာတုန်းက ကျုပ်ကို ခင်ဗျားပြောခဲ့တဲ့ စကား တစ်ခွန်းကို မှတ်မိသေးလား'

'မှတ်မိတာပေါ့၊ ခင်ဗျား ကျုပ်အသက်ကို ကယ်ခဲ့တဲ့အတွက် ကျုပ် အသက်ကြွေး ပေးစရာရှိတယ်ဆိုတာလေ'

'အခု ကျုပ် ခင်ဗျားဆီ အကူအညီ လာတောင်းတာပဲ'

'ဒါဆို တောင်းလေ'

'ကျုပ် ရေဒီယို ဖွင့်လိုက်လို့ ရမလား'

ကာတုန်းက ပြုံးသည်။

'ကျုပ် အိမ်က တစ်ပတ်တစ်ခါ ခိုးနားထောင်တဲ့ ပစ္စည်းဘတ်ဂ် ရှိ မရှိ ရှာထားပြီးသားပါ'

ဒစ်စတိန်းသည် ရေဒီယိုကိုတော့ လိုရ မည်ရ ဖွင့်လိုက်၏။ ပြီးမှ...

'ပထမဆုံး ဖွင့်ပြောချင်တာကတော့ ကျုပ်ဟာ အစ္စရေး ထောက်လှမ်း ရေးမှာ အလုပ် လုပ်နေတယ်၊ ကာတုန်း...'

ကာတုန်းက မျက်လုံးပြူးသွားပြီး...

'အင်း ကျုပ် ရိပ်မိခဲ့ဖို့ ကောင်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် မြေထဲပင်လယ်မှာ နိုဝင်ဘာလောက်ဆိုရင် အော်ပရေးရှင်းတစ်ခု လုပ်ရမယ်'

ဒစ်စတိန်းသည် ကာတုန်းကို ဘယ်လိုပြောရမလဲ စဉ်းစားပြီး

'အဲ အဲဒီ အော်ပရေးရှင်းဟာ အရှေ့အလယ်ပိုင်း စစ်ပွဲတွေကို ရင်ဆိုင်းပစ်နိုင်တယ်'

ဒစ်စတိန်းသည် စကားနားလိုက်ပြီး

'အရေးကြီးတာက အဲဒီ အော်ပရေးရှင်းကို အစ္စရေးနဲ့ ပတ်သက်တယ်ဆိုတာ ခြေရာခံလို့ မရမှဖြစ်မယ်၊ ဒီတော့ ကျုပ် ဌာနချုပ်လုပ်ဖို့ အခြေခံ စခန်းတစ်ခုလိုတယ်၊ ကမ်းနားတစ်နေရာ သင်္ဘောငယ်တွေ ဆိုက်လို့ ရပြီး သင်္ဘောကြီးတွေ ဆိုက်နိုင်တဲ့နေရာနဲ့လဲ မဝေးတဲ့အရပ်မှာ အိမ်ကြီးကြီးတစ်လုံး လိုတယ်၊ အဲဒီနေရာမှာ ကျုပ် အလုပ် လုပ်နေတဲ့ ရက်သတ္တ သုံးလေးပတ်မှာ ရဲက လာစုံစမ်းတာတို့၊ ဟိုလူဒီလူ လာစုံစမ်းတာတို့ မရှိမှဖြစ်မယ်၊ အဲဒီအကူအညီမျိုး စီစဉ်ပေးနိုင်တဲ့ လူက တစ်ယောက်ပဲ ရှိတယ်'

ကာတုန်းက ခေါင်းညိတ်လိုက်ရင်း...

'အဲဒီနေရာမျိုး တစ်ခုတော့ ရှိတယ်၊ စစ္စလီကျွန်းမှာပဲ၊ မခမ်းနားဘူး၊ မီးမရှိဘူး၊ ဖုန်းမရှိဘူး၊ ဒါပေမဲ့ မောင်ရင်လိုတာတွေနဲ့တော့ အံကိုက်ပဲ'

ဒစ်စတိန်းသည် ပြုံးလိုက်၏။

'သိပ် နေရာကျတာပေါ့၊ ကျုပ် အဲဒီ အကူအညီ ခင်ဗျားဆီက တောင်းဖို့ လာတာ'

ကာတုန်းက မျက်ခုံးပင့်၍

'မောင်ရင်က တယ်နောက်တာပဲ၊ ဒါလေးများ'

သို့...တာဝန်ခံ၊ မောဆက်

မှ...တာဝန်ခံ၊ လန်ဒန်ဌာနခွဲ

ရက်စွဲ၊ ၂၉-ဇူလိုင် ၁၉၆၈။

စူဇာအက်ရှဖို့သည် အာရပ်အေးဂျင့် တစ်ယောက်ဖြစ်ဖို့ သေချာသလောက် ဖြစ်သည်။

သူမကို အင်္ဂလန် အောက်စဖို့မှာ ၁၇ ဇွန် ၁၉၄၄ ခုနှစ်မှာ မွေးသည်။ တစ်ဦးတည်းသော သမီး။ အဖေ မစ္စတာ (ယခု ပရော်ဖက်ဆာ)





တော် ဖင်အက်ရှဖို့ (၁၉၀၈ ခု အင်္ဂလန်မှာမွေး)၊ အမေ (၁၉၅၄ မှာ သေဆုံး) သည် အာရပ်လူမျိုးအစစ် ဖြစ်သည်။ အဖေသည် အာရပ်ကို လိုလားသူဖြစ်သည်။ အရှေ့အလယ်ပိုင်းမှာ သုတေသနသမား၊ ဘာသာဗေဒသမား အဖြစ် နှစ်များစွာ နေထိုင်ခဲ့ဖူးသည်။ ယခု အောက်စဖို့တက္ကသိုလ်တွင် ဆေမစ်တစ် (ရဟူဒီ-အာရပ်) ဘာသာစကားများ သင်ကြားသည်။

ထို့ကြောင့် စူဇာသည် အင်္ဂလန်ပြည်သူတစ်ဦး ဖြစ်သော်လည်း အာရပ်လှုပ်ရှားမှုဘက်သို့ တိမ်းညွတ်နိုင်သည်။

စူဇာသည် ဘီ-အို-အေ-စီ လေကြောင်းမှာ လေယာဉ်မယ်အဖြစ် အမှုထမ်းသည်။ မကြာခဏ တီဟီရန်၊ စင်ကာပူ၊ ဇူးရစ်မြို့များသို့ သွားရသည်။ အာရပ်သံတမန်များနှင့် တွေ့ဆုံခွင့် များပြားသည်။

သူမသည် အလွန်လှသည်။ (ပူးတွဲဓာတ်ပုံကို ကြည့်ပါ)

နောက်ဆုံးအချက်၊ လူဇင်ဘတ်မှာ ဒစ်စတိန်းကို တွေ့သွားသော ဟာစန်ဟာစန်သည် သူမ၏ အဖေထံတွင် ပညာသင်ကြားခဲ့သည်။ (ဒစ်စတိန်းနှင့်အတူ) အက်ရှဖို့မိသားစုနှင့် မကြာခဏ အဆက်အသွယ် ရှိခဲ့သည်။ ဒစ်စတိန်း-စူဇာတို့ ချစ်ရေးဖြစ်ကြချိန်မှာ ဟာစန်ပုံပန်းသဏ္ဌာန် ရှိသူတစ်ဦး အက်ရှဖို့ အိမ်သို့လာခဲ့ကြောင်း သိရသည်။

ဆက်လက်စုံစမ်းရန်လိုကြောင်း တင်ပြ။

(လက်မှတ်)

ရောဘတ်ဂျိတ်

သို့...တာဝန်ခံ၊ လန်ဒန်ဌာနခွဲ

မှ...တာဝန်ခံ၊ မောဆက်

ရက်စွဲ၊ ၃၀-ဇူလိုင်၊ ၁၉၆၈။

သည်လောက် အချက်အလက်တွေက ဒီမိန်းကလေးအပေါ်မှာ ဆန့်ကျင်မှုတွေ တွေ့နေရင် ဘာဖြစ်လို့ ဒီမိန်းကလေးကို အပျောက်ရှင်းပစ်ဖို့ အကြံမပေးတာလဲ။

(လက်မှတ်)

ဒီယေဘော



www.burmeseclassic.com

www.burmeseclassic.com



သို့...တာဝန်ခံ၊ မောဆက်
မှ...တာဝန်ခံ၊ လန်ဒန်ဌာနခွဲ

ရက်စွဲ၊ ၃၁-ဇူလိုင် ၁၉၆၈

စုဇာ အက်ရှဖို့ကို အပျောက်ရှင်းရန် အကြံမပေးသည်မှာ အောက် ဖော်ပြပါ အကြောင်းများကြောင့် ဖြစ်သည်။

၁။ သူမအပေါ်မှာ တွေ့ရှိသမျှ အထောက်အထားများသည် ခိုင်မာသော်လည်း တိုက်ဆိုင်မှုဖြစ်နိုင်သည်။

၂။ ဒစ်စတိန်းအကြောင်း သိသလောက်ဆိုရင်၊ စတိန်းဟာ အဲဒီမိန်းကလေးကို ဘယ်လောက်ပဲ စွဲလမ်းချစ်ခင်နေဦး သတင်းပေးမည် မထင်။

၃။ တကယ်လို့ ကျုပ်တို့က ဒီမိန်းကလေးကို ရှင်းပစ်လိုက်ရင် တခြားနည်းလမ်းတစ်ခုနှင့် ဒစ်စတိန်းကို ချဉ်းကပ်ဦးမှာပဲ၊ သိပြီး သားရန်သူက ပိုကောင်းနိုင်တယ်။

၄။ ကျုပ်တို့က ဒီမိန်းကလေးကို လွဲမှားတဲ့ သဲလွန်စပေးဖို့ အသုံးပြုနိုင်သေးတယ်။

၅။ ကျုပ်တို့ဟာ ပတ်ဝန်းကျင် အခြေအနေအရပေးတဲ့ သက်သေအထောက်အထားလောက်နဲ့ လူမသတ်ချင်ဘူး၊ ကျုပ်တို့က အရိုင်း အစိုင်းတွေမှ မဟုတ်ဘဲ၊ ဂျူးတွေပဲ။

၆။ တကယ်လို့ ဒစ်စတိန်း ချစ်နေတဲ့ မိန်းကလေးကို ကျုပ်တို့က သတ်လိုက်ရင် ဒစ်စတိန်းက ကျုပ်ကိုရော၊ ခင်ဗျားကိုပါ ဒီကိစ္စမှာ ပါသမျှ လူတွေကိုရော လိုက်သတ်လိမ့်မယ်။

(လက်မှတ်)
ရောဘတ်ဂျိတ်

သို့တာဝန်ခံ၊ လန်ဒန်ဌာနခွဲ
မှတာဝန်ခံ၊ မောဆက်

နေ့စွဲ၊ ၁-ဩဂုတ် ၁၉၆၈

ခင်ဗျား စီစဉ်ထားတဲ့အတိုင်း ဆက်လုပ်ပါ။

(လက်မှတ်)
ပီယေဘော





(ကိုယ်ရေးကိုယ်တာမှတ်ချက်)

ခင်ဗျားရဲ့ နံပါတ်-၅ ကောက်ချက်ဟာ မြင့်မြတ်ပြီး စိတ်ထိခိုက်စရာကောင်းလှပါတယ်။ ဒါပေမဲ့ အဲဒီမှတ်ချက်ဟာ အခုတပ်ဖွဲ့မှာ ရာထူးတက်ဖို့ ခွေယ်ဘူး၊ ပီယေဘော။

သံချေးများက အလိမ်းလိမ်း တက်နေသည်။

ဆေးမသုတ်ရသည်မှာ ကြာပြီဖြစ်သည်။ အပေါ်ပိုင်းမှာ လေဒဏ်၊ မိုးဒဏ်နှင့် ပင်လယ်ဒဏ်ကို နှစ်များစွာ ခံခဲ့ပုံ ရသည်။

တန်-၂၅၀၀၊ အရှည်ပေ ၂၀၀၊ အကျယ်ပေ ၃၀။

အမှုထမ်းအရာရှိသင်္ဘောသားအပါအဝင် ၃၁ ယောက်။ မည်သူကမှ အကောင်းမပြောကြ။

မည်သူမှ မချစ်ကြ။

ထိုသင်္ဘော၏အမည်ကား 'ကိုပါရယ်လီ' ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# [၁၀]

နက်ဒစ်စတိန်းသည် သဘော်သူဌေးကြီးအဖြစ် နယူးယောက်မြို့သို့ သွားရသည်မှာ တစ်မနက်လုံး အချိန်ကုန်သွား၏။

သူသည် မင်ဟတ်တန်ဖုန်းစာအုပ်ထဲတွင် အရှေ့ပိုင်းလိပ်စာထဲမှ ရှေ့နေတစ်ယောက်ကို ရှာလိုက်၏။ ဖုန်းဆက်မည့်အစား လူကိုယ်တိုင် သွားတွေ့လိုက်သည်။ ရုံးခန်းသို့ ရောက်သောအခါ ရုံးခန်းသည် တရုတ်စားသောက်ဆိုင် အပေါ်ထပ်မှာဖြစ်ပြီး ဒစ်စတိန်းအနေဖြင့် သဘောကျပေသည်။ ရှေ့နေ၏အမည်မှာ မစ္စတာချွန်း ဖြစ်ပေသည်။

ဒစ်စတိန်းနှင့် ချွန်းတို့သည် တက္ကစီကားတစ်စီးငှား၍ သတ်အဲဗင်နယူးရှိ လစ်ဘီးရီယင်း ကိုအော်ပရေးရှင်းဌာနသို့ သွားလိုက်သည်။ ထိုကုမ္ပဏီသည် စီးပွားရေးလုပ်ငန်း မလုပ်သူများကို ကူညီဆောင်ရွက်ပေးသည်။ ဤသို့ဖြင့် တက်နှင့်လျော်သော လေ့ကလေးတစ်စင်းတောင် မပိုင်ဆိုင်သေးသော ဒစ်စတိန်းသည် ဆမိုင်းလ်သဘော်ကုမ္ပဏီပိုင်ရှင်အဖြစ် ရေစစ္စရီလုပ်ပြီး သွားလေသည်။ ထိုကုမ္ပဏီသည် မည်သည့်နည်းနှင့်မှ သူ့ထံသို့လည်းကောင်း၊ မောဆက်သို့လည်းကောင်း ခြေရာခံနိုင်ဖွယ်ရာ မရှိချေ။

ထိုနောက် ဒစ်စတိန်းသည် ဇူးရစ်သို့ ပါပါဂိုပိုလတ်ခ်ဆိုသူအားတွေ့ရန် ထွက်ခဲ့လေသည်။

ပါပါဂိုပိုလတ်ခ်သည် အလွန်အသိခက်သော၊ အာဏာရှိသော၊ အားနည်းချက် မရှိသလောက်ဖြစ်သော ပုဂ္ဂိုလ်ဖြစ်ပေသည်။





ပါပါဂိုပိုလတ်ခ်သည် ၁၉၁၂–ခုနှစ်တွင် မွေးဖွားသည်။ သူ ငယ်စဉ်တည်းက တူရကီ၊ ဘူဂေးရီးယား၊ ဂရိတို့တွင် နေထိုင်ခဲ့ရ၏။ သူ့ဖခင်မှာ ငါးသည်တစ်ဦးဖြစ်ပြီး ဆယ်ကျော်သက်အရွယ်မှာပင် တံငါလုပ်ငန်း မှသည် မှောင်ခိုလုပ်ငန်းအထိ ကျွမ်းကျင်စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ရပေသည်။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသောအခါ သူသည် အီသီယိုပီးယားပြည်မှာ ပေါ်ပေါက်လာပြီး စစ်သုံးပစ္စည်းများကို အလကားနီးနီးနှင့် ဝယ်ယူခဲ့လေသည်။ ရိုင်ဖယ်များ၊ သောက်လုံးပြူးပစ္စတိုများ၊ မရှင်းဂန်းများမှသည် ကျည်ဆန်မျိုးစုံအထိ ဖြစ်ပေသည်။ ထိုနောက် ကိုင်ရိုရှိ ဂျူးများကို အဆမတန် အမြတ်စား၍ ရောင်းချခဲ့ပေသည်။ ထိုအချိန်က ဂျူးတို့သည် မြေအောက်အစ္စရေး တပ်မတော် တည်ထောင်တိုက်ပွဲဝင်နေရချိန် ဖြစ်သည်။

ထိုသို့ဖြင့် သူနှင့် နက်ဒစ်စတိန်းတို့ တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

ပါပါဂိုပိုလတ်ခ်သည် ဤသို့ဖြင့် လက်နက်မှောင်ခို အမျိုးမျိုးကို သဘော်အမျိုးမျိုးဖြင့် တင်သွင်း မှောင်ခိုလုပ်ခြင်းဖြင့် ကြီးပွားချမ်းသာလာခဲ့၏။

သူ့တွင် အတည်တကျ နေထိုင်သောလိပ်စာမရှိ။ သို့သော် ကမ္ဘာတစ်ဝန်း ဖုန်းဖြင့်ဆက်သွယ်နိုင်သော နေရာ ၁၂ နေရာကျော် ရှိသည်။ ထိုဖုန်းရှိရာအရပ် သူမရှိပေ။ သို့သော် ထိုဖုန်းသမားတွေကို သူ၏ သတင်းစကားကို ပါပါဂိုပိုလတ်ခ်ထံ အရောက်ပေးပို့၍ သူက ဖုန်းပြန်ဆက်သွယ်သည်။

လူတော်တော်များများသည် သူ့ကိုသိကြပြီး ယုံကြည်ကြသည်။ အထူးသဖြင့် သဘော်လုပ်ငန်းမှာ ဖြစ်သည်။ အကြောင်းမှာ သူသည် သူနှင့် ဆက်သွယ်သူတိုင်း၏ လိုအင်ဆန္ဒပြည့်ဝအောင် ဆောင်ရွက်ပေးတတ်သောကြောင့် ဖြစ်သည်။

ဒစ်စတိန်းသည် ဘူတာရုံတွင် ဘတ်စ်ကားပေါ်မှ ဆင်းလိုက်၏။ ဘူတာရုံ ပလက်ဖောင်းတွင် ပါပါပိုလတ်ခ် သူ့ကို စောင့်ဆိုင်းနေသည်ကို တွေ့ရ၏။ သူတို့ လက်ဆွဲနှုတ်ဆက်ကြသည်။

ဒစ်စတိန်းက…

'စီးပွားရေးအခြေအနေ ဘယ့်နှယ်ရှိသလဲ…'

'တက်လိုက် ကျလိုက်ပါပဲ…'

ပါပါဂိုလတ်ခ်က ပြုံးလိုက်ပြီး ဆက်၍…

'များသောအားဖြင့်တော့ တက်နေတာပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



ဒစ်စတိန်း ပါပါကိုပိုလတ်ခ်အား ဈေးရစ်တွင် ဆဗိုင်းလ်သင်္ဘောကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် ရေစစ္စရီလုပ်ရန် ပြော၏။ ထိုအတွက် အမေရိကန်ဒေါ်လာ တစ်သောင်းပေးမည်ဟု ပြော၏။

ပါပါကိုပိုလတ်ခ်က

'ကျုပ်က ဘာလုပ်ပေးမယ်လို့ ကတိမပေးနိုင်သေးဘူးနော်။ ခင်ဗျား ပိုက်ဆံ ဆုံးသွားမယ်'

"မဆုံးပါဘူး သိပါတယ်"

သူတို့နှစ်ယောက် တစ်နေရာမှာ နား၍ စားသောက်ရင်း။ ဒစ်စတိန်းက ဆဗိုင်းလ်သင်္ဘောကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည့် ဝတ္တရားများကို ရှင်းပြ၏။

'နံပါတ်–၁ တန် ၁၅၀၀ လောက်ရှိတဲ့ သင်္ဘောတစ်စီး သေးသေး မြန်မြန် လူနည်းနည်းနဲ့ မောင်းနိုင်တဲ့ သင်္ဘောမျိုးဝယ်၊ လစ်ဗျားမှာ ရေစစ္စရီလုပ်ထား၊ အဲဒီသင်္ဘောနဲ့ တင်ချင်တဲ့ကုန်တင်၊ လုပ်ချင်တာလုပ်၊ ရတာယူ၊ နောက်ဆုံး အောက်တိုဘာ (၇) ရက်မတိုင်မီ ဟိုင်ဖာဆိပ်ကမ်းမှာ အရောက်လာပြီး လွှန်းတင်၊ သင်္ဘောသားအားလုံးကို ပြန်လွှတ်...'

ပါပါကိုလတ်ခ်သည် နားထောင်နေ၏။ ယခုထိ လုပ်ပါမည်ဟု ကတိမပေးသေး။ ဒစ်စတိန်းက ဆက်၍...

'၂၊ ဟောဒီစာရင်းထဲက သင်္ဘောတစ်စီးကိုဝယ်၊ (ထိုစာရင်းမှာ 'ကိုပါရယ်လီ' သင်္ဘောနှင့်ဆင်တူ သင်္ဘောများ၏ စာရင်းဖြစ်သည်) အဲဒီ သင်္ဘောကိုလဲ အောက်တိုဘာ (၇)ရက်မတိုင်မီ ဟိုင်ဖာဆိပ်ကမ်းကို အရောက်လာခဲ့၊ အဲဒီကျရင် သင်္ဘောသားတွေကို ပြန်လွှတ်...'

ပါပါကိုလတ်ခ်သည် သင်္ဘောစာရင်းကို ယူကြည့်သည်။ ဘာမှ မပြော သေး။

'၃၊ နောက် ဟောဒီသင်္ဘော 'ကိုပါရယ်လီ' ကိုဝယ်၊ အရေးကြီးတာက ဒီသင်္ဘောကိုတော့ အချိန်အတိအကျ ဝယ်ရမယ်။ ဒီသင်္ဘောဟာ နိုဝင်ဘာ (၁၇) ရက်နေ့မှာ အင်တာဝပ်ဆိပ်ကမ်းက ထွက်မယ်။ ကျုပ်တို့က ဒီသင်္ဘောကို ဆိပ်ကမ်းက ထွက်ခဲ့ပြီး ဂျီဘရော်လတာ ရေလက်ကြားထဲမဝင်ခင်မှာ ဝယ်ရမယ်'

ပါပါကိုလတ်ခ်က

'ဒါဆိုရင်'





ဒစ်စတိန်းက လက်ကာပြပြီး...

'ခဏ ခဏ ကျွန်တော့်စကားဆုံးအောင် နားထောင်ပါဦး။ ၄၊ ၁၉၆၉ ခုနှစ်ဦးမှာ သင်္ဘောနံပါတ် ၁ အသေးလေးနဲ့ သင်္ဘောနံပါတ် ၃ ကို ပါရယ်လီ ကို ပြန်ရောင်း၊ ကျုပ်ဆီက သင်္ဘော နံပါတ် ၂ ကို မခုတ်မောင်းနိုင်တော့လို့ အသည်ပစ္စည်းအဖြစ် ရောင်းချလိုက်ကြောင်း စာချုပ်စာတမ်း ပို့ပေးမယ်၊ ခင်ဗျားက အဲဒီစာချုပ်ကို လွိုက်မှာပို့ပြီး ဆဗိုင်းလ်ကုမ္ပဏီကို ဖျက်သိမ်းလိုက်တော့'

ဒစ်စတိန်းက ပြုံး၍ ကော်ဖီသောက်နေလိုက်၏။

ပါပါကိုလတ်ခ်က

'ခင်ဗျားက သင်္ဘောတစ်စီး အစရှာမရအောင် ခြေရာဖျောက်ချင်တဲ့ သဘောပေါ့"

ဒစ်စတိန်းက ခေါင်းညိတ်ပြသည်။ ပါပါကိုလတ်ခ်သည် အတော်လျင် သူပါတကား။

ပါပါကိုလတ်ခ်က

'ခင်ဗျားပြောတာတွေအားလုံးဟာ ရှင်းပါတယ် အဲ 'ကိုပါရယ်လီ' သင်္ဘောဝယ်တဲ့နေရာမှာပဲ ပြဿနာရှိတယ်။ ထုံးစံအတိုင်း သင်္ဘောဝယ်တယ်ဆိုတာ ပထမ ဈေးဆိုင်တယ်၊နောက် ဈေးတည့်ရင် စာချုပ်ရေးတယ်၊ သင်္ဘောကို စစ်ဆေးဖို့ လွှန်းတင်တယ်၊ သင်္ဘောကို စစ်ဆေးကြည့်လို့ ကျေနပ်တယ်ဆိုရင် စာချုပ်တွေကို လက်မှတ်ထိုးတယ်၊ ငွေချေတယ်၊ ပိုင်ရှင်အသစ်က လွှန်းပေါ်က ချပြီး ယူသွားတယ်၊ ခုတ်နေတဲ့ သင်္ဘောကို ဝယ်တယ်ဆိုတာ ထုံးစံတော့ မဟုတ်ဘူး'

'ဒါပေမဲ့ ဖြစ်တော့ဖြစ်နိုင်တယ် မဟုတ်လား'

'ဖြစ်နိုင်ပါတယ်'

ဒစ်စတိန်းသည် တစ်ဖက်လူကို စောင့်ကြည့်နေ၏။ အခြေအနေကား မဆိုးလှ။

ပါပါကိုလတ်ခ်က

'ကျုပ်တို့က ညှိနှိုင်းမှုကို အရှင်လုပ်ထားရမှာပေါ့၊ အဲဒီသင်္ဘောရဲ့ နိုဝင်ဘာခရီးပြီးတော့မှ စစ်မယ်ပေါ့၊ သင်္ဘောထွက်သွားတော့မှ ဝယ်တဲ့လူက ပိုက်ဆံကို အမြန်သုံးပစ်မှ ဖြစ်မယ်၊ အမြတ်ခွန်ကိစ္စကြောင့် ဘာကြောင့်ပေါ့၊ ဒီတော့ ဝယ်သူအနေနဲ့ စစ်ဆေးကြည့်ရှုတဲ့အခါ ညှိနှိုင်းထားတာထက် ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ရရင် ပြင်ဆင်ခကို ရောင်းသူက တာဝန်ယူရမယ် စသည်ဖြင့်ပေါ့လေ၊ ဒါကလဲ ရောင်းသူအတွက် အဓိကမကျပါဘူး၊ အရေးကြီးတာက ရောင်းသူအနေနဲ့ သူ့သင်္ဘောပေါ်မှာပါတဲ့ ကုန်ပစ္စည်းကို ဝယ်သူက မူလသတ်မှတ်ထားတဲ့နေရာကို ရောက်အောင်ပို့ပေးပါ့မယ်ဆိုတဲ့ တာဝန်ယူမှုပဲ'

ဒစ်စတိန်းက

'တကယ်လို့ ခင်ဗျားလို ပုဂ္ဂိုလ်က ဝယ်သူဖြစ်ပြီး တာဝန်ယူတယ်ဆိုရင် တစ်ဘက်က ယုံကြည်ပါ့မလား'

'ယုံတာပေါ့၊ ဒါပေမဲ့ ကျုပ်က ဘာဖြစ်လို့ အာမခံရမှာလဲ'

ဒစ်စတိန်းက မျက်လုံးချင်းဆိုင်ကြည့်လိုက်၏။

'ကုန်ပစ္စည်းပိုင်ရှင်က မတိုင်တန်းပါဘူးလို့ ကျုပ် ကတိပေးတယ်ဗျာ'

ပါပါဂိုပိုလတ်ခ်က

'အင်း ဒါခင်ဗျားရဲ့ လှည့်ကွက်ပဲနော်၊ ခင်ဗျားက ကျုပ်ကို ဟန်ပြကောင်အဖြစ် အသုံးပြုလိုတယ်၊ ဒါတော့ ကျုပ်လုပ်နိုင်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ ကတိစကားတစ်ခွန်းနဲ့ ကျုပ်က အာမခံရမယ်ဆိုတော့'

'ဒီမယ် ကျုပ် ခင်ဗျားကို မေးခွန်းတစ်ခု မေးမယ်ဗျာ၊ ခင်ဗျား တစ်ခါက အစ္စရေးတွေကို ယုံကြည်ခဲ့ဖူးတာ မှတ်မိတယ် မဟုတ်လား'

'မှတ်မိတာပေါ့'

'အဲဒီအတွက် ခင်ဗျား နောင်တရဖူးသလား'

ပါပါဂိုပိုလတ်ခ်က ပြုံးလိုက်သည်။ ရေးဖြစ်ဟောင်းများကို ပြန်လည်သတိရရင်း...

'ကျုပ်ဘဝမှာ အကောင်းဆုံး ဆုံးဖြတ်ချက်ပေါ့ဗျာ'

ဒစ်စတိန်းသည် အသက်အောင့်နေလိုက်မိ၏။

ပါပါဂိုပိုလတ်ခ်က

အဲဒီတုန်းကတော့ ကျုပ်မှာ ဆုံးရှုံးစရာကလဲ မရှိဘဲကိုး၊ အသက်ကလဲ ၃၅ နှစ်ပဲ ရှိသေးတယ်။ အတော် ပျော်စရာကောင်းခဲ့တာပဲနော်၊ ခုကိစ္စကတော့ အနှစ် ၂၀ အတွင်းမှာ ကျုပ်ကြုံရတဲ့၊ အတော်လျှို့ဝှက်တဲ့ ကမ်းလှမ်းချက်ပဲ၊ ဘာဖြစ်ဖြစ်ဗျာ ကျုပ်လုပ်မယ်'

ဒစ်စတိန်းသည် လက်ကမ်းပေးလိုက်၏။ ပါပါဂိုပိုလတ်ခ်က ဆွဲယူနှုတ်ဆက်သည်။





ဒစ်စတိန်းက

'ကျုပ်တို့ အခုလို အတူတူ အလုပ်ပြန်လုပ်ရတာကို သိပ်ဝမ်းသာတာပဲဗျာ'

ပါပါဂိုပိုလတ်ခ်က တွေးနေလိုက်ပြီး

'သင်္ဘောနံပါတ် ၂ က 'ကိုပါရယ်လီ'သင်္ဘောနဲ့ ဆင်တူသင်္ဘောနော်၊ ခင်ဗျား ဘာလုပ်မလဲဆိုတာ ကျုပ်တွေးလို့ရပါပြီ၊ ကျုပ်အနေနဲ့ သိချင်တာတစ်ခုပဲ ရှိတယ်၊ အင်း ကျုပ်မေးရင်လဲ ခင်ဗျားကဖြေမှာ မဟုတ်ပါဘူးလေ၊ ကျုပ်မေးချင်တာကတော့ ဒီလောက် ခဲရာခဲဆစ် လုပ်နေရအောင်က 'ကိုပါရယ်လီ' သင်္ဘောပေါ်မှာ ဘာကုန်တွေ တင်လာမှာမို့လဲ၊ ယူရေနီယံတွေ မို့လားဗျ'

*

ဖြိုးတိုင်ရင်သည် 'ကိုပါရယ်လီ' ကို ကြည့်၍

'သင်္ဘောကြီးက အိုလှပြီပဲ'

ရော့စတော့သည် ဘာမှပြန်မဖြေ။ သူတို့သည် ကာဒစ်ဆိပ်ကမ်းတစ်နေရာ၊ ဖို့ဒ်အငှားကားတစ်စီးပေါ်ထိုင်၍ သင်္ဘောကို ကြည့်ကြခြင်း ဖြစ်သည်။ မော်စကိုဌာနချုပ် 'ရှဉ်များ'က သူတို့အား ယနေ့ သည်အချိန်တွင် 'ကိုပါရယ်လီ'သင်္ဘော ကာဒစ်သို့ ဆိုက်မည့်အကြောင်း သတင်းပို့ခဲ့၍ လာစောင့်နေကြခြင်း ဖြစ်သည်။ 'ကိုပါရယ်လီ'သည် ကာဒစ်တွင် ဆွီဒင်သစ်များကို ချ၍ အငယ်စား စက်မှုပစ္စည်းများနှင့် ဝါဂွမ်းထည်များကို တင်ဆောင်ရမည်ဖြစ်ရာ နောက်အနည်းငယ် ကြာဦးမည် ဖြစ်သည်။

ဖြိုးတိုင်ရင်သည် စိတ်မချမ်းသာပေ။ သူသည် ဆိုဗီယက်ရေတပ်တွင် ငါးနှစ်အမှုထမ်းခဲ့ခြင်း၊ ရေဒီယိုနှင့် လျှပ်စစ်ပစ္စည်း ကျွမ်းကျင်သူတစ်ဦးဖြစ်ရာ 'ကိုပါရယ်လီ'သင်္ဘောပေါ်သို့ သွားရမည့်သူအဖြစ် အလိုအလျောက် ရွေးချယ်ပြီး ဖြစ်နေသောကြောင့်ပင်။

သို့သော် တိုင်ရင်အနေဖြင့် ရော့စတော့ကို မသွားလိုကြောင်း ပြော၍ မဖြစ်ပါ။

ထိုစဉ် ရော့စတော့က...

'တို့ကမင်းကို ရေဒီယိုအော်ပရေတာတစ်ယောက်အဖြစ် ဖန်တီးထားတယ်၊ ဒါပေမဲ့ မင်းပစ္စည်းတွေတော့ မင်းဘာသာ ကြည့်ယူပေတော့'



www.burmeseclassic.com

www.burmeseclassic.com



တိုင်ရင်သည် ဘယ်လိုလုပ်ရပါ့ဟု စဉ်းစားနေ၏။ သူ၏ ပထမဆုံး အလုပ်မှာ 'ကိုရယ်ပါလီ' မှ ရေဒီယို အော်ပရေတာကို ရှာ၊ ထိုင်ခုံနဲ့ခေါင်းထို ရိုက်ခွဲ၊ ရေထဲပစ်ချ၊ နောက် သင်္ဘောပေါ်တက်၊ 'ခင်ဗျားတို့မှာ ရေဒီယိုအော်ပရေတာ အသစ်တစ်ယောက်လို နေဆို'ဟု အော်ပြောမှထင်ရဲ့။ ရော့စတော့အနေနှင့် သည်ထက် အဆင်ပြေသော အကြံဉာဏ် ရှိနိုင်လောက်ပေသည်။ ထိုကြောင့်သာ ကာနယ်ဖြစ်နေခြင်း မဟုတ်ပါလား။

'ကိုရယ်ပါလီ'မှ စက်သံများ ရပ်နားပြီ ဖြစ်၏။ သင်္ဘောသားများ ကုန်းပတ်ပေါ်မှ ဇောတံတားဆီသို့ ဆင်းလာကြ၏။

ရော့စတော့က

'သူတို့ ဘယ်ဘားသွားသလဲဆိုတာ လိုက်ကြည့်ချေ နစ်'

နစ်သည် ကားပေါ်မှဆင်း၍ သင်္ဘောသားများ နောက်သို့ လိုက်သွားလေ၏။

တိုင်ရင်သည် ရော့စတော့တစ်ယောက် သူတို့၏ အော်ပရေးရှင်းကြီး တစ်ခုလုံးအပေါ် စိတ်ချယုံကြည်နေခြင်းအတွက် မယုံမရဲ ဖြစ်နေ၏။ သူတို့သည် ဒစ်စတိန်း ဘယ်ရောက်နေသည် မသိ။ သည်တစ်ကြိမ်ကား ဒစ်စတိန်းအား ခြေရာဖျောက်သွားခြင်း မဟုတ်ဘဲ သူတို့ကိုယ်နှိုက်က ခြေရာခံ မလိုက်ခဲ့ခြင်းသာ ဖြစ်၏။ ခြေရာခံမလိုက်ခြင်းမှာ ရော့စတော့၏ ဆုံးဖြတ်ချက် ဖြစ်သည်။ ရော့စတော့ အယူအဆမှာ သူတို့အနေနှင့် ဒစ်စတိန်းနောက် သိပ်နီးနီးကပ်ကပ် ရောက်နေပါက ဒစ်စတိန်း စိုးရိမ်တကြီးနှင့် အစီအစဉ်တွေ ပြောင်းကုန်မှာ စိုးတာကြောင့် ဖြစ်သည်။ ရော့စတော့က...

'ကျုပ်တို့က 'ကိုပါရယ်လီ'နောက်ပဲ လိုက်မယ်လေ၊ 'ကိုပါရယ်လီ'ရှိရာ ဒစ်စတိန်း လာရမှာပဲ'

ထိုစဉ်က ဟာစန်က ငြင်းခုံခဲ့သေး၏။ သို့သော် ရော့စတော့က အနိုင်ရခဲ့ပေသည်။ တိုင်ရင်စိတ်ထဲတွင် ရော့စတော့က မှန်သည်ဟုထင်ပါ၏။ သို့တိုင် အော်ပရေးရှင်းတစ်ခုလုံးအပေါ် ယုံကြည်စိတ်ချနေလွန်းမှုကိုမူ တိုင်ရင် သိပ်သဘောမကျ။

ရော့စတော့က တိုင်ရင်၏အတွေးကို ဖြတ်၍...

'မင်းရဲ့ ပထမဆုံးအလုပ်ကတော့ ဒီသင်္ဘောသားတွေနဲ့ မိတ်ဆွေ ဖြစ်အောင် လုပ်ဖို့ပဲ၊ မင်းဟာ ရေဒီယို အော်ပရေတာတစ်ယောက်၊ တစ်စုံတစ်ရာ





ဆိုက်မှုဖြစ်လို့ မင်းရဲ့သင်္ဘော 'ခရစ်စမတ်နှင်းဆီ' ကနေပြီး ဆင်းနေခဲ့ရတာ၊ လုပ်ခကြေး ရထားလိုက်တယ်၊ အဲဒါကို အခု သုံးဖြုန်းနေတာ၊ ပိုက်ဆံကုန်မှ ကြုံရာသင်္ဘော ပြန်တက်မလို့၊ အရေးအကြီးဆုံးကတော့ ရေဒီယိုအော်ရေတာကို သိအောင်လုပ်ဖို့ရယ်၊ နောက် 'ကိုပါရယ်လီ' သင်္ဘော ဘယ်တော့ထွက်မယ်ဆိုတာ ရမယ်ပဲ'

'ဟုတ်ကဲ့'

ထိုစဉ် နစ် ပြန်လာ၍ ကားပေါ်တက်ကာ သူတို့ကားမောင်း ထွက်လာခဲ့၏။ ရော့စတော့က...

'ရော့... ဟောဒီမှာ ပေါင် ၁၀၀ ချွေချွေတာတာ သုံးမနေနဲ့၊ မင်းက သင်္ဘောသား'

ရော့စတော့က ငွေ အထပ်တစ်ထပ် လှမ်းပေးသည်။

နစ်သည် ကမ်းနားတစ်နေရာရှိ ဘားနား ခပ်လှမ်းလှမ်းမှာ ကားထိုး ရပ်လိုက်၏။

တိုင်ရင်က နစ်ဘုနင်အား

'ဟေး ဟေး၊ သင်္ဘောသားတွေက ဘာလူမျိုးတွေလဲ'

'ဆွီဒစ်တွေ'

တိုင်ရင်၏ မှတ်ပုံတင်တုမှာ ဩစတြေးယင်း အမျိုးသား ဖြစ်သည်။ သူက...

'ကျုပ် ဘယ်ဘာသာစကား သုံးရမှာလဲ'

ရော့စတော့က

'ဆွီဒင်လူမျိုးအားလုံးက အင်္ဂလိပ်စကား ပြောကြတာပဲ၊ ကဲ ဘာမေးစရာ ရှိသေးလဲ၊ ကျုပ် ဟာစန်ဆီကို မြန်မြန်ပြန်မှ ဖြစ်မယ်၊ ဒီငနဲ မဟုတ်တာတွေ လုပ်ခင်'

တိုင်ရင်က ကားတံခါးဖွင့်ရင်း

'မရှိပါဘူး'

ရော့စတော့က

'မင်း ဟိုတယ်ပြန်ရောက်ရင် ကျုပ်ဆီကို ဖုန်းဆက်၊ ဘယ်လောက်ပဲ မိုးချုပ်ချုပ်'

'ကောင်းပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



တိုင်ရင်သည် လမ်းကိုဖြတ်ကူး၍ ဆိုင်ထဲဝင်လိုက်၏။

ဘားကောင်တာမှ လူက တိုင်ရင်ကို ခေါင်းညိတ်ပြသည်။

တိုင်ရင်က

'ဗွတ်မောနင်း ဘီယာအသေးတစ်လုံး၊ ဝီစကီ အကြီးတစ်ခွက်၊ ကြက်သား ဆင်းဒဝစ် တစ်ပွဲ'

ဘားကောင်တာမှာ ထိုင်နေသော သင်္ဘောသားကလည်း တိုင်ရင်ဘက်သို့ လှည့်ပြုံးသည်။ တိုင်ရင်က ပြုံး၍ သင်္ဘောသားအား

'ခင်ဗျားတို့က ခုမှ ကမ်းဆိုက်လာကြတာလား'

-သင်္ဘောသားက

'ဟုတ်တယ် 'ကိုပါရယ်လီ'ကလေ'

တိုင်ရင်က

'ကျုပ် သင်္ဘောကတော့ 'ခရစ်စမတ်နှင်းဆီ'တဲ့၊ ကျုပ်ကို ထားခဲ့တယ်လေ'

'ဒါဆို ခင်ဗျား ကံကောင်းတာပေါ့'

'ကျုပ်က လက်ကျိုးသွားခဲ့လို့လေ'

ဆွီဒင်သင်္ဘောသားက စပ်ဖြဲဖြဲနှင့်

'ဘာဖြစ်လဲ တခြားလက်တစ်ဖက်နဲ့ အရက်သောက်နိုင်တာပဲဟာ'

'ဟုတ်ပါ့ဗျာ ကျုပ် ခင်ဗျားကို တိုက်ပါရစေ၊ ဘာသောက်မလဲဆို'

*

နှစ်ရက်ကြာသွားသော်လည်း သူတို့အဖွဲ့သည် အရက်သောက်နေကြဆဲ ဖြစ်သည်။ တာဝန် ဆင်းရသူကဆင်း၊ မဆင်းရသူက ကုန်းပေါ်တက်ဖြင့် လူ အပြောင်းအလဲသာ ရှိသည်။ အရက်ဆိုင်ကမူ မပြောင်းလဲ။ သောက်ကြပုံကလည်း မပြောင်းလဲ။

ဆွီဒင်သင်္ဘောသားများသည် မကောင်းသော မိန်းမလိုက်စားရန် ဝါသနာ မပါကြသော်လည်း အလောင်းအစား ဝါသနာပါကြသည်။ တိုင်ရင်သည် ပိုကာတစ်ဝိုင်းတွင် ပေါင် ၅၀ ရှုံးပစ်လိုက်၏။ 'ကိုပါရယ်လီ' သင်္ဘောသားများသည် တိုင်ရင်နှင့် သိပ်အဖွဲ့ကျသွားရာ၊ သူတို့၏ သင်္ဘော 'ကိုပါရယ်လီ' ပေါ်သို့ မနက် ၂-နာရီထိုးမှာ ခေါ်သွား၏။ ကုန်းပတ်ပေါ်သို့ ရောက်သောအခါ တိုင်ရင် လဲကျအိပ်ပျော်သွားလေသည်။





ယနေ့ညကား အရေးကြီးသော ည။

'ကိုပါရယ်လီ'သည် နံနက်ဒီရေနှင့်အတူ ထွက်မည်။ အရာရှိများနှင့် သင်္ဘောသားအားလုံး သန်းခေါင်တိတိတွင် သင်္ဘောပေါ်သို့ အရောက်ပြန်လာ ရမည်ဟု အမိန့်ထုတ်ထား၏။

ယခုည ၁၁-နာရီ ၁၀-မိနစ်ရှိပြီ။ တိုင်ရင်နှင့် ရေဒီယို အော်ပရေတာ လင်းတို့သည် ဒိုမီနို ကစားနေကြ၏။ လင်းသည် မူးနေပြီဖြစ်၍ တိုင်ရင်က အနိုင်ဆောင်နေခြင်း ဖြစ်သည်။ သူတို့နှစ်ဦး အတုံးကလေးများကို ဘယ်လောက် မြင့်မြင့်အထိ ပြိုမကျအောင် ဆင့်နိုင်ကြသလဲဟု ပြိုင်နေကြခြင်း ဖြစ်သည်။ တိုင်ရင်က မကြာမတင် သူလုပ်ရမည့်အလုပ်အတွက် စိတ်လှုပ်ရှားနေ၏။

ဆိုင်ရှင်က 'အချိန်စေ့ပြီ မိတ်ဆွေတို့'

တိုင်ရင်က သူ့အတုံးကလေးများကို တိုက်ချလိုက်ရာ ပြိုကျသွား၍ ရယ်မောလိုက်၏။ လင်းက . . .

'ကဲကြည့် ကျုပ် ခင်ဗျားလောက် အရက်မမူးဘူး'

ထိုအချိန်၌ တခြား သင်္ဘောသားများသည် ဆိုင်မှ စထွက်ကြ၏။ တိုင်ရင်နှင့် လင်းတို့လည်း ထလိုက်ကြသည်။ တိုင်ရင်က လင်းပခုံးပေါ်သို့ လက်တင်၍ နှစ်ယောက်သား ဆိုင်ပြင်သို့ ထွက်ခဲ့ကြလေ၏။

အပြင်၌ ညနက်ပိုင်းလေသည် အေးမြနေ၏။ သည်အချိန်မှစ၍ တိုင်ရင်သည် လင်းအနားမှာ နေမှဖြစ်မည်။ နှစ်အနေနှင့် ချိန်သားတိကျ မှန်ကန်ပါစေဟု တိုင်ရင် ဆုတောင်းလိုက်၏။ တစ်ချိန်တည်းမှာ တိုင်ရင်အနေနှင့် လင်းကို မသေစေချင်။

သူတို့နှစ်ဦးသား စကားတပြောပြောနှင့် လာခဲ့ကြရာ သင်္ဘောသားအဖွဲ့ ကြီး၏ နောက်ခပ်လှမ်းလှမ်းမှာ ကျန်ရစ်၏။

ထိုစဉ် တိုင်ရင် ကားသံကြားရ၏။

တိုင်ရင်၏ ကိုယ်လုံး တောင့်ခနဲဖြစ်သွားရာ၊ လင်းက . . .

'ဘာဖြစ်တာလဲ'

'ဘာမှ မဟုတ်ပါဘူး'

တိုင်ရင်သည် ကားရှေ့မီးကို မြင်ရသည်။ ကားသည် လမ်းအလယ် ကောင်မှ လာနေသည်ဖြစ်ရာ၊ သင်္ဘောသားတို့က လမ်းဘေးသို့ တိမ်းပေးကြ၏။ ဆော်တော်ကားလမ်း မီးတိုင်အောက်ရောက်မှ နှစ်၏ကား မဟုတ်ဘဲ၊ ရဲပတ္တရောင်



www.burmeseclassic.com

www.burmeseclassic.com



ကား ဖြစ်ကြောင်း သိရ၏။

ရဲကား ဖြတ်သွားပြီးနောက် လမ်းသည် ရှင်းသွားပြန်၏။

ယခုပဲ၊

လာပါတော့။

လမ်းတစ်ဝက် ရောက်နေပြီ။

လာလေ...

တိုင်ရင်သည် စိတ်ထဲကတမ်းတနေစဉ်...လမ်းထောင့်ချိုးမှ ကားတစ်စီး အပြင်...မောင်းလာ၏။ တိုင်ရင်က လင်း ပခုံးပေါ်မှလက်ကို တင်းတင်းဆုပ်လိုက်၏။ [illegible]သည် ဟိုဒီယမ်းနေ၏။

လင်းက...

'အမူးသမား မောင်းလာတယ်နဲ့တူတယ်'

ကားမှာ ဖို့ဒ်ကပရီအမျိုးဖြစ်၍ နစ်၏ကားဖြစ်ကြောင်း သေချာသွား၏။ ကားသည် ရှေ့မှ သင်္ဘောသားများအကြား တိုးဝင်တိမ်းရှောင်ရင်း တိုင်ရင်နှင့် လင်းရှိရာသို့ အတင်းဝင်လာ၏။ တိုင်ရင်က အော်၍...

'သတိထား'

ကားသည် သူတို့နှင့်တိုက်မည့်ဆဲဆဲမှာ တိုင်ရင်က လင်းကို နံဘေး ဆွဲချလိုက်၏။ သူကိုယ်တိုင်ကလည်း နံဘေးသို့လှဲချသည်။ ကားနှင့်လူ တိုက်မိသံကို ကြားရသည်။ ကားဆီမှ မှန်ကွဲသံ၊ လင်း၏ အော်သံ ကြားရသည်။ ကား ရှေ့ဆက် မောင်းပြေးလေ၏။

တိုင်ရင် နေရာမှ လူးလဲထ၍ လင်းဆီ ပြေးသည်။

လင်းသည် လမ်းလယ်မှာ လဲနေပြီး သွေးများ တွေ့ရ၏။

လင်းက ညည်းလိုက်၏။

အသက်ရှိနေပါသေးသလားဟု တိုင်ရင်က သိသွားပြီး ရင်အေးသွား၏။

တိုင်ရင် လင်းအပေါ်မှာ ငုံ့၍ ကြည့်သည်။ တခြား သင်္ဘောသားများ စုပြုံရောက်လာ၏။ တိုင်ရင်က လင်း၏ ခြေထောက်ကို ကိုင်လိုက်ရာ လင်းက အော်သည်။

လင်းခြေထောက်မှ သွေးများထွက်နေသည်။ တရဟောတော့ မဟုတ်။ လင်းက သူ့ခြေထောက်ကို မည်သူမှ အကိုင်မခံ။

ခဏအကြာ လူနာတင်ကား ရောက်လာ၏။ လင်းကို ထမ်းစင်ပေါ်





တင်၍ ကားပေါ်တင်သည်။ သင်္ဘောအရာရှိက တိုင်ရင်ကို လှည့်၍-

'ခင်ဗျားလဲ လိုက်ခဲ့'

တိုင်ရင်က

'ဟုတ်ကဲ့'

အရာရှိက

'ခင်ဗျား သူ့အသက်ကို ကယ်လိုက်တာပဲ'

'အိုး'

သူတို့ ကားပေါ်ရောက်သောအခါ ကားထွက်သည်။

တိုင်ရင်အနေနှင့် ကေဂျီဘီ အဖွဲ့ဝင်တစ်ဦးအဖြစ် အလုပ်မျိုးစုံ လုပ်ဖူးသည်။ [illegible]ဖူး၊ ခတ်ဖူး၊ သတ်ဖူးသည်။ သို့သော် မိမိ လုပ်ကြံထားသူနှင့်အတူ လူနာတင်ကားပေါ်မှာထိုင်ရင်း ကျေးဇူးအတင်ခံ၍ မလိုက်ဖူးခဲ့။

သူတို့ ဆေးရုံရောက်သည်နှင့် လူနာကို အလျင်ခေါ်သွား၏။ တိုင်ရင်နှင့် သင်္ဘောမှ အရာရှိကိုယ်တိုင် စောင့်၏။ နံရံမှ နာရီကြည့်လိုက်ရာ ၁၂-နာရီပင် ထိုးသေး၊ အချိန်က ဘာမှမကြာသေး။ တိုင်ရှင် စိတ်ထဲကမူ နာရီပေါင်းများစွာ ကြာလှပြီပဲ ထင်နေ၏။

အကြာကြီးနေမှ ဆရာဝန် ထွက်လာသည်။

'လူနာက ခြေထောက်ကျိုးသွားတယ်၊ သွေး သိပ်ထွက်နေတယ်၊ သူက အရက် သိပ်သောက်ထားတာကိုး၊ ဒါပေမဲ့ ငယ်လဲငယ်၊ သန်လဲသန် ဆေးတော့ ဘာမှ ကိစ္စမရှိပါဘူး၊ ခြေထောက်ကလဲ နောက်၄၊၅ ပတ်နေရင် ပြန်ကောင်းသွားမှာပါ'

တိုင်ရင် စိတ်သက်သာရာ ရသွား၏။

အရာရှိက

'ကျွန်တော်တို့ သင်္ဘောက မနက်ထွက်မှာ'

ဆရာဝန်က ခေါင်းယမ်း၍

'သင်္ဘောပေါ်တော့ မလိုက်နိုင်သေးဘူး၊ ခင်ဗျားတို့ ကပ္ပတိန်ရှိလား'

'ခေါ်ထားပါတယ်'

'ကောင်းပြီလေ'

ဒေါက်တာသည် လှည့်၍ ထွက်သွား၏။

ကပ္ပတိန်သည် ရဲများနှင့် မရှေးမနှောင်း ရောက်လာ၏။ ကပ္ပတိန်က



www.burmeseclassic.com

www.burmeseclassic.com



အရာရှိနှင့် ဆွဲဒင်လို စကားပြောနေစဉ် ရဲဆာဂျင်သည် တိုင်ရင် ပြောပြသ မော်တော်ကား၏ ပုံပန်းသဏ္ဌာန်ကို ရေးမှတ်ယူနေ၏။

ခဏအကြာ ကပ္ပတိန်က တိုင်ရင်အနားသို့ လာသည်။

'ခင်ဗျားက လင်းကို ဒီထက် ဆိုးရွားတဲ့ အခြေအနေ မရောက်အော ကယ်လိုက်တယ်လို့ ပြောပါတယ်'

တိုင်ရင် စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွား၏။ သူက

'ကျွန်တော်လဲ သူ့ကို ဆွဲတာပါပဲဗျာ၊ ဒါပေမဲ့ သူက သိပ်မူးနေတော လဲကျသွားတယ်'

'အရာရှိက ပြောတော့ မောင်ရင်လဲ သဘော်သားပဲဆို'

'ဟုတ်ပါတယ်ခင်ဗျ'

'ရေဒီယို အော်ပရေတာပဲဆို'

'ဟုတ်ပါတယ် ခင်ဗျ'

'ကျုပ် လင်းနေရာမှာ အစားထိုးဖို့ လူတစ်ယောက် လိုနေတယ်၊ ခင် ကျုပ်နဲ့အတူ မနက်ထွက်မှာကို လိုက်နိုင်ပါ့မလား'

*

ပိယေဘောက

'ကျုပ် မောင်ရင့်ကို တာဝန်က ရုပ်သိမ်းတော့မယ်'

ဒစ်စတိန်းက ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

ဘောက

'မောင်ရင် တဲလ်အဗစ်ကိုပြန်၊ အဲဒီကနေပြီး အော်ပရေးရှင်းကို စီ ခန့်ခွဲပေတော့'

ဒစ်စတိန်းက

'ဘယ်ဖြစ်မလဲ'

သူတို့နှစ်ဦးသားသည် ဇူးရစ် ရေကန်နံဘေးမှာ စကားပြောနေကြခြင်း ဖြစ်သည်။ ဘောက

'ဆင်ခြေမလိုချင်ဘူး နက်'

'ဆင်ခြေမလိုပါဘူး ပီရေ၊ ကျုပ် မထွက်ဘူး၊ ဒါပဲ'

'ကျုပ် အမိန့်ပေးနေတာ'





'ကျုပ် မထွက်ဘူး ပြောနေတာပဲ'

ဘောသည် အသက်ပြင်းပြင်း ရှူလိုက်၏။

'ဒီမယ် အစီအစဉ်က ဆွဲပြီးပြီပဲ၊ ရန်သူတွေက မောင်ရင့်ကို သိသွားပြီ၊ ...က မောင်ရင့်ကို တွေ့အောင်ရှာပြီး ဖျက်ဆီးမှာပဲ၊ မောင်ရင့် အစီအစဉ်အတိုင်း ...က်လုပ်နိုင်ပါတယ်၊ သူတို့မျက်ကွယ်ဖြစ်တဲ့ ရုံးချုပ်ကနေပြီး စီမံပေါ့'

ဒစ်စတိန်းက ခေါင်းယမ်းပြ၏။

'မရဘူး၊ ကျုပ် အစီအစဉ်က ရုံးထိုင်ပြီး စီမံလို့ ရတာမဟုတ်ဘူး၊ ...သနာတွေ အမျိုးမျိုးပေါ်လာနိုင်တယ်။ ကျုပ်ကိုယ်တိုင် လှုပ်ရှားမှု နေရာမှာ ... ရုတ်တရက် ဆုံးဖြတ်မှဖြစ်မှာ'

ဒစ်စတိန်းသည် သူ့ဘာသာသူ တွေးမိသည်။ ငါကကော ဘာဖြစ်လို့ ...ကိုယ်တိုင် လုပ်ချင်နေရတာတုံး၊ ဒီအလုပ်ကို လုပ်နိုင်တဲ့ လူက အစ္စရေးမှာ ...တစ်ယောက်တည်း ရှိနေလို့လား၊ ငါကပဲ ထင်ရှားကျော်ကြားချင်နေလို့လား'

ဘောက

'သူ့ရဲကောင်း မဆန်ချင်စမ်းပါနဲ့ နက်၊ မောင်ရင် နားလည်ပါတယ်၊ ...ောင်ရင်က ကြေးတန်းစားအဆင့်ပါ၊ အမိန့်ကို နာခံရုံပဲ ရှိပါတယ်'

ဒစ်စတိန်းက

'ခုမှတော့ ခင်ဗျားလဲ ကျုပ်ကို မရပ်နိုင်တော့ဘူး၊ မကူညီချင်ရင် ...ကူညီနဲ့၊ ဒါပေမဲ့ ခင်ဗျား ယူရေနီယံတွေကိုတော့ ရမှာမဟုတ်တော့ဘူး၊ ...ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က ဘယ်သူ့ကိုမှ ဘယ်လိုလုပ်ရမယ်ဆိုတာ ...ပြောမှာမဟုတ်လို့ပဲ'

ဘော စိတ်ဆိုးမာန်ဆိုးဖြင့်

'ဟင်း အတော်ဆိုးတဲ့လူပဲ'

ဒစ်စတိန်း ဘောမျက်နှာကို ကြည့်လိုက်၏။ အခါတိုင်းဆိုလျှင် ဘောသည် ...င်းဆိုးပြီး ဆူညံစွာ ဆဲဆို တိုင်းထွာနေကျ။ သူတို့နှစ်ဦး အမြဲဆဲဆိုငြင်းခုံနေကျ ...ည်တစ်ခါတော့ ဘောသည် တည်ကြည်အေးဆေးနေ၏။

ဘောသည် ကောက်ကျစ်စွာ ပြုံးလိုက်ရင်း

'မောင်ရင်က ရန်သူ့ရွှေအားဂျင့် ကောင်မလေးတစ်ယောက်ကို ကြိုက်နေ ...ကို'

ဒစ်စတိန်းသည် အသက်ရှုရပ်သွားသလို ဖြစ်သွား၏။ သူ့ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ တူနှင့် နှက်လိုက်သလို ခံစားလိုက်ရသည်။ သည်အကြောင်းသည် သူ့လုံးဝ မမျှော်လင့်သောအချက် ဖြစ်သည်။ သူ့အနေနှင့် အပြစ်ကျူးလွန်ထားသောကလေးငယ်တစ်ယောက် ဆရာနှင့် မိသွားသလို ဖြစ်နေ၏။ ရူဗာသည် သူ့အတွက် သီးခြားကိစ္စဖြစ်သည်။ သူ့ဘဝ၏ တခြားသောအစိတ်အပိုင်းများနှင့် မဆိုင်ဟု သူ ယူဆခဲ့သည်။ ယခုတော့ ဘောသည် ရူဗာကို လူမြင်ကွင်းမှာ ထုတ်ပြလိုက်သလို ဖြစ်သွား၏။

ဒစ်စတိန်းက အေးစက်သောအသံဖြင့်

'မဟုတ်ဘူး'

ဘောက

'ဒါဆိုလဲ ကျုပ်က ပြောရသေးတာပေါ့၊ ဒီမိန်းကလေးဟာ အာရပ်လူမျိုးတစ်ဝက်ဖြစ်တယ်၊ မိန်းကလေးရဲ့အဖေဟာ အာရပ်တွေရဲ့လုပ်ရပ်ကို ထောက်ခံတဲ့စိတ်သဘော ရှိတယ်၊ မိန်းကလေးဟာ လေယာဉ်မယ်အဖြစ် ကမ္ဘာအနှံ့သွားပြီး ဆက်သွယ်နိုင်တယ်၊ မောင်ရင့်ကို လူဇင်းဘတ်မှာ တွေ့သွားတဲ့ အာရပ်အေးဂျင့်ဟာစန်ဟာ သူတို့ရဲ့မိသားစု မိတ်ဆွေဖြစ်တယ်'

ဒစ်စတိန်းသည် ဘောနှင့် မျက်နှာချင်းဆိုင်လိုက်၏။

'ဒါ အားလုံးပဲလား'

'အားလုံး ဟုတ်လား၊ ဒီထက် ဘာများ အထောက်အထား လိုချင်သေးလဲ၊ ဒီအထောက်အထားလောက်နဲ့ပဲ လူတစ်ယောက်ကို ပစ်သတ်လို့ရနေပြီ'

'ကျုပ်သိတဲ့လူတွေကတော့ မသတ်ပါဘူး'

'မိန်းကလေးဟာ မောင်ရင့်ဆီက သတင်းတွေ ရသွားပြီလား'

ဒစ်စတိန်းက အော်၍

'မရဘူး'

'မောင်ရင်က ဒေါသကြီးမှာပေါ့၊ အမှားလုပ်မိနေပြီကိုး'

ဒစ်စတိန်းသည် မျက်နှာလွှဲ၍ ရေကန်ဘက်သို့ ကြည့်လိုက်၏။

'ဟုတ်တယ်၊ ကျုပ်အမှားလုပ်မိလို့ စိတ်ဆိုးနေတယ်၊ ကျုပ် အစကတည်းက ခင်ဗျားကို ဖွင့်ပြောခဲ့ဖို့ ကောင်းတယ်၊ ခင်ဗျား ထင်သလိုမဟုတ်ဘူး၊ ခုတော့ ခင်ဗျားစိတ်ထဲမှာ တစ်မျိုးမြင်နေတော့မှာပေါ့လေ'

'ထင်မြင်တယ် ဟုတ်လား၊ ဒီမိန်းကလေးဟာ အေးဂျင့် တစ်ယောက်ဆိုတာ မောင်ရင် မယုံဘူးပေါ့'





'ခင်ဗျား ကိုင်ရိုကို အကြောင်းကြား စစ်ဆေးပြီးပြီလား'

ဘောက မရယ်ချင့်ရယ်ချင် ရယ်လိုက်၏။

'မောင်ရင် ပြောနေပုံကတော့ ကိုင်ရိုဟာ ကျုပ်ရဲ့ ထောက်လှမ်းရေးဌာနချုပ်နေတာပဲ၊ ကျုပ်က ဖုန်းဆက်ပြီး ဒီမှာ ခင်ဗျားတို့ဖိုင်ထဲမှာ ဒီကောင်မလေးရှိမရှိ ကြည့်စမ်းဗျာ၊ ကျုပ် ဖုန်းကိုင်ပြီး စောင့်နေမယ်လို့ ပြောရင်ရမှာကျနေတာပဲ'

'ဘာပဲပြောပြော ခင်ဗျားမှာ အီဂျစ်ထောက်လှမ်းရေးဌာနမှာ နှစ်ဘက်လှူ စပိုင် ကောင်းကောင်းရှိပါတယ်ဗျာ'

'ခုလို လူတိုင်းသိနေမှတော့ ဘယ့်နှယ်ကောင်းကောင်းဖြစ်နိုင်တော့မှာလဲ'

'ကဲ ကစားသလို လုပ်မနေပါနဲ့၊ ခြောက်ရက်စစ်ပွဲ ပြီးကတည်းက ခင်ဗျားမှာ နှစ်ဘက်လှူစပိုင် ကောင်းကောင်းရှိတယ်ဆိုတာ သတင်းစာတွေတောင် သိတယ်၊ တစ်ချက်က ခင်ဗျား ကိုင်ရိုကိုဆက်သွယ်ပြီး မစစ်ဆေးရသေးဘူး ဟုတ်လား'

ဘောသည် စိတ်လျှော့သလို လက်မြှောက်ပြလိုက်၏။

'အိုကေ ကောင်းပါပြီ၊ ကျုပ် ကိုင်ရိုကိုလှမ်းပြီး စစ်ဆေးကြည့်ပါမယ်၊ နည်းနည်းတော့ ကြာမယ်၊ ဒီအတောအတွင်း မောင်ရင်က လုပ်မယ့် အစီအစဉ်ကို အသေးစိတ် ရေးဆွဲထား၊ ကျုပ် တခြားအေးဂျင့်တွေကို ဖြစ်မြောက်အောင် လုပ်ခိုင်းမယ်'

ဒစ်စတိန်းသည် သူ့လူများဖြစ်သော အလန်ကာတုန်း၊ ပါပါဂိုပိုလတ်ခ်တို့ကို စဉ်းစားကြည့်သည်။ ထိုလူများသည် သူတို့ လုပ်ပေးမည်ဆိုသည်များကို ဒစ်စတိန်းမှလွဲ၍ တခြားလူများကို လုပ်ပေးမည်မဟုတ်။

'မဖြစ်နိုင်ဘူး ပီယေ၊ ခင်ဗျားက ယူရေနီယံကိုရမှဖြစ်မယ်၊ ကျုပ် တစ်ယောက်ပဲ ရအောင် ယူပေးနိုင်တယ်'

'ဒါဆို တကယ်လို့ ကိုင်ရိုက အဲဒီမိန်းကလေးကို သူတို့အေးဂျင့်ပါပဲလို့ အတည်ပြုရင်ကော'

'မဟုတ်ဘူးလို့ ကျုပ်ယုံတယ်ဗျာ'

'ဟုတ်နေရင်ကော'

'ဟုတ်နေရင် ခင်ဗျားက သူ့ကို သတ်ပစ်မှာပေါ့ မဟုတ်ဘူးလား'

'အို မသတ်ပေါင်ဗျာ၊ တကယ်လို့သာ ဒီမိန်းကလေး အေးဂျင့်ဖြစ်နေခဲ့ရင် မောင်ရင်က သတ်ရမှာ'



www.burmeseclassic.com

www.burmeseclassic.com



ဒစ်စတိန်းသည် ဘောဏ်လက်ကို အတင်းဆွဲ၍ ဆုပ်လိုက်၏။ ပြီး၍ လေသံဖြင့်–

'ကောင်းပြီ ပီယေ၊ စူဇာ အေးဂျင့်ဖြစ်နေခဲ့ရင် ကျုပ်ကိုယ်တိုင် သတ်မယ်'

●

[၁၁]

လန်ဒန် ဟီသရိုး လေဆိပ်ဘားတွင် ဒေးဗစ်ရော့စတော့သည် နောက်တစ်ကျော့ အရက်မှာလိုက်ပြီး ယာစစ်ဟာစန်အပေါ်တွင် စွန့်၍ လောင်းစားကြည့်ရန် ဆုံးဖြတ်လိုက်၏။ ပြဿနာမှာ ဟာစန်ကို သူသိသမျှ သတင်းတွေကို ကိုင်ရို သတင်းပို့လိုက်ခြင်းဖြင့် ကိုင်ရိုနှစ်ဘက်လွှစပိုင်က အစ္စရေးတို့ သိသွားမည် ဖိုးခြင်းပင် ဖြစ်သည်။

ရော့စတော့နှင့် ဟာစန်တို့သည် ခေတ္တ ခွဲခွာ၍ မိမိတို့ရပ်ဌာန်ပြန်ကြဖို့ ရှိနေကြပြီ မဟုတ်လား။ ရော့စတော့သည် ဟာစန်ကို ပြဿနာအားလုံးကို ပြောပြပြီး ဟာစန်ကို သူ့ဘက်သားအဖြစ် စည်းရုံးရန် စိတ်ကူးထားခြင်း ဖြစ်သည်။

'ဒီမှာကြည့်'

ရော့စတော့သည် ဟာစန်ကို အနက်ဖွင့်ပြီး လျှို့ဝှက်စာတစ်စောင်ကို ထုတ်ပြလိုက်၏။

**သို့ ကာနယ်ဒေးဗစ်၊ တစ်ဆင့် လန်ဒန်ရုံး**
**မှ မော်စကိုဌာနချုပ်**

ရက်စွဲ၊ ၃–စက်တင်ဘာ၊ ၁၉၆၈။

ဒေါဘ်ကာနယ်

ရဲဘော်ရဲ့ ပို့စာကျီ/၃၅–၂၁ အ ကိုးကား၍ လိုအပ်သော သင်္ဘော (၃)စင်းတို့၏ (၁)စင်းအကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောအမည်၊ စထရွမ်းဘတ် ၂၅၀၀ တန်၊ ဒပ်ချ်ပိုင်ရေစစ္စရီမှ ယခု လက်ပြောင်းသွား၊ တန်ဖိုးမတ်ငွေ ၁၅၀၀၀၀၀ နှင့် အင်ဒရေပါပါကို ပိုလတ်ခ် သင်္ဘောပွဲစားက ဆပိုင်းလ် သင်္ဘောကုမ္ပဏီ၊ လစ်ဘီးယားမှ ဝယ်သွား။

ဆပိုင်းလ် သင်္ဘောကုမ္ပဏီသည် နယူးယောက်မြို့ လစ်ဘီရီယင်းကို အခြေစိုက်ရုံးမှာ မှတ်ပုံတင်သည်။ အစုရှယ်ယာ ၁ စုကျန်။ ဒေါ်လာ ၅၀၀ ဖြင့် နှသည်။ အစုရှင်များအနက် မစ္စတာလီချွန်း၊ နယူးယောက်ရှေ့နေတစ်ဦး နောက် မစ္စတာရောဘတ် မစ္စတာချွန်း၏ လိပ်စာတူ။ နောက်အစုရှင်များက နုတ်ထွက်ကာ အထက်ဖော်ပြပါ ပါပါကိုပိုလတ်ခ်က ဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်း။

ဆပိုင်းလ် သင်္ဘောကုမ္ပဏီအနေနှင့် 'ဂိုလ်ဟန်မီလ်တန်' သင်္ဘော တန် ၁၅၁၁ ချိန်ကို ငွေပေါင် ၈၀၀၀၀ နှင့် ထပ်ဝယ်။

နယူးယောက်မှ ကျုပ်တို့လူများ မစ္စတာချွန်းကို သွားစုံစမ်းရာ မစ္စတာ ရောဘတ်ဆိုသူ၏ လိပ်စာကိုပင် မသိရ။ အင်္ဂလိပ်လူမျိုး တစ်ယောက်ဟုသိရသည်။

ပါပါကိုပိုလတ်ခ်ကိုမူ ကျုပ်တို့သိသည်။ သူသည် နိုင်ငံတကာ စီးပွားရေး သမား ဖြစ်သည်။ မျိုးရိုးဇာတိ မသိရ။ သင်္ဘောပွဲစားအဖြစ် အဓိကလုပ်သည်။ ဥပဒေ နှုတ်ခမ်းဘောင်ပေါ်မှ အလုပ်လုပ်သည်ဟု ယူဆရသည်။ ဆက်သွယ်ရန် လိပ်စာရှိ။ နေထိုင်ရာလိပ်စာ မသိရ။ သူသည် ၁၉၄၈ ခုနှစ်က အစ္စရေး ထောက်လှမ်းရေးအဖွဲ့နှင့် စီးပွားရေးလုပ်ခဲ့ပုံရသည်။ နိုင်ငံရေးယုံကြည် လှုပ်ရှားမှု ရှိပုံ မရ။

ကျန်သင်္ဘောများ ဆက်ပို့မည်။

(လက်မှတ်)
မော်စကိုဌာနချုပ်

ဟာစန်က စာရွက်ကို ရော့စတော့လက်ထဲသို့ ပြန်ထည့်ပေးလိုက်ရင်း

'ဘယ်လိုလုပ်ပြီးများ ဒီအချက်အလက်တွေ ရလိုက်ပါလိမ့်'

ရော့စတော့က စာရွက်ကို တစ်စစီ ဖြဲဆုတ်ပစ်လိုက်ပြီး

'ဒါတွေအားလုံး ဖိုင်ထဲမှာပဲ ရှိနေမှာပေါ့။ စထရွမ်ဘတ်ရောင်းတဲ့ကိစ္စဟာ လန်ဒန်လွိုက်အာမခံဌာနချုပ်မှာ စုံစမ်းလိုက်ရုံပဲ၊ ကျန်တဲ့ကိစ္စတွေလဲ သူ့နေရာမှာ သူ စုံစမ်းရင်ရတာပဲပေါ့။ 'ရှဥ့်တွေ'က ကျွမ်းကျင်ပြီးသားပဲ'

ရော့စတော့က စာရွက်စုတ်များကို ဆေးလိပ်ပြာခွက်ထဲကို ထည့်၍





မီးရှို့ပစ်လိုက်၏။ ရော့စတော့က–

'ခင်ဗျားတို့ တိုင်းပြည်မှာလဲ 'ရှဥ့်တွေ'ရှိဖို့ ကောင်းတယ်ဗျ'

'ကျုပ်တို့လဲ တည်ထောင်ရမှာပေါ့ဗျာ'

'ခင်ဗျားက အကြံပေးလိုက်ပါလား၊ ခင်ဗျားတောင် ကြီးမှူးကြပ်မတ်ရသူ ဖြစ်ချင်ဖြစ်လာမှာ'

ဟာစန်က ခေါင်းညိတ်ပြပြီး

'လုပ်သင့်ရင် လုပ်ရမှာပဲ'

ထိုစဉ် မှာထားသောအရက်များ ရောက်လာ၏။ ရော့စတော့အတွက် ဆော်ဒကာ၊ ဟာစန်အတွက် ဂျင်။ ရော့စတော့သည် ဟာစန်၏ အခြေအနေ မဆိုးလှဟု ယူဆလိုက်၏။

ဟာစန်က ရော့စတော့အား

'ခင်ဗျားတို့က ဆပိုင်းလ်သင်္ဘောကုမ္ပဏီရဲ့ နောက်ကွယ်မှာ ဒစ်စတိန်း ရှိတယ်လို့ ယူဆတယ်ပေါ့'

'ဟုတ်တယ်'

'ဒါဆို ကျုပ်တို့က စထရွမ်းဘတ်သင်္ဘောကို ဘာလုပ်ကြမလဲ'

ရော့စတော့က အရက်ခွက်ကို လက်စသတ်လိုက်ပြီးနောက်

'ကျုပ်အထင်တော့ ဒစ်စတိန်းဟာ 'ကိုပါရယ်လီ' သင်္ဘောရဲ့ တည်ဆောက်ပုံ၊ အခင်းအကျင်း အတိအကျ သိချင်လို့ထင်တာပဲ'

'ဒါလောက်နှင့်တော့ အကုန်အကျ မများလွန်းဘူးလားဗျာ'

'သင်္ဘောဆိုတာ အချိန်မရွေး ပြန်ရောင်းလို့ရတာပဲဟာ၊ ဒါမှမဟုတ် 'ကိုပါရယ်လီ' သင်္ဘောကို တိုက်ဖို့နေရာမှာ 'စထရွမ်းဘတ်'ကို သုံးချင်သုံးမှာပေါ့'

'ဒါဆို 'ကိုပါရယ်လီ'ပေါ်ကို တိုင်ရင်ကို ပို့သလို 'စထရွမ်းဘတ်' အပေါ်ကို လူတစ်ယောက် တင်ပေးဦးမှာလား'

'မဖြစ်နိုင်ဘူးလေ ဒစ်စတိန်းက သင်္ဘောသားဟောင်းတွေကို ထုတ်ပစ်ပြီး အစ္စရေးတပ်သားတွေ တင်လိုက်မှာပေါ့၊ တခြား တစ်နည်းတစ်လမ်း စဉ်းစားရဦးမှာပေါ့'

'ဒါထက် "စထရွမ်းဘတ်" ကော ဘယ်မှာရှိသလဲဆိုတာ သိရပြီလား'

'ကျုပ် "ရှဥ့်တွေ"ကို မေးထားတယ်လေ။ ကျုပ် မော်စကိုရောက်ရင် အဖြေသိရမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဟာစန်၏ခရီးစဉ်က လူခေါ်သည်။ ဟာစန်က ထိုင်ရာမှ ထလိုက်ပြီး–

'ကျုပ်တို့လူဖင်း... ပြန်ဆုံကြတာပေါ့'

'ဒါတော့ မပြောတတ်သေးဘူး၊ ကျုပ် အကြောင်းကြားလိုက်ပါ့မယ် ဒီမယ် ကျုပ် ပြောစရာရှိသေးတယ် ထိုင်ပါဦး'

ဟာစန်က ပြန်ထိုင်လိုက်၏။

ရော့စတော့က

'ကျုပ်တို့နှစ်ဦး ဒစ်စတိန်းကိစ္စကို စတင် ကိုင်တွယ်ခါစက ကျုပ် နည်းနည်းပါးပါး ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံမိတယ်၊ အဲဒီအတွက် ကျုပ် တောင်းပန်ပါတယ်။ ဒါပေမဲ့ ကျုပ်မှာ အကြောင်းရှိပါတယ်၊ ဒီလိုလေ တကယ်တော့ ကိုင်ရိုဟာ မလုံခြုံဘူး၊ ကိုင်ရို သတင်းထောက်လှမ်းရေးဌာနမှာ အစ္စရေးအတွက်ပါ အလုပ် လုပ်ပေးနေတဲ့ နှစ်ဘက်လွှ စပိုင်တစ်ယောက် သေချာရှိရမယ်၊ ခင်ဗျားက ပို့တဲ့သတင်းမှန်သမျှ အဲဒီ စပိုင်ဆီကတစ်ဆင့် အစ္စရေးတွေဆီကို ရောက်သွားမှာကို စိုးရိမ်လို့ပဲ၊ အစ္စရေးတွေ သိသွားတာနဲ့ ဒစ်စတိန်းဟာ ကျုပ်တို့သူ့နောက်မှာ ဘယ်လောက်နီးနီး ကျုပ်တို့ ခြေရာခံ လိုက်မိနေပြီဆိုတာ သိသွားနိုင်တယ်လေ'

'ခင်ဗျား အခုလို ပွင့်ပွင့်လင်းလင်း ပြောတာ ဝမ်းသာပါတယ်'

ရော့စတော့က

'ဘာပဲပြောပြော ခုတော့ ဇာတ်လမ်းအစအဆုံး ခင်ဗျား သိနေပြီ၊ ဒီတော့ ကျုပ်တို့အနေနဲ့ အစ္စရေးတွေဆီကို သတင်း ရောက်မသွားအောင် လုပ်ကြဖို့ လိုတယ်လေ'

ဟာစန်က ခေါင်းညိတ်ပြရင်း

'ခင်ဗျားက ဘယ်လိုအကြံပေးချင်သလဲ'

'ဒီလိုလေ ခင်ဗျားအနေနဲ့ ရသမျှသတင်းကို အထက်ကို အစီရင်ခံရမှာပဲ၊ အဲဒီနေရာမှာ အသေးစိတ်တွေမထည့်ဘဲ တတ်နိုင်သမျှ ဝိုးတိုးဝါးတားဖြစ်အောင် အစီရင်ခံပေါ့၊ နာမည်တွေ၊ အချိန်တွေ၊ နေရာတွေ အတိအကျ မဖော်ပြနဲ့ပေါ့၊ ခင်ဗျားကို အတင်းမေးရင် ကျုပ်ကိုပဲ လွှဲချ။ ကျုပ်က ခင်ဗျားကို ပေးမသိဘူးပေါ့၊ အထူးသဖြင့် ဆမိုင်းလ်သင်္ဘော ကုမ္ပဏီအကြောင်း၊ 'စထရွမ်းဘတ်' သင်္ဘော အကြောင်း၊ ပြီးတော့ 'ကိုပါရယ်လီ' သင်္ဘောနဲ့ အဲဒီအပေါ် ပါသွားတဲ့ တိုင်ရင်





အကြောင်းတွေကို ပြောမပြဖို့ လိုတယ်လေ'

ဟာစန်က စိတ်ပူပင်စွာဖြင့်

'ဒါဆို ဘာများ ကျန်သေးလဲဗျာ'

'အများကြီးပေါ့၊ ဒစ်စတိန်းအကြောင်း၊ ယူရေနီယံအကြောင်း၊ ပီယေ ဘာနဲ့ တွေ့ကြပုံအကြောင်း၊ အဲဒါတွေ ပြောလိုက်ရုံနဲ့ မောင်ရင်ဟာ သူ့ရဲ့ သောင်းကြီး ဖြစ်သွားမှာပါ'

ဟာစန်က ဘဝင်ကျပုံမရသေး

'ကျုပ်ကလဲ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ်၊ ခင်ဗျားပြောသလို ကျုပ်က သတင်းပို့ခဲ့ရင်၊ ကျုပ် အစီရင်ခံစာက ခင်ဗျား အစီရင်ခံစာလောက် ဘယ်ကောင်း ပါ့မလဲ'

ရော့စတော့က ခြောက်သွေ့သွေ့ပြုံးရင်း

'အဲဒါ မတရားဘူးလား'

ဟာစန်က ခေါင်းဆတ်လိုက်ပြီး

'မဟုတ်ပါဘူး၊ တကယ်တော့ ခင်ဗျားက အမှတ်တွေ ပိုရထိုက်ပါတယ်'

ရော့စတော့က

'ပြီးတော့ ဒီကိစ္စမှာ ကျုပ်တို့နှစ်ယောက်ကလွဲရင် ဘယ်သူကမှ အစီရင်ခံစာ နှစ်စောင်ရဲ့ ကွာခြားမှုကို သိမယ်မဟုတ်ပါဘူး၊ အားလုံးပြီးဆုံးတဲ့အခါမှာ ခင်ဗျားရဲ့ ရသင့်ရထိုက်တဲ့ အကျိုးကျေးဇူးတွေ အကုန်ရမှာပေါ့'

ဟာစန်က ခေတ္တစဉ်းစားပြီး

'ကောင်းပြီလေ ကျုပ် အတတ်နိုင်ဆုံး ဝိုးတိုးဝါးတား အစီရင်ခံစာ ပို့လိုက်ပါ့မယ်'

ရော့စတော့က စားပွဲထိုးကို လှမ်းခေါ်ရင်း

'ကောင်းပြီလေ အချိန်နည်းနည်း ရသေးတာပဲ တစ်ခွက်လောက် သွားပါဦးလား'

ရော့စတော့သည် စိတ်ထဲက ကျေနပ်နေ၏။ ဟာစန်သည် ပြောသည့် အတိုင်း လုပ်မည်ဟု ယုံကြည်သွား၏။

ရော့စတော့က...

ခင်ဗျား အလက်ဇန္ဒရီးယားကို သွားမှာလား'

ဟာစန်က ထိုင်ရာမှ ထလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'သွားနိုင်မယ် မထင်ပါဘူးဗျာ ကိုင်ရှိမှာပဲ အချိန်ကုန်မှာပဲ ထင်ပါတယ်'

ရှေ့စတော့စိတ်ထဲတွင် ဟာစန်က လိမ်ပြောနေသည်ဟု ခံစားလိုက်မိသည်။

*

ဖရင့် အယ်လ်ဘရန့်၍ ပက်ဒလာ၏ဘဝသည် ဂျာမနီစစ်ရှုံးသောအခါ ပျက်စီးဆုံးရှုံးရလေသည်။ အသက် ၅၂-နှစ်အရွယ်တွင် အရာရှိဟောင်းတစ်ဦးအဖြစ် အိုးမဲ့၊ အိမ်မဲ့၊ ချူးတပြားမှမရှိ၊ အလုပ်မရှိသောအဖြစ်သို့ ရောက်လေသည်။ တခြား သန်းပေါင်းများစွာသော ဂျာမန်တို့နည်းတူ အသစ်တစ်ဖန် ပြန်စရလေသည်။

သူသည် ပြင်သစ်ဆိုးဆေးကုမ္ပဏီ၏ အရောင်းသမားအဖြစ် လစာနည်း ကော်မရှင်စားအဖြစ် စသည်။ ၁၉၄၆-ခုနှစ်တွင် ဖောက်သည်အတော်ရလာသည်။ ၁၉၅၁-ခုနှစ်တွင် ဂျာမန်စက်မှုလုပ်ငန်းသည် ပြန်၍ နာလန်ထူလာသည်။ သူသည် စက်မှုလုပ်ငန်း တည်ထောင်ထုတ်လုပ်သည်။ သူသည် ပထမ ဆပ်ပြာ၊ နောက် ဆိုးဆေးများ ထုတ်လုပ်သည်။ တစ်ခါ အမေရိကန်စစ်တပ်သို့ လိုအပ်သောဆေးများ သွင်းခြင်းဖြင့် ပွခဲ့သည်။ ထိုအချိန်မှစ၍ ပက်ဒလာသည် ဓာတုပစ္စည်းများ ထုတ်လုပ်ရောင်းချပြီး ကြီးပွားလာခဲ့၏။

တစ်ခါ ဘယ်လ်ဂျီယံကွန်ဂိုနိုင်ငံ လွတ်လပ်ရေး ရသောအခါ ကွန်ဂိုနိုင်ငံတွင် ယူရေနီယံဓာတ်များ ထုတ်လုပ်သည့် ဘယ်လ်ဂျီယံ ချင်မီးကိုး ကုမ္ပဏီကို ပိတ်လိုက်၏။ ချင်မီးကိုးကုမ္ပဏီသည် သူသယ်နိုင်သမျှသော ယူရေနီယံ အဝါခဲများကို ဒတ်ချ်နယ်စပ်သို့ ပို့ဆောင်ပေးခဲ့သည်။ ယူရေနီယံ ဝယ်သူ များလည်း မရှိသလောက် ဖြစ်သွားခဲ့သည်။

ပက်ဒလာ၏ ကုမ္ပဏီသည် ဆိုးဆေးများ ထုတ်လုပ်ရာ၌ ယူရေနီယံ အများအပြား မလိုပေ။ သို့သော် အချောင်ရ၍ အမြော်အမြင်ကြီးမားသော ပက်ဒလာက သိမ်းကျုံးဝယ်ယူ သိုလှောင်ထားခဲ့သည်။

နက် ဒစ်စတိန်းသည် အသက် ၇၃-နှစ်ရှိသော ပက်ဒလာကို မြင်မြင် ချင်း သဘောကျမိ၏။

ဒစ်စတိန်းသည် ကြိုတင်ချိန်းဆိုတွေ့ကြခြင်း ဖြစ်သည်။ အစ္စရေးသံရုံး မစ္စတာပက်ဒလာအား ကြိုတင်၍ စစ်တပ်မှ အဝယ်တော်အရာရှိ မစ္စတာဒစ်စတိန်း လိုသော ပစ္စည်းများ ဝယ်ရန်လာမည်ဟု အကြောင်းကြားထားခဲ့ပါသည်။





ဒစ်စတိန်းသည် စက်ရုံတွင်းသို့ လှည့်ပတ်ကြည့်ရှုပြီးနောက်

'စက်ရုံက ကျုပ်ထင်ထားတာထက် သေးနေတယ်ဗျာ'

ပက်ဒလာက

'သေးတယ် ဟုတ်လား'

'အဲ ကျုပ်လာရင်းကိစ္စကို ရှင်းပြမှ ထင်တယ်'

'ဟုတ်ကဲ့ ကျေးဇူးပြုပြီး ရှင်းပြပါဦး'

ဒစ်စတိန်းက

'အခု ကျုပ်တို့ စစ်တပ်အနေနဲ့ ပစ္စည်းအမျိုးမျိုးကို စက်ရုံအမျိုးမျိုးက ဝယ်နေရတယ် မဟုတ်လား၊ ရိုးရိုးဆယ်ပြာက တစ်နေရာ၊ တခြား ဆပ်ပြာမှုန့်က တစ်နေရာ၊ စက်ပစ္စည်း ဆေးကြောဖို့ ဆေးက တစ်နေရာ ဝယ်နေရတယ်လေ၊ ကျုပ်တို့က အဲဒီကုန်ကျစရိတ်ငွေ သက်သာသွားအောင် တစ်နေရာတည်းက ဝယ်ဖို့ စဉ်းစားနေတာ ထုတ်လုပ်သူတစ်ဦးတည်း စက်ရုံတစ်ရုံတည်းကပေါ့'

ပက်ဒလာ မျက်လုံး ပြူးသွား၏။

'ဒါဆို အများကြီးပေါ့'

'ဟုတ်တယ် ကြည့်ရတာ ခင်ဗျား ကုမ္ပဏီစက်ရုံအတွက် များလွန်းနေတယ်လို့ ကျွန်တော် ထင်တယ်လေ'

ပက်ဒလာက

'မထင်ပါနဲ့ဗျာ ကျွန်တော်တို့စက်ရုံက အဲဒါတွေအားလုံး မထုတ်လုပ်ဘာက မှာသူ မရှိလို့ပါ၊ မှာသူရှိရင် ထုတ်နိုင်ပါတယ်၊ ကျုပ်တို့မှာ စက်ရုံလဲရှိတယ်၊ ကုန်ကြမ်းလဲ ရှိတယ်၊ ထိုက်တန်တဲ့ ငွေကြေးပမာဏလဲ ရှိပါတယ်၊ တိကျတဲ့ စည်းအမှာရှိဖို့သာ လိုတာပါ'

ဒစ်စတိန်းသည် သူ၏ လက်ဆွဲအိတ်ကို ဖွင့်၍ စာရွက်စာတမ်းများကို ထုတ်ပေးရင်း

'ဟောဒီမှာ ကျုပ်တို့လိုချင်တဲ့ ပစ္စည်းအမျိုးအမည်စာရင်း၊ အရေအတွက်စာရင်းနဲ့ လိုချင်တဲ့ အချိန် အကန့်အသတ်ပဲ၊ ခင်ဗျားတို့ ကုမ္ပဏီဒါရိုက်တာတွေနဲ့ တိုင်ပင်ချင် တိုင်ပင်ဦးလေ'

ပက်ဒလာက ပြုံး၍

'ကျုပ် ကုမ္ပဏီမှာ ကျုပ်ပဲ ပိုင်တယ်၊ ဘယ်သူ့ကိုမှ တိုင်ပင်[illegible] လိုပါဘူး၊ နက်ဖြန်တစ်ရက် တွက်ချက်ဖို့ အချိန်ပေး၊ တနင်္လာနေ့ ... ညီဖို့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ရရင် အင်္ဂါနေ့ ခင်ဗျားကို ဈေးနှုန်းအတိအကျ အကြောင်းပြန်ပါ့မယ်

**ဒါလင်စုဇာ**

ကိုယ်ဟာ အလျင်က တစ်ခါမှ ချစ်သူတစ်ယောက်ဆီကို စာမရေးဖူးဘူး ဘယ်သူ့ကိုမှလဲ ဒါလင်လို့ မခေါ်ဖူးဘူး၊ စုဇာကို ဒါလင်လို့ ခေါ်လိုက်ရတာ သိပ်ကျေနပ်နေမိပါတယ်။

ခု ကိုယ်ဟာ ထူးဆန်းတဲ့ မြို့ကလေးတစ်မြို့မှာ ရောက်နေပါတယ် မြို့ကလေးဟာ ဆိတ်ငြိမ်လှပပြီး၊ ဥယျာဉ်ပန်းခြံတွေ အများကြီးရှိတယ်။ ကိုယ် ဘာကြောင့်များ ဘာတွေ ရေးနေမိသလဲ မသိပါဘူး။ တကယ်တမ်း ပြောချင်တာက ကိုယ် စုဇာကို ချစ်တယ်ဆိုတဲ့အကြောင်း၊ ပြီးတော့ ကိုယ့်ရဲ့ အနာဂတ် ဘဝတစ်လျှောက်လုံးမှာ စုဇာနဲ့ အတူတူနေချင်တဲ့အကြောင်း ပြောချင်တာပါ။

စုဇာနဲ့ကိုယ်နဲ့ အတူရှိစဉ်ရက်တွေတုန်းက အဲဒီစကားကိုပြောဖို့ တွန့်ဆုတ်ခဲ့တာက ကိုယ့်ဘက်က မသေချာလို့ မဟုတ်ပါဘူး၊ ဒါပေမဲ့—

ကဲ စုဇာ သိချင်ရင် ကိုယ်ဖွင့်ပြောမယ်၊ စုဇာ တွန့်ဆုတ်သွားမှာစိုးလို့ပဲ စုဇာ ကိုယ့်ကို ချစ်တယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ စုဇာဟာ အခုမှ အသက် ၂၅ နှစ်ပဲ ရှိသေးတယ်ဆိုတာ သိတယ်။ သည်အရွယ်မှာ အချစ်ဆိုတာ မြန်မြန် ဖြစ်ပေါ်လာနိုင်ပြီး မြန်မြန်ကွယ်ပျောက်သွားတတ်နိုင်လို့ပါပဲ။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ဖြည်းဖြည်းဖြည်းဖြည်း 'ရာသက်ပန်' လို့ မပြောခင်မှာ ကိုယ့်အပေါ် တွယ်တာခင်မင်မှု ကြီးနေစေချင်လို့ပဲ။

ခုတော့ တစ်မြို့တစ်ရွာစီမှာ ခွဲခွာနေရပြီဆိုတော့ ထိန်းသိမ်းထားရ မလွယ်တော့ဘူး။ ကိုယ့်ရင်ထဲမှာရှိတာကို ပြောရတော့မယ်။ ကိုယ် စုဇာကို လိုချင်တာက သေတစ်ပန်သက်တစ်ဆုံး လိုချင်တယ်ဆိုတာကို ဖွင့်ပြောပါရစေတော့။

ကိုယ်ဟာ စုဇာနှင့်တွေ့ပြီးကတည်းက ဘဝပြောင်းသွားတဲ့ လူတစ်ယောက် ဖြစ်ခဲ့ပါပြီ။

ဒီကပြီးရင် ကိုယ်ဟာ ရက်အတော်ကြာသွားရဦးမယ်။ ဘယ်ကို သွားရမယ်ဆိုတာကို မသိသေးဘူး။ အဲဒါက အဆိုးဆုံးပါပဲ၊ စုဇာကို ဘယ်တော့ တွေ့ရမယ်ဆိုတာလဲ မပြောနိုင်သေးဘူး။ အဲ ပြန်တွေ့ရတာနှင့် စုဇာကို ကိုယ့် မျက်စိအောက်က အပျောက်မခံတော့ဘူးဆိုတာတော့ ယုံပေတော့။

ခု ကိုယ်ရေးနေတာတွေဟာ ကိုယ့်ရင်ထဲမှာရှိတာတွေကို ရေးနေတာ





ဒါပေမဲ့ ရင်ထဲကရှိတာတွေကို ပေါ်အောင် စာလုံးတွေနှင့် ရေးမပြတတ်ဘူး။

**စုဇာကို သိပ်ချစ်တယ်။**

မစ္စတာပက်ဒလာ၏ အတွင်းရေးမှူးသည် ဒစ်စတိန်းကို သူ၏ ဟိုတယ်သို့ ဖုန်းဆက်၍ နံနက်စာစားရန် ချိန်းဆိုသည်။

သူတို့နှစ်ဦးသား သပ်ရပ်သော စားသောက်ဆိုင်တစ်ခုသို့သွား၍ ထိုင်ကြသည်။ ပက်ဒလာက

'ကျွန်တော်တို့က စာရင်းပေးနိုင်ပါပြီ'

ဒစ်စတိန်း ဝမ်းသာသွား၏။ သို့သော် မျက်နှာပေါ်တွင် ဘာမှမပြ။ ပက်ဒလာက ဆက်၍

'ခု ကျုပ်ပြမယ့် စာရင်းထဲက ဈေးနှုန်းတွေဟာ အထိုက်အလျောက် ညှိနိုင်းလို့ ရပါတယ်။ ကျုပ်တို့ ၅ နှစ် စာချုပ်ဖို့တော့ လိုတယ်။ ကျုပ်တို့ဘက်ကလဲ ပထမတစ်နှစ်အတွက် ဈေးနှုန်းကို အာမခံတယ်။ နောက်နှစ်တွေတော့ ကမ္ဘာ့ ကုန်ကြမ်းဈေးနှုန်းအပေါ် မူတည်ပြီး အလျှော့အတင်း လုပ်တာပေါ့၊ တကယ်လို့ အမှာစာအတိုင်း မယူရင် တစ်နှစ်စာရဲ့ ဆယ်ရာခိုင်နှုန်း ပေးလျော်ရမယ်'

ဒစ်စတိန်းသည် 'ကောင်းပြီ'ဟု ပြောလိုက်ချင်၏။ သို့သော် ဈေးဝယ် မပီသမည်စိုး၍

'ဆယ်ရာခိုင်နှုန်းဆိုတာ မများဘူးလား'

'မများပါဘူး၊ ခင်ဗျားတို့က ယူနေရင်၊ ပေးစရာ လျော်စရာမှ မလို ဘဲ၊ ကျုပ်တို့အနေနဲ့က ကုန်ကြမ်းတွေ စုဆောင်းပြီး ပစ္စည်းတွေ ထုတ်လုပ်ရမှာမို့ အာမခံချက် ယူထားတဲ့သဘောပဲ'

'ဟုတ်ပါပြီ၊ ကျုပ် နားလည်ပါပြီ၊ ဒါပေမဲ့ အကြောင်းမညီညွတ်မှုဆိုတာ တစ်ခါတစ်ရံ ရှိတတ်တယ် မဟုတ်လား၊ ဒီတော့ ရာနှုန်းက များတယ်တော့ ထင်တာပဲ'

ပက်ဒလာက ပခုံးတွန့်လိုက်ပြီး

'ဘယ်ကိစ္စမဆို ညှိနှိုင်းလို့ ရပါတယ်လေ၊ ဟောဒီမှာ ဈေးနှုန်းစာရင်း'

ဒစ်စတိန်းသည် စာရင်းကို ယူကြည့်ပြီး

'အင်း ကျုပ်တို့လိုချင်တာနဲ့တော့ နီးစပ်ပါတယ်'

'ဒါဆို အဆင်ပြေနိုင်မယ်ပေါ့'

'အင်း အလုပ်လုပ်လို့ ဖြစ်နိုင်လောက်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ပက်ဒလာ မျက်နှာသည် ပြုံးသွား၏။

'ကဲ ဒါဆို အရက်မှာမှပဲဗျို့၊ ယော့ ဘွိုင်'

အရက်များ ရောက်လာသောအခါ ပက်ဒလာက အရက်ခွက်ကို မြှောက်ရင်း

'နောက် နှစ်ပေါင်းများစွာ စီးပွားရေးအတူ လုပ်နိုင်ရေးအတွက်'

ဒစ်စတိန်းကလည်း ဖန်ခွက်ကို မြှောက်လိုက်လေ၏။ သူ့ရင်ထဲတွင်ကား ငါ အောင်မြင်မှုတစ်ခု ရပြန်ပြီကောဟု ကြွေးကြော်နေမိ၏။

*

ပင်လယ်ပြင်ဘဝမှာ နေရ ထိုင်ရ မသက်သာလှသော်လည်း တိုင်ရင် မျှော်လင့်ထားသည်လောက်ကား မဆိုးပေ။ သူ အလုပ်က နေခဲ့ဖူးသော ဘဝမှာ ရေတပ်သားဖြစ်၍ စည်းကမ်း၊ အစားအသောက်၊ အလုပ်တာဝန်များ ကြီးမားတင်းကျပ်ပေသည်။ ရေဒီယိုအော်ပရေတာ တစ်ယောက်အနေဖြင့် သင်္ဘောပေါ်တွင် အလုပ်များများစားစား မရှိပေ။ ကံအားလျော်စွာ စားဖိုမှူးနှင့် တစ်ခန်းတည်း အိပ်ရသဖြင့် အစားအသောက်လည်း ပို၍ ကောင်းကောင်း စားရပေသည်။

တိုင်ရင်၏ ကိုယ်ပိုင်ရေဒီယိုစက်မှာ အဝတ်အစားအိတ်ထဲမှာပင် ရှိသေး၏။ သူအိပ်သော အခန်းထဲတွင် စက်ကိုထုတ်ဆင်၍ မဖြစ်နိုင်၊ အတူ အိပ်သော စားဖိုမှူးကသော်လည်းကောင်း၊ တခြား တစ်ယောက်ယောက်သော် လည်းကောင်း ဝင်ရောက်လာနိုင်သည် မဟုတ်ပါလား။ တိုင်ရင် သင်္ဘော ရေဒီယိုမှတစ်ဆင့် မော်စကိုသို့ ထုံးစံအတိုင်း ရိုးရိုး ဆက်သွယ်ခဲ့ပြီး ဖြစ်ပါသည်။ သို့သော် သူ့အနေနှင့် ပိုမိုစိတ်ချရသော၊ သေချာသော အလုပ်ဖြစ်ရန် လိုပေသည်။

တိုင်ရင်သည် အသိုက်အမြုံသမား ဖြစ်သည်။ သူသည် ဘယ်တော့မဆို လုံခြုံစိတ်ချရသော အသိုက်အမြုံတစ်ခု ရှိနေခြင်းကို နှစ်သက်သည်။ ရှာဖွေထားရှိနေထိုင်သည်။ ယခု 'ကိုပါရယ်လီ' သင်္ဘောပေါ်တွင်လည်း တိုင်ရင် အသိုက်အမြုံ လုပ်ရန် နေရာတစ်ခု တွေ့ထားပြီး ဖြစ်သည်။

နေ့ပိုင်း သင်္ဘောအနှံ့ လျှောက်သွားရှာဖွေကြည့်ရာ သင်္ဘောဦးနှင့် ဝမ်းအကြားတွင် အခန်းငယ်ကလေးတစ်ခု တွေ့၏။ ၎င်းအခန်းကလေးထဲတွင် အသုံးမပြုသော ပစ္စည်းဟောင်းများသာ ပစ်ထားသည်ကို တွေ့ရ၏။

တစ်ည သူ့ရေဒီယိုစက်ကို ယူ၍ ထိုအခန်းကလေးသို့ တိုင်ရင် လာခဲ့သည်။ ခဏအတွင်း သူ၏စက်ကို ပြင်ဆင်ပြီးသား ဖြစ်သွား၏။





သူသည် ခလုတ်ဖွင့်လိုက်ပြီး မော်စကိုကို ခေါ်လိုက်သည်။

သူ မော်စကိုနှင့် ဆက်သွယ်ရသောအခါ

'ဒုတိယ စမ်းကြည့်တာ'

မော်စကိုက ဖမ်းရကြောင်း ပြောသည်။ ဆက်၍

'ရှောစတော့ဆီက အကြောင်းကြားတာ နားထောင်ဦး'

အားလုံး အသံလွှင့်ချက်များသည် ကေဂျီဘီကုတ် (လျှို့ဝှက်စာ)များဖြင့် ဖြစ်သည်။

တိုင်ရင်က

'နားထောင်နေတယ် မြန်မြန်ပြော'

အကြောင်းကြားစာက ဝင်လာသည်။

'တစ်စုံတစ်ရာ မဖြစ်သေးခင် ခေါင်းလျှိုနေ ရှောစတော့'

'နားလည်ပြီ ဒါပဲ'

တိုင်ရင်သည် စက်ပိတ်လိုက်၏။

ဤသို့ 'ကိုပါရယ်လီနှင့် မော်စကို'တို့ အပြန်အလှန် အသံလွှင့်ခြင်းကို အမေရိကန်ရေတပ် ထောက်လှမ်းရေး အသံဖမ်းအဖွဲ့က ကြားသိ အသံသွင်းယူထား၏။ သူတို့သည် ကေဂျီဘီကုတ်ကို အနက်ဖွင့်နိုင်သူများ ဖြစ်သည်။ သို့သော် အသံလွှင့်ချက်အရ သင်္ဘောတစ်စီးပေါ်မှ တစ်စုံတစ်ယောက်က အသံလွှင့်မှန်းသိသည်။ ဘယ်သင်္ဘောကမှန်းမသိ။ တစ်စုံတစ်ယောက်၏ အမည်သည် ရှောစတော့ဖြစ်သည်။ ၎င်းနာမည်သည် သူတို့၏ဖိုင်တွင် မရှိ။ ထို့ကြောင့် မည်သူမှ ဘာအဓိပ္ပာယ်ရှိသည်ကို မသိ။ ထို့ကြောင့် ဖိုင်တွဲတစ်ခုတွင် 'ရှောစတော့'ဟု ခေါင်းတပ်၍ ၎င်းအသံလွှင့်ချက်ကို မှတ်တမ်းတင်ထားပြီး မေ့ပစ်လိုက်ကြလေ၏။

●

www.burmeseclassic.com

www.burmeseclassic.com

[၁၂]

ကိုင်ရိုတွင် အစီရင်ခံမှု ပြီးဆုံးသွားသောအခါ ဟာစန်သည် ဆီးရီးယားစစ်ပြေး စခန်းမှာရှိသော သူ့မိဘများထံ သွားရောက်လည်ပတ်ခွင့်တောင်းသည်။ ခွင့်ရသည်နှင့် ဒမတ်စကပ်မြို့သို့ သွားသည်။ လေဆိပ်မှ အငှားကားတစ်စီးငှား၍ စခန်းရှိရာသို့ သွားသည်။

ဟာစန်သည် သူ့မိဘများထံသို့ မရောက်ပေ။

ထိုစခန်းတွင် ဟာစန်တစ်စုံတစ်ရာ စုံစမ်းမှုပြုသည်။ စစ်ပြေးထဲမှ တစ်ဦးသည် ဟာစန်ကို ဘတ်စ်ကား အတန်တန်စီးစေပြီး ဂျော်ဒန်နယ်စပ်အနီး အာမန်သို့ ခေါ်သွားသည်။ ထိုမှတစ်ဆင့် နောက်တစ်ဦးသည် နောက်ထပ် ဘတ်စ်ကားစီးစေပြီး ဂျော်ဒန်မြစ်ကမ်းခြေသို့ ခေါ်သွား၏။

ဒုတိယနေ့ညပိုင်းတွင် ဟာစန်သည် စက်သေနတ်ကိုင်အဖော်နှစ်ဦးနှင့် မြစ်ကို ဖြတ်ကူးသည်။ သည်အချိန်တွင် ဟာစန်သည် သူ့အဖော်များနည်းတူ အာရပ်ဝတ်စုံ ဝတ်၍ ဝတ်ထားပြီးဖြစ်သည်။ သူ့အဖော်များမှာ လူငယ်များ ဖြစ်ပေသည်။ သူတို့မျက်နှာများသည် ကြမ်းတမ်းရက်စက်ပုံ ရလေသည်။ သူတို့သည် လျှို့ဝှက်စွာဖြင့် ခရီးဆက်ကြ၏။ နောက် ဟာစန်တစ်ဦးတည်း ခရီးဆက်ခိုင်းသည်။

ဟာစန်ရင်ထဲမှာ အားငယ်သလို ဖြစ်နေ၏။ နှစ်ပေါင်းများစွာ သူသည် ဥရောပဘဏ်သမားအဖြစ် လူဇင်ဘတ်မှာ တိုက်နှင့်၊ ကားနှင့်၊ ရေခဲ သေတ္တာနှင့်၊ တယ်လီဗီးရှင်းနှင့် နေခဲ့သည်။ ယခုတော့ မွေးရပ်ဇာတိပါလက်စတိုင်း မြေပေါ်တွင်





ညှပ်ဖိနပ်နှင့် သွားနေရ၏။ ကားမရှိတော့၊ ဂျက်လေယာဉ်မရှိတော့၊ အာရပ်လူမျိုး ပြန်ဖြစ်သွား၏။

မည်သည့်ယာဉ်မှ မတွေ့ရဘဲ ဟာစန် ငါးမိုင်ကျော် လမ်းလျှောက်ခဲ့၏။ ထိုစဉ် သစ်သီးတင် ကားတစ်စီး ရေနွေးငွေ့ တထောင်းထောင်း၊ ဖုတ်ချက်၊ ဖုတ်ချက်နှင့် သူ့ရှေ့နားမှာ လာရပ်သည်။ သူပြေးသွား၏။ ပါးစပ်မှ ပြော်...

'နားဘလတ်ခ် သွားချင်လို့'

'လာတက်'

သူတို့ကားသည် နားဘလတ်ခ်သို့ အရုဏ်ဦးမှာ ရောက်သွား၏။ ဆရပ်ကားသည် ဈေးထိပ်သို့ ရပ်သည်။ ဟာစန် ကားဆရာကို နှုတ်ဆက်၍ ကားပေါ်မှ ဆင်းလိုက်၏။

သူ့တွင်တိကျသော ညွှန်ကြားမှုရှိသည်။ အမည်မရှိသော လမ်းတစ်ခုမှ နံပါတ်မရှိသော အိမ်တစ်လုံးသို့သွားရန် ဖြစ်သည်။

နောက်ဆုံး ထိုအိမ်ကလေးရှေ့သို့ ရောက်လာ၏။ အိမ်တံခါးသည် သော့ခတ်မထား။ ဟာစန်သည် အပြင်မှာ ခဏတွေဝေနေမိသည်။ သူ့ရင်ထဲမှ စိတ်လှုပ်ရှားမှုကို ကြိုးစားထိန်းသိမ်း မျိုသိပ်နေခြင်း ဖြစ်သည်။ သူ၏ ဇာတိမြေသို့ ပြန်ရောက်လာပြီဖြစ်၏။ သူတို့မိသားစုအပေါ် လုပ်ခဲ့သမျှကို လက်စားချေရန် နှစ်ပေါင်းများစွာစောင့်ဆိုင်းနေခဲ့ရသည်။ သူသည် တစ်တိုင်းတစ်ပြည်တွင် ဒုက္ခဆင်းရဲခံစိတ်ရှည်စွာဖြင့် အမုန်းတရားကို ရင်ထဲမှာ မွေးခဲ့သည်။

ဟာစန် အိမ်ထဲသို့ ဝင်လိုက်၏။

လူလေးငါးယောက်သည် ထိုအခန်းထဲမှာ အိပ်နေ၏။ ထိုအိပ်နေသူများ အနက် တစ်ယောက်သော မိန်းသည် နိုးလာ၏။ မျက်လုံးဖွင့်အကြည့် သူ့ကို မြင်သည်နှင့် ခေါင်းအုံးအောက်သို့ လက်လှမ်း၍ နှိုက်သည်။ သေနတ်ပေလား မပြောတတ်။ ထိုမိန်းမက

'ရှင် ဘာလိုချင်လို့လဲ'

ဟာစန်က 'ဖိဒေးယင်း' တပ်ဖွဲ့ခေါင်းဆောင်၍ အမည်ကို ရွတ်လိုက်လေ၏။

*

၁၉၃၀ ဝန်းကျင်က မာမွတ်သည် ယာစစ်ဟာစန်တို့နှင့် အိမ်နီးနားချင်းဖြစ်သည်။ ထိုစဉ်က နှစ်ဦးစလုံးက ကလေးလူငယ်များသာ ရှိသေးသည်။ သူတို့နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



မဆုံဖူးကြ။ ဆုံဖူးလျှင်လည်း မမှတ်မိ။ ဥရောပစစ်ကြီးပြီးဆုံးသောအခါ ဟာစန်က အင်္ဂလန်သို့ ပညာသင်သွား၍ မာမွတ်က သူ့အစ်ကို၊ သူ့ဦးလေး၊ သူ့အဖေ သူ့အဘိုးတို့ဖြင့် သိုးကျောင်းသည်။ ဤသို့ဖြင့် တစ်ယောက်တစ်လမ်း သွားခဲ့ကြရာမှ၊ ၁၉၄၈-ခုနှစ်၊ စစ်ပွဲဖြစ်သောအခါ မာမွတ်၏အဖေသည်လည်း ဟာစန်၏ အဖေနည်းတူ အမိမြေကို စွန့်၍ ပြေးရသည်။ သူတို့သည် စစ်ပြေးစခန်းမှာ ဆုံဆည်းကြ၏။

အာရပ်-အစ္စရေးစစ် ပြေငြိမ်းလိုက်သောအခါ မာမွတ်၏ ခံစားမှုသည် ဟာစန်ထက်ပိုပြင်းသည်။ သူသည် အမိမြေအတွက် လွတ်မြောက်အောင် တိုက်ပွဲဝင်ခြင်းမှအပ တခြား ဘာမှမလုပ်တော့ဟု ဆုံးဖြတ်လိုက်၏။ ထိုအချိန်၌ သူသည် နိုင်ငံရေးကို ဘာမှမသိသေး။ သို့နှင့် မာမွတ် ပထမဆုံး စာများဖတ်ရမည်ဟု ဆုံးဖြတ်လိုက်လေသည်။

၁၉၅၀-ပြည့်နှစ်များတစ်ဝိုက်တွင် သူတို့နှစ်ဦး ဂါဇာဒေသတွင် ပြန်ဆုံ သည်။ ထိုအချိန်၌ မာမွတ်သည် အခြေအနေများစွာ တိုးတက်နေပြီဖြစ်သည်။ သူသည် ကလော့ဝစ်၏စစ်ပွဲ၊ ပလာတို၏ ရီပတ်ပလစ်မှအစ ကားလ်မတ်၏ အရင်းကျမ်း၊ ဟစ်တလာ၏ မိန်းကင့်တို့အားလုံး ဖတ်ဖူးလေ့လာပြီးနေပြီ ဖြစ်သည်။ သူသည် အင်္ဂလိပ်လို ကောင်းစွာပြောဆိုနိုင်ပြီး ရုရှလို အထိုက် အလျောက်နှင့် တရုတ်လို တစ်လုံးစ နှစ်လုံးစ ပြောဆိုနိုင်ပြီ ဖြစ်သည်။

အကြမ်းဖက်သမားများကို အာရပ်များက ငွေရေး ကြေးရေး လက်နက် အင်အားမှအစ ထောက်ပံ့ကြသည်။ ဤသို့ဖြင့် ဟာစန်နှင့် မာမွတ် ပြန်လည် ဆုံဆည်းမိခြင်း ဖြစ်သည်။ ထိုအခါ ဟာစန်က သူ၏ယုံကြည်မှု၊ ထောက်ခံမှုသည် ပါလက်စတိုင်း လွတ်မြောက်ရေးပင်ဖြစ်ကြောင်း မာမွတ်ကို ပြောသည်။

ဟာစန်သည် သူ၏ အဆောင်အယောင်ဘဝအားလုံးကို စွန့်၍ မာမွတ်တို့၏ လွတ်မြောက်ရေးတပ်ဖွဲ့နှင့် လာရောက် ပူးပေါင်းတိုက်ပွဲဝင်မည်ဟု ပြောသည်။ မာမွတ်က လက်မခံခဲ့ပေ။ မာမွတ်က ပါလက်စတိုင်း လွတ်မြောက်ရေး တိုက်ပွဲအတွက် တပ်သားတစ်ဦး တိုးလာသည်မှာ ဘာမှမဆန်း။ တိုက်ပွဲဝင် တပ်သားလိုသလောက် ရနိုင်သည်။ တကယ်လိုအပ်သည်မှာ အဆင့်မြင့်သော အသိုင်းအဝိုင်းထဲ၊ ဥရောပ အဆက်အသွယ်များတွင် ကိုယ့်လူရှိနေဖို့က ပိုအရေး ကြီးကြောင်း ရှင်းပြခဲ့သည်။

သူတို့နှစ်ဦး ကိုင်ရိုတွင် တစ်ခါ ထပ်ဆုံကြပြီး တစ်ဦးနှင့် တစ်ဦး





ဆက်သွယ်ရေးပုံစံ ညှိနှိုင်းစီစဉ်ခဲ့ကြသည်။ ဤသို့ဖြင့် ဟာစန်သည် သူ၏ ပါလက်စတိုင်း မိတ်ဆွေများနှင့် အဆက်အသွယ်မပြတ်ခဲ့။ ဥရောပမှာ သူ တတ်နိုင်သမျှ လုပ်နိုင်သမျှ လုပ်ကိုင်ပေးခဲ့၏။

ယခု ယာစစ်ဟာစန်သည် 'ဖိဒေးယင်း'တို့အတွက် လှုပ်ရှားမှုကြီး တစ်ခုလုပ်ရန် အကြံပေးဖို့လာခဲ့ခြင်း ဖြစ်သည်။

သူတို့နှစ်ဦးသား တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ဖက်ယမ်း နမ်းရှုပ်နှုတ်ဆက်လိုက် ကြ၏။

မာမွတ်က

'မင်းက ပြည့်တန်ဆာနံ့ နံလိုက်တာကွ'

ဟာစန်က

'မင်းကတော့ ဆိတ်သိုးစော် နံတယ်ကွ'

နှစ်ဦးသား ရယ်မောလိုက်ပြီး ထပ်ဖက်လိုက်ကြ၏။

ဟာစန်က မာမွတ်အား သူ့ဇာတ်လမ်းကို ပြောပြသည်။

'လွန်ခဲ့တဲ့ သုံးလလောက်က လူဇင်းဘတ်မှာ ကျုပ် အောက်စဖို့တုန်းက သိခဲ့တဲ့ လူတစ်ယောက်နဲ့ ဆုံတယ်၊ ဒစ်စတိန်းဆိုတဲ့ ဂျူးတစ်ယောက်ပဲ၊ ဒီငနဲဟာ အတော်ကြီးတဲ့ မောဆက်အေးဂျင့်တစ်ယောက် ဖြစ်နေတယ်လေ၊ သူ့ရဲ့လှုပ်ရှားမှုတွေကို ကေဂျီဘီက ရော့စတော့ဆိုသူနဲ့ ကျုပ်တို့ စောင့်ကြည့် နေခဲ့ကြတယ်၊ ဒစ်စတိန်းဟာ အစ္စရေးနိုင်ငံအတွက် အဏုမြူဗုံးလုပ်ဖို့ ယူရေနီယံ သင်္ဘောတစ်စီးစာ ခိုးယူဖို့ ကြံစည်နေတယ်ဆိုတာ သိရတယ်'

မာမွတ်သည် ကြားလျှင်ကြားချင်း ဟာစန်၏စကားကို မယုံကြည်။ သို့သော် မေးခွန်းပေါင်း များစွာမေး၊ အထောက်အထားများစွာတို့ကြောင့် မယုံ၍မဖြစ်ဘဲ ရှိလာသည်။ မာမွတ်သည် အလွန်တည်သွားလေ၏။

'ဒီကိစ္စဟာ ပါလက်စတိုင်း လွတ်မြောက်ရေးအတွက်သာ အန္တရာယ် ရှိတာ မဟုတ်ဘူး၊ ဒီဗုံးတွေဟာ အရှေ့အလယ်ပိုင်းတစ်ခုလုံး ပြောင်းလဲသွား နိုင်တယ်'

မာမွတ်က

'ဒါဆိုရင် မင်းနဲ့ရုရှတွေက ဘာလုပ်ကြဖို့ စီစဉ်ထားသလဲ'

'အစီအစဉ်ကတော့ ဒစ်စတိန်းအလုပ်ကို တားဆီးမယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အစ္စရေးတွေလုပ်ရပ်ကို ဖော်ထုတ်ပြီး အစ္စရေးတွေဟာ ဥပဒေမဲ့ ဆိုးသွမ်းတဲ့လူတွေ ဖြစ်ကြောင်း ကမ္ဘာကို ဖွင့်ချမယ်ပေါ့၊ အသေးစိတ် အစီအစဉ်တွေတော့ မဆွဲရသေးဘူး၊ ဒါပေမဲ့ ကျုပ်စိတ်ထဲမယ် တခြားအကြံအစည်တစ်ခု ရှိနေတယ်'

ဟာစန်သည် ခဏမျှရပ်လိုက်ပြီး အလေးအနက် ဆက်၍

'ကျုပ် စိတ်ကူးတာကတော့ ကျုပ်တို့ 'ဖီဒေးယင်း'တွေက ဒစ်စတိန်း အလျင်လက်ဦးအောင် အဲဒီသင်္ဘောကို စီးပစ်ချင်တာပဲ'

မာမွတ်သည် ဘာမျှမပြောဘဲ ဟာစန်ကို ကြည့်လိုက်၏။

ပထမ မာမွတ်သည် ခေါင်းကို ဟိုမှသည်သို့ ခါယမ်းသည်။ ပါးစောင်တွင် အပြုံးပေါ်လာ၏။ နောက် အားရပါးရ ရယ်လိုက်လေ၏။

ဟာစန်က

'အဲဒါ ဘယ်လိုသဘောရသလဲ'

မာမွတ်က အရယ်ရပ်လိုက်ပြီး

'သိပ်ကောင်းတာပဲ၊ ဘာဖြစ်လို့ ကျုပ်တို့ မလုပ်နိုင်ရမှာလဲ၊ သိပ်ကောင်းတဲ့ အကြံပဲ'

သည်နောက် မာမွတ်သည် မေးခွန်းပေါင်းများစွာ ထုတ်လေတော့၏။

'ကိုပါရယ်လီ'ဟာ ရိုးရိုး ကုန်သင်္ဘောတစ်စီး၊ သာမန်သင်္ဘောသားတွေပဲ ပါတာ မဟုတ်လား'

'ဟုတ်တယ်'

'ဒီသင်္ဘောဟာ မြေထဲပင်လယ်ကိုဖြတ်ပြီး ဂျီနိုအာကို သွားမှာနော်'

'ဟုတ်တယ်'

'အဲဒီ ယူရေနီယံ အဝါခဲတွေက အချိန် ဘယ်လောက်လေးသလဲ'

'တန် ၂၀၀'

'အဲဒါတွေကို စည်တွေနဲ့ ထည့်ထားတာလား'

'ဟုတ်တယ်၊ စည်ပေါင်း ၅၆၀ ရှိတယ်'

'အဲဒါတွေရဲ့ ကာလပေါက်ဈေး'

'အမေရိကန်ဒေါ်လာ နှစ်သန်း'

'အဲဒါ အဏုမြူဗုံး လုပ်လို့ ရတယ်ပေါ့'

'ဟုတ်တယ်၊ အဏုမြူဗုံး လုပ်လို့ရတဲ့ ကုန်ကြမ်းပေါ့'

'ဗုံးဖြစ်အောင် လုပ်ရတာ သိပ်ခက်သလား'





'အဏုမြူဓာတ်ပေါင်းစက်ရှိရင်တော့ ဖြစ်နိုင်တာပေါ့'

မာမွတ်သည် သူ၏ ရဲဘော်နှစ်ဦးအား

'ကဲဟေ့ တခြားလူတွေကို သွားပြောကြဦး'

*

ထိုနေ့ညတွင် နားဘလတ်ခ်ရှိ အိမ်ကလေးသို့ လူများစွာ ရောက်ရှိလာကြ၏။ ဟာစန်သည် ထိုသူများကို မသိပေ။ ထိုသူများသည် ဒေသဆိုင်ရာ ခေါင်းဆောင်များသော်လည်းကောင်း ဖြစ်မည်။ သို့မဟုတ် မာမွတ်က လေးလေးစားစား အကြံတောင်းရန် ခေါ်ယူထားသူများလည်း ဖြစ်မည်။

မိန်းမများက ပေါင်မုန့်၊ ငါးဟင်းနှင့် ဝိုင်အရက်များ တည်ခင်းဧည့်ခံသည်။

မာမွတ်က ဟာစန်၏အစီအစဉ်ကို တင်ပြ၏။ မာမွတ်သည် အစီအစဉ်ကို ဟာစန့်ထက်ပို၍ ပြည့်ပြည့်စုံစုံ တင်ပြ၏။

သူ့တင်ပြချက်မှာ သူတို့သည် ဒစ်စတိန်းထက် အလျင်ဦးစွာ 'ကိုပါရယ်လီ' သင်္ဘောကို တက်ရောက်စီးနင်းတိုက်ခိုက် သိမ်းပိုက်ထားမည်။ ထို့နောက် အစ္စရေးများ တက်လာသောအခါ အလစ်ပြန်လည်တိုက်ခိုက်ပစ်မည်။ ရိုးရိုး ကုန်တင်သင်္ဘောများသာ ရှိမည်ဟုယူဆထားက အစ္စရေးများသည် လူအင်အား၊ လက်နက်အင်အား များစွာ ပါလာမည်မဟုတ်ရကား၊ ရောက်ရှိနေပြီဖြစ်သော 'ဖီဒေးယင်း' တပ်သားများက ကောင်းစွာ ချေမှုန်းပစ်နိုင်မည် ဖြစ်သည်။ ထို့နောက် 'ဖီဒေးယင်း'တို့သည် စီးနင်းတိုက်ခိုက်ရယူနိုင်ပြီဖြစ်သော သင်္ဘောကို မြောက်အာဖရိက ဆိပ်ကမ်းတစ်ခုသို့ မောင်းယူသွားမည်။ ကမ္ဘာ့သတင်းဌာနများကို ဖိတ်ခေါ်၍ အစ္စရေးတပ်သား အလောင်းများကို ထုတ်ပြပြီး အစ္စရေးတို့၏ ပင်လယ်ဓားပြလုပ်ရပ် ယူရေနီယံခိုးယူ၍ အဏုမြူဗုံးလုပ်ဆောင်ရန် ကြံရွယ်ပုံကို ဖွင့်ချမည်။ သင်္ဘောပေါ်မှ ကုန်စည်များအတွက် ပိုင်ရှင်ကို ကျသင့်ငွေတစ်ဝက် ဒေါ်လာတစ်သန်းဖြင့် ပြန်တောင်းမည်။

တက်ရောက်လာကြသော အာရပ်များသည် အမျိုးမျိုး ဆွေးနွေးငြင်းခုံကြ၏။ အချို့သည် ဥရောပအထိ စစ်မျက်နှာချဲ့မှုကို သဘောမကျ။ တချို့ကမူ 'ကိုပါရယ်လီ' ကို တိုက်မည့်အစား အစ္စရေးတို့လုပ်ရပ်ကို ကြိုတင်ဖွင့်ချလိုက်လျှင် ကောင်းမည်ဟု အကြံပေးကြ၏။ ဟာစန်က ဤသို့ ပြုလုပ်ခြင်းဖြင့် မခိုင်လုံသေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ရှင်းပြသည်။ ထို့ပြင် ယခုလုပ်ရပ်မှာ 'ဖီဒေးယင်း'တို့၏ အင်အားကို ထုတ်ဖော်ပြသရာ ရောက်သည်ဟု ရှင်းပြသည်။

သူတို့အားလုံးသည် တန်းတူရည်တူ ဆွေးနွေးကြ၏၊ ဆွေးနွေးပွဲသည် တဖြည်းဖြည်း ကြာညောင်းလာလေသည်။ ဟာစန်သည် တဖြည်းဖြည်း အပြင် လူတစ်ယောက်လို ဖြစ်လာသည်။ နောက်ဆုံး မနေနိုင်တော့ဘဲ ငြီးစီစီ ဖြစ်ဖေ သော အိပ်ခန်းထဲမှ အပြင်သို့ ရောက်လာခဲ့လေ၏။

အတန်ကြာသောအခါ မာမွတ်ထွက်လာပြီး ဟာစန်နံဘေးမှာ လာရပ်၏။ မာမွတ်က

'ကျုပ် ကားတစ်စီး မှာထားတယ်'

'အို'

'ကျုပ်တို့ ကနေ့ည ဒမတ်စကပ်ကို သွားကြမယ်လေ၊ လုပ်စရာတွေက အများကြီး ရှိနေသေးတယ်၊ အခု အလုပ်က ကျုပ်တို့ရဲ့ အကြီးဆုံးစစ်ဆင်ရေးပဲ၊ ချက်ချင်းလုပ်မှ ဖြစ်မယ်'

'ဒါဆို ဆုံးဖြတ်ချက်ကျသွားပြီပေါ့'

'ဟုတ်တယ်၊ 'ဖီဒေးယင်း' တပ်ဖွဲ့ဟာ သင်္ဘောကို တက်သိမ်းပြီး ယူရေနီယံတွေကို အပိုင်စီးမယ်'

ဒေးဗဒ်ရော့စတော့သည် သူ၏မိသားစုနှင့်အတူ ခရီးထွက် အပန်းဖြေနေ၏။ သို့သော် နစ် ပြန်ရောက်နေပြီဟု သတင်းရသည်နှင့် မော်စကိုသို့ ပြန်လာ၏။

နစ်က သူ 'စထရွမ်းဘတ်'သင်္ဘောပေါ်တွင် လျှို့ဝှက်အသံလွှင့်စက် တစ်လုံး၊ (ဘတ်ဂ်) တပ်ဆင်ထားနိုင်ကြောင်း အစီရင်ခံ၏။ "စထရွမ်းဘတ်'သည် အပျက်အစီးကလေးများကို ပြင်ဆင်ရန် လွှန်းတင်ထားရာ နစ်သည် လျှပ်စစ်သမား ဟန်ဆောင်၍ သင်္ဘောဦး ကစ်နေရာတွင် လျှို့ဝှက်ဘတ်ဂ်တစ်ခု တပ်ဆင်နိုင်ခဲ့ ပေသည်။

ထိုအချိန်မှအစပြု၍ သင်္ဘောစက် မောင်းနေသမျှ မိနစ်သုံးဆယ်တိုင်း စက်ကလေးသည် ထိုသင်္ဘော ဘယ်နေရာ ရောက်နေပြီဖြစ်ကြောင်း အချက်ပြ နေမည် ဖြစ်သည်။

အစ္စရေးရေတပ် ထောက်လှမ်းရေးတပ်ဖွဲ့တွင် သင်္ဘောအင်ဂျင်နီယာအဖြစ်





လေ့ကျင့်ထားသော ကက်ပတိန် ဒိုင်ယက်တာကို့ချ်ဆိုသူ လူငယ်တစ်ဦး ရှိ၏။ 'ကိုပါရယ်လီ' သင်္ဘော အင်တဝပ်မှ ထွက်ခွာသောအခါ ထိုသင်္ဘောပေါ်တွင် ကို့ချ် ပါသွားဖို့လိုသည်။

ဒစ်စတိန်းသည် အင်တဝပ်သို့ ရောက်လာသော်လည်း ဘာစီတ်ကူးမှ မရှိသေး၊ မရသေး။ သူသည် တည်းခိုရာ ဟိုတယ်မှ 'ကိုပါရယ်လီ' သင်္ဘောပိုင်ရှင် ကုမ္ပဏီသို့ ဖုန်းဆက်လိုက်၏။

မိန်းကလေးတစ်ယောက်က ဖုန်းဖြေသည်။

ဒစ်စတိန်းက

'ပီယေးဘိုဒီယား ဖုန်းဆက်နေတယ်၊ ဒါရိုက်တာနဲ့ တွေ့ချင်လို့'

'ဟုတ်ကဲ့၊ ခဏစောင့်ပါ'

ယောကျ်ားတစ်ယောက် အသံထွက်လာ၏။

'ဟုတ်ကဲ့၊ ပြောပါ'

'ဂွတ်မောနင်း၊ ကျုပ်က ဘိုဒီယားသင်္ဘောသား အေဂျင်စီက ပီယေးဘိုဒီးယားပါ'

ဒစ်စတိန်းက ခပ်တည်တည်နှင့် ပြောလိုက်၏။

တစ်ဖက်မှ

'မကြားဖူးပါဘူး'

'ဟုတ်ကဲ့၊ ဒါကြောင့်မို့ ကျွန်တော်တို့က ခုလို ဆက်သွယ်တာပါ၊ ကျွန်တော်တို့က အင်တဝပ်မှာ အခု သင်္ဘောသားအေဂျင်စီအဖြစ် စဖွင့်မှာပါ၊ အဲဒါ လူကြီးမင်းအနေနဲ့ ကျွန်တော်တို့ဆီက သင်္ဘောသားတွေကို စမ်းသုံးကြည့် ပါလားလို့'

'မပြောတတ်သေးဘူးလေ၊ စာရေးပြီး ဆက်သွယ်ပါ'

'အဲ အခု လူကြီးမင်းတို့ ဘယ်က သင်္ဘောသားတွေ ခေါ်ပါသလဲ'

'ကိုဟင်အေဂျင်စီက ကျုပ် အချိန်မရှိဘူး'

'ဟုတ်ကဲ့ ကျေးဇူးပါပဲ ဂွတ်ဘိုင်'

ကိုဟင် ဆိုပါလား။ ကံကောင်းနေပြန်ပြီကော၊ သူသည် ဖုန်းခွက်ကို ချလိုက်၏။ ကိုဟင်သည် ဂျူးပိုင်ဆိုင်သော အေဂျင်စီ ဖြစ်ရပေမည်။ ဒစ်စတိန်း သည် ကိုဟင်အေဂျင်စီ၏ လိပ်စာကို ဖုန်းစာအုပ်ထဲမှ မှတ်ယူ၍ ဖုန်းမဆက်တော့ဘဲ လူကိုယ်တိုင်သွားရန် ထွက်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဟင်၏ သင်္ဘောသား အေဂျင်စီသည် နှစ်ခန်းတွဲအခန်းလေး ဖြစ်သည်။ ဒစ်စတိန်းသည် ရုံးခန်းတံခါးကို ခေါက်ဝင်လိုက်၏။

'ကျွန်တော် မစ္စတာ ကိုဟင်နဲ့ တွေ့ချင်လို့ပါ'

အရွယ်အလတ်ပိုင်း အတွင်းရေးမှူး ဖြစ်ပုံရသော မိန်းကလေးသည် သင်္ဘောသားပုံ မပေါက်သော ဒစ်စတိန်းကို ကြည့်၍

'ရှင် သင်္ဘောတက်ချင်လို့'

'မဟုတ်ပါဘူး ကျွန်တော်က အစ္စရေးကပါ'

'အို'

အမျိုးသမီးသည် အခန်းထဲသို့ ဝင်သွား၏။ ထိုအခါ ဒစ်စတိန်းက အမျိုးသမီးသည် ကိုဟင်၏ ဇနီးများ ဖြစ်လေရော့သလားဟု တွေးမိသည်။

တစ်မိနစ်မကြာ အမျိုးသမီး ထွက်လာပြီး ဒစ်စတိန်းအား ကိုဟင်၏ အခန်းတွင်းသို့ ခေါ်သွားသည်။

မစ္စတာ ကိုဟင်က ထိုင်ရာမှထ၍ လက်ဆွဲနှုတ်ဆက်ပြီး ဆိုင်းမဆင့် ဗုံမပါဘဲ

'ကျွန်တော် နှစ်စဉ် ရန်ပုံငွေထည့်ပါတယ်ဗျာ၊ စစ်ဖြစ်တုန်းကဆိုရင် ဂီလ်ဒါနှစ်သောင်း လှူခဲ့ပါတယ်၊ မယုံရင် ဖြတ်ပိုင်းရှိပါတယ်၊ နောက်ထပ် စစ်ပွဲတစ်ခု ဖြစ်မှာမို့ အလှူခံဦးမလို့လား'

ဒစ်စတိန်းက ပြုံး၍

'ကျွန်တော် အလှူခံဖို့လာတာ မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် ထိုင်နိုင်ပါသလား'

'အလှူခံဖို့ မဟုတ်ဘူး ဆိုမှတော့ ထိုင်ပါဗျာ၊ ကော်ဖီလဲ သုံးဆောင်ပါဦး'

ဒစ်စတိန်းက ထိုင်လိုက်၏။ ကိုဟင်မှာ လူပုပု မျက်မှန်နှင့်ဖြစ်ပြီး အသက် ၅၀ အရွယ် ထိပ်ပြောင်ပြောင် ဖြစ်သည်။ သန်းကြွယ်သူဌေး မဟုတ်သည့်တိုင် အလုပ်အကိုင် ကောင်းမွန်ဖြစ်ထွန်းနေပုံ ရ၏။

ဒစ်စတိန်းက

'ဒုတိယကမ္ဘာစစ်တုန်းက ခင်ဗျား ဒီမှာပဲလား'

ကိုဟင်က ခေါင်းညိတ်ပြ၏။

'အဲဒီတုန်းက ကျွန်တော်က လူရွယ်ပိုင်းလောက်ရှိပါဦးမယ်၊ လူမသိ သူမသိ တောရွာတစ်ခုမှာ လယ်သွားလုပ်နေခဲ့ပါတယ်၊ ကျွန်တော့်ကို ဘယ်သူကမှ





သူလို့မသိတာ ကံကောင်းတာပေါ့'

'ခင်ဗျား အဲဒီလို နောက်ထပ် ကံကောင်းဦးမယ်လို့ ထင်သလား'

'ကောင်းနိုင်တာပဲလေ၊ သမိုင်းမှာ အဲဒီလို ခဏခဏဖြစ်နေတာပဲဟာ၊ ဘယ်သူပြောနိုင်မှာလဲ၊ ကျုပ်က ဒီမှာ နေသားတကျ ဖြစ်နေပြီ၊ အစ္စရေးကိုလဲ သွားချင်ဘူး'

'အိုကေ ကောင်းပြီလေ၊ ကျုပ်က အစ္စရေးအစိုးရရဲ့ တာဝန်ထမ်းဆောင်နေတဲ့လူပါပဲ၊ ခင်ဗျား ကျုပ်တို့ကို အကူအညီပေးနိုင်မလား'

ကိုဟင်က ပခုံးတွန့်ပြရင်း

'ဆိုပါဦးလေ'

'ရက်သတ္တနှစ်ပတ်သုံးပတ်အတွင်းမှာ 'ကိုပါရယ်လီ'သင်္ဘောမှာ အင်ဂျင်နီယာတစ်ယောက် လိုတယ်လို့ ခင်ဗျားရဲ့ ဖောက်သည်တစ်ဦးက ဆက်သွယ်လိမ့်မယ်၊ အဲဒီအခါမှာ ကျုပ်တို့ရဲ့ လူတစ်ယောက်ကို အဲဒီနေရာအတွက် ပို့ပေးနိုင်မလား၊ သူ့နာမည်က ကို့ချ်တဲ့၊ အစ္စရေးကပဲ၊ သူ့ဟာ နာမည်တု၊ ပတ်စ်ပို့တင်အတုနဲ့ပဲ၊ ဒါပေမဲ့ သင်္ဘောအင်ဂျင်နီယာတစ်ယောက် ဖြစ်တာတော့ အမှန်ပါ၊ ခင်ဗျားရဲ့ ဖောက်သည်အတွက် နစ်နာစရာမရှိပါဘူး'

ကိုဟင်သည် အတန်ကြာတွေးနေပြီးမှ

'အစ္စရေးအစိုးရက ဘာ့ကြောင့် ဒီလူကို 'ကိုပါရယ်လီ'သင်္ဘောပေါ် တင်ချင်တာလဲဆိုတာ ခင်ဗျား ပြောမပြနိုင်ဘူးလား'

ဒစ်စတိန်းက ခေါင်းယမ်း၍

'ဟုတ်ကဲ့ ပြောမပြနိုင်ပါဘူး'

ခဏမျှငြိမ်သွား၏။ ပြီးမှ ကိုဟင်က

'ခင်ဗျားမှာ အစ္စရေး အစိုးရရဲ့ တာဝန်ရှိပုဂ္ဂိုလ်ပါဆိုတဲ့ အထောက်အထား ပြနိုင်သလား'

'မပြနိုင်ပါဘူး'

ကိုဟင်က ခေါင်းယမ်း၍

'ဒီပုံအတိုင်း ကျုပ်က လုပ်ပေးမယ်ဆိုရင် အရူးဖြစ်သွားမှာပေါ့'

ဒစ်စတိန်းက

'ဘာဖြစ်လို့'

'ခင်ဗျားက လမ်းပေါ်ကနေ ရုံးထဲဝင်လာပြီး အစ္စရေးအစိုးရရဲ့ တာဝန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ပါလို့ ပြောတယ်၊ အထောက်အထား မပြတဲ့အပြင် နာမည်တော ပြောမပြဘူး၊ နောက်ပြီး ရာဇဝတ်မှုမှ ကင်းရဲ့လားမသိတဲ့ အလုပ်တစ်ခု လာခိုင်းတယ်၊ ဘာ့ကြောင့် လုပ်ရတယ်ဆိုတာကိုလဲ ပြောမပြဘူး၊ ခင်ဗျား ပြောတာကို ယုံတယ်ထားဦး၊ ကျုပ်လုပ်တဲ့ အလုပ်ဟာ အစ္စရေးအစိုးရ လုပ် ချင်တာကို လုပ်နေတာမှ ဟုတ်ပါ့မလားလို့ စဉ်းစားစရာပဲ'

'ဒါဆို ခင်ဗျား ယုံကြည်အောင် ကျုပ် ဘာလုပ်ပေးရမလဲ'

'ဖြစ်နိုင်ရင် အစ္စရေး ဝန်ကြီးချုပ်က ဒါလုပ်ပေးလိုက်ပါဆိုရင် တော်သေး တာပေါ့'

ဒစ်စတိန်းသည် ထိုင်ရာမှ ထလိုက်၏။ သူ့ခေါင်းထဲတွင် ဟုတ်သား ကိုဟင် လိုချင်တာ လုပ်ပေးလိုက်ရုံပေါ့၊ ပီယေဘောများ သိလိုက်လျှင် ဘယ်လောက် ဖင်ဆောင့်နေလိုက်မလဲဟု တွေးမိသည်။

ဒစ်စတိန်းက

'ကောင်းပြီလေ'

ကိုဟင်သည် မျက်လုံးပြူး၍

'ခင်ဗျားပြောတဲ့ "ကောင်းပြီလေ"ဆိုတာ ဘာကို ဆိုလိုတာလဲဟင်'

'ကုတ်အင်္ကျီ ဝတ်ဗျာ ဂျေရုဆလင်ကို သွားမယ်'

'ဗျာ အခု'

'အခုပေါ့ ခင်ဗျားက မအားလို့လား'

'ခင်ဗျား တကယ် ပြောနေတာလား'

'ကျုပ်က အရေးကြီးပါတယ်လို့ ပြောသားပဲ'

ဒစ်စတိန်းက စားပွဲပေါ်မှဖုန်းကို လက်ညှိုးထိုးပြပြီး

'ခင်ဗျားဇနီးကို ခေါ်လိုက်ဗျာ'

'ဇနီးက အပြင်မှာ တင်ပါ'

ဒစ်စတိန်းက တံခါးပေါက်ကို သွား၍ တံခါးဖွင့်လိုက်ပြီး

'မစ္စက်ကိုဟင်'

'ဟုတ်ကဲ့'

'အထဲခဏလာပါဦး ခင်ဗျာ'

အမျိုးသမီးသည် အခန်းထဲသို့ ဝင်လာ၏။ သူ့မျက်နှာသည် ပူပန် သောက ရောက်နေပုံရ၏။ သူမ၏ ခင်ပွန်းအား

'ဘာတွေများလဲဟင်၊ ဂျိုးဇက်'

ကိုဟင်က

'ဒီလူက ကျုပ်ကို သူနဲ့ ဂျေရုဆလင်ကို လိုက်ခဲ့ဖို့ ခေါ်နေတယ်'

'ဘယ်တော့လဲ'

'အခု'

'ဒီတစ်ပတ်အထဲ ပြောတာလား'

ဒစ်စတိန်းက ဝင်၍

'အခုမနက်ကို ပြောတာပါ မစ္စက်ကိုဟင်၊ ကျွန်တော် အခုပြောနေတာ ဟာ တကယ့်အရေးကြီးတဲ့ ကိစ္စပါ၊ ကျွန်တော်က ခင်ဗျားရဲ့ ခင်ပွန်းကို စ္စရေးအစိုးရအတွက် တစ်ခုခုလုပ်ပေးဖို့ တောင်းဆိုပါတယ်၊ ခင်ဗျား ခင်ပွန်းက ပေးရမယ့်အလုပ်ဟာ အစ္စရေးအစိုးရက ခိုင်းတာ ဟုတ်ရဲ့လား၊ လူဆိုးတွေ များ ခိုင်းတာများလား ဆိုပြီး သံသယရှိတာပေါ့၊ ဒါကြောင့် သူ ယုံကြည် စိတ်ချမှုရှိသွားအောင် ခေါ်သွားမလို့ပါ'

အမျိုးသမီးက သူ့ယောက်ျားအား

'မပတ်သက်ချင်စမ်းပါနဲ့ ဂျိုးဇက်ရယ်'

ကိုဟင်က ပခုံးတွန့်ရင်း

'ကျုပ်က ဂျူးဆိုတော့ မပတ်သက်ချင်လို့တော့ မရတော့ဘူးကွယ်၊ င်သာ ကြည့်ထားလိုက်ပါ'

အမျိုးသမီးက

'ရှင်က ဒီလူအကြောင်းကို ဘာမှမသိဘဲနဲ့'

'အေး မသိလို့ ခု သိအောင် လုပ်မလို့ပေါ့'

'ကျွန်မတော့ သဘောမကျပါဘူး'

ကိုဟင်က

'အန္တရာယ်မရှိပါဘူးကွယ်၊ တို့ ထုံးစံအတိုင်း လေကြောင်းကုမ္ပဏီက လေယာဉ်နဲ့ သွားကြမှာပါ၊ ဂျေရုဆလင်ကျရင် ကျုပ် ဝန်ကြီးချုပ်နဲ့တွေ့ပြီး ပြန်လာရုံပါပဲ'

'ရှင် ဝန်ကြီးချုပ်နဲ့'

ဒစ်စတိန်းက အမျိုးသမီး၏ လေသံကို အကြောင်းပြု၍ သူ့ယောက်ျား အစ္စရေးဝန်ကြီးချုပ်နှင့် တွေ့ရမည့်အတွက် ဘယ်လောက် ဂုဏ်ယူဖွယ်ကြီးစရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမည်ကို ခန့်မှန်းမိ၏။ သို့နှင့် သူက

'ဒီကိစ္စဟာ ထိပ်တန်းလျှို့ဝှက်တစ်ခုပါ မစ္စက်ကိုဟင်၊ တခြားလူတွေက မေးရင် ရှိတာဒန်ကို အလုပ်ကိစ္စနဲ့ သွားတယ်လို့ ပြောထားပါ၊ ခင်ဗျား ခင်ပွန်း နက်ဖြန် ပြန်ရောက်လာမှာပါ'

အမျိုးသမီးက သူတို့နှစ်ဦးကိုကြည့်ရင်း

'ကျွန်မရဲ့ ယောကျ်ားက ဝန်ကြီးချုပ်နဲ့ တွေ့ရတာတောင် အသိမိတ်ဆွေတွေကို မပြောရပါကလား'

သူတို့သည် လေဆိပ်သို့ တက္ကစီနှင့် လာခဲ့ကြသည်။ ဒစ်စတိန်း ရင်ထဲမှ ကလိတိတိ ပျော်ရွှင်မှုကလေးသည် ခရီးထွက်လာသည်နှင့်အမျှ ကြီးမားတိုးပွားလာ၏။ စီမံကိန်းတစ်ခုလုံးမှာ ကလီကမာ နိုင်လှ၏။ ဒစ်စတိန်း၏ ရင်ထဲမှာ ကျောင်းသားကလေးတစ်ယောက်လို ခံစားနေရ၏။ သူ့မျက်နှာပေါ်တွင် မထိန်းနိုင်သော အပြုံးရိပ် ထင်နေသဖြင့် ကိုဟင် မမြင်ရအောင် မျက်နှာလွှဲထား၏။

ပီယေဘောတော့ ဖင်ဆောင့်နေပေဦးတော့မည်။

ဒစ်စတိန်းက တဲလ်အဗစ် အသွားအပြန်လက်မှတ် နှစ်စောင် ဝယ်လိုက်၏။ သူတို့သည် ပဲရစ်မြို့တွင်လေယာဉ်ပြောင်းစီးရမည်ဖြစ်သည်။ ထိုအတောအတွင်း ဒစ်စတိန်း ပဲရစ်သံရုံးသို့ ကြိုတင်၍ ကွင်းမှာ တစ်ယောက်ဆင်းကြိုရန် မှာကြားလိုက်၏။

ပဲရစ်သို့ ရောက်သောအခါ ပဲရစ်သံရုံးမှ လူကို ပီယေဘောထံပို့ရန် အကြောင်းကြားစာကို ပေးလိုက်၏။ စာထဲတွင် သူ လိုအပ်သည်များ ပါရှိသည်။ လာရောက်ကြိုဆိုသူ သံအရာရှိမှာ မောဆက်အဖွဲ့ဝင်ဖြစ်ရကား ဒစ်စတိန်းကို တလေးတစားဆက်ဆံလေသည်။ ကိုဟင်သည် သူတို့ စကားပြောကြပုံနှင့် ဆက်ဆံကြပုံကို နံဘေးမှမြင်တွေ့နေရ၏။ ထိုသူ ပြန်သွားသောအခါ ကိုဟင်က-

"ကျုပ်တို့ပြန်ရင် ရပါပြီဗျာ၊ ကျုပ်ယုံပါပြီ"

ဒစ်စတိန်းက

'အိုး ဒီလို မလုပ်နဲ့လေ၊ ဒီထိအောင် လာခဲ့ပြီးမှတော့ အားလုံးပြီးစီးအောင် လုပ်ကြမှာပေါ့'

လေယာဉ်ပေါ် ရောက်သည်နှင့် ကိုဟင်က

'အစ္စရေးမှာဆိုရင် ခင်ဗျားဟာ အရေးပါတဲ့ လူတစ်ယောက် ဖြစ်မှာပဲနော်'





'မဟုတ်ပါဘူး၊ ကျုပ် လုပ်နေတဲ့ အလုပ်က အရေးပါနေလို့ပါ'

ကိုဟင်က ဝန်ကြီးချုပ်နှင့် တွေ့ဆုံသောအခါ ဘယ်လိုပြုမူပြောဆိုရမည် မသိသဖြင့် ဒစ်စတိန်းကို မေးကြည့်သည်။ ဒစ်စတိန်းက-

'အဲဒါတော့ ကျုပ်လဲ မပြောတတ်ဘူး၊ ကျုပ်ကိုယ်တိုင်လဲ သူနဲ့ လက်ဆွဲနှုတ်မဆက်ဖူးဘူး၊ မဆုံဖူးဘူး'

ကိုဟင်က ပြုံးလိုက်သည်။ သူ့အနေနှင့် ဒစ်စတိန်း၏ ကလီကမာစိတ်ကလေးကို ရေးတေးတေးမြင်စ ပြုလာပြီဖြစ်သောကြောင့်ပင်။

ပီယေဘောသည် သူတို့နှစ်ဦးကို ဂေါ့လေဆိပ်မှကြို၍ ကားနှင့် ဂျေရုဆလင်သို့ခေါ်ခဲ့၏၊ ဘောသည် ကိုဟင်ကိုပြုံး၍ နှုတ်ဆက်သည်။ စိတ်ထဲကမူ မကျေနပ်လှ။ သူတို့ကားသည် ဝန်ကြီးချုပ်၏အိမ်သို့ တိုက်ရိုက် သွားသည်၊ ကားပေါ်မှ အဆင်းဒစ်စတိန်းကိုကပ်၍...

"ဒီလို လုပ်တာတွေ အကြောင်းများ မခိုင်လုံရင်တော့လား ဟင်း...'

ဒစ်စတိန်းက ပြုံး၍

'လိုအပ်လို့ လုပ်တာပါ'

ဝန်ကြီးချုပ်အိမ်သို့ ရောက်လာသောအခါ ဒစ်စတိန်းနှင့် ကိုဟင်တို့က ဧည့်ခန်းမှာ စောင့်ကျန်ရစ်သည်။ ဘောကဝန်ကြီးချုပ်ကို အကျိုးအကြောင်းပြောရန် ဝင်သွား၏။

မိနစ်အနည်းငယ်ကြာသောအခါ သူတို့အခန်းထဲဝင်ရသည်။

ဘောက

'ဒါက နက်၊ ဒစ်စတိန်းပါ ခင်ဗျာ'

ဝန်ကြီးချုပ်နှင့်နက်တို့ လက်ဆွဲနှုတ်ဆက်ကြ၏။

ဝန်ကြီးချုပ်က

'ကျုပ်တို့ဆုံတော့ မဆုံဖူးကြဘူးနော်၊ ဒါပေမယ့် ခင်ဗျားရဲ့အကြောင်းတွေ ကျွန်တော်ကြားဖူးပါတယ် မစ္စတာဒစ်စတိန်း'

ဘောက

'ဒါကတော့ အင်တဝပ်က မစ္စတာဂျိုးဇက်ကိုဟင်ပါ'

ဝန်ကြီးချုပ်ကပြုံးသည်။

'မစ္စတာကိုဟင်၊ ခင်ဗျားဟာ အလွန်သတ္တိကြီးတဲ့ လူတစ်ယောက်ပဲ၊ ခင်ဗျား နိုင်ငံရေးသမားဖြစ်ဖို့ကောင်းတယ်၊ ကျုပ်တို့ကို ကူညီဖို့ ဒီကိစ္စဟာ



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးလို့ပါ၊ ခင်ဗျားအတွက် အန္တရာယ်လဲ မရှိနိုင်ပါဘူး'

ကိုဟင်သည် ဘာပြောရမှန်းမသိအောင် ဝမ်းသာဂုဏ်ယူနေမိ၏။ ခဏကြာမှ သူက...

'ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် ဆက်ဆက် လုပ်ပေးပါ့မယ်၊ အခုလို ဒုက္ခပေးသလိုဖြစ်တဲ့အတွက် တောင်းပန်ပါတယ်'

'ကိစ္စမရှိပါဘူးဗျာ၊ ခင်ဗျားက လုပ်သင့်လုပ်ထိုက်တာကို လုပ်တာပါဝဲ'

ဝန်ကြီးချုပ်သည် နောက်တစ်ခါ ကိုဟင်နှင့် လက်ဆွဲနှုတ်ဆက်လိုက်ပြီး...

'အခုလိုလာတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဂွတ်ဘိုင်'

သူတို့ ပြန်လာခဲ့ကြသည်။ ဘောက လေဆိပ်သို့ အပြန်ခရီးမှ ဣန္ဒြေ သိပ်မဆည်နိုင်တော့။ ရှေ့ခန်း ဒရိုင်ဘာ နံဘေးမှထိုင်၍ ဆေးလိပ်ကို တွန်းဖွာနေ၏။ လေဆိပ်ရောက်သည်နှင့် ဒစ်စတိန်းနှင့် နှစ်ယောက်ချင်း စကားပြောခွင့် ဖန်လိုက်ပြီး

"မောင်ရင် ဒီလိုစတန့်မျိုး နောက်တစ်ခါ လုပ်ရင်တော့ လား...'

ဒစ်စတိန်းက လေအေးအေးနှင့်...

'လိုအပ်လို့ပါ၊ တစ်မိနစ်တောင်မှမကြာဘဲ'

'အဲဒီ တစ်မိနစ်ရအောင် ကျုပ်တို့တစ်ဌာနလုံး တစ်နေကုန်လုပ်ထားရတယ် သိလား၊ မောင်ရင် ဘာဖြစ်လို့ ငနဲသားကိုကျုပ်နဲ့တော့ပြီး လုပ်ပေးစမ်းကွာလို့ မခိုင်းရတာလဲ'

'ကျုပ်တို့က အရိုင်းအစိုင်းတွေမှ မဟုတ်တာ'

ထိုစဉ် သူတို့စီးရမည့် လေယာဉ်က ခရီးသည်များ ခေါ်သံထွက်ပေါ်လာ၏။ အပြန်ခရီးတွင် ကိုဟင်သည် ဂျင်နှစ်ခွက်သောက်ပြီး အိပ်ပျော်လိုက်ခဲ့သည်။ ဒစ်စတိန်းက ပြီးခဲ့သော အဖြစ်အပျက်များအားလုံးကို စဉ်းစားနေမိ၏။

ကိုဟင် နိုးလာသောအခါ

'ကျုပ် အိပ်မက်များ မက်နေတာလားဗျာ'

'မဟုတ်ပါဘူး၊ ကျုပ်အစက မပြောဘူးလား၊ ဒီကိစ္စဟာ အရေးကြီးပါတယ်လို့'

'ဟုတ်ကဲ့ ကျုပ် နားလည်ပါပြီ'

'အဲ တစ်ခုတော့ရှိတယ်၊ ဒီအကြောင်းကို ခင်ဗျား ဘယ်သူ့ကိုမှ မပြောရဘူးနော်၊ ပြောရင် ကျုပ်တို့က အရေးယူမှာ'

သူတို့လေယာဉ်သည် လေဆိပ်သို့ ဆင်းစပြုနေပြီဖြစ်၏။

●

[၁၃]

မော်စကိုမြို့မှ ရုရှားဟိုတယ်သည် ဥရောပတိုက်တွင် အကြီးဆုံး ဟိုတယ်ဖြစ်သည်။ ၎င်းတွင် ခုတင်ပေါင်း ၅၇၃၈ ရှိ၍ စင်္ကြံများ စုပေါင်းတိုင်းထွာပါက ၁၀ မိုင်ကျော် ရှိပေမည်။ ၎င်းတွင် အဲယားကွန်ဒစ်ရှင်း (လေအေးစက်)မရှိချေ။

၎င်းဟိုတယ်တွင် ယာစစ်ဟာစန်သည် အိပ်၍မရဘဲ ဖြစ်နေ၏။

ပြောစရာကမှ လွယ်လွယ်လေးသာဖြစ်ပါသည်။ 'ဖီဒေးယင်း'တွေက ဒစ်စတိန်းထက်စောပြီး 'ကိုပါရယ်လီ'သင်္ဘောကို တိုက်ခိုက်သိမ်းယူကြမည်ဟု...။ သို့သော် အသေအချာ တွေးလေလေ သူ့ရင်ထဲမှ ကြောက်စိတ်များ တိုးပွားလာလေလေ ဖြစ်နေ၏။

၁၉၆၈ ခုနှစ်တွင် ပါလက်စတိုင်း လွတ်မြောက်ရေးတပ်ဖွဲ့သည် အများထင်မြင်သကဲ့သို့ နိုင်ငံရေး စုစည်းညီညွတ်မှုရှိသော အဖွဲ့အစည်း တပ်ပေါင်းစု တစ်ခု မဟုတ်ပေ။ တစ်သီးတခြားစီဖြစ်သော တော်လှန်ရေးအဖွဲ့များသည် မိမိတို့ဆန္ဒအတိုင်း လုပ်လိုရာလုပ်ပိုင်ခွင့်ရှိ၏။ ထို့ကြောင့် မာမွတ်သည် သူ၏ 'ဖီဒေးယင်း' တပ်ဖွဲ့က တစ်ခုခုလုပ်မည်ဟု ဆိုခြင်းမှာ သူ၏ အဖွဲ့အစည်းကလေးက လုပ်မည်ဆိုသည့် သဘောဖြစ်သည်။ အောင်မြင်မှုသည်လည်းကောင်း၊ ဆုံးရှုံးမှုသည်လည်းကောင်း သူ၏အဖွဲ့အစည်းကလေး၌ တာဝန်ရှိပေသည်။

မာမွတ်အနေနှင့် တခြားသော ပါလက်စတိုင်းအဖွဲ့များကို အကူအညီ တောင်းမည်ဆိုက ရနိုင်ပေသည်။ သို့သော် မာမွတ်က မလိုအပ်ဟုယူဆ၍ မတောင်းဆိုခဲ့ပေ။ သူ၏တပ်ဖွဲ့သည် ပါလက်စတိုင်းအပြင်ဘက် လောကတွင်



www.burmeseclassic.com

www.burmeseclassic.com



အဆက်အသွယ် အကောင်းဆုံး ဖြစ်ပေသည်။ ဥရောပတိုက်တွင် အကောင်းဆုံး ဖွဲ့စည်းမှုအင်အားရှိသည်။ ငွေရေးကြေးရေး အတောင့်တင်းဆုံးဖြစ်သည်။ ယခု သူသည် အင်္ဂလိပ်မြို့၌ သင်္ဘောတစ်စီးငှားရမ်း၍ စီစဉ်နေ၏။ သူ၏ အဖွဲ့သည် နိုင်ငံတကာမှ အဖွဲ့ဝင်များ စုစည်းထားခြင်း ဖြစ်ပေသည်။

သို့သော် အရေးအကြီးဆုံး အဆုံးအဖြတ်မှာ ဟာစန်အပေါ်၌ တည်ပေ သည်။ အကယ်၍ 'ဖီဒေးယင်း'တို့သည် အစ္စရေးတို့ထက် အလျင်ဦးစွာ 'ကိုပါရယ်လီ'သင်္ဘောကို စီးနင်းတိုက်ခိုက်ရန်အတွက် ဒစ်စတိန်းသည် 'ကိုပါရယ်လီ'သင်္ဘောကို ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ တိုက်ခိုက်မည် ဖြစ်ကြောင်း ကြိုတင်သိရမှ ဖြစ်ပေမည်။ ထို့အတွက် သူသည် ကေဂျီဘီ၏ အကူအညီလိုသည်။

ဟာစန်သည် ယခုရှောစတော့အနီးမှာ နေထိုင်ရခြင်းအတွက် မသက် မသာ ဖြစ်နေ၏။ မာမွတ်နှင့် သွားရောက်မတွေ့ဆုံမီအထိ သူသည် နိုင်ငံနှစ်နိုင်ငံ၏ တူညီသောအကျိုးစီးပွားအတွက် နှစ်နိုင်ငံ၏ထောက်လှမ်းရေးနှစ်ဖွဲ့တွင် ကူညီ လုပ်ဆောင်နေသည်ဟု တိတိကျကျပြောဆိုနိုင်ပေသည်။ ယခုမူကား သူသည် အီဂျစ်ထောက်လှမ်းရေးအဖွဲ့နှင့် ကေဂျီဘီတို့အတွက် ဟန်ဆောင်တာဝန်ယူနေခြင်း ဖြစ်ပြီး တကယ်တမ်းကား ထိုနှစ်ဖွဲ့၏ အစီအစဉ်ကို ဖျက်ဆီးရန် ကြံရွယ်နေသော နှစ်ဖက်ချွန်မကသော စပိုင်တစ်ယောက် ဖြစ်နေပြီဖြစ်၏။ သူ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေ၏။ သူသည် သစ္စာဖောက်တစ်ယောက်လို ခံစားနေရ၏။ သူ၏ပြောင်းလဲနေသော ခံစားမှုကို ရှောစတော့ရိပ်စားမိသွားမည်ကို စိုးရိမ် နေ၏။

ဟာစန် မော်စကိုသို့ ရောက်လာသောအခါ ရှောစတော့ကိုယ်တိုင်လည်း ကသိကအောက်ဖြစ်နေ၏။

ဟာစန် မော်စကိုရောက်ပြီး နောက်တစ်နေ့တွင် သူတို့နှစ်ဦး မော်စကိုရှိ ကေဂျီဘီရုံးခန်းမှာ တွေ့ဆုံကြသည်။ ၎င်းရုံးခန်းမှာ ရှောစတော့၏ အထက်အရာရှိ ဖိုလစ်ဗိုရွှန်ဆော့၏ အခန်းဖြစ်ရာ ဗိုရွှန်ဆော့လည်းရှိနေ၏။

တစ်ဦးနှင့်တစ်ဦး အလွှာပသလွှာပစကားများ ပြောဆိုကြပြီးနောက် ဟာစန်က

'အခြေအနေတွေ တိုးတက်မှုရှိရဲ့လား'

ရှောစတော့နှင့် ဗိုရွှန်ဆော့တို့သည် တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်





ကြ၏။ ရှောစတော့က ပခုံးတွန့်၍ပြသည်။

ဗိုရွှန်ဆော့က–

'ကျုပ်တို့ စထရွှမ်းဘတ် သင်္ဘောပေါ်မှာ ရေဒီယိုအချက်ပြစက်တစ်ခု တပ်ဆင်နိုင်ခဲ့တယ်လေ။ အခု အဲဒီ သင်္ဘောဟာ ဘစ်စကေပင်လယ်ကွေ့ကို ကျော်ပြီး တောင်ဘက်ကို ခုတ်မောင်းနေလေရဲ့။ ခန့်မှန်းယူဆနိုင်တာကတော့ ဒီသင်္ဘောဟာ အစ္စရေးဟိုင်ဖာဆိပ်ကမ်းကို သွားမယ်၊ မောဆက်အဖွဲ့သားတွေကို သင်္ဘောပေါ်တင်မယ်လို့ ယူဆရတာပဲ၊ သည်တော့ ကျုပ်တို့လုပ်ရမယ့် အလုပ်ကလဲ ထိကျလာပြီပေါ့'

ဟာစန်က

'ဘယ်လိုလုပ်ကြမှာလဲ'

ဗိုရွှန်ဆော့က

'ဟောဒီ ရှောစတော့က 'ကာလာ'ဆိုတဲ့ ပိုလန်ကုန်သင်္ဘောတစ်စီးပေါ် မှာ ရှိနေမယ်၊ 'ကာလာ'သင်္ဘောဟာ အပြင်ပန်းအားဖြင့် ရိုးရိုးကုန်တင်သင်္ဘော တစ်စီးပါပဲ၊ ဒါပေမယ့် ဒီသင်္ဘောဟာ ပိုမြန်မြန် ခုတ်မောင်းနိုင်ပြီး အခြား ပစ္စည်းတွေလည်း တပ်ဆင်ထားတယ်၊ ကျုပ်တို့ မကြာခဏ ဒီသင်္ဘောကို အသုံးပြုဖူးပါတယ်'

ရှောစတော့သည် မျက်နှာကြက်ကို မော့ကြည့်နေ၏။ ရှောစတော့၏ မျက်နှာထားကို ကြည့်၍ ရှောစတော့အနေနှင့် ဤအချက်အလက်များ အသေးစိတ် တို့ကို ဟာစန်အား ပေးမသိလိုကြောင်း ဟာစန် ရိပ်မိ၏။

ဗိုရွှန်ဆော့ကဆက်၍

'ခင်ဗျားရဲ့တာဝန်ကတော့ အီဂျစ် သင်္ဘောတစ်စီးယူပြီး မြေထဲ ပင်လယ် ထဲမှာလာ၊ 'ကာလာ'သင်္ဘောနဲ့ ဆက်သွယ်ရုံပဲ'

ဟာစန်က

'နောက်တော့ကော'

ဗိုရွှန်ဆော့က

'ကျုပ်တို့ 'ကိုပါရယ်လီ' သင်္ဘောပေါ်က တိုင်ရင်ငံရဲ့ အချက်ပြမှုကို စောင့်ရမှာပေါ့၊ တိုင်ရင်က အစ္စရေးတွေ ဘယ်တော့တယ်အချိန်မှာ 'ကိုပါရယ်လီ'ကို တိုက်ခိုက်တယ်ဆိုတာ ပြောပြနိုင်မယ်၊ ပြီးတော့ အစ္စရေးတွေဟာ ယူရေနီယံတွေကို 'ကိုပါရယ်လီ'သင်္ဘောပေါ်က 'စထရွှမ်းဘတ်' သင်္ဘောပေါ်ကို ပြောင်းတင်သလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ဒီအတိုင်းပဲ'ကိုပါရယ်လီ'ကို ဟိုင်ဖာဆိပ်ကမ်းခေါ်သွားဖို့ စီစဉ်သလား ဆိုတာ အကြောင်းကြားမှာပေါ့'

'အဲဒီနောက်ကော'

ဟာစန်၏အမေးကို ဗိုရွန်ဆော့က မဖြေမီ ရော့စတော့က ဝင်၍-

'ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ကိုင်ရိုကို ဖုံးဖုံးဖိဖိနဲ့ သတင်းပို့မှာ ဖြစ်မယ်နော်၊ ကျုပ်တို့ဟာ 'ကိုပါရယ်လီ'အကြောင်း သိနေတာကို ဖွင့်မပြောနဲ့ဦး၊ ကျုပ်တို့က အစ္စရေးတွေဟာ မြေထဲပင်လယ်မှာ တစ်ခုခု လုပ်မယ်ဆိုတာ လောက်သာ သိထားကြောင်း ပြောပြထား"

ဟာစန်က သူ့မျက်နှာကို ကြိုးစားဟန်ဆောင်၍ ခေါင်းညိတ်၍ ပြသည်။ သူ့အနေနှင့် ကေဂျီဘီ၏ အကြံအစည်နှင့် အစီအစဉ်ကို အတိအကျသိမှ ဖြစ်ပေမည်။ ရော့စတော့အနေနှင့် မပြောချင်သည်မှာ ထင်ရှားလှ၏။ သည်တော့ ဟာစန်က-

'ကျုပ်က သက်ဆိုင်ရာကို ခင်ဗျားပြောသလိုပဲ အစီရင်ခံပါ့မယ် ဒါပေမယ့် ကျုပ်ကိုတော့ အတိအကျပြောထားမှ ဖြစ်မယ်'

ရော့စတော့သည် ဗိုရွန်ဆော့အား ကြည့်၍ ပခုံးတွန့်ပြလိုက်၏။

ဗိုရွန်ဆော့က

'ဒစ်စတိန်းက စီးနင်းတိုက်ခိုက်ပြီးတဲ့နောက် 'ကာလာ'သင်္ဘောဟာ ယူရေနီယံပါတဲ့ ဒစ်စတိန်းရဲ့ ဘယ်သင်္ဘောပဲဖြစ်ဖြစ် နောက်က လိုက်မယ် နောက်ပြီး သင်္ဘောချင်း တိုက်ပစ်မယ်'

'ဗျာ သင်္ဘောချင်း တိုက်ပစ်မယ်၊ ဟုတ်လား'

'ဟုတ်တယ်၊ အဲဒါ မောင်ရင်တို့ အီဂျစ်သင်္ဘောက နံဘေးမှာ သက်သေ အဖြစ်ရှိနေရမှာပဲ၊ သင်္ဘောချင်း တိုက်တာကိုမြင်ရမယ်၊ ဒစ်စတိန်းရဲ့ သင်္ဘောဟာ အစ္စရေးတွေဖြစ်ကြောင်း ဆိုတာရယ်၊ အဲဒီ သင်္ဘောပေါ်က ကုန်တွေဟာ ယူရေနီယံတွေဖြစ်ကြောင်းဆိုတာကို သတင်းပို့ပေးရမယ်၊ သင်္ဘောချင်း တိုက်မိတဲ့ အတွက် ကမ္ဘာ့ရေကြောင်း ဥပဒေအရ စစ်ဆေးမှုပြုလုပ်တဲ့ အခါမှာ သင်္ဘောပေါ်မှာ အစ္စရေး တပ်သားတွေရှိနေတာရယ်၊ ယူရေနီယံတွေ ရှိနေတာရယ်ဟာ ကမ္ဘာ့ အလယ်မှာ ဗူးပေါ်သလို ပေါ်သွားမှာပဲ၊ အဲဒီနောက်တော့ ယူရေနီယံတွေဟာ ပိုင်ရှင်လက်ကို ပြန်ရောက်မယ်၊ အစ္စရေးတွေကတော့ ကမ္ဘာ့အလယ်မှာ အရှုက် ကွဲမယ်'





ဟာစန်က . . .

'အစ္စရေးတွေက ပြန်မတိုက်ပေဘူးလား'

ရော့စတော့က . . .

'တိုက်လေကောင်းလေပေါ့၊ ခင်ဗျားတို့သင်္ဘောကနံဘေးက ရှိနေ မြင်နေမှာပဲဟာ၊ ကျုပ်တို့ သင်္ဘောက အစ္စရေးတွေတိုက်လို့ ပြန်တိုက် အနိုင်ယူ တယ်ဆိုတာ တွေ့ရမှာပဲ'

'အလွန်ကောင်းတဲ့ အစီအစဉ်ပါပဲ'

ဟာစန်က ဝန်ခံလိုက်၏။ သူ့ရင်ထဲကမူ သူတို့၏ 'ဗိဒေးယင်း'တို့ အကြံအစည်နှင့်လည်း အံဝင်ခွင်ကျ ဖြစ်နေကြောင်း တွေးမိ၏။ သူတို့အနေနှင့် ဒစ်စတိန်းလို မဟုတ်ဘဲ'ကိုပါရယ်လီ' သင်္ဘောပေါ်တွင် တိုင်ရင်ရှိနေကြောင်း သိနေ၏။ သည်တော့ 'ကိုပါရယ်လီ'ကို အလျင် ပထမအပိုင်စီး၊ အစ္စရေးတို့ ဘက်လာပါက အပြုတ်နှံ၊ နောက် တိုင်ရင်နှင့် အသံလွှင့်စက်ကို ရေထဲကို ပစ်ချ လိုက်လျှင် ရော့စတော့အနေနှင့် သူတို့ကို ခြေရာခံ လိုက်နိုင်တော့မည် မဟုတ်တော့။

ဟာစန်က . . .

'ကျုပ်တို့က ဒစ်စတိန်းဟာ "ကိုပါရယ်လီ" သင်္ဘောကို ဘယ်အချိန်၊ ဘယ်နေရာမှာ တိုက်မယ်ဆိုတာကို တိတိကျကျသိဖို့ လိုတာပဲ'

ရော့စတော့က လက်နှစ်ဘက်ကို ဆန့်လိုက်ရင်း . . .

'ဘာလုပ်ဖို့လဲ 'ကိုပါရယ်လီ' သင်္ဘောပေါ်မှာ တိုင်ရင်ရှိနေပြီ။ စထရွမ်း ဘတ်ပေါ်မှာလဲ အချက်ပြ အသံလွှင့်စက်ရှိနေပြီဆိုတော့ သင်္ဘောနှစ်စီးလုံးရဲ့ နေရာကို တစ်ချိန်လုံး သိနေမှာပဲ၊ ကျုပ်တို့က မလှမ်းမကမ်းမှာ ရှိနေရုံပဲပေါ့၊ အချိန်ကျရင် အနားဝင်တိုက်ရုံပဲဟာ'

ဟာစန်က

'ဟုတ်ပါတယ်လေ ဒါပေမယ့် ကျွန်တော် သင်္ဘောကလဲ အဲဒီအရေးကြီးတဲ့ အချိန်မှာ အဲဒီနားကို တိတိကျကျ ရောက်နေဖို့က လိုသေးတယ် မဟုတ်လား'

'ဒါဆို ခင်ဗျားတို့က စထရွမ်ဘတ်နောက်က လိုက်နေပေါ့၊ စထရွမ်းဘတ် ပေါ်က အချက်ပေးနေတာကိုလဲသိနိုင်တယ်၊ ကာလာပေါ်က ကျုပ်နဲ့လဲ ဆက်သွယ် နိုင်တာပဲဟာ'

'တကယ်လို့ အချက်ပြစက်က ပျက်သွားရင်၊ ဒါမှမဟုတ် တိုင်ရင်က



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သွားရင်ကော'

ရှော့စတော့က ...

'အဲဒါဆိုရင် ကျုပ်တို့က ဒစ်စတိန်းကို ပြန်ရှာပြီး သူ့နောက်ကို ခြေရာခံလိုက်နေရဦးမယ်၊ အခု ဒစ်စတိန်း ဘယ်ရောက်နေသလဲ မသိဘူး၊ တွေ့အောင် ရှာနိုင် မရှာနိုင် မသိဘူး၊ ရှာလို့တွေ့ပြီး ခြေရာခံ လိုက်နေရရင် ဒစ်စတိန်းက ကျုပ်တို့ရဲ့ လှုပ်ရှားမှုကို သိသွားပြီး အစီအစဉ်ပြောင်းသွားရင် ပိုခက်သွားမယ်'

ဟာစန်က ရှော့စတော့ဘက်လှည့်၍-

'စဉ်းစားပါဦး၊ ကျွန်တော်က ပိုသေချာချင်လို့ ပြောနေတာပါ'

ရှော့စတော့က မျက်နှာထားတင်းလိုက်ပြီး

'ကျုပ် ဒါတွေ စဉ်းစားထားပြီးသားပါ၊ ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံး သေချာအောင်၊ ထောင့်စေ့အောင်လုပ်ပြီးပြီ ခင်ဗျားတာဝန်က ကိုင်ရိုကို ပြန်၊ သဘော်တစ်စီး စီစဉ်၊ ကျုပ်နဲ့ ဆက်သွယ်ရုံပဲရှိတယ်၊ ဒါပဲ'

ထို့နောက် ဆွေးနွေးပွဲပြီးဆုံး၍ ဟာစန်တည်းခိုရာ ဟိုတယ်သို့ ပြန်လာခဲ့ရ၏။ ယခုတော့ ဟာစန်သည် တစ်ယောက်တည်းရှိနေပြီ ဖြစ်၏။ သူလုပ်စရာရှိသော အလုပ်ကို သူ့ဘာသာသူ လုပ်ဆောင်ရတော့မည် ဖြစ်သည်။

သူလုပ်ရမည့် အလုပ်ကလည်း အလွန် လျှို့ဝှက်ပြီး အလွန်တော်သည်ဟု သတ်မှတ်ခြင်းခံရသော ဒစ်စတိန်းကိုရှာပြီး၊ ဒစ်စတိန်း၏ အလျှို့ဝှက်ဆုံး အစီအစဉ်ကို သိရဖို့ အရေးပင်ဖြစ်နေ၏။

သူသည်ရက်ပေါင်းများစွာ ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ သူ ကိုင်ရိုကို ပြန်လာခဲ့သည်။ ရှော့စတော့ပြောသလို ဟန်ပြဖာတ်လမ်းကို ပြောပြ အစီရင်ခံသည်။ နောက် သဘော်တစ်စီး စီစဉ်သည်။ သို့သော် သူ့ရင်ထဲတွင် အလွန်အရေးကြီးသော အလုပ်ကြီးလုပ်စရာ ရှိနေကြောင်းကို အမြဲသတိရနေ၏။ သည်တော့ သူ့ဘဝ သူ့အကြောင်းနှင့် သူ့အရည်အသွေးကို ပြန်လည် ဆန်းစစ်ကြည့်မိသည်။

သူသည် ငယ်စဉ်က ချမ်းသာသော မျိုးရိုးမြင့်သော အာရပ်လူငယ် တစ်ဦးဖြစ်သည်။ ပညာရေး၌ အဆင့်မနိမ့်ဘဲရှိသည်။ သူသည် အရာရာ သူ တစ်ပါးထက် မလျော့သော အရည်အသွေးရှိ၏။ တစ်ခါက ပိုလို ကစားနည်းကို နံသားမှ ကြည့်ရုံမျှနှင့် သူတစ်ပါး၏အတုကိုယူ၍ ဝင်ကစားရာ ပုံပန်းမပျက်အောင် ကစားနိုင်ခဲ့ဖူး၏။





ယခု ၁၉၆၈ ခုနှစ်တွင် ငါ လုပ်စရာရှိတာကို ငါ့ဘာသာ လုပ်နိုင်မှာပေါ့၊ အားပေးလိုက်၏။ ဤသို့ဖြစ်လျှင် မည်သူ့ကို အတုယူ အတုခိုး၍ လုပ်ရပါမည်နည်း။

အဖြေကား ရှင်းလှပေသည်။ ဒေးဗစ်ရှော့စတော့ကို အတုယူရမည်သာ ဖြစ်သည်။

ရှော့စတော့သည် လွတ်လပ်စွာ တွေးခေါ်သည်။ ယုံကြည်မှု ရှိသည်။ စွမ်းဆောင်နိုင်သော အင်အားရှိသည်။ ထူးချွန်သည်။ ရှော့စတော့သည် ဒစ်စတိန်း ပျောက်ဆုံးသွားသောခါ ဘာသဲလွန်စမှ မကျန်ရစ်သော အချိန်မှာပင် နှစ်ကြိမ် နှစ်ခါတိုင်တိုင် ဒစ်စတိန်းကို ပြန်ရအောင် ရှာနိုင်ခဲ့၏။

ဟာစန် အသေးစိတ် ပြန်စဉ်းစားသည်။

ပထမတစ်ခါ ပဲရစ်မှာ ဒစ်စတိန်းကခြေရာခံ အရိပ်များကို မျက်ခြည်ဖြတ် ပျောက်ဆုံးသွားသောခါ ရှော့စတော့ ဘာလုပ်သနည်း။

ရှော့စတော့ စဉ်းစားသည်။

ရှော့စတော့ မေးခွန်းတွေ ထုတ်သည်။

အမေး။ ဒစ်စတိန်း လူဇင်ဘတ်ကို ဘာကြောင့် လာရသလဲ။ လူဇင်ဘတ် အကြောင်း ကျုပ်တို့ ဘာသိသလဲ။ လူဇင်ဘတ်မှာ ဘာတွေ ရှိသလဲ။

လူဇင်ဘတ်မှာ စတော့လဲလှယ်ရေး ဌာနကြီးရှိတယ်။ ဘဏ် တိုက်ကြီးတွေ ရှိတယ်။ ဥရောပနိုင်ငံပေါင်းစုံရဲ့ ကောင်စီရှိတယ်။ နောက် ယူရေတွန် (ဏုမြူစွမ်းအား ထိန်းသိမ်းရေး ကော်မရှင်)ရှိတယ်။ အား... ယူရေတွန်...။

ဤသို့ဖြင့် ရှော့စတော့ လူဇင်ဘတ်မှာ ဒစ်စတိန်း၏ အဖြေရှာခဲ့၏။

နောက်တစ်ခါ ဒစ်စတိန်း ပျောက်ဆုံးသွားပြန်ရာ ရှော့စတော့က...

အမေး။ ဒစ်စတိန်း ပျောက်သွားပြန်ပြီ၊ ဘယ်သွားမလဲမသိဘူး။ ကျုပ်တို့အသိ ထဲက သူသိတဲ့လူ ဘယ်သူရှိသလဲ။

အောက်စဖို့မှာနေတဲ့ ပရော်ဖက်ဆာ အက်ရှဖို့ ပဲရှိတာ။ အား... အောက်စဖို့...။

ရှော့စတော့၏ လုပ်နည်းလုပ်ဟန်မှာ မည်ရွေ့မည်မျှပင် သေးငယ်သော အကြောင်းဖြစ်စေ၊ စေ့စပ်သေချာစွာ စဉ်းစားအဓိပ္ပာယ်ရှာ၍ သူ၏ပစ်မှတ်ကို ရအောင် ယူခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာစန်အတွက် ပြဿနာမှာ သူတို့သည် ရသိသမျှသော သတင်းအားလုံးကို အသုံးချပြီးဖြစ်နေ၏။

မဖြစ်သေးဘူး၊ ထပ်ရှာဦးမှဟု ဟာစန်တွေးသည်။

ဒစ်စတိန်းသည် သူ့ခေါင်းထဲမှာ စဉ်းစားနိုင်သမျှကို ညှစ်ထုတ်၍ ရှာဖွေစဉ်းစားလိုက်၏။ သူမှတ်မိသမျှမှာ သူနှင့် ဒစ်စတိန်း အောက်စဖို့မှာ အတူတူနေဖူးသည်။ ဒစ်စတိန်း စစ်အတွင်းက စစ်တိုက်ခဲ့သည်။ အဝတ်အစား မသပ်မရပ် ဝတ်တတ်သည်။

ဒစ်စတိန်းမှာ မိဘရှိမှာပဲ...။

ဆုံးသွားပြီဖြစ်သည်။

ဒစ်စတိန်း၌ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးဉာတိ ရှိသည်ဟု ဟာစန်မသိရ။ ကြာလည်းကြာလှပြီဖြစ်၍ ဟာစန်ဘာမှ မမှတ်မိ။ နောက်ပြီး သူတို့နှစ်ဦးမှာ သိပ်ပြီးထဲထဲဝင်ဝင် ရင်းနှီးကြသူများ မဟုတ်ကြ။

ဒစ်စတိန်းအကြောင်း သူ့ထက်နည်းနည်းပါးပါး ပိုသိနိုင်သူမှာ ပရော်ဖက်ဆာအက်ရှဖို့ တစ်ယောက်သာရှိ၏။

သို့နှင့် ယာစစ်ဟာစန်သည် အောက်စဖို့သို့ ပြေးသွားလေ၏။

ကိုင်ရိုမှလေယာဉ်ခရီး၊ လန်ဒန်လေဆိပ်မှ ပက်ဒင်တန်ဘူတာရုံသို့ တက္ကဆီခရီး၊ ထိုမှ အောက်စဖို့သို့ မီးရထားခရီး၊ ဘူတာရုံမှ အက်ရှဖို့တို့အိမ်သို့ အသွားတစ်လမ်းလုံး ဟာစန်စဉ်းစားလာ၏။ အက်ရှဖို့ကို မည်ကဲ့သို့ ချဉ်းကပ်မေးမြန်းရမည်နည်းဟု–

အက်ရှဖို့သည် ဘာပဲပြောပြောအာရပ်များကို တွယ်တာသော စိတ်နေစိတ်ထားရှိ၏။

နောက်ဆုံး၌ ဟာစန်သည် အတိအလင်း ဖြောင့်ဖွင့်ပြော၍ ဒစ်စတိန်းကို ဘာကြောင့် တွေ့ချင်ကြောင်း ရှင်းပြရန် စိတ်ကူးလိုက်လေ၏။

*

သူတို့နှစ်ဦးသား လက်ဆွဲနှုတ်ဆက်အပြီး ရှယ်ရီခွက်ကိုယ်စီဖြင့် ဧည့်ခန်းထဲတွင် ထိုင်မိကြသောအခါ အက်ရှဖို့က...

"အင်္ဂလန်ကို ဘာကိစ္စများ မြန်မြန်ကြီး ပြန်လာဖြစ်တာလဲ'





ဟာစန်က အမှန်အတိုင်းပင်

'ကျွန်တော် ဒစ်စတိန်းကို လိုက်ရှာနေတာ'

အက်ရှဖို့ မျက်နှာသည် တည်သွားပြီး

'အကျိုးအကြောင်းလေးလဲ ပြောဦးမှပေါ့'

ဟာစန်က မျက်နှာသေနှင့်

'ကျွန်တော် ပြောပြပါမယ်။ ဒါပေမယ့် အခုပြောတာတွေကို ဘယ်သူ့ကိုမှ မပေါက်ကြားစေရဘူးလို့ ကတိပေးမှ ဖြစ်မယ်'

'ကောင်းပါပြီ ပြောပါ'

'ဒစ်စတိန်းဟာ အစ္စရေးစပိုင်ပဲ'

အက်ရှဖို့၏ မျက်လုံးများသည် ကျဉ်းမြောင်းသွား၏။ သို့သော် ဘာမှထင်မြင်ချက်မပေး။

ဟာစန်ကဆက်၍

'အစ္စရေးတွေဟာ အဏုမြူဗုံးလုပ်ဖို့ ကြံရွယ်နေကြပါတယ်၊ ဒါပေမယ့် သူတို့မှာ ပလူတိုနီယံမရှိဘူး။ ပလူတိုနီယံရအောင်လို့က သူတို့ရဲ့ အဏုမြူခါတ်ပေါင်းဖိုထဲကို လူမသိ သူမသိရထားတဲ့ ယူရေနီယံ လောင်စာထည့်မှ ဖြစ်မှာကိုး၊ ဒစ်စတိန်းရဲ့ တာဝန်က ယူရေနီယံတွေ ရအောင်ခိုးဖို့၊ ကျွန်တော်ရဲ့ တာဝန်ကတော့ အဲဒါကို တားဆီးဖို့ပဲ၊ ဒီကိစ္စမှာ ကျွန်တော် ပရော်ဖက်ဆာရဲ့ အကူအညီကို လိုလို့'

အက်ရှဖို့သည် သူ၏ရှယ်ရီခွက်ကို သောက်လိုက်ပြီးမှ...

'ဒီပြဿနာမှာ မေးခွန်းနှစ်ခုရှိတယ်။ (၁)က ကျုပ်က ကူညီနိုင်မလား မကူညီနိုင်ဘူးလားဆိုတာရယ် (၂)က ကျုပ်ကကူညီသင့်သလား မကူညီသင့်ဘူးလား ဆိုတာပဲ'

ဟာစန်သည် ပရော်ဖက်ဆာကြီး၏ နေရာတကာ ပညာတတ်ပီသစွာ စဉ်းစားနေကြောင်း ရိပ်မိ၏။ သူက

'ပရော်ဖက်ဆာကူညီသင့်တာပေါ့ဗျာ၊ ပရော်ဖက်ဆာကြီးဟာ ကျွန်တော်တို့ အာရပ်တွေရဲ့ ခံယူချက်ကို ယုံကြည်နေတာပဲဟာ'

'အဲဒီလောက် မလွယ်ဘူးလေ၊ အခု ကျုပ်မှာက မိတ်ဆွေနှစ်ဦးရဲ့ ပြိုင်ဆိုင်မှုမှာ ဝင်ရှုပ်ဖို့ တောင်းဆိုခံနေရတာ'

ဟာစန်က...



www.burmeseclassic.com

www.burmeseclassic.com



‘မိတ်ဆွေတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ကသာ အမှန်တရားဘက်ကပါ ခင်ဗျာ’

‘ဒါဆို ကျုပ်က မှန်တဲ့လူဘက်က ထောက်ခံ၊ မှားတဲ့လူအပေါ် သစ္စာဖောက်ပေါ့’

‘အမှန်ပေါ့ ခင်ဗျာ’

‘ဒီနေရာမှာ ‘အမှန်ပေါ့’ ဆိုတာမရှိဘူးကွဲ့၊ ထားပါလေ၊ မင်းက ဒစ်စတိန်းကို တွေ့ရင် ဘာလုပ်မှာလဲ’

‘ကျွန်တော်က အီဂျစ်ထောက်လှမ်းရေးအဖွဲ့ဝင်တစ်ယောက်ပါ ပရော်ဖက်ဆာ၊ ဒါပေမယ့် တကယ်တမ်း ကျွန်တော် သစ္စာစောင့် သိရမှာကတော့ ပါလက်စတိုင်း လူမျိုးတွေကိုပါပဲ၊ ပရော်ဖက်ဆာလဲ ကျွန်တော့်လိုပဲ နေမှာပါ’

အက်ရှဖို့သည် ဟာစန်၏ စကားခေါ်ကို မထောက်ခံပဲ

‘ဆက်ပါဦး’

‘ကျွန်တော့်အနေနဲ့ ဒစ်စတိန်းဟာ ဘယ်တော့၊ ဘယ်နေရာမှာ ယူရေနီယံတွေကို ခိုးမယ်ဆိုတာ သိအောင်စုံစမ်းရမယ်’

ဟာစန်သည် ခဏမျှ စဉ်းစားလိုက်ပြီး

သည်တော့မှ ကျွန်တော်တို့ ‘ဖီဒေးယင်း’တွေက ဒစ်စတိန်းထက် အလျင် ဦးအောင် ယူရေနီယံတွေကို ခိုးယူဖို့ပါပဲ’

အက်ရှဖို့ မျက်လုံးများသည် အရောင်တောက်လာ၏။

‘ဘုရားရေ ကောင်းလိုက်တဲ့အကြံကွာ’

ဟာစန်သည် အက်ရှဖို့ စိတ်ညစ်လာကြောင်း ရိပ်မိ၏။ အက်ရှဖို့အနေနှင့် စိတ်ထဲက ကြောက်နေသော်လည်း စိတ်ဝင်စားပုံ ရသည်ကို သိ၏။ သူက

‘ပရော်ဖက်ဆာက အောက်စဖို့မှာနေပြီး ဟောပြောပို့ချမှုတွေလုပ်၊ ဆွေးနွေးပွဲတွေတိုင်ပြီး ပါလက်စတိုင်းကို ထောက်ခံရတာလွယ်ပါတယ်၊ ဒါပေမယ့် ဟိုတကယ့်မြေ တကယ့်ဒေသမှာ တိုက်ပွဲဝင်နေရတဲ့ ကျွန်တော်တို့အဖို့ မလွယ်ပါဘူး၊ အခု ကျွန်တော်လာရတာက ပရော်ဖက်ဆာကြီးရဲ့ နိုင်ငံရေး ယုံကြည်မှုကို တကယ်လက်တွေ့လုပ်ပြဖို့ အကူအညီလာတောင်းတာပါ။ ဒီကိစ္စမှာ ပရော်ဖက်ဆာကြီးရဲ့ ခံယူချက်ယုံကြည်ချက်ဟာ စိတ်ကူးယဉ်မှု သက်သက်ပဲလား၊ လက်တွေ့ ဟုတ်သလား ဆိုတာ စမ်းသပ်သလို ဖြစ်မှာပါပဲ’

အက်ရှဖို့က





‘အင်း... မော်ရင်ပြောတာ မှန်နိုင်တယ်’

သည်တွင် ဟာစန်စိတ်ထဲ၌ အက်ရှဖို့သည် သူ့ဘက်ပါလာပြီဖြစ်ကြောင်း ...ချ ယုံကြည်သွားလေ၏။

*

...သည် သူမ၏ ဖခင်အား နက်ဒစ်စတိန်းနှင့် သူမတို့ ချစ်ကြိုက်နေကြောင်းကို ...ပြောတော့မည်ဟု ဆုံးဖြတ်လိုက်၏။

အစပထမက သူမကိုယ်တိုင် သေချာသည် မဟုတ်ပေ။ လန်ဒန်မြို့တွင် ...တူနေခဲ့ကြရသော ရက်များသည် အရမ်းပျော်ရွှင်ဖွယ်ရာ ကောင်းပေသည်။ ...သော် ထိုခံစားမှုများသည် ခေတ္တခဏသာ ထင်မြင်မှုသာဖြစ်ပြီး နောင်သော် ...ပြယ်သွားနိုင်သည်ဟု ယူဆထားခဲ့၏။ သူသည် အဖြေတစ်ခု ရဖို့အတွက် ...သနာ မရှာချင်ပါ၊ မူလအတိုင်း နေရိုးနေစဉ် နေကြည့်လိုက်မည်။ အခြေအနေ ...ခြားမှုဘာများ ဖြစ်လာမည်လဲလို့။

စင်ကာပူသို့ ရောက်သောအခါ သူမ၏စိတ်ကို ပြောင်းစေဖို့ တစ်စုံတစ်ရာ ...ပေါ်လာသည်။ သူတို့ လေယာဉ်အမှုထမ်းများစု၍ ပါတီပေးကြ၏။ ထိုပါတီ၌ ...င် လေယာဉ်မှူးတစ်ယောက်က သူမကို လာ၍ စသည်။ ထိုလေယာဉ်မှူးသည် ...မောပြေပြစ်သူ တစ်ဦးဖြစ်၍ လေယာဉ်မယ်များအကြားတွင် ပေါ်ပြူလာ ...နေသူပင်။ ယခင်ကဆိုလျှင် စူဇာသည် ထိုသူကို နှစ်ခါပင် ပြန်မစဉ်းစားဘဲ ...ခေါင်းညိတ်ကာ အတူအိပ်မိမည်သာ ဖြစ်၏။ သို့သော် သူမသည် ချက်ချင်းပင် ‘မဖြစ်နိုင်ပါ’ဟု ငြင်းဆန်လိုက်၏။ ပတ်ဝန်းကျင်မှ မိတ်ဆွေသူငယ်ချင်းများပင် ...ံသြကုန်ကြရ၏။

ပြန်၍ စဉ်းစားလိုက်သောအခါ စူဇာသည် ယောကျ်ားနှင့်အတူအိပ်ရန် သက်သက်မလိုလား၊ စိတ်မပါတော့ကြောင်း သိရသည်။ သူမလိုချင်သည်။ တွေ့ချင်သည်မှာ ‘နာသန်နီယယ်’ကို ပင်ဖြစ်သည်။ ဥပမာ ဥပမာ ပေးရမည်ဆို ...က လွန်ခဲ့သောငါးနှစ်ခန့်က ဘီတဲလ်တို့၏ ဒုတိယ အယ်လ်ဘန် ဓာတ်ပြား ...ထွက်လာသောအခါ သူမ၏ ဓာတ်ပြားစဉ်မှ အဲလ်ဗစ်၊ ဗွိုင်အော်ဗစ်ဆန်နှင့် ...ဓာလီ ညီအစ်ကိုများတို့၏ ဓာတ်ပြားများကို မဖွင့်ချင်တော့သလို ဖြစ်ခဲ့၏။ သူတို့သည် စူဇာ၏ ရင်ကို မလှုပ်ရှားစေတော့။ သူတို့၏ တေးသွားကောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



များကို ကြားရဖန်များပြီဖြစ်၍ ယခု ထူးခြားသော၊ ပိုမိုမြင့်မားသော တေးဂီတ
နားဆင်နေချင်သလို ဖြစ်သွား၏။ အဲသည်လို ခံစားမှုမျိုးနှင့် ဆင်ဆင်တူ
ပိုမိုကြီးမားသည်ဟု စူဇာအောက်မေ့နေ၏။

ထိုနောက် ရောက်လာသော ဒစ်စတိန်း၏စာက မရှန်းသာအောင်မိသွ
လေတော့၏။ ဒစ်စတိန်း၏စာသည် ဘယ်အရပ်ဘယ်ဒေသမှ ရေးလိုက်သည်မသိ
ပဲရစ်မြို့ အော်လီလေဆိပ်မှ ထည့်လိုက်သော စာဖြစ်ပေသည်။ ဒစ်စတိန်းသည်သူ
လက်ရေးသေးသေး ကောက်ကောက်ကလေးများနှင့် ရင်ထဲမှာရှိသမျှကို ထုတ်သွ
ရေးလိုက်ခြင်းဖြစ်၍ နှုတ်နည်းသူတစ်ဦး၏ အစွမ်းကုန် တင်ပြလိုက်ခြင်းထ
ဖြစ်လေရာ အလွန်စိတ်ထိခိုက်စရာ ဖြစ်နေပေသည်။ စူဇာသည် စာဖတ်ရင်း
မျက်ရည်များပင် ကျလာ၏။

သူမအနေနှင့် ဖြစ်ရပ်အခြေအနေစုံကို ဖေဖေနားလည်အောင် ရှင်းပြလို
ပေသည်။

ဖေဖေသည် အစ္စရေးကို မလိုလားသူဖြစ်ကြောင်း စူဇာသိ၏။ ဒစ်စတိန်း
သည် ကျောင်းသားဟောင်းတစ်ယောက် ဖြစ်သည်။ ဒစ်စတိန်းနှင့် ပြန်လည်တွေ့
သည့်အခါ ကျောင်းသားဟောင်းသည် သူမလိုလားသော အစ္စရေးနိုင်ငံသာ
ဖြစ်သည့်တိုင် ဖေဖေတကယ်ဝမ်းသာခဲ့ပါသည်။ သို့သော် မိသားစုစာရင်းထ
ဖြစ်လာမည်။ စူဇာ၏ဘဝအဖော်အဖြစ် ဝင်လာမည်ကိုလား ဖေဖေဝမ်းသာနိုင်
မည်လား။

ဒစ်စတိန်း၏ စာထဲတွင် 'ကိုယ်လိုချင်တာက ရာသက်ပန်ပါပဲ'
စူဇာသည် 'ကျွန်မလဲသည်အတိုင်းပါပဲရှင်'ဟု ပြန်ပြောချင်လှ၏။

အရှေ့အလယ်ပိုင်း အာရပ်အစ္စရေး အရေးအခင်းနှင့် ပတ်သက်
စူဇာအမြင်မှာ နှစ်ဖက်စလုံး မှားသည်ဟုပင်။ အာရပ်စစ်ပြေးများသည် သနားစ
ကောင်းလှသည်။ မတရားခံရသည်ဟု သူမထင်သည်။ သို့သော် သူမစိတ်ထဲတွ
ထိုစစ်ပြေးများသည် တစ်နေရာရာ၌ တစ်အိုးတစ်အိမ် ထူထောင်ဖို့ ကောင်းသည
ဟု ထင်၏။ တကယ်တမ်းကား မလွယ်လှပေ။ စစ်တိုက်ရသည်ထက် အိုးသ
အိမ်သစ်၊ တိုင်းပြည်သစ် ထူထောင်ရန် မလွယ်ပါကလား။ ဤသို့ဖြင့် သူ
ကောင်းဆန်စွာတိုက်ဖို့ ကြိုးစားနေသော အာရပ်များကို သူမ မုန်းသည
တစ်ဘက်မှလည်း သူတစ်ပါး၏နယ်မြေအိုးအိမ်နေရာကို လုယူတိုက်ခိုက်ပြ
အိုးအိမ်တိုင်းပြည်ထူထောင်ထားကြသော ဇီယွန်ဝါဒီ ဂျူးတို့၏အပြစ် မဟုတ်





ပါလား။

ဤကဲ့သို့အမြင်ဖြင့် သူမ၏အဖေကိုတင်ပြ၍ မဖြစ်ပါ။ ဖေဖေသည်
ဤပြဿနာတွင် တစ်ဖက်မှ မှန်လျှင် တစ်ဖက်က မှားသည်ဟု ပြတ်သားစွာ
မြင်နေခြင်းဖြစ်သည်။ ဖေဖေ၏အမှန်ဘက်မှာ သူမ၏ ချစ်ဇနီးလှကလေး၏
အာရပ်ဘက်က ဖြစ်ပေသည်။

စူဇာသည် သားအဖနှစ်ယောက်တည်း ရှိကြသူများဖြစ်သည့်အတိုင်း
အဖေကို သတို့သမီး ဝတ်စုံဝတ်သမီး၏နံဘေးမှပာန်ပါပါ လိုက်လာမည့်
အဖေ့ဆန္ဒကိုမှ မလိုက်လျော၊ မဖြစ်နိုင်ကြောင်း စူဇာပြောခဲ့သည်မှာ ကြာပြီဖြစ်၏။
သို့သော် သူမအနေနှင့် အိုးအိမ်ထောင်ပြု၍ မြေးမကလေးတစ်ယောက် ဖေဖေ
ချီဖို့ပေးမည်ဟု မကြာခဏ ပြောဖူးသည်။ ထိုမြေးမကလေးသည် အစ္စရေးလူမျိုး
ဖြစ်နေသည်ဆိုပါက ဖေဖေ့အတွက်အရှိက်ကို လက်သီးထိုးခံရသလို ဖြစ်နေပေ
တော့မည်ပင်။

ဤသို့ အဖြစ်အပျက်များသည် မိဘဖြစ်သူများ၏ ပေးဆပ်ခြင်းတစ်ခုပဲဟု
တွေးရင်း စူဇာအိမ်ထဲသို့ ဝင်လိုက်၏။

စူဇာက

'ဖေဖေ သမီးပြန်ရောက်ပြီ'

စူဇာသည် ကုတ်အင်္ကျီကိုချွတ်၊ လေကြောင်းအိတ်ကိုချလိုက်သည်။
အိမ်ထဲမှ ပြန်ထူးသံမကြားရ၊ ဖေဖေ၏လက်ဆွဲအိတ်ကိုမူ အခန်းထဲတွင်
တွေ့နေရသည်။ ဖေဖေသည် ဥယျာဉ်ထဲသို့ရောက်နေ၍ ဖြစ်ပေမည်။ စူဇာသည်
ရေနွေးအိုးတစ်လုံး မီးဖိုပေါ်တင်ခဲ့၍ အပြင်သို့ ထွက်ခဲ့၏။ ဖေဖေနှင့် တွေ့သောအခါ
ဘာပြောမည်ဆိုသည်များကို စကားလုံး ရွေးစီနေမိ၏။ စစချင်း ပြန်လာခဲ့သည့်
ခရီးအကြောင်းကို စပြောမည်။ နောက်မှတဖြည်းဖြည်း ခြံဝင်း ချုံများနားသို့
ရောက်လာသည်နှင့် အသံများကြားရသည်။

ဖေဖေ့အသံက–

'အဲဒီနောက် သူ့ကို ဘာလုပ်ပစ်မလဲဟင်'

စူဇာသည် တုံ့ခနဲရပ်သွား၏။ သူမအနေနှင့် ဆက်သွားသင့်မသွားသင့်
စဉ်းစားနေမိသည်။

ထိုစဉ် တခြားအသံတစ်ခုက–

'ပထမ ခြေရာခံလိုက်ရမှာပေါ့ ဒစ်စတိန်းကို ကိစ္စမပြီးမချင်း အသေ



www.burmeseclassic.com

www.burmeseclassic.com



သတ်လို့ ဘယ်ဖြစ်မှာလဲ'

စုဇာသည် သူမပါးစပ်ကိုလက်ဖြင့် အမြန်ပိတ်လိုက်၏။ အသံထွက်သွားမည်စိုးသောကြောင့် ဖြစ်သည်။ ထိုနောက် ရင်ထဲမှာ တုန်လှုပ်ချောက်ချားစွာဖြင့် အိမ်ထဲသို့ ခြေဖျားထောက်၍ ပြန်ဝင်ခဲ့လေ၏။

*

ပရော်ဖက်ဆာ အက်ရှဖို့က–

'ကောင်းပြီလေ ကျုပ်တို့ ရှောစတော့ နည်းအတိုင်း စမ်းကြည့်တာပေါ့၊ ပထမဆုံး နက်ဒစ်စတိန်းအကြောင်းသိသမျှ ပြန်ဖော်ထုတ်မယ်'

ဟာစန်ကမူ ဘာမှမပြော၊ ခင်ဗျားလုပ်ချင်တာသာ လုပ်ဗျာ၊ တစ်ခုခုထူးခြားအောင် လုပ်စမ်းပါဟု ရင်ထဲမှပြောနေ၏။

အက်ရှဖို့ကဆက်၍…

'ဒစ်စတိန်းဟာ လန်ဒန်အရှေ့ဖျားမှာ မွေးတယ်၊ သူငယ်ငယ်ကပဲ အဖေဆုံးခဲ့တယ်၊ သူ့အမေကကော'

ဟာစန်က–

'ကျွန်တော်တို့ ဖိုင်တွေအရ အမေလဲ ဆုံးသွားပါပြီ'

'အဲ သူဟာ ၁၉၄၃ ခုနှစ် စစ်ထဲဝင်ခဲ့တယ်၊ စစ္စလီကို တက်သိမ်းတဲ့တပ်ထဲမှာ ပါခဲ့တယ်ထင်တယ်၊ နောက် နာဇီတွေရဲ့ဖမ်းဆီးမှုကို ခံခဲ့ရတယ်၊ ဂျူးတစ်ယောက်ဖြစ်တော့ အကျဉ်းစခန်းမှာ အတော်ဒုက္ခရောက်ခဲ့မှာပဲ၊ စစ်ပြီးတော့ ဒီကို ကျောင်းလာတက်တယ် သူဟာ'

ဟာစန်က တစ်စုံတရာ စဉ်းစားမိရင်း

'စစ္စလီ'

အက်ရှဖို့က…

'ဘာများလဲဆို'

'သူ့ဖိုင်တွဲထဲမှာ စစ္စလီအကြောင်းပါတယ်၊ ဒစ်စတိန်းက လက်နက်တွေတင်ထားတဲ့ သင်္ဘောတစ်စီး ခိုးယူမှုမှာ ပါဖူးတယ်၊ အဲဒီလက်နက်တွေဟာ ကျုပ်တို့လူမျိုးတွေက စစ္စလီက လူဆိုးတွေဆီက ဝယ်ယူထားတဲ့ လက်နက်တွေပဲ'

အက်ရှဖို့က စဉ်းစားရင်း





'သတင်းစာတွေထဲမှာ ပါတာတွေ သိသမျှကတော့ စစ္စလီမှာ လူဆိုးဂိုဏ်းဆိုလို့ တစ်ခုရှိတာပဲ'

ဟာစန်က ခေါင်းညိတ်ပြပြီး

'ကျုပ်တို့လူတွေရဲ့ သံသယကတော့ ဒစ်စတိန်းတို့ဟာ အဲဒီစစ္စလီလူဆိုးတွေကို လာဘ်ပေးပြီး အဲဒီသင်္ဘောအကြောင်းသိအောင် လုပ်သွားတယ် ထင်ကြတာပဲ'

'နေပါဦး အဲဒီစစ္စလီမှာပဲ ဒစ်စတိန်းဟာ လူတစ်ယောက်အသက်ကို ကယ်ဖူးတယ်မဟုတ်လား'

ဟာစန်သည် ဘာမှန်းမသိ၍–

'ဗျာ သူက တစ်ယောက်ယောက် အသက်ကယ်ခဲ့တယ်၊ ဟုတ်လား'

'မင်း မမှတ်မိဘူးလား၊ ဟိုအမေရိကန် တစ်ယောက်ကွာ၊ ဒစ်စတိန်းကဒီလို ခေါ်လာခဲ့တဲ့ လူဟာလေ၊ ကျုပ်ကို အဲဒီဇာတ်လမ်းကို အစအဆုံးပြောသွားခဲ့တာပဲ၊ အဲဒီတုန်းက မင်းလဲရှိပါတယ်၊ မမှတ်မိဘူးလား'

'မပြောတတ်ဘူးခင်ဗျာ'

ဟာစန်သည် တကယ်လည်း မမှတ်မိပေ။ ထိုနေ့ ထိုအခါက သူသည် အလာနှင့်အတူ ရှိချင်ရှိနေမည် ဖြစ်၏။

'အဲဒီလူကို တွေ့မှဖြစ်မယ်၊ နေပါဦး ကျုပ် ပြန်စဉ်းစားကြည့်ပါဦးမယ်၊ အဲဒီတုန်းက ကျုပ်တို့တတွေ ရုယ်ရှီမြို့ရင်း ဂီတအကြောင်း၊ ဖြစ်တည်ခြင်းကပဓာနဝါဒအကြောင်းတွေ ပြောနေကြတုန်း အဲဒီစစ်သား ရောက်လာခဲ့တာလေ၊ သူက စနိုက်ပါ သေနတ်သမားအကြောင်း၊ တင့်ကားတွေ၊ သွေးတွေ၊ သေဆုံးတာတွေ ပြောတော့တာပါပဲ၊ လူက စစ္စသီယံ ဇာတိလို့ ပြောတာပဲ၊ သူ့အသက်ကိုကယ်ခဲ့တဲ့အတွက် သူ့ညီအစ်ကိုတွေက ဒစ်စတိန်းအပေါ်မှာ ကျေးဇူးတင်နေကြတယ်လို့ ပြောတာပဲ၊ စောစောက မင်းပြောတဲ့အထဲမှာ မင်းတို့အထင်ကလက်နက်သင်္ဘောကိစ္စမှာ စစ္စလီယံတွေက ဒစ်စတိန်းကို လက်ထောက်ချလိုက်တယ် ထင်တယ်လို့ပါတယ်နော်'

'ဖြစ်နိုင်တယ်လို့ပဲ ပါတာပါ'

'ဒစ်စတိန်း အနေနဲ့ဆိုရင် လာဘ်ထိုးစရာတောင် လိုချင်မှလိုမယ်'

ဟာစန်က ခေါင်းကို ခါယမ်းလိုက်၏။ သည်အချက်မှာ သတင်းဖြစ်သည်။ ထိုသတင်းမှ အချက်အလက်ရအောင် ရှောစတော့ ဘယ်လိုများ ကြံစည်



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်။ ဟာစန်က–

'အဲဒီကိစ္စတွေဟာ ကျုပ်တို့အတွက် ဘာအကျိုးကျေးဇူးရှိမှာလဲ၊ ဟိုရှေးတုန်းက ဒစ်ဇဟိန်းရဲ့ သင်္ဘောတစ်စီး အပိုင်စီးမှုဟာ မာဖီးယားနဲ့ ဘာပတ်သက်နေရတာလဲ'

'အဲ... မာဖီးယား ဟုတ်သားပဲ၊ ကျုပ်က အဲဒီစာလုံးကို စဉ်းစားနေတာ၊ ခုနက စစ်သားနာမည်က ကာတုန်း တိုနီ ကာတုန်းတဲ့၊ အဲ... မဟုတ်သေးပါဘူး အလန်ကာတုန်းတဲ့၊ ဘတ်ဖဲလိုးမြို့က၊ ခုတော့ အားလုံး ကျုပ်မှတ်မိလာပြီ'

ဟာစန်က စိတ်မရှည်စွာဖြင့်

'နေပါဦး အဲဒါ ဘာအဆက်အစပ်ရှိလို့လဲ'

အက်ရှဖို့က ပခုံးတွန့်လိုက်ပြီး

'သည်လိုလွယ်အောင် စဉ်းစားကြည့်စမ်း၊ တစ်ခါတုန်းက ဒစ်စတိန်းက အလန်ကာတုန်းရဲ့ အဆက်အသွယ်တွေနဲ့ စစ္စလီယံ မာဖီးယားတွေကို မြေထဲပင်လယ်မှာ သင်္ဘောတစ်စီးကို အပိုင်စီးဖို့ အသုံးပြုခဲ့ဖူးတယ်။ လူတွေဟာ မိမိလုပ်နေကျနည်းကို ထပ်ခါထပ်ခါ အသုံးပြုလေ့ရှိကြတယ်၊ နောက်တစ်ခါ အဲဒီနည်းကို သုံးချင်သုံးမှာပေါ့'

ဟာစန်သည် အက်ရှဖို့စိတ်ကူးကို မြင်စပြုလာ၏။ မှန်သလိုလိုလည်း ဖြစ်လာ၏။ မှန်ပါစေဟုလည်း ဆုတောင်းလိုက်၏။ ထိုစိတ်ကူးကား မှန်းဆချက်သက်သက် ဖြစ်ပေသည်။ သို့သော် အဓိပ္ပာယ်ရှိသော မှန်းဆချက်ဖြစ်သည်။ မှန်နေပါက သူဒစ်စတိန်းကို ပြန်လည်ခြေရာခံမိသွားနိုင်သည်။

အက်ရှဖို့သည် သူ့ကိုယ်သူ ကျေနပ်နေ၏။

'ဒါ... အတော်အချက်အလက်ကျတဲ့ မှန်းဆချက်ပဲကွ၊ အဲဒါကို အောက်ခြေမှတ်စုတွေနဲ့ စစ်တမ်းထုတ်လိုက်ရင်တော့လားကွာ'

ဟာစန်က

'ဟုတ်တာပေါ့ဗျာ ဟုတ်တာပေါ့'

အက်ရှဖို့က

'ကဲ... အပြင်မှာ နည်းနည်းအေးလာပြီ အိမ်ထဲဝင်ကြစို့'

သူတို့သည် ဥယျာဉ်ထဲဖြတ်လျှောက်လာကြ၏။ ဟာစန်သည် ရှေ့စတော့ကဲ့သို့ တွေးခေါ်နိုင်ခြင်းမဟုတ်ဘဲ၊ အက်ရှဖို့ကိုအစားထိုး ရယူနိုင်ခြင်းသာ ဖြစ်ကြောင်း တွေးမိ၏။ သူမ၏မူလပထမ လွတ်လပ်မှုနှင့် မာနတရားတို့သည်





ပျောက်ဆုံး ကွယ်ပျောက်သွားပြီလောဟု စဉ်းစား၏။

ထိုစဉ် အက်ရှဖို့က

'ပြဿနာက ကာတုန်းက တကယ်လို့ သူသိရင်တောင် မင်းကို ပြောမယ် မဟုတ်ဘူး'

'ခင်ဗျားကိုရော ပြောပါ့မလား'

'ဘာဖြစ်လို့ သူက ပြောရမှာလဲ၊ သူ့အနေနဲ့ ကျုပ်ကို မှတ်တောင်မှတ်မိပါ့မလား မသိဘူး၊ အင်း... ကာတုန်းသာ အသက်ထင်ရှားရှိမယ်ဆိုရင်တော့ ခုတ်လမ်းတစ်ခုခု ဖန်တီးနိုင်ကောင်းရဲ့'

ဟာစန်က–

'အင်းလေ ဘယ်တတ်နိုင်မလဲ၊ ကျုပ်ဘာသာ စမ်းကြည့်ရတော့မှာပေါ့'

သူတို့နှစ်ဦး အိမ်ထဲဝင်ခဲ့ကြသည်။ ထိုမှတဆင့် မီးဖိုချောင်သို့ ဝင်လိုက်ရာ ခုဇာကိုတွေ့လိုက်ရ၏။ သည်တွင် သူတို့နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ သူတို့အတွက် အဖြေရသွားပြီဖြစ်သည်။

*

သူတို့နှစ်ယောက် အိမ်ထဲဝင်လာသောအခါ စောစောက ဥယျာဉ်ထဲတွင် သူမကြားလိုက်သော ဒစ်စတိန်းကို သတ်မယ်ဆိုသော စကားသည် နားကြားလွဲခြင်းသာ ဖြစ်ရမည်ဟု ကြိုးစားယုံကြည်စပြုနေ၏။ တကယ်လည်း လုံးဝ မဖြစ်နိုင်သော ကိစ္စမျိုး ဖြစ်ပေမည်။ ဥယျာဉ်၊ မြစ်ကမ်း၊ နွေနှောင်းရာသီ၏ နေရောင်၊ ပန်းခြောက်ဆာနှင့်သူ့ညီသည်များ၊ သည်ကြားတွင် လူသတ်ခြင်းဆိုသည်မှာ ပိုလာဝက်ဝံတစ်ကောင် ဆာဟာရသဲကန္တာရထဲမှာ ရောက်နေသည်လို မအပ်စပ်ပါ။

နောက် သူမ နားကြားမှားနိုင်စရာ စိတ်ပညာ အတွေးတစ်ခု ရှိသေးသည်။ သူမသည် ဒစ်စတိန်းကို ချစ်နေကြောင်း သူမ၏ဖေဖေကို ပြောမည် ကြံရွယ်ထားသည် မဟုတ်ပါလား။ စိတ်ထဲတွင် ဖေဖေ၏တုံ့ပြန်မှုကို စိုးရိမ်ကြောင့်ကြနေ၏။ စစ်ဂမန်ဖရိုက်၏ သီဝရီအရ သူမ အဖေသည် သူမ ချစ်သူကို သတ်လိုကြောင်း တွေးတော ယူဆနိုင်ပေသည်။

ထို့ကြောင့် သူမသည် နားကြားလွဲခဲ့ကြောင်းသာ ဖြစ်ရမည်ဟု ယုံကြည်မိ ပြုနေပေရာ ဝင်လာသူနှစ်ဦးကို ပြုံး၍

'ဘယ်သူ ကော်ဖီသောက်ကြမလဲ၊ ကျွန်မ ကော်ဖီဖျော်နေလို့'



www.burmeseclassic.com

www.burmeseclassic.com



အက်ရှဖို့သည် သမီး၏ပါးကို နမ်းလိုက်၏။

'သမီး ပြန်ရောက်လာတာ ဖေဖေတောင် မသိလိုက်ရဘူး'

'ခုပဲရောက်တာ ဖေဖေရဲ့၊ သမီး ဖေဖေကိုတောင် လိုက်ရှာမလို့'

ငါ့ဘာလို့များ ညာနေပါလိမ့်ဟု စုဇာ တွေးမိ၏။

အက်ရှဖို့က

'သမီး ဟောဒီက ယာစစ်ဟာစန်ကို မသိဘူးထင်တယ်၊ သူဟာ သမီး ငယ်ငယ်တုန်းက ဖေဖေ့တပည့်ကောင်း တစ်ယောက်ပဲကွယ့်'

ဟာစန်က စုဇာလက်ကို နမ်းသည်။ နောက် သူမ အမေကို မြင်ဖူး လိုက်သူများက စုဇာကို တွေ့လိုက်သည်နှင့် တအံ့တသြ ကြည့်တတ်သည့် အကြည့်မျိုးနှင့် ကြည့်လိုက်၏။

'ခင်ဗျားဟာ ခင်ဗျားရဲ့ အမေလိုပဲ ချောပါပေတယ်ဗျာ'

အက်ရှဖို့က

'ယာစစ်ဟာစန်ဟာ ဒီကို လွန်ခဲ့တဲ့ လပိုင်းလောက်က လာသွားခဲ့တယ်လေ၊ မရေးမနှောင်းပဲ နက်ဒစ်စတိန်းလဲ ရောက်လာတယ်၊ ဒစ်စတိန်းကိုတော့ သမီးတွေ့လိုက်တယ် မဟုတ်လား၊ ဟာစန် ရောက်တုန်းက သမီး မရှိဘူး'

'အဲ အဲဒါ ဆယ်သွယ်မှုရှိလို့လား ဖေဖေ'

စုဇာသည် ဘာကြောင့်များသူမအသံသည် တုန်သွားပါလိမ့်ဟု မကျေမနပ် ဖြစ်နေ၏။

အက်ရှဖို့နှင့် ယာစန်တို့သည် တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြ၏။

အက်ရှဖို့က

'အင်း အမှန်က ဆက်စပ်မှုရှိတယ်ကွဲ့'

သည်တွင် စောစောက သူ နားကြားလွဲသည်ဟု ထင်ခဲ့ခြင်းမှာ မဟုတ်တော့ကြောင်း သေချာသွား၏။ သူတို့နှစ်ယောက်သည် သူမချစ်သော ဒစ်စတိန်းကို သတ်ရန် ကြံစည်ပြောဆိုနေကြခြင်း ပါကလား။ စုဇာသည် မျက်ရည်များပင် ကျမလို ဖြစ်လာ၍ တစ်ဖက်သို့ လှည့်လိုက်ရ၏။

သူမ၏အဖေက

'သမီးကို ဖေဖေအကူအညီတစ်ခု တောင်းချင်လို့၊ သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခုပဲ သမီး၊ သမီး မေမေကို သတိရသောအားဖြင့် ကူညီထိုက်ပါတယ်၊





ခင်ပါဦး သမီး'

စုဇာသည် အသက်ပြင်းပြင်းတစ်ချက် ရှူ၍ ဝင်ထိုင်လိုက်၏

အက်ရှဖို့က...

'သမီးဟောဒီက ယာစစ်ကို နက်ဒစ်စတိန်းကို ရှာတဲ့နေရာမှာ အကူအညီ ပေးစေချင်တယ်'

ထိုအခိုက် ကလေးမှစ၍ စုဇာသည် သူမ၏ အဖေအပေါ် တွယ်တာမှု လျော့သွားသည်။

အက်ရှဖို့က ဆက်၍...

'အမေရိကားမှာ လူတစ်ယောက်ရှိတယ်၊ သူဟာ ဒစ်စတိန်း ဘယ်မှာ နေသလဲ ဆိုတာကို သိနိုင်တယ်၊ သူ့ဆီကို ယာစစ်နဲ့အတူ သမီး လိုက်သွားပြီး မေးစမ်းကြည့်စေချင်တာ'

စုဇာက ဘာမှ ပြန်မပြော။

ဟာစန်က စုဇာ၏ ပြန်မပြောခြင်းကို သဘောတူသည်ဟု ယူဆပြီး ဆက်စုံရှင်းပြသည်။

'ဒီလိုပါ ဒစ်စတိန်းဟာ အစ္စရေးအေးဂျင့် တစ်ယောက်ဖြစ်ပြီး ကျုပ်တို့ အာရပ်လူမျိုးတွေကို ဆန့်ကျင်ပြီး လုပ်နေတယ်၊ ကျုပ်တို့က သူ့ကိုတားဆီး ရမယ်၊ အမေရိကား ဘတ်ဖဲလိုမြို့က ကာတုန်းဆိုတဲ့ လူဟာ ဒစ်စတိန်းကို ကူညီနေချင်နေမယ်၊ သူက ကျုပ်တို့သွား အကူအညီတောင်းရင်ရမှာ မဟုတ်ဘူး၊ ဒါပေမယ့် မင်းရဲ့ အမေကိုတော့ သူလဲ မှတ်မိမှာပဲ၊ ဒီတော့ မင်းကိုဆိုရင် ကူညီကောင်း ကူညီမယ်လေ၊ မင်းက ဒစ်စတိန်းနဲ့ မင်းဟာ ချစ်သူတွေပါလို့ ပြောပေါ့'

'ဟား... ဟား'

စုဇာ၏ ရယ်သံမှာ ခြောက်ကပ်လှသည်။ တခြားအကြောင်းပြချက်များ ရှာကြပါဦးတော့ဟု စုဇာတွေးလိုက်မိသည်။ သူမကိုယ်သူမ ထိန်းသိမ်းလိုက်၏။ ကိုယ်ခန္ဓာကို မလှုပ်ဘဲ မျက်နှာသေနှင့် နားထောင်နေလိုက်၏။ သူတို့နှစ်ဦးက ယူရေနီယံ အဝါခဲများ အကြောင်း၊ "ကိုပါရယ်လီ"သင်္ဘောပေါ်မှလူ၊ 'စထရွမ်း ဘတ်'သင်္ဘောပေါ်မှ အချက်ပြစက်၊ နောက်မှာမှတ်တို့၏အကြံအစည်အားလုံးသည် ပါလက်စတိုင်း လွတ်မြောက်ရေးတိုက်ပွဲအတွက် အရေးကြီးပုံစသည်ဖြင့် ပြောပြ ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သူမအဖေက

'ကဲ...ဒါပဲသမီး၊ သမီး အကူအညီပေးမလား၊ လုပ်ပေးမလား'

စုဇာသည် သူမကိုယ်သူမ ထိန်းသိမ်း၍ သူတို့နှစ်ဦးလုံးကို လေယာဉ်မယ် အပြုံးနှင့် ပြုံးပြလိုက်၏။ ပြီးနောက် ထိုင်နေရာမှ ထလိုက်ပြီး

'ဒီကိစ္စက တစ်ထိုင်တည်း စဉ်းစားဆုံးဖြတ်လို့ ရတဲ့ကိစ္စ မဟုတ်ဘူး ဖေဖေ၊ ကျွန်မ စဉ်းစားလိုက်ပါဦးမယ်'

စုဇာ အခန်းအပြင်ဘက်သို့ ထွက်လိုက်လေ၏။

*

ရေနွေးများနှင့် စိမ်၍ ရေချိုးနေစဉ်သူမ ခေါင်းထဲသို့ အဖြစ်အပျက်များသည် တစိမ့်စိမ့် ဝင်ရောက်လာ၏။

နာသန်နီယယ်က သူမကို ပြန်လည် မတွေ့ဆုံမီ လုပ်စရာကိစ္စတစ်ခု လုပ်ရဦးမည်ဆိုသည်မှာ ဒါပဲကိုး။ သဘော်တစ်စီး ခိုးယူရန်ပါကလား။ သည် အလုပ်ပြီးတာနှင့်တစ်ပြိုင်နက် သူမကို အနည်းဆုံး ဆယ့်လေးငါးနှစ် အပျော် မခံတော့ဘူးလို့ စာရေးခဲ့သည် မဟုတ်ပါလား။ သူ့ အလုပ်က နတ်ထွက်တော့မည် လားမှ မသိဘဲ။

သို့သော် သူ၏အစီအစဉ်များမှာ အောင်မြင်စရာလမ်းက မရှိတော့။ အကြောင်းမှာ သူ၏ရန်သူများက သူ့အစီအစဉ်များကို အားလုံးသိနေပြီဖြစ် သောကြောင့်ပင်။ ရုရှငရဲက နက်၏သဘော်ကို ရေလယ်မှာ တိုက်ခွဲပစ်ဖို့ စီစဉ် နေသည်။ ဟာစန်က သဘော်ကို နက်အလျှင်ဦးအောင်စီး၍ နက်တက်လာသော အခါ အပြတ်ဆော်ဖို့ စီစဉ်ထား၏။ မည်သည့်လမ်းမဆို ဒစ်စတိန်းအတွက် အန္တရာယ်ကြီး ရှိနေ၏။ ဘယ်လမ်းမဆို ဒစ်စတိန်းကို ဖျက်ဆီးပစ်နိုင်သည်။

စုဇာက သတိပေးပါမှ။

တကယ်လို့ စုဇာသာ ဒစ်စတိန်းနေရာကို သိခဲ့လျှင်

အောက်ထပ်မှ သူမအဖေနှင့် ဟာစန်တို့ သူမအကြောင်း ဘယ်လောက် သိကြပါလိမ့်။ ဟာစန်ကမူ အာရပ်တို့ထုံးစံအတိုင်း မိန်းမတစ်ယောက်သည် ယောကျ်ားများ ခိုင်းသည့်အတိုင်း လုပ်မည်ဟု ယူဆထားပုံရ၏။ သူမအဖေကမူ သူမသည် ပါလက်စတိုင်း အာရပ်တို့ဘက်မှ ရပ်တည်မည်ဟု ယူဆထား၏။





အကြောင်းမူ အိမ်သားစု၏ ဦးနှောက်ဖြစ်သောကြောင့် မိမိရပ်တည်သည့်ဘက်မှ ခိုင်မာ ရပ်တည်မည်ဟု ပုံသေကားချ ယုံကြည်ထားခြင်းဖြစ်သည်။

စုဇာသည် စဉ်းစားရင်း သူမစိတ်တွေ လှုပ်ရှားလာ၏။

ဖေဖေတို့ ဟာစန်တို့ လုပ်ခိုင်းနေသောကိစ္စမှာ ဘာပဲပြောပြော ဒစ်စတိန်း အား ရှာဖွေတွေ့ရှိ သတိပေးနိုင်ကောင်း သတိပေးနိုင်မည် ဖြစ်၏။

သူတို့လိုချင်သမျှမှာ

'နက်ကိုရအောင်ရှာ'ပဲဖြစ်သည်။

စုဇာအနေနှင့် သူတို့ကို လှည့်စားရန် မခက်ခဲလှ။ အကြောင်းမှာ သူတို့ နှစ်ဦးလုံးက စုဇာသည် သူတို့ဘက်သားဟု ယုံကြည်နေကြ၏။ တကယ်တမ်းကား မဟုတ်။

သည်အတိုင်းဆိုလျှင် စုဇာသည် သူတို့ခိုင်းသည့်အတိုင်းလုပ်ဆောင်၍ နက်ကိုရှာမည်။ နက်ကိုတွေ့သောအခါ သူမ သတိပေးနိုင်မည်။

တစ်ဖက်မှ စဉ်းစားစရာရှိပြန်သည်။

သူမ ဤသို့လုပ်သဖြင့် အခြေအနေပို၍ ဆိုးသွားနိုင်မလား။ နက်ကို ရှာဖွေပေးခြင်းဖြင့် နက်ရှိရာသို့ ရန်သူများကို ပြသလိုဖြစ်သွားပေမည်။

သို့သော် ဟာစန် ဒစ်စတိန်းကို ရှာဖွေမတွေ့ရှိသည့်တိုင်အောင် ဒစ်စတိန်း သည် ရုရှားတို့၏အန္တရာယ် ရှိနေသေးသည် မဟုတ်ပါလား။

အကယ်၍ ဒစ်စတိန်း ကြိုတင်သိထားရပါက၊ ကြိုတင်သတိပေးခြင်း ခံထားရပါက အန္တရာယ်နှစ်ခုလုံးမှ ကျော်လွှားလွတ်မြောက်နိုင်ကောင်း လွတ် မြောက်နိုင်မည်။

သည့်ပြင် စုဇာအနေဖြင့် နက်ထံသို့မရောက်မီ ဟာစန်ကို လှည့်ဖြား ထွက်ခွင့်လည်း ရချင်ရနိုင်သည်။

သူမသည် ဆုံးဖြတ်ချက်ချလိုက်၏။ သူမသည် ဟာစန်နှင့် အတူတွဲ၍ ဟန်ဆောင်လုပ်နေမည်။ ထိုမှ နက်ကို တွေ့အောင် ရှာမည်။

*

၁၉၆၈ ခု၊ နိုဝင်ဘာလ ၁၆ ရက်နေ့ နံနက် လေးနာရီတွင် 'ကိုပါရယ်လီ'သည် ဒတ်ချ်ကမ်းခြေ ဗလီဆင်ဂျင်သို့ ဆိုက်သည်။ ဆိပ်ကမ်းမှ ပိုင်းလော့တစ်ယောက်ကို တင်၍ တူးမြောင်းထဲကို ဖြတ်ကူးရန် ဖြစ်သည်။ တူးမြောင်းကို ဖြတ်ပြီးသောအခါ



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် လမ်းပြပိုင်းလော့တစ်ယောက်ကိုတင်၍ ကမ်းနားသို့ ဝင်ရသည်။

နက်ဒစ်စတိန်းသည် စောင့်ကြည့်နေ၏။

သင်္ဘောကြီး တဖြည်းဖြည်း ဝင်လာသည်ကို မြင်ရသည်။ သင်္ဘောနံဘေးတွင် 'ကိုပါရယ်လီ'ဆိုသည့် နာမည်ကို ထင်ထင်ရှားရှား မြင်နေရသည်။ နောက်မကြာမီ သင်္ဘောဝမ်းထဲသို့ ယူရေနီယံ အဝါခဲစည်များ တင်ဆောင်တော့မည် ဖြစ်၏။ သင်္ဘောကိုကြည့်ရင်း ဒစ်စတိန်း စိတ်လှုပ်ရှားလာ၏။

သင်္ဘောဆိုက်ကပ်ပြီးနောက် သင်္ဘောပေါ်သို့ ပထမဆုံးတက်ရောက်သူမှာ သင်္ဘောကုမ္ပဏီမှ တာဝန်ခံအရာရှိတစ်ဦးဖြစ်သည်။ သူသည် လမ်းညွှန် မောင်းနှင်ပေးသော ပိုင်းလော့များအတွက် တာဝန်ယူရန်နှင့် ကက်ပတိန်ထံမှ ဆိပ်ကမ်းရဲအဖွဲ့ကိုပေးရန် သင်္ဘောသားစာရင်းယူဖို့ ဖြစ်သည်။

သင်္ဘောပေါ်သို့ ဒုတိယတက်ရောက်လာသူမှာ ဂျိုးဇက်ကိုဟင် ဖြစ်သည်။ သူ့အနေနှင့်ကား ဝီစကီပုလင်းတစ်လုံး ယူခဲ့ပြီး ဖော်ကသည်ဟောင်းတစ်ဦးကို ချည့်ဝတ်ပြုခြင်းသာ ဖြစ်သည်။ ကိုဟင်သည် ကက်ပတိန် သင်္ဘောကုမ္ပဏီအရာရှိတို့နှင့် အရက်အတူ သောက်သည်။ နောက် အကောင်းဆုံးဟိုတယ်တွင် အရက်တစ်ကြိမ်သောက်ခွင့် လက်မှတ်ကိုလည်း ကက်ပတိန်နှင့် အရာရှိများအတွက် ပေးသည်။ သူ့အနေနှင့်ကား သင်္ဘောအင်ဂျင်နီယာ၏နာမည်ကို သိခဲ့၏။ ဤကိစ္စများမှာ ဒစ်စတိန်းက ညွှန်ကြားလုပ်ဆောင်စေခဲ့ခြင်း ဖြစ်သည်။ ဒစ်စတိန်းအနေနှင့် သင်္ဘောအင်ဂျင်နီယာ၏အမည်ကို သိရန်လိုသည်။

ကိုဟင် သင်္ဘောပေါ်မှ ဆင်းလာသောအခါ ဒစ်စတိန်းနံဘေးမှ ဖြတ်လျှောက်သွားသည်။ ကိုဟင်သည် ဒစ်စတိန်းနံဘေးမှမရပ်။ သို့သော် ပါးစပ်ကမူ

'အင်ဂျင်နီယာနာမည်က ဆန်းတဲ့'

ခြေလှမ်းမပျက် ဆက်၍ဖြတ်သွား၏။

ညနေစောင်း ရောက်သောအခါ ဒစ်စတိန်းသည် အကောင်းဆုံး ညကလပ်ဘားသို့ အရောက်လာခဲ့၏။

တယ်လီဖုန်းအနားတွင် အလွန်လှပကြော့ရှင်းတောင့်တင်းသော အမျိုးသမီးတစ်ယောက်သည် ခေတ်မီသော အနက်ရောင်ဝတ်စုံကိုဝတ်၍ ထိုင်နေ၏။ ဒစ်စတိန်းက ထိုမိန်းကလေးကို အသိအမှတ်ပြုသည့်သဘော ခေါင်းညိတ်ပြသည်။ စကားတော့သွားမပြောချေ။

ဒစ်စတိန်း ထောင့်တစ်နေရာမှာထိုင်၍ ဘီယာတစ်ခွက်ကို တဖြည်းဖြည်း





ချင်း စုပ်၍သောက်နေ၏။ ကိုဟင်ထံမှ အလကား အရက်သောက်ခွင့်ရသော သင်္ဘောအရာရှိများသည် ဤကလပ်သို့ မလာဘဲ မနေကြ။ လာလိမ့်မည်ဟု မျှော်လင့်စောင်းစားနေလိုက်၏။

တဖြည်းဖြည်း ကလပ်သည် စည်ကားလာ၏။ အမည်းရောင်ဝတ်စုံနှင့် မိန်းကလေးကို အမျိုးသားနှစ်ဦး ချဉ်းကပ်ကြည့်သည်။ ထိုမိန်းမက နှစ်ယောက်လုံးကို ငြင်းလွှတ်လိုက်၏။ ကိုးနာရီ ရောက်သောအခါ ဒစ်စတိန်းက ကိုဟင်ထံ ဖုန်းဆက်ကြည့်သည်။ ကြိုတင်စီစဉ်ချက်အရ ကိုဟင်သည် သင်္ဘောကပ်ပတိန် ထံသို့ ဖုန်းဆက်ထားရာ အလုပ်ရှုပ်နေသော သင်္ဘောကပ်ပတိန်နှင့် ခြေထောက်ဒဏ်ရာရ၍ သင်္ဘောက ထားခဲ့ရသော လင်းအတွက် အစားထိုး လိုက်ပါလာသူ ချဒီယို အော်ပရေတာက သိပ်နေမကောင်းဆို၍ ထိုနှစ်ယောက်မှအပ ကျန်အရာရှိများ ကလပ်သို့ သွားကြောင်း သိရ၏။

ဒစ်စတိန်းက သူရောက်ရှိနေသော ကလပ်ဘားနံဘေးမှ ဖုန်းနံပါတ်ကို လှည့်လိုက်၏။ နောက် မစ္စတာဆန်းကို တွေ့လိုကြောင်း ဘားထဲမှာရှိမည် အကြောင်း ပြောလိုက်၏။ ဘားထဲမှ မစ္စတာဆန်း ဖုန်းလာတယ်ဟု ခေါ်သံကြားရသည်။ တစ်ဖက်မှ ဖုန်းလာကိုင်သည်နှင့် ဒစ်စတိန်းက ဖုန်းပြန်ချလိုက်သည်။

ဒစ်စတိန်း ဘားထဲ ပြန်ဝင်လာသည်။ နောက် ဘားမှ ဖုန်းကိုကြည့်လိုက်ရာ ဝတ်စုံနက်အမျိုးသမီးနံဘေးတွင် အသက်သုံးဆယ်ခန့် ရွှေရောင်ဆံပင်နှင့် ထောင်ထောင်မောင်းမောင်း လူတစ်ယောက်ကို တွေ့ရ၏။ ထိုလူသည် ဆန်းပါတကား။

အမျိုးသမီးက ဆန်းကိုပြုံးပြသည်။ အပြုံးမှာ ဖိတ်ခေါ်သည့် အပြုံးမျိုး ဖြစ်သည်။

ဒစ်စတိန်းသည် တအံ့တသြ ကြည့်နေ၏။ သူ့တွင် ဤသို့ အတွေ့အကြုံမျိုး မရှိ။ အမျိုးသားများက အမျိုးသမီးတစ်ယောက်ကို ဘယ်လိုခေါ်သလဲ။ အမျိုးသမီးကကော အမျိုးသားတစ်ယောက်ကို ဘယ်လိုခေါ်စေသလဲ သူမသိ။ အတွေ့အကြုံမရှိ။ အထူးသဖြင့် အမျိုးသမီးတစ်ယောက်က သူခေါ်ချင်သော အမျိုးသားတစ်ယောက်ကို ဘယ်လိုများ အချက်ပြလိုက်ပါလိမ့်။

ဆန်းသည်လည်း ဆွဲဆောင်မှုရှိသော ယောကျ်ားတစ်ဦး ဖြစ်ပေသည်။ ဒစ်စတိန်းသည် ထွက်သွား၍လည်းမဖြစ်။ အဝေးမှလည်း အကဲခတ်၍မဖြစ်။ နောက်ဆုံး ဘားရှိရာသို့ထလာပြီး ဆန်း၏ကျောဘက်မှာထိုင်၍ ဘီယာတစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com



မှာလိုက်ရ၏။

အမျိုးသမီး၏ ပညာကားအပြည့်ပင်။ သူမသည် အင်တာဝပ်တွင် သည်တစ်ညသာ နားမည်ဖြစ်ကြောင်း၊ ဆန်းက ရှမ်ပိန်သောက်ရန်ဖိတ်ရာ အမျိုးသမီးက သည်ကာလပ်မှ ရှမ်ပိန်မှာ မကောင်းလှကြောင်း တခြားတစ်နေရာ ဥပမာ... သူမသည် တည်းခိုသော ဟိုတယ်က ရှမ်ပိန်ကောဟု မေးသည်။

ယိမ်းအမျိုးသမီးများ စကသည်တွင် ဆန်းတို့အတွဲ ထွက်သွားကြလေသည်။ ဒစ်စတိန်းက ၁၀ မိနစ်ခန့် အချိန်ပေးလိုက်သည်။ ပြီးမှ သူလည်း ထွက်လိုက်ခဲ့၏။

ဒစ်စတိန်းသည် အငှားကားတစ်စီးငှား၍ ဟိုတယ်သို့ လာခဲ့၏။ သူ့အခန်းထဲသို့ ရောက်သည်နှင့် အခန်းနှစ်ခုဆက်ထားသည့် တံခါးနားသို့ ကပ်လိုက်သည်။ တစ်ဖက်မှ အမျိုးသမီး၏ ခိုးခိုးခစ်ခစ်ရယ်သံနှင့် ဆန်းက တစ်စုံတရာ တိုးတိုးပြောသံကြားရသည်။

ဒစ်စတိန်းခုတင်ပေါ်သို့ထိုင်၍ ဓာတ်ငွေ့ပြွန်ကိုစမ်းကြည့်သည်။ အဖုံးကလေးကို နည်းနည်းဖွင့်စမ်းကြည့်ပြီး ပြန်ပိတ်လိုက်သည်။ ဓာတ်ငွေ့ကာမျက်နှာဖုံး စွပ်ထားလျက်ပင် အနံ့ချိုချိုတစ်ခု ဖြတ်ကနဲရသည်။ အချိန်ဘယ်လောက်ကြာမှ ထိရောက်မည်ကို မပြောတတ်။ သူကိုယ်တိုင်လည်း အချိန်မရ၍ မစမ်းသပ်ရသေး။

တစ်ဖက်ခန်းမှ အသံကပို၍ ကျယ်လာသည်။ စစ်စတိန်းတစ်ယောက်တည်း ရှက်တက်တက်ဖြစ်နေရ၏။ ဆန်းသည် ဘယ်လိုလူစားမျိုးဖြစ်သနည်း။ အမျိုးသမီးနှင့် တစ်ကြိမ်တစ်ခါအိပ်ပြီး သဘော ပြန်သွားမည်လား။ သည်အတိုင်းဆိုက ခွပါကလား။

ဒစ်စတိန်းသည် စိတ်ပန်းလူပန်း စောင့်နေရလေသည်။ အမျိုးသမီးသည် သူ့အလုပ်ကို သူနားလည်ပေသည်။ ဒစ်စတိန်းက ဆန်းကို အိပ်ပျော်သွားစေချင် မဟုတ်လား။ ထို့ကြောင့် ဆန်း ခြေကုန်လက်ပန်းကျအောင် လုပ်နေ၏။ အချိန်ကား ကုန်ခဲလှချေ၏။

ည နှစ်နာရီကျော်တွင် နှစ်ခန်းကူးနိုင်သော တံခါးကို အမျိုးသမီးက အသာခေါက်သည်။ ဖြည်းဖြည်း သုံးခါခေါက်သည်။ သဘောမှာ ဆန်းအိပ်ပျော်သွားသည်ဆိုသည့်သဘော။ ခြောက်ခါခေါက်လျှင် ဆန်းပြန်ပြီဆိုသည့် သဘော။

ခေါက်သံကား သုံးချက်။

ဒစ်စတိန်း တံခါးဖွင့်လိုက်သည်။ တစ်ဖက်ကဓာတ်ငွေ့ပြွန်တစ်ဖက်က





ဓာတ်ငွေ့ကာမျက်နှာဖုံး။

ဆန်းသည် အိပ်ရာထဲတွင် ပက်လက်အိပ်ပျော်နေ၏။ သူ့ပါးစပ်မှာ ခပ်ဟဟပွင့်၍ အမျက်လုံးများက ပိတ်လျက်ရှိသည်။ ဆန်း၏ ကိုယ်လုံး ကိုယ်ထည်မှာ ပြေပြစ်တောင့်တင်းလှ၏။

ဆန်း အသက်ရှူသွင်းလိုက်သည်နှင့် ဒစ်စတိန်းက ဖန်ပြွန်ကိုဖွင့်၍ ပါးစပ်နှင့် နှာခေါင်းကိုပိတ်သည်။ အဖုံးနှင့် ဖိလိုက်၏။

ဆန်း၏ မျက်လုံးများသည်ဆတ်ကနဲပွင့်လာ၏။ ဒစ်စတိန်းက ဓာတ်ငွေ့အဖုံးကိုထပ်၍ တင်းတင်းဖိလိုက်သည်။ ဆန်း၏ခေါင်းသည် လှုပ်လာသည်။ ကိုယ်ခန္ဓာသည် လှုပ်ယမ်းလာသည်။ ဒစ်စတိန်းသည် ဆန်း၏ ရင်ဘတ်ပေါ်သို့ ဖိထားရလေသည်။

ဘုရားရေ ကြာလှချည်လား။

ဆန်း အသက်ရှူထုတ်လိုက်သည်။ မျက်လုံးသူငယ်အိမ်သည် ကြောက်ရွံ့ထိတ်လန့်သော အရောင်ပေါ်လာ၏။ သီးသလိုဖြစ်ကာ ထပ်၍ ရုန်းသည်။ ဒစ်စတိန်းသည် အမျိုးသမီးအား အကူအညီတောင်းရမလို ဖြစ်နေသည်။ သို့သော် ဒုတိယအကြိမ် ရှူသွင်းလိုက်သော ဓာတ်ငွေ့သည် ထိရောက်သွားပုံရသည်။ ရုန်းကန်မှုအင်အား နည်းလာ၏။ မျက်လုံးသည် မျက်တောင်တစ်ခါနှစ်ခါခတ်ပြီး ပိတ်သွား၏။ ဒုတိယကြိမ် ရှူသွင်းပြီးသည်နှင့် ဆန်းအိပ်ပျော်သွားလေ၏။

ဒစ်စတိန်း အမျိုးသမီးကို လှမ်းကြည့်သည်။ အမျိုးသမီးသည် အဝတ်အစား မဝတ်ရသေး။ ဒစ်စတိန်းအား ဖိတ်ခေါ်သော အကြည့်ဖြင့်ကြည့်သည်။ ဒစ်စတိန်းက ခေါင်းယမ်းပြလိုက်သည်။

အမျိုးသမီး အဝတ်အစားပြန်ဝတ်၍ ပြီးသောအခါ ဒစ်စတိန်းအနားသို့ လာ၏။ ဒစ်စတိန်းက ဒတ်ချ်သုံးငွေ ဂီလ်ဒါတစ်ထောင် ပေးလိုက်၏။ အမျိုးသမီးသည် ဒစ်စတိန်းပါးကို တစ်ချက်၊ ငွေစက္ကူများကို တစ်ချက်နမ်း၍ အပြင်သို့ ထွက်သွား၏။

ဒစ်စတိန်း ပြတင်းမှ လှမ်းကြည့်ရာ အမျိုးသမီး မောင်းထွက်သွားသော ကားမီးရောင်ကို မြင်လိုက်ရသည်။

ဒစ်စတိန်းထိုင်၍ စောင့်နေ၏။ ခဏအကြာ သူကိုယ်တိုင်လည်း အိပ်ချင်လာသဖြင့် တစ်ဖက်ခန်းကို ကူးကာ ဟိုတယ်စားသောက်ခန်းမှ ကော်ဖီမှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းသောအခါ ဟိုဟင်က ဖုန်းဆက်၍ သင်္ဘောမှ ပထမ အရာရှိသည် သူတို့၏ အင်ဂျင်နီယာကို ဘားများ၊ မကောင်းသော မိန်းမအိမ်များ သို့ လိုက်ရှာနေကြောင်း သတင်းပို့၏။

၁၂ နာရီခွဲတွင် ကိုဟင်ထံမှ ဖုန်းလာပြန်သည်။ သဘောကက်ပတိန်က ကုန်များလည်း တင်ပြီးနေပြီ။ အင်ဂျင်နီယာမရှိဘဲ ဖြစ်နေကြောင်း ကိုဟင်ထံ အကြောင်းကြားသည်ဆို၏။ ကိုဟင်က–

'ကက်ပတိန် ခင်ဗျားတို့ ကံကောင်းတယ်ဗျို့'ဟု အကြောင်းပြန်လိုက်၏။

၂ နာရီ ၃၀တွင် ကိုဟင်ထံမှ ဒိုင်ယက်တာကိုချိုတစ်ယောက် သူ့လက်ဆွဲ အိတ်ဖြင့် 'ကိုပါရယ်လီ' သင်္ဘောပေါ်သို့ တက်သွားကြောင်း အကြောင်းကြား သည်။

ဒစ်စတိန်းသည် ဆန်းတစ်ယောက် နည်းနည်းလှုပ်လှုပ်ရှားရှား ဖြစ်လာ တိုင်း အိပ်ဆေးဆက်ပေးနေရ၏။ နောက်နေ့မနက် ၆ နာရီတွင်ဒစ်စတိန်းသည် ဟိုတယ်အခန်းနှစ်ခန်းလုံးအတွက် ငွေရှင်း၍ ထွက်လာခဲ့လေ၏။

*

ဆန်းအိပ်ရာမှ နိုးလာသောအခါ ညကသူနှင့်အတူ အိပ်ခဲ့သော အမျိုးသမီးသည် သူ့ကို နှုတ်ပင်မဆက်ဘဲ ထွက်သွားကြောင်း သိရသည်။ သူကိုယ်တိုင်လည်း အလွန်ဆာလောင်နေသည်ကို တွေ့ရ၏။

မနက်မိုး သေချာလင်းလာသောအခါမှ ဆန်းသည် သူထင်ထားသလို တစ်ညတာမျှ အိပ်ပျော်ခဲ့ခြင်း မဟုတ်ဘဲ ကြားထဲက နေ့တစ်နေ့အပါအဝင် နှစ်ညတိတိ အိပ်ပျော်ခဲ့ကြောင်း သိရ၏။

သူ့ခေါင်းထဲ တစ်နေရာတွင် တစ်ခုခုတော့ ဖြစ်ခဲ့ပုံရသည်ဟု သူထင်သည်။ သို့သော် ဘာဖြစ်မှန်း သူမသိ။ ထိုအိပ်ပျော်စဉ် ၂၄ နာရီလုံးလုံး ဘာတစ်ခုမှ မသိလိုက်ရ။

*

ထိုစဉ် ၁၉၆၈ ခု၊ နိုဝင်ဘာလ ၁၇ ရက်၊ တနင်္ဂနွေနေ့တွင် 'ကိုပါရယ်လီ'သည် ပင်လယ်ခရီးထွက်နေပြီဖြစ်၏။

●

[၁၄]

ကယ်တမ်း စူဇာလုပ်ဖို့ ကောင်းသည်မှာ အစွရေးသံရုံးကို ဖုန်းဆက်၍ က်ဒစ်စတိန်းအား အကြောင်းကြားပေးပါရန်ဟု သတင်းပေးလိုက်ရုံသာ ဖြစ်ပါ သည်။

ထိုအတွေးသည် စူဇာ သူမအဖေက ဟာစန်ကိုကူညီပါမည်ဟု ပြောပြီးသည် နှင့် တစ်ပြိုင်နက်ခေါင်းထဲသို့ ဝင်လာ၏။ ထိုအချိန်တွင် စူဇာသည် အဝတ် အစားများ ထုပ်ပိုးနေချိန်ဖြစ်သည်။ ချက်ချင်းပင် ဖုန်းကောက်ကိုင်လိုက်ပြီး မ်းရေးမှတစ်ဆင့် သံရုံးဖုန်းနံပါတ်ကို တောင်းလိုက်၏။ ထိုစဉ် အဖေဝင်လာပြီး ယ်ကို ဆက်တာလဲဟုမေး၍ လေဆိပ်ကိုဆက်၍ အကြောင်းကြားမလို့ဟု ဆိုသောအခါ အဖေက သူဆက်ထားလိုက်ပါမည်ဆို၍ မဆက်ခဲ့ရ။

ခရီးထွက်လာခဲ့သည်နှင့် စူဇာ ဟာစန်ကို ရှုံမှန်းလာလေ၏။ ဟာစန်သည် ဒ်ဒေးယင်း'တို့အတွက် ဘယ်လောက် လုပ်ကိုင်ခဲ့ပုံ စသည်ဖြင့် ကြွားလုံးထုတ် နေတော့၏။ နောက် မချိုမချဉ်ပြုံး၍ စူဇာဒူးပေါ်သို့ လက်တင်သည်။ ပြီး စူဇာအမေနှင့် သူတို့သည် မိတ်ဆွေအဆင့်ထက် မကကြောင်း ရိပ်ဖမ်းသံဖမ်းပြော၍ စူဇာကိုလည်း မိတ်ဆွေမက ခင်မင်လိုကြောင်း စကားဆွယ်သည်။ စူဇာက ပါလက်စတိုင်းဒေသသည် အမျိုးသမီးများ တန်းတူအခွင့်အရေးမရမချင်း လွတ် မြောက်ရေး မရနိုင်ကြောင်း ပြောလိုက်မှ ပါးစပ်ပိတ်သွားတော့၏။

သူတို့သည် ကာတုန်း၏လိပ်စာရှာဖွေရာ၌ မလွယ်ကူဘဲ ဖြစ်နေသည်။ စူဇာက မတွေ့ရတော့လည်း ကောင်းတာပဲဟု တွေးနေစဉ်မှာပင် တ[illegible]သမား



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး၏ အကူအညီနှင့် လိပ်စာရသည်။ စူဇာကို ကားဆရာက ဝင်းတံခါးဝမှ ထားခဲ့၏။ ဟာစန်ကမူ မိုင်ဝက်ခန့် လမ်းထိပ်က စောင့်နေမည် ဖြစ်သည်။

အိမ်ကြီးမှာ အကြီးကြီးဖြစ်၍ နံရံမြင့်ကြီးများဖြင့် ခြံခတ်ထားသည်။ အပေါက်ဝတွင် အစောင့်များရှိ၏။ စူဇာက ကာတုန်းကို တွေ့လိုကြောင်း သူမသည် နက်ဒစ်စတိန်း၏ မိတ်ဆွေတစ်ဦးဖြစ်ကြောင်း ပြောခိုင်းလိုက်၏။

စူဇာသည် ကာတုန်းနှင့်တွေ့လျှင် ဘာပြောရမည်ကို စဉ်းစားနေ၏။ သူမ သိသမျှအားလုံးကို ပြောရမည်လား။ တချို့ တစ်ဝက်ပဲ ပြောရမည်လား။ အကယ်၍ ကာတုန်းသည် ဒစ်စတိန်းရှိသော နေရာကိုသိပြီးဖြစ်စေ၊ စုံစမ်း၍ သိနိုင်သည်ဖြစ်စေ၊ စူဇာကိုပြောပြရန် ဘာအကြောင်း ရှိပါသနည်း။ သူမက ဒစ်စတိန်းမှာ အန္တရာယ်ရှိနေကြောင်း၊ သူမသည် ဒစ်စတိန်းကို သွားတွေ့ပြီး သတိပေးမည်ဖြစ်ကြောင်း ပြောပြသောအခါ၊ ကာတုန်းအနေနှင့် ဘာအကြောင်းကြောင့် ယုံကြည်ပါမည်နည်း။ စူဇာက မိန်းမတို့မာယာဖြင့် စည်းရုံးမည် ဆိုပါကလည်း ကာတုန်းပါလာကောင်း ပါနိုင်မည်။ သို့သော် သံသယ ကင်းပါစေသလော။

စူဇာသည် ကာတုန်းကို ဖြစ်ကြောင်းကုန်စင် အကုန်ပြောပြလိုက်ချင်၏။ တကယ်ပင် နက်ကို တွေ့အောင်ရှာပြီး သတိပေးရန်လာကြောင်း ပြောပြချင်၏။ သို့သော် ရန်သူများက သူမကို ဒစ်စတိန်းထံ ရောက်အောင် ညွှန်ပြခိုင်းကြောင်း နောက်ဟာစန်က လမ်းထိပ် တစ်မိုင်ခန့် တက္ကစီကားပေါ်မှာ ထိုင်စောင့်နေကြောင်း ပြောပြပါက ကာတုန်းအနေနှင့် သူမကို ဘာမှယုံကြည်စိတ်ချစွာ ပြောပြတော့မည်မဟုတ်။

စူဇာသည် ဘာကိုမှ ပြတ်ပြတ်သားသား မစဉ်းစားနိုင်ဘဲ ဖြစ်နေ၏။ ပြဿနာတစ်ခုလုံးတွင် လိမ်ညာ ဟန်ဆောင်နေခြင်းများအပေါ် ထပ်ဆင့်လိမ်ညာခြင်းက ရှိနေပြန်သည်။ နောက်စူဇာအနေဖြင့်လည်း ချစ်သူ နာသန်နီယယ် မျက်နှာကို ကိုယ်တိုင်ကိုယ်ကြပ် မြင်တွေ့ပြီး အားရပါးရ ပြောဆိုနေချင်သည်။

စူဇာ ဘာမှ တိတိကျကျ မဆုံးဖြတ်ရသေးမီ ဂိတ်စောင့်က တံခါးဖွင့်ပေးသည်။ အိမ်ကြီးမှာ ကြီးကျယ်ခမ်းနားလှပေသည်။ အိမ်ဖော် အစေခံများကလည်း များပြားလှပေသည်။ တစ်ယောက်က အပေါ်ထပ်ကို ခေါ်သွားပြီး မစ္စတာကာတုန်းသည် မနက်စာနောက်ကျ၍ စားသောက်နေကြောင်း ပြောပြသည်။

စူဇာသည် အခန်းထဲသို့ ဝင်သွားသောအခါ ကာတုန်းကို စားပွဲငယ်တစ်ခု





တွင် ထိုင်၍ စားသောက်နေကြောင်း တွေ့ရ၏။ ကာတုန်းသည် ၁၀ ထိပ် ပြောင်ပြောင်နှင့် လူကြီးတစ်ဦးဖြစ်ပြီး အောက်စဖို့ သူမတို့အိမ်သို့ ရောက်ဖူးသည် ဆိုပါကလည်း သူမ လုံးဝမမှတ်မိတော့။ ထိုစဉ်က ရုပ်သွင် ပုံစံကလည်း ခြင်မျိုးဖြစ်နိုင်ပေသည်။

ကာတုန်းသည် စူဇာကို မြင်သည်နှင့် ထိတ်လန့်တကြားထိုင်ရာမှ ထလိုက်ပြီး

'မင်း ဒီထက် အသက်ကြီးရမယ်'

ကာတုန်း ဆတ်ကနဲ ထထိုင်၍ အစားအသောက်ပန်းကန်များ စားပွဲပေါ်မှ တစ်စဉ်ကျကွဲကုန်လေသည်။ ကာတုန်းသည် ချောင်းဆိုးပြီး သီးကုန်၏။

လိုက်ပို့သောအိမ်ဖော်သည် စူဇာကိုနောက်မှ ချုပ်လိုက်သည်။ ပြီးမှ ထွက်လိုက်ပြီး ကာတုန်းနံဘေးကို ပြေးသွားပြီး ကျောကိုထုပေးသည်။ စူဇာဘက်ကို လှည့်၍–

'မင်း တို့ဆရာကို ဘာ ဘာလုပ်တာလဲဟင်'

ဤကဲ့သို့ ထူးဆန်းကြောက်မက်ဖွယ်ကောင်းသော အတွေ့အကြုံသည် စူဇာစိတ်ကို ငြိမ်သက်သွားစေ၏။ သူမကို မြင်၍ ဤမျှ ထိတ်လန့်သွားသော လူဘစ်ယောက်ကို သူမက ကြောက်ရွံ့စရာလိုတော့မည်မထင်။ သူမသည် မိမိကိုယ်ကို ယုံကြည်စိတ်ချစိတ် ပို၍ တိုးပွားလာ၏။ သူမက–

'အဲဒါ ကျွန်မ အမေပါ'

'ဘုရားရေ'

ကာတုန်းသည် ချောင်းတစ်ချက် နောက်ဆုံးဟန့်လိုက်ပြီး

'မင်းက မင်းအမေနဲ့ သိပ်တူတာကိုးကွ၊ ကျုပ်ကို လန့်သွားတာပဲ'

ကာတုန်း မျက်စိကလေး အသာမှေးလိုက်ပြီး

'အဲဒီတုန်းက မင်းဟာ လေးငါးနှစ် ရှိဦးမှာပေါ့နော်၊ ဘယ်တုန်းကပါလိမ့်၊ ၁၉၄၇ ခုနှစ်က ထင်တယ်'

'ဟုတ်ပါတယ်'

'အား မှတ်မိပြီ၊ အဲဒီတုန်းက မင်း ဖဲကြိုးကလေးစည်းလို့လေ၊ ခုတော့ မင်းက နက်နဲ့အဆင်ပြေနေကြပြီကိုး'

စူဇာက

'ဒါဆို သူဒီကို ရောက်ခဲ့တယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဆိုပါတော့'

'ကာတုန်းက မရေမရာဖြေလိုက်၏။ သူ့မျက်နှာပေါ်မှ ရင်းနှီးမှုများ ကွယ်ပျောက်သွားလေ၏။ သည်လူက အလွတ်တကူလှည့်ပတ်၍ ရမည့်သူ မဟုတ်ပါကလား'

စူဇာက မထူးတော့ပြီဖြစ်၍

'ကျွန်မ သူဘယ်မှာ ရှိသလဲဆိုတာ သိချင်လို့'

ကာတုန်းက တပြေးညီသော လေသံဖြင့်

'ကျုပ်ကလဲ မင်းကို ဘယ်သူက ဒီလွှတ်လိုက်သလဲဆိုတာ သိချင်တာပါဝဲ'

'ကျွန်မကို ဘယ်သူကမှ မလွှတ်ပါဘူးရှင်'

စူဇာသည် သူမစိတ်ကို အတတ်နိုင်ဆုံး ထိန်းကာ ဆက်၍

'သူ အခုလုပ်နေရတဲ့ ကိစ္စမှာ ရှင့်ဆီကို လာပြီး အကူအညီ တောင်းဖေ မလားလို့ စဉ်းစားမိလို့ပါ။ သူ့အလုပ်ကို အာရပ်တွေက သိကုန်ကြပြီ၊ သူတို့က သူ့ကို သတ်ဖို့ ကြံစည်နေကြပါတယ်၊ ကျွန်မက ကြိုကြိုတင်တင် သတိပေး ချင်လို့ပါ၊ ရှင် သိတယ်ဆိုရင် ကျွန်မကို ကျေးဇူးပြုပြီး ပြောပြပါလားရှင်'

စူဇာသည် မျက်ရည်များဝဲလာပြီး ကျလုဆဲဆဲ ဖြစ်နေ၏။ သို့သော် ကာတုန်းကား ဘာမှထူးထူးခြားခြား စိတ်လှုပ်ရှားပုံ မရ။ သူက

'မင်းကိုကူညီဖို့က လွယ်ပါတယ်၊ မင်းကို ယုံကြည်ဖို့က ခက်တာ'

ကာတုန်းသည် ဆေးပြင်းလိပ်တစ်လိပ်ကိုထုတ်၍ စက္ကူပတ်ကို တဖြည်းဖြည်းခွာပြီးမှ မီးညှိလိုက်သည်။ စူဇာက စိတ်မရှည်စွာ စောင့်ကြည့်နေရှာ၏။ ကာတုန်းသည် စူဇာကိုမကြည့်ဘဲ တစ်ဖက်သို့လှည့်ကာ သူ့ဘာသာပြောသလိုဖြင့်

'အင်း ဟိုအလျင်တုန်းက ကျုပ်လိုချင်တာရှိရင် ကျုပ်ရအောင် ယူလိုက်ရုံပဲ၊ ယခုတော့ အဲသည်လို လွယ်လွယ်မဟုတ်တော့ဘူး၊ အခုတော့ အားလုံးဟာ ရှုပ်ရှုပ်ထွေးထွေးချည့်ပဲ၊ ကျုပ်က ဆုံးဖြတ်ရတယ်၊ ဆုံးဖြတ်ပေးရတာတွေဟာလဲ ကျုပ်လိုချင်တာတွေ မဟုတ်တော့ဘူး၊ အဲဒါတွေဟာ အခြေအနေတွေကပဲ ပြောင်းလဲ ကုန်တာလား၊ ကျုပ်ကပဲလားဆိုတာလဲ မသိတော့ပါဘူး'

ထို့နောက် ကာတုန်းသည် စူဇာဘက်သို့ လှည့်လိုက်၏။

ဒစ်စတိန်းဟာ ကျုပ်အသက်ကို ကယ်ဖူးတယ်၊ တကယ်လို့ မင်းပြောတာသာ မှန်နေခဲ့ရင် ကျုပ်ကတပြန် သူ့အသက်ကိုကယ်ဖို့ အခွင့်အရေးရတာပေါ့၊ ဒါဟာ သိက္ခာကြွေးဟောင်းဆပ်ရတာပဲ၊ ဒါမျိုးကို ကျုပ်ကိုယ်တိုင်လုပ်မှဖြစ်မယ်၊





အဲဆို ကျုပ်က ဘာလုပ်ရမှာလဲ'

ကာတုန်းသည် ခဏရပ်လိုက်သည်။

စူဇာသည် အသက်မရှူဘဲ စောင့်နေ၏။

ကာတုန်းကဆက်၍

'ဒစ်စတိန်းဟာ မြေထဲပင်လယ်ကမ်းခြေ တစ်နေရာရဲ့ အိမ်အိုအိမ်စုတ်ကြီး တစ်လုံးမှာ ရှိနေလေရဲ့၊ အဲဒီအိမ်ကြီးဟာ မသုံးဘဲ ပစ်ထားတာ နှစ်နဲ့ချီပြီးကြာလှပြီ၊ ဖုန်းလဲမရှိဘူး၊ စာနဲ့ပို့လို့လဲ ရောက်ပါ့မလားမသိဘူး၊ စောစောက ကျုပ်ပြောသလို ပေါ့။ ကျုပ်ကိုယ်တိုင် လုပ်မှဖြစ်တော့မယ်'

ကာတုန်းသည် ဆေးလိပ်တစ်ဖွာရှိုက်လိုက်၏။ ပြီးမှ

'ကျုပ်က မင်းကို နေရာလမ်းညွှန်ပြလိုက်ရင်လဲ ဒီသတင်းကို မင်းက မလိုလားအပ်သူတွေလက်ထဲ ပို့လိုက်နိုင်တယ်၊ အဲဒီလို မသေမချာတာကိုလဲ ကျုပ်မလုပ်နိုင်ဘူး'

စူဇာက

'ဒါဆို ဘယ်လိုလုပ်မလဲဟင် ကျွန်မတို့ သူ့ကို သတိပေးမှ ဖြစ်မယ်'

ကာတုန်းက စိတ်လှုပ်ရှားခြင်း လုံးဝမရှိဘဲ

'ကျုပ်သိပါတယ်၊ ဒါကြောင့် ကျုပ်ကိုယ်တိုင် အဲဒီကို သွားမလို့'

'အို'

စူဇာသည် အံ့သြလွန်းမက အံ့သြသွားသည်။ ဤသို့ ဖြစ်နိုင်ကြောင်း စူဇာ လုံးဝမတွေးခဲ့မိ။

ကာတုန်းကဆက်၍–

'ကဲ . . . မင်းအတွက် ဘယ်လိုလုပ်ရမလဲ၊ ကျုပ်အနေနဲ့ ဘယ်ကို သွားမယ်ဆိုတာကိုလဲ မင်းကို မပြောနိုင်ဘူး၊ ဒါတောင် မင်းက မင်းလူတွေ ကျုပ်နောက်ကို လိုက်ခိုင်းနိုင်သေးတယ်၊ ဒီတော့ မင်းကို ကျုပ်အနားမှာထားမှ ဖြစ်တော့မယ်၊ ကပါလေ တို့ဘက်စုံ စဉ်းစားကြည့်ရအောင်ပါ၊ မင်းဟာ တကယ်တော့ နှစ်ဖက်စလုံးကလူ ဖြစ်နိုင်သေးတယ်မဟုတ်လား၊ ဒီတော့ မင်းကို ကျုပ်နဲ့အတူ ခေါ်သွားမှဖြစ်မယ်'

စူဇာသည် ကာတုန်းကို ကြည့်လိုက်၏။ သူမ၏ရင်သည် အလုံးကြီး ကျသွားသလို ပေါ့ပါးသွား၏။ ကုလားထိုင်ပေါ်မှာ ခွေခွေကလေး ထိုင်ချလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



'အို ကျေးဇူးပါပဲရှင်ရယ်'

သည်နောက်တွင်မှ စုဇာ ငိုချလိုက်မိလေသတည်း။

*

ကာတုန်းနှင့် စုဇာတို့သည် လေယာဉ်ပထမတန်းမှ စီးလာကြ၏။ အကြောင်းမှာ ကာတုန်းသည် အမြဲတမ်းစီးနေကျဖြစ်သော ကြောင့်ပင်။ စားသောက်ပြီးသောအခါ စုဇာသည် ရေအိမ်သို့ သွားရန်ထခဲ့၏။

နောက်ခန်းဆီးကလေးကို ဖယ်၍ စိုးရိမ်စိတ်ဖြင့် ရှီးရှီးတန်းသို့ လှည့်ကြည့်သည်။ သူမစိုးရိမ်သည့်အတိုင်းပင် သူမကို လှမ်းကြည့်နေသော ဟာစန်၏ မျက်နှာကို တွေ့လိုက်ရ၏။

ထိုနောက် စုဇာသည် စားသောက်ရေး တာဝန်ခံသို့သွားပြီး အကူအညီတောင်းသည်။ စုဇာက သူမအနေနှင့် သူမချစ်သူထံသို့ ဆက်သွယ်ချင်သည်။ သို့သော် သူမအသက် ၂၁ နှစ်မပြည့်မချင်း လွတ်လပ်မှုမပေး မျက်စိအောက်မှ အပျောက်မခံသော အီတလီလူမျိုး ဖခင်ကြီးကြောင့် အခက်အခဲတွေ့နေသည်။ ကျေးဇူးပြုပြီး ရောမရှိ အစ္စရေးသံရုံးမှတစ်ဆင့် နက်ဒစ်စတိန်းအတွက် အမှာစကားကလေးတစ်ခု ပြောပေးပါ။ 'ဟာစန်းက ကျွန်မကို အားလုံးဖွင့်ပြောသည်။ ကျွန်မနှင့် ဟာစန် ရှင်ရှိရာ ကိုလာနေပြီ...စုဇာ' စုဇာက ဖုန်းခဟုပြော၍ ပိုက်ဆံပိုပိုမိုမိုကြီး ပေးလိုက်၏။ စားသောက်မှုတာဝန်ခံက အမှာစကားကို ရေးယူ၍ ပြောလိုက်ပါမည်ဟု ကတိပြုသည်။

စုဇာ ကာတုန်းဆီ ပြန်လာသည်။ စုဇာက သတင်းဆိုး ပေးစရာရှိသည်၊ အာရပ်တစ်ယောက် ရှီးရှီးတန်းမှာ ပါလာကြောင်း။ သူမတို့ကို နောက်ယောင်ခံလိုက်လာသည်ထင်ကြောင်း ပြော၏။

ကာတုန်းက ကျိန်ဆဲလိုက်၏။ သို့သော် စုဇာကို စိတ်မပူရန် ပြောလိုက်၏။ အချိန်တန်တော့ ကြည့်လုပ်တာပေါ့ဟု ဆိုသည်။

စုဇာ တွေးလိုက်၏။

'ဘုရားရေ ငါ ဘာတွေ လျှောက်လုပ်နေမိပါလိမ့်'

*

ကမ်းပါးထိပ် အိမ်ကြီးမှ တစ်ဆစ်ချိုး မတ်စောက်သော လမ်းအတိုင်း ကမ်းခြေသို့ ဒစ်စတိန်း ဆင်းခဲ့၏။ သူသည် အသင့်စောင့်နေသော မော်တော်





ဘုတ်ပေါ်သို့ တက်၍ မောင်းသူကို ခေါင်းညိတ်ပြလိုက်၏။

အင်ဂျင်စက် နိုးသွားပြီး မော်တော်ဘုတ်သည် ပင်လယ်ထဲသို့ ထွက်လာခဲ့လေ၏။ နေသည် ဝင်သွားပြီဖြစ်၍ အမှောင်ထု စတင်စပြုပေပြီ။ ကြယ်ကလေးများသည် လင်းပေါ်စပြုနေပြီ ဖြစ်၏။

ဒစ်စတိန်းသည် သူလုပ်ကိုင်ခဲ့သော အလုပ်များအကြောင်းကို တွေးနေမိ၏။ လုပ်စရာရှိသည်များကို တွေးနေ၏။ သတိကြီးစွာ ထားရမည်ကို သိသည်။ အပေါက်အစများကို ပိတ်ဆို့ရဦးမည်ကို နားလည်သည်။ အစီအစဉ် အော်ပရေးရှင်း တစ်ခုလုံးကို အပြန်ပြန်အလှန်လှန် စိတ်ထဲမှာ စစ်ဆေးကြည့်နေမိ၏။ မိမိပြောရမည့် အရေးကြီးသည့် မိန့်ခွန်းကို အလွတ်ကျက်၍ ရထားသလို ဖြစ်နေသော လူတစ်ယောက် ဖြစ်နေမှန်း သိလာ၏။ သို့သော် မကျေနပ်နိုင်သေး။

ရှေ့တွင် 'စထရွမ်းဘတ်' သင်္ဘောကို တွေ့ရ၏။ သင်္ဘောနံဘေးမှ ချထားသော ကြိုးလှေကားမှတစ်ဆင့် အပေါ်သို့ တက်လိုက်၏။

သင်္ဘောပေါ်မှ ကက်ပတိန်က စောင့်ကြိုလက်ဆွဲနှုတ်ဆက်ပြီး သူ့နာမည်ကို ပြော မိတ်ဆက်သည်။ သူသည် အခြားသော 'စထရွမ်းဘတ်'ပေါ်မှ အရာရှိများနည်းတူ အစ္စရေး ရေတပ်မှ ခေတ္တခေါ်ယူ အသုံးပြုခဲ့သူတစ်ဦး ဖြစ်ပေသည်။

သူတို့နှစ်ယောက်သည် ကုန်းပတ်ပေါ်သို့လှည့်ကြည့် စစ်ဆေးသည်။

ဒစ်စတိန်းက

'အခြေအနေ ဘယ့်နှယ်နေသလဲ ကက်ပတိန်'

ကက်ပတိန်က

'သင်္ဘောက အကောင်းစားကြီးတော့ မဟုတ်ဘူးဗျာ၊ နေ့နေ့အိုအိုကြီးပဲ၊ ဒါပေမဲ့ ကျွန်တော်တို့ အတတ်နိုင်ဆုံး ပြင်ဆင်ထားခဲ့ပါတယ်'

ဒစ်စတိန်း လှည့်လည်ကြည့်ရှု မြင်ရသမျှ မျက်မြင် အခြေအနေအရ ဘာပဲပြောပြော အင်တဝပ်မှာ မြင်တွေ့ခဲ့ရသော 'ကိုပါရယ်လီ'ထက်တော့ ပို၍ သန့်ပြန့်ကောင်းမွန်နေပေသည်။

ထို့နောက် သူတို့ သင်္ဘောသားတို့၏ စားသောက်ခန်းသို့ ဝင်ကြသည်။ သင်္ဘောသားများမှာ သူတို့၏ညစာကို လက်စသတ်နေကြပြီ ဖြစ်၏။ သူတို့ကား အရာရှိများနည်းတူ အစ္စရေး ရေတပ်မှ မဟုတ်တဲ့ ရေကြောင်း အတွေ့အကြုံရှိသော



www.burmeseclassic.com

www.burmeseclassic.com



မောဆက်တပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။ တချို့မှာ ဒစ်စတိန်းနှင့် အတူတွဲ၍ လုပ်ကိုင်ဖူးကြ၏။ အားလုံးမှာ သူ့ထက် အနည်းဆုံး ဆယ်နှစ်ကျော် ငယ်ကြပြီး သန်စွမ်းတောင့်တင်း၍ စနစ်တကျ လေ့ကျင့်ထားကြသူများ ဖြစ်ပေသည်။

ထိုနေ့ စောစောပိုင်း ကတည်းက ဒစ်စတိန်းသည် အခြေအနေအားလုံးကို တင်ပြခဲ့ပြီးဖြစ်သည်။ သူ့ကို 'ကိုပါရယ်လီ' သင်္ဘောကို တက်ရောက်စီးနင်းမည့် အချိန်တွင် 'ကိုပါရယ်လီ'ပေါ်တွင် လူရှိမည် မဟုတ်ကြောင်း ပြောပြခဲ့၏။

'ကိုပါရယ်လီ' သင်္ဘော ဂျိဘရော်တာ ရေလက်ကြားကို ဝင်တာနှင့် အင်ဂျင်ပျက်သွားလိမ့်မယ်။ ပျက်စီးတဲ့ အပျက်ဟာ ပင်လယ်ပြင်မှာ ပြင်မရနိုင်တဲ့ အခြေအနေဖြစ်လို့ ကက်ပတိန်ဟာ ပိုင်ရှင်ဆီကို အကြောင်းကြားရမယ်။ အဲပိုင်ရှင် ဆိုတာကလဲ ကျုပ်တို့ပဲ ဖြစ်နေတယ်။ ကံအားလျော်စွာပေါ့လေ၊ ကျုပ်တို့ပိုင်တဲ့ 'ဂီလ်ဟာမီလ်တန်' သင်္ဘော၊ အဲဒီ သင်္ဘောဆီကို သွားပြီး သင်္ဘောသားတွေကို သယ်ပြီး ကမ်းပို့မယ်။ ပြီးတော့ သင်္ဘောသားတွေကို ခရီးစရိတ်ပေးပြီး ပြန်လွှတ်လိမ့်မယ်။

အခြေအနေများကို တစ်ရက်တာမျှ စဉ်းစားနိုင်ခွင့် ရကြပြီဖြစ်သော အေးဂျင့်များထံမှ မေးခွန်းများ မျှော်လင့်ထားပြီး ဖြစ်သည်။ ပုပုတောင့်တောင့် လီဗီအဘတ်စ်ဆိုသူက

'ကိုပါရယ်လီ သင်္ဘောဟာ ခင်ဗျား အလိုရှိတဲ့ အချိန်မှာ ပျက်မယ်လို့ ဘာကြောင့် ပြောနိုင်သလဲ'

ဒစ်စတိန်းက ကော်ဖီတစ်ငုံ သောက်ရင်း–

'မောင်ရင် ရေတပ်ထောက်လှမ်းရေးတပ်ဖွဲ့က ဒိုက်ယက်တာကိုချ်ကို သိလား'

'သိပါတယ်'

'သူက ကိုပါရယ်လီရဲ့ အင်ဂျင်နီယာလေ'

အဘတ်စ်က ခေါင်းညိတ်ရင်း

'ဒါကြောင့် ကျုပ်တို့လက်ထဲ ရောက်လာတော့ 'ကိုပါရယ်လီဟာ ဘာပျက်တယ်ဆိုတာသိပြီး ပြင်ဆင်နိုင်မယ်ပေါ့'

'ဟုတ်တယ်'

အဘတ်စ်က ဆက်၍

'ကျုပ်တို့က "'ကိုပါရယ်လီ" သင်္ဘောရဲ့နာမည်ကို ဖျက်ပြီး "စထရွမ်း





ဘတ်" နာမည် ပြောင်းတပ်မယ်၊ မှတ်တမ်းစာအုပ်ချင်း လဲမယ်၊ နောက် "စထရွမ်းဘတ်"ကို မြှုပ်ပစ်မယ်၊ "စထရွမ်းဘတ်"လို့ နာမည်ပြောင်းပြီးသား ဖြစ်နေတဲ့ "ကိုပါရယ်လီ" သင်္ဘောကို ဟိုင်ဖာကို မောင်းယူခဲ့ဖို့ မဟုတ်လား၊ အဲဒီလို လုပ်မယ့်အစား "ကိုပါရယ်လီ"ပေါ်က ကုန်တွေကို ကျွန်တော်တို့ သင်္ဘောပေါ် ပြောင်းတင်ခဲ့ရင်ကော မရဘူးလား၊ ကျုပ်တို့မှာ ကရိန်းတွေပါသားနဲ့'

ဒစ်စတိန်းက

'အစတုန်းက ကျုပ်လဲ အဲဒီလို စိတ်ကူးတာပဲ၊ ဒါပေမယ့် ရာသီဥတုကို စိတ်ချရတာ မဟုတ်ဘူးလေ၊ ပြီးတော့ ကျုပ်တို့မှာ ဆင်တူ သင်္ဘောတစ်စီးရှိမှတော့ ကုန်ရွှေ့တင်နေမယ့်အစား သင်္ဘောနာမည်ပဲ ပြောင်းတပ်တော့မှာပေါ့'

တခြားလူငယ်အေးဂျင့်တစ်ယောက်က

'ဒီလောက် အဆင်ပြေ လွယ်ကူနေတဲ့ ကိစ္စမှာ ကျုပ်တို့ လူမိုက်အုပ်စုကြီးက ဘယ်နေရာမှာ သွားသုံးမှာလဲ'

'ကျုပ်က ဒီအော်ပရေးရှင်းအတွက် လွန်ခဲ့တဲ့ ခြောက်လလုံးလုံး ကမ္ဘာအနှံ့ အပြေးအပြေးသွားလာ စီစဉ်နေခဲ့ရတယ်၊ တစ်ကြိမ်နှစ်ကြိမ်မက တစ်ဖက်အုပ်စုက လူတွေနဲ့ တိုးခဲ့တယ်၊ ကျုပ် ဘာတွေလုပ်မယ် ဆိုတာတော့ သူတို့ သိမယ် မထင်ပါဘူး၊ ဒါပေမယ့် သိနေခဲ့ရင် ကျုပ်တို့ ရင်ဆိုင်ကြရမယ် မဟုတ်လား'

ထိုစဉ် အရာရှိတစ်ဦးက စာရွက်တစ်ရွက်နှင့် ဝင်လာ၏။ ထိုလူက 'တယ်လ်အဗစ်က ကြေးနန်းဝင်လာတယ် ခင်ဗျာ၊ 'ကိုပါရယ်လီ''သင်္ဘောဟာ ဂျိဘရော်လတာထဲကို ဝင်ပြီတဲ့'

ဒစ်စတိန်းသည် ထိုင်ရာမှထလိုက်၏။

'ကျုပ်တို့ သင်္ဘောလဲ မနက်ထွက်မယ်'

*

စုဇာအက်ရှ်ဖို့နှင့် အလန်ကာတုန်းတို့သည် ရောမမှာ လေယာဉ်ပြောင်းစီးပြီး စစ္စလီကျွန်းသို့ မနက်အစောကြီးရောက်လာခဲ့၏။ လေဆိပ်တွင် ကာတုန်း၏ ညီအစ်ကိုတော်များ နှစ်ယောက်က လာကြိုတွေ့ဆုံသည်။ သူတို့သုံးဦးသား တစ်စုံတရာငြင်းခုံကြသည်။ သူတို့စကားသံမှာ မြန်လွန်းသဖြင့် စုဇာ အပြည့်အစုံ နားမလည်ပါ။ သို့သော် ခန့်မှန်းမိသမျှမှာ ညီအစ်ကိုတော်များက ပြောလိုက်ခဲ့မည်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်ကို ကာတုန်းက သူ့ရဲ့သိက္ခာကြွေးမို့ သူ့ဘာသာသွားမည်ဟု ငြင်း နေကြခြင်းဖြစ်သည်။

နောက်ဆုံး ကာတုန်းက အနိုင်ရပုံရပြီး သူတို့နှစ်ဦးလေဆိပ်မှ ညီအစ်ကို တော်များမပါဘဲ ထွက်လာခဲ့ကြ၏။ ဖိယက်ကား အဖြူကြီးတစ်စီးနှင့်ဖြစ်ပြီး စုဇာက မောင်းလာခဲ့ခြင်းဖြစ်သည်။

စုဇာရင်ထဲတွင် ဒစ်စတိန်းနှင့်သူမ ပြန်ဆုံကြပုံကို အကြိမ်တစ်ရာမက အစမ်းတွေးကြည့်နေမိသည်။ စုဇာ ဒစ်စတိန်းထံသို့ ပြေးဝင်သွားပြီး ဖက် လိုက်မည်။ 'အို သိပ်ချစ်တာပဲ'ဟု ပြောပြီး ဒစ်စတိန်းကိုနမ်းမည်။ ဒစ်စတိန်းက တအံ့တသြနှင့် 'မင်းဒီကို ဘယ့်နှယ်ဘယ်လို ရောက်လာတာတုန်း'ဟု မေးလေ မလား။

စုဇာသည် သူမနံဘေးမှထိုင်နေသော ကာတုန်းကို တစ်ချက်ကြည့်လိုက် ၏။ စုဇာစိတ်ထဲတွင် ကာတုန်းကို နက်နှင့် ရွယ်တူတန်းတူဟု စိတ်ထဲမှာ တွေ မရနိုင်ဘဲ ဖြစ်နေသည်။ သည်လောက်ဝဝ ထိပ်ပြောင်ပြောင်လူကြီးနှင့်

ကာတုန်း ဆေးလိပ်မီးညှိလိုက်သည်။

'ကျုပ် ငယ်ငယ်တုန်းက ဒီလို အမြဲလုပ်နေကျပဲ၊ လေယာဉ်တစ်စီးပေါ် တက်၊ မိန်းကလေးတစ်ယောက် မောင်းတဲ့ကား စီးပြီး ဟိုဟိုဒီဒီ သွားတာမျိုးလေ ခုတော့ ဘတ်ဖဲလိုးမှာ သံမှိုတဲ့ထားသလို နေရတော့တာပဲ၊ ချမ်းသာလာပြီဆိုတော့ တွေးစရာပူစရာတွေက ရှိလာပြီကိုး၊ လူတွေဆီကို သွားစရာ မလိုတော့ဘဲ လူတွေက ကိုယ့်ဆီ လာနေကြပြီကိုး'

'ဒါ ရှင်ရွေးတဲ့လမ်းပဲလေ'

စုဇာသည် ကာတုန်းအပေါ်မှာ ကြင်နာစိတ်၊ စိတ်မကောင်းစိတ် ဖြစ်လာ၏။ သည်လူသည် မကောင်းသောအလုပ်ကို လုပ်ရင်း သည်နေရာ သည်ဘဝကို ရောက်လာသူဖြစ်သည်။

'ဟုတ်ပါတယ် ကျုပ်ရွေးတဲ့လမ်းပါပဲ၊ ကနေ့ လူငယ်တွေဟာ အကြင်နာ စိတ် သိပ်မရှိကြတော့ဘူးနော်'

ကာတုန်းသည် တစ်ဝက်တစ်ပျက်ပြုံးရင်း ဆေးလိပ်ဖွာလိုက်၏။

စုဇာသည် ကားနောက်ကြည့်မှန်ထဲမှဖို့ဒ်ကား အပြာကလေးကို တတိယ အကြိမ် မြင်လိုက်ရသည်။ အသံကိုငြိမ်အောင် ထိန်းရင်း–

'ကျွန်မတို့ နောက်ယောင်ခံလိုက်တဲ့လူ ရှိနေပြီ'





'အာရပ်ငနဲလား'

'ဟုတ်မယ်ထင်တာပဲ၊ ရှင်ဘာလုပ်မလဲဟင်၊ ရှင် ကြည့်ဖြေရှင်းမယ်ဆို'

'အင်းပါ'

ကာတုန်းသည် ဆက်မပြောတော့ဘဲ ငြိမ်နေ၍ စုဇာက လှည့်ကြည့် လိုက်သည်။ ကာတုန်းသည် ပစ္စတိုတစ်လက်ကို ကျည်ထည့်နေ၏။ စုဇာသည် ကိုက်ကနဲဖြစ်သွားသည်။ သူမ တစ်သက်နှင့်တစ်ကိုယ် သေနတ်အစစ်ကို မမြင်ဖူးခဲ့။

ကာတုန်းသည် စုဇာဘက် လှည့်ကြည့်သည်။ ပြီး ရှေ့ကြည့်၍–

'ဟော ဟော ရှေ့ကြည့်မောင်းကွဲ့'

စုဇာသည် ရှေ့ကိုကြည့်လိုက်ရာ လမ်းချိုးတွေ့သည်နှင့် ကွေ့လိုက်ရ၏။ ပြီးမှ

'ရှင် ဘယ်ကရတာလဲဟင်'

'ကျုပ် ညီအစ်ကိုတွေဆီကပေါ့'

စုဇာစိတ်သည် ပို၍ တုန်လှုပ် ချောက်ချားသွား၏။

သူမက

'ကျွန်မတို့ ခု ဘယ်သွားမယ်ဆိုတာ ဘာပြစ်လို့ ပြောမပြသေးတာလဲဟင်'

'ခုတော့ ပြောလို့ရပါပြီ၊ နက်ဟာ ကျုပ်ဆီကိုလာပြီး ရဲနဲ့တခြားစပ်စုတဲ့ လူတွေ မလာနိုင်တဲ့အိမ်တစ်လုံး ငှားပါဆိုလို့ ကျုပ်ရှာပေးလိုက်တယ်လေ၊ ကျုပ်တို့အခု အဲဒီအိမ်ကို သွားမလို့'

စုဇာရင်သည် ပိုခုန်လာ၏။

'ဘယ်လောက်ဝေးသေးလဲ'

'သုံးလေးမိုင်လောက်ပဲ လိုတော့တယ်'

တစ်မိနစ်ခန့်အကြာ ကာတုန်းက–

'သိပ်မြန်မြန်မမောင်းနဲ့လေ၊ ကျုပ်တို့မရောက်ခင် မသေချင်သေးဘူး'

သည်တော့မှ စုဇာလီဗာကို တအားနင်းမိကြောင်း သတိပြုမိသည်။ စုဇာရင်ထဲတွင် ဒစ်စတိန်းကိုတွေ့ပြီး နမ်းရတော့မည်။ ဖက်ရတော့မည်ကို စိတ်စောနေ၏။

ကာတုန်းက

'ညာဘက်ချိုး'



www.burmeseclassic.com

www.burmeseclassic.com



ညာဘက်ချိုးလိုက်ရာ အိမ်ဟောင်းကြီး တစ်အိမ်ရှိသော ဝင်းတစ်ခုသို့ ရောက်လာ၏။

အိမ်ထဲတွင် လူသူလေးပါး ရှိပုံမရ။

သူတို့သည် ကားပေါ်မှဆင်း၍ကျိုးပဲ့နေသော အုတ်လှေကားအတိုင်း အိမ်ကြီးရှိရာ တံခါးမကြီးသို့လာခဲ့၏။ အသားတံခါးကြီးပိတ်ထား၏။ သို့သော် သော့ခတ်မထားပေ။ စုဇာ ဖွင့်၍ ဝင်လိုက်သည်။

ခန်းမကျယ်ကြီးတွင်လည်း ဘယ်သူမှမရှိ။

ကာတုန်းက အသံကျယ်ကျယ်ဖြင့်

'ဘယ်သူမှ မရှိကြဘူးလားဗျို့'

ဖြေသံမကြားရ။

သူတို့သည် ခန်းမကြီးကို ဖြတ်သည်။ ဧည့်ခန်း၊ တခြားအခန်းများကို ဖြတ်၍ တစ်ဖက်ပေါက်မှ အပြင်ထွက်လိုက်သည်။ သည်ဘက်မှာ ပင်လယ်ဘက် ဖြစ်သည်။ ပန်းခြံကလေးတစ်ခုသည် ကမ်းပါးထိပ်ထိ ရှိသည်။ ကမ်းပါးထိပ် ရောက်သောအခါ အောက်သို့ဆင်းရသော တစ်ဆစ်ချိုး လူသွားလမ်းတစ်ခုကို မြင်ရသည်။

ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မမြင်ရ။

စုဇာ ဒစ်စတိန်းကို မတွေ့ရ၍ စိတ်ထဲမှာ ဟာနေ၏။

ထိုစဉ် ကာတုန်းသည် ပင်လယ်ဘက်သို့ လက်ညှိုးညွှန်ရင်း

'ဟိုမှာကြည့်စမ်း'

စုဇာသည် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်၏။

သင်္ဘောတစ်စီးနှင့် မော်တော်ဘုတ်တစ်စီးကို မြင်ရသည်။ မော်တော်ဘုတ်သည် သူတို့ဆီသို့ ပြန်လာနေပြီး သင်္ဘောသည် ပင်လယ်ဘက်သို့ သွားနေပုံရသည်။ မော်တော်ပေါ်တွင် မောင်းသူတစ်ယောက်သာ မြင်ရသည်။

ကာတုန်းက

'ကျုပ်တို့ ကပ်လွဲသွားပြီ'

စုဇာသည် လမ်းကလေးအတိုင်း ပြေးဆင်း၍ အရူးမကလေးတစ်ယောက်လို ခုန်ပေါက်၍ အချက်ပြကာ သင်္ဘောပေါ်မှလူများ မြင်ရနိုးနှင့် ကြိုးစားနေရှာ၏။ သင်္ဘောမှာ ဝေးလွန်းပြီဖြစ်၍ ဘာမှ မမြင်ရနိုင်တော့။ စုဇာသည် ခုန်ပေါက်နေရာမှ ခြေချော်ပြီး လဲကျသွား၏။ ထိုအခါမှ စုဇာ ငိုကြွေးမိတော့သည်။





ကာတုန်း ပြေးလွှား၍ စုဇာထံလာကာ ထူပေးသည်။

'မမိခဲ့တော့ဘူးကွယ်'

'မော်တော်ဘုတ် ရှိသေးတာပဲ၊ ကျွန်မတို့ မော်တော်ဘုတ်နဲ့ လိုက်ကြမယ်လေ'

'မရနိုင်ဘူးထင်တယ်၊ မော်တော်ဘုတ် ဒီရောက်ချိန်လောက်ဆိုရင် သင်္ဘောက တော်တော်ရောက်သွားရော့မယ်၊ ပြီးတော့ သင်္ဘောက မော်တော်ထက် မြန်တယ်ကွယ့်'

သူတို့နှစ်ဦးသည် စိတ်ပျက်လက်ပျက် ကမ်းပါးပေါ်သို့ တက်ခဲ့ကြ၏။ နောက် အိမ်ထဲသို့ ဝင်ခဲ့သည်။ ဧည့်ခန်းသို့ ရောက်သောအခါ ကာတုန်းက

'ကဲ ကျုပ်တို့ နားကြဦးမှ'

စုဇာသည် ကာတုန်းကို မော့ကြည့်လိုက်သည်။ ကာတုန်းသည် အသက်ကို မဝသလို ပြင်းပြင်းရှူနေ၏။ မျက်နှာတွင် ချွေးသီးချွေးပေါက်များ ထွက်နေ၏။ သည်တော့မှ ကာတုန်းလို လူဝကြီး တစ်ယောက်အတွက် ကမ်းပါးစောက်ကြီးကို အပြေးဆင်းခဲ့ပြီး နောက်ပြန်တက်ရသည်မှာ မလွယ်ကြောင်း သတိထားမိ၏။ သူတို့သည် ခန်းမကြီးသို့ ရောက်သည်နှင့် ကာတုန်းသည် လှေကားထစ်တွင် ထိုင်ချလိုက်၏။ နောက် နံရံကို ခေါင်းနှင့်မှီ၍ မျက်လုံးပိတ်ထားလိုက်သည်။ ပြီးမှ–

'ဒီမယ် သင်္ဘောကိုလှမ်းပြီး ကြေးနန်းရိုက်လို့ ရပါသေးတယ်'

စုဇာက

'နားလိုက်ပါဦးရှင်၊ စကားမပြောပါနဲ့'

'ကျုပ် ညီအစ်ကိုတွေကို မေးလိုက်ရင် ရပါတယ်၊ ဟိုမှာ ဘယ်သူလဲ'

စုဇာ လှည့်ကြည့်လိုက်သည်။

ယာစစ်ဟာစန်သည် သူတို့ထံ လျှောက်လာ၏။

ရုတ်တရက်ပင် ကာတုန်းသည် ကြိုးစားရပ်လိုက်၏။

ဟာစန်တုံ့ကနဲ ရပ်သွားသည်။

ကာတုန်းသည် ဖားဖိုကြီးလို ဟောဟဲလိုက် အသက်ရှူနေရဆဲ ဖြစ်သည်။

သူသည် အိတ်ထဲက နှိုက်သည်။

စုဇာက

'အို မလုပ်နဲ့လေ'



www.burmeseclassic.com

www.burmeseclassic.com



ကာတုန်း သေနတ်ကို ဆွဲလိုက်၏။

ဟာစန်နေရာတွင် ကျောက်ရုပ်လို ရပ်နေ၏။

စုဇာ ထိတ်လန့်တကြား အော်လိုက်၏။ ကာတုန်းသည် ဒယီးဒယိုင် သေနတ်ကို လေထဲမှာ မြှောက်ယမ်းသည်။

ကာတုန်းသည် သေနတ်မောင်းကို ဆွဲလိုက်၏။ ကျည်ဆန်နှစ်ချက်သည် ကျယ်လောင်စွာ မြည်ဟည်းထွက်သွား၏။ သို့သော် ကျည်လမ်းကြောင်းတို့သည် ပေါက်တတ်ကရ ထွက်သွားခြင်းသာဖြစ်၏။ နောက် ကာတုန်းသည် ဖုန်းခနဲ မြေမှာပစ်လဲကျသွား၏။ သူ့မျက်နှာမှာ ပြာနှမ်းနေ၏။ သေနတ်သည် လက်ထဲမှ လွတ်ပြီး သမံတလင်းပေါ်သို့ လွင့်ကျသွား၏။

စုဇာ ကာတုန်းဘေးမှာ ဒူးထောက်ချလိုက်၏။

ကာတုန်းက အက်ကွဲသောအသံနှင့်

'ဒီမှာ နားထောင်'

ဟာစန်က အနားရောက်လာပြီး

'သူ့ကို ထားခဲ့လေ သွားကြစို့'

စုဇာသည် ဟာစန်ကို မော့ကြည့်ရင်း အသံကုန်ဟစ်၍

'သွားစမ်း'

နောက် ကာတုန်းဘက်သို့ လှည့်လိုက်၏။

ကာတုန်းက

'ကျုပ် လူတွေအများကြီး သတ်ခဲ့ဖူးတယ်၊ တချို့ကို ကျုပ်ကိုယ်တိုင် သတ်တာ၊ မဟုတ်တာတွေလဲ အများကြီး လုပ်ခဲ့ဖူးတယ်၊ ဒါပေမယ့် ကျုပ်သေတော့ မိတ်ဆွေတစ်ယောက်အတွက် သေရတာ မဟုတ်ဘူးလား၊ မဟုတ်ဘူးလားဟင်၊ ဒါ တန်ဖိုးမဟုတ်ဘူးလာဟင်၊ ဒါတန်ဖိုးမဟုတ်ဘူးလားဟင်'

စုဇာက ခေါင်းညိတ်ပြရင်း

'ဟုတ်ပါတယ် တန်ဖိုးပါပဲရှင်'

'အိုကေ'

ကာတုန်းသည် ထိုစကားလုံးကို ရေရွတ်ပြီးနောက် သေဆုံးသွားလေ၏။

စုဇာသည် လူတစ်ယောက် သေဆုံးသည်ကို မမြင်ဖူးခဲ့၊ ထိတ်လန့်စရာ ပါကလား။ ရုတ်တရက် ဘာမမှရှိတော့၊ ကိုယ်ခန္ဓာရုပ်အလောင်းကြီး တစ်ခုသာ ရှိတော့၏။ သိကျွမ်းခဲ့ရသော ပုဂ္ဂိုလ်သည် မရှိတော့။ ထို့ကြောင့် လူတွေသည်





သေဆုံးကြသည့်အတွက် ငိုကြွေးကြခြင်း ဖြစ်ပေသည်။ စုဇာ ကိုယ်တိုင်လည်း ယခုမှမျက်ရည်ပေါက် ကြီးငယ်ကျနေကြောင်း သိရလေသည်။

ဟာစန်က

'မင်းလုပ်ပုံ သိပ်နေရာကျပါတယ်၊ ကဲ ကျုပ်တို့သွားကြစို့'

စုဇာဘာမှ နားမလည်လိုက်။ လုပ်ပုံနေရာကျတယ်၊ အိုး သည်တော့မှ စုဇာသဘောပေါက်သွားသည်။ သူမ ကာတုန်းအား အာရပ်တစ်ယောက် နောက်မှ လိုက်လာကြောင်း ဖွင့်ပြောခဲ့သည်ကို ဟာစန် မသိခဲ့။ ဟာစန်ဘက်က တွေးလျှင် စုဇာသည် သူတို့ခိုင်းသည့်အတိုင်း လုပ်ကိုင်ပေးခဲ့သည်။ ဤနေရာအထိ လမ်းညွှန်ခေါ်ခဲ့သည်။ သည်ပုံအတိုင်းဆိုလျှင် သူမ ဟန်မပျက်ဆက်နေပြီး နှက်နှင့် တစ်နည်းတစ်လမ်း ဆက်သွယ်ရန် ကြိုးစားရမည်ဖြစ်သည်။

ငါ ပင်ပန်းလှပြီ၊ ငါ ဆက်ပြီး လိမ်ညာဟန်ဆောင် မနေနိုင်တော့ဘူးနဲ့ တူတယ်ဟု စုဇာတွေးလိုက်၏။

ထို့နောက် သဘော်ကို ဖုန်းဆက်နိုင်တယ်၊ ကြေးနန်းတော့ ရိုက်နိုင်တယ် လို့ ကာတုန်းက ပြောခဲ့သည်မဟုတ်လား။

သူမနက်ကို သတိပေးနိုင်သေးသည်။

အို ဘုရားရေ ဘယ်တော့များမှ အိပ်ရမှာပါလိမ့်။

စုဇာသည် ထလိုက်၏။

'ကဲ သွားမယ်'

သူတို့သည် ဝင်းပြင်ဘက်သို့ ထွက်လိုက်ကြ၏။ ဟာစန်က

'ကျုပ်ကားကို ယူမယ်'

စုဇာသည် ထွက်ပြေးရကောင်းမလားဟု စဉ်းစားလိုက်၏။ မဟုတ်သေး ပါဘူး၊ ကလေးကလားနိုင်လိုက်တာ။ ဟာစန် သူမကို ခဏနေ ပြန်လွှတ်တော့ မည်ပဲ။ ဟာစန်ခိုင်းသမျှ သူမ လုပ်ပေးခဲ့ပြီပဲ၊ အခု သူမကို အိမ်ပြန်စေဖို့ပဲရှိသည် မဟုတ်ပါလား။

စုဇာ ကားပေါ်တက်လိုက်၏။

'ခဏ'

ဟာစန်က တစ်ခုခုသတိရဟန်နှင့် ကားပေါ်မတက်သေးဘဲ ကာတုန်း၏ ကားရှိရာသို့ သွားသည်။ နောက် ကားသော့ကို ဖြုတ်၍ အဝေးသို့လွှင့်ပစ် လိုက်၏။ နောက် ကားပေါ်ပြန်တက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒါမှ မော်တော်ဘုတ်ပေါ်က လူက ကျုပ်တို့နောက်ကို လိုက်မလာနိုင်မှာ'

သူတို့ ကားမောင်းထွက်လာစဉ် ဟာစန်က

'မင်းရဲ့ အပြုအမူက စိတ်ပျက်စရာပါပဲကွာ၊ ဟိုလူက တို့ရန်သူကို အကူအညီပေးနေတဲ့လူ မဟုတ်လား၊ မင်းက အခုလို ငိုကြွေးနေမယ့်အစား ဝမ်းသာနေရမှာ'

စုဇာသည် မျက်လုံးများကို လက်ဖြင့် ဖုံးလိုက်ပြီး

'သူဟာ သူ့မိတ်ဆွေကို သူ ကူညီပေးနေတာပဲဟာ'

ဟာစန်က စုဇာ့ပေါင်ကို ပုတ်လိုက်ပြီး

'မင်း အားလုံးကောင်းကောင်း လုပ်နိုင်ခဲ့ပါတယ်ကွာ။ ကျုပ်က အပြစ်တင်နေလို့ မကောင်းပါဘူး၊ ကျုပ်လိုချင်တဲ့ သတင်းလဲရပြီပဲ'

စုဇာက မော့ကြည့်လိုက်၏။

'ရှင်'

'ဟုတ်တယ်လေ၊ ပင်လယ်ဘက်ကို ထွက်သွားတဲ့ သင်္ဘောကြီးကို လှမ်းမြင်လိုက်ရသားပဲ၊ အဲဒါ

'စထရွမ်းဘတ်'လေ၊ 'စထရွမ်းဘတ်' ထွက်တဲ့အချိန်၊ သွားနှုန်းသိပြီပဲ၊ ဒီသင်္ဘော "ကိုပါရယ်လီ"နဲ့ ဆုံနိုင်လောက်မယ့် အချိန် မှန်းဆနိုင်ပါပြီ၊ ကျုပ်လူတွေကို တစ်ရက်စောပြီး စီစဉ်ထားလိုက်ရုံပဲပေါ့'

ဟာစန်က စုဇာ၏ပေါင်ကို ပုတ်လိုက်ပြန်၏။ သည်တစ်ခါတော့လက်ကို မရုပ်။ ပေါင်ပေါ်တင်ထား၏။

စုဇာက

'ကျွန်မကို မကိုင်ပါနဲ့'

ဟာစန် လက်ရုပ်သွား၏။

စုဇာ မျက်လုံးပိတ်ပြီး စဉ်းစားလိုက်သည်။ သူမအနေနှင့် အဆိုးရွားဆုံးဖြစ်အောင် လုပ်မိလျက်သားဖြစ်နေ ပါပေါ့ကလား။ သူမသည် ဟာစန်ကို စစ္စလီအထိ ခြေရာခံလိုက်လာနိုင်စေခဲ့သည် သာမက၊ နက်ကို သတိပေးစကားလည်း မပြောနိုင်ခဲ့၊ သူမ သင်္ဘောပေါ်သို့ တစ်နည်းမဟုတ် တစ်နည်းအမြန်ဆုံး အကြောင်းကြားဖို့ လိုသည်။ နောက်ထပ်မျှော်လင့်စရာ တစ်ခုမှာ လေယာဉ်ပေါ်မှ စားသောက်ရေးမှူးသည် ရောမ အစ္စရေးသံရုံးသို့ ကတိပေးထားသလို ပြောခဲ့ပါက မဆိုးလှ။





စုဇာက . . .

'ဘုရားရေ ကျွန်မတော့ အောက်စဖို့ကို ပြန်ချင်လှပြီ'

ဟာစန်က ရယ်၍

'အောက်စဖို့ ပြန်လို့ မဖြစ်သေးဘူးလေ၊ မင်းဒီအော်ပရေးရှင်းမပြီးမချင်း ကျုပ်နဲ့ခွာနေလို့ မဖြစ်သေးဘူး'

စုဇာက ဘုရားရေ ဒုက္ခပါပဲဟု တွေးရင်း

'ဒါပေမယ့် ကျွန်မ ပင်ပန်းလှပြီ'

ဟာစန်က

'ကျုပ်တို့ မကြာခင်နားရမှာပါ၊ မင်းကိုတော့ ချက်ချင်း လွှတ်လို့မရသေးဘူးလေ၊ လုံခြုံရေးအတွက်ပါ၊ ဘာပဲဖြစ်ဖြစ်လေ မင်းရန်သူတော်ကြီး ဒစ်စတိန်းသေဆုံးတဲ့ အထိတော့ စောင့်ကြည့်သွားဦးမှပေါ့'

*

လေဆိပ် အလီ တာလီယားတွင် လူသုံးယောက်သည် ယာစစ်ဟာစန် နံဘေးသို့ ကပ်လာကြ၏။ နှစ်ယောက်မှာယယ်ရွယ်မိုက်ကန်းပုံရပြီး၊ တတိယလူမှာ အရပ်ရှည်ရှည်၊ ထက်မြက်သော မျက်နှာထားနှင့် အသက် ၅၀ အရွယ်ခန့် ဖြစ်သည်။

အသက် ၅၀ အရွယ်လူက ဟာစန်အား

'မင်း သောက်ရူးပဲ၊ ပစ်သတ်ဖို့ကောင်းတဲ့ကောင်'

ဟာစန်သည် မော့ကြည့်လိုက်သည်။ သူ့မျက်လုံးထဲတွင် ကြောက်ရွံ့ထိတ်လန့်စိတ်များကို စုဇာ မြင်လိုက်ရသည်။ ဟာစန်က

'ရော့စတော့'

စုဇာက ဘုရားရေ ခု ဘာဖြစ်ကြပါဦးမည်နည်း။

ရော့စတော့သည် ဟာစန် လက်မောင်းကို တင်းတင်းဆုပ်လိုက်၏။ ရုတ်တရက် ဟာစန်သည် လက်ကို ဆတ်ခနဲရုန်းမည့်ဟန် ပြုသည်။ လူငယ်မိုက်ပိုက်နှင့် နှစ်ဦးက ရှေ့တိုးလာသည်။ ဟာစန်နှင့် စုဇာတို့သည် အဝိုင်းခံနေရသလို ဖြစ်သွား၏။ ရော့စတော့သည် ဟာစန်ကို လက်မှတ်စားပွဲမှ ဝေးရာသို့ ဆွဲခေါ်ခဲ့သည်။

သူတို့သည် လူရှင်းသော ထောင့်တစ်နေရာသို့ ရောက်လာ၏။ ရော့စတော့သည် ဒေါသများစွာ ထွက်နေပုံရ၏။ သို့သော် လေသံကမူ အေးစက်စက်နှင့်

'မင်း မိနစ် နည်းနည်း နောက်မကျဘူးဆိုရင် အကုန်လုံး ဒုက္ခရောက်



www.burmeseclassic.com

www.burmeseclassic.com



ကုန်တော့မှာပဲ'

ဟာစန်က ပါးစပ်ထဲရှိရာ

"ခင်ဗျား ပြောတာတွေ ကျွန်တော်မှ နားမလည်"

'မင်း... မင်း လုပ်တာတွေကို ကျုပ်မသိဘူးများ မှတ်နေလား၊ မင်း ကမ္ဘာအနှံ့ ခြေဆန့်ပြီး ဒစ်စတိန်းကို လိုက်ရှာနေတာတွေကို မင်းသွားလေရာကို လိုက်မကြည့်ဘဲ နေမယ်များ အောက်မေ့နေသလား၊ မင်း ကိုင်ရိုက ခွာကတည်းက နာရီတိုင်း လှုပ်ရှားမှု အစီရင်ခံစာတွေ ကျုပ်ဆီရောက်တယ်၊ မင်းဒီမိန်းကလေးကို ယုံရမယ်လို့ ဘယ်သူပြောသလဲ'

ရှော့စတော့က စုဇာအား လက်မနှင့် ညွှန်ပြလိုက်၏။

ဟာစန်က ထစ်ထစ်ငေါ့ငေါ့နှင့်

'သူ...သူက ဒီလို လမ်းညွှန်လာတာ'

'ဟုတ်ပါပြီ ဒါဆို မင်းအစက မသိဘူးပေါ့'

စုဇာသည် ငြိမ်ငြိမ် ကြောက်ရွံ့စွာ ရပ်နေ၏။ သူမခေါင်းထဲမှာ အလွန်ရှုပ်ထွေးနေ၏။ မနက်က ထပ်ဆင့်ထပ်ဆင့် ကြုံကြိုက်ခဲ့ရသော ထိတ်လန့်ဖွယ်ရာများသည် အစီအရီ ဆက်နေ၏။ နက်ဒစ်စတိန်းနှင့် ကပ်လွဲခဲ့ရခြင်း၊ ကာတုန်းသေဆုံးပုံကို ကြုံလိုက်ရခြင်းတို့သည် သူမကို ခေါင်းထဲမှာ ကောင်းကောင်း မွန်မွန် ဘာမှမတွေးနိုင်စေတော့။ ကာတုန်းကို အကုန်ဖွင့်ပြောခဲ့ပြီး ဟာစန်ကိုမှ သူ့လူ ကိုယ့်ဘက်သားလိမ်နိုင်ခြင်းသည် မလွယ်တော့ပါကလား၊ ယခုထပ်ဆင့်ပြီး ရှော့စတော့က ရောက်လာပြန်ပြီ။ ဟာစန်သည် ရှော့စတော့ကို လိမ်ညာနေခဲ့သူ ဖြစ်သည်။ စုဇာသည် နောက်တစ်ခါ ဘယ်လို အလိမ်စကား ပြောရမည်ပင် မသိတော့။

ဟာစန်က...

'ခင်ဗျား၊ ဒီကိုဘယ်လိုလုပ် ရောက်လာတာလဲ'

'ကာလာ သင်္ဘောနဲ့ပေါ့ကွ၊ ကျုပ်တို့ သင်္ဘောက စစ္စလီကျွန်းနဲ့ မိုင်လေးငါးဆယ်အကွာမှာ ရှိနေတုန်း မင်း ဒီကို ရောက်လာကြောင်း သတင်းရတယ်၊ ကိုင်ရိုကလဲ မင်းကို တွေ့တွေ့ချင်း ကိုင်ရိုကို တိုက်ရိုက်ပြန်ခဲ့ဖို့ အမိန့်တောင်းခဲ့ပြီးပြီ'

ဟာစန်က ပေကပ်ကပ်နှင့်

'ဘာပဲပြောပြော ကျုပ်လုပ်ခဲ့တာတွေဟာ မှန်တယ်ထင်တာပဲ'





'သွားစမ်းကွာ၊ ကျုပ် မျက်စိအောက်က ခုချက်ချင်း ထွက်သွား'

ဟာစန်သည် လှည့်ထွက်သွားလေ၏။ စုဇာသည် အူကြောင်ကြောင်နှင့် လိုက်သွားရန် ပြင်လိုက်သည်တွင် ရှော့စတော့က

'မင်းသွားလို့ မဖြစ်သေးဘူး'

ရှော့စတော့သည် စုဇာ၏လက်ကိုဆွဲ၍ သွားလေသည်။

စုဇာသည် ဘာမှမပြောနိုင်ဘဲ လိုက်သွားရလေ၏။ စိတ်ထဲကမူ 'ငါ ဘာလုပ်ရမလဲ'ဟု တွေးနေမိ၏။

ရှော့စတော့က

'မစ္စအက်ရှ်ဖို့ ခင်ဗျားဟာ ကျုပ်တို့အပေါ်မှာ သစ္စာရှိကြောင်းကိုတော့ ထင်ရှားပါပြီလေ၊ ဒါပေမယ့် ဒီလောက် အရေးကြီးတဲ့ စီမံကိန်းကာလမှာ အလစ် ဝင်လာတဲ့ လူတစ်ယောက်ကို ဒီအတိုင်း ပြန်လွှတ်လို့ မဖြစ်ဘူးလေ၊ ပြီးတော့ စစ္စလီမှာလဲကျုပ်တို့သုံးဖို့ လူပိုမရှိဘူးလေ၊ ဒီတော့ ခင်ဗျားကို ဒီမှာပဲ စောင့်ရှောက်ခိုင်းထားဖို့ မဖြစ်နိုင်ဘူး၊ ဒီတော့ ခင်ဗျား ကျုပ်တို့နဲ့အတူ 'ကာလာ' သင်္ဘောပေါ် လိုက်လာပြီး ဒီကိစ္စကြီးပြီးအောင်ထိတော့ နေမှဖြစ်တော့မယ်၊ ခင်ဗျားစိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ ဒါထက် ခင်ဗျားဟာ ခင်ဗျားအမေနဲ့ ချွတ်စွပ် တူတယ်ဆိုတာကို သိလား'

သူတို့သည် လေဆိပ်မှ အပြင်ထွက်လိုက်ပြီး စောင့်နေသော ကားရှိရာသို့ လာခဲ့ကြသည်။ ရှော့စတော့သည် စုဇာ ကားပေါ်တက်ရန် တံခါးဖွင့်ပေး၏။ သည်အချိန်သည် ထွက်ပြေးဖို့အချိန်ပဲ ဖြစ်သည်။ သည့်နောက်ဆိုလျှင် ထွက်ပြေးဖို့ မဖြစ်နိုင်တော့။ စုဇာ တွေတွေကြီးဖြစ်ပြီး ချိန်ဆနေမိ၏။ ထိုစဉ် စုဇာနံဘေးမှာ ရပ်နေသော လူမိုက်တစ်ယောက်၏ ဂျာကင် နည်းနည်းဟသွားသည်တွင် ခါးမှာ ထိုးထားသော သေနတ်ဒင်ကို မြင်ရ၏။ စုဇာ့စိတ်ထဲတွင် ကမ်းပါးထိပ် အိမ်အိုကြီးထဲမှ ကာတုန်း၏သေနတ်သံကို ပြန်လည်ကြားယောင်လာ၏။ ရုတ်တရက် စုဇာသည် သေရမည်ကို ကြောက်လာ၏။ ကြမ်းပြင်ပေါ်တွင် လဲကျသေဆုံးသွားသည့် ဝဝတုတ်တုတ်ကာတုန်း၏ ရုပ်အလောင်းကြီးလို ဖြစ်မှာ ကြောက်သွား၏။ သေနတ်သံက ထိန်းကနဲ မြည်သွားပြီး ကျည်ဆန်က သူမ ခန္ဓာကိုယ်ထဲသို့ ဝင်လာမည်ကို တွေးကြောက်နေ၏။ သူမတစ်ကိုယ်လုံး နတ်ကျသလို တုန်လာ၏။

ရှော့စတော့က



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်တာလဲ'

'အလန်ကာတုန်း သေသွားပြီလေ'

ရော့စတော့က

'ကျုပ် သိပြီးပါပြီ..ကဲ ကားပေါ်တက်'

စုဇာသည် ကားပေါ် တက်လိုက်ရလေ၏။

ပီယေဘောသည် အေသင်မြို့ အပြင်ဘက်သို့ ကားမောင်းထွက်လာပြီး ကမ်းခြေတစ်နေရာမှာ ကားရပ်လိုက်၏။ နောက်ကား ကားထဲမှ ထွက်လိုက်ပြီး ချစ်သူများ စုံတွဲခုတ်ရာ ကမ်းခြေအတိုင်း လျှောက်လိုက်၏။ တခြားတစ်ဖက်မှ ကာဝပ်ရှ လျှောက်လာသည်ကို တွေ့ရ၏။ သူတို့နှစ်ဦး ဘေးချင်းယှဉ်ရပ်ပြီး ပင်လယ်ဘက်သို့ လျှောက်ကြည့်နေ၏။ ကာဝပ်ရှ မျက်နှာသိပ်မကောင်း။ သူက–

'အခုလို လာတွေ့တာ ကျေးဇူးတင်ပါတယ်'

ဘောသည် သူ့အား ဘာကြောင့်များ ကျေးဇူးတင်နေပါလိမ့်ဟု တွေး၍မရ။ ကျေးဇူးတင်စရာရှိလျှင် သူကသာ ကျေးဇူးတင်ရမည် မဟုတ်ပါလား။ သည်တော့မှ ကာဝပ်ရှ ထိုအချက်ကို ကလိနေခြင်းဖြစ်ကြောင်း ရိပ်မိတော့၏။

ကာဝပ်ရှက

'ရုရှတွေက ကိုင်ရိုဟာ သတင်းပေါက်ကြားနေတယ်လို့ ထင်နေကြတယ်။ ဒီတော့ သူတို့ ရတဲ့ သတင်းကို သူတို့ဘာသာ သိမ်းထားပြီး ကိုင်ရိုကို သိပ်မပေးချင်တော့ဘူး၊ ယာစစ်ဟာစန် ကိုင်ရိုကိုပြန်လာပြီး အခြေအနေတွေ တင်ပြတာတောင် ကျုပ်တို့ ဘာမှ ခိုင်ခိုင်မာမာ မသိရဘူး'

ဘောသည် 'အေ့'ကနဲ ဂျို့တစ်ချက်ထိုးသည်။ သူသည် အစားများစွာ စားသောက်ခဲ့သည် မဟုတ်ပါလား။ သူက

'ကဲပါ အပိုတွေ ပြောမနေပါနဲ့ဗျာ၊ ခင်ဗျား သိခဲ့တာတွေကိုပဲ ပြောပါတော့'

'ကောင်းပြီလေ၊ သူတို့ဟာ ဒစ်စတိန်း ယူရေနီယံ ခိုးယူဖို့ လုပ်နေတယ်ဆိုတာကို သိတယ်'

'အဲဒါတော့ အလျင်တစ်ခါ တွေ့တုန်းကပဲ ခင်ဗျား ပြောခဲ့တယ်လေ'

'သူတို့လဲ အသေးစိတ်တွေတော့ ဘာမှသိပုံမရပါဘူး၊ သူတို့ စီစဉ်နေ





ကြတာက ဒစ်စတိန်းကို သူလုပ်ချင်တာ လုပ်ဖို့ လွှတ်ပေးပြီးမှ နောက်ဖွင့်ချလိမ့်မယ်လို့ ယူဆရတာပါပဲ'

'စုဇာ အက်ရှဖို့ကကော ဘယ်လိုလဲ'

အာရပ်ဘက်က လုပ်ပေးနေတာ အသေအချာပေါ့၊ ဒီမှာ ရော့စတော့နဲ့ ဟာစန်တို့ နှစ်ယောက်အကြားမှာ သဘောကွဲလွဲကြတယ်၊ ဟာစန်က ဒစ်စတိန်း ဘယ်မှာ ရှိတယ်ဆိုတာ သိဖို့လိုတယ်လို့ ထင်တယ်၊ ရော့စတော့ကတော့ မလိုအပ်ဘူးလို့ ယူဆတယ်'

'သတင်းဆိုးပဲ ဆက်ပါဦး'

'သည်နောက်တော့ ဟာစန်ဟာ သူ့ဘာသာ ဒစ်စတိန်းကို ထွက်ရှာဖို့ စုဇာ အက်ရှဖို့ကို ခေါ်သွားခဲ့တယ်၊ သူတို့ဟာ အမေရိကန်ပြည် ဘတ်ဖဲလိုးမြို့မှာ ရှိတဲ့ မာဖီးယား လူဆိုးဂိုဏ်းခေါင်းဆောင် ကာတုန်းဆိုသူကို သွားတွေ့ခဲ့တယ်၊ ကာတုန်းက သူတို့ကိုစစ္စလီကျွန်းကို ခေါ်သွားခဲ့တယ်လေ၊ ဒါပေမယ့် သူတို့က ဒစ်စတိန်းနဲ့ ကပ်လွဲသွားတယ်၊ သူတို့ဟာ 'စထရွမ်းဘတ်'သင်္ဘော ထွက်သွားတာပဲ မြင်လိုက်ကြရတယ်လေ၊ အဲဒါပြီးတာနဲ့ ဟာစန်ဟာ ရုရှတွေရဲ့ အပြစ်တင်တာကို အတော်ခံလိုက်ရတယ်၊ နောက် ကိုင်ရိုကိုချက်ချင်း ပြန်လာဖို့ အခေါ်ခံရတယ်၊ ဒါပေမယ့် ခုထိ ရောက်မလာဘူးလေ'

'ဒါပေမယ့် မိန်းကလေးက သူတို့ကို ဒစ်စတိန်းရှိရာလိုက်ပို့တာပေါ့ ဟုတ်လား'

'အမှန်ပါပဲ'

'တယ်အဖြစ်ဆိုးပါကလား'

ဘော ခေါင်းထဲတွင် ရောမအစ္စရေးသံရုံးသို့ ရောက်လာသော နက်ဒစ်စတိန်းအတွက် မိန်းကလေး မိတ်ဆွေတစ်ယောက်ထံမှ ရောက်လာသော ကြေးနန်းကို အမှတ်ရလာ၏။ 'ဟာစန်အားလုံး ပြောပြသည်၊ သူနှင့်ကျွန်မ ရှင်ရှိရာလာနေပြီ'ဟာ အဓိပ္ပာယ်များ ရှိပါလိမ့်။ ဒစ်စတိန်းကို သတိပေးဖို့ ကြိုးစားသည်လား။ နောင့်နှေးအောင်လုပ်ခြင်းပေလော။ တွေဝေရှုပ်ထွေးအောင်ပေလား။ သို့မဟုတ် နှစ်ဆင့် နှစ်ပြန်လိမ်ပြီး သူမကို ဟာစန်က အနိုင်ကျင့်၍ ဒစ်စတိန်းထံ ပို့ခိုင်းသည်ဟု ဆိုခြင်းလား။ အကျိုးအကြောင်းကို ကာဝပ်ရှအား ပြောပြလိုက်ရာ ကာဝပ်ရှက

'နှစ်ဆင့်လိမ်တာပဲ ဖြစ်ရမယ်ဗျာ၊ ဒီကောင်မလေးက သူ့လုပ်ရပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းနဲ့မဆို ပေါ်သွားမယ် ဆိုတာသိလို့ သူ့အပေါ် ဒစ်စတိန်း အယုံအကြည် ရှိနေသေးအောင် လုပ်ကာနေမှာပေါ့၊ ဒါထက် ခင်ဗျားကော အဲဒီသတင်းကို ဒစ်စတိန်းဆီ ပို့လိုက်သလား'

'ဘယ်ပို့မလဲဗျာ'

ဘောသည် တခြားလမ်းကြောင်းကို ပြန်စဉ်းစားရင်း

'သူတို့ စစ္စလီကို သွားတယ်ဆိုတဲ့ နောက်တော့ 'စထရွမ်းဘတ်' သင်္ဘောအကြောင်း သိသွားပြီပေါ့၊ သူတို့ ဘယ်လိုယူဆမယ်ထင်သလဲ'

'ဒါတော့ ရှင်းနေတာပဲဗျာ၊ 'စထရွမ်းဘတ်' သင်္ဘောကို ယူရေနီယံခိုးရာမှာ အသုံးပြုမယ်လို့ ယူဆမှာပေါ့'

'အမှန်ပါပဲ၊ တကယ်လို့ ကျုပ်သာ ရှေ့စတော့ဆိုရင် 'စထရွမ်းဘတ်' နောက်ကိုလိုက်မယ်၊ ဒစ်စတိန်း 'ကိုပါရယ်လီ'ကိုစီးပေစေ၊ ဒီရောက်မှ တိုက်မှာပဲ၊ သွားပြီ...သွားပြီ...သွားပြီ...သွားပြီ ကျုပ် စီမံကိန်းကြီးတစ်ခုလုံး ရပ်သိမ်းမှ ဖြစ်တော့မယ်'

ဘောသည် စိတ်ညစ်ညစ်နှင့်ဆက်၍

'ကွာတာရာမှာ လုပ်နေတဲ့ အဏုမြူ ဓာတ်ပေါင်းရုံရဲ့ အခြေအနေကော ဘယ်လိုရှိသလဲ'

ကာဝပ်ရှ်က...

'အင်း ကျုပ်က အဆိုးဆုံးသတင်းကို နောက်ဆုံး ချန်ထားတာဗျ၊ စမ်းသပ်မှု အားလုံးဟာ ကျေနပ်မှုရှိနေပြီ၊ ရုရှတွေက ယူရေနီယံ ဓာတ်တွေပေးမယ်၊ နောက်ရက်သုံးပတ်ကျရင် အဏုမြူဓာတ်ပေါင်းရုံဟာလည်တော့မယ်'

ဘောသည် ပင်လယ်ပြင်ဘက်သို့ ကြည့်လိုက်၏။ သူ့ဘဝတစ်သက်တာတွင် စိတ်ပျက်စရာ အကောင်းဆုံး အချိန်ဖြစ်နေကြောင်းသိ၏။ သူက-

'ဒါဆို ဘာဖြစ်မယ်ဆိုတာ ခင်ဗျားလဲ သိမှာပါ၊ ကျုပ် ဒီအော်ပရေးရှင်းကို ရပ်လို့ မဖြစ်တော့ဘူး၊ ဒစ်စတိန်းကို ရပ်လို့ မဖြစ်တော့ဘူး၊ ဒစ်စတိန်းဟာ အစ္စရေးအတွက် နောက်ဆုံး အခွင့်အရေးပဲ'

ကာဝပ်ရှ်သည် ငြိမ်၍နေ၏။

ဘောသည် ကာဝပ်ရှ်ကို ကြည့်လိုက်သည်။ အာရပ်၏ မျက်လုံးသည် မှိတ်ထား၏။ ဘောက-

'ခင်ဗျား ဘာလုပ်နေတာလဲ'





တိတ်ဆိတ်မှုသည် အတော်ကြာ ဆက်နေ၏။ နောက်ဆုံးမှ ကာဝပ်ရှ်၏ မျက်လုံးများသည်ပွင့်လာ၏။ သူသည် ဘောကို ကြည့်သည်။ ပြီးမှ ယဉ်ကျေးစွာ ပြုံးလိုက်ပြီး ပြောလိုက်၏။

'ဆုတောင်း နေတာပါ'

တဲလ်အဗစ်မှ အမ်၊ ဗီ၊ စထရွမ်းဘတ်သို့

ဘောမှ ဒစ်စတိန်းသို့၊ ထိတ်တန်းလျှို့ဝှက်၊

ဒစ်စတိန်းကိုယ်တိုင်သာ စကားဝှက်ဖြေရန်။

* ဆူဇာအက်ရှဖို့ အာရပ်အေးဂျင့်ဖြစ်ကြောင်း သေချာ။

* ဆူဇာက ကာတုန်းကို သူနှင့် ဟာစန်အား စစ္စလီ ခေါ်သွားဖို့ လုပ်နိုင်ခဲ့။

* သူတို့ မင်းထွက်သွားပြီးခါစ စစ္စလီသို့ ရောက်။

* ကာတုန်းသေဆုံးသွားပြီ။

* သည် အချက်နှင့် တခြားအချက်အလက်တွေအရ မင်းတို့ပင်လယ်ထဲမှာ အတိုက်ခံရဖွယ်ရှိ၏။

* ကိုယ့်ဘာသာဖြစ်အောင်၊ ရအောင်လုပ်ခဲ့ပေတော့။

အနောက်မြေထဲ ပင်လယ်ပေါ်မှာ လွန်ခဲ့သော ရက်များက အုံ့ဆိုင်းနေသော မိုးသားတို့သည် ထိုနေ့ညဥ့်၌ ပေါက်ကွဲရွာသွန်းလေ၏။ 'စထရွမ်းဘတ်' သင်္ဘောကို ရွှဲရွှဲစိုစေသည်။ လေကလည်း ထန်လာပြန်ရာ 'စထရွမ်းဘတ်'သည် လှိုင်းကြားထဲမှာ လိမ့်နေ၏။

နက်ဒစ်စတိန်းသည် ရာသီဥတုကို လုံးဝ သတိမမူနိုင်။

သူသည် သူ၏ကေဘင်အခန်းစားပွဲ တစ်လုံးတွင် ခဲတံတစ်ချောင်းနှင့် ဘော၏ကြေးနန်းစာကို အဓိပ္ပာယ် ဖွင့်နေ၏။

အားလုံးအဓိပ္ပာယ်ဖွင့်ပြီးသော စာရွက်ကို အခေါက်ခေါက်အခါခါ ဖတ်လိုက်သည်။ ပြီး မျက်နှာချင်းဆိုင်မှ သံမဏိနံရံကို ငေးမောကြည့်နေမိ၏။

ဆူဇာဘာကြောင့် လုပ်ရသနည်းဟု အဖြေရှာဖို့ မလိုပေ။ အဖြေရှာလျှင် ဟာစန်က အနိုင်ကျင့်ခိုင်း၍လည်းကောင်း၊ သို့တည်းမဟုတ် ဆူဇာက ယုံကြည်စိတ်ပွားပြီး မရည်ရွယ်စိတ်နှင့် လုပ်မိလေသလားဟု တွေးရမိဦးမည်။

ဘောက ဆူဇာကို စပိုင်ဟုဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောအဆိုသည် မှန်ခဲ့ပြီကော။

ထို့ကြောင့်သာ သူနှင့်အတူ အိပ်၍ ချစ်ဟန်ဆောင်ခဲ့ခြင်း ဖြစ်ပေမည်။

သည်ပုံအတိုင်းဆိုလျှင် စပိုင်လောကအတွင်း စုဇာသည် အလားအလာရှိသော မိန်းကလေးပါကလား၊ တယ်တော်ပါလား။

ဒစ်စတိန်းသည် ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်လိုက်၏။ သူ့မျက်လုံးများကို လက်ဖြင့် ပိတ်ထားသည် ဖြစ်သော်လည်း စုဇာ၏ရုပ်သွင်ကို ထင်းထင်းမြင်နေရ၏။

အဆိုးဆုံးမှာ သူသည် ယခုတိုင် စုဇာကို ချစ်နေခြင်းပင်တည်း။

စုဇာနှင့် မတွေ့ဆုံမီ သူ့ဘဝမှာ လူစဉ်မမီသော ဒုက္ခိတ ဖြစ်ခဲ့သည်။ စုဇာသည် မော်ဆရာမတစ်ယောက်လို သူ့ဘဝကို ပြန်လည်ရှင်သန်စေခဲ့သည်၊ ယခုတော့ စုဇာ သစ္စာဖောက်ခဲ့ချေပြီ။ သူ့ကို ပေးအပ်ခဲ့သမျှကို ပြန်လည်ယူငင်သွားချေပြီဖြစ်၏။ သည်တော့ သူ့အခြေအနေမှာ မူလကထက် ပို၍ ဆိုးရွားသွားနိုင်ပြီဖြစ်၏။ သည်ကြားထဲတွင် သူက 'ချစ်သဝဏ်လွှာ' တစ်စောင်များရေးလိုက်မိသေး၏။ ဘုရား ဘုရား အဲဒီစာကို စုဇာ ဖတ်ရသောအခါ ဘာများလုပ်ပါလိမ့်။ ရယ်မောများနေလေမလား၊ ယာစစ်ဟာစန်ကို စာပြပြီး 'ဒီမှာ ကျွန်မ ငနဲကြီးကို ဖမ်းလို့ မိနေပြီ မဟုတ်လား'ဟု ပြောလေမလား။

မျက်မမြင် တစ်ယောက်ကို မျက်စိနှစ်ကွင်း အလင်းရစေပြီးမှ တစ်နေ့တာ လွန်မြောက်၍ မျက်မမြင်ကြီး အိပ်ပျော်နေစဉ် အလင်းကို ပြန်ယူသွားခြင်းခံရသလို ဒစ်စတိန်း ခံစားနေရ၏။

သူသည် ဘောကို ပြောခဲ့သည်။ အကယ်၍ စုဇာသာ အေးဂျင့်တစ်ယောက်ဖြစ်နေပါက သူကိုယ်တိုင် သတ်ပစ်မည်ဟု။ သို့သော် ယခုတော့ သိပါပြီ။ ထိုစကားသည် သူ၏ မှသားစကားသာ ဖြစ်ပေ၏။ သူ့အနေနှင့် စုဇာဘာပဲလုပ်လုပ် ဘယ်နည်းနှင့်မှ စုဇာကို နာကျင်အောင် လုပ်ရက်မည် မဟုတ်။

မိုးချုပ်လှပေပြီ။ သင်္ဘောသားအားလုံး အစောင့်ကျသူများမှအပ အားလုံးအိပ်မောကျနေပြီဖြစ်၏။ သူသည် အခန်းထဲမှ ထွက်၍ ကုန်းပတ်ပေါ်သို့တက်ခဲ့၏။ မည်သူကိုမှ မတွေ့ရ။ သူ့တစ်ကိုယ်လုံး ရွှဲရွှဲနစ်အောင် မိုးရေစိုသွား၏။ သို့သော် သူ့ဂရုမထားဖြစ်။ သူသည် သင်္ဘောလက်ရန်းကို ကိုင်၍ အမှောင်ထု ပင်လယ်ပြင်ကို ကြည့်နေမိ၏။ သူ့မျက်နှာပေါ်သို့ မိုးရေစက်များသည် မျက်ရည်များလို ကျနေ၏။





သူသည် စုဇာကို မသတ်နိုင်ခြင်းကား မှန်ပါ၏။ ယာစစ်ဟာစန်ကတော့ ငြိုးသနာတစ်မျိုးဖြစ်သည်။

သူ့ရင်ထဲမှာ ရန်သူရှိသည်ဆိုပါက ထိုသူသည် ဟာစန်ဖြစ်ပေလိမ့်မည်။ သူသည် အယ်လာကို အဝေးမှ ချစ်ခဲ့ဖူးသည်။ ထိုမိန်းမ ဟာစန် ရင်ခွင်သို့ ငင်သည်ကို မြင်ခဲ့ရဖူး၏။ ယခု သူစုဇာကို အသည်းနှင့်အောင် ချစ်နေမိသည်။ ဒန်သူတော်ဟောင်းကြီး၏ စက်ကွင်းမှာ ပြန်တွေ့ရ၏။ နောက် ဟာစန်သည် သူ၏ အမိမြေအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်နေမှုကို ဖျက်ဆီးနှောင့်ယှက်ရာတွင် စုဇာကို အသုံးပြုခဲ့သည်။

တကယ်ပဲ၊ သူ ဟာစန်ကို သတ်ပစ်မည်။ ဖြစ်နိုင်ပါက ဘာလက်နက်ကိုမှ မဆောင်ဘဲ သူ လက်နှစ်ဖက်ဖြင့် သတ်မည်။ နောက်သတ်စရာများက ရှိသေးသည်။ ထိုအတွေးသည် စိတ်ပျက်အား လျော့နေသောစိတ်ကို ဒေါသအဖြစ် ပြောင်းလဲပေးလိုက်၏။ သူ့တစ်ကိုယ်လုံး လူသတ်ချင်စိတ်များ ဖုံးနေ၏။

ဘော အယူအဆအရ သူတို့ကို ပင်လယ်ထဲမှာ အတိုက်ခံရမည် ဆို၏။ ထာစမ်းပါစေ၊ ခွေးမသားတွေ လာကြစမ်းပါစေ။

●

www.burmeseclassic.com

www.burmeseclassic.com

[၁၅]

ဟာစန်သည် ကိုင်ရိုသို့ ပြန်မရောက်ခဲ့။ နောက်လည်း ပြန်ရောက်မည် မဟုတ်တော့။

ပါလာမိုလေဆိပ်မှ သူ၏လေယာဉ်ထွက်လာသည်ကို လိုက်ပါရင်းဟာစန် သိပ်ပျော်နေ၏။ လက်မတင်ကလေး လွတ်မြောက်လာခဲ့သည် မဟုတ်ပါလား။ သို့သော် သူ့အနေနှင့် ရှော့စတော့အပေါ် လက်တစ်လုံးခြား လှည့်ပတ်နိုင်ခဲ့ ပေသည်။

ရှော့စတော့က 'ငါ့ မျက်စိအောက်က ထွက်သွားစမ်းကွာ'ဟု မောင်းထုတ် လိုက်သောအခါက ဟာစန်သည် မိမိနားကို မိမိမယုံကြည်နိုင်သလို ဖြစ်ခဲ့ရ၏။ သူ့စိတ်ထဲတွင် သူ့ကို 'ကာလာ'သင်္ဘောပေါ်သို့ ခေါ်သွားရင်း 'ဖီဒေးယင်း' တို့နှင့် စီစဉ်ထားသော သင်္ဘောတိုက်ပွဲကို မြင်ရတော့မည် မဟုတ်ဟု ယုံကြည် နေခဲ့၏။ သို့သော် ဟာစန်သည် စိတ်အား ပိုမို ထက်သန်နေသော အဆုံးအဖြတ် မြန်သော အတွေ့အကြုံမရှိသော သူတစ်ယောက်မျှသာ ဖြစ်သည်ဟု ရှော့စတော့က လုံးဝ ယုံကြည်နေခဲ့ပေသည်။ ရှော့စတော့စိတ်ထဲတွင် ဟာစန်သည် သစ္စာဖောက် တစ်ယောက် ဖြစ်နိုင်သည်ဟူသော အတွေးလုံးဝ မထင်မှတ်ခဲ့။ တကယ်လည်း ဘာ့ကြောင့် ထင်မှတ်ရပါမည်နည်း။ ဟာစန်သည် အီဂျစ်ထောက်လှမ်းရေး တပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်သည်။ အာရပ်လူမျိုးတစ်ယောက် ဖြစ်နေသည် မဟုတ် ပါလား။ အကယ်၍ ဟာစန်၏ သစ္စာရှိမရှိကို သံသယ ဝင်ရမည်ဆိုပါက ဟာစန်ကို အစ္စရေးတို့အတွက် လုပ်ကိုင်ပေးနေသလားဟု သံသယ ဝင်စရာသာ





ရှိသည်။ အကြောင်းမှာ အစ္စရေးတို့သည် ရန်သူ၊ တစ်ဖက်လူ မဟုတ်ပါလား။ ပါလက်စတိုင်းတပ်ဖွဲ့ အကြောင်းကိုကား စိတ်ကူးထဲတွင်ပင် မထည့်ကြ။ ပါလက် စတိုင်းတပ်ဖွဲ့ဆိုသည်နှင့် အာရပ်တို့ဘက်ကပဲဖြစ်သည်ဟု ပုံသေကားကျ သူဆထားပြီး ဖြစ်သည်။

သို့ဖြင့် ကျွမ်းကျင်တိကျ အစွမ်းထက်လှသော ကေဂျီဘီကာနယ်ကြီး ရှော့စတော့သည် ဘာမှမဟုတ်သော ပါလက်စတိုင်း စစ်ပြေးတစ်ဦး၏ လှည့်စား မှုကို ခံလိုက်ရလေပြီတကား။

သို့သော် ဇာတ်လမ်းကား မပြီးဆုံးသေး၊ သူ့အနေနှင့် 'ဖီဒေးယင်း'တပ်ဖွဲ့ကို သွားရောက်ပူးပေါင်းရဦးမည် ဖြစ်သည်။

သူ့လေယာဉ်သည် ရောမသို့ ရောက်လာ၏။ ထိုမှတစ်ဆင့် သူသည် တူနစ်သို့ ခရီးဆက်သည်။ တူနစ်တွင် ဟာစန်သည် ရှော့နော့ကားအသစ်နှင့် အငှားကားတစ်စီးကို ငှားသည်။ ကားသမား လက်ထဲသို့ ကားခ တစ်နှစ်ဖာ ဘက် အမေရိကန်ဒေါ်လာများ ထည့်လိုက်သောအခါ မိုင်တစ်ရာကျော်ခရီး ဖြန့်၍ အယ်ဂျီးရီးယား နယ်စပ်ထဲမှ တံငါလှေဆိပ် ရွာကလေးတစ်ခုသို့ လိုက်ပို့သည်။

'ဖီဒေးယင်း'တပ်ဖွဲ့ဝင် တစ်ဦးသည် သူ့ကို စောင့်နေ၏။ ဟာစန်လာသည် နှင့် တံငါးလှေကလေးဖြင့် ခရီးဆက်ကြသည်။ နာရီဝက်ခန့် ကြာသောအခါ သူတို့သည် ရေလယ်မှ သင်္ဘောတစ်စီးနားသို့ ရောက်လာ၏။ ဟာစန့်ရင်ထဲတွင် အောင်မြင်မှု ပီတိများ တက်ကြွလာ၏။ သူတို့တွင် သင်္ဘောတစ်စီးပင် ရှိနေပါ ပေါ့လား။

သူတို့သင်္ဘောပေါ်သို့ တက်လိုက်ကြသည်။ သင်္ဘောပေါ်မှ မာမွတ် စောင့်ကြို နေသည်။ သူတို့နှစ်ဦးသား ပွေ့ဖက်နှုတ်ဆက်လိုက်ကြ၏။ ဟာစန်က

''ကျုပ်တို့ ကျောက်ဆူးနုတ်၊ ထွက်ကြမှ ထင်တယ်၊ အခြေအနေတွေ သိပ် မြန်ဆန်ဖို့ လိုနေပြီ'

မာမွတ်က

'လာပါ၊ အပေါ်ကို လာပါဦး'

ဟာစန်သည် မာမွတ်နောက်သို့ လိုက်ခဲ့၏။ သင်္ဘောသည် တန်တစ်ထောင် ခန့်ရှိ၍ အတော်သစ်သေးပြီး အခြေအနေကောင်းမွန်လှပေသည်။ ဟာစန်က–

'သင်္ဘောကတော့ ကျုပ်တို့ လုပ်ငန်းနဲ့ အတော်ပဲဗျို့'



www.burmeseclassic.com

www.burmeseclassic.com



မာမွတ်က ပြုံး၍

'ကျုပ်က သင်္ဘောနာမည်ကို 'နာဘလတ်ခ်'လို့ ပြောင်းထားတယ်လေ ဒါ ကျုပ်တို့ ပါလက်စတိုင်း ရေတပ်ရဲ့ ပထမဆုံးသင်္ဘောပေါ့ဗျာ'

ဟာစန်သည် မျက်ရည်များပင် လည်လာ၏။

သူတို့နှစ်ဦး လှေကားတက်ကြစဉ် မာမွတ်က

'ဒီသင်္ဘောကို လစ်ဗျားကုန်သည် တစ်ယောက်ဆီက ဟဲဟဲ အလှူခံလာခဲ့တာလေ'

ထိုနောက် မာမွတ်သည် ဟာစန်အား သင်္ဘောကက်ပတိန်နှင့် မိတ်ဆက်ပေးသည်။ လစ်ဗျားကုန်သည်သည် သင်္ဘောနှင့်တကွ ကက်ပတိန်ရော သင်္ဘောသားများပါ လှူလိုက်ရခြင်း ဖြစ်ပေသည်။ အကြောင်းမှာ 'ဖီဒေးယင်း'တပ်ဖွဲ့ဝင်များသည် သင်္ဘောသားများ မဟုတ်ကြသောကြောင့်ပင်။ ကက်ပတိန်က ကျောက်ဆူး နုတ်ခိုင်းလိုက်သည်။ စက်များ စတင်ခုတ်လေ၏။

ခေါင်းသုံးခေါင်းသည် ရေပုံတစ်ခုပေါ်သို့ ဆိုင်နေကြရင်း ဟာစန်ရှင်းပြသည်ကို နားထောင်နေကြ၏။

'စထရွမ်းဘတ်'ဟာ စစ္စလီ တောင်ဘက်ကမ်းကနေ ကနေ့ နေ့လယ်ပိုင်းလောက် ခွာမယ်၊ 'ကိုပါရယ်လီ'ဟာ ဂျီဘရော်တာ ရေလက်ကြားကို ညမိုးချုပ်ပိုင်းမှာ ဖြတ်မှာပဲ၊ ဒီသင်္ဘောနှစ်စီးဟာ ပုံတူ ညီအစ်မပဲ၊ ခုတ်မောင်းနိုင်တာလဲ အတူတူပဲ ဆိုပါတော့၊ သူတို့နှစ်စီးဟာ စစ္စလီနဲ့ ဂျီဘရော်တာအကြားနောက် ၁၂ နာရီလောက်အကြာမှာ ဆုံကြမှာပဲ'

သင်္ဘော ကက်ပတိန်က တွက်ချက်ကြည့်ပြီး

'ဒါဆို သူတို့မိုင်နော့ကာကျွန်း အရှေ့တောင်ဘက်လောက်မှာ ဆုံကြမှာပဲ'

'ကျုပ်တို့က 'ကိုပါရယ်လီ'ကို ရှစ်နာရီလောက်စောပြီး ကြားဖြတ်တိုက်မှဖြစ်မယ်။

ကက်ပတိန်သည် ရေပုံအပေါ်တွင် လက်ထောက်၍-

'ဒါဆို ကျုပ်တို့က နက်ဖြန် အရုဏ်တက်မှာ အစ်ဘီဇာကျွန်းလောက်ဆုံမှဖြစ်မှာပေါ့'

'ကျုပ်တို့ ရောက်နိုင်ပါ့မလား'

'အင်း မုန်တိုင်းသာ မရှိရင် သေချာပေါက် မီတယ်'

'မုန်တိုင်း ရှိနိုင်သလား'





နောက် သုံးလေးရက်ဆိုရင် ရှိနိုင်တယ်၊ နက်ဖြန်ထိတော့ ရှိပုံမပေါ်သေးပါဘူး'

'ကောင်းပြီ၊ ရေဒီယို အော်ပရေတာ ဘယ်မှာလဲ'

'ဟောဒီမှာပါ၊ သူ့နာမည်က ယာကွတ်တဲ့'

ဟာစန်က ယာကွတ်ဘက်သို့လှည့်၍

'ကိုပါရယ်လီ'သင်္ဘောပေါ်မှာ လူတစ်ယောက်ရှိတယ်၊ သူက 'ကာလာ' သင်္ဘောကို အမြဲအချက်ပြ ဆက်သွယ်နေတယ်၊ သူ့ရဲ့ အသံလွှင့်လှိုင်းက ဟောဒီမှာ၊ ပြီးတော့ "စထရွမ်းဘတ်"သင်္ဘောပေါ်ကလဲ ဟောဒီ အသံလှိုင်းနဲ့ အချက်ပြ အသံလွှင့်နေတာ ရှိသေးတယ်၊ နှစ်ခုစလုံးကို နားထောင်နေရင်း "စထရွမ်းဘတ်" ကျုပ်တို့ကို ကျော်ဖြတ် မဖြတ် သိရမှာပဲ'

ကက်ပတိန်က သူ့သင်္ဘောသားများကို လမ်းကြောင်းပြ မောင်းခိုင်းလိုက်သည်။ မာမွတ်က သူ့လူတစ်ယောက်ကို လက်နက်များ စစ်ဆေးဖို့ခိုင်းလိုက်၏။ ရေဒီယို အော်ပရေတာက 'စထရွမ်းဘတ်' ပေါ်မှ အချက်ပြ အသံလွှင့်စက်အကြောင်း အသေးစိတ် မေးနေ၏။ သို့သော် ဟာစန်နားထဲသို့ ဘာမှ သိပ်မဝင်လှ။ သူသည် အတွေးယာဉ်ကြောမှာ နစ်မျောနေ၏။ ဘာပဲဖြစ်နေနေ အောင်ပွဲကား နီးပေပြီ။

သင်္ဘောသည် စက်ကုန်ဖွင့်၍ ခရီးနှင်နေပြီဖြစ်၏။

'ကိုပါရယ်လီ'သင်္ဘောမှ အင်ဂျင်နီယာလူသစ် ကို့ချ်သည် သူ့အိပ်ရာထက်မှာ ပက်လက်လှန်ရင်း ညသန်းခေါင်ကျော်ထိ မအိပ်နိုင်ဘဲ စဉ်းစားနေ၏။ တကယ်လို့များ လူတစ်ယောက်ယောက် ငါ့ကိုတွေ့သွားရင် ဘာလုပ်ရပါ့မလဲဟု၍။

သူလုပ်ရမည့်အလုပ်မှာ ရိုးရိုးကလေးသာ ဖြစ်ပါ၏။

ပထမဆုံး အင်ဂျင်စတိုခန်းသွား၍ ဆီပန့်အပိုကို အပျောက် ရှင်းပစ်ရမည်။ ဒါကိုတော့ ဘယ်သူမှမမြင်အောင် လုပ်နိုင်မည်ဟု သူယုံကြည်သည်။ အကြောင်းမှာ သူ့အခန်းသည် စတိုခန်းနှင့် ကပ်နေပြီး သည်အချိန်တွင် သင်္ဘောသားအားလုံး အိပ်နေကြပြီဖြစ်၍ပင်။

ကို့ချ်သည် ဆွယ်တာ၊ ဘောင်းဘီ၊ မိုးကာများ ဝတ်၍ အခန်းထဲမှ ထွက်လာခဲ့လေ၏။ သူသည် စတိုခန်းသို့ရောက်လာ၏။ စတိုခန်းထဲသို့ရောက်၍ ပစ္စည်းများကို စစ်ဆေးရှာဖွေသည်။ နောက်ဆုံးဆင့်ပေါ်မှာ တင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ဆီပန်းအပိုကို တွေ့ရသည်။ ဆီပန်းသည် သေးသော်လည်း လေးသည်။ ထိုနောက် ငင်းဆီပန်းအပြင် နောက်ထပ်တစ်လုံးများ ရှိလေသေးလားဟု ရှာဖွေ၏။ သို့သော် မတွေ့တော့။

ယခုမှ ခက်သည့်အပိုင်းကလာပြီ။

ကျွန်တော် အိပ်မပျော်လို့ဗျာ စက်အပိုပစ္စည်းတွေ ကောင်းရဲ့လားလို့ လာစစ်ဆေးကြည့်နေတာပါ။ ခင်ဗျား လက်မောင်းကြားထဲက ဘာလဲ။ အော် ကိတ်မုန့်၊ အဲ ဟုတ်ပေါင်၊ ဆီပန်းအပိုခင်ဗျ၊ ကျွန်တော် ရေထဲလွှင့်ပစ်မလို့။

သူသည် စတိုတံခါးကိုဖွင့်၍ အပြင်သို့ကြည့်သည်။

မည်သူမှမတွေ့။

စတိုခန်းမီး မှိတ်သည်။ တံခါးပိတ်ပြီး အပြင်ထွက်ခဲ့၏။ သူသည် ကုန်းပတ်ပေါ်သို့ တက်ခဲ့၏။

မည်သူမှမရှိ။

သူသည် ကုန်းပတ်လက်ရန်း ရှိရာသို့ လျှောက်လာခဲ့သည်။ လက်ရန်းမှ ကျော်၍ ရေထဲကို ဆီပန်းအပိုကို လွှင့်ပစ်လိုက်၏။

ကို့ချ် ပြန်လျှောက်လာ၏။

မှောင်ထဲမှ အသံတစ်ခုထွက်လာသည်။

'ဘယ်သူလဲ'

'အင်ဂျင်နီယာပါ၊ ခင်ဗျားကော ဘယ်သူလဲ'

တခြားလူသည် မှောင်ရိပ်ထဲမှထွက်လာ၏။ ရေဒီယိုအော်ပရေတာ ဖြစ်ကြောင်း ကို့ချ်မှတ်မိသွား၏။

'ကျွန်တော် အိပ်မပျော်လို့ဗျာ၊ လမ်းထလျှောက်နေတာ'

ဒီငနဲလည်း ငါ့လို မလုံမလဲပါလားဟု ကို့ချ်တွေး၏။ ဘာကြောင့်များ ပါလိမ့်။ သို့သော် ပါ့စပ်ကမူ

'တကယ့်ညပါပဲဗျာ၊ ကဲ ကျုပ်သွားမယ်'

'ဂွတ်နိုက်'

ကို့ချ်သည် သူ့အခန်းသို့ သူပြန်လာခဲ့၏။ ရေဒီယိုအော်ပရေတာသည် လူထူးလူဆန်း တစ်ယောက်ပဲ။ သူသည် အမြဲတမ်း ပါနေကျ သင်္ဘောသားမဟုတ်။ ကာဒစ်မြို့တွင် မူလရေဒီယို အော်ပရေတာ ခြေကျိုး၍ သူလိုပင် အသစ်တင်လာသူ ဖြစ်သည်။ ထို့ကြောင့် သူသည်လည်း သည်သင်္ဘောမှာ သူစိမ်းလိုပင်။





အဝတ်အစားလဲ၍ အိပ်ရာပေါ် လှဲလိုက်သော်လည်း အိပ်မပျော်နိုင်ကြောင်း ကို့ချ်သိသည်။ နက်ဖြန်အတွက် အားလုံး အစီအစဉ်ဆွဲပြီး ဖြစ်သည်။ ထပ်မံစဉ်းစားရန် မလိုတော့။

နောက်နှစ်နာရီကြာသောအခါ သူအိပ်ရာမှထသည်။ နောက်စားဖိုဆောင်ဘက်သို့ ကော်ဖီသောက်ရန် ထွက်ခဲ့၏။ လက်ထောက်စာဖိုမှူး ရှိသည်။ ကို့ချ်က–

'ဆိုးလိုက်တဲ့ ရာသီဥတုဗျာ'

'နောက် ပိုဆိုးလာဦးမယ်ဗျ'

ကို့ချ် ကော်ဖီသောက်သည်။ နောက် သူ့မတ်ခွက်ထဲသို့ ကော်ဖီထပ်ဖြည့်ခဲ့ပြီး အပေါ်ထပ်သို့ တက်ခဲ့၏။ ပထမအရာရှိသည် အဲဒီမှာရှိသည်။ ကို့ချ်က

'ဂွတ်မောနင်း'

'မောနင်းပါပဲ၊ ဒါပေမယ့် မဂွတ်ဘူးဗျ'

ပထမအရာရှိသည် အတန်းလိုက်ကျနေသော မိုးစက်များကို လှမ်းကြည့်နေ၏။ ကို့ချ်က

'ရော့၊ ခင်ဗျားဖို့ကော်ဖီ'

'ကျေးဇူးပါပဲဗျာ'

'ဒါထက် ကျုပ်တို့ ဘယ်ရောက်နေပြီလဲ'

ပထမအရာရှိက ရေပုံကိုထောက်ပြရင်း

'ဒီမှာလေ ရာသီမကောင်းပေမယ့် အချိန်အတိအကျ ရောက်နေပါတယ်ဗျ'

ကို့ချ်ခေါင်းညိတ်ပြသည်။ ယခုပုံအတိုင်းဆိုလျှင် သူ့အနေနှင့် ၁၅ မိနစ်အတွင်း ဤသင်္ဘောကို ရပ်ပစ်ရတော့မှာပါလား။

'နောက်မှ တွေ့မယ်ဗျာ'

သူသည် နှုတ်ဆက်၍ အောက်ဘက်အင်ဂျင်ခန်းသို့ ဆင်းခဲ့၏။ သူ့လက်ထောက်သည် ညတာဝန် ကျသော်လည်း ကောင်းကောင်း အိပ်ထားပုံရ၍ လန်းဆန်းနေ၏။

ကို့ချ်က–

'ဆီ အတက်အကျ ဘယ့်နှယ်လဲ'

'မှန်ပါတယ်'

'မနေ့တုန်းက တက်လိုက်ကျလိုက် ဖြစ်နေလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ ညကတော့ ဘာဒုက္ခမှ မပေးဘူးခင်ဗျ'

'ကောင်းပြီလေ သူ့ဘာသာ ပြန်ကောင်းသွားတာ ဖြစ်ချင် ဖြစ်မှာပေါ့။ ကဲ မောင်ရင် အခန်းပြန်ရင် လာဆင်ကို နှိုးခဲ့ဟုတ်လား'

'ဟုတ်ကဲ့'

'ကဲသွားနိုင်ပြီ'

လက်ထောက်သည် ထွက်သွား၏။

ကို့ချ် သူ့လုပ်ငန်းစသည်။

ဆီပရက်ရှာဂိတ်မှာ အင်ဂျင်ဒိုင်ခွက် နောက်နားမှာ ရှိ၏။ ကို့ချ်သည် သူလုပ်စရာရှိသည်ကို လျှင်မြန်တိကျစွာ ပြုလုပ်နေလိုက်၏။ နောက်လက်ထောက် တစ်ဦးဖြစ်သော လာဆင်ဝင်လာသောအခါ ကို့ချ်လုပ်ကိုင် ပြီးစီးသလောက် ဖြစ်နေပြီ။

လာဆင်က

'ကျွန်တော် လုပ်ပေးရမလားခင်ဗျ'

'ပြီးပါပြီကွာ၊ မလိုပါဘူး'

ထိုစဉ် လာဆင်က ဆီပရက်ရှာဒိုင်ခွက်ကို ကြည့်လိုက်၏။

'ဆာ၊ ဆီပရက်ရှာက သုညမှာ ပြနေတယ်'

'သုည၊ ဟုတ်လား'

'ဟုတ်တယ်'

'ဒါဆို အင်ဂျင်တွေအားလုံး ရပ်နိုင်းလိုက်'

'အေး အေးဆာ'

ဆီမရောက်ဘဲ စက်ခုတ်နေပါက ပျက်စီးသွားမည်ဖြစ်သည်။ သင်္ဘောပေါ်ရှိ လူတိုင်း စက်ရပ်သွားသည်ကို သိကြ၏။ ပထမအရာရှိ၏ အသံသည် ပိုက်ခေါင်း ထဲမှ ထွက်လာ၏။

'အောက်မှာ ဘာဖြစ်နေကြတာလဲဟေ့'

ကို့ချ်က ပိုက်ဝကို ပါးစပ်နှင့်တေ့၍

'ဆီပရက်ရှာ ရုတ်တရက် ကျသွားလို့'

'ဘာဖြစ်တယ်ထင်သလဲ'

'မပြောတတ်သေးဘူးခင်ဗျ၊ စစ်မကြည့်ရသေးဘူး'

'ကျုပ်ကို အမြဲဆက်သွယ် စောင့်နေမယ်'





'အေး အေး ဆာ'

ကို့ချ်သည် လာဆင်ဘက်သို့လှည့်၍

'တို့ ဆီပရက်ရှာကို ဖြုတ်ကြည့်မှပဲဟေ့'

ကို့ချ်နှင့် လာဆင်တို့သည် ဆီဂိတ်ကို ဖြုတ်ကြည့်ကြ၏။

ကို့ချ်က

'ဒီမှာလဲ ဘာမှ မဖြစ်ဘူးကွ၊ ဆီသွားသားပဲ၊ ဒါဆို ဆီပန့်က ဖြစ်ရမှာပဲ၊ သွားကွာ ဆီပန့်အပိုရှာခဲ့'

လာဆင်က

'ဆီပန့်အပိုက စတိုခန်းထဲမှာ'

ကို့ချ်က စတိုသော့ပေးလိုက်၏။

လာဆင်ထွက်သွားသည်နှင့် သူသည် ပျက်စီးနေသော ဆီပန့်ထဲသို့ နတ် 'ဝက်အူခေါင်း' တစ်လုံး ထည့်လိုက်၏။

လာဆင်ပြန်လာသည်။

'ဆီပန့်အပိုမတွေ့ဘူးဆရာ'

'အေး ဒါမှ ဒုက္ခပဲ၊ ဆီပန့်ထဲမှာ နတ်တစ်လုံးကျနေလို့ ဆီပန့်က ပျက်စီးသွားတာကွ၊ တခြားလူတွေပါ အကူအညီတောင်းပြီး ရှာကြ'

လာဆင်ထွက်သွားပြန်၏။

ကို့ချ်သည် သူ၏လက်စခြေစများကို အမြန်ဖျောက်လိုက်၏။ ပြီးနောက် သင်္ဘောမောင်းခန်း ကက်ပတိန်ထံသို့ တက်ခဲ့၏။

ကက်ပတိန်က

'ဘာဖြစ်တာလဲကွ'

သင်္ဘောအင်ဂျင်ချုပ်တန်းက မက္ကင်းနစ်တစ်ယောက်ယောက်ဟာ ဆီပန့်ထဲမှ နတ်တစ်လုံးကျနေခဲ့တယ်နဲ့ တူတယ်၊ နတ်က အထဲမှာ လည်နေတော့ အကုန် ပျက်စီးကုန်တာပေါ့၊ သင်္ဘောမှာ အပိုဆီပန့် ထုံးစံအတိုင်း ပါနေကျပဲ၊ ခု ရှာနိုင်းတော့ မတွေ့ဘူး ဖြစ်နေတယ်'

ကက်ပတိန်သည် ဒေါသထွက်နေ၏။

'တာဝန်ရှိတဲ့ကောင်တော့ မလွတ်ဘူးသာမှတ်'

'အင်ဂျင်နီယာရဲ့ တာဝန်ဟာ အပိုပစ္စည်းတွေအားလုံး ပါမပါ စစ်ကြည့်ဖို့ ရှိတာပဲ ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဆန်းရဲ့အပြစ်ပေါ့'

'သူ့မှာလဲ သူ့အကြောင်းနဲ့သူ'

'မလိုပါဘူးကွာ၊ ဘယ်လ်ဂျီယံပြည်တန်ဆာတွေနောက် လိုက်နေရလို့ သင်္ဘောပေါ်တောင်အရောက် ပြန်မလာနိုင်တဲ့ အကောင်က၊ ဒါထက် တို့မေးပြီး ခုတ်လို့ မရဘူးလား'

'လုံးဝမဖြစ်ဘူးခင်ဗျ၊ ခုတ်လိုက်ရင် စက်တစ်ခုလုံးပျက်သွားလိမ့်မယ်'

'ဒုက္ခပါပဲ၊ ဟေ့ ရေဒီယိုအော်ပရေတာရောဟေ့'

ပထမအရာရှိက

'ကျွန်တော် သွားရှာလိုက်ပါ့မယ်'

ကက်ပတိန်က ကို့ချ်အား

'မင်းပြင်လို့ မရနိုင်တော့ဘူးဆိုတာ သေချာရဲ့လား'

'ဟုတ်ကဲ့၊ ဆီပန့်တစ်ခုကို အပိုပစ္စည်းတွေနဲ့ လုပ်လို့မရပါဘူး ခင်ဗျာ၊ ဒါကြောင့် ကျွန်တော်တို့ သင်္ဘောတိုင်း ဆီပန့်တစ်ခု အပိုဆောင်ရတာပါ'

ပထမအရာရှိသည် ရေဒီယိုအော်ပရေတာကို ခေါ်ဝင်လာ၏။ ကက်ပတိန်က အော်ပရေတာအား

'မင်းက ဘယ်ပျောက်နေတာတုံး'

ရေဒီယိုသမားက စိတ်ထိခိုက်ဟန်ဖြင့်...

'ခင်ဗျာ၊ ကျွန်တော်လဲ ကျန်တဲ့လူတွေနဲ့အတူ ဆီပန့်လိုက်ရှာကြတာ၊ နောက်ဆုံး လက်တွေပေသွားတာနဲ့ ရေသွားဆေးပါတယ်ခင်ဗျ'

ကက်ပတိန်က

'ကောင်းပြီလေ၊ ပိုင်ရှင်ဆီကို ရေဒီယိုဆက်စမ်း၊ အင်ဂျင် ပျက်သွားရတယ်လို့၊ နေရာအတိအကျက ဩော်...အေး... နံပါတ်တစ်ရေ ဘယ်နေရာလဲ'

ပထမအရာရှိက နေရာအတိအကျ ပြောပြသည်။

ကက်ပတိန်က ဆက်၍

'ဆီပန့်အသစ်တစ်လုံး အမြန်ပို့၊ ဒါမှမဟုတ် ကျုပ်တို့ သင်္ဘောကို ကမ်းနားရောက်အောင် လာဆွဲပါလို့'

ကို့ချ်သည် ယခုမှ စိတ်တုံးတုံးချနိုင်၏။ သူ့လုပ်ရပ်သည် အောင်မြင်ခဲ့ပြီတကား။

ချက်ချင်းပင် သင်္ဘောပိုင်ရှင်ထံမှ ပြန်ကြားမှု ရလာ၏။





'ကိုပါရယ်လီ'ကို ဆာဗိုင်းလ်သင်္ဘောကုမ္ပဏီ (ဖူးရစ်)ကိုကို ရောင်းလိုက်ပြီ၊ သတင်းကို ပိုင်ရှင်သစ်ဆီပို့ပြီးပြီ၊ ပိုင်ရှင်သစ်ဆီက အဖြေကိုစောင့်။

နောက်ထပ် ဘာမှ မကြာလိုက်သေးမီမှာပင် ဆာဗိုင်းလ် သင်္ဘောကုမ္ပဏီထံမှ ပြန်ကြားချက်ဝင်လာ၏။

ကျုပ်တို့ကုမ္ပဏီပိုင် သင်္ဘောဂီလ်ဟာမီလ်တန် အနီးအနားမှာရှိ။ ဂီလ်ဟာမီလ်တန် နေ့လယ်ပိုင်းလောက် ရောက်လာမယ်၊ အင်ဂျင်နီယာမှလွဲပြီး ကျန်သင်္ဘောသားအားလုံး သင်္ဘောဆင်းဖို့ ပြင်ဆင်ထား၊ ဟာမီလ်တန်က သင်္ဘောသားအားလုံး ဂျာဆေးကိုပို့ပေးမယ်၊ အင်ဂျင်နီယာက ဆီပန့်လာ အောင်စောင့်။ ။ပါပါဂိုပိုလတ်ခ်။

အပြန်အလှန် ရေဒီယိုဆက်သွယ်မှုကို မိုင် ၆၀ အကွာခန့်ရှိဂီလ်ဟာမီလ်တန် သင်္ဘောမှ ကြားသည်။ သင်္ဘောကက်ပတိန် ဖြစ်သော အစ္စရေး ရေတပ်အရာရှိက–

'အချိန်အတိအကျပါပဲ၊ ကောင်းလိုက်ပါပေ့ ကို့ချ်ရယ်'

'သူသည် "ကိုပါရယ်လီ" သင်္ဘောရှိရာသို့ အမြန်ဆုံး စက်ကုန်ဖွင့်ရန် အမိန့်ပေးလိုက်လေ၏။

*

ထိုရေဒီယို ဆက်သွယ်မှုကို 'နာဘလတ်ခ်'သင်္ဘောပေါ်မှ ဟာစန်နှင့် မာမွတ်တို့ ကြားပေ။ သူတို့သည် သင်္ဘောကက်ပတိန် အခန်းထဲမှာ 'ကိုပါရယ်လီ' သင်္ဘော၏ အခြင်းအကျင်းကို လေ့လာနေကြ၏။ သူတို့သည် ဘယ်လိုတက်မည်၊ ဘယ်လိုတိုက်မည်ဟု တိုင်ပင်ညှိနှိုင်းနေကြခြင်း ဖြစ်သည်။

ဟာစန်သည် ရေဒီယိုအော်ပရေတာအား လေလှိုင်းနှစ်ခုကိုသာ နားထောင်ရန်ညွှန်ကြားခဲ့၏။ တစ်ခုမှာ 'စထရွမ်းဘတ်'မှ အချက်ပြဆက်သွယ်မှု လေလှိုင်း၊ နောက်တစ်ခုမှာ 'ကိုပါရယ်လီ'ပေါ်မှ တိုင်ရင် အသုံးပြုမည့် အသံလှိုင်းတို့ပင် ဖြစ်သည်။

ယခု 'ကိုပါရယ်လီ'မှ အသုံးပြုသော အသံလှိုင်းမှာ ရိုးရိုးအမြဲ အသုံးပြုနေကျအသံလှိုင်းဖြစ်၍ 'နာဘလတ်ခ်'က မဖမ်းယူမိ နားမထောင်ခြင်း ဖြစ်ပေသည်။

ဤသို့ဖြင့် 'ဖီဒေးယင်း'တပ်ဖွဲ့တို့သည် လူသူလေးပါးမရှိတော့သော သင်္ဘောကို တိုက်ခိုက်စီးနင်းကြမည့် အကြောင်း ကြိုတင်၍ မသိနိုင်ကြခြင်း ဖြစ်ပေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



အပြန်အလှန် ရေဒီယို ဆက်သွယ်မှုကို မိုင် ၂၀၀ အကွာရှိ 'စထရွမ်းဘတ်' သင်္ဘောကမှ ကောင်းစွာ ကြားသိလိုက်ရပေသည်။ နောက်ဆုံး 'ကိုပါရယ်လ်' သင်္ဘောမှ ပေးပို့သောညွှန်ကြားမှုအတိုင်း လုပ်မည်ဟု ပြန်ကြားလိုက်သောအခါ စောင့်နားထောင်သူအားလုံးက လက်ခုပ်သြဘာ တီးကြလေသည်။

ကော်ဖီကြမ်းတစ်ခွက်ကို ကိုင်ရင်း ပင်လယ်ပြင်ကို လှမ်းကြည့်နေသော နက်ဒစ်စတိန်းကမူ လက်ခုပ်သြဘာ မတီးပေ။ သူ့တစ်ကိုယ်လုံး တောင့်တင်းနေပြီး မျက်နှာက တင်းမာနေ၏။ ဒစ်စတိန်းကို သတိထားမိသူများက ဒစ်စတိန်း၏ ပုံပန်းသည် ခြေမကို တက်နင်းမိရုံနှင့် ဓားနှင့်ထိုးမည့်ပုံမျိုး ဖြစ်နေ၏။

*

ရေဒီယိုဆက်သွယ်မှုကို မိုင် ၃၀၀ အကွာရှိ 'ကာလာ'သင်္ဘောပေါ်မှ ရော့စတော့နှင့် စူဇာတို့ကလည်း ကြားသိကြလေသည်။

'ကာလာ'သင်္ဘောပေါ် ရောက်ရောက်ချင်း စူဇာစိတ်ချောက်ချားနေ၏။ သူမကို ရော့စတော့က အခန်းတစ်ခန်းပေး၍ နားရန် ပြောသောအခါ စူဇာ အခန်းထဲဝင်ခဲ့၏။ အိပ်ရာပေါ်ထိုင်လိုက်၏။ နောက်တစ်နာရီခန့်အကြာ သင်္ဘောသားတစ်ယောက်က အစားအသောက်များ ယူလာချိန်အထိ အိပ်ရာပေါ်တွင် နေရာမပြောင်းဘဲ ငုတ်တုတ်ကလေးရှိနေ၏။ သင်္ဘောသားက စကားတစ်ခွန်းမှ မပြောဘဲ စားပွဲပေါ်မှာ အစားအစာလင်ဗန်းတင်သွား၏။ စူဇာသည် အစားအစာများကို လက်ဖြင့်ပင် ကိုင်မကြည့်မိ။ မှောင်စပြုလာသောအခါ စူဇာချမ်းလာ၏။ သို့နှင့် ခုတင်ပေါ်မှာ လှဲချလိုက်သည်။ မျက်လုံးများက ကြောင်တက်တက်။

နောက်ဆုံး စူဇာ အိပ်ပျော်သွားသည်။ ပထမ ကောင်းကောင်း။ နောက် ထမင်းလုံးတစ္ဆေ ခြောက်သလို အိပ်မက်များနှင့်။ နောက်ဆုံး နှစ်ခြိုက်စွာ အိပ်ပျော်သွား၏။

နံနက်စောစောမှ စူဇာနိုးလာသည်။

သည်တော့မှ သူမရောက်နေသောသင်္ဘော၊ သူမ အဖြစ်ကို ပြန်၍ သတိရသွားသည်။ အိပ်မက်ဆိုးတစ်ခုမှ လန့်နိုးလာသလို ဖြစ်နေ၏။

စူဇာရင်ထဲမှာ အပြစ်ကြီးစွာ ကျူးလွန်မိသလို ခံစားနေရ၏။ သူမကိုယ် သူမ လှည့်စားနေမိခဲ့ကြောင်း ယခုမှ သိလေသည်။ သူမသည် ဘယ်နည်းဖြင့် ဖြစ်စေ၊ နက် ဒစ်စတိန်းအား သွားရှာဖွေ၍ သတိပေးရန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟု အကြောင်းရှာခဲ့၏။ တကယ်တမ်းကား သူမ နက်ဒစ်စတိန်းကို





တွေ့လိုခြင်း သက်သက်ဖြစ်ကြောင်း ထင်ရှားနေ၏။ နက်ဒစ်စတိန်းတစ်ယောက် အန္တရာယ်ရှိနေခြင်းကား မှန်၏။ သို့သော် ယခုမှ ပိုမိုဆိုးရွားသော အန္တရာယ် ရောက်သွားခြင်း ဖြစ်သည်။ အားလုံးမှာ သူမကြောင့် ဖြစ်ပေသည်။

ထိုအကြောင်းများကို ပထမတွေးသည်။ နောက် ယခုမျက်မှောက် သူမသည် ရုရှများ၏ သင်္ဘောပေါ်တွင် ရောက်နေပြီး နက်၏ ရန်သူများအကြား တွင် ရှိနေပုံကို တွေးမိသည်။ စူဇာသည် ခေါင်းကို ခေါင်းအုံးအောက်မှာ သွင်းရင်း တုန်လှုပ်ချောက်ချားမှုများကို ကြိုးစားထိန်းသိမ်းနေ၏။

တဖြည်းဖြည်း သူမစိတ်ဆိုးဒေါသထွက်လာ၏။ ထိုဒေါသကြောင့်သာ စူဇာ ရူးမသွားခြင်းဖြစ်သည်။

စူဇာ ဖေဖေ့ကို ပထမဆုံး စိတ်ဆိုးသည်။ ဖေဖေသည် သူကိုယ်တိုင် မစွမ်းဆောင်နိုင်သော နိုင်ငံရေး ယုံကြည်ချက်အတွက် သူမကို အသုံးချသည်။ နောက် ဟာစန်။ ဟာစန်သည် ဖေဖေ့ကို အကြောင်းပြု၍ သူမကို အသုံးချသည်။ သူမပေါင်ပေါ်သို့ လက်တင်ကြည့်ပြီး စမ်းသည်။ အဲဒီတုန်းက ပါးထချလိုက်လျှင် အကောင်းသား။ နောက်ဆုံး အေးစက်စက်အပြုံး၊ လျင်မြန်သောစိတ်ကူးရှိပုံရသည့် ရော့စတော့။ ရော့စတော့သည် သူမချစ်သော နက်ဒစ်စတိန်း၏ အစီအစဉ်ကို ဖျက်ဆီး၍ နက်ကို သတ်ဖို့ကြံရွယ်နေသည်။ သူမ၏ ဒေါသသည် အမြင့်ဆုံးသို့ ရောက်ရှိသွားလေ၏။

ဒစ်စတိန်းသည် သူမ၏လူဖြစ်သည်။ သူမထံချစ်သဝဏ်လွှာ ရေးပြီး သင်္ဘောတွေကို ခိုးယူသည်။ သူမတစ်သက်တာတွင် နက်လောက်ချစ်ခင် စုံမက်ဖူးသူမရှိ။ နက်ကို သူမ အဆုံးရှုံးမခံနိုင်။

ယခုတော့ သူမသည် ရန်သူ့စခန်းမှာ ရောက်နေသည်။ အကျဉ်းသား ဖြစ်နေသည်။ ဒါကလည်း သူမဘက်မှအမြင်သာ ဖြစ်သည်။ တစ်ဖက်ကလူများကမူ သူမကို သူတို့ဘက်တော်သားဟု ယူဆနေကြသည်။ ယုံကြည်နေကြသည်။ သူမအနေနှင့် သူတို့၏အလုပ်၊ အစီအမံကို အနှောင့်အယှက် ပေးနိုင်ကောင်း ပေးနိုင်ပေလိမ့်မည်။ သူတို့၏ယိုပေါက်၊ ဟာပေါက်ကို ရှာကြည့်ဖို့လိုသည်။ သူမ သင်္ဘောမှော်သို့ လျှောက်သွား၍ ကြည့်ရမည်။ ကြောက်စိတ်ကို ဖျောက်၍ ရန်သူများကို စကားရောဖောရော လုပ်ရမည်။ သူတို့၏ ယုံကြည်မှုကို ရယူ၍ သူတို့၏ ရည်ရွယ်ချက်နှင့် တိုက်ဆိုင်တူနေကြောင်း ပြနေရမည်။ သူမ ဖျက်ဆီးရန် အခွင့်အရေးကြုံသည်အထိ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးသည် သူမတစ်ကိုယ်လုံး တုန်သွား၏။

သည့်နောက် သူမကိုယ်သူမ ပြောသည်။ 'ငါ ဒါကိုမှမလုပ်ရင် ချစ်သူကို ဆုံးရှုံးခံရတော့မှာပဲ၊ ချစ်သူဆုံးရှုံးရင် ငါအသက်ရှင်နေလို့ ဘာထူးတော့မှာလဲ'

စုဇာအိပ်ရာထဲမှ ထလိုက်သည်။ သူမ ညဝတ်အိပ်ခဲ့မိသော အဝတ်အစားများကို ချွတ်လဲ၍ ဆွယ်တာအသစ်၊ ဘောင်းဘီအသစ် လက်ဆွဲအိတ်ထဲမှ ထုတ်၍ ဝတ်လိုက်၏။

စားပွဲပေါ်မှာ တင်ထားသော ဝက်အူချောင်းနှင့် ချိစ် 'ဒိန်ခဲ'တချို့ကို စားပစ်လိုက်သည်။ ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်သည်။ မိတ်ကပ်ကလေး နည်းနည်းတင်လိုက်၏။

အခန်းတံခါးကို စမ်းတွန်းကြည့်သည်။ တံခါးသည် သော့ခတ်မထား။

စုဇာအပြင် ထွက်လိုက်သည်။

သူမသည် ဟိုယောင်ယောင် သည်ယောင်ယောင်ဖြင့် လျှောက်သွားသည်။ အစားအသောက် အနံ့ရသည်။ ထိုအခန်းထဲသို့ လှမ်းကြည့်လိုက်၏။

ရှောစတော့တစ်ယောက်တည်း ထိုင်၍ စားသောက်နေသည်ကို တွေ့ရ၏။ ရှောစတော့ မော့ကြည့်လိုက်ရာ သူမကို မြင်သွားသည်။ ရှောစတော့ မျက်နှာမှာ အေးစက်စက်နှင့် ဘာခံစားမှုမှ ရှိပုံမရ။

စုဇာ တစ်ချက် တွေသွားပြီးနောက် ကြိုးစား၍ ရှောစတော့ရှိရာသို့ လျှောက်သွားသည်။ သူမဒူးများမှာ မခိုင်ဘဲ ညွတ်ချင်သလိုလို ဖြစ်နေ၏။ ရှောစတော့က

'ထိုင်လေ'

စုဇာ ကုလားထိုင်တစ်လုံးပေါ်သို့ ပစ်ထိုင်ချလိုက်၏။

ရှောစတော့က

'ညက အိပ်ရရဲ့လား'

'အိပ်ရပါတယ်'

သူမအသံမှာ အနည်းငယ် တုန်ခါနေသည်။

ရှောစတော့က အေးစက်စက်ဖြင့်၊ ခံစားမှုမပါသော လေသံဖြင့်

'မင်းကြည့်ရတာ အနေအထားမကျသလိုပဲ'

စုဇာသည် လည်မျိုမှ တစ်ဆို့ဆို့ဖြစ်နေသည်ကို ချောင်းဟန့်လိုက်ပြီးမှ

'မနေ့တုန်းက အဖြစ်အပျက်တွေကို စိတ်အနှောင့်အယှက် ဖြစ်နေလို့ပါ၊





ကျွန်မ တစ်သက်မှာ လူသေတာ တစ်ခါမှ မမြင်ဖူးဘူး'

'အား'

ရှောစတော့မျက်နှာသည် ယခုမှ လူသားချင်း စာနာတတ်သော မျက်နှာပေးမျိုး ပေါ်လာ၏။

'မင်းဟာ သိပ်ငယ်သေးတာကို၊ ကျုပ်အကြီးဆုံးသားထက် ဘယ်လောက်မှ မကြီးနိုင်ဘူး'

သူတို့နှစ်ဦး စကားအတန်ကြာပြောလိုက်ကြ၍ စုဇာ နေတတ်ထိုင်တတ် ဖြစ်သွား၏။

အရာရှိတစ်ယောက် ဝင်လာ၍ ရှောစတော့ကို ရုရှားဘာသာဖြင့် တစ်စုံတစ်ရာ ပြောသည်။ ရှောစတော့က စုဇာကိုကြည့်ရင်း

'ကျုပ် ကက်ပတိန်အခန်းကို သွားရတော့မယ်'

စုဇာသည် ရှောစတော့နှင့် လိုက်ရမှဖြစ်မည်။ သူက အားမွေး၍

'ကျွန်မကော မလိုက်ခဲ့ရဘူးလား'

ရှောစတော့ တွေသွား၏။ နောက်မှ

'လိုက်ခဲ့လေ'

စုဇာ ရှောစတော့နှင့်အတူ လိုက်သွား၏။

ရေဒီယိုအခန်းသို့ ရောက်သောအခါ ရှောစတော့က 'ကိုပါရယ်လီ'မှပေးပို့သော အပြန်အလှန်ဆက်သွယ်မှု ဖတ်၍ ပြီးသည်။ နောက် စုဇာအတွက် အင်္ဂလိပ်လို အဓိပ္ပာယ်ပြန်ပြ၏။ သူသည် ဒစ်စတိန်း၏ လုပ်ရည်ကိုင်ရည်ကို သဘောကျနေပုံရ၏။ သူက–

' ဒီငနဲကတော့ တကယ့်ဖျံပဲဟေ့'

စုဇာက စဉ်းစားရင်း

'ဆဗိုင်းလ် သင်္ဘောကုမ္ပဏီဆိုတာ ဘာလဲ'

'အစ္စရေး ထောက်လှမ်းရေးရဲ့ ဟန်ပြတစ်ခုပေါ့ကွယ်၊ ဒစ်စတိန်းဟာ ယူရေနီယံကိစ္စနဲ့ ပတ်သက်သမျှတွေကို လက်စရှင်းနေတာ၊ မူလသင်္ဘောကုမ္ပဏီ အနေနဲ့ သင်္ဘောဟာ သူတို့ မပိုင်တော့လို့ စိတ်မဝင်စားတော့ဘူး၊ အခု သူက သင်္ဘောကက်ပတိန်နဲ့ သင်္ဘောသားတွေကို သင်္ဘောပေါ်က ဆွဲချနေပြန်ပြီ နောက်ယူရေနီယံတွေကို ပိုင်တဲ့ လူအပေါ်မှာလဲ အနိုင်ကိုင်စရာတစ်ခုခု ရှာအုံးမှာပဲ၊ တကယ်ကို သပ်ရပ်သေချာတဲ့ အစီအစဉ်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



စုဇာသည် ဒါကိုပဲ လိုချင်နေခြင်းဖြစ်သည်။ ရှောစတော့သည် အခြေအနေအရပ်ရပ်ကို သူမအား မိတ်ဆွေတစ်ဦးလို ရှင်းပြစေချင်ခြင်းဖြစ်သည်။ သို့မှသာ အခွင့်အရေးရပါက သူမ ဖျက်ဆီးနိုင်မည် မဟုတ်ပါလား။ စုဇာက–

'ဒါဆို သင်္ဘောဖျက်တာကလဲ စီစဉ်ထားတာပဲ နေမှာပေါ့'

'ဟုတ်တယ်လေ၊ အခုတော့ ဒစ်စတိန်းဟာ 'ကိုပါရယ်လီ'သင်္ဘောကို သေနတ်တစ်ချက်မှ ဖောက်စရာမလိုတော့ဘဲ သိမ်းနိုင်ပြီပေါ့'

စုဇာသည် လျှင်မြန်စွာ တွေးနေမိသည်။ သူမသည် ဒစ်စတိန်းကို သစ္စာဖောက်လိုက်သောအခါ အာရပ်တို့ ဘက်တော်သားလို ဖြစ်လာခဲ့သည်။ ယခု အာရပ်တို့ဘက်မှာပင် နှစ်စုကွဲနေ၏။ တစ်စုသည် ကေဂျီဘီ ရှောစတော့နှင့် အီဂျစ်ထောက်လှမ်းရေးအဖွဲ့၊ တစ်စုသည် ဟာစန်နှင့် ဖီဒေးယင်းများ။ ယခု စုဇာအနေဖြင့် ဟာစန်အပေါ် သစ္စာဖောက်ကာ ရှောစတော့ ဘက်သားဟု ပြသရန် အခွင့်အရေးရလာ၏။

စုဇာက သမန်ကာလျှံကာလေသံဖြင့်

'အင်း ဒါဆို ယာစစ်ဟာစန်တို့ အတွက်လဲ လွယ်ကူသွားတာပေါ့'

ရှောစတော့ မျက်နှာမှာ အံ့သြသွား၏။

'ဘာရယ်'

'သြော် ဟာစန်တို့ကလဲ 'ကိုပါရယ်လီ'သင်္ဘောကို သေနတ်တစ်ချက် မဖောက်ဘဲ သိမ်းနိုင်တာပေါ့လို့ ပြောတာပါ'

ရှောစတော့သည် စုဇာကို ကြည့်လိုက်၏။ သူ့မျက်နှာသည် သွေးဆုတ်သွားသလိုဖြစ်နေ၏။ ရှောစတော့က

'ဟင် ဟာစန်က 'ကိုပါရယ်လီ'ကို တိုက်သိမ်းဖို့ဟုတ်လား'

စုဇာက အံ့သြသွားဟန်ဖြင့်

'နေပါဦး ဒီကိစ္စတွေကို ရှင်က မသိဘူးလို့ ပြောနေတာလား'

'မဟုတ်သေးပါဘူး၊ ဘယ်သူက တက်သိမ်းမှာလဲ၊ အီဂျစ်တွေကတော့ သိမ်းစရာမရှိပါဘူး'

'ဖီဒေးယင်းတွေကလေ၊ ဟာစန်ပြောတော့ ဒါရှင့်ရဲ့ အစီအစဉ်တွေပဲဆို'

ရှောစတော့သည် စားပွဲကို လက်သီးနှင့် ထုလိုက်၏။ ယခုတော့ ရှောစတော့သည် ဣန္ဒြေမထိန်းနိုင်သော လူတစ်ယောက် ဖြစ်သွား၏။

'ခွေးမသား ဟာစန်၊ ဒီကောင်ဟာ လူလိမ် သစ္စာဖောက်'





သည်အချိန်သည် စုဇာအတွက် အခွင့်အရေးဖြစ်သည်။ သူမက

'ဒါဆို သူ့ကို ကျွန်မတို့ တားချင်တားနိုင်မှာပေါ့'

ရှောစတော့က စုဇာကိုကြည့်၍

'သူ့အစီအစဉ်က ဘယ်လိုတဲ့လဲ'

'ကိုပါရယ်လီ'ကိုဒစ်စတိန်း အလျှင်တက်တိုက်မယ်၊ ပြီးတော့ တက်လာတဲ့ အစ္စရေးတွေကို တိုက်ပစ်မယ်၊ ပြီးတော့မှ အဲကျွန်မလဲ နေရာအတိအကျတော့ မသိဘူး၊ အာဖရိကမြောက်ပိုင်းက သင်္ဘောဆိပ်တစ်ခုခုကို မောင်းသွားမယ် ပြောတာပဲ၊ ဒါထက် ရှင့်ရဲ့ တကယ့်အစီအစဉ်ကကော'

'ဒစ်စတိန်းက ယူရေနီယံတွေခိုးဖို့ သင်္ဘောကို သိမ်းပြီးတဲ့နောက် အဲဒီသင်္ဘောကို တိုက်ခွဲနှစ်မြှုပ်ပစ်ဖို့ပဲ'

'ကျွန်မတို့ အဲဒီ အစီအစဉ်အတိုင်းဖြစ်အောင် မလုပ်နိုင်တော့ဘူးလား'

'မဖြစ်နိုင်တော့ဘူးနဲ့တူတယ်၊ ကျုပ်တို့က သိပ်ဝေးလွန်းနေတယ်၊ သူတို့ကို မီဖို့မလွယ်တော့ဘူး'

သည်တွင် စုဇာသိသွား၏။ ယခု သူမ ပြောရမည့် စကားသာ မအောင်မြင်ပါက ဒစ်စတိန်းရော သူမပါ သေဖို့သာ ရှိတော့၏။ သူမသည် တုန်တုန်ရီရီ မဖြစ်စေခြင်းငှာ လက်ပိုက်၍

'ဒါဆို ကျွန်မတို့မှာ လုပ်စရာတစ်လမ်းပဲ ရှိတော့တာပေါ့'

ရှောစတော့သည် စုဇာကို ကြည့်လိုက်၏။

'ဘာ'

'ကျွန်မတို့က ဒစ်စတိန်းကို ဖီဒေးယင်းတွေရဲ့ ထောင်ချောက်ရှိနေကြောင်း သတိပေးလိုက်ပေါ့၊ ဒါမှ ဒစ်စတိန်းက 'ကိုပါရယ်လီ'ကို အရသိမ်းနိုင်မှာပေါ့'

စုဇာစကားက ထွက်သွားပေပြီ။ စုဇာ ရှောစတော့ မျက်နှာကို ကြည့်နေမိ၏။ သည်အကြံသည် သင့်မြတ်သောအကြံဖြစ်သည်။ ရှောစတော့အနေနှင့် အလုပ်ထိုက်ဆုံး အစီအစဉ်ဖြစ်သည်မဟုတ်လား။ ဘုရားသိကြားမလို့ ရှောစတော့ လိုက်နာဖြစ်ပါစေ။

ရှောစတော့သည် အပြင်းအထန် စဉ်းစားနေ၏။ သူက...

'ဒစ်စတိန်းကို သတိပေးရမယ်၊ ဒါမှ ဒစ်စတိန်းဟာ 'ဖီဒေးယင်းတွေဆီက 'ကိုပါရယ်လီ'ကိုရအောင် ပြန်သိမ်းနိုင်မယ်၊ ဒါမှ ဒစ်စတိန်းက သူ့အစီအစဉ်အတိုင်း ခရီးဆက်နိုင်မယ်၊ ကျုပ်တို့ကလဲ ကျုပ်တို့ အစီအစဉ်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဖြတ်တိုက်နိုင်မယ်'

စုဇာက

'ဟုတ်တယ် ဟုတ်တယ် ဒီတစ်လမ်းပဲ လုပ်စရာရှိတော့တာပဲ။ မဟုတ်ဘူးလားဟင် မဟုတ်ဘူးလား'

**မှ . . . ဆာဗိုင်းလ် သင်္ဘောကုမ္ပဏီ၊ စူးရစ်။**

**သို့ . . . အိန်ဂျယ်လူစီ အီး ဖြန် ကုမ္ပဏီ၊ ဂီနိုအာ။**

**ခင်ဗျားတို့ရဲ့ အက်အေ ပက်ဒလာက ပို့လိုက်သော အဝါခဲကုန်များ သင်္ဘောပျက်၍ နောက်ကျနေ။ ပြင်ဆင်ပြီးမှ ကုန်ရောက်မည့် ရက်အသစ်ကို ထပ်မံသတင်းပို့မည်။**

**ပါပါကိုပိုလတ်စ်။**

'ကိုပါရယ်လီ'သင်္ဘောအနားသို့ 'ဂီလ်ဟာမီလ်တန်' သင်္ဘောကပ်လာသည်နှင့် တိုင်ရင်သည် ဆေးသမား သင်္ဘောသား ရက်ဗလိုကို ရှာလိုက်၏။ တိုင်ရင်သည် ရက်ဗလိုဆေးချနေသည်ကို တစ်ခါ မိဖူး၍ နိုင်ကွက်ရှိနေသည်။

ရက်ဗလိုကိုတွေ့သည်နှင့် တိုင်ရင်က

'ဒီမှာ မင်းငါ့အတွက် တစ်ခုလုပ်ပေးဖို့လိုပြီ'

'ဟုတ်ကဲ့ပါ ဘာလုပ်ပေးရမှာလဲ'

တိုင်ရင် စဉ်းစားလိုက်၏။ အခြေအနေက အကျပ်အတည်း ဖြစ်နေသည်က အမှန်ပင်။ သို့သော် သူ့တွင် တခြားရွေးစရာလမ်း မရှိတော့။ သို့နှင့်

'ငါ ဒီသင်္ဘောပေါ်မှာ နေရစ်မှဖြစ်မယ်၊ အဲဒီတော့ "ဂီလ်ဟာ မီလ်တန်" သင်္ဘောပေါ်ကို အားလုံးသွားကြတဲ့အခါမှာ မင်းက ငါပါသွားတာကို မြင်ပါတယ်လို့ပြော ဟုတ်လား'

'ကောင်းပြီလေ ပြောပါ့မယ်'

'ငါပြောတဲ့အတိုင်း မလုပ်ရင်တော့ မင်းမလွယ်ဘူး၊ ဆေးချတာကို ကက်ပတိန်ကို ပြောပြပစ်မှာပဲ'

'ကောင်းပါပြီ၊ ကျွန်တော် ဖြစ်အောင်လုပ်ပါ့မယ်'

ဤသို့ဖြင့် သင်္ဘောသားများ 'ဂီလ်ဟာမီလ်တန်'သင်္ဘောသို့ ကူးပြောင်းသွားသောအခါ တိုင်ရင်သည် အောင်မြင်စွာ ပုန်းလျှိုးနေလိုက်ခဲ့နိုင်၏။

တစ်သုတ်ပြီးတစ်သုတ် ကူးကြရသော အဖွဲ့များသည် တိုင်ရင်တစ်ယောက်





ပေါ်ခဲ့ဘဲ ကျန်ရစ်သည်ကို သတိမမူမိကြတော့။

ယခု တိုင်ရင်အနေနှင့် သင်္ဘောပေါ်မှာ တစ်ယောက်တည်း ကျန်ရစ်သည်ဟု ယူဆနေမည်ဖြစ်သည့် ကို့ချ်ကိုသာ သတိထားရပေတော့မည်။

သင်္ဘောသားအားလုံး ထွက်ခွာသွားသောအခါ ကို့ချ်သည် သင်္ဘောမောင်းသည့်အခန်းသို့ တက်သွား၏။ တိုင်ရင်သည် သူ့ရေဒီယိုရှိရာ စတိုခန်းကလေးသို့ သွားချင်သည်။ ဤအတိုင်းဆိုလျှင် မှောင်မှသွား၍ ရပေတော့မည်ဖြစ်၏။

တိုင်ရင် အကြာကြီး စောင့်နေရတော့၏။

*

နာဘလတ်ခ် သင်္ဘောအဖွဲ့အကျွန်း တောင်ဘက်သို့ ရောက်လာသောအခါ တွက်ကိန်းအရ 'ကိုပါရယ်လီ'နှင့် ဆုံရမည်ဖြစ်သည်။ ယခုသော်ကား ပင်လယ်ပြင်တစ်ခုလုံးတွင် သင်္ဘောတစ်စီးတလေမှ မမြင်ရ။

သူတို့သည် ထိုဒေသတစ်ဝိုက် ပတ်ချာလည် မောင်းနေရ၏။ ဟာစန်က ခုန်ပြောင်းတစ်လက်ဖြင့် မိုးတဖွဲဖွဲရွာနေသော ပင်လယ်ပြင်တစ်ဝိုက်သို့ ရှာကြည့်နေ၏။

ပင်လယ်တစ်ပြင်လုံး ဘာမှမတွေ့။

နံဘေးမှ မာမွတ်က

'မင်းဟာက တစ်ခုခု လွဲနေပြီထင်တယ်'

'မလွဲနိုင်ပါဘူး၊ ဒီနေရာဟာ 'ကိုပါရယ်လီ' အစောဆုံး၊ အမြန်ဆုံး ရောက်နိုင်တဲ့နေရာပဲ'

'ဒါဖြင့် ခုထိဘာကြောင့် မတွေ့ရတာလဲ'

'သင်္ဘောစက်က နှေးလို့၊ ဒါမှမဟုတ် သူတို့ဘက်မှာ ရာသီဥတုက ပိုဆိုးလို့ နေမှာပေါ့'

'ဒါဆို ကျုပ်တို့ ဘာလုပ်ကြမလဲ'

'ကိုပါရယ်လီ'လာမယ့် လမ်းအတိုင်း လိုက်ကြဖို့ပဲ ရှိတာပေါ့'

'ဒါဆို ကက်ပတိန်ကို လမ်းကြောင်းပြောလိုက်လေ'

မာမွတ်သည် ထိုသို့ ပြောဆိုပြီးနောက် ကက်ပတိန်နှင့် ဟာစန်တို့ကိုထား၍ အောက်ဆင်းသွားလေ၏။

မာမွတ်သည် စိတ်လှုပ်ရှားနေကြောင်း ဟာစန် သိသည်။ သို့နည်းတူ



www.burmeseclassic.com

www.burmeseclassic.com



ဗိဒေးယင်းတပ်ဖွဲ့ဝင်များလည်း စိတ်လှုပ်ရှားနေကြ၏။ သူတို့သည် လက်နက်များ ပြင်ဆင်၍ တိုက်ပွဲဝင်ဖို့ အသင့်စောင့်နေကြခြင်းဖြစ်သည်။ တိုက်ပွဲကား ယခု အချိန်ထိ ဘယ်မှာမှန်း မသိဖြစ်နေသောကြောင့်ပင်။

သူတို့အနေနှင့်ပထမ 'ကိုပါရယ်လီ'ကို စီးနင်းရမည်။ နောက်သူတို့ ရှိမှန်းမသိဘဲ တက်လာမည်ဖြစ်သော ဒစ်စတိန်းတို့ အဖွဲ့ကို တိုက်ရမည်။ ဟာစန့်သည် တွေးရင်း ရင်ခုန်လာ၏။

အောက်ထပ်မှ တိုက်ပွဲဝင်နေကျ 'ဗိဒေးယင်း'တို့ အတွက်မူ ဘာမှ မထူးခြား။ တိုက်ပွဲတစ်ခုသာ ဖြစ်သည်။ တိုက်ပွဲဆိုလျှင်ဝေးစွ၊ သေနတ်ပင် မကိုင်ဖူးသော ဟာစန့်တစ်ယောက်ကမူ ရင်ခုန်နေ၏။ သူ့တစ်သက်နှင့် တစ်ကိုယ် သေနတ်နှင့် အချိန်ခံရဖူးသည်မှာ အိမ်ဟောင်းကြီးထဲတွင် ကာတုန်းနှင့် ဆုံစဉ်ကပဲ ဖြစ်သည်။ သူသည် ကြောက်နေ၏။ သို့သော် အရှက်ကွဲမှာကို ပို၍ ကြောက်၏။ တစ်ချိန်တည်းတွင် စိတ်လှုပ်ရှားနေ၏။ အကယ်၍ သူတို့သာ နိုင်ခဲ့လျှင် နိုင်ခဲ့လျှင်

ညနေ ၄ နာရီခွဲခန့်တွင် သင်္ဘောတစ်စီးကို မြင်ရသည်။ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ သို့သော် မှန်ပြောင်းနှင့်ကြည့်နေသော ဟာစန်က 'ကိုပါရယ်လီ'မဟုတ်ကြောင်း ပြောလိုက်၏။ သူတို့ နီးနီးနားနား ဖြတ်သွားသော အခါ သင်္ဘောအမည်ကို ဖတ်၍ရလိုက်သည်။ သင်္ဘောအမည်မှာ 'ဂီလ်ဟာ မီလ်တန်' ဟူ၏။

နေရောင် တဖြည်းဖြည်း အားနည်းလာသည်နှင့် ဟာစန့်စိတ်များမှာ ပူပန်လာ၏။ ညပိုင်းရောက်လာလျှင် သည်ရာသီဥတုမျိုးတွင် သင်္ဘောနှစ်စီးသည် မိုင်ဝက်ခန့် ဝေးရုံမျှနှင့် တစ်စီးနှင့်တစ်စီး မသိဘဲ ဖြတ်သွားနိုင်သည် မဟုတ်ပါလား။ တစ်ချိန်တည်းတွင် 'ကိုပါရယ်လီ'ပေါ်မှ လျှို့ဝှက်အသံလွှင့်စက်သည်လည်း အသံတိတ်နေခဲ့၏။ အကယ်၍ လွဲသွားခဲ့သော် 'ကိုပါရယ်လီ' ဂီနိုအာမြို့ဆီသို့ သွားသည့် လမ်းကြောင်းအတိုင်း လိုက်ရန်သာ ရှိတော့၏။

ဟာစန်သည် အခြေအနေကို ကက်ပတိန်အား ဟိုင်ပင်မည်ပြုစဉ် ဟိုခပ်ဝေးဝေးမှ အဖြူအလင်းရောင်တစ်ချက် လက်သည်ကို မြင်ရ၏။

ကက်ပတိန်က

'အဲဒီသင်္ဘောက ကျောက်ချထားတာ'

'အဲဒါကို ခင်ဗျားဘယ်လို ပြောနိုင်သလဲ'





'အဖြူရောင်မီးတစ်လုံးတည်း ဖွင့်ထားတာဟာ ကျောက်ဆူးချထားတဲ့ အဓိပ္ပာယ်ပေါ့'

ဟာစန်က 'တကယ်လို့သာ "ကိုပါရယ်လီ" ဖြစ်နေခဲ့ရင်တော့ ဒါကြောင့် ကျုပ်တို့နဲ့ မဆုံတာပဲ ဖြစ်ရမယ်'

နံဘေးသို့ ပြန်ရောက်နေပြီဖြစ်သော မာမွတ်အား

'ကိုပါရယ်လီ'ဆိုရင်တော့ တက်တိုက်ဖို့ ပြင်ကြပေတော့ဗျို့'

'ဟုတ်တယ်'

မာမွတ်သည် သူ့လူများကို အဆင်သင့် လုပ်ထားဖို့ပြောရန် အောက်ဆင်း သွားလေ၏။

နာဘလတ်ခ် သင်္ဘော တဖြည်းဖြည်း ထိုသင်္ဘောအနားရောက်လာချိန်တွင် ညပိုင်းရောက်လာ၏။

'ကျုပ်တော့ ကိုပါရယ်လီ ဖြစ်ရမယ် ထင်တာပဲ'

ကက်ပတိန်က သူ့မှန်ပြောင်းကို ချလိုက်ရင်း

'သင်္ဘောပေါ်မှာ ကရိန်းသုံးခုဆင်ထားတယ်'

ဟာစန်က

'ဟုတ်လား ဒါဆို "ကိုပါရယ်လီ"ပဲဗျို့'

ဟာစန်သည် အောက်သို့ ဆင်းသွားလေ၏။ အောက်တွင် မာမွတ်က သူ့တပ်သားများကို ညွှန်ကြားချက်ပေးနေ၏။ မာမွတ်က ဟာစန်ကို ကြည့်သည်။ ဟာစန်က ခေါင်းညိတ်၍–

'ကိုပါရယ်လီပဲ'

မာမွတ်သည် သူ့လူများဘက်သို့လှည့်၍

'ကိုပါရယ်လီပေါ်မှာ ခုခံတာ သိပ်မရှိနိုင်ဘူးလို့ ယူဆရတယ်၊ အကြောင်း ကတော့ 'ကိုပါရယ်လီ' ပေါ်မှာက ရိုးရိုးသင်္ဘောသားတွေပဲ ပါတာကိုး၊ ကျုပ်တို့ လှေနှစ်စီးနဲ့ကူးကြမယ်၊ တစ်စီးက သင်္ဘော ဘယ်ဘက်က တိုက်မယ်၊ တစ်စီးက ညာဘက်က ဝင်မယ်၊ အဓိက ပစ်မှတ်ကတော့ သင်္ဘော မောင်းတဲ့ အခန်းကိုစီးဖို့ပဲ၊ အဲဒီအခန်း ရေဒီယိုသမားက တခြားကို သတင်းမပို့နိုင်ဖို့ လိုတယ်'

မာမွတ်သည် ဟာစန်ဘက်သို့လှည့်၍

'ကက်ပတိန်ကို အနီးဆုံးထိရောက်အောင် ကပ်သွားပြီး စက်သတ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်'

ဟာစန်သည် လှည့်ထွက်ရန် ပြင်လိုက်၏။ သည်တွင် ရုတ်တရက် သူသည် တောက်တိုမယ်ရ အခိုင်းခံကောင်လေး ဖြစ်မှန်းမသိ ဖြစ်နေကြောင်း ရိပ်မိသွားလေ၏။ မာမွတ်သည် တိုက်ပွဲခေါင်းဆောင်ဖြစ်ကြောင်း လုပ်ရပ်များနှင့် ပြလေ၏။ ဟာစန်ရှက်ပြီး ပါးနှစ်ဖက်မှာ နီသွားလေ၏။

ထိုစဉ် မာမွတ်က

'ဟာစန်'

သူက ပြန်လှည့်လိုက်သည်။

'ရော့၊ မောင်ရင့်ဖို့ လက်နက်'

မာမွတ်သည် သေနတ်တစ်လက်ပစ်ပေးသည်။ ဟာစန်က အမိဖမ်းလိုက်၏။ သေနတ်ကလေးမှာ မိန်းမကိုင်လေးဖြစ်ပြီး ကလေးကစားစရာလေးလို ဖြစ်နေ၏။ ဖီဒေးယင်း တပ်ဖွဲ့ဝင်များသည် တဝါးဝါးပွဲကျသွားလေ၏။

ဟာစန်က တွေးလိုက်သည်။ သူတို့က နောက်ပြောင်နိုင်သေးရင် ငါလဲ ပြန်နောက်နိုင်တာပဲဟု။ သူသည် သေနတ်ဖြင့် ကြမ်းပြင်ကို ချိန်၍ မောင်းတစ်ချက် ဆွဲလိုက်၏။ သေနတ်သံက ကျယ်လောင်စွာ မြည်သွား၏။ သူသည် သေနတ်ထဲမှ ကျည်ဆန်ကျန်သည်အထိ သင်္ဘောကုန်းပတ်ကြမ်းပြင်ကို ပစ်လိုက်၏။ သေနတ်သံ၊ ကျည်ဆန်များ သံမဏိကြမ်းပြင်ပေါ် ထိသံတို့သည် ဆူညံသွား၏။

နောက်ဆုံး ငြိမ်သက်သွား။

ဟာစန်က

'ကျုပ် ကြွက်တစ်ကောင် မြင်လိုက်တယ်ထင်လို့'

ပြောပြောဆိုဆို သေနတ်ကို မာမွတ်ထံပြန်ပစ် ပေးလိုက်၏။

ဖီဒေးယင်း တပ်ဖွဲ့ဝင်တို့သည် ပို၍သဘော ကျသွားပြီး တဟားဟားနှင့် အော်ရယ်ကြလေ၏။

ဟာစန် ထွက်လာခဲ့လေသည်။ သူသည် သင်္ဘောမောင်းသည့်အခန်းသို့ တက်လာပြီး ကက်ပတိန်အား ညွှန်ကြားမှုပြုသည်။ နောက် အဖွဲ့သားများရှိရာ ကုန်းပတ်သို့ ပြန်ဆင်းလာ၏။

အချိန်ကား လုံးဝမှောင်သွားပြီဖြစ်၏။

'ကိုပါရယ်လီ'ကို အမှောင်ထဲတွင် ဝိုးတဝါး အရိပ်တစ်ခုလိုသာ မြင်ရတော့၏။





'ဖီဒေးယင်း' တပ်ဖွဲ့ဝင်များသည် ငြိမ်သက်သွားကြ၏။

'နာဘလတ်ဖ်'သင်္ဘောသည် စက်ရပ်လိုက်၏။

သင်္ဘောသားများက လှေနှစ်စီး ရေထဲချသည်။

ဟာစန်နှင့် ဖီဒေးယင်းများသည် ရေထဲသို့ ဆင်းလိုက်ကြ၏။

ဟာစန်မာမွတ်နှင့် လှေတစ်စီးတည်းကျသည်။ သူတို့လှေသည် 'ကိုပါရယ်လီ'နှင့် တဖြည်းဖြည်းနီးလာ၏။ သင်္ဘောပေါ်တွင် လှုပ်ရှားမှု အရိပ်အရောင် တစ်ခုမှမတွေ့ရ။ 'ကိုပါရယ်လီ'သင်္ဘောပေါ်မှ ကက်ပတိန်နှင့် သင်္ဘောသားများသည် သူတို့ထံလာနေသော လှေနှစ်စီး၏ စက်သံကိုကြားရမည်ဖြစ်သည်။ သို့သော် ယခုအချိန်အထိ မီးများလင်းမသွား။ တစ်စုံတစ်ရာတုံ့ပြန်မှု မတွေ့ရ။

မာမွတ်သည် ပထမဆုံး လှေကားပေါ်တက်လိုက်၏။

ဟာစန် သင်္ဘောပေါ်သို့ ရောက်သောအခါ တစ်ဖက်မှ တက်လာကြသူများလည်း သင်္ဘောပေါ်သို့ ရောက်နေကြောင်း တွေ့ရ၏။

ဖီဒေးယင်းတို့သည် သင်္ဘောပေါ်တွင် လှုပ်လှုပ်၊ လှုပ်လှုပ် ရွေ့လျားနေကြသည်။ သည်ထက် 'ကိုပါရယ်လီ'သင်္ဘောသား တစ်စုံတစ်ယောက်မှ မတွေ့ရ။ ဟာစန်ရင်ထဲမှာ တစ်ခုခုမှား မှားနေပြီလားဟု စိုးရိမ်သွား၏။

ဟာစန်သည် မာမွတ်နောက်မှ သင်္ဘောမောင်းသော အခန်းဆီသို့လိုက်ခဲ့၏။ အခန်းထဲတွင် သူတို့ လူနှစ်ယောက်သည် ရောက်ရှိနေကြပြီး ဖြစ်သည်။ ဟာစန်က–

'သူတို့ ရေဒီယို အသုံးပြုသွားနိုင်ကြသေးလား'

မာမွတ်က ...

'ဘယ်သူကသုံးမှာလဲ'

သူတို့ ကုန်းပတ်ပေါ် ပြန်ဆင်းလာကြ၏။ 'ဖီဒေးယင်း'များသည် သေနတ်ကိုယ်စီဖြင့် ဟိုမှာ ဒီမှာ လှုပ်ရှားနေကြ၏။

ခဏအကြာ ဖီဒေးယင်းတပ်သားနှစ်ဦးသည် ကြောက်ရွံ့နေပုံရသော သင်္ဘောသားတစ်ယောက်ကို ခေါ်လာ၏။

ဟာစန်က အင်္ဂလိပ်ဘာသာဖြင့်

'ဒီသင်္ဘောမှာ ဘာတွေဖြစ်နေတာလဲ'

သင်္ဘောသားက တခြားဘာသာတစ်ခုဖြင့် ပြန်ဖြေသည်။

ဟာစန်ခေါင်းထဲမှာ စိုးရိမ်စရာ အတွေးတစ်ခု ပေါ်လာ၏။ သည်သင်္ဘောသား



www.burmeseclassic.com

www.burmeseclassic.com



ကို ဂရုမစိုက်နိုင်တော့ဘဲ မာမွတ်အား...

'လာ ကျုပ်တို့ ကုန်ပစ္စည်းတွေ သွားကြည့်ရအောင်'

သူတို့သည် ကုန်းပတ်ပေါ်မှတစ်ဆင့် သင်္ဘောဝမ်းကုန်များ ထားရာသို့ ဆင်းခဲ့ကြ၏။ အထဲသို့ရောက်သောအခါ ဟာစန်သည် မီးခလုတ်တစ်ခုကို ရှာဖွေ၍ ဖွင့်လိုက်သည်။

ကုန်ထားသော အခန်းထဲတွင် ပီပါအများကြီး စီလျက်သား တွေ့ရသည်။ ပီပါအားလုံးသည် စနစ်တကျ သစ်သားများဖြင့် ဘောင်ခတ်ရိုက်ထား၏။ စည်နံဘေးတွင် 'ပလူဘတ်'ဟူသော စာလုံးများ ရိုက်ထား၏။

ဟာစန်က...

'ဟုတ်ပြီမျို့၊ ဒါယူရေနီယံတွေပဲ'

သူတို့သည် ယူရေနီယံ ပီပါများကို ကြည့်လိုက်ကြ၏။ နောက်တစ်ယောက်နှင့်တစ်ယောက် ပြန်ကြည့်ကြသည်။ ထိုအခိုက်တွင် တစ်ယောက်နှင့်တစ်ယောက် ပြိုင်ဆိုင်စိတ်များ ပျောက်သွားပြီး ဝမ်းသာအားရ စိတ်သာရှိနေကြ၏။

ဟာစန်က အားပါးတရလေသံဖြင့်

'ကျုပ်တို့ အောင်ပြီဗျ၊ ကျုပ်တို့အောင်ပြီ'

*

အမှောင်ထု ရောက်လာသည်နှင့် အင်ဂျင်နီယာသည် သင်္ဘောဦးသို့သွား၍ အဖြူရောင်မီးလုံးထွန်းသည်။ နောက်ပြန်လာပြီး အပေါ်သို့မတက်ဘဲ စားသောက်ခန်းဘက်သို့ ဆင်းသွား၏။ တစ်ခုခု သွားစားသည်နှင့် တူသည်။ တိုင်ရင်သည်လည်း ဆာလောင်၍တော့နေသည်ပင်။ သို့သော် အစားအသောက်ကိစ္စကို လောလောလတ်လတ် မစဉ်းစားနိုင်သေး။

ကို့ချ် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်နှင့် တိုင်ရင်သည် သူပုန်းကွယ်နေသော အသက်ကယ်လှေထဲမှ ထွက်လာ၏။ အပြင်ရောက်သည်နှင့် ခြေလက်များကို တစ်ချက်မျှ အညောင်းဆန့်လိုက်ပြီး သူ့ရေဒီယိုစက်ရှိရာသို့ ထွက်လာခဲ့လေ၏။

အခန်းထဲရောက်သည်နှင့် အခန်းထဲရှိသေတ္တာများဖြင့် သူ့ရေဒီယိုနေရာကလေးကို မမြင်သာအောင် ဖုံးကွယ်လိုက်၏။ နောက်ကုန်း၍ သူ့အသိုက်ကလေးထဲသို့ ဝင်လိုက်သည်။

သူသည် ရေဒီယိုစက်ကို စမ်းသပ်ပြီးနောက် အသံစတင်လွှင့်





ဆက်သွယ်လိုက်၏။

ချက်ချင်းပင် ရှော့စတော့၏ ပြန်ကြားချက်သည် ဝင်လာ၏။

အစီအစဉ်ပြောင်းလိုက်ပြီ၊ ဟာစန်တို့က 'ကိုပါရယ်လီ'ကို တိုက်လိမ့်မယ်။

တိုင်ရင်သည် မျက်မှောင်ကုပ်လိုက်၏။ သူ့စိတ်ထဲတွင် မရှင်း။ သို့နှင့်

**ကျေးဇူးပြု၍ ပြန်ပြောပါ။**

ပြန်ကြားချက်က ချက်ချင်းဝင်လာ၏။

**ဟာစန်ဟာ သစ္စာဖောက်၊ ဖီဒေးယင်းတွေက 'ကိုပါရယ်လီ'ကို တိုက်လိမ့်မယ်။**

တိုင်ရင်ပါးစပ်မှ ယောင်၍

'ဘုရားရေ ဘာတွေများ ဖြစ်ကုန်ပါလိမ့်'

'ကိုပါရယ်လီ'ဆိုတာ သူရှိနေရစ်ခဲ့သော သင်္ဘောမဟုတ်ပါလား၊ ဘာကြောင့်များ ဟာစန်က တိုက်ချင်ရပါလိမ့်၊ အား... ယူရေနီယံတွေလိုချင်လို့နေပဲပေါ့။

ရှော့စတော့ထံမှ ဆက်၍ စက်ထဲဝင်လာသည်။

**ဟာစန်က ဒစ်စတိန်းကို ဆောင်ပြီး အလစ်တိုက်ဖို့ စီစဉ်နေတယ်၊ တို့အစီအစဉ်အတိုင်းဖြစ်ဖို့၊ ဒစ်စတိန်းကို အလစ်တိုက်မယ့် အစီအစဉ်ကို သတိပေးရမယ်။**

တိုင်ရင်သည် အသံလွှင့်ချက်ကို အဓိပ္ပာယ်ဖွင့်ရင်း မျက်မှောင်ကုပ်လိုက်ရပြန်၏။ သို့သော် ချက်ချင်းပင် သူနားလည်သွား၏။

'ဒါမှ မူလအခြေအနေကို ပြန်ရောက်သွားမှာကိုး'ဟု သူ့ဘာသာပြောလိုက်၏။ ဆက်၍

'အတော်ကောင်းတဲ့အကြံအစည်ပါကလား။ ဒါပေမယ့် ငါက ဘာလုပ်ရမှာပါလိမ့်'

သို့နှင့် သူက စက်ဖြင့် မေးလိုက်၏။

'ဘယ်လိုလုပ်ရမှာလဲ'

ရှော့စတော့ အဖြေကမူ ချက်ချင်း ဝင်လာ၏။

မင်းက 'စထရွမ်းဘတ်'ကို 'ကိုပါရယ်လီ'ရဲ့ အသုံးပြုနေကျ လေလှိုင်းကနေပြီး အခုပို့လိုက်တဲ့ 'ကြေးနန်း'အတိုင်း တိတိကျကျပို့လိုက်၊ ထပ်ပြောမယ်၊ တိတိကျကျ။ ။ 'ကိုပါရယ်လီ'မှ 'စထရွမ်းဘတ်'သို့၊ အာရပ်လို့ ယူဆရသူများ



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပေါ် တက်စီးကြပြီ၊ သတိထားပါ’

တိုင်ရင်သည် ခေါင်းညိတ်လိုက်၏။ ဒစ်စတိန်းက ဒီကြေးနန်းကိုရလျှင် ကို့ချ်တစ်ယောက် အာရပ်များ၏ အသတ်မခံရမီ သတိပေးအသံလွှင့်ပေးပို့ခဲ့သည်ဟု ယူဆမည်ပင်။ ဤသို့ ကြိုတင်သတိပေးသည်ကို ခံရပြီးဖြစ်သည့် ဒစ်စတိန်းသည် ‘ကိုပါရယ်လီ’ကို အနိုင်ပြန်တိုက် သိမ်းယူနိုင်မည် ဖြစ်သည်။ သည်နောက်တော့ ရော့စတော့၏ ‘ကာလာ’သင်္ဘောသည် မူလအစီအစဉ်အတိုင်း ဒစ်စတိန်း၏သင်္ဘောကို တိုက်ခွဲပစ်ပေမည်။ ကောင်းလှပါ၏။ သို့သော် ငါက ဘယ့်နှယ်လုပ်ရပါ့။

တိုင်ရင်က စက်ဖြင့်မှု ပြန်ကြားလိုက်၏။

နားလည်ပြီ။

ထိုစဉ် သင်္ဘောနံရံကို တစ်ခုခုက တိုက်သံကြားရသည်။ သေမထိုအသံကို ဂရုထားစရာ မလိုဟု အောက်မေ့သည်။ နောက်မှ သင်္ဘောပေါ်တွင် ကို့ချ်နှင့် သူတို့နှစ်ယောက်သာရှိကြောင်း သတိရသွား၏။ သူသည် စတီခန်း တံခါးပေါက်ကို နည်းနည်းဖွင့်၍ အပြင်သို့ ကြည့်လိုက်၏။

ဖီဒေးယင်းများ တက်လာကြပြီဖြစ်၏။

သူသည် တံခါးပြန်ပိတ်ပြီး သူ့‘လျှို့ဝှက်’ အသိုက်ကလေးထဲသို့ ပြန်ဝင်လာ၏။ စက်ကို ပြန်ဖွင့်၍

ဟာစန် ရောက်လာပြီ။

ရော့စတော့၏ ပြန်ကြားချက်က...

ဒစ်စတိန်းကို အခု သတင်းပို့လိုက်။

ကျုပ်က ဘာထပ်လုပ်ရမှာလဲ။

ပုန်းနေ။

‘ကောင်းပါ့ဗျား’ဟု တိုင်ရင်က တွေးလိုက်၏။ သို့သော် ရော့စတော့ထံသို့ အသံလွှင့်ပြီးကြောင်း စက်ဖြင့် အကြောင်းကြား ပိတ်လိုက်၏။ ပြီးနောက် ရိုးရိုး အသံလွှင့်လိုင်းသို့ ပြောင်း၍ ‘စထရွမ်းဘာတ်’ကို အသံစတင်လွှင့်လိုက်လေ၏။

*

‘လက်နက်အပြည့်အစုံ တပ်ဆင်ရမယ်ဆိုတာ ကြားဖူးပါတယ်၊ ဒါပေမယ့် အတော် ခွကျတဲ့ အပြုအမူ ပါလားကွ’





နက်ဒစ်စတိန်းက ပြောလိုက်ရာ အဖွဲ့သားများအားလုံး ရယ်မောလိုက်ကြ၏။

‘ကိုပါရယ်လီ’မှလာသော သတင်းသည် နက်ဒစ်စတိန်း၏ စိတ်ဓာတ်ကို ပြောင်းလဲပစ်လိုက်၏။ ပထမအံ့သြတုန်လှုပ်သွား၏။ တစ်ဖက်ရန်သူများသည် ဘယ်ပုံဘယ်လိုများ သူ့အကြံအစည်ကို သိသွားပြီး ‘ကိုပါရယ်လီ’ကို သူ့အလျှင် ဘက်စီးနိုင်ကြပါလိမ့်။ တစ်နေရာတွင် သူ့ အမှားအယွင်းကြီး တစ်ခုခုလုပ်ခဲ့မိ၍သာ ဖြစ်ပေမည်။ စုဇာပေလား။ သို့သော် ယခုမှာတော့ ကိုယ့်ကိုယ်ကို ဆဖန်ရေး၊ ရှုတ်ချရေးလုပ်နေဖို့ အချိန်မဟုတ်တော့။ တိုက်ပွဲက ဝင်ရတော့မည်။ အားလုံးကို မကျေမနပ် ဖြစ်နေသောစိတ်သည် ပျောက်သွား၏။ ခံစားမှု၊ တင်းမာမှုကား ရင်ထဲမှာ ကျန်နေသေးသည်။ ထိုတင်းမာမှုသည် တုံ့ကန်တော့မည့် သံမဏိစပရိန်လို ဖြစ်နေ၏။ ယခုသော်ကား ထိုတင်းမာမှုကို အသုံးပြုရတော့မည် ဖြစ်သည်။

ထမင်းစားခန်းထဲရှိ ၁၂ ဦးသော ရဲဘော်များသည် ဒစ်စတိန်းလိုပင် တိုက်ပွဲဝင်ရန် ထကြွသန်နေကြ၏။ တိုက်ပွဲတစ်ခု ဝင်ရပြီဆိုရင် အသေအပျောက် ရှိနိုင်မှန်း သိသည့်တိုင် သူတို့ စိတ်ထက်သန်နေကြ၏။

လက်နက်အပြည့်အစုံ တပ်ဆင်ထားကြသည် ဆိုခြင်းမှာ တကယ်ပင် ဖြစ်ပါသည်။ လူတိုင်း ၉-မမ အူဇီ စက်သေနတ်ကိုယ်စီ ကိုင်ထားသည်။ အူဇီစက်သေနတ်မှာ ၉ ပေါင်သာလေး၍ ပေါ့ပါးလွယ်ကူသော လက်နက်ဖြစ်ပြီး ကျည် ၂၅ တောင့်ပါသော ကျည်ကပ် ထည့်ထား၏။ လူတိုင်းတွင် ကျည်ကပ်အပို သုံးကပ်စီ ပါကြ၏။ နောက် လူတိုင်းတွင် ၉-မမ လူဂါပစ္စတိုတစ်လက်စီ ခါးမှာ ထိုးထားကြ၏။ သေနတ် နှစ်လက်စလုံး၏ ကျည်များမှာ အရွယ်တူပဲ ဖြစ်သည်။ လက်ပစ်ဗုံး လေးလုံးကို ခါးမှာ ချိတ်ထားပြန်၏။ ထို့ပြင် လူတိုင်း သန်ရာသန်ရာဆိုသလို ဓားမြှောင်၊ ဘက်နက် အစရှိသည့် ကိုယ်ပိုင်လက်နက်များ သယ်ဆောင်ထားကြပြန်၏။

ဒစ်စတိန်းလည်း သူ့လူများသည် သူ့စိတ်ဓာတ် ကူးစက်နေကြပြီ ဆိုသည်ကို သိသည်။ တိုက်ပွဲဝင်ခါနီး ရဲဘော်များနှင့် အတွေ့အကြုံများစွာ ရှိခဲ့ဖူးပြီ မဟုတ်ပါလား။ အမှန် သူတို့ရင်ထဲမှာ ကြောက်စိတ်ရှိနေခြင်း ဖြစ်သည်။ ကြောက်စိတ်ကြောင့်ပင် တိုက်ပွဲကို အမြန်ဆုံးဝင်ပစ်ချင်နေကြခြင်း ဖြစ်သည်။ စောင့်ဆိုင်းရခြင်းသည် အဆိုးဆုံး မဟုတ်ပါလား။ တိုက်ပွဲကာလကား



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ဟုန်နေကြ၊ ထုံနေကြပြီဖြစ်သည်။ တိုက်ပွဲပြီးသောအခါ ရှင်ကျန်ရစ်သည်နှင့် ကျဆုံးသွားသည်သာ ရှိနိုင်၏။ နှစ်မျိုးစလုံးကား မထူးဆန်းတော့။

ဒစ်စတိန်းသည် တိုက်ပွဲအစီအစဉ်ကို အသေးစိတ်ညွှန်ကြားပြီး ဖြစ်သည်။ တပ်ဖွဲ့ဝင်များအနေနှင့် 'ပုံတူညီအစ်မ စထရွမ်းဘတ်' သင်္ဘောပေါ်မှ လာသည်ဖြစ်၍ အနေအထားနှင့် ပတ်သက်၍ ထူးထူးခြားခြား ပြောစရာ မလိုတော့။

သူတို့သည် အဖွဲ့သုံးဖွဲ့ခွဲ၍ စီးနင်းရန်ဖြစ်သည်။ အဘားစ်ကတစ်ဖွဲ့ကို ခေါင်းဆောင်၍ ဘာခါနှင့် ဂီဘာလီတို့က ကျန်နှစ်ဖွဲ့ကို ဦးဆောင်ရန် ဖြစ်သည်။ သင်္ဘောမောင်းသည့် ကက်ပတိန်အတွက်ကမူ ဒစ်စတိန်း၏ တာဝန်ဖြစ်သည်။

တိုက်ပွဲမှာ ညတိုက်ပွဲဖြစ်သည်။ သို့မှသာ 'ကိုပါရယ်လီ'အနားကိုကပ်၍ အပေါ်သို့တက်၍ ရမည်ဖြစ်သည်။ အချင်းချင်း မှားမပစ်မိစေရန် စကားဝှက်ကိုလည်း ပေးထား၏။

သူတို့ စောင့်ဆိုင်းနေကြလေသည်။

ဒစ်စတိန်းက

'ဒီကောင်တွေက ကျုပ်တို့ဟာ ဘယ်သူမှမရှိတဲ့ သင်္ဘောပေါ်ကို တက်လာမယ်လို့ ယူဆထားပြီး အလစ်တွယ်ဖို့ စောင့်နေကြတာ၊ သူတို့အလစ်တိုက်ရင် ကျုပ်တို့ အံ့သြထိတ်လန့်သွားမယ်လို့ ယူဆထားကြတာ၊ ဒီတော့ သူတို့က အလွယ်တကူနိုင် မယ်လို့ တွက်ထားကြမှာပဲ၊ ဒါပေမယ့် ကျုပ်တို့က အသင့်ပြင်ဆင်လာတယ်ဆိုတာ မသိကြဘူး'

ထိုစဉ် ကက်ပတိန်က တံခါးဖွင့်၍ ဝင်လာသည်။

'ကျွန်တော်တို့ "ကိုပါရယ်လီ" ကို မြင်ရပြီ။'

ဒစ်စတိန်းသည် ထိုင်ရာမှ ထလိုက်၏။

'ကဲ...သွားကြစို့၊ ကံကောင်းပါစေ၊ အေး...ရန်သူကို အကျဉ်းသားအဖြစ်နဲ့ ဖမ်းစရာမလိုဘူး၊ တစ်ခါတည်း အပြတ်ရှင်းပစ်ကြ၊ ဒါပဲ'

●

[၁၆]

မော်တော်ဘုတ် သုံးစီးသည် 'စထရွမ်းဘတ်'သင်္ဘောမှ နံနက်မိုးသောက်အလင်းရောင် မလာမီ ထွက်လာကြ၏။

စက္ကန့်အတွင်းမှာပင် သူတို့ခွာခဲ့သော သင်္ဘောကိုမမြင်ရတော့။ အကြောင်းမှာ 'စထရွမ်းဘတ်'သည် ဆက်သွယ်ရေး မီးဖွင့်မထား၊ ကုန်းပတ်မီး၊ ကောင်းမီးများဖွင့်မထား၊ တစ်စီးလုံး မှောင်ချထားသောကြောင့် ဖြစ်သည်။ သူတို့သင်္ဘောကို 'ကိုပါရယ်လီ'ပေါ်မှ မြင်မသွားရစေရန် စီစဉ်ထားခြင်းဖြစ်သည်။

ရာသီဥတုကား တဖြည်းဖြည်း ပိုဆိုးလာ၏။ 'စထရွမ်းဘတ်' သင်္ဘောကက်ပတိန်ကမူ မုန်တိုင်းအဆင့် မရောက်သေးပါဟုဆို၏။ သို့သော် ရွာနေသောမိုးကား သွန်ချလိုက်သလို ဖြစ်ပါ၏။ လေသည်လည်း ကုန်းပတ်တွင်ချိတ်ထားသော သံမဏိပုံးများကို လွင့်စဉ်မတတ်ဖြစ်ပေသည်။ လှိုင်းလုံးများသည်လည်း ကြီးမားလွန်းရကား ဒစ်စတိန်းသည် မော်တော်ဘုတ်ပေါ်မှ သူ့ထိုင်ခုံကို ကိုင်ထားရ၏။

အတော်ကြာသည်အထိ သူတို့သည် အမှောင်ထုထဲမှာ ရောက်နေ၏။ ရှေ့ကိုလည်း မမြင်ရ၊ နောက်သို့ဆိုလျှင် ထိုင်နေကြသော သူ့ရဲဘော် လေးယောက်ကိုပင် မမြင်ရဖြစ်နေ၏။ ဖိန်းဘတ်က

'ကျုပ်တို့ ငါးဖမ်းထွက်ကြမှာ နောက်ရက်ရွှေ့ဖို့ ကောင်းတယ်ထင်တယ်ဗျ'

ရဲဘော်များက ကျိတ်ရယ်လိုက်ကြ၏။

သချိုင်းကို ညမှာ ဖြတ်ကူးသော လူများ လေချွန်သွားကြသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒစ်တိန်းသည်လည်း သူ့လူများနည်းတူ ယုံကြည်စွဲလမ်းမှုရှိစွာဖြင့် အဆောင်ပါလာသည်။ သူ့အဆောင်မှာကား သူ့ဖခင်၏ အတွင်းခံဝေ့စ်ကုတ်ကို အောက်မှ ခံဝတ်ခဲ့ခြင်းနှင့် တစ်ခါက သူ့အသက်ကို ကယ်တင်ဖူးသည့် သေနတ် ကျည်မှန်ဖူးသော အိတ်ဆောင်နာရီကလေးကို အသည်းရှိရာ ဘယ်ဘက်အိတ်မှာထည့်ထား၏။ တစ်ခါက ထိုနာရီကလေးသည် ဂျာမန်ကျည်ဆန်ထိမှန်ခံရပြီး သူ့အသက်ကို ကယ်ဖူး၏။

ဒစ်စတိန်းသည် ကြိုးစား၍ မှန်မှန်ကန်ကန် တွေးကြည့်သည်။ သို့သော် သူသည် နည်းနည်းတော့ အခြေအနေ ကဲလွန်းနေပြီဖြစ်ကြောင်း သူသိသည်။ သူ စူဇာနှင့်ချစ်ကြိုက်ခဲ့ပုံ။ စူဇာက သစ္စာဖောက်ခဲ့ခြင်း။ သူ့ဘဝကို ပြောင်းပြန်လှန်ပစ်ခဲ့ပုံ။ သူ့တန်ဖိုး။ လုပ်ရပ်များ ရပ်တန့်သွားစေခဲ့ပုံ။ စူဇာက အသစ်မွေးဖွားပေးခဲ့သော သူ့အဖြစ် သူ့ဘဝသည်လည်း လေထဲ၌ ပျောက်လွင့်သွားရပုံများသည် အခန်းဆက်ကားလိုပေါ်လာ၏။ သို့သော် သူ့တွင် လုပ်ချင်နေသည်များရှိနေသေးသည်။ သူ့အနေနှင့် သည်တိုက်ပွဲကို အနိုင်ရချင်သည်။ အစ္စရေးနိုင်ငံအတွက် ယူရေနီယံများ ရစေချင်သည်။ သူ ယာစစ်ဟာစန်ကို သတ်ပစ်ချင်သည်။ သည်မှာ သူဂရုမစိုက်လိုသော အချက်မှာ သူ့ကိုယ်သူ၊ သူ့အသက်ပင်ဖြစ်သည်။ သူ့မှာ ကြောက်စိတ်လုံးဝမရှိ။ သေမှာကိုမကြောက်။ ကျည်ဆန်ကို သူ မကြောက်။ စူဇာက သူ့အပေါ် သစ္စာဖောက်သွားပြီး နောက် သူ အသက်ရှည်စွာ မနေလိုတော့။ အစ္စရေးနိုင်ငံက လိုချင်သော ဗုံးရသွားပြီဆိုလျှင် သူတော်ပြီ။ သူချစ်ခင်မိသော အဘွားကြီး အက်ခ်သာသည် ငြိမ်းချမ်းစွာ သေနိုင်ပြီ။ မိုတီကလေးလည်း 'ရတနာကျွန်း' သူ့ဘာသာပြီးအောင် ဖတ်သွားပါလိမ့်မည်။ သူ့စပျစ်ပင်များကိုလည်း ယီဂယ်လ်တို့က ဆက်စိုက် ထိန်းသိမ်းကြပါလိမ့်မည်။

သူသည် အူဇီသေနတ်ကို တင်းတင်းဆုတ်လိုက်၏။

လှိုင်းလုံးကြီး၏ တစ်ဖက်တွင် 'ကိုပါရယ်လီ' ပေါ်လာ၏။

*

လှိုင်းလုံးများ ဘယ်ညာ လူးလှိမ့်နေသည့်အကြားမှ လီဗီအဘားစ်သည်သူ၏လှေကို 'ကိုပါရယ်လီ'သင်္ဘောဦးနားကိုကပ်ရန် ကြိုးစား၏။ အပေါ်မှာ ထွန်းထားသော အဖြူရောင်မီးလုံးကြောင့် ပတ်ဝန်းကျင်ကို သူ ကောင်းစွာ မြင်ရသည်။ သို့သော် ခုံးထနေသော သင်္ဘောဝမ်းနံရံကြီးကြောင့် ကုန်းပတ်ပေါ်မှ လူများ





သူတို့လှေကို မြင်ရနိုင်မည် မဟုတ်ပေ။ သူ၏လှေသည် လှေကားနှင့်နီးကပ်လာသောအခါ သူသည် ခါးကို ကြိုးနှင့် ချည်လိုက်၏။ သူသည် လှေထဲမှာ ခြေတစ်ဖက် လှေနံတ်ခမ်းမှာ တစ်ဖက်ရပ်၍ အသင့်စောင့်နေ၏။ အချိန်ကိုက်သည်နှင့် လှမ်းခုန်လိုက်လေသည်။

သူသည် လှေကားပေါ်သို့ ခြေရောလက်ပါ ရောက်သွား၏။ သူသည် ခါးမှ ကြိုးကိုဖြုတ်၍ လှေကားမှာချည်လိုက်၏။ သူသည် လှေကားအတိုင်း တက်သွားပြီး ထိပ်ဆုံးရောက်သည်နှင့် ရပ်လိုက်၏။ သူတို့သည် သင်္ဘောပေါ်သို့ တစ်ပြိုင်နက် အတူဝင်ကြမှဖြစ်မည်။

သူသည် အောက်သို့ပြန်ကြည့်လိုက်၏။ ရှာရက်နှင့် ဆာပီယားတို့သည် လှေကားပေါ်သို့ ရောက်နေကြပြီဖြစ်သည်။ သူကြည့်နေစဉ်မှာပင် ပိုရပ်ရှ်ခုန်သည်။ ခုန်ပုံမှာ ကိုးရိုးကားရားနှင့် ဖြစ်ရာ လှေကားပေါ်သို့ တိတိကျကျ မရောက်။ အဘားစ်သည် အပေါ်မှ ကြည့်နေရင်း ပိုရပ်ရှ် ရေထဲသို့ ကျသွားတော့မည်ဟု ထင်လိုက်သည်။ သို့သော် ကံအားလျော်စွာပင် ပိုရပ်ရှ် လက်တစ်ဖက်သည် လှေကားကို ဆုပ်ကိုင်မိ၏။ ဤသို့ဖြင့် အောက်ကို ပြုတ်မကျဘဲ တန်းလန်းကြီးဖြစ်နေ၏။ ခဏအကြာ လှေကားပေါ်သို့ ပိုင်ပိုင်နိုင်နိုင်ရောက်လာလေ၏။

အဘားစ်သည် ပိုရပ်ရှ် ဆာပီယားနောက်သို့ ရောက်လာသည်ထိ စောင့်ပြီးမှ သင်္ဘောလက်ရန်းကို ကျော်လိုက်သည်။ နောက်တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်။ အပေါ်မှ မီးဖြူသည့် ထိန်လင်းနေ၍ လေးယောက်စလုံးမှာ အထင်းသား မြင်နေရ၏။

အဘားစ်သည် သူ့လူများကို ကြည့်လိုက်သည်။ ရှာရက်မှာ အသေးဆုံး၊ ခြွေလို သွားနိုင်သူဖြစ်သည်။ အဘားစ်က ရှာရက်ပခုံးကိုတို့၍ ကုန်းပတ်ပေါ်သို့ ပြရင်း–

'မင်းက သင်္ဘောဝဲပေါက်မှာနေရာယူ'

ရှာရက်သည် ကုန်းပတ်ပေါ် တွန့်လိမ်နေရာ သွားယူသည်။ မီးရောင်က လင်း၍ အမှောင်ခိုစရာနေရာက ပါးရှားလှသည်။

အဘားစ်သည် ဟိုဟိုဒီဒီကြည့်လိုက်၏။ အချိန်မရွေး သူတို့ကို မြင်သွားနိုင်သည်ပြစ်၏။ သူတို့အနေနှင့် ကျည်ဆန်များရောက်လာမှ ရန်သူမြင် မမြင်ကို သိရနိုင်မည်ဖြစ်သည်။ မြန်မြန် မြန်မြန် ကျောက်ဆူးရစ်တင်သည်။ သင်္ဘောမှာ အကာအကွယ်ကောင်းဖြစ်နိုင်သည်။ အဘားစ်သည် ဆာပီယားကို ညွှန်ပြလိုက်ရား



www.burmeseclassic.com

www.burmeseclassic.com



ဆာပီယားတွား၍ သွားပြန်၏။

ပိုရပ်ရှိုက

'ကျုပ်တော့ ကရိန်းဆီသွားမယ်'

အဘားစ်သည် ကရိန်းရှိရာသို့ ကြည့်လိုက်သည်။ ကရိန်းနေရာမှာ အပေါ်စီးရ၍ သင်္ဘောဦးတစ်ပိုင်းလုံးကို မြင်ရနိုင်သည်။ သို့သော် အန္တရာယ် အများဆုံးနေရာဖြစ်၏။ စစ်သင်္ဘောအရမူ နေရာကောင်းဖြစ်သည်။ သူက နေရာကောင်းရဖို့ အရေးကြီးသဖြင့် ခွင့်ပြုလိုက်၏။

'သွားလေ'

ပိုရပ်ရှိုသည် ဆာပီယားနောက်သို့ တွားရင်း လိုက်သွားပြန်၏။ အဘားစ်က ပိုရပ်ရှို၏ နောက်ပိုင်းဝဝကို ကြည့်ရင်း 'ငါ့ညီမ ဒီကောင်ကို သိပ်ပြီး အစားကောင်းကောင်း ကျွေးတယ်ထင်ပါရဲ့၊ ဝဖီးနေလိုက်တာ'ဟု တွေးနေမိသည်။ ပိုရပ်ရှိုသည် အဘားစ်၏ ယောက်ဖဖြစ်သည်။ ပိုရပ်ရှိုသည် ကရိန်းရှိရာသို့ ရောက်သွားပြီး လှေကားပေါ်သို့ တက်၏။ အကယ်၍ ရန်သူကသာ ထိုဘက်သို့ ကြည့်နေပါက အထင်းသား မြင်သွားမည်သာဖြစ်သည်။ နောက်ဆုံး ကရိန်းမောင်းခန်းသို့ ရောက်သွား၏။

အဘားစ် နောက်နားတွင် လှေကားထစ် အနည်းငယ်သည် တံခါးတစ်ခု ရှိရာသို့ ရောက်သည်။ ခန်းကလေးမှာ သေးသေးသာဖြစ်သည်။ အဘားစ်သည် တွားသွားပြီး တံခါးကို ဖြည်းဖြည်းချင်း တွန်းဖွင့်၏။ အထဲမှာ မှောင်နေ၏။ အဘားစ်အထဲသို့ဝင်ပြီး ဟိုဟိုသည်သည် ကြည့်သည်။ ဘယ်သူမှ မရှိ။

သင်္ဘောပဲ့ပိုင်းမှာ အလင်းရောင် ကောင်းစွာမရှိ။

ဒစ်စတိန်း၏ လှေသည် သင်္ဘောညာဘက် လှေကားနားသို့ ရောက်နေပြီ ဖြစ်သည်။ အဖွဲ့ခေါင်းဆောင် ဂီဘာလီသည် လှေကို ငြိမ်အောင်ထိန်းရန် ခက်နေ၏။ ဒစ်စတိန်းက ကြိုးစားကူညီလိုက်ရသည်။ လှေကလေးသည် သင်္ဘောနှင့် ဆောင့်ချင်းရိုက်မိမည်ကိုလည်း စိုးရိမ်နေရ၏။

ဂီဘာလီသည် အစွရေးအဖွဲ့ခေါင်းဆောင်တစ်ဦးပီပီ အလျင်ဆုံးရှေ့ဆုံးမှ တက်ရမှ ကျေနပ်နိုင်မည့်သူဖြစ်သည်။ သူသည် လှေကားကို လှမ်းခုန်ကူး၏။ ချောမောစွာ ရောက်သွားသည်။ လှေကား အတိုင်းတက်သည်။ ထိပ်နားရောက်မှ ရပ်စောင့်၏။





ဖိန်းဘတ်က 'လေထီးဖွင့်မှ ဖြစ်မယ်ဟေ့'ဟု ရယ်စရာပြောရင်း ခုန်လိုက်၏။ သူသည် ချောချောမောမောပင် ရောက်သွားသည်။

ကက်ဇန်ကခုန်ပြန်သည်။ ရောက်သွား၏။ နောက် ရောင်းခုန်သည်။ ဒစ်စတိန်းသည် လှေကိုထိန်းထားရာမှ လွှတ်လိုက်ပြီး လှေကားသို့ ခုန်ကူးလိုက်၏။

ဒစ်စတိန်းသည် မိုးရေစက်များအကြားမှ အပေါ်သို့ မော့ကြည့်သည်။ ဂီဘာလီသည် သင်္ဘောလက်ရန်းကို ကျော်နေသည်ကို မြင်ရ၏။ နောက်ဘက်သို့ ကြည့်လိုက်ရာ အလင်းရောင်ပျပျသည် လာတော့မည့်အရောင် တွေ့ရ၏။ အရုဏ်သည် လာတော့မည်ပါကလား။

ရုတ်တရက် စက်သေနတ်ကျည်တစ်တွဲဆွဲသံကို ကြားလိုက်ရ၏။ အော်သံ တစ်ခုကိုလည်း ကြားရသည်။

ဒစ်စတိန်း မော့ကြည့်လိုက်သည်။ ဂီဘာလီသည် တဖြည်းဖြည်း နောက်သို့ လန်ကျလာသည်။ ပထမ သူ့ဦးထုပ်ပြုတ်သွားသည်။ နောက် ကိုယ်ခန္ဓာကြီး တစ်ခုလုံးပါ ဒစ်စတိန်းတို့ကို ဖြတ်၍ ရေထဲသို့ ကျသွားလေ၏။

ဒစ်စတိန်းက အသံကုန်ဟစ်၍

'တက်ဟေ့ တက်ကြ'

ဖိန်းဘတ်သည် လက်ရန်းပေါ်မှ အထဲသို့ လိမ့်ချဝင်လိုက်သည်။ တစ်ဆက်တည်း သူ၏ အူဇီသေနတ်သံကို ကြားရ၏။ ဖိန်းဘတ်သည် သူ့ရဲဘော်များကို ကျည်ကာ ပစ်ပေးနေခြင်းဖြစ်သည်။

ကက်ဇန် လိမ့်ဝင်သွားပြန်၏။ သည်အချိန်၌ သူ့အပေါ်တွင် သုံး၊ လေး၊ ငါးနေရာမှ သေနတ်သံများ ကြားနေရပြီဖြစ်သည်။ ဒစ်စတိန်းသည် လှေကားထိပ် ရောက်သည်နှင့် အထဲသို့ မဝင်သေးမီ ခါးမှ လက်ပစ်ဗုံး တစ်လုံးကို စနက်တံဖြုတ်၍ ရှေ့ကိုက်သုံးဆယ်လောက်သို့ လှမ်းပစ်လိုက်၏။ သူ့လူများလည်း မထိလောက်နိုင်။ တစ်ဖက်တွင်လည်း အာရုံပြုစရာတစ်ခု ရှိစေရန်ပင် ဖြစ်၏။ နောက် သင်္ဘောပေါ်သို့ လိမ့်ဝင်လိုက်၏။

ဒစ်စတိန်းက

'ငါလာပြီဟေ့'

သူသည် ကျည်များနံဘေးမှ ဖြတ်၍ ပဲ့ပိုင်းရှိ ထောင့်ကွေ့တစ်ခုသို့ ရောက်သွား၏။ သူက အော်၍ –

'ဒီကောင်တွေ ဘယ်က ပစ်နေတာလဲဟေ့'



www.burmeseclassic.com

www.burmeseclassic.com



ဖိန်းဘတ်က စကားပြန်ပြောရန် သေနတ်မောင်းကို ခဏရပ်၍–

'မီးဖိုဘက်က'

နောက် လက်မနှင့် ထပ်ညွှန်ရင်း

'အသက်ကယ် လှေဘက်မှာတစ်ဖွဲ့၊ နောက် ကုန်းပတ်အလယ်မှာ တစ်ဖွဲ့ဗျို့'

'ကောင်းပြီ၊ တို့ ဒီနေရာမှာပဲ ဘာခါတို့အဖွဲ့အပေါ် ရောက်အောင် နေရာယူထားကြ၊ သူတို့ ခြေသံကြားတာနဲ့ စပစ်ကြတော့၊ ပြီးတော့ တက်၊ ဒိုဘရက်နဲ့ ကက်ဇန်က မီးဖိုချောင်တံခါးကို ပစ်တိုက်ဝင်၊ ဖိန်းဘတ်က နောက်က ကျည်ကာပစ်ပေး၊ ပြီးရင် အပေါ်ကိုပဲတက်။ ငါ အသက်ကယ်လှေတွေဘက် တက်မယ်၊ ခုလောလောလတ်လတ်တော့ ဘာခါတို့ တက်လာတာ မရှိမ်အောင် ဟန့်ပြပစ်ပေး၊ ဒါပဲ'

*

ဟာစန်နှင့် မာမွတ်တို့သည် မိထားသော သင်္ဘောသားကို စစ်ဆေးနေကြစဉ် ပစ်ခတ်သံကြားရခြင်း ဖြစ်သည်။

သူတို့သည် သင်္ဘောမောင်းခန်းဘေးရှိ မြေပုံခန်းထဲမှာ ဖြစ်သည်။ သင်္ဘောသားသည် ဂျာမန်စကားသာ ပြောတတ်သည်။ သို့သော် ဟာစန်ကလည်း ဂျာမန်စကားပြောတတ်၍ နားလည်၏။ သင်္ဘောသား၏ ပြောကြားချက်များမှာ 'ကိုပါရယ်လီ'သင်္ဘောစက်ပျက်သွား၍ သင်္ဘောသားများ တခြားသင်္ဘောထဲ လာခေါ်သွားကြောင်း။ သူက လာပို့မည့် အပိုပစ္စည်းကို စောင့်ယူ ပြင်ဆင်ရန် ကျန်ရစ်ကြောင်း၊ ယူရေနီယံများအကြောင်း၊ ဒစ်စတိန်းအကြောင်းများ မသိကြောင်း ပြောပြ၏။

ဟာစန်က မယုံကြည်ပေ။ သူက မာမွတ်ကို ရှင်းပြ၏။ အကယ်၍ ဒစ်စတိန်းသည် ဤသင်္ဘောကို ပျက်အောင်လုပ်ကိုင်ခဲ့သူ ဖြစ်ပါက၊ သူ့လူ တစ်ယောက်ကို သင်္ဘောပေါ်မှာ ချန်ထားခဲ့မည်သာ ဖြစ်သည်။

ထို့ကြောင့် သင်္ဘောသား (အင်ဂျင်နီယာ ကို့ချ်ဖြစ်သည်)ကို ကုလားထိုင် တစ်ခုမှာ ကြိုးနှင့်ချည်ထားပြီး၊ မာမွတ်က သင်္ဘောသား၏ လက်ဆစ်ကလေးများကို ဓားနှင့်ဖြတ်၍ စစ်မေးနေကြခြင်း ဖြစ်သည်။

သူတို့ ပထမ သေနတ်သံတစ်တွဲကြားရသည်။ နောက် သူတို့ ခံစစ်ကြောင်း





နေရာမှ ပစ်ခတ်သံများ ကြားရလေ၏။ မာမွတ်သည် သူ့ဓားကို အိတ်ထဲ ပြန်သိမ်းလိုက်ပြီး အရာရှိများ ရုံးခန်းရှိရာ လှေကားဘက်သို့ ပြေးဆင်းသွား၏။

ဟာစန်သည် အခြေအနေများကို လှမ်းကြည့်လိုက်၏။ 'ဖီဒေးယင်း'များသည် သုံးနေရာ သုံးဖွဲ့ခွဲထား၏။ အသက်ကယ်လှေများ၊ မီးဖိုချောင်နှင့် အလယ်ပိုင်းမှာ ဖြစ်သည်။ သူ ယခု ရောက်နေသော နေရာမှ သင်္ဘော၏ဘယ်ရော သာဘက်ပိုင်းပါ မြင်ရသည်။ မြေပုံခန်းမှ သင်္ဘောမောင်းသည့် အခန်းဘက် ကူးလိုက်ပါက ဦးပိုင်းကို မြင်နိုင်သည်။ အစ္စရေးများသည် ပဲ့ပိုင်းဘက်မှ တက်လာကြပုံရသည်။ ထိုစဉ် သူ့အောက်တည့်တည့်မှ ကျည်ဆန်များနှင့် အသက်ကယ် လှေဘက်မှ 'ဖီဒေးယင်း'တို့၏ ပစ်ခတ်သံကို ကြားရသည်။ မီးဖိုဘက်မှ ပစ်သံမကြားရ။ ဤသို့ဆိုလျှင် မီးဖိုဘက်သည် အစ္စရေးတို့ လက်သို့ ကျသွားပုံရသည်။ သူတို့သည် သင်္ဘောအောက်သို့ ဆင်းသွားကြပုံ ရသည်။ နှစ်ယောက်သာ ကုန်းပတ်ပေါ်မှ ကျည်ကာပစ်ပေးရန် ကျန်ရစ်ပုံ ရသည်။

ယခုပုံအတိုင်းဆိုလျှင် မာမွတ်၏ အလစ်တိုက်ရန် အကြံအစည်မှာ ပျက်စီးသွားခဲ့ပြီဟု ဆိုရပေမည်။ အစီအစဉ်က အစ္စရေးများ သင်္ဘောလက်ရန်းပေါ် ခြတ်လာသည်နှင့် အပိုင်းပိုင်းချရန် ဖြစ်သည်။ ကုန်းပတ်ပေါ်သို့ပင် ရောက်စရာ မလို။ ယခုတော့ အစ္စရေးတို့သည် ကုန်းပတ်ပေါ်သို့ ရောက်ရှိနေကြပြီ၊ ကျည်ကာ မျက်ကွယ်များပင်ရကာ ပစ်ခတ်ကြပြီဖြစ်သည်။ စစ်ပွဲသည် မျှတ နေပြီဖြစ်၏။

ကုန်းပတ်ပေါ်မှ တိုက်ပွဲမှာ ညီ၍အီနေ၏။ နှစ်ဘက်စလုံးမှာ ကျည်ကွယ် မျက်ကွယ်များမှ အပြန်အလှန် ပစ်ခတ်နေကြခြင်း ဖြစ်သည်။ ဟာစန်၏ အယူအဆမှာ အစ္စရေးတို့သည် ဤသို့ဖြစ်စေချင်ပုံရသည်။ သူတို့အနေနှင့် ကုန်းပတ်ပေါ်တွင် ဤသို့ အပြန်အလှန် ပစ်နေခိုက် သင်္ဘောအောက်ထဲမှ ရှေ့သို့တိုး၍ ဖီဒေးယင်းတို့ နေရာကောင်းဖြစ်သော အလယ်ပိုင်းကို ဝင်စီးမည်။

တိုက်ပွဲတွင် အကောင်းဆုံးနေရာ ဘယ်မှာ ရှိပါလိမ့်ဟု ဟာစန်တွေးသည်။ နောက်ဆုံး ရောက်ရှိနေသော နေရာသည် အကောင်းဆုံးဖြစ်ကြောင်း ဟာစန် ဆုံးဖြတ်လိုက်၏။ သူ့နေရာသို့ ရောက်ရန် အစ္စရေးတို့သည် အလယ်ပိုင်း အရာရှိရုံးခန်းများ စသည်တို့ကို ဖြတ်သန်းတိုက်ခိုက်ပြီးမှ ရောက်နိုင်မည်ဖြစ်သည်။

ထိုစဉ် သင်္ဘောမာလိန်စင်မှ ပေါက်ကွဲသံကြားရသည်။ မြေပုံခန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



အကြားရှိ တံခါးထုထုကြီးသည် အရှိန်နှင့် ခါယမ်းသွားပြီးနောက် တဖြည်းဖြည်းချင်း ပြုတ်ကျသွား၏။ ဟာစန် တစ်ဘက်သို့ လှည့်ကြည့်သည်။

မာလိန်စင်အတွင်းသို့ လက်ပစ်ဗုံးတစ်လုံး ကျလာခြင်းဖြစ်သည်။ ဖိအေးယင်းတပ်သားသုံးဦး၏ အလောင်းကျဲပြန့်နေသည်ကို တွေ့ရ၏။ မာလိန်စင်၏ အကာမှန်များအားလုံး ကြေမွပြုတ်ကွဲသွားပြီဖြစ်သည်။ လက်ပစ်ဗုံးသည် ဦးပိုင်းမှ လာခြင်း ဖြစ်ရပေမည်။ ဤသို့ဆိုပါက အစ္စရေးတပ်ဖွဲ့တစ်ခုသည် ဦးပိုင်းမှာလည်း ရောက်ရှိနေကြပြီဖြစ်ရမည်။ သူ၏အတွေးသည် မှန်ကန်ကြောင်းဖြင့် သင်္ဘောဦး ကရိန်းစင်ပေါ်မှ ပစ်ခတ်သံ ကြားရ၏။

ဟာစန်သည် ကြမ်းပေါ်မှ ကျနေသော စက်သေနတ်တစ်လက်ကို ကောက်ယူ၍ ပြတင်းပေါက်ဆောင်ပေါ်တင်ကာ ပြန်လည် ပစ်ခတ်လိုက်လေ၏။

*

အဘားစ်သည် ပိုရပ်ရှိ မာလိန်စင်သို့ လက်ပစ်ဗုံးနှင့် လှမ်းပစ်လိုက်သည်ကို မြင်ရ၏။ လက်ပစ်ဗုံးသည် အခန်းထဲသို့ ဝင်သွားပြီး ကျယ်လောင်သော ပေါက်ကွဲသံကို ကြားရသည်။ ထိုစင်ပေါ်မှ သေနတ်သံသည် ခေတ္တတိတ်သွား၏။ ခဏအကြာတွင် ထိုအခန်းမှ သေနတ်သံ ထွက်လာပြန်၏။ ထိုသေနတ်သံသစ်သည် ဘယ်ကိုပစ်နေမှန်း အဘားစ် စဉ်းစား၍မရ။ သူ့နားသို့ ကျည်ဆန်တစ်တောင့်မှ ရောက်မလာခဲ့။ ဆာပီယားနှင့် ရှာရက်တို့သည်လည်း မာလိန်စင်ကို လှမ်းပစ်နေကြသူများဖြစ်သည်။ သူတို့ထံသို့လည်း ကျည်ဆန်လာပုံမရ။ သည်တော့မှ အဘားစ်က ပိုရပ်ရှိ၏ ကရိန်းပေါ်သို့ လှမ်းကြည့်မိသည်။ ကျည်ဆန်များသည် ပိုရပ်ရှိရှိရာသို့ သွားနေခြင်းပင်။ ပိုရပ်ရှိကလည်း ရှံဖန်ရံခါ ပြန်ပစ်နေသည်ကို မြင်ရသည်။

မာလိန်စင်ပေါ်မှ သေနတ်ပစ်သူသည် ကျွမ်းကျင်သူဟုတ်ဟန် မတူ။ သူ၏ကျည်ဆန်များမှာ ဟိုရောက်သည်ရောက်နှင့် အလကားသက်သက် ကျည်ဖြုန်းနေသလို ဖြစ်နေ၏။ သို့သော် သူသည် နေရာကောင်းရထား၏။ သူသည် အမြင့်မှ အပေါ်စီးရနေပြီး မာလိန်စင်နံရံများက သူ့အား ကောင်းစွာ အကာအကွယ်ပေးနေ၏။ သို့ဖြစ်ရာ သူ့ကျည်များသည် တစ်ခါမဟုတ်တစ်ခါ ထိမှန်မည်သာဖြစ်၏။ အဘားစ်သည် လက်ပစ်ဗုံးတစ်လုံး စနက်တံဖြုတ်၍ မာလိန်စင်ထဲသို့ လှမ်းပစ်လိုက်၏။ ဝေးလွန်းသဖြင့် လက်ပစ်ဗုံးသည်မရောက်ဘဲ လိုသွား၏။





ပိုရပ်ရှိနေရာမှသာ လက်ပစ်ဗုံးနှင့် လှမ်းပစ်၍ ရနိုင်သည်။ သို့သော် ပိုရပ်ရှိသည် လက်ပစ်ဗုံးများ ကုန်နေပြီဖြစ်သည်။ ပထမအကြိမ်က သူ၏လေးလုံး၊ နောက်ဆုံး လက်ပစ်ဗုံးကသာ အထဲသို့ ဝင်ရောက်ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

အဘားစ်သည် ကျည်တစ်တွဲ ဆွဲလိုက်၏။ ထို့နောက် ကရိန်းဘက်မှ ကျည်သံမကြား၍ မော့ကြည့်လိုက်သည်။ ထိုစဉ်မှာပင် ပိုရပ်ရှိ နောက်ပြန်လွင့်၍ ကျလာသည်ကို မြင်ရ၏။ ကုန်းပတ်ပေါ်သို့ ဝုန်းကနဲကျလာ၏။

အဘားစ်သည် သူ့ညီမကို ဘယ်လိုပြောရပါ့မလဲဟု စဉ်းစားနေမိ၏။

မာလိန်စင်ပေါ်မှ သေနတ်သမားသည် ခဏမျှရပ်သွား၏။ နောက် ရှာရက်ဘက်သို့ ကျည်များလွှတ်နေပြန်၏။ အဘားစ်နှင့် ဆာပီယားတို့လို မဟုတ်။ ရှာရက်တွင် ကျည်ကွယ်လေးတစ်ခုရှိနေ၏။ သူသည် ကျောက်ဆူးနတ်စက်နှင့် နံရံအကြားမှာ ကပ်နေရသည်။ အဘားစ်နှင့် ဆာပီယားတို့သည် မာလိန်စင်ကို ဆက်ပစ်ကြ၏။ သို့သော် မထိရောက်လှပေ။ စင်ပေါ်မှ သေနတ်သမားသည် တဖြည်းဖြည်း ပို၍ လက်မှန်လာ၏။ သူ၏ကျည်တချို့သည် သင်္ဘောနံရံကို ထိမှန်၍ တစ်ဆင့် ရှာရက်ရှိရာသို့ ပြေးဝင်လာကြ၏။ ရှာရက်သည် တွန့်လိန်အော်ဟစ်၍ အပြင်ဘက်သို့ လိမ့်ထွက်လိုက်ရာ နောက်ထပ် တိုက်ရိုက် ကျည်များ ကျလာပြီး ရှာရက် ငြိမ်သက်သွားလေ၏။

အခြေအနေကား ဆိုးလှပေသည်။ အဘားစ်တို့အဖွဲ့မှာ ဦးပိုင်းကိုစီးရန် ဖြစ်သည်။ ယခု လောလောလတ်လတ် အခြေအနေမှာ မာလိန်စင်ပေါ်က လူသည် ဦးပိုင်းကို စီးထား၏။ အဘားစ်အနေနှင့် ထိုလူကို တက်သိမ်းရမည်။ သူ နောက်ထပ် လက်ပစ်ဗုံးတစ်လုံး ပစ်လိုက်ပြန်၏။ ထိုလက်ပစ်ဗုံးသည်လည်း ပစ်မှတ်သို့ မရောက်ပေ။ သို့သော် ဗုံးပေါက်ကွဲအရှိန်ကို အားကိုးဖြင့် ကရိန်းရှိရာသို့ ပြေးသည်။ ထိုစဉ် ဆာပီယား၏ ကျည်ကာပစ်သံကို အားကိုး၍ လှေကားပေါ်သို့ တက်၏။ လှေကားဝန်းကျင်မှာ ကျည်များ ပလူပျံနေ၏။ သူ့စိတ်ထဲမှာ လှေကားထစ်များကို ရေတွက်နေမိ၏။ ၇-၈-၉-၁၀။

သူ့ပေါင်ရင်းကို ကျည်ဆန်ပျံတစ်ခု ဝင်မှန်သည်။ သေလောက်သည့် ဒဏ်ရာတော့မဟုတ်ပေ။ သို့သော် သူ့ကိုယ်ခန္ဓာ အောက်ပိုင်းတစ်ခုလုံး လှုပ်မရသလို ဖြစ်သွား၏။ သူ့ခြေထောက်သည် လှေကားပေါ်မှ ချော်ကျသည်။ သူသည် သတိကြီးစွာဖြင့် လက်ဖြင့် လှမ်းဆွဲသည်။ သို့သော် မမိဘဲလွတ်သွားရာ အောက်သို့ ဗုန်းကနဲပစ်ကျ ဇက်ကျိုးသေဆုံးသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရှေ့စတိုခန်း တံခါးပေါက်သည် အသာကလေးပွင့်လာပြီး ရှုမျက်နှာတစ်ခုလှမ်းကြည့်သည်။ သူ့ကို မည်သူမှ မမြင်ကြ။ တံခါးပြန်ပိတ်သွား၏။

*

ကက်ဇန်နှင့် နဲဗရက်တို့သည် မီးဖိုချောင်ထဲ ပြေးဝင်သွားကြသည်။ ဒစ်စတိန်းသည်လည်း ဖိန်းဘတ်၏ ကျည်ကာပစ်ပေးခြင်းကို အားကိုးပြု၍ သူစောစောကလက်ပစ်ဗုံးနှင့် ပစ်ခွဲကဲ့သော အသက်ကယ်လှေနားသို့ ကပ်လိုက်၏။ ထိုနေရာမှ သူသည် သင်္ဘောအလယ်ပိုင်းကို လှမ်းမြည့်ရသည်။

ကုန်းပတ်နှင့် တညီတည်းတွင် အရာရှိများ စားသောက်ခန်း၊ အရာရှိများနားနေခန်း၊ လူနာခန်းနှင့် ခရီးသည်များအခန်းရှိသည်။ နောက်တစ်ထပ်မှာ အရာရှိများ အိပ်ခန်း၊ ကက်ပတိန်အခန်း၊ အပေါ်ဆုံးထပ်မှာ မာလိန်စင်၊ ကပ်လျက်သည် မြေပုံခန်းနှင့် ရေဒီယိုခန်း။

ရန်သူအများစုသည် ကုန်းပတ်နှင့် တညီတည်းရှိသော ထမင်းစားခန်းနှင့် နားနေခန်းမှာရှိကြသည်။ အောက်ဆုံးထပ်မှ လူများကို ရှောင်ကွင်း၍ ဘေးလှေကားမှ ဒုတိယထပ်ကို တက်နိုင်သည်။ အပေါ်ဆုံး မာလိန်စင်ထပ်ကို ဒုတိယထပ်မှ တစ်ဆင့် တက်ရမည်ဖြစ်သည်။ ထို့ကြောင့် အကယ်၍ ဒုတိယထပ်တွင် ရန်သူတပ်သားများရှိပါက သူတစ်ယောက်တည်း ရှင်းရမည်။

သူသည် နောက်သို့ ပြန်ကြည့်လိုက်၏။ ဖိန်းဘတ်သည် မီးဖိုနံဘေးသို့ ဝင်သွားသည်ကို မြင်ရ၏။ ကျည်ကပ်အသစ်လဲခြင်း ဖြစ်ရမည်။ နောက်ဖိန်းဘတ်ထွက်လာပြီး စတင်ပစ်ခတ်သည်နှင့် ဒစ်စတိန်းသည် ခိုနေရာမှ တစ်ဟုန်ထိုးထွက်လိုက်သည်။ စက်သေနတ်ကို ခါးမှပင် တရစပ်ဆွဲရင်း နံဘေးမှလှေကားသို့ပြေး၏။ နောက် ဒုတိယထပ်သို့ အပြေးအလွှား တက်လိုက်၏။ အပေါ်ရောက်မှသူ အသက်ရှူနိုင်သည်။

ဒစ်စတိန်းသည် ကျည်ကတ်အသစ်တစ်ခု လဲလိုက်၏။ နောက်နံရံအပေါက်မှ စွန့်စား၍ အထဲကို ကြည့်လိုက်သည်။ လူသွားလမ်းတစ်ခုနှင့် နံဘေးတစ်ဖက်စီမှ တံခါးသုံးပေါက်မြင်ရ၏။ ဟိုဘက်အစွန်းတွင် အောက်ထပ်ထမင်းစားခန်းသို့ ဆင်းရန် လှေကားနှင့် အပေါ် မာလိန်စင်သို့ တက်ရန်လှေကားရှိသည်။





သူသည် တံခါးဖွင့်၍ အတွင်းသို့ ဝင်လိုက်၏။ ပထမဆုံး စတွေ့သော တံခါးကိုဖွင့်၍ လက်ပစ်ဗုံးတစ်လုံး ထည့်လိုက်၏။ အထဲမှ လူတစ်ယောက်သည် တံခါးကို ပြန်ဆွဲပိတ်လိုက်၏။ တစ်ချိန်တည်းတွင် ပေါက်ကွဲသံကြားရ၏။ တံခါးကို ဆွဲဖွင့်၍ လက်ပစ်ဗုံးတစ်လုံး သွင်းလိုက်ပြန်၏။ လက်ပစ်ဗုံးသည် မည်သူမှ မရှိသော အခန်းထဲတွင် ပေါက်ကွဲသွားလေသည်။

သူ့လမ်းခရီးတွင် နောက်ထပ်တံခါးတစ်ပေါက် ရှိနေ၏။ သူ့တွင် လက်ပစ်ဗုံး မရှိတော့။

ဒစ်စတိန်းသည် ဘာမှ မစဉ်းစားတော့ဘဲ နောက်တံခါးကို ဆွဲဖွင့်ရင်း အတွင်းသို့ ပစ်ဝင်သွား၏။ အထဲမှ ရန်သူတစ်ယောက်သည် နံဘေးအပေါက်ပိုင်းကလေးမှ အပြင်သို့ပစ်အပြီး ပြန်လှည့်ကြည့်လိုက်သော အခိုက်ဖြစ်သည်။ ဒစ်စတိန်း၏ ကျည်ဆန်သည် ထိုလူအား ပိုင်းလှဲချလိုက်သလို ပြတ်ကျသွား၏။

နောက်ဘက် တံခါးဖွင့်သံ ကြားရသည်နှင့် ဒစ်စတိန်း ကျည်တစ်ကပ်ဆွဲလိုက်ကာ တံခါးမှ ထွက်လာသူကို ရှင်းလိုက်၏။

ဒစ်စတိန်းသည် အရှုံးတစ်ယောက်လိုပင် ဒုတိယတစ်ထပ်လုံးကို တစ်ယောက်တည်းနှင့် သိမ်းပိုက်လိုက်ပြီး ဖြစ်သွား၏။

မာလိန်စင်ဘက်တက်ရာ လှေကားရှိရာသို့ ပြေးခဲ့သည်။ ထိုစဉ် အပေါ်ထပ်မြေပုံခန်းမှ သေနတ်ပြောင်းတစ်ခု ထွက်လာ၏။ ဒစ်စတိန်းနောက်သို့ လိမ့်ထွက်လိုက်ရ၏။ ကျည်ဆန်များ အထွေးသား သူ့မူလနေရာမှ ကျလာ၏။

သူ့တွင် လက်ပစ်ဗုံးမရှိတော့။ အပေါ်ထပ် မြေပုံခန်းမှ လူသည် နေရာကောင်းရနေ၏။ လှေကားပေါ်သို့ တက်လာသူကို ပစ်ချရန်သာရှိသည်။ ဒစ်စတိန်းက အပေါ်ထပ်သို့ လှေကားမှ တက်ချင်သူ။

အခြေအနေကား ဆိုးနေ၏။ ဒုတိယထပ်မှ ဦးပိုင်းသို့ လှမ်းကြည့်ရာ သူ့ရဲဘော်လေးဦးအနက် သုံးဦး၏ အလောင်းများကို မြင်ရ၏။ တစ်ယောက်သာ ပြန်လှန်ပစ်နေ၏။ ဒစ်စတိန်းသည် အောက်ထပ် သူ့လူများ လှမ်းကြည့်ရာ ဖိန်းဘတ်က တစ်ဖက်၊ ဒိုဘရက်ကတစ်ဖက် မြင်ရသည်။ သူတို့နှစ်ဦးအပေါ်မှ လှမ်းခေါ်သည်။ သူတို့ သူ့ကိုမြင်မှ ကြားမှ မီးဖိုချောင်ဘက်သို့ လက်ညှိုးထိုးပြသည်။

သူသည် အပေါ်စင်္ကြံတစ်ဝက်မှ လျှောက်ပြီး အောက်သို့ခုန်ချကာ မီးဖိုချောင် တံခါးပေါက်ထဲသို့ လိမ့်ဝင်လိုက်၏။ သူဆိုလိုသည်ကို သဘောပေါက်သော ရဲဘော်နှစ်ဦး မကြာခင် အထဲသို့ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒစ်စတိန်းက

'ကျုပ်တို့ ထမင်းစားခန်းမကို သိမ်းမှ ဖြစ်မယ်'

ဖိန်းဘတ်က 'ဘယ်လို သိမ်းမှာလဲ'

ဒစ်စတိန်းက လှည့်ကြည့်ပြီး

'ငါပြောမယ် နားထောင်၊ တို့ပဲပိုင်း ဦးပိုင်း အပေါ်အောက် တစ်ပြိုင်နက် ဝင်တိုက်ကြမယ်။ အဲဒီလို တိုက်နိုင်ဖို့ မာလိန်စင်ကို အလျင်ရမှဖြစ်မယ်။ ဒါကို ကျုပ်က တက်သိမ်းမယ်။ အဲဒီရောက်ရင် ဥသြဆွဲလိုက်မယ်၊ ဥသြသံဟာ အချက်ပဲ၊ မင်းတို့ အောက်သွားပြီး ကျန်တဲ့ ရဲဘော်တွေ ပြောထားကြ'

ဖိန်းဘတ်က မျက်မှောင်ကုပ်၍

'မာလိန်စင်ကို ခင်ဗျား ဘယ်လိုလုပ် ရောက်အောင်သွားမှာလဲ'

'အမိုးပေါ်ကပေါ့'

*

မာလိန်စင်ပေါ်တွင် ဟာစန်ဆီသို့ မာမွတ်နှင့် 'ဗီဒေးယင်း' တပ်ဖွဲ့ဝင်နှစ်ဦးအား ခြည့်ရောက်လာ၏။ တပ်သားများက အပြင်သို့ လှမ်းပစ်နေစဉ် မာမွတ်နှင့် ဟာစန်တို့က ထိုင်ချပြီး တိုင်ပင်ကြသည်။

မာမွတ်က...

'ဒီကောင်တွေ မနိုင်နိုင်ဘူးကွ၊ ဒီအပေါ်က ကျုပ်တို့ ကုန်းပတ်တစ်ခုလုံး မြင်နေနိုင်တယ်။ ထမင်းစားခန်းကိုလည်း အောက်တစ်ဖက်တည်းက မတိုက်နိုင်ဘူး၊ ကျုပ်တို့က ဒီငနဲတွေ လက်နက်မချမချင်း ပစ်နေကြရုံပဲ'

ဟာစန်က

'ရန်သူတစ်ယောက် ဒီအပေါ်ကို လာစမ်းနေတယ်၊ ကျုပ်က ပစ်လိုက်လို့'

'ဒါဆို ဒီအပေါ်မှာ မဓာင်ရင်တစ်ယောက်တည်း ရှိတာပေါ့'

'ဟုတ်တယ်လေ'

မာမွတ်သည် ဟာစန်ပခုံးပေါ်သို့ လက်တင်လိုက်၏။

'မောင်ရင် ဗီဒေးယင်း တပ်ဖွဲ့ဝင်တစ်ယောက် ဖြစ်သွားပြီ'

ဟာစန်က

'ဒါဆိုရင် ဒီတိုက်ပွဲ ပြီးသွားရင်'

မာမွတ်က





'ညီတူညီမျှပေါ့'

သူတို့နှစ်ဦး လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

မာမွတ်က

'ဒီငနဲတွေက ဒုတိယထပ်က လှေကားက လာဦးမယ် ထင်တယ်၊ ဒါ သူတို့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်ပဲ'

ဟာစန်က

'ဒါဆိုရင် ကျုပ် မြေပုံခန်း လှေကားထိပ်က စောင့်နေမယ်'

သူတို့နှစ်ဦး မတ်တတ်ရပ်လိုက်စဉ် ရမ်းပစ်လိုက်သော ကျည်တောင့်သည် ဆစ်နေရာကို မှန်၍ တစ်ဆင့် ခုန်ပျံကာ မာမွတ်ခေါင်းတည့်တည့်ကို ထိမှန်လေ၏။ မာမွတ် ဦးနှောက်ထွက်၍ ချက်ချင်း သေဆုံးသွား၏။

ဟာစန်သည် ဗီဒေးယင်းတို့၏ ခေါင်းဆောင်ဖြစ်သွားတော့သည်။

သင်္ဘော၏ ခေါင်မိုးပေါ်တွင် ဝမ်းဗိုက်နှင့် ပြားကပ်၍ လက်နှစ်ဖက် ခြေနှစ်ဖက်ဘေးသို့ ကားကာ ဒစ်စတိန်းသည် တရွေ့ရွေ့ ရှေ့သို့ တက်နေ၏။ အမိုးသည် အခုံးဖြစ်၍ ကိုင်စရာတွယ်စရာ ဘာမှမရှိ။ သည့်ကြားထဲ တွန်းရှာ သော မိုးရေကြောင့် ချောနေပြန်သေး၏။ 'ကိုပါရယ်လီ' သင်္ဘောသည် ဘောက်ချထားသော်လည်း ရေလှိုင်းဒဏ်ကြောင့် အထက်အောက် ဗယ်ညာ လူးလိမ့်နေ၏။ ဒစ်စတိန်းသည် သူ့တစ်ကိုယ်လုံး ပြားနေအောင် ကပ်ရင်း ရှေ့သို့ တိုးနေရ၏။

ဟိုရှေ့ဆုံး အစွန်တွင် ရေကြောင်းပြ မီးမောင်းရှိသည်။ ထိုနေရာသို့ ရောက်လျှင် ဒစ်စတိန်း ဘေးကင်းပြီ။ ခိုရာ ကိုင်စရာ ရမည်ဖြစ်၏။ သူ၏ ခရီးကား နှေးကွေးလှပေသည်။ သို့သော် မီးမောင်းသို့ ရောက်ခါနီး တစ်ပေခန့် အလို သင်္ဘောသည် ဘယ်ဘက်သို့ စောင်းသွား၏။ လူးလိမ့် သွားသည်မှာ အကြာကြီးဖြစ်၍ ဒစ်စတိန်းပါ လိမ့်သွားလေ၏။ အမိုးစွန်း နံဘေးထိပ်ရောက်မှ အတင်းကုပ်တွယ် ကပ်နေရ၏။

'ကိုပါရယ်လီ'သည် ညာဘက်သို့ ပြန်လိမ့်သွားပြန်၏။

ဒစ်စတိန်းသည် သင်္ဘောလိမ့်အားကို အမှီပြု၍ မီးမောင်းရှိရာသို့ လိမ့်လိုက်၏။ သို့သော် သင်္ဘောသည် အလိမ့်ရပ်ပြီး တစ်ဖက်သို့ ပြန်စောင်းသွားပြန်ရာ အမိုးစွန်းသို့ ဒစ်စတိန်း လိမ့်သွားပြန်၏။ သည်တစ်ချီ၌မူ အမိုးစွန်းပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ကုတ်တွယ်၍ မရတော့ဘဲ လက်တစ်ဖက်ဖြင့်သာ ချိတ်ခိုလိုက်နိုင်၏။ ဒစ်စတီး ဘစ်ကိုယ်လုံး လေထဲမှာ တွဲလောင်းကြီး ဖြစ်နေပြီး လွယ်ထားသော အ သေနတ်သည် အောက်သို့ ပြုတ်ကျသွားလေ၏။

သဘော်သည် ပြန်လူးသွားပြန်ကာ ဒစ်စတိန်း အရှိန်နှင့် မီးမောင်းရှိရာသို့ လိမ့်ကူးသည်။ သည်တစ်ချီတွင်မူ သူရောက်သွား၏။ မီးမောင်းမှာ ရှေ့ဦးအစွန်း တစ်ပေခန့်အကွာ အမိုးပေါ်မှာ ရှိ၏။ ၎င်းအောက် တည့်တည့်မှာ မာလိန်စင်၏ ရှေ့ပြတင်းဖြစ်သည်။ ၎င်းပြတင်း မှန်များကား တိုက်ပွဲအစလောက်ကပင် ကွဲသွားကြပြီဖြစ်၏။

ဒစ်စတိန်းသည် မီးမောင်း အောက်ခြေကိုကိုင် ထိုင်သော်လည်း ချောလိမ့် ခြင်း အန္တရာယ်က မကုန်သေး။ သဘော်ရှေ့တည့်တည့် အမိုးစွန်းသည် နံဘေးကဲ့သို့ မဟုတ်ဘဲ ရှေ့မျက်နှာစာမှန်ပေါ်သို့ ရေမကျစေရန် သံမထ ရေတံလျှောက်တစ်ခု ရှိသည်။

ဒစ်စတိန်းသည် ဘာမှ မစဉ်းစားတော့ဘဲ သဘော် အလူးအရှိန်ယူကာ ထိုရေတံလျှောက်ကို လက်ထိပ်နှင့် ကိုင်လွဲ၍ ခြေထောက်နှစ်ဖက်စလုံးကို အတွင်းသို့ ပစ်ထည့်လိုက်လေ၏။

ဒစ်စတိန်းသည် လေမှာ ပျံဝဲပြီး မာလိန်စင်ထဲသို့ ခုန်ဝင်လိုက်သလို ဖြစ်နေ၏။ သူ့တွင် စက်သေနတ်မရှိတော့။ ခါးထဲမှ ပစ္စတိုကိုလည်း ထုတ်ချိန် မရ။ သူ့ဘေးနှစ်ဖက်တွင် အာရပ်နှစ်ယောက်သည် အောက်သို့လှမ်း၍ စက် သေနတ် ကိုယ်စီနှင့် ပစ်နေကြ၏။ အာရပ်နှစ်ယောက်သည် အံ့သြမှု အရှိန်ကုန် သည်နှင့် သူ့ဘက်သို့ လှည့်လိုက်၏။

ဒစ်စတိန်းသည် သူနှင့်အနီးဆုံး ဘယ်ဘက်မှ အာရပ်ရှိရာကို ခြေထောက် နှင့် ကန်လိုက်သည်။ ကန်ချက်သည် ထိုလူ၏ တံတောင်ဆစ်ကို ထိပြီး နောက်လန်သွား၏။ ထိုစဉ် ဒစ်စတိန်းသည် ကျန်လူထံ ခုန်အုပ်လိုက်၏။ ထိုသူသည် သူ့စက်သေနတ်ပြောင်းကို ဒစ်စတိန်းဘက်သို့ လှည့်လိုက်၏။ သို့သော် အနည်းငယ်နောက်ကျသွားရာ ဒစ်စတိန်းက အတွင်းဘက်ကို အလျှင် ရောက်သွားပြီး ညာလက်ဖြင့် အပြင်းဆုံး ခုတ်ချက် နှစ်ချက် ခုတ်လိုက်၏။ ဒစ်စတိန်း၏ ပထမခုတ်ချက်မှာ အာရပ်၏ မေးတည့်တည့်ကို ထိ၍ အာရပ်ခေါင်း နောက်သို့ လန်သွားလေ၏။ ဒုတိယခုတ်ချက်ကား အာရပ်၏ လည်မျိုသို့ ဖြစ်ပေသည်။





ထိုအာရပ် လဲပြိုမကျမီ ဒစ်စတိန်းက ဖမ်းဆွဲ၍ သူနှင့် ကျန်တစ်ယောက် အကြားသို့ လှည့်ယူလိုက်၏။ နောက်တစ်ဖက် လူရှိရာသို့ အလောင်းကြီးကို တွန်းပစ်လိုက်၏။ တစ်ဖက်လူသည် ကိုယ်ဟန်ချက် ပြန်တည်နိုင်ပြီဖြစ်ရာ စက်သေနတ်ဖြင့် ဒစ်စတိန်းကို ဆွဲလိုက်၏။ သို့သော် သူ၏ကျည်များသည် သူ့ထံပြေးဝင်လာသော သူ့ရဲဘော်အလောင်းတွင်းသို့ ဝင်သွားပြီး သူကိုယ်တိုင် လည်း အလောင်းကြီး၏ ဖိဝင်လာမှုကြောင့် နောက်ပြန်လွင့်စဉ်ကာ ပွင့်နေသော တံခါးအတိုင်း အောက်သို့ ပြန်ကျသွားလေ၏။

မာလိန်စင်နှင့် ကပ်လျက် မြေပုံခန်းတွင် အောက်မှတက်လာမည့် လှေကားထိပ်မှ စောင့်နေသူတစ်ဦး ရှိသေးသည်။ သူသည် အသံဗလံများကြောင့် အံ့တုတ်တုတ်ရပ်ပြီး ဒီဘက်သို့ လှည့်လိုက်၏။ ဒစ်စတိန်းသည် ချက်ချင်း ယာစစ် ဟာစန်ဖြစ်ကြောင်း မှတ်မိသွား၏။

ဒစ်စတိန်းသည် ခပ်ကုန်းကုန်းအနေအထားသို့ ပြောင်းပြီး သူတို့နှစ်ဦး အကြားရှိ ကျိုးပျက်နေပြီဖြစ်သော တံခါးကို ဆောင့်ကန်လိုက်သည်။ တံခါးသည် လွင့်ထွက်ပြီး ဟာစန်ခြေထောက်ကို ထိ၏။ ဟာစန် ကိုယ်ဟန်ပျက်သွားသည်။ လက်နှစ်ဖက်ကို ဘေးကား၍ ဟန်ချက် ထိန်းလိုက်ရ၏။ သည်အချိန်မှာ ဒစ်စတိန်း ဝင်လိုက်၏။

ယခုအချိန် မတိုင်ခင်အထိ ဒစ်စတိန်းသည် စက်တစ်ခုပမာ တွေ့သမျှ ကြုံသမျှကို သူ၏ ကိုယ်ခန္ဓာတုံ့ပြန်မှုအတိုင်း လှုပ်ရှားခဲ့ခြင်းဖြစ်သည်။ သူ၏ သင်တန်းများမှ အတွေ့အကြုံများနှင့် တိရစ္ဆာန်များကဲ့သို့ အလိုလိုအသိစိတ်ဖြင့် ရန်သူကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယခုကား ထိုသို့မဟုတ်တော့

ယခုကား သူချစ်သမျှများကို ရန်ပြုသော ရန်သူနှင့် ရင်ဆိုင်တိုးနေရပြီ ဖြစ်၏။ မုန်းတီးစိတ်၊ ဒေါသစိတ်များသည် ပေါက်ကွဲလာ၏။

ထိုနှစ်စိတ်သည် သူ့အား လျင်မြန်မှုနှင့် အားကိုပေးသည်။

ဒစ်စတိန်းသည် လူချင်းပူးမိသည်နှင့် ဟာစန်၏သေနတ်ကိုင်လက်ကို လိမ်ဆွဲ၍ သူ့ဒူးပေါ်တင်ကာရိုက်ချိုးလိုက်၏။ ဟာစန်၏ ငယ်သံပါအော် အော်သံနှင့်အတူ ညာလက်သည် သွင်သွင်ကျိုးသွားတော့၏။ တစ်ချိန်တည်းတွင် ဒစ်စတိန်းသည် တံတောင်နှင့် အောက်သို့ ဖိဆွဲတိုက်လိုက်သည်။ ဒစ်စတိန်း၏ တံတောင်သည် ဟာစန်နားရွက်နောက် နောက်စေ့ကို ထိ၏။ ဟာစန် ချာကန်



www.burmeseclassic.com

www.burmeseclassic.com



လည်သွားသည်။ ဒစ်စတိန်းသည် သူ့ညာခြေဖြင့် ဝိုက်၍ လဲကျသွားသော ဟာစန်၏ခေါင်းကို ကန်လိုက်သည်။ သူ့ခြေထောက်သည် ဟာစန်၏ လည်တိုင်သို့ ထိထိမိမိ ကန်မိသွား၏။ ဖြောင်းကနဲမြည်ကာ ဟာစန်ပုံလျက်သား လဲကျအသက်ထွက်သွားလေ၏။

ဒစ်စတိန်းသည် အလောင်းများကို ငေးကြည့်နေမိ၏။ သူ့နားနှစ်ဘက်လုံးမှာ အူနေ၏။

သည်တော့မှ သူ ကို့ချ်ကို မြင်သည်။

အင်ဂျင်နီယာ ကို့ချ်သည် ကုလားထိုင်တစ်လုံးမှာ ကြိုးနှင့် ချည်ထားခြင်း ခံရပြီး သူ့မျက်နှာမှာ သွေးမရှိသလို ဖြစ်နေ၏။ သူ့အဝတ်အစားများမှာ သွေးရွှဲရွဲနစ်နေ၏။ ဒစ်စတိန်းသည် ခါးကြားမှ ဓားကိုထုတ်၍ ကို့ချ်ကို ချည်ထားသော ကြိုးများဖြေပေး၏။ သည်တော့မှ ကို့ချ်၏ လက်ချောင်းကလေးများကို သတိထားမိသည်။

ဒစ်စတိန်းက

'ဘုရားရေ'

ကို့ချ်က

'မသေလောက်ပါဘူးဗျာ'ဟု ပြောလိုက်သော်လည်း ကုလားထိုင်မှ မထ နိုင်ပေ။

ဒစ်စတိန်းသည် ဟာစန်၏ စက်သေနတ်ကိုကိုင်၍ ကျည်ကပ်ကို စစ်ကြည့်သည်။ ကျည်ကပ်သည် အပြည့်ကြီးရှိသေး၏။ ထို့နောက် သင်္ဘော ဥသြခလုတ်ကို ရှာသည်။ ပြီးမှ

'ကို့ချ် မင်း အဲဒီကုလားထိုင်က ထနိုင်သလား'

ကို့ချ် ထိုင်ရာမှ ဒယိမ်းဒယိုင် ထသည်။ ဒစ်စတိန်း ပြေးသွားပြီး ထိန်းပေးကာ မာလိန်စင်ဘက်ခေါ်လာ၏။ ပြီးမှ...

ကို့ချ် မင်း ဒီခလုတ်ကို မြင်လား၊ မင်း ခဏနေ တစ်ဆယ်အထိ ခပ်မှန်မှန် ရေပြီး တစ်ဆယ်ရောက်ရင် ခလုတ်ကို ကိုယ်နဲ့သာဖိလိုက် လုပ်နိုင်ပါ့မလား'

ကို့ချ်သည် ခေါင်းကြည်လင်စေရန် ခါယမ်းလိုက်ပြီးမှ

'လုပ်နိုင်ပါလိမ့်မယ်'

'ကဲ ဒါဆိုရင်တော့'





ကို့ချ်က

'တစ်နှစ်'

ဒစ်စတိန်းသည် လှေကားအတိုင်း ဒုတိယထပ်သို့ ဆင်းပြေးခဲ့၏။ စောစောက သူဆင်းခဲ့သောအထပ်ဖြစ်သည်။ ယခုထိမည်သူမှမရှိသေး။ ထို့မှ တစ်ဆင့် အောက်ထပ်ထမင်းစားခန်းသို့ ဆင်းသည့် လှေကားထိပ်မှာ ရပ်လိုက်၏။

အောက်မှာရှိ ဖီဒေးယင်းတပ်များသည် နံရံများမှာ ကပ်၍ နံရံအပေါက်များ၊ တံခါးပေါက်များမှ အပြင်သို့ ပစ်ခတ်နေကြပေလိမ့်မည်။ တစ်ဦးနှစ်ဦးစသည် အပေါ်မှ ဆင်းသည့် လှေကားကို စောင့်ကြည့်နေနိုင်၏။ အန္တရာယ်ကား မသေးလှ။

ကို့ချ် ကြာလှချည်လားကွာ။

ဒစ်စတိန်းသည် လှေကားထိပ်မှာ တစ်စက္ကန့်နှစ်စက္ကန့် စောင့်နေ၏။ အကယ်၍ ကို့ချ် လဲပြိုခဲ့ကျခဲ့သော် သူ့အနေနှင့် အပေါ်သို့ ပြန်တက်၍

ထိုစဉ် ဥသြသံက မြည်လာ၏။

ဒစ်စတိန်းသည် အောက်သို့ ခုန်ဆင်းလိုက်၏။ သူကြမ်းပြင်ပေါ်သို့ မရောက်မီပင် သေနတ်မောင်းကို ဆွဲပြီး ပစ်သည်။ လှေကားခြေရင်း အနီးဆုံးမှာ အာရပ်နှစ်ဦးရှိသည်။ သူတို့ကို အလျင်ပစ်ချလိုက်၏။ နောက်ကြမ်းပေါ်တွင် ဒူးတစ်ဖက်ထောက်၍ နံရံဘက်မှ အာရပ်များရှိရာသို့ ကျည်များ ပစ်လွှတ်လိုက်၏။

မရှေးမနှောင်းမှာပင် အောက်ထပ်မှ ပြေးထွက်လာသော အစ်ရွှေ နောက်တံခါး တစ်ပေါက်စီမှဖိန်းဘတ်နှင့် ဒိုဘရက်တို့ ပစ်ဝင်လာကြ၏။ နောက် တိုင်ပင်ထားကြသလို အပစ်ရပ်လိုက်ကြ၏။ အားလုံး လုံးဝ ငြိမ်သက်သွားကြ၏။

'ဖီဒေးယင်း'တပ်ဖွဲ့ဝင်များ အားလုံး ကျဆုံးကုန်ပြီဖြစ်သည်။

ဒူးတစ်ဖက် ထောက်လျက်သားရှိသော ဒစ်စတိန်းသည် စိတ်မောလှအောဖြင့် ခေါင်းငိုက်စိုက် ချထား၏။ ခဏအကြာမှ မတ်တတ်ရပ်လိုက်ပြီး သူ့လူများကို ကြည့်သည်။

'တခြားလူတွေကော'

ဖိန်းဘတ်က ပြန်ကြည့်ရင်း

'ဦးပိုင်းမှာ တစ်ယောက်တော့ ရှိသေးတယ်။ ဆပ်ီးယားလို့ ထင်တယ်'

ဒစ်စတိန်းသည် နံရံကို ခေါင်းနှင့် မှီလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'တန်ဖိုးကြီးလိုက်တာကွာ'

သူသည် တိုးတိုးကလေး ပြောလိုက်၏။

နောက် အပြင်ဘက်သို့ ကွဲပြတ်နေသော အပေါက်မှ လှမ်းကြည့်လိုက်ရာ နေ့ရောက်နေပြီဖြစ်ကြောင်း သိရလေ၏။

●

[၁၇]

လွန်ခဲ့သော တစ်နှစ်ကျော်က စုဇာအက်ရှဖို့ လေယာဉ်မယ်အဖြစ် လိုက်ပါခဲ့သော ဘီအိုအေစီ ဂျက်လေယာဉ်ကြီးတစ်စီးသည် အတ္တလန္တိတ် ပင်လယ်ပေါ်၌ ကျော်ဖြတ်နေစဉ် အကြောင်းတစ်စုံတရာမရှိဘဲနှင့် အမြင့်မှ ပြုတ်ကျလေသည်။ လေယာဉ်မှူးသည် ကုလားထိုင်ခါးပတ်များ ပတ်ထားကြပါဟူသော မီးခလုတ်ကို ဖွင့်လိုက်၏။ စုဇာသည် လေယာဉ်ခရီးသည်များအကြားတွင် လူးလာခေါက်တုံ့ လမ်းလျှောက်ရင်းပြုံး၍

'လေထုအနည်းငယ် မငြိမ်မသက် ဖြစ်နေလို့ပါရှင်'ဟု ပြောကာခရီးသည်များကို ခါးပတ်များ ကူညီပတ်ပေးနေခဲ့ရ၏။ တစ်ချိန်လုံး သူမရင်ထဲကမူ တို့အကုန်လုံးတော့ သေတော့မှာပဲ သေတော့မှာပဲဟု တွေးနေခဲ့မှုလေသည်။

ယခု ထိုနည်းတူ ခံစားနေရ၏။

တိုင်ရင်ထံမှ တိုတောင်းသော သတင်းတစ်ခုရောက်လာခဲ့သည်။ ထိုသတင်းမှ

အစ္စရေးတွေ လာတိုက်ကြပြီ။

ထို့နောက် အသံတိတ်သွားခဲ့၏။ သည်အချိန်တွင် နာသန်နီရယ်တစ်ယောက် ကျည်ထိနေပြီလား၊ ဒဏ်ရာရနေပြီလား၊ အဖမ်းများ ခံနေရပြီလား၊ သေများ သေသွားပြီလား စသည်ဖြင့် အတွေးပေါင်းစုံ ပူပန်မှုတို့က နှိပ်စက်နေသော်လည်း စုဇာသည် လေယာဉ်မယ်တို့၏ လောကွတ်အပြုံးပြုံးရင်း ခန့်ညားသို့ အော်ပရေတာအား...



www.burmeseclassic.com

www.burmeseclassic.com



'ရှင်တို့ရေဒီယိုတွေက တယ်ကောင်းပါလား'

'ကာလာ' သင်္ဘောပေါ်မှရေဒီယိုအော်ပရေတာသည် ဆံပင်ဖြူဖြူအကောင်ထွားထွား၊ အိုဒက်ဆာမြို့သားဖြစ်လျက် သူ့နာမည်မှာ အလက်ဆင်ဖြစ်ပြီး အင်္ဂလိပ်စကား ထမင်းစားရေသောက် ပြောနိုင်သည်။ သူသည် စုဇာ့စကားကို ကြားသည်နှင့် ဂုဏ်ယူစွာဖြင့်

'ဒေါ်လာတစ်သောင်းကျော် ကျတယ်လေ၊ မင်းက ရေဒီယို အကြောင်း သိလို့လား'

'နည်းနည်းပါးပါးဆိုပါတော့၊ ကျွန်မလေယာဉ်မယ်လုပ်ခဲ့ဖူးတယ်လေ'

လုပ်ခဲ့ဖူးတယ်ဆိုတော့ လေယာဉ်မယ်ဘဝသည် နောက်ပြန်မရောက်နိုင်တော့ပြီလော၊ အတွေးကို ဖြတ်ကာ စကားဆက်သည့် အနေဖြင့်

'လေယာဉ်ပေါ်က အမှုထမ်းတွေသုံးနေတာ မြင်နေကျဆိုတော့ အခြေခံလောက်တော့ သိတာပေါ့ရှင်'

အလက်ဆင်က ရှင်းပြသည့် သဘောဖြင့်

'တကယ်တော့ ဒါ ရေဒီယို လေးလုံးပဲကွ၊ တစ်လုံးက 'စထရွမ်းဘတ်' က အချက်ပြတာကို နားထောင်နေတယ်၊ တစ်လုံးက 'ကိုပါရယ်လီ'ပေါ်က တိုင်ရင်ရဲ့အသံလှိုင်းကို ညှိထားတယ်၊ တစ်လုံးက 'ကိုပါရယ်လီ'ရဲ့ အမြဲတမ်းသာမန်သုံးနေကျ အသံလှိုင်း ဖမ်းထားတယ်၊ ဒါကတော့ ကျန်တဲ့နေရာတွေကို အသံရှာတယ်လေ' _

သူသည် ပြောပြောဆိုဆို ဒိုင်ခွက်တစ်ခုကို ညွှန်ပြ၏။ ဒိုင်ခွက်ထဲမှ မြားတံသည် တဖြည်းဖြည်း လည်ပတ်နေ၏။

'အသံလွှင့်တာကို သူက ရှာနေတာလေ၊ လွှင့်တာတွေ့ရင် မြားက ရပ်သွားရော'

စုဇာက

'တကယ့်ကို ကောင်းတာပဲ၊ ရှင်လုပ်ထားတာလား'

'ကျုပ်က အော်ပရေတာပါဗျာ၊ လုပ်တဲ့လူမဟုတ်ပါဘူး'

စုဇာက စိတ်ဝင်တစားဖြင့်

'ဒါဖြင့် ဘယ်စက်နဲ့မဆို အသံလွှင့်ဆိုတဲ့ခလုတ်ကို ပြောင်းလိုက်ရင် အသံလွှင့်လို့ ရတာပဲလား'

'စုဇာရေ မော့စ်ကုတ် (လျှို့ဝှက်ကြေးနန်းစကားနဲ့) ဖြစ်ဖြစ် တိုက်ရိုက်





စကားနဲ့ ပြောပြောရတာပေါ့၊ အဲခုလို အော်ပရေးရှင်းမှာတော့ ဘယ်သူမှ စကားနဲ့ မပြောကြတော့ပါဘူး'

'ရှင် ရေဒီယို အော်ပရေတာဖြစ်အောင် သင်တန်းအကြာကြီး ဆင်းရသလား ဟင်'

'မကြာပါဘူး၊ မော့စ်လွှင့်နည်းသင်ရတာက ခဏလေးပါ၊'

ဒါပေမယ့် သင်္ဘောရေဒီယို အော်ပရေတာဖြစ်ဖို့ ဆိုတာကတော့ စက်ပြင်တတ်ရသေးတယ် မဟုတ်လား'

အလက်ဆင်သည် အသံကိုနှိမ့်၍

'အဲ ကေဂျီဘီ ရေဒီယို အော်ပရေတာဖြစ်အောင်လို့ကတော့ စပိုင်ကျောင်းတက်ရသေးတယ်လေ'

အလက်ဆင် ပြက်လုံးကို နှစ်ဦးသား ရယ်မောလိုက်ကြ၏။

စုဇာ၏ ရင်ထဲကမူ နောက်ထပ် တိုင်ရင်ထံမှ သတင်းဝင်လာပါစေဟုသာ ကျိတ်၍ ဆုတောင်းနေ၏။ ခဏအကြာ စုဇာဆုတောင်းပြည့်သည်။

သတင်းဝင်လာသည်နှင့် အလက်ဆင်က ဝင်လာသည်များကို စာဖြင့် ရေးမှတ်သည်။ တစ်ချိန်တည်း စုဇာအား

''တိုင်ရင်ဆီက လာတာ၊ ရော့စတော့ကို သွားခေါ်ပေးစမ်းပါဗျာ'

စုဇာသည် ရေဒီယိုခန်းမှ ထွက်လိုက်၏။ သူမအနေနှင့် တိုင်ရင်ဘာပြောမည်ကို သိချင်လှပြီဖြစ်သည်။ သူမသည် ထမင်းစားခန်းသို့ ဝင်လိုက်၏။ ရော့စတော့ကိုမတွေ့။ သို့နှင့် သူ၏အခန်းသို့ အပြေးအလွှားသွားကာ အခန်းတံခါး ခေါက်လိုက်၏။

အထဲမှာ ရှုရှုလို တစ်စုံတစ်ရာ ပြောသည်။ စုဇာ အခန်းထဲဝင်လိုက်၏။ ရော့စတော့မှာ ဘောင်းဘီတိုကလေးနှင့် ဖြစ်နေ၏။

စုဇာက

'တိုင်ရင်ဆီက သတင်းလာနေတယ်'

စုဇာ အပြင်မှ စောင့်နေ၏။ ခဏအကြာ ရော့စတော့ ရောက်လာသည်။ နှစ်ဦးသား ရေဒီယိုခန်းသို့ ခပ်သွက်သွက် လျှောက်လိုက်၏။

အလက်ဆင်သည် ဝင်လာသော သတင်းကို အဓိပ္ပာယ်ပြန်ဆိုပြီးဖြစ်နေသည်။ ၎င်းစာရွက်ကို ရော့စတော့အား လှမ်းပေး၏။ ရော့စတော့က စုဇာအတွက် အင်္ဂလိပ်လို ဖတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစ္စရေးများ 'ကိုပါရယ်လီ'ကို သိမ်းလိုက်ပြီ၊ 'စထရွမ်းဘတ်' အနားမှာ တွဲလျက်ရှိသည်။ ဒစ်စတိန်း ရှိနေသည်။

စူဇာ့ရင်ထဲမှ အလုံးကြီး ကျသွား၏။ စူဇာသည် သူမကိုယ်သူမ အနိုင်နိုင်ထိန်း၍ အနီးဆုံး ကုလားထိုင်မှာ ထိုင်ချလိုက်၏။

မည်သူမှ သူမကို သတိမထားမိကြ။ ရော့စတော့သည် တိုင်ရင်ထံ ပြန်ကြားရန် စာစီနေ၏။ ပြီးလျှင် ပေးလိုက်၏။

ကျုပ်တို့ နက်ဖြန်မနက် ၆ နာရီမှာ တိုက်မယ်။

စူဇာ့ရင်ထဲမှာ စိတ်သက်သာရာ ရနေမှုများသည် တစ်ဖန်ပျောက်ကွယ်သွားပြန်၏။

'ဘုရားရေ၊ ငါ ဘာများ လုပ်ရပါလိမ့်'

*

'စထရွမ်ဘတ်' သင်္ဘောကက်ပတိန်က သေဆုံးသူများအတွက် နောက်ဆုံးစကား ပြောကြားနေစဉ် နက်ဒစ်စတိန်းသည် ငြိမ်သက်စွာ မတ်တတ်ရပ်နေ၏။ အဝတ်အိတ်များနှင့် ချုပ်ထားသော ရဲဘော်များ၏အလောင်းများသည် တစ်လောင်းပြီး တစ်လောင်း ရေတပ်အစဉ်အလာအတိုင်း သင်္ဘောလက်ရန်းပေါ်မှ ကျော်၍ ရေထဲသို့ ပစ်ချ သင်္ဂြိုဟ်သည်။

*

အဘားစ်၊ ရှာရက်၊ ပိုရပ်ရှ် ဂီဘလီ၊ ဘာခါ၊ ရီမက်ဇ်နှင့်ဂျာဘိုတင်စကီ တို့၏ ရုပ်အလောင်းများ ဖြစ်ကြသည်။

ရဲဘော် ၁၂ ဦးအနက် ခုနစ်ဦး အသက်ပေးခဲ့ကြရသည်။ ယူရေနီယံသည် ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံး ပေးဝယ်ရသော ပစ္စည်းပါကလား။

စောစောပိုင်းက တခြားအသုဘအခမ်းအနားတစ်ခု ကျင်းပခဲ့သေး၏။ ဗိုဒေးယင်း တပ်ဖွဲ့ဝင် လေးယောက်သည် အသက်ရှင်လျက် ရှိခဲ့သည်။ သုံးယောက်မှာ ဒဏ်ရာနှင့် ဖြစ်ခဲ့ပြီး တစ်ယောက်မှာ စိတ်ဓာတ်ချောက်ချား ပုန်းခိုနေသည်ကို တွေ့ခဲ့ရခြင်းဖြစ်သည်။ ဒစ်စတိန်းက ထိုလူများကို သူတို့၏ ရဲဘက်များအား သင်္ဂြိုဟ်ခွင့် ပြုခဲ့ပေသည်။ ထိုအခမ်းအနားမှာကား အလောင်း





ငံ၍ များပေသည်။ အာရပ်တို့သည် သူတို့ရဲဘော် ၂၅ လောင်းကို ရေထဲပစ်ချ သင်္ဂြိုဟ်ခဲ့ရလေသည်။

ထိုအတောအတွင်း 'စထရွမ်းဘတ်' ကက်ပတိန်သည် သူ၏ သင်္ဘောနှင့် ဆိုင်သော စာရွက်စာတမ်းပစ္စည်းများအားလုံး 'ကိုပါရယ်လီ'ပေါ်သို့ ပြောင်းရွှေ့ခဲ့လေသည်။ ထို့နောက် ပြုပြင်ရေးသမားကို ခေါ်ယူကာ 'ကိုပါရယ်လီ'ပေါ်မှ အပျက်အစီးများနှင့် တခြား 'ကိုပါရယ်လီ'နှင့် ပိုမိုတူညီစေရန် ပြုပြင်မှုများကို ပြုပြင်ရန် ဖြစ်သည်။ ဒစ်စတိန်းက ထိုသူများအား အပြင်ပန်း ကုန်းဘတ်ပေါ်မှ မြင်သာသည်များကိုသာ ပြုပြင်ရန် ညွှန်ကြား၏။ နောက် လိုအပ်သည်များကို ဆိပ်ကမ်းရောက်မှ လိုအပ်သလို လုပ်မည်ဟု ပြော၏။ ဤသို့ဖြင့် 'ကိုပါရယ်လီ' ပျက်စီးသမျှကို မလိုအပ်တော့သော 'စထရွမ်းဘတ်' သဘောပေါ်မှ မှန်များ၊ ကုလားထိုင်၊ စားပွဲတံခါးများ စသည်တို့ဖြင့် အမြန်ဆုံး ပြင်ဆင်ကြလေ၏။

ဆေးသုတ်သမားတစ်ယောက်သည် ကြိုးလှေကားချ၍ 'ကိုပါရယ်လီ' သင်္ဘော၏နံရံသို့ တွယ်ဆင်းကာ 'ကိုပါရယ်လီ'စာလုံးကို ဖျက်၍ အပေါ်မှ 'စထရွမ်းဘတ်' စာလုံးကို ပြန်ရေးသည်။ 'ကိုပါရယ်လီ့ သင်္ဘောပေါ်မှ ပျက်စီးသွားသော အသက်ကယ်လှေများကို ရေထဲပစ်ချ၍ 'စထရွမ်းဘတ်'မှ လှေများကို သယ်ယူသည်။ 'စထရွမ်းဘတ်'ပေါ်တွင် အသင့်ယူလာသော ဆီပန့်အသစ်တစ်လုံးနှင့် ကို့ချ်၏ ညွှန်ကြားချက်အတိုင်း 'ကိုပါရယ်လီ'စက်တွင် တပ်ဆင်သည်။

အသုဘအခမ်းအနားလည်း ပြီးဆုံးခဲ့ပြီ။ ပြင်ဆင်မှုများပြီးခဲ့ပြီ။ နေ့လယ်ပိုင်းရောက်လာသောအခါ စက်သည်လည်း ပြန်လည် လည်ပတ်နိုင်လာ၏။ ဒစ်စတိန်းသည် ကက်ပတိန်နှင့် အတူ မာလိန်စင်ပေါ်မှာ ရပ်ရင်း ကျောက်ဆူး မတင်သည်ကို ကြည့်နေ၏။ စထရွမ်းဘတ် သင်္ဘောသားများသည် ပုံတူ သင်္ဘောသစ်ပေါ်တွင် နေရာယူလုပ်ကိုင်ရန် လွှယ်ကူကြလေသည်။ ကက်ပတိန်သည် ရေကြောင်းလမ်းညွှန်လိုက်ပြီး စက်ကုန်ခုတ်ရန် အမိန့်ပေးလိုက်၏။

အားလုံး ပြီးဆုံးသလောက် ရှိပေပြီဟု ဒစ်စတိန်း တွေးလိုက်၏။ 'ကိုပါရယ်လီ' သင်္ဘောသည် ပျောက်ဆုံးသွားခဲ့ပေပြီ။ ယခု သူ လိုက်ပါစီးနင်းနေသော သင်္ဘောသည် တရားဝင် အချက်အလက် စာရွက်စာတမ်းများမှအစ အားလုံး 'စထရွမ်းဘတ်' သင်္ဘော ဖြစ်ပေသည်။ 'စထရွမ်းဘတ်' သင်္ဘောသည် ဆာဗိုင်းလ် ကုမ္ပဏီမှ တရားဝင် ပိုင်ဆိုင်သော သင်္ဘောဖြစ်သည်။ အစ္စရေးတို့သည် ယူရေနီယံသတ္တုများ ရရှိသွားပြီဖြစ်သည်။ မည်သူမှ အစ္စရေးတို့ ယူရေနီယံ



www.burmeseclassic.com

www.burmeseclassic.com



ရရှိသွားကြောင်း သိစရာမရှိ။ ယခု အော်ပရေးရှင်း လမ်းကြောင်းတစ်ခုလုံးမှ ပြဿနာအရပ်ရပ်သည် ဖြေရှင်းပြီးဖြစ်သည်။ တစ်ခုပဲ ကျန်သည်။ ယူရေနီယံများ၏ မူလပိုင်ရှင်ဖြစ်သော ပက်ဒလာပင်တည်း။ ပက်ဒလာအနေနှင့် စိတ်ဝင်တစား လုပ်လာလျှင်၊ ပြဿနာရှာလာလျှင် ရှုပ်ထွေးလာနိုင်သေး၏။ ပါပါကိုပိုလတ်ခ်သည် ယခုအချိန်လောက်ဆိုပါက ထိုအရေးအခင်းကို ဖြေရှင်းနေလောက်ပေပြီ။ ပါပါကိုပိုလတ်ခ် ကံကောင်းပါစေ။

ထိုစဉ် ကက်ပတိန်က

'ကျွန်တော်တို့ လိုအပ်တဲ့ အကွာအဝေးကို ရောက်လာပါပြီ'

မိုင်းခွဲရေးတာဝန်ခံက မြေပုံခန်းမှာရှိသော အဝေးမှဖောက်ခွဲသော စနက်တံမောင်းကို ဆွဲချလိုက်၏။ လူတိုင်းသည် ဘာမှမရှိတော့ဘဲ ရေပေါ်မှာ ပေါလောမျောနေသည့် 'စထရွမ်းဘတ်' သင်္ဘောကို ကြည့်နေကြ၏။ 'စထရွမ်းဘတ်'သည် တစ်မိုင်ကျော် အကွာမှာရှိ၏။

ထိုစဉ် ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ကြားရသည်။ 'စထရွမ်းဘတ်' သင်္ဘောသည် ခါးကျိုး၍ကျသွား၏။ မီးလောင်ပေါက်ကွဲမှုများ ဖြစ်သည်။ တဖြည်းဖြည်းချင်း 'စထရွမ်းဘတ်'နစ်မြုပ်သည်။ ပထမတော့ဖြည်းဖြည်း၊ နောက် မြန်မြန်မြုပ်လာ၏။

ပထမပဲ့ပိုင်း စမြုပ်သည်။ နောက်ဦးပိုင်းမြုပ်သည်။ ခေါင်းတိုင်သည် ရေပေါ်တွင် ရေနှစ်သူတစ်ဦး၏ လက်ချောင်းလိုထောင် ကျန်နေသေး၏။ နောက်ဆုံး နစ်မြုပ်သွားလေ၏။

ဒစ်စတိန်းသည် ယောင်ယောင်ကလေးပြုံး၍ လှည့်ထွက်ခဲ့လေ၏။

အသံများကြားရသည်။ ကက်ပတိန်လည်း ကြားသည်ပင်။ သူတို့သည် ဘာလိန်စင် ဘေးတစ်ဖက်သို့ထွက်၍ အောက်သို့ကြည့်လိုက်၏။ သူတို့ နားလည်သွားကြသည်။

ကုန်းပတ်ပေါ်မှ ရဲဘော်ရဲဘက်များသည် လက်ခုပ်သြဘာတီးနေကြခြင်း ဖြစ်ပါ၏။

*

ဖရန့်စ်ပက်ဒလာသည် သူ၏ရုံးခန်းစားပွဲမှာထိုင်ရင်း ခေါင်းကုတ်နေ၏။ ဂီနိုအာမြို့ အိန်ဂျယ်လူစီအီး ဘရန်ကို ကုမ္ပဏီမှ ပေးပို့လိုက်သော ကြေးနန်းစာကိုဖတ်ရင်း





ရှင်းရှင်းကလေးနှင့် ရှုပ်နေ၏။

ကြေးနန်းစာမှာ

ယူရေနီယံအဝါခဲများ ရောက်မည့် ရက်စွဲအသစ်ကို အမြန်ဆုံး သိပါရစေ။

ပက်ဒလာသိသမျှမှာ မူလရောက်မည့် ရက်စွဲသည် ဘာမျှ အပြောင်းအလဲမရှိ၊ နောက်ရက်များ မကြာမီရောက်ဖို့သာ ရှိသည်။ ယခုအတိုင်းဆိုသော် အိန်ဂျယ်လူစီ ကုမ္ပဏီအနေနှင့် ယူရေနီယံများ ဘင်ပို့ရေးနှင့် ပတ်သက်၍ သူမသိသေးတာတစ်ခုခု သိထား၍သာ ဖြစ်ရမည်။ သူ့စိတ်ထဲမှာ နည်းနည်း အနှောင့်အယှက် ဖြစ်လာ၏။ အကယ်၍ ကုန်ပို့ရက်နောက်ကျနေပါက ကုန်လက်ခံသူထံသို့ အကြောင်းကြားသည့်နည်းတူ၊ ကုန်ပို့သူ ပက်ဒလာထံသို့လည်း အကြောင်းကြားသင့်သည် မဟုတ်ပါလား။

သူသည် ပြတင်းပေါက် နံဘေးမှာရပ်၍ အပြင်သို့ ကြည့်လိုက်၏။ ညနေခင်းသည် သူ၏စက်ရုံအဆောက်အအုံများကို အလှဆင်နေသည်ထင်၏။ သူ့အနေနှင့် ယူရေနီယံများကို မဝယ်မိ၊ မရောင်းမိက ကောင်းလေစွဟု တွေးမိသည်။ ယခု သူနှင့် အစ္စရေးတို့သည် အရောင်းအဝယ် စာချုပ်များ လက်မှတ်ရေးထိုးသဘောတူညီကြပြီးဖြစ်ရာ ကုမ္ပဏီအမြတ်အစွန်းအတွက် ပူစရာမလိုတော့။ သူ့အနေနှင့် ထပ်မံစွန့်စားစရာမလိုတော့။

ထိုစဉ် သူ၏အတွင်းရေးမှူးသည် ယူရေနီယံ ကုန်ပို့သော သင်္ဘောကုမ္ပဏီထံသို့ သူရိုက်လိုက်သော ကြေးနန်းပြန်စာကို ယူလာ၏။

'ကိုပါရယ်လီ' သင်္ဘော၊ ဇူးရစ်မှ ဆာဗိုင်းလ်သင်္ဘောကုမ္ပဏီသို့ ရောင်းချလိုက်ပြီ။ သင်၏ကုန်ပစ္စည်းများကို ကုမ္ပဏီအသစ်က တာဝန်ယူ ပို့ဆောင်ပါလိမ့်မည်။ ကုန်ရောက်ရက်အတွင်း ကုန်များ ရောက်မည်ဟု ယုံကြည်ပါသည်။

အောက်တွင် ဆာဗိုင်းလ်သင်္ဘော ကုမ္ပဏီ၏ ဖုန်းနံပါတ် ဖော်ပြသည့် စာလုံးများအနေနှင့်

ပါပါကိုပိုလက်ခ်နှင့် ဆက်သွယ်ပါ။

ပက်ဒလာသည် ကြေးနန်းစာရွက်ကို အတွင်းရေးမှူးသို့ ပြန်ပေးရင်း 'ဇူးရစ်က အဲဒီ ဖုန်းကိုဆက်ပြီး ပါပါကိုပိုလတ်ခ်ဆိုတဲ့ လူနဲ့ ဆက်ပေးစမ်းဗျာ'

ခဏအကြာ အတွင်းရေးမှူးမကလေး ပြန်ဝင်လာ၏။

'ပါပါကိုပိုလတ်ခ်က ပြန်ဆက်ပါ့မယ်တဲ့'

ပက်ဒလာသည် နာရီကို ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'အင်း ဒါဆိုတော့ ဖောင့်ရတော့မှာပေါ့၊ ကိုယ်က စဆက်မိမှကိုး'

ပါပါဂိုပိုလတ်ခ်၏ ဖုန်းသည် ၁၀ မိနစ်ခန့်အကြာ ဝင်လာ၏။

ပက်ဒလာက ..

'ကျုပ် ကိုပါရယ်လီ သင်္ဘောနဲ့ တင်လိုက်တဲ့ကုန်တွေ ကိစ္စခင်ဗျားတို့ ကုမ္ပဏီက တာဝန်ယူလိုက်ပြီဆိုလို့ ဆက်သွယ်တာပါ၊ ကုန်ရမယ့် လူတွေက ဘယ်ရက်စွဲသစ်မှာ ရောက်မလဲလို့ ကျုပ်ကို မေးနေပါတယ်၊ နှောင့်နှေးစရာ ရှိနေလို့လား'

ပါပါဂိုပိုလတ်ခ်၏အသံက

'ဟုတ်ကဲ့ခင်ဗျ ခင်ဗျားကို အလျင်အကြောင်း မကြားမိတဲ့အတွက် ခွင့်လွှတ်ပါ၊ 'ကိုပါရယ်လီ' သင်္ဘောက ဆီပန့်ပျက်သွားပြီး ပင်လယ်ထဲမှာ ကျောက်ချနေရပါတယ်၊ ကျွန်တော်တို့ အနေနဲ့ လူကြီးမင်းရဲ့ကုန်တွေကို အမြန်ဆုံးရောက်အောင် ပို့ဖို့စီစဉ်နေပါတယ်'

'ဒါဆို ကျုပ်က အိန်ဂျယ်လူစီ ကုမ္ပဏီကို ဘာပြန်ပြောလိုက်ရမလဲ'

'ကျွန်တော် သူတို့ကို ကုန်ရောက်မယ့်ရက်အသစ် ၁ကြောင်းကြားပါ့မယ်၊ လူကြီးမင်းတို့ ဆီကိုလဲ ကျွန်တော်သိသိချင်း အကြောင်းကြားပါ့မယ်၊ ကျွန်တော် တာဝန်ထားပါ'

'ကောင်းပါပြီ ခင်ဗျာ ဂွတ်ဘိုင်'

ပက်ဒလာသည် ဖုန်းပြန်ချရင်း တွေးနေမိ၏။ ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်ရာ အလုပ်သမားများ ဆင်းသွားကြပြီးဖြစ်၍ ကားရပ်စရာနေရာတွင် သူမ၏ မာစီးဒီးကားနှင့် အတွင်းရေးမှူးမလေး၏ ဘောက်စ်ဝက်ဂွန် နှစ်စီးသာ ကျန်တော့၏။ အိမ်ပြန်ဖို့ သင့်ပြီပဲ။ သူသည် အပေါ်မှ ကုတ်အင်္ကျီ ဝတ်လိုက်၏။ သူ၏ ယူရေနီယံများမှာ အာမခံ လုပ်ထားပြီးဖြစ်ရာ အကယ်၍ ပျောက်ဆုံး သွားပါက သူငွေရမည်ပဲဖြစ်သည်။ သူသည် အိမ်သို့ ပြန်ရန် ရုံးခန်း မီးပိတ် လိုက် လေ၏။

*

ဇူဇာအက်ရှဖို့သည် တစ်ညလုံး တစ်မှေးမှ မျက်စိမမှိတ်လိုက်ခဲ့။

နောက်တစ်ခါ နက်ဒစ်စတိန်း၏အသက်သည် အန္တရာယ်ရှိနေပြန်ပြီဖြစ်၏။ နောက်တစ်ခါ သူမ တစ်ယောက်တည်းသာ နက်ဒစ်စတိန်းကို သတိပေး





နိုင်စွမ်း ရှိနေ၏။ သည်တစ်ကြိမ်၌မူ သူမအနေဖြင့်တခြားလူတစ်ယောက်ကို သည့်ဖြား၍ သတိပေးခိုင်းရန် မဖြစ်နိုင်တော့။

ဇူဇာကိုယ်တိုင် သူမဘာသာ တစ်ယောက်တည်း လုပ်ရပေတော့မည်။

လုပ်ရသည်က ရှင်းပါသည်။ သူမ အနေနှင့် 'ကာလာ'သင်္ဘောပေါ်ရှိ ရေဒီယိုခန်းကို သွားမည်။ အလက်ဆင်ကို ရှင်းပစ်ပြီး 'ကိုပါရယ်လီ'ကို ရေဒီယို ဆက်သွယ်လိုက်ရုံသာရှိ၏။

လုပ်ရသည်မှာ ရှင်းသလောက် မဖြစ်နိုင် ဖြစ်နေ၏။

သူမ လုပ်နိုင်မည်မထင်။ သင်္ဘောတစ်စီးလုံးမှာ ကေဂျီဘီများချည့်လိုလို ဖြစ်နေပြီး အလက်ဆင်သည်လည်း ကြီးမားထွားကျိုင်းသူ ဖြစ်နေ၏။ ငါ အိပ်လိုက်တော့မည်။ မဖြစ်နိုင်တော့။ မလုပ်နိုင်တော့ဟု တွေးလိုက်၏။

အို နာသန်နီရယ် ရယ်။

မနက်လေးနာရီ ထိုးသောအခါ သူမ လှဲနေရာမှထပြီး ဂျင်းဘောင်းဘီ၊ ဆွယ်တာ၊ ခြေနင်း၊ မိုးကာတို့ ဝတ်လိုက်၏။ စောစောက အိပ်မပျော်မှာ စိုးလို့ဟု ထမင်းစားခန်းမှ ယူလာသော ဖော်ဒဂါပုလင်း အပြည့်တစ်လုံးသည် မိုးကာအင်္ကျီ အိတ်ထဲမှာထည့်လျက် ပါလာ၏။

ပထမ သူမအနေနှင့် 'ကာလာ'သင်္ဘော ရောက်ရှိနေသော နေရာကို သိဖို့လိုသည်။

ဇူဇာသည် မာလိန်စင်သို့ တက်လိုက်၏။ ပထမအရာရှိက သူမကို ပြုံးနှုတ်ဆက်သည်။ သူက အင်္ဂလိပ်ဘာသာဖြင့်

'အိပ်မရဘူးလား'

'ဟုတ်တယ် စိတ်လှုပ်ရှားစရာတွေက များလွန်းလို့'

ဇူဇာသည် ဘီအိုအေစီ လေယာဉ်မယ်အပြုံးနှင့် ပြုံးပြရင်း

'ကျွန်မတို့ အခု ဘယ်ရောက်နေပြီလဲ'

ပထမအရာရှိသည် မြေပုံကို ထောက်ပြီး သူတို့ရောက်နေသော နေရာကို ပြသည်။ 'ကိုပါရယ်လီ' ရှိလောက်မည့် နေရာကို ပြ၏။

'အဲဒါကို နံပါတ်နဲ့ဆိုရင် ဘယ်လိုခေါ်သလဲဟင်'

အရာရှိသည် ပြုံး၍ အခေါ်အဝေါ်များ ရှင်းပြသည်။ ဇူဇာသည် ခေါင်း ထဲမှာ ကြိုးစား မှတ်သားထားလိုက်၏။

'စိတ်ဝင်စားစရာကောင်းလိုက်တာနော်၊ သင်္ဘောပေါ်မှာ လှိုင်းတိုင်းဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်မျိုး ကျွမ်းကျင်ကြတာပဲနော်၊ ဒါဆို ကျွန်မတို့ 'ကိုပါရယ်လီ'ကို အချိန်ကိုက် မီမယ်လို့ ထင်သလား ဟင်'

'မီမှာပေါ့၊ မီလိုက်ရင်တော့ ဟွန်း တစ်ခါတည်းပဲ'

စုဇာ အပြင်သို့ ကြည့်လိုက်သည်။ အပြင်မှာ လုံးဝမည်းမှောင်နေ၏။ ကြယ်မရှိ၊ ဘာမှမရှိ။ ရာသီဥတုအခြေအနေက ဆိုးနေ၏။ စုဇာ တုန်သွား၏။

ပထမအရာရှိက

'ခင်ဗျား တုန်နေပါလား၊ ချမ်းလို့လားဟင်'

'ဟုတ်ကဲ့'

သူမ တုန်သွားခြင်းမှာ ချမ်းလို့မဟုတ်ကြောင်း သူမသိသည်။

စုဇာက...

'ဒါထက် ကာနယ် ရော့စတော့က ဘယ်တော့ထမှာလဲ'

'ငါးနာရီမှာ လာနှိုးဖို့ အမိန့်ပေးထားပါတယ်'

'ဒါဆို ကျွန်မလဲ တစ်နာရီလောက် ပြန်အိပ်လိုက်ဦးမယ်'

စုဇာသည် မာလိန်စင်မှဆင်း၍ ရေဒီယိုခန်းထဲသို့ဝင်လိုက်၏။ အလက်ဆင်ကို အဆင်သင့် တွေ့ရသည်။ သူမက

'ရှင်လဲ မအိပ်နိုင်ဘူးလားဟင်'

အလက်ဆင်က...

'မဟုတ်ပါဘူးဗျာ၊ ခုမှ အိပ်ရာထပြီး အလှည့်ဝင်တာ၊ ကျုပ် လက်ထောက်ကို ခုပဲ အိပ်ဖို့ပြန်လွှတ်လိုက်တာ'

စုဇာ ရေဒီယိုများကို ကြည့်လိုက်၏။

'ဟင် ရှင် 'စထရွမ်းဘတ်' သင်္ဘောဆီက အသံ နားမထောင်တော့ပါလား'

'ဟုတ်တယ်၊ အချက်ပေးသံ ရပ်သွားပြီလေ၊ သူတို့အသံလွှင့်ပစ္စည်းကို တွေ့သွားလို့ရင်လဲ ဖြစ်မယ်၊ ဒါမှမဟုတ် သင်္ဘောကို နှစ်ပစ်သလားမှမသိတာ၊ ကျုပ်အထင်တော့ နှစ်ပစ်လိုက်ပြီ ထင်တယ်'

စုဇာသည် ခုံတစ်ခုပေါ် ထိုင်လိုက်၏။ နောက် မိုးကာအင်္ကျီအိတ်ထဲမှ ဖော်ဒကာပုလင်းကို ထုတ်၍ အဖုံးလှည့်ဖွင့်သည်။

'တစ်ငုံလောက် သောက်လိုက်ပါဦး'

အလက်ဆင်က

'ခင်ဗျား ချမ်းနေပြီ ထင်တယ်'





'နည်းနည်းပါ'

'ခင်ဗျား လက်တွေက တုန်နေလို့'

အလက်ဆင်သည် ဖော်ဒကာပုလင်းကို ယူ၍ ခပ်ကြာကြာ တစ်ငုံ မော့လိုက်၏။

'အား...ကျေးဇူးပဲ'

ပုလင်းကို သူမအားပြန်ပေးသည်။ စုဇာသည် ရဲသွေးတင်ရန် ရည်ရွယ်၍ ပုလင်းကို ပါးစပ်မှာတေ့၍ တစ်ငုံမော့လိုက်၏။

အရက်မှာ ရုရှဖော်ဒကာ အကြမ်းစားဖြစ်၍ ပြင်းပြီး စုဇာ့လည်ချောင်းထဲသို့ ပူကနဲ ဆင်းသွားသည်။ သို့သော် သူမ လိုချင်သော ဆန္ဒကိုမူ ရသွား၏။ ပုလင်းကို ပိတ်ရင်း အလက်ဆင် ဟိုဘက်သို့ အလှည့်ကို စောင့်နေလိုက်သည်။

အလက်ဆင်က မလှည့်ဘဲ စကားစပ်သည့်အနေဖြင့်

'အင်္ဂလန်အကြောင်း ပြောစမ်းပါဗျာ၊ ဘယ်လိုလဲ ဆင်းရဲသားတွေ အတော်ပြတ်ပြီး ချမ်းသာတဲ့လူတွေက ပိုချမ်းသာကုန်ကြဆို'

'ဝတ်တဲ့လူက များများ မရှိပါဘူး'

စုဇာသည် ပုလင်းကြီး တကိုင်ကိုင်ဖြင့် ဟိုဘက်သည်ဘက် လမ်းလျှောက်နေလိုက်၏။ မျက်နှာချင်း ဆိုင်ကြီး ငါဘယ်လိုရိုက်လို့ဖြစ်မလဲဟု တွေးသည်။ စကားအနေနှင့် ဆက်၍

'ဒါပေမယ့် ညီတူ မျှတူတော့ ရှိပါတယ်'

'နေပါဦး၊ ဥပဒေက ဆင်းရဲသူတွေအတွက်တစ်မျိုး၊ ချမ်းသာသူတွေ အတွက် တစ်မျိုးဆို'

'ဒါကတော့ ပြောကြတာပါပဲ'

'ရုရှမှာတော့ အားလုံး ညီတူမျှတူပဲ၊ ဒါပေမယ့် အခွင့်ထူးခံရတဲ့ လူတချို့တော့ ရှိတာပေါ့ဗျာ၊ ဒါထက် ခင်ဗျား ရုရှလိုက်နေမှာလား'

'မပြောတတ်သေးဘူးလေ'

စုဇာက ပုလင်းကိုဖွင့်၍ အလက်ဆင်ထံ ကမ်းလိုက်သည်။

အလက်ဆင်သည် နောက်တစ်ကျော့ ခပ်ကြာကြာ မော့လိုက်ပြန်၏။ ပြီးမှ...

'ရုရှမှာဆိုရင် ဒီအဝတ်အစားမျိုးရဖို့ မလွယ်ဘူးနော်'

အချိန်သည် လျှင်မြန်စွာ ကုန်နေ၏။ အချိန်မရတော့။ လုပ်စရာရှိလျှင်



www.burmeseclassic.com

www.burmeseclassic.com



ခုလုပ်မှဖြစ်မည်။ စုဇာသည် ပုလင်းလိုက်မော့ရန် မြှောက်လိုက်၏။ သူမ မိုးကာအင်္ကျီ ရှေ့ကြယ်သီးတပ်မထားပေ။ ယခုလို ရှေ့တည့်တည့်မှာရပ်၍ ပုလင်းကို မြှောက်၍မော့မည်ဆိုပါက အလက်ဆင်သည် သူမ၏ရင်သားများကို ကြည့်နေမည်သာ ဖြစ်သည်။ စုဇာသည် အလက်ဆင် ကြည့်ချင်သလောက် ကြည့်ပေစေဟု အချိန်ပေးလိုက်၏။ နောက် အပေါ်မြှောက်ထားသော ပုလင်းကို လက်ကိုင်ပြောင်းလိုက်ပြီး အားအပြည့်ထည့်ကာ အလက်ဆင်ခေါင်းကို တအား ရိုက်လိုက်လေ၏။

ဒုတ်ခနဲ အသံကြီးမြည်သွား၏။ အလက်ဆင်သည် စုဇာကို ကြောင်ကြည့် နေ၏။ လဲကျမသွားပေ။ စုဇာစိတ်ထဲက 'လဲပါတော့လား၊ လဲပါတော့လား'ဟု ဆုတောင်းနေ၏။ အလက်ဆင် မျက်စိများပင် မှိတ်မသွား။ ထပ်မစဉ်းစားတော့ဘဲ အံကြိတ်၍ နောက်တစ်ချက် ရိုက်ချလိုက်လေ၏။

အလက်ဆင် မျက်လုံးများသည် ပိတ်သွား၏။ နောက်ကုလားထိုင်ပေါ်သို့ ခွေကနဲကျသွားသည်။ စုဇာသည် ခြေထောက်မှကိုင်၍ ဆွဲချလိုက်၏။ ကြမ်းပေါ်သို့ အကျ အလက်ဆင်ခေါင်းသည် ကြမ်းပြင်ကို ဒုန်းခနဲဆောင့်ပြန်သည်။

စုဇာသည် အလက်ဆင်ကို တရွတ်တိုက်ဆွဲ၍ နံရံဗီရိုရှိရာသို့ ဆွဲသွား၏။ စုဇာအသက်ရှူနှုန်းမှာ မြန်နေ၏။ မောသည်ရော ကြောက်သည်ရောကြောင့် ဖြစ်သည်။ ဂျင်းဘောင်းဘီအိတ်ထဲမှ အသင့်ယူလာသော ကြိုးတစ်ချောင်းနှင့် အလက်ဆင်၏ခြေထောက်များကို တုပ်သည်။ နောက် လက်ကို နောက်ဘက်မှာ ထားပြီး လက်များပါ တုပ်ချည်လိုက်၏။

သူမအနေနှင့် အလက်ဆင်ကို ဗီရိုထဲမှာ အရောက်ထည့်ဖို့ လိုသည်။ သူမ တံခါးပေါက်ဘက်သို့ လှည့်ပြန်ကြည့်လိုက်၏။ ဘယ်သူမှ ဝင်မလာပါစေနှင့် ဘုရားဟု ဆုတောင်းလိုက်ပြီး အလက်ဆင်ကို ခြေထောက်မှစ၍ ဗီရိုထဲသွင်းသည်။ လေးလံလွန်းသဖြင့် မရ။ နောက်ဆုံး ဂျိုင်းမှစ၍ သူမကိုယ်တိုင် ရှေ့မှဆွဲကာ ဗီရိုထဲသို့ သွင်းသည်။ အထဲရောက်မှ သူမအတော်ပြန်ထွက်ယူရ၏။

အလက်ဆင်သည် ယခုအခါ ဗီရိုထဲမှာ ထိုင်လျက် အနေအထားမျိုး ဖြစ်နေ၏။ နောက်ပါးစပ်ထဲသို့ သူမ၏လက်ကိုင်ပဝါကို ထုထုလုံး၍ မအော်နိုင်အောင် အတင်းထည့်ခဲ့၏။

နောက် ဗီရိုတံခါးပိတ်လိုက်ရာ အလက်ဆင်၏ ခြေထောက်များကြောင့် ပိတ်မရ။





'အို...ဘုရား ဘုရား'

အမျိုးမျိုး။ အပြင်တံခါးမှာ ရောက်နေသည့် ခြေထောက်ကိုသွင်းရာ ရေး နောက်ဆုံး သူမကိုယ်တိုင် အထဲပြန်ဝင်၍ ကိုယ်ခန္ဓာကြီးကိုပါ လှည့်အောင်းပစ်မှ ခြေထောက်များ အတွင်းဘက်သို့ ရောက်သွား၏။

စုဇာသည် အလက်ဆင်ကို နောက်တစ်ခါ ကြည့်လိုက်သည်။ လူတစ်ယောက် ပုလင်းနှင့်အရိုက်ခံရ၍ မေ့မြောသွားလျှင် မည်မျှ ကြာကြာခံပါသနည်း။ သူမ မသိပေ။ သူမနေနှင့် လိုရမည်ရ ထပ်ရိုက်ဖို့လိုကြောင်း သိသည်။ သို့သော် သေသွားမည်ကိုလည်း စိုးရိမ်၏။ အပြင်ထွက် ပုလင်းယူ၍ ရိုက်ရန်မြှောက်နေသည်။ နောက်ဆုံးမှ သတ္တိမရှိတော့ဘဲ ပုလင်းကို ပြန်ချပြီး ဗီရိုတံခါးကို ပိတ်လိုက်၏။

သူမ လက်ပတ်နာရီကို ကြည့်လိုက်၏။

ငါးနာရီထိုးရန် ဆယ်မိနစ်အလို။

'ကိုပါရယ်လီ'သည် မကြာမီ 'ကာလာ'သင်္ဘော၏ ရေဒါမြင်ကွင်းပေါ်တွင် ပေါ်လာတော့မည်ဖြစ်သည်။ ရှော့စတော့လည်း ရောက်လာတော့မည်ဖြစ်၍ သူမဘာမှလုပ်ချိန် မရနိုင်တော့။

စုဇာသည် ရေဒီယိုခုံမှာ ထိုင်လိုက်သည်။ ရေဒီယိုမှ လွှင့်ရန် ခလုတ်ကို ဖွင့်လိုက်သည်။ 'ကိုပါရယ်လီ' သင်္ဘော၏ ရိုးရိုးသာမန် လိုင်းဖမ်းထားသည့် ခုံမှ ကိုက်ကရိုဖုန်းခွက်ဆီသို့ ငုံ့လိုက်သည်။ 'ကိုပါရယ်လီ'ကို ခေါ်နေတယ်၊ အမြန်လာပါ'

သူမစောင့်သည်။

ဘာမှမလာ။

'ကိုပါရယ်လီ'ကို ခေါ်နေတယ်၊ အမြန်လာပါ'

ဘာမှမထူး။

'အို ဒုက္ခပါပဲ နက်ဒစ်စတိန်းရယ်၊ ကျွန်မကို စကားပြန် ပြောစမ်းပါ နားသန်နီရယ်'

*

နက်ဒစ်စတိန်းသည် သင်္ဘောကုန်းပတ်အလယ် ကုန်ထားသော ဝမ်းထဲမှာရပ်ရင်း တန်ဖိုးကြီးလှသော ယူရေနီယံစည်များကို ကြည့်နေ၏။ စိတ်ထဲတွင် အပုံးဖွင့်၍



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပစ္စည်း ပါလိမ့်ဟု ကိုင်စမ်းကြည့်ချင်လှသည်။ သို့သော် အဖုံးက အလုံပြဲဆုံး ချိပ်ပိတ်ထား၏။

ဒစ်စတိန်းအနေနှင့် အောင်မြင်မှုအတွက် ဝမ်းသာရမည့်အစား သတ်သေချင်စိတ်လို ဖြစ်နေသည်။ သူ အနိုင်ယူခဲ့သော ရန်သူများအပေါ် အောင်မြင်မှုကို ပျော်ရွှင်မနေဘဲ ကျဆုံးသွားသော ကိုယ့်ဘက်မှလူများအတွက် ကြေကွဲနေ၏။

သူသည် ပြီးခဲ့သောစစ်ပွဲကို ပြန်စဉ်းစားနေမိသည်။ အကယ်၍ အဘားစ်ကို အပေါ်ရောက်ရောက်ချင်း စတင်ပစ်မိန့်ပေးခဲ့ပါက ကုန်းပတ်လက်ရန်းပေါ် တက်လာသူ ဂီဘလီကို အပစ်ခံရမည်မဟုတ်။ ထိုနည်းတူ ဟိုနေရာ ဟိုလိုလုပ်ခဲ့ပါက ဟိုလူမသေနိုင် စသည်အားဖြင့် အပစ်များအားလုံး သူ့ကြောင့်လိုလို တွေးမိ၏။ တကယ့်တမ်းကား သူ့အနေနှင့် အနာဂတ်ကို ကြိုသိပါက ပြင်လုပ်စရာတွေ တစ်ရာလောက် ရှိပေမည်။ သို့မဟုတ် အကယ်၍ သူသာ ဉာဏ်ပညာ ပိုမိုရှိသူ ဖြစ်ပါက

ကဲ… အခုတော့ ဘာပဲဖြစ်ဖြစ် အစ္စရေးနိုင်ငံအနေနှင့် အဏုမြူဗုံးများ ရနိုင်ပြီဖြစ်၍ မိမိတိုင်းပြည်ကို မိမိကာကွယ်နိုင်ပေတော့မည်။

ထိုအတွေးသည်ပင် သူ့ကို ဝမ်းသာစိတ် မပေးနိုင်သေး။ သူအလျှင် ပထမ စဉ်းစားခဲ့သည်မှာ ဤသို့ အောင်ပွဲရသည်နှင့် စူဇာနှင့်အတူ ခွဲဝေခံစားမည်ဟု အိပ်မက်တွေအများကြီး မက်ခဲ့၏။ သို့သော် ယခုသော်ကား စူဇာသည် ခွဲဝေခံစားလိုခြင်း မရှိတော့ပါကလား။ မည်သူမှလည်းမရှိ၊ တစ်ယောက်တည်း၏ အောင်ပွဲသည် ခံစားပျော်ရွှင်စရာ မကောင်းပါလား။

သူသည် ရပ်ကြည့်နေသည်မှာ ကြာပြီဖြစ်၏။ လှေကားပေါ်တက်ကာ သင်္ဘောဝမ်းထဲမှ ထွက်လိုက်၏။ စိတ်ထဲကမူ သူကျန်နေသော ဘဝတစ်လျှောက်လုံးကို ဘာလုပ်ရမည်နည်းဟု စဉ်းစားနေမိ၏။

ရေဒီယိုသမား သင်္ဘောသား သူ့ထံပြေးလာ၏။

'မစ္စတာဒစ်စတိန်း'

'အေး… ဘာဖြစ်လို့လဲ'

'ကျွန်တော်တို့ ခင်ဗျားတို့ သင်္ဘောတစ်စီးလုံး လိုက်ရှာနေတာခင်ဗျ။ ရေဒီယိုထဲကနေပြီး 'ကိုပါရယ်လီ'ကို ခေါ်နေတယ်၊ ကျွန်တော်တို့ ဘာအဖြေမှ မပေးဘူး၊ ကျွန်တော်တို့က 'ကိုပါတယ်လီ'မှ မဟုတ်တော့တာ၊ ဒါပေမယ့် အဲဒီမိန်းကလေးက'





'ဟင်…မိန်းကလေး ဟုတ်လား'

'ဟုတ်ကဲ့ခင်ဗျာ မိန်းကလေးမော့စ်ကုတ်နဲ့ ပြောတာမဟုတ်ဘူး၊ ဝါးစ်ခ်နဲ့ ဘိုက်ရိုက်ပြောနေတယ် ကျွန်မကို စကားပြောစမ်းပါ နာသန်နီရယ်တဲ့'

ဒစ်စတိန်းသည် သင်္ဘောသားဂျာကင်ကို ဆွဲလိုက်၏။

'ဟုတ်… ဟုတ်ကဲ့၊ ခင်ဗျာ ကျွန်တော်တို့'

ဒစ်စတိန်းသည် ဘာမှ ဆက်နားမထောင်တော့ဘဲ ရေဒီယိုခန်းသို့ ပြေးသွားပြီး ဖြစ်လေသည်။

*

နက်ဒစ်စတိန်း၏အသံသည် ရေဒီယိုထဲမှ ပေါ်လာ၏။

'ဘယ်သူခေါ်နေပါသလဲ ကိုပါရယ်လီ ကို'

ရုတ်တရက် စူဇာသည် စကားသံပင် မထွက်တော့။ ဒစ်စတိန်း အသံကို ကြားလိုက်ရ၍ ဖြစ်သည်။

'ဘယ်သူက ခေါ်နေပါသလဲ ကိုပါရယ်လီ ကို'

စူဇာ ယခုမှ အသံထွက်လာပြီ…

'အို… နက်…နက်… ရယ်'

'စူဇာ စူဇာလားဟင်'

'ဟုတ်တယ်…ဟုတ်ပါတယ်'

စူဇာသည် သူမကိုယ်သူမက ထိန်းသိမ်းရင်း

'ကျွန်မ ဒေးဗစ် ရော့စတော့နဲ့အတူ ရှုရှု သင်္ဘော 'ကာလာ'ပေါ်ရောက်နေပါတယ်၊ ကျွန်မ ပြောတာတွေ မှတ်ထားပါ'

စူဇာက သူမတို့တည်နေရာ၊ အရှိန်မောင်းနှင်နှုန်းတို့ကို ပထမ အရာရှိ ပြောထားသမျှ ပြန်ပြောလိုက်၏။ ပြီးမှဆက်၍…

'အဲဒါ ၄ နာရီ ၁၀ မိနစ်တုန်းက နေရာ။ ဩော် နက်၊ သင်္ဘောဟာ ရှင့်သင်္ဘောကို ၆ နာရီမှာ တိုက်ပစ်လိမ့်မယ်'

'တိုက်ပစ်မယ် ဘာဖြစ်လို့၊ အို ကျုပ် နားလည်ပြီ'

'နက် သူတို့မကြာခင် ကျွန်မ ရေဒီယိုပြောနေတာ မိသွားလိမ့်မယ်၊ ကျွန်မတို့ ဘာလုပ်ကြမလဲဟင်၊ မြန်မြန်ပြောစမ်းပါ'

'စူဇာ မင်း ၅ နာရီခွဲမှာ သူတို့ အာရုံတစ်ခုခု ပြောင်းသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နိုင်ဘူးလား'

'အာရုံပြောင်းရမယ် ဘယ်လို"

'မီးဖြစ်ဖြစ်ရှို့ကွာ၊ ဒါမှမဟုတ် ကုန်းပတ်ပေါ်မှာ လူတက်လာပါတယ်လို့ အော်ချင် အော်ပေါ့၊ ဘယ်သူမှ ဘာလုပ်ရမှန်း မသိအောင်ပေါ့၊ သူတို့အားလုံး ကောဂျီဘီက ချည့်ပဲလား'

'ဟုတ်တယ်'

'အိုကေ ကျုပ်ပြောတာ နားလည်တယ်နော်'

ထိုစဉ် ရေဒီယိုတံခါးဖွင့်သံ ကြားရသည်။ စူဇာ ရေဒီယိုမှ အသံလွှင့်စက်ခလုတ်ကို နှိပ်လိုက်ရာ ဒစ်စတိန်း၏ အသံသည် ပျောက်သွားလေ၏။

ဒေးဗစ် ရော့စတော့ ဝင်လာ၏။ သူက

'အလက်ဆင် ဘယ်မှာလဲ'

စူဇာက ပြုံးပြုံးရွှန်ရွှန် ကြိုးစားရင်း

'ကော်ဖီသွားယူတယ် ကျွန်မက ဆိုင်စောင့်လေ'

'သောက်ရူး'

ရော့စတော့သည် ဆဲဆို၍ အခန်းထဲမှ အမြန်ထွက်သွားလေ၏။

စူဇာ ရေဒီယိုမှ လက်ခံ ခလုတ်ကိုဖွင့်လိုက်၏။

နက်က

'အဲဒီမှာ ဖြစ်နေတာကို ကြားရပြီ။ စူဇာ ကိုယ့်စူဇာ ၅ နာရီခွဲအထိ ကြိုးစားထိန်းထား'

စူဇာက

'နေပါဦး ကျွန်မတို့ ဘာလုပ်ကြမှာလဲ'

'ဘာလုပ်ရမှာလဲ ကိုယ်မင်းကို လာခေါ်မှာပေါ့'

'အိုး ကျေးဇူးပဲ၊ ကျေးဇူးပဲ'

'ကိုယ် မင်းကို ချစ်တယ်'

စက်ခလုတ်ကို ပိတ်လိုက်သည်နှင့် မော့စ် ကုတ်အသံများက တခြားစက်တစ်လုံးမှ ဝင်လာပြန်၏။

တိုင်ရင်သည် သူမပြောသမျှကို ကြားနေမည်သာဖြစ်၏။ သူမော့စ်ကုတ်ဖြင့် ရော့စတော့အား အကြောင်းကြားတော့မည်ထင်သည်။ တိုင်ရင် အကြောင်းကို နက်အား သူမ မပြောလိုက်မိ။





သူမအနေနှင့် နက်ကို ပြန်လည်ဆက်သွယ်၍ ရနိုင်ပါ၏။ သို့သော် အန္တရာယ်က ကြီးလှသည်။ ထို့ပြင် နက်ဒစ်စတိန်းတို့ အဖွဲ့က တိုင်ရင်ကို တွေ့အောင်ရှာနေစဉ်မှာပင် တိုင်ရင်သည် ရော့စတော့ထံ အကြောင်းကြားရန် အချိန် ရမည်သာဖြစ်၏။ အကယ်၍ တိုင်ရင်၏ သတင်းသာ ရော့စတော့ရသွားပါက နက်ဒစ်စတိန်း ဒီကိုလာမည်ကို ကြိုတင်သိသွားပြီး ပြင်ဆင်ထားပေတော့မည်။

စူဇာ ထိုသတင်းကို ပိတ်ပစ်ရမည်။

စူဇာ လွှတ်အောင်လည်း ရုန်းရမည်။

စူဇာ ရေဒီယိုကို ဖျက်ဆီးပစ်ရန် ဆုံးဖြတ်လိုက်၏။

ဘယ်လိုဖျက်ရပါ့။

ဝါယာကြိုးများ အားလုံးသည် စက်ခုံနောက်မှ ရှိသည်။ စက်ခုံကိုဖွင့်ရန် လိုသည်။ ဖွင့်ဖို့အတွက် ဝက်အူလှည့်လိုက်သည်။

မြန်မြန် မြန်မြန်။

ရော့စတော့ အခန်းထဲ ဝင်မလာမီ မြန်မြန်။

စူဇာသည် အလက်ဆင်၏လက်နက် ပစ္စည်းသေတ္တာကို တွေ့သည်။ ဝက်အူလှည့်သေးသေးတစ်ချောင်း ယူလိုက်၏။ နောက်စက်ခုံနောက်ဖုံးဘက်မှ အဖုံးကို စတင်ဖွင့်သည်။ အပေါ်ဘက် ဝက်အူနှစ်လုံး ပြုတ်သွားသောအခါ စိတ်မရှည်တော့ဘဲ နောက်ပိတ်ကို လက်ဖြင့်ပင် ဆောင့်ဖွင့်လိုက်၏။ အဖုံးဖွင့်သွားသောအခါ အထဲမှ ဝါယာကြိုးများသည် ရှုပ်ယှက်ခတ်နေ၏။ စူဇာသည် လက်တစ်ဆုပ်စာ ဝါယာကြိုးများကို ဆောင့်ဆွဲဖြုတ်လိုက်၏။ ပြုတ်ထွက်၍မလာ။ သည်တော့မှ သူမ လောဘကြီးနေကြောင်း သတိရပြီး တစ်ပင်တည်းရွေး၍ ဆွဲဖြုတ်လိုက်ရာ ပြုတ်သွား၏။ နောက်တစ်ပင်ပြီးတစ်ပင် ၁၅ ပင် အပင် ၂၀ ဆွဲဖြုတ်လိုက်၏။ သို့တိုင် မော့စ်ကုတ် စက်ခုံမှ မြည်နေဆဲ ဖြစ်၏။ စူဇာသည် စိတ်မရှည်တော့ဘဲ အနားရှိ ဖော်ဒကာပုလင်းထဲမှ အရက်လက်ကျန်များကို စက်ထဲလောင်းထည့်လိုက်၏။ သည်တော့မှ အသံရပ်သွားသည်။ ထို့အတူ စက်ခလုတ်ခုံမှ မီးများအားလုံး မှိတ်သွား၏။

အလက်ဆင်ထည့်ထားသော ဗီရိုဆီမှ ဆောင့်သံတစ်ခု ကြားရသည်။ အလက်ဆင်သည် မေ့ရာမှ သတိပြန်ရလာပြီထင်၏။ ယခုမှတော့ မရှုံးတော့။ ရော့စတော့တို့အနေနှင့် ရေဒီယို၏ ယခုလက်ရှိ ပုံပန်းကိုမြင်သည်နှင့် သူများအပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီကို သိသွားမည်သာဖြစ်၏။

စုဇာ အပြင်ထွက်လိုက်သည်။ တံခါးပြန်ပိတ်လိုက်၏။

စုဇာသည် လှေကားမှတဆင့် ကုန်းပတ်ပေါ်သို့ ဆင်းလိုက်၏။ စိတ်ထဲတွင် ဘယ်လိုပုန်းရမည်။ ဘယ်လို အာရုံအပြောင်းအလွဲတစ်ခု ဖြစ်သွားအောင် လုပ်ရမည်နည်းဟု စဉ်းစားနေ၏။ ဒစ်စတိန်းပြောသလို 'လူလု'ဟု အော်ရန်လည်း ယခုအခါ အစီအစဉ်မရှိတော့။ သူတို့၏ ရေဒီယိုသမားကို ရိုက်ခဲ့ပြီး ရေဒီယိုကို ဖျက်ဆီးခဲ့သော မိန်းမက 'လူလု'အော်နေခြင်းအတွက် ဘာမှ ထူးမည်မဟုတ်တော့။ ခကျောက်ဆူး ချလိုက်ရမည်လား။ ဘယ်လို ချရမှန်း သူမ မသိ။

ယခုနေ ရှောစတော့ ဘာလုပ်လိမ့်မည်နည်း။ ရှောစတော့သည် စားဖိုဆောင်သို့သွား၍ အလက်ဆင်ကို ကြည့်မည်။ ထမင်းစားခန်း၊ ပြီးတော့ သူ့အခန်း။ ခတွေ့လျှင် ရေဒီယိုခန်းသို့ ပြန်လာမည်ဖြစ်၏။ သည့်နောက်တွင်တော့ သင်္ဘောအနှံ့သူမကို လိုက်ရှာခိုင်းတော့မည်သာ ဖြစ်သည်။

ရှောစတော့သည် စနစ်ကျသူဖြစ်သည်။ သူသည် ဦးပိုင်းမှစ၍ ဘီးစိတ်ဘိုက်သလို ရှာမည်သာဖြစ်သည်။ နောက်အပေါ်ထပ်မှစ၍ တစ်ထပ်ချင်း ရှာပေလိမ့်မည်။

သင်္ဘောတစ်စီး၏ အနိမ့်ဆုံး အထပ်သည်ဘာလဲ။

အင်ဂျင်ခန်းဖြစ်သည်။ သူမ အသွားသင့်ဆုံးနေရာသည် အင်ဂျင်ခန်းဖြစ်သည်။ လမ်းတွင် ရုတ်တရက် ရှောစတော့နှင့် ဆုံသည်။

ရှောစတော့ကလည်း မြင်သည်။

စုဇာသည် ပါးစပ်ထဲရောက်လာသည့်အတိုင်း...

'အလက်ဆင်ပြန်ရောက်လာလို့ ကျွန်မထွက်လာတာ၊ ခဏနေ ကျွန်မပြန်လာခဲ့မယ်'

သူမသည် ဆက်လျှောက်ထွက်ခဲ့၏။

ရှောစတော့သည် မပြုံးချင်ပြုံးချင်ပြုံး၍ ရေဒီယိုခန်းရှိရာသို့ ထွက်သွား၏။

စုဇာသည် အထပ်နှစ်ခုကို ကျော်ဖြတ်ဆင်း၍ အင်ဂျင်ခန်းသို့ဆင်းလာခဲ့၏။ တီယ အင်ဂျင်နီယာသည် ညတာဝန်ကျနေ၏။ သူသည် သူ့ထံချဉ်းကပ်လာသော ဇာကို ကြောင်၍ကြည့်နေ၏။

စုဇာကပြုံး၍

'သင်္ဘောပေါ်မှာ ဒီတစ်နေရာပဲ နွေးတယ်၊ ကျွန်မ ရှင်နဲ့အတူ ခဏနေရင်





ရမလားဟင်'

သူသည် အံ့သြသွားပုံရသည်။ သို့နှင့် တစ်လုံးချင်းပြန်၍

'ကျွန်တော် အင်္ဂလိပ်စကား မပြောတတ်ဘူး'

'ရှင် အင်္ဂလိပ်လို မတတ်ဘူးလား'

ထိုလူက မတတ်ကြောင်း ခေါင်းယမ်းပြ၏။

'ကျွန်မချမ်းလို့'

စုဇာသည် ချမ်း၍တုန်နေပုံကို လုပ်ပြလိုက်၏။ နောက်လက်နှစ်ဖက်ကို အင်ဂျင်စက်များတက်သွား မီးလှုံသလို ထုတ်လှုံပြရင်း

'အိုကေ'

အင်ဂျင်နီယာသည် အောက်ဆုံးထပ် သူ့အခန်းထဲတွင် မိန်းကလေးတစ်ယောက် အဖော်ရသည့်အတွက် ဝမ်းမသာဘဲ ရှိပါမည်လား။ သူက ခေါင်းကို အားပါးတရညိတ်ကာ

'အိုကေ'

သူသည် ယခုတိုင် စုဇာကို ငေးကြည့်နေ၏။ သူ့မျက်နှာမှာ ကျေနပ်နေပုံရ၏။ နောက်မှ ဧည့်ဝတ်ပြုရန် သတိရပြီး အိတ်ထဲမှ စီးကရက်ဗူးကို ထုတ်၍ တစ်လိပ်စုဇာကိုတည်၏။

'ကျွန်မ အမြဲတမ်း မသောက်ပါဘူး။ ဒါပေမယ့် အခုတော့ သောက်ပါ့မယ်'

စုဇာ စီးကရက်ကို ယူလိုက်၏။ အစီခံမရောက်မီ ဖွာရန် တပ်မြှင့်ကလေးဖြင့် လုပ်ထားသော စီးကရက်မျိုးဖြစ်သည်။ အင်ဂျင်နီယာက မီးညှိပေးသည်၊ စုဇာက ရှောစတော့များ ဝင်လာမလားဟု လှည့်ကြည့်ရင်း နာရီကြည့်လိုက်၏။

၅ နာရီ ၂၅ မိနစ်

စဉ်းစားချိန်ပင် မရတော့ပါကလား။ ဒစ်စတိန်းက လူလုလို့ အော်ကျောက်ဆူးချပစ် မီးရှို့။

'မီးရှို့'

ဘာနဲ့ ရှို့ရပါ့

ဓာတ်ဆီနဲ့ပေါ့။

ဓာတ်ဆီ၊ သို့မဟုတ် ဒီဇယ်ဆီဆိုသည်မှာ အင်ဂျင်စက်ခန်းမှာ ရှိမည်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရူဇာသည် အင်ဂျင်စက်ခန်းထဲသို့ လျှောက်ကြည့်လိုက်၏။ ဓာတ်ဆီ ဘယ်က ဘယ်လိုများ လာပါလိမ့်။ တစ်ခန်းလုံးမှာ ဝင်ထွက်သော ပိုက်များ ဖြင့် ပြည့်နေ၏။

စဉ်းစားစမ်း စဉ်းစားစမ်း။

ရူဇာအနေနှင့် သူ၏ကားအင်ဂျင်စက်ကို သည်ထက်စိတ်ဝင်စားခဲ့ဖို့ ကောင်းသည်ဟု တွေးလိုက်၏။ သင်္ဘောပေါ်မှ အင်ဂျင်စက်သည် ကားစက်နှင့် အတူတူပဲ ရှိလေမလား။ ဤသင်္ဘောသည် အမြန်သင်္ဘောဖြစ်ရာ ဒီဇယ်ဆီ၊ အခြားဆီများအစား ဓာတ်ဆီ သုံးလေမလား။ အကယ်၍ ဓာတ်ဆီအင်ဂျင် ဖြစ်ပါက သူ့မကား အင်ဂျင်နှင့် ခပ်ဆင်ဆင် တူရမည်ပင်။ သည်ဝါယာများသည် ပလပ်များဆီသို့ သွားသည်လား။ ရူဇာ သူ့ကားထဲမှ ပလပ်တစ်ခု ဖြုတ်လဲဖူးသည်။

ရူဇာ သေချာကြည့်၏။ ဟုတ်ပေသားပဲ။ သူ့မကားနှင့် ဆင်တူယိုးမှား ပါကလား။ သည်မှာ ပလပ်ခြောက်လုံးရှိပြီး ဒစ္စထရစ် ဗျူတာ ရှိနေသည်ပဲ။ သည်က တစ်နေရာရာမှာ ကာဘရိုက်တာ ရှိရမည်။ ဓာတ်ဆီသည် ကာဘရိုက်တာမှ ဖြတ်သွားရမည်။ ကာဘရိုက်တာ ဆိုသည်က ခဏခဏ တစ်စုံတစ်ရာ ပိတ်နေ တတ်သည့် ပစ္စည်းမျိုးလေ။

ထိုစဉ် စကားပြောပိုက်မှ ရှုရှုအသံတစ်ခု ထွက်လာ၏။ အင်ဂျင်နီယာသည် စကားနားထောင်ရန် ပိုက်ဆီကို သွား၏။ သူသည် ရူဇာကို ကျောပေးထား၏။

ရူဇာ သည်အချိန်မှာလုပ်ရန် ဖြစ်သည်။

စက်ထဲတွင် ကော်ဖီပန်းကန်ခန့် ပစ္စည်းသည် ကာဘရိုက်တာဖြစ်ရမည်။ ထိပ်မှာ မူလီတစ်လုံးစုပ်ထားရာ ရူဇာ လက်နှင့်လှည့်ကြည့်၏။ မရ။ ၎င်းပစ္စည်း သည် ပလတ်စတစ် ပိုက်လုံးနှင့် ဆက်ထား၏။ ရူဇာပိုက်ကို ဆွဲကြည့်သည်။ မပြုတ်၊ မရ။ ထိုစဉ် အလက်ဆင် အခန်းတုန်းက ဝက်အူလှည့်ကလေး အိတ်ထဲ ထည့်ခဲ့မိကြောင်း သတိရသည်။ ရူဇာသည် ဝက်အူလှည့်နှင့် ပိုက်ကို ထိုးဖောက်၏။ မရ။ ပလတ်စတစ်ပိုက်သည် ထူပြီး မာကျောနေ၏။ ရူဇာသည် ဝက်အူလှည့် အချွန်ဘက်နှင့် အားရှိသရွေ့ ပိုက်ကို ထိုးလိုက်၏။ ပိုက်နည်းနည်း ကလေး ပွဲသွားသည်။ ထိုအပွဲကလေးထဲသို့ ဝက်အူလှည့်ထည့်၍ ချဲ့လိုက်ရာ ပိုက်ပေါက်သွား၏။

အင်ဂျင်နီယာသည် စကားပြောပိုက်ဆီသို့ ရောက်သွားပြီး တစ်စုံတစ်ရာ ရှုရှုလို ပြောလိုက်၏။





ရူဇာသည် ပိုက်ထဲသို့ ဝက်အူလှည့်ဝင်သွားသည်ကို သိရ၏။ ခွဲထုတ်လိုက် သောအခါ အရည်ကြည်များ ပန်းထွက်လာ၏။ တစ်ခန်းလုံး ဓာတ်ဆီနံ့များ ထောင်းခနဲ ထသွား၏။ ရူဇာသည် ဝက်အူလှည့်ကို ပစ်ချပြီး လှေကားဆီသို့ ပြေးခဲ့၏။

အင်ဂျင်နီယာသည် ရှုရှုလို ခေါင်းညိတ်ခေါင်းညိတ်ပြီး ဟုတ်ကဲ့. . .ဟုတ်ကဲ့ ဟု ဖြေနေပုံရသည်။ ထိုနောက် ပိုက်ထဲမှ အမိန့်တစ်ခု ပေးလိုက်ပုံရသည်။ ပိုက်ထဲမှ အသံမှ ဒေါသသံပေါက်နေ၏။

လှေကားခြေရင်းသို့ ရောက်လာသောအခါ ရူဇာသည် နောက်သို့ လှည့်ကြည့်လိုက်၏။ အင်ဂျင်နီယာ၏ အပြုံးမျက်နှာသည် မရှိတော့။ ထိုနေရာ၌ တင်းမာမှုရောက်နေပြီဖြစ်သည်။

ရူဇာသည် လှေကားပေါ်သို့ မြန်မြန်တက်လိုက်၏။

လှေကားထိပ် ရောက်သောအခါ ရူဇာလှည့်ကြည့်သည်။

တစ်ခန်းလုံး ဓာတ်ဆီများ ယိုထွက်ပြည့်နေသည်ကို တွေ့ရသည်။ အင်ဂျင်နီယာသည် သူမဘက်သို့ ကူးလာမည့် ဟန်ပြင်နေ၏။ သူ့မလက်ထဲတွင် အင်ဂျင်နီယာ တည်ထားသော စီးကရက် သောက်လက်စရှိနေ၏။

ရူဇာသည် စီးကရက်တို့ကို ဓာတ်ဆီများ ယိုဖိတ်နေရာ အင်ဂျင်စက်ဘက်သို့ ပစ်လိုက်လေ၏။

စီးကရက်မီးကျသည်ကို လှည့်မကြည့်တော့ဘဲ ရူဇာ လှေကားမှ ပြေးတက် သည်။ အပေါ်ထပ်သို့ မရောက်မီကလေးမှာပင်

'ဝုန်း'ခနဲ မီးလောင်သံကြားရ၏။

မီးတောက် မီးလုံးကြီးသည် ပြေးထွက်လာသည်။ ရူဇာ၏ ဘောင်းဘီနှင့် ခြေထောက်ကို လောင်ကျွမ်းပစ်လိုက်၏။ အပူရှိန်ကား ပြင်းထန်လှပေသည်။

ရူဇာသည် ကျန်ရှိနေသော လှေကားနှစ်ထစ်သုံးထစ်ကို အတင်းတက်၍ အပေါ်ထပ်သို့ လိမ့်ပစ်လိုက်၏။

ရူဇာဘောင်းဘီမှာ စွဲလောင်နေသောမီးများကို ကြိုးစားငြိမ်းသတ်သည်။ နောက် မိုးကာအင်္ကျီကိုချွတ်၍ ဘောင်းဘီကို ပတ်ခြုံလိုက်မှ မီးငြိမ်းသွားသည်။ မီးကား ငြိမ်းသွားပါ၏။ သို့သော် နာကျင်မှုကား ပိုပြင်းထန်လာသည်။

ရူဇာသည် ပုံလျက်လှဲချလိုက်ချင်သည်။ သို့သော် မဖြစ်သေး၊ ယခုနေ သူမလှဲချ၊ လဲကျသွားပါက ပြန်ထနိုင်မည် မဟုတ်တော့။ ပထမသူမအနေနှင့်



www.burmeseclassic.com

www.burmeseclassic.com



မီးနှင့်ဝေးရာ ပြေးရမည်။ နောက် . . . နောက် သူမကို ရှာဖွေတွေ့နိုင်မည့်နေရာကို ရှာရမည်။

စုဇာသည် ကြိုးစား၍ မတ်တတ်ရပ်လိုက်၏။ သူမ၏ ခြေထောက်များမှာ ယခုတိုင် မီးလောင်ခံရဆဲလို ခံစားနေရ၏။

စုဇာ ခြေတစ်လှမ်း စလှမ်းသည်။

သူမ လမ်းလျှောက်နိုင်သားပဲ။

စုဇာသည် ထိုနေရာမှ ခွာခဲ့၏။ မီးအချက်ပေးသံများ သင်္ဘောတစ်ခုလုံး ဆူသွား၏။ စုဇာသည် လှေကားတစ်ခုသို့ ရောက်လာ၏။

စုဇာတက်သည်၊ ဆက်တက်၏။

သူမတစ်သက်တာတွင် အမြင့်ဆုံးခရီးကို စုဇာခြေတစ်လှမ်းချင်း ကြိုးစား၍ တက်လေ၏။

[၁၈]

၂၄ နာရီအတွင်း နက်ဒစ်စတိန်းသည် မော်တော်ဘုတ်ကလေး တစ်စီးနှင့် ပင်လယ်ပြင်ကို ဖြတ်၍ ရန်သူများ၏ သင်္ဘောကို သွားရပြန်၏။ သူသည် ယခင် အခေါက်ကအတိုင်း အသက်ကယ် ဗော၊ ဂျက်ကက်၊ [illegible]အကျႌ ပင်လယ်စီးခြေနင်းရှည် ဝတ်ဆင်ထားပြီး အူဇီ စက်သေနတ်တစ်လက်၊ ပစ္စတို တစ်လက်၊ လက်ပစ်ဗုံး လေးလုံးနှင့် ကပ်မိုင်းဗုံး တစ်ခုကို ပြန်လည်ကိုင်ဆောင် ခဲ့ရပြန်၏။ သို့သော်လည်း တစ်ခေါက်တွင်မူသူက တစ်ယောက်တည်း။ တစ်ယောက်တည်းသော ပင်လယ်စင်ရော်။

'ကိုပါရယ်လီ' ပေါ်တုန်းက စုဇာ၏ ရေဒီယို အသံလွှင့်ချက်ကို နားထောင်ကြပြီးနောက်၊ ဘာလုပ်ကြမည်ဟု အငြင်းအခုံဖြစ်ခဲ့ကြရသေး၏။ စုဇာနှင့် ဒစ်စတိန်းတို့ အပြန်အလှန် စကားကို ကက်ပတိန် ဖိန်းဘတ်နှင့် အစ်ရှ်တို့ကြား ကြသည်။ နက်၏မျက်နှာပေါ်မှ ထိန်းမနိုင် သိမ်းမရ ဝမ်းသာကြည်နူးမှုကိုလည်း သတိထားမိကြသည်။ သူတို့အနေနှင့် ဒစ်စတိန်း၏ ဆုံးဖြတ်ချက်သည် ပုဂ္ဂိုလ်ရေး ခံစားမှု ဆန်လွန်းသည်ဟု ယူဆကြ၏။

ပထမဆုံး ဖိန်းက . . .

'ဒါ ထောင်ချောက်ပဲဗျ၊ သူတို့က ကျုပ်တို့ကို မဖမ်းနိုင်တော့ဘူး။ ဒါကြောင့် ပြန်လှည့်ပြီး တိုက်အောင် လုပ်တာပဲ'

ဒစ်စတိန်းက ပြန်၍ . . .

'ကျုပ် . . . ရှော့စတော့အကြောင်း သိပါတယ်ဗျ၊ သူ့စိတ်မှာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်တတ်တယ်ဆိုတာ သိပြီးသားပါ။ သူဟာ ရန်သူကို ထွက်ပေါက်ပေးပြီးမှ ပြန်ချေတာမျိုး၊ သူ့ရဲ့ ကျုပ်တို့သင်္ဘောကို တိုက်ခွဲနှစ်မြုပ်ပစ်မယ်ဆိုတဲ့ အစီအစဉ်က သူ့လက်မှတ် ထိုးထားသလို ထင်ရှားနေတာပဲ'

ဖိန်းဘတ်က အော်သံတကြီးဖြင့်

'ခု ကိစ္စက စစ်တုရင် ကစားနေတာ မဟုတ်ဘူးဗျ'

အစ်ရှ်က ကြားဝင်၍

'ကဲပါ... ကျုပ်တို့ ဒီလို လုပ်ကြရအောင်ပါ၊ ကျုပ်တို့ အစီအစဉ်အတိုင်း ဆက်သွားမယ်၊ သူတို့ မီလာရင် ပြန်တိုက်လိုက်ရုံပေါ့၊ ကျုပ်တို့က နောက်ပြန်ပြီး ကွန်မန်ဒိုအဖွဲ့ လွှတ်ပြီး တိုက်လို့ ဘာအကြောင်းထူးမှာလဲ'

ဒစ်စတိန်းက-

'နေပါဦး ဘယ်သူက ကွန်မန်ဒိုတစ်ဖွဲ့ လွှတ်ဖို့ ပြောနေလို့တုန်း ကျုပ် တစ်ယောက်တည်း သွားမှာ'

အစ်ရှ်က မကျေမနပ်နှင့်

'အဲဒီလောက် မတုံးစမ်းပါနဲ့ဗျာ၊ ခင်ဗျား သွားမှတော့ ကျုပ်တို့လဲ လိုက်ရမှာပေါ့၊ ခင်ဗျား ဘယ့်နှယ်လုပ်ပြီး သင်္ဘောတစ်စီးလုံး တစ်ယောက်တည်းနဲ့ သိမ်းလို့ ရမလဲ'

ဒစ်စတိန်းက သူတို့အားလုံး ရှင်းလင်းစေရန်

'ဒီလိုလေ တကယ်လို့ ကျုပ်လုပ်ငန်း အောင်မြင်ခဲ့ရင် 'ကာလာ' သင်္ဘောဟာ ကျုပ်တို့ကို လုံးဝ မမီတော့ဘူး၊ ကျုပ် မအောင်မြင်ခဲ့ဘူးဆိုရင် ခင်ဗျားတို့ တစ်ဖွဲ့လုံးကို 'ကာလာ'သင်္ဘောမီလာရင် အတတ်နိုင်ဆုံး ပြန်တိုက်ကြရုံပဲ ရှိရာပေါ့။ နောက်ပြီးတော့ တကယ်လို့များ 'ကာလာ' သင်္ဘောဟာ ကျုပ်တို့ကို လိုက်မမီနိုင်တော့လို့ ထောင်ချောက်ဆင်ထားတာ ဆိုရင်လဲ ထောင်ချောက်ထဲကို ကျုပ် တစ်ယောက်တည်းပဲ ရောက်သွားမှာ၊ ဒါ အကောင်းဆုံး နည်းပါပဲ'

ဖိန်းဘတ်က...

'ကျုပ်တော့ အကောင်းဆုံးနည်းလို့ မထင်ဘူးဗျာ'

အစ်ရှ်ကလည်း...

'ဟုတ်တယ် ကျုပ်လဲ မထင်ဘူး'

ဒစ်စတိန်းက ပြုံး၍





'ကျုပ်ကတော့ ထင်တယ်လေ၊ ပြီးတော့ ဆုံးရှုံးစရာရှိရင် ကျုပ်အသက်ပဲ ဆုံးရှုံးမှာ မဟုတ်လား၊ တကယ့် တကယ် ပြောရရင် ဒီအဖွဲ့မှာ ကျုပ်က ခေါင်းဆောင်ပဲ၊ ဒါ ကျုပ်အဆုံးအဖြတ်ပဲလေ၊ မောင်ရင်တို့ အားလုံး ဘာမှ ဝင်မပြောကြနဲ့တော့'

ဤသို့ဖြင့် ဒစ်စတိန်းသည် လက်နက်အပြည့်အစုံ တပ်ဆင်လိုက်လေသည်။ ကက်ပတိန်က ပေးလိုက်သော ရေဒီယိုကို ဘယ်လိုတယ်နည်း အသုံးချရမည့် အကြောင်း ပြောပြလိုက်၏။ ထို့နောက် ဒစ်စတိန်း စီးရမည့် မော်တော်ကို ချပေးလိုက်၏။ ဒစ်စတိန်းသည် မော်တော်ပေါ်တက်၍ 'ကိုပါရယ်လီ' ဟောင်း ယခု 'စထရွမ်းဘတ်'သင်္ဘောမှ ခွာခဲ့လေ၏။

သည်တော့မှ သူ တုန်လှုပ်လာလေ၏။

သူ့အနေနှင့် ကေဂျီဘီများ စီးလုံးပြည့်ပါလာသော သင်္ဘောတစ်စီးကို အနိုင်တိုက်၍ မဖြစ်နိုင်ကြောင်း သိသည်။ သူ့တွင်လည်း ထိုအကြံအစည် မရှိ။ ဖြစ်နိုင်ပါက ဘယ်သူနှင့်မှ မတိုက်ချင်။ သူသင်္ဘောပေါ်ကို တိတ်တဆိတ်တက်မည်။ စူဇာကို သူရှာမည်။ နောက် စူဇာနှင့် သူတို့သင်္ဘောပေါ်မှ ဆင်းပြီး ပြေးကြမည်။ သူ့တွင် သံလိုက်ပါသော ကပ်မိုင်းဗုံးတစ်လုံးယူခဲ့၏။ ထိုမိုင်းဗုံးကို အချိန်ပေးပြီး သင်္ဘောပေါ် မတက်မီ ကပ်ခဲ့မည်ဖြစ်၏။

ဤသို့ဆိုသော်

သူ့အနေနှင့် လွှတ်မြောက်သည်ဖြစ်စေ၊ မလွှတ်မြောက်သည်ဖြစ်စေ။

သည်ကိစ္စကြီး တစ်ခုလုံးသည် တကယ်အစစ်အမှန် ဖြစ်စေ၊ ထောင်ချောက် ပဲဖြစ်စေ။

'ကာလာ' သင်္ဘော၏ ဝမ်းဗိုက်တွင် အပေါက်ကြီး ဖြစ်သွားမည်ဖြစ်ပြီး 'ကိုပါရယ်လီ' သင်္ဘောကို ဘယ်နည်းနှင့်မှ လိုက်မမီတော့မည် မဟုတ်။

သူ့စိတ်ထဲကမူ ထောင်ချောက်မဟုတ်ကြောင်း ယုံကြည်နေ၏။

သူ့အနေနှင့် စူဇာ'ကာလာ'သင်္ဘောပေါ်မှာရှိကြောင်း သိသည်။

သူ့အနေနှင့် စူဇာသည် သူမအသက်ကို စွန့်၍ သူ့ကို ကယ်တင်ရန် ကြိုးစားခဲ့ကြောင်း သိသည်။

သူ့အနေနှင့် စူဇာ သူ့ကိုချစ်ကြောင်း သိသည်။

ထို့ကြောင့် သူ့စိတ်ထဲမှာ တုန်လှုပ်လာခြင်း ဖြစ်သည်။

ရုတ်တရက်ပင် သူသည် အသက်ရှင်နေချင်လာသည်။ အသက် ရှည်ရှည်



www.burmeseclassic.com

www.burmeseclassic.com



နေချင်လာသည်။ မသေချင်တော့။ ပထမအခေါက်တုန်းကလို သွေးဆာခြင်း မရှိတော့။ သူ့ရန်သူများကို သတ်၍ ရော့စတော့အပေါ် အနိုင်ယူချင်စိတ် မရှိတော့။ 'ဖိဒေးယင်း'တို့ အကြံအစည်ကို ဖျက်ဆီး၍ အီဂျစ်တို့၏ အကြံအစည် အပေါ် လက်တစ်လုံးခြား အနိုင်ယူလိုစိတ် မရှိတော့။

ယခု သူလိုချင်သည်မှာ စူဇာကို တွေ့အောင် ရှာချင်သည်။ စူဇာကို အိမ်ပြန်ခေါ်ခဲ့ချင်သည်။ နောက် သူတို့နှစ်ဦး နှစ်ဘဝကို တစ်ဘဝပေါင်းပြီး ကျန်ရှိသော တစ်သက်တာဘဝမှာ အေးအတူ ပူအမျှ နေချင်သည်။

သူ သေရမှာ ကြောက်လာ၏။

သူသည် သင်္ဘောကို ကြိုးစားဂရုထား၍ မောင်းခဲ့၏။ ညကြီးမိုးချုပ် အပြောကျယ်၍ မိုးမှောင်ကျ ရှာသွန်းနေသော ပင်လယ်ပြင်တွင် 'ကာလာ' သင်္ဘောကို ရှာရန် မလွယ်ကြောင်း သိသည်။ သတ်မှတ်ထားသော လမ်းကြောင်း အတိုင်း လာခဲ့သည်။ ဖြစ်နိုင်သော်လည်း လေတိုက်နှုန်း၊ လှိုင်းတို့၏ တိုက်နှုန်း တို့ကြောင့် ဘေးသို့ ရွေ့လျားသွားနိုင်သည်ဖြစ်၏။ ၁၅ မိနစ်ခန့် ခရီးနှင်ခဲ့ပြီး သည်နှင့် 'ကာလာ'သင်္ဘောနားရောက်သင့်ပြီ ဆိုသည်ကို သိသည်။ သို့သော် ဘယ်မှာမှ သင်္ဘောကို မမြင်ရ။ အနီးအနားတစ်ဝိုက် ရှာဖွေသည့် အနေဖြင့် ကွေ့ပတ် မောင်းကြည့်သည်။ မတွေ့။ သူ့ခရီးလမ်းကြောင်းမှ မည်မျှနံဘေးသို့ တိမ်းချော်နိုင်ခဲ့ကြောင်း ခန့်မှန်းကြည့်နေမိ၏။

ဒစ်စတိန်းသည် 'ကိုပါရယ်လီ'နှင့် ပြန်လည်ဆက်သွယ်၍ နေရာအသစ် ကို မေးမြန်းမည်ဟု စဉ်းစားလိုက်စဉ် 'ကာလာ'သင်္ဘောသည် သူ့ မော်တော်နံဘေး မှာပေါ်လာသည်။ 'ကာလာ'သည် အလွန်မြန်စွာ ခုတ်မောင်းနေ၏။ သူ့မော်တော် ထက်ပင် မြန်ဦးမည် ထင်သည်။ ဒစ်စတိန်းသည် ကြိုးစား၍ သူ့မော်တော်ကို 'ကာလာ'သင်္ဘောနှင့် ယှဉ်လျက် တံတားကို အမိကပ်ရန် ကြိုးစားသည်။ သင်္ဘောချင်း ရိုက်မိသွားမှာကိုလည်း းစိုးရိမ်ရသေး၏။ သူသည် မော်တော်ကို အရှိန်မြှင့်လိုက်ကာ သူ့ဘက်သို့ 'ကာလာ'လိမ့်တိုးလာသည်ကို ရှောင်လိုက်ရ၏။ နောက် ဟိုဘက်သို့ လိမ့်အသွား တိုးဝင်သွားရပြန်၏။

သူ့ခါးတွင် ကြိုးအဆင်သင့် ပတ်ထားပြီး ဖြစ်သည်။ လှေကားသို့ လှမ်းခုန်တက်သည်။ သူ လှေကားပေါ် ရောက်သည်နှင့် သူ့မော်တော်စက်သတ် လိုက်ပြီး လှေကားသို့ လှမ်းခုန်တက်သည်။ သူ လှေကားပေါ် ရောက်သည်နှင့် 'ကာလာ'သည် ရှေ့သို့အတိုး လှိုင်းလုံးနှင့် ဆောင့်မိပြီး ဒစ်စတိန်းတစ်ကိုယ်လုံး





ထဲမြုပ်သွားသည်။ 'ကာလာ'သည် ရှေ့သို့ ခုတ်လျက်ရှိပြီး သူသည် ရေအောက်မှ ထွက်မလာနိုင်တော့လောက်အောင် ကြာသွားသည်ဟု ယူဆနေမိသည်။ နောက်ဆုံးမှ ရေပေါ် ပြန်ပေါ်လာ၏။ လှေကားသုံးလေးထစ် မြန်တက်လိုက်ပြီး ခါးမှကြိုးကိုဖြေ၍ လှေကားမှာချည်လိုက်၏။ မော်တော်သည် သူ့အတွက် လွတ်မြောက်ရာအပြန်လမ်း။ သံလိုက် ကပ်မိုင်းသည် ပခုံးမှာ လွယ်လာခဲ့သည်ဖြစ်၏။ သူသည် ကပ်မိုင်းကိုယူ၍ အချိန်သတ်မှတ်ပြီး 'ကာလာ' သင်္ဘော၏နံရံကို ကပ်လိုက်၏။

အစ္စရေးနိုင်ငံအတွက် ယူရေနီယံသည် အန္တရာယ် မရှိတော့ပြီ။

သူသည် လှေကားအတိုင်း အပေါ်တက်လိုက်လေ၏။

မော်တော်၏ စက်သံမှာ မိုးသံ၊ လေသံ၊ ရေသံနှင့် 'ကာလာ'၏စက်သံနှင့် ကြားရဖွယ်မရှိပါ။ သို့သော် တစ်စုံတစ်ရာသော အကြောင်းကြောင့် လူတစ်ယောက် သည် ဒစ်စတိန်းသဘောပေါ်သို့ တက်မည့်အခိုက် သင်္ဘောလက်ရန်းမှ ခေါင်းပြူ၍ ကြည့်၏။ သူ့မျက်နှာသည် အလွန်အံ့သြသွားသည်။

ဒစ်စတိန်းသည် ထိုလူကို လှမ်းဆွဲ၍ သူကိုယ်တိုင် သင်္ဘောပေါ်သို့ တက်လိုက်၏။ သင်္ဘောပေါ်သို့တက်ရန် လက်လှမ်းသူတိုင်းကို သဘာဝအတိုင်း လက်ကမ်းပေးတတ်ရာ ထိုလူလည်း ဒစ်စတိန်းကို လက်ကမ်းပေးလိုက် မိ၏။ ဒစ်စတိန်းသည် သင်္ဘောပေါ်သို့ ခြေတစ်ဖက်တင်မိသည်နှင့် ဆွဲကိုင်ထားသော လက်ကို မဖြုတ်ဘဲ တခြားလက်တစ်ဖက်နှင့်ပါ ထိုလူအား ဆွဲယူ၍ ပင်လယ်ထဲ ပစ်ချလိုက်လေ၏။

ထိုလူ၏အော်သံမှာ မိုးလေအကြားတွင် ပျောက်သွား၏။ ဒစ်စတိန်းသည် သင်္ဘောကုန်းပတ်အပေါ်တွင် ဝပ်ချလိုက်လေ၏။

ထိုအဖြစ်အပျက်ကို မည်သူကမှ မြင်လိုက်ပုံမရ။

'ကာလာ'သင်္ဘောသည် 'ကိုပါရယ်လီ' သင်္ဘောထက်ငယ်သော သင်္ဘော တစ်စီးဖြစ်သည်။ ကုန်းပတ်နှစ်ထပ်သာရှိပြီး ကုန်တင်ရန် ကရိန်းမပါရှိပေ။

ဒစ်စတိန်းသည် လက်ပတ်နာရီကိုကြည့်လိုက်၏။

ငါးနာရီ နှစ်ဆယ့်ငါးမိနစ်ရှိပြီ။ စူဇာအနေနှင့် အာရုံပြောင်းလုပ်ရှား တစ်ခုခု လုပ်မည်ဆိုပါက ခုနေ အချိန်မရွေး လုပ်တော့မည် ဖြစ်သည်။ အကယ်၍ စူဇာလုပ်နိုင်ခဲ့ပါက။

သူသည် ကုန်းပတ်အတိုင်း လျှောက်လာခဲ့၏။ သင်္ဘောပေါ်မှာ မီးရောင်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသဖြင့် မြင်သာထင်သာ ရှိလှပေသည်။ သင်္ဘောသား တစ်ယောက်ယောက်က သူ့ကို မြင်သွားပါက သူတို့လူဟုတ်မဟုတ် သေချာအောင် နှစ်ခါပြန်လော်က်တော့ ကြည့်ရမည်ဖြစ်သည်။ သူသည် ဓားမြှောင်အိတ်ထဲမှာ ဓားမြှောင်ကိုထုတ်လိုက်၏။ ဖြစ်နိုင်ပါက သူသည် အသံမြည်သော သေနတ်ကို မသုံးလိုပါ။ အသံမြည်သွားပါက ပြဿနာရှုပ်ထွေးသွားနိုင်မည်ဖြစ်သည်။

သူ အလယ်ခန်းနား ရောက်သည်နှင့် တံခါးတစ်ချပ်ပွင့်၍ အဝါရောင် မီးတန်းသည် ကုန်းပတ်ပေါ်သို့ ကျလာ၏။ ဒစ်စတိန်းသည် မှောင်ရိပ်မှာ ခိုနေ လိုက်၏။ ရုရှဘာသာဖြင့် လူနှစ်ယောက် စကားပြောသံကို ကြားရသည်။ နောက်ထိုနှစ်ယောက် မီးရေထဲ ထွက်သွားကြ၏။

ထို လူနှစ်ယောက်သည် ပွဲပိုင်းဘက်တွင် တခြားလူတစ်ယောက်နှင့် သုံးယောက်သား စကားပြောနေကြ၏။ ဒစ်စတိန်းသည် သူ့လက်ထဲမှ အူဇီနှင့် ထိုသုံးယောက်ကို ရှင်းပစ်လိုက်ချင်၏။ သို့သော် မဖြစ်သေး၊ စောသေးသည်။ စူဇာ၏ လှုပ်ရှားမှုကို မတွေ့ရသေး။ စူဇာ ဘယ်မှာရှိသည်ကိုလည်း မသိရသေး။

လူနှစ်ယောက် စကားပြောအပြီး ပြန်လာပြီး အခန်းထဲဝင်သွား၏။ တစ်ယောက်သည် ပွဲပိုင်းမှာ ကျန်ရစ်၏။ ကျန်ရစ်သူသည် အစောင့်ဖြစ်ဟန်တူ၏။ ဒစ်စတိန်းသည် ထိုလူထံသို့ လျှောက်သွား၏။ အစောင့်က ရုရှလို တစ်စုံတစ်ရာ မေးသည်။ ဒစ်စတိန်းက ဗလုံးဗထွေးပြန်ပြော၏။ ထိုသူက ရုရှလိုထပ်မေးသည်။ ထိုအချိန်တွင် ဒစ်စတိန်းသည် လက်တစ်ကမ်းမှာ ရောက်ရှိနေပြီဖြစ်၍ အသင့် ဆောင်ထားသော ဓားမြှောင်နှင့် ထိုလူအား ရှင်းလိုက်၏။

အစောင့်၏အလောင်းကို လက်ရန်းကိုကျော်၍ ရေထဲပစ်ချလိုက်သည်။ နှစ်ယောက်တော့ ရှင်းပစ်နိုင်ခဲ့ပြီ။ သူသင်္ဘောပေါ် ရောက်နေကြောင်း ရန်သူများ ခုတိုင်မသိသေး။ သူ လက်ပတ်နာရီကို ကြည့်လိုက်၏။

ငါးနာရီ သုံးဆယ်မိနစ်။

သူ အထဲဝင်ဖို့ အချိန်တန်ပြီဖြစ်သည်။

ဒစ်စတိန်း အခန်းတံခါးဖွင့်၍ ဝင်လိုက်၏။ လူသူလေးပါး ရှင်းလင်းသည့် လမ်းနှင့် ကုန်းပတ်မှ အပေါ်သို့ တက်သည့် လှေကားတွေ့ရသည်။ မာလိန်စင်တက်သည့် လှေကားဖြစ်နိုင်သည်။ သူသည် လှေကားအတိုင်းတက်ခဲ့၏။

မာလိန်စင်ပေါ်မှ ဆူညံသော စကားပြောသံကြားရသည်။ အထဲမှာ လူသုံးယောက် တွေ့ရသည်။ ကက်ပတိန်၊ ပထမအရာရှိနှင့် လက်ထောက်တို့





ဖြစ်ပုံရသည် ပထမအရာရှိသည် စကားပြောပြွန်ထဲသို့ ဒေါသတကြီး အော်ပြော နေ၏။ ပြွန်ထဲမှ စကားပြောသံတစ်ခုလည်း ပြန်ထွက်လာ၏။ ကက်ပတိန်က သတိပေးခေါင်းလောင်း ခလုတ်ကို ဆွဲလိုက်၏။

ဒစ်စတိန်း အသင့်ချိန်ထားပြီးဖြစ်နေသော အူဇီမောင်းသည်လည်း ကက် ပတိန်လက်နက်နှင့်အတူ ခလုတ်ဆွဲလိုက်၏။ ဒစ်စတိန်း၏ သေနတ်သံမှာ သတိပေး ခေါင်းလောင်းသံကြားမှ ရောသွား၏။ လူသုံးဦးမှာ နေရာတွင် ပုံလျက်လဲ၍ သေဆုံးသွားကြ၏။

ဒစ်စတိန်းသည် နောက်ပြန်လှည့်လိုက်၏။

သတိပေး ခေါင်းလောင်းသံသည် စူဇာ၏ အာရုံပြောင်းလုပ်ရပ်ကြောင့် ဖြစ်ရပေမည်။ ယခု သူ့တာဝန်မှာ စူဇာကိုတွေ့အောင် စောင့်ရန်သာ ရှိတော့၏။

လူများသည် သင်္ဘောအောက်ထပ်ဘက်သို့ ပြေးဆင်းသွားကြ၏။ တစ်ယောက်မှ လက်နက်များကိုင်ဆောင်လာခြင်း မရှိ။ ဤသို့ဆိုလျှင် မီးအချက်ပေး ခေါင်းလောင်းသာ ဖြစ်ရပေမည်။

ဒစ်စတိန်းသည် ခပ်တည်တည်ဖြီးဝါးသွားရန် ဆုံးဖြတ်လိုက်၏။ မလွဲ မရှောင်သာမှ သူပစ်မည်။

သူသည် လူအုပ်ထဲဝင်ရောလိုက်ပြီး ဂျာမန်ဘာသာဖြင့်

'ဖယ်ကြစမ်း ဖယ်ကြစမ်း'

နံဘေးမှလူများ သူ့ကို အံ့ဩစွာကြည့်ကြ၏။ သို့သော် ဘာဘာညာညာ သဲသဲကွဲကွဲသိပုံမရ။ အခြေအနေက ရှုပ်ထွေးနေ၏။ အရာရှိတစ်ဦးက သူ့ဘက် လှည့်၍ မေးခွန်းတစ်ခု ထုတ်လိုက်စဉ် ဒစ်စတိန်း အောက်ထပ်သို့ ဆင်းခဲ့ပြီးဖြစ်၏။

အောက်ထပ်၌ လူများသည် စနစ်တကျပိုရှိသည်။ အားလုံးသည် ပွဲပိုင်း ဘက်သို့သွားနေကြ၏။ အရာရှိတစ်ဦးနှင့် လက်ထောက်သုံးဦးသည် မီးသတ် ကိရိယာများ ထုတ်ယူနေကြ၏။

တစ်ဖက်ထိပ် ကုန်းပတ်ပေါ်တွင် တစ်စုံတစ်ရာကို ဒစ်စတိန်း မြင်လိုက် ရ၏။ သူ့မျက်လုံးများတွင် အမုန်းစိတ်များ ထင်းကနဲပေါ်လာ၏။

စူဇာသည် ကြမ်းပေါ်မှာရှိ၏။ သူမခြေထောက်များမှာ ရှေ့သို့ ထုတ်ကာ ဆန့်တန်းထား၏။ ဘောင်းဘီကစ်ခုလုံးမှာ စုတ်ပြတ်နေ၏။ မီးလောင်ထား သည်ကို အဝေးမှ မြင်နိုင်၏။ ထိုစဉ် ရှုပ်ထွေးဆူညံသော အသံများ ကျော်၍ နံဘေးမှ ရော့စတော့အသံက ထွက်လာသည်။

www.burmeseclassic.com



'မင်း ဒစ်စတိန်းကို ဘာတွေပြောလိုက်သလဲ'

ဒစ်စတိန်းသည် လှေကားပေါ်မှ ကုန်းပတ်ပေါ်သို့ ခုန်လိုက်၏။ လက်တစ်စုံသည် သူ့ရှေ့မှ တားဆီးသည်။ ဒစ်စတိန်းသည် ထိုလူအား လက်ဖျန်တံတောင်ဖြင့် မျက်နှာကို ရိုက်လိုက်ပြီး ရော့စတော့အပေါ် ခုန်အုပ်လိုက်၏။

သူသည် ဒေါသထွက်နေသည် ဖြစ်သော်လည်း၊ စူဇာနှင့် ဒီလောက်နီးနီးကပ်ကပ် ရှိသောအရပ်မှာ သေနတ်ကို ထုတ်သုံး၍ မတော်တဆ ကျည်ထွက်ပြီး စူဇာကို မှန်သွားမှဖြင့် နောက်ပြီး ရော့စတော့ကို သူ့လက်နှစ်ဖက်ဖြင့် သတ်လိုသည်။

ဒစ်စတိန်းသည် ရော့စတော့ပခုံးနှစ်ဖက်ကို ကိုင်၍ သူ့ဘက်သို့ ဆွဲလှည့်လိုက်၏။

ရော့စတော့ ဒစ်စတိန်း မျက်နှာကို မြင်သွား၏။ ပါးစပ်က

'မင်း... ကိုး'

ဒစ်စတိန်းသည် ရော့စတော့အရှိုက်ကို လက်သီးဖြင့် အားအပြည့်သုံးထိုးလိုက်၏။ ရော့စတော့ ခေါင်းသည် ရှေ့သို့ငိုက်ကျလာ၏။ ဒစ်စတိန်းသည် သူ့ဒူးနှင့်မြှောက်၍ ရော့စတော့ မေးကို ဖြောင်းကနဲတိုက်လိုက်၏။ တစ်ဆက်တည်းပင် ညာဘက် လက်ဝါးစောင်းဖြင့် ရော့စတော့လည်တိုင်ကို ခုတ်ချလိုက်သည်။ ရော့စတော့ နံဘေးသို့ ပုံကနဲ လွင့်သွားလေ၏။

ရော့စတော့ လဲပြိုကျမသွားမီပင် ဒစ်စတိန်းသည် နံဘေးနံဘီသို့လှည့်ကြည့်လိုက်၏။ တစ်ဆက်တည်းတွင် ပခုံးမှာ လွယ်ထားသော အူဇီကိုအသင့်ပြင်လိုက်၏။ နောက်လမ်းအတိုင်း ပြေးလာသော လူသုံးဦးကို လှမ်းပစ်လိုက်၏။

ပြီးမှ သူ စူဇာဘက်သို့လှည့်၊ ခြေထောက်မှ အသားများကို မထိရန် သတိထားပြီး မချီလိုက်၏။ သူ စဉ်းစားသည်။

မီးသည် ပဲ့ပိုင်းတစ်နေရာမှာ လောင်ခြင်းဖြစ်သည်။ လူတိုင်း ပဲ့ပိုင်းသွားကြမည်။ သူက ဦးပိုင်းသွားပါက လူရှင်းမည်။

စူဇာကို ပခုံးထက်မှာထမ်း၍ ဦးပိုင်းသို့ ပြေး၏။ ကုန်းပတ်ပေါ်တွင်ကား အခြေအနေ ရှုပ်ထွေးနေ၏။ လူတွေမှာလည်း ဟိုမှသည် ယောက်ယက်ခတ်သွားလာနေကြ၏။

ဒစ်စတိန်းသည် သူတက်လာခဲ့သော သင်္ဘောနံဘေးမှ လှေကားရှိရာသို့ ပြေးသည်။ သင်္ဘောနံဘေးသို့ ရောက်သောအခါ စူဇာကို ပခုံးပြောင်း၍ ထမ်း





သည်။ သေနတ်ကို ပခုံးမှ ယူသည်။

ကုန်းပတ်တစ်ဝိုက်သို့ ကြည့်လိုက်ပြီး လှေကားအတိုင်း ဆင်းဖို့ ကြိုးစား၏။ သည်အချိန်၌ သူ့ကို လူတွေမြင်သွားပြီဖြစ်ကြောင်းသိ၏။

သင်္ဘောတစ်စီးပေါ်တွင် မီးလောင်အန္တရာယ်ခေါင်းလောင်းသံ ဆူညံသောအခိုက် မျက်နှာစိမ်းတစ်ယောက်ကို မြင်ပါက ဘယ်သူလဲဟု စဉ်းစားနေဦးမည်။ မေးစမ်းကြည့်နေရဦးမည်ဖြစ်သည်။ သို့သော် သင်္ဘောပေါ်မှ ပခုံးပေါ်တွင် လူတစ်ယောက်ကိုထမ်း၍ ဆင်းနေသည့်လူကိုကား မေးစမ်းနေစရာ မလိုတော့။

ဒစ်စတိန်း လှေကားတစ်ဝက်လောက် ရောက်သည်နှင့် သူတို့စတင်ပစ်ခတ် ကြတော့၏။

သင်္ဘောနံရံသည် အတွင်းဘက်သို့ ချိုင့်ဝင်သွားသဖြင့် ကျည်များသည် ပစ်မှတ်ကို မသေချာ။ မော့ကြည့်လိုက်ရာ လူသုံးယောက်ကို မြင်ရသည်။ နှစ်ယောက်သည် ပစ္စတိုများနှင့် လှမ်းပစ်နေကြ၏။

ဒစ်စတိန်းသည် သူ့လက်ထဲမှ သေနတ်နှင့်ပြန်ပစ်၏။ သို့သော် သူသည်လည်း ချိန်သားမကျ။ သို့သော် ထိုလူများသည် နောက်သို့ဆုတ်သွားကြ၏။

ထိုစဉ် ဒစ်စတိန်း ဟန်ချက်ပျက်သွားသည်။

လှိုင်းလုံးအရှိန်နှင့် သင်္ဘောဦးပိုင်းသည် မော့တက်သွားရာ ဒစ်စတိန်းသည် ဘယ်ဘက်သို့ ယိမ်းသွားသည်။ သူ့လက်ထဲမှ သေနတ်လွတ်ကျသွား၏။ ညာဘက်လက်ဖြင့် လှေကားကို ထိန်းထားရသည်။ သူ့ညာဘက်ခြေထောက် လှေကားထစ်မှချော်ကျသွားရာ ဘယ်ဘက်ပခုံးမှာ ထမ်းခဲ့သော စူဇာ လျှောကျသွား၏။

'ကိုယ့်ကို ကိုင်ထား'

ဒစ်စတိန်း အသံကုန် အော်လိုက်၏။

စူဇာ သတိရ မရကို သူမသိ။

စူဇာ လက်များသည် သူ့ဆွယ်တာကို ကုတ်တွယ်ထားကြောင်း သိရ၏။ သို့သော် တဖြည်းဖြည်း လျှောကျနေ၏။ စူဇာ၏ ချိန်သားမကိုက်တော့သော ကိုယ်လုံး အလေးချိန်သည် ဒစ်စတိန်းကို ဘယ်ဘက်သို့ ပိဆွဲချနေ၏။

'အိုး'

ဒစ်စတိန်းက အော်လိုက်သည်။

စူဇာသည် ဒစ်စတိန်း ကိုယ်ပေါ်မှ လျှောကျပြီး ရေထဲသို့ ကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒစ်စတိန်း ငုံ့ကြည့်လိုက်သည်။

မော်တော်ကို အောက်မှာ မြင်ရသည်။ သူ မော်တော်ထဲသို့ လှမ်းခုန်ချလိုက်၏။

ဒစ်စတိန်းသည် မှောင်မည်းသော နံဘေးပင်လယ်ပြင် တစ်ဝိုက်မှာ စုဇာနာမည် အော်ခေါ်၏။ သို့သော် ဘယ်နားကမှ ထူးသံမကြားရ။ ဒစ်စတိန်းသည် မော်တော် ဟိုဘက်ဘေး သည်ဘက်ဘေးပြေးရင်း ငါးရုံ့ပြာလူး ဖြစ်နေ၏။

ထိုစဉ် အော်သံကြားရသည်။

လှမ်းကြည့်လိုက်ရာ သူ့မော်တော်နှင့် 'ကာလာ'သင်္ဘောအကြားမှာ စုဇာကို မြင်ရသည်။ စုဇာသည် ရေပေါ်တွင် ခေါင်းကလေးပေါ်သည် ဆိုရုံကလေး ပေါ်နေ၏။-

စုဇာသည် သူနှင့် လက်လှမ်းမီရာမှာ မဟုတ်။

စုဇာက အော်လိုက်ပြန်၏။

မော်တော်သည် 'ကာလာ'သင်္ဘောလှေကားနှင့် ကြိုးချည်ထားခြင်း ဖြစ်သည်။ ကြိုးအတော်များများမှာ မော်တော်ပေါ်တွင် အပုံလိုက်ရှိနေ၏။ ဒစ်စတိန်းသည် ကြိုးကို ဓားနှင့်တိလိုက်၏။ 'ကာလာ'သင်္ဘော လှေကားဘက်မှ ကြိုးစကို လွှတ်ချလိုက်သည်။ သူ့ မော်တော်ဘက်မှ ကြိုးစကို စုဇာဘက်သို့ လှမ်းပစ်ပေးလိုက်၏။

စုဇာကြိုးကို လှမ်းယူမည် ပြုစဉ် လှိုင်းလုံးတစ်ခု စုဇာကို ဖုံးသွားပြန်၏။

ကုန်းပတ်ပေါ်မှ လူများသည် သူ့ကို လှမ်းပစ်နေကြပြီဖြစ်၏။

ဒစ်စတိန်းသည် သေနတ်များကို လုံးဝ ဂရုမစိုက်။

သူသည် သင်္ဘောနှင့် သူ့မော်တော်အကြား ရေအောက်မှာ မြုပ်သွားသော စုဇာကိုပဲ ရှာနေ၏။ ကြာလိုက်တာ...

စက္ကန့်ပိုင်းလေးသည်ပင် တစ်သက်ဟု ထင်လာ၏။

စုဇာ ပြန်ပေါ်လာသည်။

ဒစ်စတိန်း ကြိုးလှမ်းပစ်ပေး၏။

သည် တစ်ကြိမ်၌မူ စုဇာကြိုးကို မိသွား၏။ ဒစ်စတိန်းသည် ကြိုးကို မြန်မြန်ဆွဲလိုက်၏။

စုဇာသည် တဖြည်းဖြည်း သူနှင့် နီးလာ၏။

နောက်ဆုံး လှေနံဘေးရောက်လာ၍ စုဇာ လက်ကောက်ဝတ်များကို





လှမ်းဆုပ်လိုက်နိုင်၏။

ယခု သူစုဇာကို ရမိပြီဖြစ်သည်။

နောက်ဘယ်တော့မှ မလွှတ်တော့။

သူသည် စုဇာကို မော်တော်ပေါ်သို့ ဆွဲယူ ပွေ့တင်လိုက်၏။

အပေါ်မှ စက်သေနတ်သံ ကြားလိုက်ရသည်။

ဒစ်စတိန်းသည် မော်တော်စက်ကို ဖွင့်လိုက်ပြီး လူကမူ စုဇာအပေါ် အုပ်မိုးကာကွယ်ထားလိုက်၏။

မော်တော်လေးသည် 'ကာလာ'သင်္ဘော နံဘေးမှ ဦးတည်ချက်မရှိ ပြေးထွက်လာ၏။

တဖြည်းဖြည်း သေနတ်သံ မကြားရတော့။

ဒစ်စတိန်း လှည့်ကြည့်သည်။

'ကာလာ'သင်္ဘောကို မမြင်ရတော့။ အမှောင်ထုပဲရှိတော့၏။

ဒစ်စတိန်းသည် စုဇာကို ညင်သာစွာ ပွေ့၍ လှန်လိုက်၏။ စုဇာ အသက်မှ ရှိပါသေးရဲ့လားဟု စိုးရိမ်နေသည်။ စုဇာ မျက်လုံးများ ပိတ်လျက်ရှိ၏။

ဒစ်စတိန်းသည် မော်တော်လက်ကိုင်ဘီးကို ထိန်းလိုက်သည်။ နောက် ကွန်ပတ်ကို ကြည့်၍ သွားမည့် ခရီးဆီသို့ ချိန်ပြီး လက်ကိုင်ကို အသေထားလိုက်၏။

နောက် မော်တော်ပေါ်မှ ရေဒီယိုဖွင့်ပြီး 'ကိုပါရယ်လီ' သင်္ဘောကို ခေါ်လိုက်သည်။

သူတို့ထံမှ ပြန်ထူးသံကို စောင့်ရင်း စုဇာကို ပွေ့၍ရင်ခွင်ထဲမှာ ထည့်လိုက်၏။

ဟိုဝေးဝေးမှ ပေါက်ကွဲသံကြီးကို ကြားရသည်။

သံလိုက်ကပ်မိုင်းသည် ကွဲပြီဖြစ်ရမည်။

ထိုစဉ် 'ကိုပါရယ်လီ'မှ စကားပြန်ဝင်လာ၏။

ဒစ်စတိန်းက

'ကာလာ သင်္ဘော မီးလောင်ပေါက်ကွဲနေပြီ၊ တို့ကို ပြန်လာခေါ်ကြပါဦး၊ ဆေးခန်းအဆင်သင့် ပြင်ထား၊ မိန်းကလေးက မီးလောင်ခံထားရတယ်'

ဒစ်စတိန်းသည် 'ကိုပါရယ်လီ' သင်္ဘောမှ လူများက နားလည်ကြောင်း ပြန်ကြားချက်ရပြီးမှ ရေဒီယိုကို ပိတ်လိုက်၏။

နောက် စုဇာ၏ ခံစားမှုမရှိသော မျက်နှာလေးကို ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'မသေလိုက်ပါနဲ့ ရှုဇာရယ်၊ မသေလိုက်ပါနဲ့'

ရှုဇာမျက်လုံး ဖြည်းဖြည်းချင်းပွင့်လာပြီး သူ့ကို ကြည့်သည်။ ရှုဇာပါးစပ်ကလေး ဟလာ၏၊ စကားပြောဖို့ ကြိုးစားသည်။ ဒစ်စတိန်း ခေါင်းငုံ့၍ ရှုဇာပါးစပ်နားကို ကပ်လိုက်၏။

ရှုဇာက...

'ကိုယ်ဟာ တကယ်ပဲလားဟင်'

'တကယ်ပဲ ကိုယ်ပါ ရှုဇာရယ်'

ရှုဇာ နှုတ်ခမ်း ထောင့်စွန်းကလေးသည် ပြုံးသွား၏။

'ကျွန်မ မသေနိုင်တော့ပါဘူး'

ထိုစဉ် ကျယ်လောင်သော ပေါက်ကွဲသံကြီး ကြားရသည်။ 'ကာလာ' သင်္ဘောပေါ်မှမီးသည် ဓာတ်ဆီတိုင်ကီကို ရောက်သွားဟန်တူ၏။ ကောင်းကင်ပြင်တွင် မီးရောင်ထိန်သွား၏။

ထိုစဉ် မိုးတိတ်သွားသည်။

အသံများ ငြိမ်သွား၏။

အလင်းရောင်လည်း ပျောက်သွား၏။

ထို့အတူ 'ကာလာ'သင်္ဘောလည်း မရှိတော့၊ မမြင်ရတော့။

ဒစ်စတိန်းက

'ကာလာ သင်္ဘော နစ်သွားပါပြီ'ဟု ရှုဇာအား ပြောလိုက်၏။

သူရှုဇာကို ကြည့်လိုက်၏။

ရှုဇာမျက်လုံးများမှာ ပိတ်နေ၏။

ရှုဇာပြန်၍ သတိလစ်သွားပြီဖြစ်သည်။

သို့သော် နှုတ်ခမ်းပေါ်တွင် အပြုံးကလေးက ထင်လျက်။

●

BURMESE CLASSIC .com

## နိဂုံး

နာသန်နီရယ်ဒစ်စတိန်းသည် မော်ဆက်အဖွဲ့ဝင်အဖြစ်မှ အနားယူလိုက်သည်။ သူ၏နာမည်သည် တွင်ကျန်ရစ်ခဲ့လေသည်။ သူသည် ရှုဇာကို လက်ထပ်ယူ၍ သူနေသော ကီဘုရှ်စခန်းသို့ ခေါ်သွားသည်။ သူတို့ နေ့မှာ စပျစ်ပင်များ ဂရုစိုက်ကြပြီး၊ ညပိုင်း ချစ်ကြသည်။ အချိန်အားများတွင် ဒစ်စတိန်းက သူ့သားသမီးများကို ဂျူးလူမျိုးအဖြစ် အသိအမှတ်ပြုရေး တိုက်ပွဲအတွက် နိုင်ငံရေးလှုပ်ရှားမှု လုပ်သည်။

သူတို့နှစ်ယောက် အတော်နှင့် သားသမီးမထွန်းကားကြ။ သူတို့ စောင့်ဆိုင်းရန် ဆုံးဖြတ်ထားကြ၏။ ရှုဇာက ငယ်သေးသည်။ သူတို့ အလောမကြီးကြ။ ရှုဇာ၏ ဒဏ်ရာများသည် ပျောက်သွားသော်လည်း အမာရွတ်များ ထင်ကျန်ရစ်ခဲ့သည်။

ရှုဇာက

'ကျွန်မခြေထောက်တွေက အရုပ်ဆိုးလိုက်တာနော်'

ဒစ်စတိန်းက နမ်းရင်း

'သူတို့ သိပ်လှပါတယ်ကွယ်၊ ကိုယ့် အသက်ဆုခင်တွေပါ'

ရှန်-ကပူ စစ်ပွဲစသည်နှင့် အစွရေးတို့ အလစ်ခံလိုက်ရ၏။

ပီယေဆောသည် သတင်းကြိုတင် မသိရကောင်းလားဟု ဝေဖန်ခံရသည်။ သော ရာထူးမှ နုတ်ထွက်လိုက်၏။

အမှန်တရားကား ပို၍ ရှုပ်ထွေးသည်။ တကယ့်အဖြစ်မှန်ကား တစ်ခုနှင့်လုံး



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းအထိနီးပတ်ကြီးနှင့် အသက်ကြီးပုံရသော ရှရှထောက်လှမ်းရေးအရာရှိ ဒေးဗစ်ရော့စတော့ကြောင့်ပင် ဖြစ်သည်။ သူသည် ကိုင်ရိုသို့သွား၍ အစ္စရေးအေးဂျင့်တော်လဖစ် ဖမ်းမိသည့်မှစ၍ ပြန်စစ်ဆေးသည်။ နောက်ဆုံး ကာဝပ်ရှ်သည် နှစ်ဖက်ချွန်စပိုင်ဖြစ်ကြောင်း ရိပ်စားမိသွား၏။ ကာဝပ်ရှ်ကို ချက်ချင်း ဖမ်းဆီးအရေးယူ အပြစ်ပေးမည့်အစား ရော့စတော့အား သတင်းလွဲများ ပေးစေ၏။ ဤသို့ဖြင့် ဘာမျှ မသိသော ကာဝပ်ရှ်က ဘောအား သတင်းမှားများပေးခဲ့ခြင်းဖြစ်သည်။

နက်ဒစ်စတိန်းကို အနားယူနေရာမှ ပြန်ခေါ်၍ ပီယေဘောရာထူးကို ပေးသည်။

ဒစ်စတိန်းသည် ထိုတိုက်ပွဲကို စူးအက်တူးမြောင်းကျော်ဖြတ် တိုက်ခိုက်ခြင်းဖြင့် မှုတသွားစေ၏။

စစ်ပွဲတစ်ပွဲ ရပ်နားပြီးဆုံးသွားပြန်၏။

*

၁၉၇၄ ခုနှစ်တွင် ပက်ဒလာသည် ငြိမ်းချမ်းစွာသေဆုံးသွား၏။ သူသည် တစ်လောကလုံးကို ကျေနပ်စွာ နေထိုင်ခဲ့ပြီးမှ သေဆုံးသွားခြင်းဖြစ်သည်။

သူ၏ယူရေနီယံများ ဘာဖြစ်သွားသည်ကို သူရိပ်မိ၏။

၁၉၆၉ ခုနှစ်ဦးပိုင်းတွင် သူသည် ဒေါ်လာနှစ်သန်းတန် ချက်လက်မှတ်တစ်စောင် ပါပါဝိုပိုလတ်ခ်နာမည်နှင့် လက်မှတ်ထိုး၍ သူ၏ဆုံးရှုံးသွားသောကုန်များအတွက်ဟု ရသည်။

နောက်တစ်နေ့ အစ္စရေး စစ်အရာရှိတစ်ဦးက သူ၏ သန့်ရှင်းရေးပစ္စည်းများအတွက် ပထမအရစ် ငွေလာချေသည်။ ထိုသူက–

'ခင်ဗျား ပျောက်ဆုံးသွားတဲ့ ကုန်တွေအတွက် ထပ်ပြီး အကျယ်မချဲ့ရင် ကျုပ်တို့ဝမ်းသာ နေမှာပဲဗျာ'ဟု ဆို၏။

ပက်ဒလာရိပ်စားမိလာ၏။ သူက–

'တကယ်လို့ ယူရေတွန်က ကျုပ်ကို လာစစ်ဆေးရင် ဘာပြောရမလဲ'

'အမှန်အတိုင်း ပြောလိုက်ပေါ့ဗျာ၊ ကုန်တွေပျောက်သွားတယ်၊ နောက်ကုန်တင်တဲ့ သင်္ဘောကုမ္ပဏီ ဆာဗိုင်းလ်ကို စုံစမ်းတော့လည်း ကုမ္ပဏီမရှိတော့ဘူးလို့'





'တကယ်လား'

'တကယ်ပါ'

*

၁၉၇၄ ခုနှစ်တွင် စူဇာဒစ်စတိန်း မီးဖွားသည်။

ကိဘုဇ့်စခန်း၏ ထုံးစံအတိုင်း ကလေးကို ဝမ်းဆွဲနှင့်အတူ ဖခင်ရှိနေရ၏။

ကလေးသည် မိဘနှစ်ပါးလိုပင် ခပ်သေးသေးဖြစ်သည်။ ခေါင်းထွက်လာသည်နှင့် အသံပြကြီးနှင့်ငိုသည်။ ဒစ်စတိန်း မျက်လုံးများသည် မျက်ရည်လည်လာ၏။

ကလေးကို သန့်စင်ပြီးနောက် မိခင်လက်ထဲသို့ ထည့်သည်။

စူဇာက

'အားလုံး ချောချောမောမောပဲနော်'

ဝမ်းဆွဲက

'ချောချော မောမောပါပဲ'

'ဘာလေးလဲ'

ဒစ်စတိန်းက

'အဲဗျာ ကိုယ်တောင်မကြည့်ရသေးဘူး မှန်း ယောကျ်ားလေးဗျ ယောကျ်ားလေး'

စူဇာက အတန်ကြာ စဉ်းစားပြီး

'ကျွန်မတို့ သူ့ကို 'နာသန်နီရယ်'လို့ မှည့်ရမလားဟင်'

ဒစ်စတိန်းက မစဉ်းစားဘဲ...

'ကိုယ်တော့ သူ့ကို 'တော်လဖစ်'လို့မှည့်မယ်'

'တော်လဖစ်ဆိုတာ အာရပ်နာမည်ပဲ'

'အင်းလေ'

'ဘာဖြစ်လို့ "တော်လဖစ်"လို့ မှည့်ချင်ရတာလဲဟင်'

ဒစ်စတိန်းက ပြုံး၍

'ဇာတ်လမ်းက အရှည်ကြီးပဲကွ'

●



www.burmeseclassic.com

www.burmeseclassic.com



**နောက်ဆက်တွဲ**

၁၉၇၇ ခု မေ ၇ ရက်ထုတ် လန်ဒန်တယ်လီဂရပ်သတင်းစာမှ

ယူရေနီယံ သင်္ဘောကို အစ္စရေးတို့ ခိုးတိုက်ယူကြောင်း ယူဆဖွယ်ရာရှိ။

နယူးရောက်မြို့ ဟင်နရီဗီးလ် တင်ပြသည်။

လွန်ခဲ့သော ကိုးနှစ်ခန့်က ပင်လယ်ပြင်တွင် ပျောက်ဆုံးသွားသော သင်္ဘောတစ်စီးနှင့် ၎င်းအပေါ်မှ ယူရေနီယံများကို ရယူသွားသူများသည် အစ္စရေးများဖြစ်သည်ဟု ယူဆဖွယ်ရာရှိသည်။ ၎င်းယူရေနီယံများသည် အဏုမြူဗုံး ၃၀ လုပ်နိုင်လောက်အောင် များပြားသည်ဟု သိရ၏။

တရားဝင် ထုတ်ပြန်ချက်အရ အဖြစ်အပျက်မှာ 'ဂျိန်းစဘွန်း'ဝတ္ထုရုပ်ရှင်ဆန်လှပြီး၊ လေးနိုင်ငံ ထောက်လှမ်းရေးအဖွဲ့က စုံစမ်းကြသော်လည်း မည်သူမှ ယူရေနီယံတန် ၂၀၀ ကျော် ပျောက်ဆုံးသွားသည်ကို တိတိကျကျ မသိကြ။

တယ်လီဂရပ် သတင်းစာ၏ ခွင့်ပြုချက်အရ ကူးယူဖော်ပြပါသည်။

**မောင်မိုးသူ**

**၄-၆-၈၂**

**၁၃ နာရီ၊ ၅၀ မိနစ်။**

www.burmeseclassic.com